http://www.dhammadownload.com

ရဲရင့်မှုဆောင် + အနိုင်ရောင်
ရဲရဲဆောင်သုံး + ရဲကိုးလုံး

✳ ✳ ✳ ✳ ✳ ✳ ✳ ✳ ✳

- ✤ ရဲစိတ်ရဲမာန်
- ✤ ရဲအသံနဲ့
- ✤ ရဲဟန်ဂုဏ်မြောက်
- ✤ ရဲရဲတောက်
- ✤ ရဲရဲဟောက်
- ✤ ရဲရဲလျှောက်
- ✤ ရဲရဲဟော
- ✤ ရဲရဲပြော
- ✤ ရဲရင့် အနိုင်ရောင် သဘော။

၂၀၀၀

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၃ )



### အရှင်ဂုဏိန္ဒ

သာသနဓဇ ဓမ္မာစရိယ
ပဓာန နာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၃ )



အရှင်ဂုဏိန္ဒ

သာသနဓဇ ဓမ္မာစရိယ
ပဓာန နာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊ တောင်ရပ်ကွက်
၁၀၈၊ တောင်ဘုရားအတွင်း
သာကေတ၊ ရန်ကုန်

http://www.dhammadownload.com

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၃ )




**အရှင်ဂုဏိန္ဒ**

သာသနဓဇ ဓမ္မာစရိယ
ပဓာနနာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

ရဲရင့်မှုဆောင် + အနီရောင်

ရဲရဲဆောင်သုံး + ရဲကိုးလုံး

* * * * * * * * *

- ရဲစိတ်ရဲမာန်
- ရဲအသံနဲ့
- ရဲဟန်ဂုဏ်မြောက်
- ရဲရဲတောက်
- ရဲရဲဟောက်
- ရဲရဲလျှောက်
- ရဲရဲဟော
- ရဲရဲပြော
- ရဲရင့် အနီရောင် သဘော။

http://www.dhammadownload.com

ဟောလိုပြောလိုကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

# ဆင်ဖြူတောင်တရားတော်များ

## အမှတ် (၃)


## အရှင်ကုဏ္ဍိန္ဒ

## သာသနဓဇဓမ္မာစရိယ

ပဓာနနာယက

ဆင်ဖြူတောင်စာသင်တိုက်

(၁၀)တောင်ရပ်ကွက်

(၁၀၈)တောင်ဘုရားအတွင်း

သာကေတ၊ ရန်ကုန်။

☎-၀၁ / ၅၄၀၈၅၀

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာစာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ်( /၉၈) ( )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ( /၉၈) ( )

ပထမအကြိမ်

အုပ်ရေ-၂၀၀၀

၁၉၉၈-ခုနှစ်၊ ဧပြီလ။

ပန်းချီ-ဦးစိုးလှိုင်

အဖုံးရိုက်-စာပေပေါင်းကူးပုံနှိပ်တိုက်

စာအုပ်ချုပ်-အောင်မြင့်နှင့်အဖွဲ့

မဗ္ဗဒါန

ဦးတင်မောင်(၀၂၄၀)စာပေပေါင်းကူးစာအုပ်တိုက်၊အမှတ်-၉၀၊အေ-ဘီ၊ ဝေဇယန္တာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးတင်မောင် (၁၂၅၆-မြ)၊ စာပေပေါင်းကူး ပုံနှိပ်တိုက်၊ အမှတ်-၇၆၄(စီ)၊ ကြာပဒုမ္မာလမ်း၊ ၃/ခ-ရပ်ကွက်၊ (ငွေကြာရံရိပ်သာ) တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

☎-၅၆၅၉၁၅

http://www.dhammadownload.com



# မာတိကာ


| စာမျက်နှာ | အကြောင်းအရာ | ဦးစဉ် |
|---|---|---|
| ၁၁ | | ဘွဲ့ခံစရိ * |
| ၆ | ပိုင်းရွေးချယ် ခံစစ်လောင်း * | |
| | နိဒါန်းဗလဝ ။၁ | |
| ၁၂ | ဝိဋ္ဌာဒါးလုံး ၊ခံလော်းမိတ်ပြည် ၊ဘိရတ်ကျဉ်ပစ်တွင်ခံတရားကြီး ၊ဖွင့်ဆို၍ကြီး၍ကြား ၊မွင်စနေ့မှတ်ခ ၊ဖွင့်သုံးလူရာဝတီ * ။ပြင်လော် ပွင်စနေ့ပြုပါလာ | |
| | ဇိတ်ဝလောကဝင ။၂ | |
| ၃၄ | ပဲလေးဖွာလမိုး ခံတွေ့ခြင်း ခံပြုလာဝိတ္တိုင်ရာ ။ပြင်လော် ပွင့်သော်ကြီးဟစ်လောင်းမိုးမြေ * | |
| | နိဿ၀နက္ခမ ။၃ | |
| ၃၇ | ဝိဇ္ဇာချရေ၊လောင်းပဲ ကော်ဆိုင်းဝမိ ။ မြို့ဖွင့်ကြေလာေးလျော့လီ ပွင့်ဝယ့်ကျွန်ုဒ်စလမိ * ပွင့်ခဲခံပြုပြွါကြည့်ကြီးလာ ရွှေခံခုံဝလော ၊မြည့်သိုက်ရာ ။ပြင်လော | |
| | နိဿ၀နဇောတိဗ ။၄ | |
| ၄၀ | ဝိဇ္ဇာလောမွေ့ကြီးခံလော ဥပဓိုးခံနှုန်းခံချင် ။ပြင်လော ၊ခံကိုဂြုဏ်ခံ ၊ခံရဇာ ၊နိုင်လျှင် ၊မိဂ္ဂ * | |
| | နိဿ၀နကာယ ။၅ | |
| ၄၅ | ငါလေးဖွာလျှော့လယ်ပင ရှင်မိုးမြိုးခံလော ။ပြင်လော ပွင့်ပတ်းမိဂ္ဂ * | |

http://www.dhammadownload.com



# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | * နိဒါန်း | ၁၀ |
| | * ပဏ္ဏာမနှင့် ပဋိညာဉ် | ၁၆ |
| ၁။ | မဟာလိသုတ္တန် | |
| | သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း တရားတော် | ၂၀ |
| | * မိဘကျေးဇူးဆပ်ပွဲ၊ မိဘပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ပြုပူဇော်ပွဲ ဟောပါ။ | |
| ၂။ | သာကေတဇာတ် | |
| | တွေ့မြင်ကာချစ် အကြောင်းနှစ်တရားတော် | ၃၉ |
| | * ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲ ဟောပါ။ | |
| ၃။ | ပုတ္တသုတ္တန် | |
| | မိဘလိုလား သမီးသားတရားတော် | ၄၅ |
| | * မိဘကျေးဇူးဆပ်ပွဲ၊ မိဘများအားရည်စူး၍ ကုသိုလ်ပြုပွဲ၊ စာအောင်ဘွဲ့တံဆိပ်ရဂုဏ်ပြုပူဇော်ပွဲ ဟောပါ။ | |
| ၄။ | ဗဟုကာရသုတ္တန် | |
| | အချင်းချင်းမိတ်ကြ ကောင်းကျိုးရတရားတော် | ၅၅ |
| | * ဆွမ်း သင်္ကန်း ကျောင်း ဆေးလှူပွဲတိုင်း ဟောပါ။ | |
| ၅။ | သေလသုတ္တန် | |
| | ကောင်းကျိုးလိုသူ သံဃာလှူတရားတော် | ၆၃ |
| | * ဆွမ်းကပ်ပွဲ ဟောပါ။ | |

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | မူဂပက္ခဇာတ် (တေမိယဇာတ်)လာ ဂါထာ(၅)ပုဒ် အဆင်းတင့်တယ် ကြည်ညိုဖွယ်တရားတော် | ၆၉ |
| | * ကျန်းမာရေး၊ စီးပွားရေးအတွက်စိတ်ညစ်နေသူများ၊ စိတ်ဆင်းရဲနေသူများအား အားပေးစကား၊ အားပေးတရား ဟောပါ။ | |
| ၇။ | ကမ္မဝါစာလှူ ကံကောင်းသူတရားတော် | ၇၇ |
| | * ကမ္မဝါစာလှူပွဲ ဟောပါ။ | |
| ၈။ | မဟာနာရဒကဿပဇာတ်လာ ဂါထာ(၂)ပုဒ် ယောကျ်ားဖြစ်ကြောင်း နည်းလမ်းကောင်းတရားတော် | ၈၅ |
| | * ထိမ်းမြားမင်္ဂလာလက်ထက်ပွဲ ဟောပါ။ | |
| ၉။ | မဟာနာရဒကဿပဇာတ်လာ ဂါထာ(၁)ပုဒ် မကောင်းမှုရှောင် ကောင်းမှုဆောင်တရားတော် | ၈၉ |
| | * ဒါနပွဲ၊ သီလပွဲ၊ ဘာဝနာပွဲတိုင်း ဟောပါ။ | |
| ၁၀။ | မဟာနာရဒကဿပဇာတ်လာ ဂါထာ(၁)ပုဒ် ကိုယ်ကျိုးသိကာ ကိုယ်ကျင့်ပါတရားတော် | ၉၅ |
| | * ဒါနပွဲ၊ သီလပွဲ၊ ဘာဝနာပွဲတိုင်း ဟောပါ။ | |
| ၁၁။ | ခေါမဒါယကတ္ထေရအပဒါန် အဝတ်တစ်ထည် အပါယ်မသိတရားတော် | ၉၈ |
| | * သင်္ကန်းကပ်ပွဲ ဟောပါ။ | |
| ၁၂။ | ဝတ္ထဒါယကတ္ထေရအပဒါန် အဝတ်ပြည့်ဝ ပေါများရတရားတော် | ၁၀၄ |
| | * သင်္ကန်းကပ်ပွဲ ဟောပါ။ | |
| ၁၃။ | အမှုစေဠကတ္ထေရအပဒါန် ပုဆိုးတစ်ပိုင်း၏ ကောင်းကျိုးရှိပုံတရားတော် | ၁၁၀ |
| | * သင်္ကန်းကပ်ပွဲ ဟောပါ။ | |

http://www.dhammadownload.com



## မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ


၁၄။ သိင်္ဂါလသုတ္တန်လာဂါထာ(၁)ပုဒ်
ဝေဖန်ခွဲပြီး+သုံးစွဲနည်းတရားတော် ၁၁၈
* ဒါနပွဲတိုင်း ဟောပါ။
၁၅။ နဠကုဋိဒါယကတ္ထေရအပဒါန
ပဒေသရာဇ်+ရေတွက်လို့ မဖြစ်ပါတရားတော် ၁၂၂
* ကျောင်းလှူပွဲ ဟောပါ။
၁၆။ ဉဒကဒါယကတ္ထေရအပဒါန
ရေကိုလိုတ+မြန်စွာရတရားတော် ၁၃၁
* ရေလှူပွဲ ဟောပါ။
၁၇။ ကောဒိပိယတ္ထေရအပဒါန
ဆီမီးတစ်တိုင်၏+ကောင်းကျိုးရှိပုံတရားတော် ၁၃၇
* ဆီမီးပူဇော်ပွဲ ဟောပါ။
၁၈။ တိကိစ္ဆကတ္ထေရအပဒါန
ရောဂါကင်းကြောင်း+နည်းလမ်းကောင်းတရားတော် ၁၄၁
* ဆေးလှူပွဲ ဟောပါ။
၁၉။ ကဋစ္ဆုဘိက္ခာဒါယိကာထေရီအပဒါန
ဆွမ်းတစ်ဇွန်း၏+ကောင်းကျိုးရှိပုံတရားတော် ၁၄၇
* ဆွမ်းကပ်ပွဲ ဆွမ်းလောင်းပွဲ ဟောပါ။
၂၀။ သတ္တာဟပဗ္ဗဇိတတ္ထေရအပဒါန
ခုနစ်ရက်ဝတ်+ကောင်းကျိုးဖြစ်တရားတော် ၁၅၈
* ရဟန်းခံ ရှင်ပြုပွဲ ဟောပါ။
၂၁။ ဗောဓိသိဉ္စကတ္ထေရအပဒါန
ညောင်ရေသွန်းလောင်းရခြင်း၏+ကောင်းကျိုးရှိပုံ
တရားတော် ၁၆၄
* ညောင်ရေသွန်းပွဲ ဟောပါ။

http://www.dhammadownload.com



# မာတိကာ

စဉ် | အကြောင်းအရာ | စာမျက်နှာ


၂၂။ ကပ္ပရုက္ခိယတ္ထေရအပဒါန
ပဒေသာ+ဝေဆာပေါက်ပြီပေါ့တရားတော် ၁၆၈
* ဆွမ်း ,သင်္ကန်း ,ကျောင်း ,ဆေး ,ပဒေသပင်လှူပွဲ၊
ပညာရေးငွေပဒေသာပင်လှူပွဲ ဟောပါ။
၂၃။ ပစ္စုပဋ္ဌာနသညကတ္ထေရအပဒါန
သောကကိုပယ်+ဘုရားတည်ပါတရားတော် ၁၇၇
* ဘုရားပူဇော်ပွဲ၊ ဘုရားတည်ပွဲ၊ ဘုရားပြင်ပွဲ၊
ဓာတ်တော်ပူဇော်ပွဲ ဟောပါ။
၂၄။ တာလဝဏ္ဋဒါယကတ္ထေရအပဒါန
မီးငြိမ်းလိုသူ+ယပ်ဝန်းလှူတရားတော် ၁၈၇
* ယပ်တောင်လှူပွဲ၊ ပန်ကာလှူပွဲ၊ လေအေးစက်လှူပွဲ
ဟောပါ။
၂၅။ ဝိရူမနဒါယကတ္ထေရအပဒါန
ရတနာယပ်တောင်+ကောင်းကျိုးဆောင်တရားတော် ၁၉၃
* ယပ်တောင်၊ ပန်ကာ၊ လေအေးပေးစက်၊
လေအေးခန်းလှူပွဲ ဟောပါ။
၂၆။ အဗ္ဗာဓိကတ္ထေရအပဒါန
ဖျားနာမသိ+ကောင်းကျိုးရှိတရားတော် ၁၉၉
* မီးတင်းကုပ်လှူပွဲ၊ ကျောင်းလှူပွဲ၊ ရေနွေးအိုးလှူပွဲ၊
ရေနွေးလှူပွဲ၊ ရေနွေးခွက်လှူပွဲ ဟောပါ။
၂၇။ မဉ္စဒါယကတ္ထေရအပဒါန
ယာဉ်ရလိုသူ+ညောင်စောင်းလှူတရားတော် ၂၀၆
* ခုတင်ညောင်စောင်းလှူပွဲ ဟောပါ။
၂၈။ ပတ္တာနိသံသ
ခွက်ကောင်းလိုသူ+သပိတ်လှူတရားတော် ၂၁၀
* သပိတ်လှူပွဲ ဟောပါ။

http://www.dhammadownload.com



# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၂၉။ ပရိဿာဝန ဓမ္မကရာနိသံသ
ရေစစ်လှူကျိုး+ဤငါးမျိုးတရားတော် ၂၁၇
* ရေစစ်လှူပွဲ ဟောပါ။
၃၀။ ဝါသိ အာနိသံသ
ရဲရင့်လိုသူ+ပဲခွပ်လှူတရားတော် ၂၂၀
* ပဲခွပ်လှူပွဲ ဟောပါ။
၃၁။ သူစိ အာနိသံသ
ထက်မြက်လိုသူ+အပ်ကောင်းလှူတရားတော် ၂၂၅
* အပ်လှူပွဲ ဟောပါ။
၃၂။ ကာယဗန္ဓနာနိသံသ
ခါးပန်းကြိုးလှူပေး+ထိတ်လန့်မှုဝေးတရားတော် ၂၂၉
* ခါးပန်းကြိုးလှူပွဲ ဟောပါ။
၃၃။ အံသဗဒ္ဓါနိသံသ
အရေအဆင်းကောင်းလိုသူ+အံသကိုက်လှူတရားတော် ၂၃၂
* အံသကိုက်လှူပွဲ ဟောပါ။
၃၄။ ပလ္လင်္ကဒါယကတ္ထေရအပဒါန
ပလ္လင်လှူက+ပလ္လင်ရတရားတော် ၂၃၄
* ပလ္လင်လှူပွဲ ဟောပါ။
၃၅။ သမ္ပသာဒကတ္ထေရအပဒါန
လယ်မြေကောင်းမှာ+စိုက်ပျိုးပါတရားတော် ၂၃၈
* သံဃာအားလှူဒါန်းပွဲတိုင်း ဟောပါ။
၃၆။ ပိဋ္ဌဓီတလိက ပေတဝတ္ထု
ရှည်ကြာနေ့ည+ကောင်းကျိုးရတရားတော် ၂၄၆
* နာရေးပွဲတိုင်း ဟောပါ။
၃၇။ မေတ္တာကထာ
မေတ္တာသည်သာ+အားထားရာတရားတော် ၂၅၈
* ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ဟောပါ။

http://www.dhammadownload.com



# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၃၈။ ဘိသိအာနိသံသ
အကျိုးခြောက်ပါးရလိုသူ+မွေ့ရာလှူတရားတော် ၂၇၉
* မွေ့ရာလှူပွဲ ဟောပါ။
၃၉။ ဗိမ္ဗောဟနာနိသံသ
ချမ်းသာစွာနေလိုသူ+ခေါင်းအုံးလှူတရားတော် ၂၈၄
* ခေါင်းအုံးလှူပွဲ ဟောပါ။
၄၀။ မုခသောဓနကာနိသံသ
အာခံတွင်းမှ ကြာညိုရနံ့သင်းလိုသူ+သွားတိုက်ဆေး၊
သွားတိုက်တံလှူတရားတော် ၂၉၀
၄၁။ ဒွေရတနိယတ္ထေရအပဒါန
ရတနာနှစ်ပါးရလိုသူ+အသားဟင်းလှူတရားတော် ၂၉၅
၄၂။ သုခသာမဏေရဝတ္ထု
မြန်စွာပြည့်စေ+တောင်းဆုတွေတရားတော် ၃၀၂
* ဆွမ်းကပ်ပွဲ ဟောပါ။
၄၃။ ဗီဝိတံစသောဂါထာ
မသိငါးပါးတရားတော် ၃၁၂
* နာရေးပွဲ ဟောပါ။
၄၄။ အာနန္ဒာတ္ထေရပဥ္စဝတ္ထု
စကားကြီးသုံးခွန်း+နှလုံးသွင်းကျင့်ပါတရားတော် ၃၁၆
* ဒါနပွဲ၊ သီလပွဲ၊ ဘာဝနာပွဲ၊ ကုသိုလ်ပြုပွဲတိုင်း
ဟောပါ။
၄၅။ ဗောဓိရာဇကုမာရဝတ္ထု
အရွယ်သုံးဖြာ+ကြိုးစားပါတရားတော် ၃၂၄
* ဒါနပွဲ၊ သီလပွဲ၊ ဘာဝနာပွဲ ဟောပါ။
(ဝိပဿနာ ဘာဝနာပွဲအဓိကဟောပါ)
* ဆောင်တော်မူ
* ဓမ္မကထိကအိတ်ဆောင်နိဂုံး

http://www.dhammadownload.com



# သေချာကြည့်စမ်း+စေတနာနိဒါန်း

## ကျား၊ ခြသေ့်၊ ဆင်+သိစေချင်

စာရေးသူ၏ ဓမ္မကထိက အိတ်ဆောင် ဆင်ဖြူတောင် တရားတော်များ အမှတ်(၁)စာအုပ်မျက်နှာဖုံး၌ ကျား ခြသေ့် ဆင် ရုပ်ပုံများ ပီပြင်စွာ ဖော်ပြထားသည်။

ရုပ်ပုံများ ဘယ်လိုသဘောအဓိပ္ပါယ်နဲ့ ဖော်ပြထားပါသလဲဟု မေးလာသူတွေ တော်တော်များများရှိနေပါသည်။

မေးလာသူတွေ သိလိုသူတွေအတွက် ဖြေကြားရန် စာရေးသူမှာ တာဝန်ရှိနေပါသည်။

စာရေးသူသည် ဓမ္မာစရိယ အောင်မြင်ပြီး ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို စွဲမြဲစွာရွတ်မည်ဟု ဆုံးဖြတ်ချက်ချကာ၊ ၇-၂-၉၂ နေ့မှစ၍ ရွတ်ဆိုပူဇော်ပါသည်။

၉-၂-၉၂ နေ့ ည(၁၀) နာရီ(၃၀) ခန့်တွင် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ရွတ်ဆိုပူဇော်ပြီး အိပ်စက်ပါသည်။

အိပ်ပျော်ပြီးအတန်ကြာသော် မိမိအိပ်ရာ၏အနီးမှ ဆင်ဖြူတော်တစ်စီး ကကြိုးတန်ဆာ ရတနာအစုံနှင့် မြူးမြူးကြွကြွကနေပုံ၊ ထိုဆင်ဖြူတော် အနီးမှာပင် ခြသေ့်ကြီးတစ်ကောင် အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ် နေပုံတို့ကို အိပ်မက်ထဲမှာ တွေ့မြင်ရပါသည်။

အထက်ပါအိပ်မက်ထဲတွင် ဆင်ဖြူတော်ပါသည့်အတွက် ယခုမိမိသီတင်းသုံးရာ ဆင်ဖြူတောင်ကျောင်းကို မထင်မှတ်ပဲရရှိခြင်း၊ အိပ်မက်ထဲအတိုင်းပင် ဆင်ဖြူတော်မြူးမြူးကြွကြွကနေပုံများကို တိုက်ကျောင်းနံရံမျက်နှာစာ သံဆကာများ၌ တွေ့ရခြင်းကိုရည်ညွှန်း၍ ဆင်ဖြူတော်ပုံ၊ ဗီရိုအဝိုင်းကြီး တစ်ခု၌လည်းကောင်း၊ တိုက်ကျောင်းခေါင်းရင်းဘက် နံရံတစ်ခု၌လည်းကောင်း ခြသေ့်ကြီးတစ်ကောင်ပုံကို တွေ့မြင်ရခြင်းကို ရည်ညွှန်း၍ခြသေ့်ပုံ။

http://www.dhammadownload.com



စာရေးသူသည်တနင်္လာသားဖြစ်ခြင်း၊ စာရေးသူယခုသီတင်းသုံးရာ ဆင်ဖြူတောင်စာသင်တိုက်အတွင်း၌ ကြည့်မြင်တိုင်ကျားမမြစ်ဆေးလိပ်ခုံ ပိုင်ရှင်များ လှူဒါန်းထားသော ကျားတိုက်ကျောင်းရှိနေခြင်း အထက်ပါ တိုက်ဆိုင်မှုများကိုရည်ညွှန်း၍ ကျားပုံကို တရားစာအုပ်မျက်နှာဖုံး၌ ပုံဖော် ထားခြင်းဖြစ်ပါသည်။

ဤသည်မှာစာရေးသူ၏ ကျား ခြင်္သေ့ ဆင် သိစေချင်သော ပဋ္ဌာန်း တန်ခိုးအစွမ်းမျိုးပြ ဆန္ဒမွန်တစ်ခုဖြစ်ပေသည်။

**ပဋ္ဌာန်းအိပ်မက် ထူးခြားချက်ကဗျာ**

◆ အိပ်မက်ကဗျာ၊ အိပ်မက်စာတမ်း၊
အိပ်မက်ဆန်းကို၊ ကဗျာဆိုအံ့။

◆ ဟို–အတိတ်က၊ ညတစ်ညမှာ၊ ဘဂဝါဇိန၊
အတိအကျဟောဖော်၊ တရားတော်ထူးဆန်း၊
မြတ်ပဋ္ဌာန်းကို၊ ရွှင်လန်းကြည်သာ၊ ရွတ်ပြီးပါလျှင်၊
အိပ်ရာဝင်ခဲ့။

◆ အိပ်ပင်မကြာ၊ သိပ်ရွှင်ပါသည့်၊ ရတနာခေါ်၊
ဆင်ဖြူတော်လှ၊ မြှူးခုန်ကပြီး၊ ခြင်္သေ့ကြီးပါ၊
အနီးမှာရှိ၊ နေတုံဘိသည်၊ ထူးသည့်အိပ်မက်၊
ရက်တစ်ရက်က ညတစ်ည။

◆ ဆင်ဖြူ ခြင်္သေ့၊ အိပ်မက်တွေ့၍ (မြင်ခင်တွေ့၍)
ကောင်းပေ့အတိတ်၊ ကောင်းနိမိတ်ဟု၊ စိတ်ထင်မှတ်ဝိုင်း၊
မှန်မဆိုင်းပေ၊ မြို့သာကောမှ၊ ဆင်လှရတနာ၊
အမည်ပါဆောင်၊ ဆင်ဖြူတောင်ခေါ်၊ ကျောင်းတိုက်တော်ကို၊
စိတ်တော်မပန်း၊ ဘဝင်ချမ်းမြ၊ ရွှင်လန်းရခဲ့။

◆ ရတဲ့အခါ၊ ကျောင်းမျက်နှာစာတွင်၊ ဆင်လှရတနာ၊
မြင်ကြစရာကား၊ များပြားစင်စစ်၊ တစ်ရာ့ရှစ်ပင်။

◆ မြတ်သောခြင်္သေ့၊ ရာကြဲတွေ့ပြန်၊ တိုက်နံရံနှင့်၊
ထပ်မံတွေ့တာ၊ ဗီရိုမှာပဲ။

◆ အိပ်မက်ထဲက၊ ဆင်လှအကျော်၊ ဆင်ဖြူတော်နှင့်၊
ခင်ဖော်အနီး၊ ခြင်္သေ့ကြီးဟာ၊ တည်ငြိမ်စွာပင်၊
တွေ့ကာမြင်ရ၊ ချိန်ကာလမှာ၊ အော်ထူးစွာဟု၊ အံ့ဩပြုမိ။

http://www.dhammadownload.com



◆ ကြီးဘိဆင်နှင့်၊ ခြသေ့ဆင့်ကာ၊ အိပ်မက်လွှာကြောင့်၊
မှန်စွာမစောင်း၊ ဆင်ဖြူတောင်ကျောင်းရ၏ ပဓာနပဲ၊
အကြီးအကဲဖြစ်ရ၊ တိုက်ဆိုင်လှစွာ၊ ဒီကဗျာနှ၊ စီကာပြုမိ။
◆ မြတ်သည့်ပဋ္ဌာန်း၊ မြတ်အစွမ်းကြောင့်၊
ထူးဆန်းအိပ်မက်၊ ထူးခြားချက်ကို၊ ကဗျာဆိုလျက်၊
အိပ်မက်ကဗျာ၊ ကြည့်စမ်းပါဟု၊
နိဒါန်းပြုသည်၊ ပဋ္ဌာန်းရွှေစာ အစွမ်းတည်း။

## အမှတ်(၃)မှာ (၄၅)ပုဒ်ပါ

ဤဓမ္မကထိကအိတ်ဆောင် ဆင်ဖြူတောင်တရားတော်များ အမှတ် (၃)၌ တရားတော်ပုဒ်ရေပေါင်း(၄၅)ပုဒ် ပါရှိပါသည်။

## (၄၃)ရက်ကြာ တရားစာ

စာရေးသူသည် ဤအမှတ်၃–တရားစာအုပ်ကို ၁၃၅၉–ခု၊ နယုန်လပြည့်ကျော် ၂–ရက်၊ ၂၂–၆–၉၇ (တနင်္ဂနွေ)နေ့မှ စတင်ရေးသားပါသည်။

၁၃၅၉–ခု၊ ဝါခေါင်လပြည့်ကျော် ၉–ရက်၊ ၂၇–၈–၉၇(ဗုဒ္ဓဟူးနေ့) နံနက် ၉–နာရီ၊ ၃၆–မိနစ်မှာ ရေးသားပြီးစီးပါသည်။

အားလုံးရက်ပေါင်း (၆၅)ရက်ကြာပါသည်။ ထို(၆၅)ရက်တွင် ဆွမ်းစား ကွမ်းစားနှင့် ခရီးသွားရက် မရေးဖြစ်သောပျက်ရက် ၂၂–ရက်ရှိပါသည်။

၆၅–ရက်ထဲမှ ပျက်ရက် ၂၂–ရက်နုတ်လိုက်ပါက အားလုံးပေါင်း ရေးသားရက်မှာ ၄၃–ရက်ဖြစ်ပါသည်။

ဤတရားစာအုပ် အမှတ်(၃)ရေးသားရက်မှာ (၄၃)ရက်ကြာပေသည်။

## အမှတ်(၁)မှာကြည့်ကြပါ

စာရေးသူ၏ ရေးသားပုံအစီအစဉ် ၊ တရားတော်အမည်ပေးနည်း၊ တရားဟောရာဌာနကြားလွှာ၊ မှတ်ချက်ကြည့်ကာ ဟောကြားပါစသည်တို့ကို ဓမ္မကထိကအိတ်ဆောင် ဆင်ဖြူတောင်တရားတော်များ အမှတ်(၁)မှာ ကြည့်ရှုတော်မူကြပါဟု မှာကြားလိုပါသည်။

## အနန္တမေတ္တာ ပူဇော်လွှာ

မိမိဤကဲ့သို့ ရေးတတ်၊ ဟောတတ်၊ ပြောတတ်၊ နေတတ်၊ ထိုင်တတ် အောင် အာမိသဓမ္မနှစ်ဌာနဖြင့် ထာဝရချီးမြှောက်ကြသည့် အနန္တမေတ္တာ ကျေးဇူးရှင်ဆရာတော်များမှာ–

http://www.dhammadownload.com



၁။ ဘဒ္ဒန္တဥတ္တမ သဒ္ဓမ္မကာရီကျောင်းတိုက်၊
   ပျားကြီးတောင်ရပ်၊ ရေနံချောင်းမြို့။

၂။ ဘဒ္ဒန္တသဒ္ဓမ္မ ဝဲမရွာကျောင်း ဆိပ်ဖြူမြို့နယ်။

၃။ ဘဒ္ဒန္တရာဇိန္ဒ(မဟာဂန္ထဝါစကပဏ္ဍိတ)
   ရွှေပြည်တန်စာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့။

၄။ ဘဒ္ဒန္တသောဘန(အဂ္ဂမဟာပဏ္ဍိတ)
   ဘဒ္ဒန္တတေဇနိယ( ။ )
   ဘဒ္ဒန္တဇနိတ၊ ဘဒ္ဒန္တနန္ဒန၊ ဘဒ္ဒန္တသာဂရ၊
   ရွှေတောင်ပါဠိတက္ကသိုလ်၊ ရေနံချောင်းမြို့။

၅။ ဘဒ္ဒန္တဇောတိပါလ(အဂ္ဂမဟာပဏ္ဍိတ)
   ဘဒ္ဒန္တမုနိန္ဒာဘိဝံသ၊ ဘဒ္ဒန္တကုဝေရာဘိဝံသ၊
   ဘဒ္ဒန္တစိန္တိတာဘိဝံသ၊ ဘဒ္ဒန္တမုနိက
   ကြခတ်ဝိုင်းစာသင်တိုက်၊ ပဲခူးမြို့။

၆။ ဘဒ္ဒန္တတိလောကာဘိဝံသ ရွာမပရိယတ္တိစာသင်တိုက်၊
   အင်းစိန်မြို့။

၇။ ဘဒ္ဒန္တသောဘန(အဂ္ဂမဟာပဏ္ဍိတ)
   ဘဒ္ဒန္တအဂ္ဂဝံသ၊ ဘဒ္ဒန္တစိတြ၊
   ဘဒ္ဒန္တကေလာသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
   ညောင်တုန်းပါဠိတက္ကသိုလ်၊ ဗဟန်း၊
   ရန်ကုန်မြို့တို့ ဖြစ်ကြပါသည်။

ထိုဆရာတော်များ၏ အနန္တမေတ္တာ စေတနာကို ဤစာရေးပြု မြတ်ကောင်းမှုဖြင့် လေးမြတ်ကော်ရော် ပူဇော်ပါ၏။

http://www.dhammadownload.com



## အထူးအစီအစဉ် ကျေးဇူးတင်လွှာ

စာရေးသူ၏ ဤကျမ်းစာကို တည်းဖြတ်ပြင်ဆင်ပေးသည့် –

၁။ ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြို့နယ်တောင်ပိုင်း ပညာသိပ္ပံကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်ပညာစက္က(ဝိကြိုလ်ပြုနည်း၊ နိဿရည်းကျမ်းပြု၊ ဘုန်းကြီးကျောင်းသား ဓမ္မာစရိယ)အား လည်းကောင်း၊

၂။ ကွန်ပြူတာ စာစီစာရိုက်ပေးသော အရှင်တိက္ခ(မန္တလေး)အား လည်းကောင်း. အထူးအစဉ်ကျေးဇူးတင်ကြောင်း ဤစာအုပ်တွင်မှတ်တမ်း တင်ပါ၏။

အရှင်ဂုဏိန္ဒ
သာသနဓဇဓမ္မာစရိယ
ပဓာနနာယက
ဆင်ဖြူတောင်စာသင်တိုက်
(၁၀)တောင်ရပ်ကွက်၊
(၁၀၈)တောင်ဘုရားအတွင်း၊
သာကေတ၊ ရန်ကုန်။
☎-၀၁ / ၅၄၀၈၅၀

၁၃၅၉-ခု၊ ဝါခေါင်လဆုတ်(၉)ရက်
၂၇-၈-၉၇ (ဗုဒ္ဓဟူးနေ့)

http://www.dhammadownload.com

http://www.dhammadownload.com



ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်
ဓမ္မကထိကအိတ်ဆောင်
ဆင်ဖြူတောင်တရားတော်များ
အမှတ်(၃)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပဏာမနှင့် ပဋိညာဉ်

(၁) ဂုဏိန္ဒံ ဝေ ဂုဏာနန္တံ၊ ဂုဏိကံ ဂုဏသာမိကံ။
ဂုဏောဟိ ပါကဋံ နာထံ၊ ဂုဏဒံ ဂုဏဒေသကံ။

(၂) ဓမ္မံ သံဃဉ္စ အာစေရံ၊ ဝန္ဒာမိ အဘိသာဒရံ။
အတ္ထာယ ယုဝ ဘိက္ခူနံ၊ မေတ္တာ စိတ္တေန သာဓုကံ။
နာနာဂန္ထေ သုနိဿာယ၊ ဣမံ ဂန္ထံ ကရော မဟံ။

(၁) ဂုဏိန္ဒံ-ရေတွက်ပိုင်းခြား၊ မရငြားသည့် များပြားဖုံဖုံ ဂုဏ်တော် အနန္တ မှန်သမျှကို စံပြအနေ အစိုးရတော်မူပေထသော၊ ဝေ-စင်စစ် ကေန် အမှန်တကယ်ပင်၊ ဂုဏာနန္တံ-သီလ ,သမာ၊ ဓိ+ပညာဂုဏ် အလုံးစုံကို အကုန်လွန်စွာ နှစ်သက်တော် မူတတ်ပါပေထသော၊ ဂုဏိကံ-ရေတွက်ပိုင်းခြား မရငြားသည့် များပြားဖုံဖုံ ဂုဏ်တော် အနန္တ မှန်သမျှတွေ ရှိတော်မူပါပေထသော၊ ဂုဏသာမိကံ-ဂုဏ်ပိုင် ဂုဏ်ရှင် ဂုဏ်ဘုရင်စစ် ဂုဏ်သခင်ဖြစ်တော်မူပါပေထသော၊ ဂုဏေဟိ-ရေတွက်ပိုင်းခြား မရငြားသည့် များပြားဖုံဖုံ ဂုဏ်တော်အနန္တ မှန်သမျှတို့ဖြင့်၊ ပါကဋံ-လူ့ဘုံ ,နတ်ဘုံ ,ဗြဟ္မာဘုံတိုင် ပျံ့လှိုင် ကျော်ကြား ထင်ရှားတော်မူပါပေထသော၊ ဂုဏဒံ-ခုနှောင်းဘဝ ချမ်းသာ ရကြောင်း ဂုဏ်အပေါင်းကို ထောင်သောင်းမက အောင်ကောင်းရအောင် မုချပုံသေ ပေးဝေတော်မူတတ်ပါပေထသော၊ ဂုဏဒေသကံ-လူ့နတ် ဗြဟ္မာ သတ္တဝါဝေနေ မင်္ဂဖိုလ်ရေသောက် နိဗ္ဗာန်ရောက်ရေး ဤအတွေးဖြင့် မနေးခါခါ ဓေတနာသုံး ထေဆာပြီးလျှင် အဆုံးတိုင်အေး

http://www.dhammadownload.com



ပြုံးနိုင်ရေးတွက် လေးလေးနက်စွာ မေတ္တာတစ်သွယ် သစ္စာချယ်ပြု ကရုဏာထား ဂုဏ်တရားကို မနားမပြတ် ဟောကြားတော်မူတတ် ပါပေထသော၊ နာထဋ္ဌ–လူ့နတ်ဗြဟ္မာ သတ္တဝါ၏ အားထားရာဖြစ် ဘုရားစစ်ကိုလည်းကောင်း။

(၂) ဓမ္မဋ္ဌ–မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သတ်မှတ် တရားတော်မြတ်ကို လည်းကောင်း၊ သံဃဋ္ဌ–သမုတိအရိယာ နှစ်ဖြာအကောင်း သံဃာတော်အပေါင်းကို လည်းကောင်း၊ အာစေရဋ္ဌ – လောကသာသနာ အရာရာပြီးမြောက် ခရီးရောက်အောင် ချီးမြှောက်နေ့ညထာဝရကောင်း ဆရာအပေါင်းကို လည်းကောင်း၊ အဟံ–ဂုဏ်ပိုင်စိုးရ ဂုဏဝိန္ဒဟု နာမပြုခေါ် တပည့်တော်သည် ၊(ဝါ)စာချစာသင် တာဝန်လုပ်ငန်း ကိုယ်တိုင်ထမ်းချ ရန်ကုန်သာကေတဌ ဆင်လုရတနာ မြင်ကြပါစေ ဤအနေဖြင့် ရည်ရွယ်အတိတ် ရည်နိမိတ်ဆောင် ဆင်ဖြူတောင်သမိုက် စာသင်တိုက်ဝယ် နှစ်မြိုက်ရွှင်ပြုံး သီတင်းသုံး စာချ တရားလုပ်ရေးဝေ တရားတွေဟောပြ ပဓာနနာယကဟု စာလုပြုခေါ် တပည့်တော်သည်၊ အဘိသာဒရံ–ရတနာသုံးပါး ဆရာများဂုဏ် အလုံးစုံကို အကုန်အရေးထား အလွန်ကြည်ညိုလေးစားလှစွာ၊ ဝန္ဒာမိ–ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ရန် အဓိဋ္ဌာန်ဖြင့် စိတ်အကြံမြင့်မြတ် မပြတ်အခါခါ မြတ်သဒ္ဒါသုံး ဝေဆာပြုံးကာ ရှိခိုးကန်တော့လိုက်ပါ၏ဘုရား၊ ဝန္ဒိတွာ–ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး ရှိသေစွာရှိခိုးပြီး၍၊ ယုဝဘိက္ခုနံ–ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန် အတန်တန်၌ ကြည့်ရန်ဝန်လေး အပြေးအလွှား တရားတစ်ပွဲ တအားခဲ၍ ဟောရဲအောင်ပင် အလွန်ပင်ပန်း မရွှင်လန်းပဲ ဟောခန်းတွေ့ကြုံ့ ဓာရွေးတုန်ကျ ယုဝခေါ်ဆို ရဟန်းပျိုစစ် ရဟန်းသစ်ကလေးတို့၏၊ အတ္ထာယ–မပင်မပန်း ဘဝင်ချမ်းမြ ရွှင်လန်းအားရစွာ ဟောပြ ပြောပြနိုင်ပါစေခြင်းအကျိုးငှာ၊ မေတ္တာ–စိတ္တေန–ဟောခန်းပြောခန်း မမောမပန်းအောင် ရှေ့ဆောင်လမ်းပြ မေတ္တာလှသုံး စိတ်နှလုံးဖြင့်၊ သာဓုကံ–ပါဠိတစ်ချက် အနက်တစ်သွယ် အဓိပ္ပါယ်တစ်ဖြာ ကဗျာလင်္ကာတစ်မျိုး အဆာထိုးကာ ကောင်းမွန်စွာပင် နာနာဂန္ထေ–ပါဠိအဋ္ဌကထာ ဋီကာတစ်ဝ နိဿယတစ်ဖန် ဘာသာပြန်

http://www.dhammadownload.com



တစ်သွယ် တင့်တယ်ထူးခြား ကျမ်းဂန်အများတို့ကို၊ သုနိသာယ–
ကောင်းစွာကြည့်ရှု အမှီပြု၍၊ အဟံ–ရန်ကုန်သာကေ မြို့ဌာနေ၌
စာပေမှိုချ တရားလုပ်ရေးဝေ တရားတွေယောဘ်ပြ ဂုဏ်ဒိန္နဟု နာမပြုခေါ်
ငါရဟန်းတော်သည် ၊ကြမ်ဂန္ထ–ဓမ္မကထိကအိတ်မှာ သွားလေရာသို့
ယူကာယူကာ အလွယ်သာလျှင် တွယ်တာခင်၍ မမေ့မှန်စွာ
ဆောင်သင့်ပါသည့် ဓမ္မကထိကအိတ်ဆောင် တရားရောင်ထွန်းပြ၊
အမည်လှစွာ ဤကျမ်းဂန်စာကို၊ ကရော်မိ–ဟောလိုပြောလို ကြည့်ရှု
လိုသူ များရှင်လူအတွက် အခက်အခဲ တစ်အုပ်တည်းဖြင့် ဖျက်ခွဲနိုင်စေ၊
ရည်ရွယ်စိတ်ထား တရားအလှူ ဖြစ်စေဟူ၍ စိတ်ဖြူသုံးသပ် အပြုံး
ခတ်ဖော် ဆုံးဖြတ်ပျော်ကာ ရေးသားဖြန့်ဝေ ပြုစုလိုက်ပါပေတော့အံ့၊
ကရော်မိ–တစ်လကျော်မျှ အချိန်ရခိုက် လုံ့လစိုက်၍ နှစ်ခြိုက်ကောင်းစွာ
ရေးသားလိုက်ပါပေတော့အံ့၊ ကရော်မိ–သာသနာ့တာဝန် ကျေစေ
ချင်၍ အလွန်ပင်ပန်း အလွန်ခွမ်းမှု ဂရုမထား သဒ္ဓါအားဖြင့် ကြိုးစား
သေချာ ရေးသားပြုစုလိုက်ပါပေတော့အံ့၊ ကရော်မိ–သာသနာ
အတွက် ငါ့လက်ငါ့ခြေ ဖြစ်ပါစေဟု စစ်ဖွေသုံးသပ် အပြုံးခတ်ဖော်
ဆုံးဖြတ်ပျော်ကာ ရေးသားဖြန့်ဝေ ပြုစုလိုက်ပါပေအံ့သတည်း။

http://www.dhammadownload.com



http://www.dhammadownload.com



သံယုတ္တနိကာယ်၊သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊
သစ္စသံယုတ်၊ဒုတိယဝဂ်၊မဟာလိသုတ္တန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# သိကြားမင်းဖြစ်ကြောင်း+နည်းလမ်းကောင်း တရားတော်

ဒီနေ့ ဒကာဒကာမတွေကို ဟောကြားမည့်သုတ္တန်က မဟာလိသုတ္တန်တဲ့၊ ဘာသုတ္တန်တဲ့လဲ။

(မဟာလိသုတ္တန်ပါဘုရား)

အေး ဟုတ်ပြီ၊ မှတ်သားလို့လွယ်အောင် မြန်မာလိုတရားအမည်ပေးထားတာက "သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း"တရားတော်တဲ့၊ ဘာတရားတဲ့လဲ။

(သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း တရားတော်ပါဘုရား)

အဲဒီ"သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း"ခေါ် တရားတော်ကို မဟောကြားမီ တရားဟော,တရားနာ ဘေးရန်ကွာအောင် ရတနာသုံးပါးနဲ့ ဆရာသမားတွေကို ရှိခိုးကြရအောင်၊ အားလုံးလက်အုပ်ချီပြီးတော့ ညီညီညာညာလိုက်ဆိုကြ–

* ဘုရား ,တရား၊ သံဃာများဂုဏ်၊ ,ဆရာ့ဂုဏ်၊ ယုံကြည်ရှိခိုးပါ၏ဘုရား။
* ရတနာသုံးဝ၊ မြတ်လှဆရာ၊ ရှိခိုးပါရ၊ ကုသလကြောင့်၊ သုခချမ်းသာ၊ အဖြာဖြာ၊ မကြာရစေသား။

အဲဒီလို ရတနာသုံးပါး ဆရာသမားတွေရဲ့ဂုဏ်ကို အာရုံပြုရှိခိုးဆုတောင်းပြီးသကာလ ဒီနေ့ဟောကြားမည့် မဟာလိသုတ္တန်ကိုတန်ဆာဆင်ထားတဲ့ "သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း"တရားတော်ကို စပြီးတော့ ဟောကြ နာကြပါစို့.–

http://www.dhammadownload.com



**ဧကံ သမယံ ဘဂဝါ ဝေသာလိယံ ဝိဟရတိ မဟာဝနေ ကူဋာဂါရသာလာယံ။** (သံ၊ပါ-၁။၂၃၁)

ဧကံ-တစ်ပါးသော၊ သမယံ-အခါ၌၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ ဝေသာလိယံ-ဝေသာလီပြည်၌၊ မဟာဝနေ-မဟာဝုန်တော၌၊ ကူဋာဂါရ-သာလာယံ-စုလစ်မွန်းချွန်တပ်သောကျောင်း၌၊ ဝိဟရတိ-သီတင်းသုံးရှင်ပျော်နေတော်မူပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အခါတစ်ပါးမှာ ဘုရားရှင်ကိုယ်တော်မြတ် ဝေသာလီပြည် မဟာဝုန်တော စုလစ်မွန်းချွန်တပ်တဲ့ ကျောင်းမှာနေတော်မူပါတယ်။

**အထခေါ မဟာလိ လိစ္ဆဝိ ယေန ဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။**

အထခေါ-ထိုသို့နေတော်မူသော အခါ၌၊ လိစ္ဆဝိ-လိစ္ဆဝီမင်းမျိုးဖြစ်သော၊ မဟာလိ-မဟာလိသည်၊ ယေန-အကြင်အရပ်၌၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ အတ္ထိ-ရှိ၏၊ တေန-ထိုမြတ်စွာဘုရားရှိရာ အရပ်သို့၊ ဥပသင်္ကမိ-ကပ်လေ၏၊ ဥပသင်္ကမိတွာ-ကပ်လေပြီး၍၊ ဘဂဝန္တံ-မြတ်စွာဘုရားကို၊ အဘိဝါဒေတွာ-ရှိသေစွာရှိခိုး၍၊ ဧကမန္တံ-သင့်တင့်လျောက်ပတ်သော အရပ်၌၊ နိသီဒိ-ထိုင်နေ၏။

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ် ဝေသာလီပြည် မဟာဝုန်တော စုလစ်မွန်းချွန်တပ်တဲ့ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့အခါမှာ လိစ္ဆဝီမင်းမျိုး မဟာလိဟာ ဘုရားရှင်ရှိတော်မူရာ ကပ်ရောက်လာပါတယ်။ ကပ်ရောက်လာပြီးတော့ မြတ်စွာဘုရားကိုရှိသေစွာရှိခိုးကာ သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာ ထိုင်နေပါတယ်။

**ဧကမန္တံနိသိန္နောခေါ မဟာလိ လိစ္ဆဝိ ဘဂဝန္တံ ဧတဒဝေါစ "ဒိဋ္ဌော ခေါ ဘန္တေ ဘဂဝတာ သက္ကော ဒေဝါနမိန္ဒော" တိ။**

ဧကမန္တံ-သင့်တင့်လျောက်ပတ်သော အရပ်၌၊ နိသိန္နောခေါ-ထိုင်နေပြီးသော၊ လိစ္ဆဝိ-လိစ္ဆဝီမင်းမျိုးဖြစ်သော၊ မဟာလိ-မဟာလိသည်၊ ဘဂဝန္တံ-မြတ်စွာဘုရားကို၊ ဧတံဝစနံ-ဤစကားကို၊ အဝေါစ-လျှောက်၏၊ ကိံ အဝေါစ-အဘယ်သို့လျှောက်သနည်းဟူမူကား၊ "ဘန္တေ-မြတ်စွာဘုရား၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဒေဝါနမိန္ဒော-နတ်တို့ကို အစိုးရသော၊

http://www.dhammadownload.com



သက္ကော-သိကြားမင်းကို၊ ဒိဋ္ဌောခေါ-မြင်အပ်ဖူးပါသလော"၊ ဣတိ-ဤသို့၊ အဝေါစ-လျှောက်၏။

အဲဒီလို သင့်တင့်လျောက်ပတ်တဲ့အရပ်မှာ ထိုင်နေပြီးတဲ့ လိစ္ဆဝီမင်းမျိုးဖြစ်တဲ့ မဟာလိဟာ မြတ်စွာဘုရားကို "မြတ်စွာဘုရား မြတ်စွာဘုရားသည်၊ နတ်တို့ကိုအစိုးရတဲ့သိကြားမင်းကို မြင်ဘူးပါသလား"လို့ ဒီစကားကို လျှောက်ထားပါတယ်။

**ဒိဋ္ဌော ခေါ မေ မဟာလိ သက္ကော ဒေဝါနမိန္ဒောတိ။**

မဟာလိ-မဟာလိ၊ မေ-ငါဘုရားသည်၊ ဒေဝါနမိန္ဒော-နတ်တို့ကို အစိုးရသော၊ သက္ကော-သိကြားမင်းကို၊ ဒိဋ္ဌောခေါ-မြင်အပ်ဘူးသည်သာ လျှင်တည်း၊ ဣတိ-ဤသို့၊ အဝေါစ-မိန့်တော်မူ၏။

မဟာလိ ငါဘုရားဟာ နတ်တွေကိုအစိုးရတဲ့ သိကြားမင်းကိုမြင်ဘူးပါတယ်မှာ မိန့်တော်မူတယ်။

**သော ဟိ နုန ဘန္တေ သက္ကပတိရူပကော ဘဝိဿတိ၊**
**ဒုဒ္ဒသော ဟိ ဘန္တေ သက္ကော ဒေဝါနမိန္ဒောတိ။**

ဘန္တေ-မြတ်စွာဘုရား၊ သော ဟိ သက္ကော-ထိုအရှင်ဘုရားမြင်ဘူးသော သိကြားမင်းသည်၊ သက္ကပတိရူပကော-သိကြားမင်းအတုသည်၊ ဘဝိဿတိနုန-ဖြစ်သည်မဟုတ်ပါလော။

မြတ်စွာဘုရား အရှင်ဘုရားမြင်ဘူးတဲ့ သိကြားမင်းဟာ သိကြားအတုဖြစ်တယ် မဟုတ်လားဘုရားတဲ့။

တော်တော်ခက်တဲ့ မဟာလိ၊ ဘုရားတောင်မယုံတဲ့သဘောရှိတယ်နော်။ ဆက်ပြီးတော့ လျှောက်ထားပုံက-

ဘန္တေ-မြတ်စွာဘုရား၊ ဟိ-ထိုစကားသင့်စွ၊ ဒေဝါနမိန္ဒော-နတ်တို့ ကိုအစိုးရသော၊ သက္ကော-သိကြားမင်းကို၊ ဒုဒ္ဒသော-မြင်နိုင်ခဲ၏၊ ဣတိ-ဤသို့၊ အဝေါစ-လျှောက်၏။

မြတ်စွာဘုရား နတ်တို့ကိုအစိုးရတဲ့သိကြားမင်းကို မြင်နိုင်ခဲပါတယ်၊ မြင်ဖို့ မလွယ်ပါဘူးဘုရားလို့ လျှောက်ထားတယ်။ အဲဒီလို မဟာလိက လျှောက်ထားတော့-

**သက္ကဉ္စ ခွါဟံ မဟာလိ ပဇာနာမိ သက္ကကရဏေ စ ဓမ္မေ၊**
**ယေသံ သမာဒိန္နတ္တာ သက္ကော သက္ကတ္တံအဇ္ဈဂါ၊ တဉ္စ ပဇာနာမိ။**

http://www.dhammadownload.com



မဟာလိ–မဟာလိ၊ အဟံ–ငါသည်၊ သက္ကဉ္စ–သိကြားမင်းကိုလည်း၊ (ဝါ) သိကြားမင်း၏ အဖြစ်ကိုလည်း၊ ပဇာနာမိ–သိ၏၊ သက္ကကရဏေ–သိကြားမင်းအဖြစ်ကို ပြုတတ်သော၊ ဓမ္မေစ–တရားတို့ကိုလည်း၊ ပဇာနာမိ–သိ၏၊ ယေသံဓမ္မာနံ–အကြင်ခုနစ်ပါးသော တရားတို့ကို၊ သမာဒိန္နတ္တာ–ကောင်းစွာယူအပ်သည်၏ အဖြစ်ကြောင့်၊ သက္ကော–သိကြားမင်းသည်၊ သက္ကတံ–သိကြားမင်းအဖြစ်ကို၊ အဇ္ဈဂါ–ရ၏၊ တဥ္စဓမ္မံ–တေစဓမ္မေ–ထိုတရားတို့ကိုလည်း၊ အဟံ–ငါသည်၊ ပဇာနာမိ–သိတော်မူ၏။

မဟာလိ ငါသည် သိကြားမင်းအဖြစ်ကိုလည်း သိတော်မူတယ်၊ သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်းအကျင့် ခုနစ်ပါးတို့ကိုလည်း သိတော်မူတယ်လို့ မိန့်တော်မူပါတယ်။

သိကြားမင်းဖြစ်ကြောင်း အကျင့်ကောင်းခုနစ်ပါးတို့ကို မဟောကြားမီ သိကြားမင်းရဲ့ အမည်ခုနစ်မျိုးကို ဟောကြားတော်မူပါတယ်။

သိကြားမင်းရဲ့အမည် ဘယ်နှစ်မျိုးတဲ့လဲ။

(ခုနစ်မျိုးပါဘုရား)

အေး...အဲဒီခုနစ်မျိုးကို ဆက်ပြီးတော့ ဟောကြနာကြရအောင်–

**၁။ သက္ကော မဟာလိ ဒေဝါနမိန္ဒော ပုဗ္ဗေမနုဿဘူတော သမာနော မဃောနာမ မာဏဝေါ အဟောသိ တသ္မာ "မဃဝါ"တိ ဝုစ္စတိ။**

မဟာလိ–မဟာလိ၊ ဒေဝါနမိန္ဒော–နတ်တို့ကိုအစိုးရသော၊ သက္ကော–သိကြားမင်းသည်၊ ပုဗ္ဗေ–ရှေး၌၊ မနုဿဘူတော–လူ့ပြည်၌ဖြစ်သည်၊ သမာနော–ဖြစ်လျက်၊ မဃောနာမ–မဃအမည်ရှိသော၊ မာဏဝေါ–လုလင်သည်၊ အဟောသိ–ဖြစ်ဖူးပြီ၊ တသ္မာ–ထိုသို့မဃလုလင်ဖြစ်ဖူးသောကြောင့်၊ သော–ထိုသိကြားမင်းကို၊ မဃဝါတိ–မဃဝဟူ၍၊ ဝုစ္စတိ–ကောင်းစွာမသွေ ဆိုအပ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား။)

မဟာလိ နတ်တွေကိုအစိုးရတဲ့သိကြားမင်းက ရှေးလူ့ပြည်မှာဖြစ်တဲ့ အချိန်က မဃအမည်ရှိတဲ့လုလင်ဖြစ်ဖူးတဲ့အတွက်ကြောင့် အဲဒီသိကြားမင်းကို မဃဝလို့ ဆိုရတယ်။

နံပါတ်တစ် သိကြားမင်းရဲ့အမည်က မဃဝတဲ့၊ ဘာတဲ့လဲ။

(မဃဝပါဘုရား)

http://www.dhammadownload.com



* ရှေးလူဖြစ်စဉ်၊ မယတွင်၊ လုလင်ဖြစ်ဖူးကာ။
* မယဝဟု၊ ခေါ်ဆိုပြု၊ မှတ်ရှုသိစရာ။

**၂။ သက္ကော မဟာလိ၊ ဒေဝါနမိန္ဒော ပုဗ္ဗေ မနုဿဘူတော သမာနော သက္ကစ္စံ ဒါနံ အဒါသိ တသ္မာ "သက္ကော" တိ ဝုစ္စတိ။**

မဟာလိ–မဟာလိ၊ ဒေဝါနမိန္ဒော–နတ်တို့ကိုအစိုးရသော၊ သက္ကော–သိကြားမင်းသည်၊ ပုဗ္ဗေ–ရှေး၌၊ မနုဿဘူတော–လူဖြစ်၍ ဖြစ်သည်၊ သမာနော–ဖြစ်လျက်၊ သက္ကစ္စံ–အရိုအသေ၊ ဒါနံ–အလှူကို၊ အဒါသိ–ပေး၏၊ တသ္မာ–ထိုသို့အရိုအသေ အလှူပေးဖူးသောကြောင့်၊ သော–ထိုသိကြားမင်းကို၊ သက္ကော–သိကြားမင်းဟူ၍၊ ဝုစ္စတိ–ကောင်းစွာမသေွ ဆိုအပ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မဟာလိ နတ်တို့ကိုအစိုးရတဲ့ သိကြားမင်းဟာ ရှေးလူဖြစ်စဉ်က ရိုရိုသေသေ ပေးလှူဖူးတယ်၊ အဲဒီလို ရိုရိုသေသေပေးလှူဖူးတဲ့အတွက်ကြောင့် သိကြားမင်းကို "သက္က"လို့ ခေါ်ပါတယ်။

သိကြားမင်းရဲ့ နံပါတ်နှစ်အမည်က "သက္က"တဲ့၊ ဘာတဲ့လဲ။

(သက္ကပါဘုရား)

ကဲ...လင်္ကာလေးတွေလိုက်ဆိုကြ–

* ရှေးလူဖြစ်စဉ်၊ အခါတွင်၊ လှူလျှင်ရိုရိုသေ။
* သက္ကဟုသာ၊ ခေါ်ရတာ၊ သေချာမှတ်ကြလေ။

သိကြားမင်းဟာ ရှေးလူဖြစ်စဉ်က လှူရင် ဘယ်လိုလှူသတဲ့လဲ။

(ရိုရိုသေသေ လှူပါတယ်ဘုရား)

သိကြားမင်းကတော့ လှူတဲ့အခါ လက်နှစ်ဖက်နဲ့ရိုရိုသေသေလှူတယ်နော်။

(မှန်လှပါဘုရား)

ခုခေတ်လူတွေကတော့ လှူတဲ့အခါ လက်နှစ်ဖက်နဲ့မလှူပဲ ဘယ်ဘက်လက်နဲ့ ညာဘက်လက်မောင်းကိုကိုင်ပြီး လက်တစ်ခြမ်းပဲလက်ပြတ်ကြီးနဲ့ လှူကြတယ်၊ အဲဒီတော့ သိကြားမင်းလို ရိုရိုသေသေလှူရာရောက်သေးရဲ့လား။

(မရောက်ပါဘုရား)

အေး...ရိုရိုသေသေလှူရာရောက်အောင် လက်နှစ်ဖက်လုံးနဲ့လှူရမယ်နော်။

(မှန်လှပါဘုရား)

**၃။ သက္ကောမဟာလိ ဒေဝါနမိန္ဒော ပုဗ္ဗေ မနုဿဘူတော သမာနော ပုရေဒါနံ အဒါသိ တသ္မာ "ပုရိန္ဒဒေါ" တိ ဝုစ္စတိ။**

http://www.dhammadownload.com



မဟာလိ-မဟာလိ၊ ဒေဝါနမိန္ဒော-နတ်တို့ကိုအစိုးရသော၊ သက္ကော-သိကြားမင်းသည်၊ ပုဗ္ဗေ-ရှေး၌၊ မနုဿဘူတော-လူဖြစ်၍ဖြစ်သည်၊ သမာနော-ဖြစ်လျက်၊ ပုရေ-ရှေးဦးစွာ၊ ဒါနံ-အလှူကို၊ အဒါသိ-ပေးလှူ၏၊ တသ္မာ-ထိုသို့အလှူကို လက်ဦးပေးလှူဖူးသောကြောင့်၊ သော-ထိုသိကြားမင်းကို၊ ပုရိန္ဒဒေါတိ-ပုရိန္ဒဒဟူ၍၊ ဝုစ္စတိ-ကောင်းစွာမသေ့ ဆိုအပ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မဟာလိ နတ်တွေကိုအစိုးရတဲ့သိကြားမင်းဟာ ရှေးလူဖြစ်စဉ်က လှူဒါန်းဖူးတယ်၊ ဒါ့ကြောင့် သိကြားမင်းကို"ပုရိန္ဒဒ" လို့ ဆိုရတယ်၊ "ပုရိန္ဒဒ" လို့ ခေါ်ရတယ်။

သိကြားမင်းရဲ့ နံပါတ်သုံးအမည်က "ပုရိန္ဒဒ"တဲ့ ဘာတဲ့လဲ။

(ပုရိန္ဒဒပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ရှေးလူဖြစ်စဉ်၊ အခါတွင်၊ ဖြူစင်ပေးကမ်းလှူ။
* ပုရိန္ဒဒ၊ ခေါ်ဆိုရ၊ နာမသိတော်မူ။

**၄။ သက္ကော မဟာလိ ဒေဝါနမိန္ဒော ပုဗ္ဗေ မနုဿဘူတော သမာနော အာဝသထံ အဒါသိ၊ တသ္မာ "ဝါသဝေါ" တိ ဝုစ္စတိ။**

မဟာလိ-မဟာလိ၊ ဒေဝါနမိန္ဒော-နတ်တို့ကိုအစိုးရသော၊ သက္ကော-သိကြားမင်းသည်၊ ပုဗ္ဗေ-ရှေး၌၊ မနုဿဘူတော-လူဖြစ်၍ ဖြစ်သည်၊ သမာနော-ဖြစ်လျက်၊ အာဝသထံ-ဇရပ် ,တန်ဆောင်း ,ကျောင်း စသော အရိပ်အာဝါသကို၊ အဒါသိ-ပေးလှူဖူး၏၊ တသ္မာ-ထိုသို့ ဇရပ် ,တန်ဆောင်း , ကျောင်း စသော အရိပ်အာဝါသကို ပေးလှူဖူးလေသောကြောင့်၊ သက္ကော-သိကြားမင်းကို၊ ဝါသဝေါတိ-ဝါသဝဟူ၍၊ ဝုစ္စတိ-ကောင်းစွာမသေ့ ဆိုအပ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မဟာလိ နတ်တွေကိုအစိုးရတဲ့သိကြားမင်းဟာ ရှေးလူဖြစ်စဉ်က တည်းခိုနေထိုင်ဖို့ရန်အတွက် ဇရပ် ,တန်ဆောင်း ,ကျောင်း ,မွှာရုံ စတဲ့ အရိပ်အာဝါသကို ပေးလှူဖူးတယ်၊ အဲဒီလို လှူဖူးတာကြောင့် သိကြားမင်းကို "ဝါသဝ" ဆိုရတယ် ခေါ်ရတယ်။

သိကြားမင်းရဲ့ နံပါတ်လေးအမည်က ဝါသဝတဲ့၊ ဘာတဲ့လဲ။

(ဝါသဝပါ ဘုရား)

http://www.dhammadownload.com



ဝါသဝဆိုတဲ့အမည်ရချင်ရင် ဘာတွေလှူရမတဲ့လဲ။
(ဇရပ် ,တန်ဆောင်း ,ကျောင်း ,ဓမ္မာရုံတွေ လှူရမှာပါဘုရား)
ကဲ...လက်ာလေးတွေ လိုက်ဆိုကြ-
* ရှေးလူဖြစ်စဉ်၊ အခါတွင်၊ ကောင်းမွန်နေရာလှူ။
* ရှေးလူဖြစ်စဉ်၊ အခါတွင်၊ ကောင်းမွန်ဇရပ်လှူ။
* ရှေးလူဖြစ်စဉ်၊ အခါတွင်၊ ကောင်းမွန်တန်ဆောင်းလှူ။
* ရှေးလူဖြစ်စဉ်၊ အခါတွင်၊ ကောင်းမွန်ကျောင်းကိုလှူ။
* ရှေးလူဖြစ်စဉ်၊ အခါတွင်၊ ကောင်းမွန်ဓမ္မာရုံလှူ။
* ဝါသဝမည်၊ သိကြားသည်၊ အတည်ရတော်မူ။

**၅။ သက္ကော မဟာလိ ဒေဝါနမိန္ဒော သဟဿမ္ပိ အတ္ထံ မုဟုတ္တေန စိန္တေတိ တသ္မာ "သဟဿက္ခောတိ" ဝုစ္စတိ။**

မဟာလိ-မဟာလိ၊ ဒေဝါနမိန္ဒော-နတ်တို့ကိုအစိုးရသော၊ သက္ကော-သိကြားမင်းသည်၊ သဟဿမ္ပိအတ္ထံ-တစ်ထောင်သောအကြောင်းအရာကို၊ မုဟုတ္တေန-တစ်မုဟုတ်ခြင်းဖြင့်၊ စိန္တေတိ-ကြံနိုင်၏၊ (ဝါ)ကြံ၍ ဆုံးဖြတ်နိုင်၏၊ တသ္မာ-ထိုသို့ တစ်ထောင်သောအကြောင်းအရာကို တစ်မုဟုတ်ခြင်းဖြင့် ကြံ၍ဆုံးဖြတ်နိုင်ခြင်းကြောင့်၊ သော-ထိုသိကြားမင်းကို၊ သဟဿက္ခောတိ-သဟဿက္ခဟူ၍၊ ဝုစ္စတိ-ကောင်းစွာမသွေ ဆိုအပ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မဟာလိ နတ်တို့ကိုအစိုးရတဲ့သိကြားမင်းဟာ တစ်ထောင်သောအကြောင်းအရာတွေကို တစ်မုဟုတ်ခြင်း ,တစ်ခဏခြင်းဖြင့် ကြံပြီးတော့ ဆုံးဖြတ်နိုင်တဲ့အတွက်ကြောင့် သိကြားမင်းကို"သဟဿက္ခ"လို့ဆိုရတယ်။

နံပါတ်ငါး သိကြားမင်းရဲ့အမည်က"သဟဿက္ခ"တဲ့ ဘာတဲ့လဲ။
(သဟဿက္ခပါဘုရား)
ကဲ...လက်ာလေးတွေ လိုက်ဆိုကြ-
* တစ်ထောင်ကြောင်းမှတ်၊ ကြံဆုံးဖြတ်၊ သဟဿက္ခမည်။

**၆။ သက္ကဿ မဟာလိ ဒေဝါနမိန္ဒဿ သုဇာနာမ အသုရကညာ ပဇာပတိ တသ္မာ သုဇမ္ပတီတိ ဝုစ္စတိ။**

http://www.dhammadownload.com



မဟာလိ–မဟာလိ၊ ဒေဝါနမိန္ဒသ်–နတ်တို့ကိုအစိုးရသော၊ သက္ကဿ– သိကြားမင်း၏၊ ပဇာပတိ–မယားသည်၊ အသုရကညာ–အသုရာ၏ သမီး ဖြစ်သော၊ သုဇာနာမ–သုဇာအမည်ရှိသော သူသည်၊ အဟောသိ–ဖြစ်၏၊ ဘသ္မာ–ထိုသို့ သုဇာ၏ခင်ပွန်းဖြစ်သည်၏ အဖြစ်ကြောင့်၊ သော–ထိုသိကြား မင်းကို၊ သုဇမ္ပတီတိ–သုဇမ္ပတိဟူ၍၊ ဝုစ္စတိ–ရောင်းစွာမသွေ့ ဆိုအပ်ပါပေ သတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မဟာလိ နတ်တွေကိုအစိုးရတဲ့ သိကြားမင်းရဲ့မယားဟာ အသုရာရဲ့ သမီး သုဇာအမည်ရှိတဲ့သူ ဖြစ်တယ်၊ အဲဒီ သုဇာရဲ့ခင်ပွန်းဖြစ်တဲ့အတွက် ကြောင့် သိကြားမင်းကို သုဇမ္ပတိလို့ ဆိုရတယ်၊ သုဇမ္ပတိလို့ အမည်ရတယ်။

နံပါတ်ခြောက် သိကြားမင်းရဲ့အမည်က သုဇမ္ပတိတဲ့၊ ဘာတဲ့လဲ။

(သုဇမ္ပတိပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* သုဇာ၏လင်၊ ဖြစ်ကြောင့်ပင်၊ ခေါ်တွင်သုဇမ္ပတိ။

**၇။ သက္ကော မဟာလိ ဒေဝါနမိန္ဒော ဒေဝါနံ တာဝတိံသာနံ ဣဿရိယာဒိပစ္စံ ရဇ္ဇံ ကာရေတိ တသ္မာ "ဒေဝါနမိန္ဒော"တိ ဝုစ္စတိ။**

မဟာလိ–မဟာလိ၊ ဒေဝါနမိန္ဒော–နတ်တို့ကိုအစိုးရသော၊ သက္ကော– သိကြားမင်းသည်၊ တာဝတိံသာနံ–တာဝတိံသာဘုံ၌ဖြစ်ကုန်သော၊ ဒေဝါနံ– နတ်တို့၏၊ ဣဿရိယာဓိပစ္စံ–အစိုးရသူ၏အဖြစ် အကြီးအကဲ၏အဖြစ်ရှိသော၊ ရဇ္ဇံ–မင်းအဖြစ်ကို၊ ကာရေတိ–ပြုစေ၏၊ တသ္မာ–ထိုသို့ တာဝတိံသာနတ် ဘုံတို့၏ အစိုးရသူ၏အဖြစ် အကြီးအကဲ၏အဖြစ်ကြောင့်၊ သော–ထို သိကြားမင်းကို၊ ဒေဝါနမိန္ဒောတိ–ဒေဝါနမိန္ဒ ဟူ၍၊ ဝုစ္စတိ–ကောင်းစွာမသွေ့ ဆိုအပ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မဟာလိ သိကြားမင်းဟာ တာဝတိံသာနတ်တွေကို အစိုးရတဲ့မင်း ဖြစ်တဲ့အတွက်ကြောင့် သိကြားမင်းကို ဒေဝါနမိန္ဒလို့ ဆိုရတယ်၊ သိကြား မင်းဟာ ဒေဝါနမိန္ဒလို့ အမည်ရတယ်။

တစ်ချို့ကသိကြားမင်းကို နတ်ပြည်ခြောက်ထပ်အစိုးရတဲ့သူလို့ ထင်မှတ်နေကြတယ်၊ အမှန်တော့ တာဝတိံသာနတ်ပြည်ကို အစိုးရတဲ့သူလို့ မှတ်ကြရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



နံပါတ်ခုနစ် သိကြားမင်းရဲ့အမည်က ဘာတဲ့လဲ။
(ဒေဝါနမိန္ဒပါဘုရား)
ကဲ...လက်ာလေးတွေ့ လိုက်ဆိုကြ။
* တာဝတိံ နတ်၊ စိုးရတတ်၊ ခေါ်မှတ်ဒေဝါနံ။

အဲဒီလို သိကြားမင်းရဲ့ အမည်ခုနစ်မျိုးကို ဟောကြားတော်မူပြီးတဲ့ အခါမှာ သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း အကျင့်ကောင်းခုနစ်မျိုးကို ဟောကြားတော်မူပါတယ်။

အဲဒီ သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း အကျင့်ကောင်း ခုနစ်မျိုးကိုဆက်ပြီးတော့ ဟောကြ နာကြပါစို့-

**သက္ကဿ မဟာလိ ဒေဝါနမိန္ဒဿ ပုဗ္ဗေ မနုဿဘူတဿ သတ္တဝတပဒါနိ သမတ္တာနိသမာဒိန္နာနိ အဟေသုံ ယေသံ သမာဒိန္နတ္တာ သက္ကော သက္ကတ္တံ အဇ္ဈဂါ။**

မဟာလိ-မဟာလိ၊ ဒေဝါနမိန္ဒဿ-နတ်တို့ကိုအစိုးရသော၊ သက္ကဿ-သိကြားမင်းသည်၊ ပုဗ္ဗေ-ရှေး၌၊ မနုဿဘူတဿ-လူဖြစ်၍ ဖြစ်စဉ်၊ ယေသံ-အကြင် ခုနစ်ပါးကုန်သော ထိုကျင့်ဝတ်အစုတို့ကို၊ သမာဒိန္နတ္တာ-အပြည့်အစုံယူအပ်သည်၏အဖြစ်ကြောင့်၊ သက္ကော-သိကြားမင်းသည်၊ သက္ကတံ-သိကြားအဖြစ်ကို၊ အဇ္ဈဂါ-ရ၏၊ သမတ္တာနိ-အပြည့်အစုံဖြစ်ကုန်သော၊ သတ္တ-ခုနစ်ပါးကုန်သော၊ တာနိဝတပဒါနိ-ထိုကျင့်ဝတ်အစုတို့ကို၊ သမာဒိန္နာနိ-ကောင်းစွာယူအပ်ကုန်သည်၊ အဟေသုံ-ဖြစ်ကုန်၏။

မဟာလိ နတ်တွေကိုအစိုးရတဲ့ သိကြားမင်းဟာ ရှေးလူဖြစ်စဉ်က အကျင့်ကောင်းခုနစ်ပါးတို့ကို အပြည့်အစုံကျင့်သုံးခဲ့ဖူးတယ်။

**ကတမာနိ သတ္တဝတပဒါနိ?**

သတ္တဝတပဒါနိ-ခုနစ်ပါးကုန်သော ကျင့်ဝတ်အစုတို့သည်၊ ကတမာနိ-အဘယ်သည်တို့နည်းဟူမူကား-

အဲဒီ သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း ကျင့်ဝတ်ခုနစ်မျိုး ဆိုတာ ဘာတွေလဲဆိုတော့-

**၁။ ယာဝဇီဝံ မာတာပေတ္တိဘရော အဿံ၊**

ယာဝဇီဝံ-အသက်ထက်ဆုံး၊ မာတာပေတ္တိဘရောအဿံ-အမိအဘကို လုပ်ကျွေးမွေးမြူသူ ဖြစ်ရမယ်တဲ့။

သိကြားမင်းဟာ လူ့ဘဝတုန်းက မိဘနှစ်ပါးတို့ကို ပြုစုလုပ်ကျွေး မွေးမြူခဲ့လို့ သိကြားမင်းဖြစ်ရတာနော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



သိကြားမင်းဖြစ်ချင်ရင် မိဘတွေကို အမြဲတစေ ပြုစုလုပ်ကျွေးနေရမယ်နော်။

(မှန်လှပါဘုရား)

သိကြားမင်းဖြစ်ချင်ရင် ဘာလုပ်ရမတဲ့လဲ–

(မိဘတွေကို ပြုစုလုပ်ကျွေးရမှာပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* သိကြားဖြစ်လို၊ မိဘကို၊ ကြည်ညိုလုပ်ကျွေးပါ။
* သိကြားဖြစ်လို၊ မိဘကို၊ ကြည်ညိုပြုစုပါ။
* သိကြားဖြစ်လို၊ မိဘကို၊ ပိုမိုလုပ်ကျွေးပါ။

**၂။ ယာဝဇီဝံ ကုလေ ဇေဋ္ဌာပစာယီ အဿ၊**

ယာဝဇီဝံ–အသက်ထက်ဆုံး၊ ကုလေ–အမျိုး၌၊ ဇေဋ္ဌာပစာယီ–အဘိုးအဘွား စသော ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိသည်၊ အဿံ–ဖြစ်ရာ၏။

နံပါတ်နှစ် သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း အကျင့်က အသက်ထက်ဆုံး အမျိုးထဲမှာ အသက်ကြီးတဲ့ ,ဂုဏ်ကြီးတဲ့ ,အဘိုးအဘွား စတဲ့သူတွေကို ရိုသေလေးစားခြင်းပါပဲ။

နံပါတ်နှစ် သိကြားမင်းဖြစ်ချင်ရင် ဘာလုပ်ရမလဲ။

(ကြီးသူတွေကို ရိုသေရမှာပါဘုရား)

အင်္ဂုတ္တရနိကာယ်ပါဠိတော်မှာ မိမိထက် အသက်ကြီးသောသူ ,ဂုဏ်ကြီးသောသူတို့အား ရိုသေလေးစားခြင်းဟာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ကိုယ်အားဉာဏ်အားကြီးခြင်းဆိုတဲ့ အကျိုးထူးတရားလေးပါး တိုးပွားရရှိကြောင်း ဟောထားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ သိကြားမင်းဖြစ်ချင်ရင် ,အသက်ရှည်ချင်ရင် ,အဆင်းလှချင်ရင် ,ကိုယ်အားဉာဏ်အားကြီးချင်ရင် ,ချမ်းသာကြီးချင်ရင် ,အသက်ဂုဏ်ဝါ သိက္ခာကြီးမားသူတွေကို ကြည်ညိုရိုသေလေးစားရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* သိကြားဖြစ်လို ၊ကြီးသူကို ၊ကြည်ညိုလေးစားပါ။
* သိကြားဖြစ်လို ၊ကြီးသူကို ၊ကြည်ညိုရိုသေပါ။

http://www.dhammadownload.com



* အသက်ရှည်လို ၊ကြီးသူကို ၊ကြည်ညိုလေးစားပါ။
* အဆင်းလှလို ၊ကြီးသူကို ၊ကြည်ညိုလေးစားပါ။
* ကိုယ်အားကြီးလို ၊ကြီးသူကို ၊ကြည်ညိုလေးစားပါ။
* ဉာဏ်အားကြီးလို ၊ကြီးသူကို ၊ကြည်ညိုလေးစားပါ။
* ချမ်းသာကြီးလို ၊ကြီးသူကို ၊ကြည်ညိုလေးစားပါ။

**၃။ ယာ၀ဇီဝံ သဏှဝါစော အသဿ။**

ယာ၀ဇီဝံ-အသက်ထက်ဆုံး၊ သဏှဝါစော-သိမ်မွေ့သည်ဖြစ်၍ သာယာနာပျော်ဖွယ်သော စကားရှိသည်၊ အသဿ-ဖြစ်ရာ၏။

နံပါတ်သုံး သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း အကျင့်က အသက်ထက်ဆုံး သိမ်မွေ့နူးညံ့ ပြေပြစ်တဲ့စကား ပြောကြားရခြင်းပါပဲ။

စကားပြောတဲ့အခါမှာ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ ပြေပြေပြစ်ပြစ် ချိုချိုသာသာ ပြောကြားရမယ်၊ အဲဒီလို ပြောကြားခြင်းဟာ အထင်မသေးနဲ့ သိကြားမင်းဖြစ်သည်အထိ ကောင်းကျိုးရှိပါတယ်။

ကဲ…လက်ာလေးတွေ လိုက်ဆိုကြ-

* သိကြားဖြစ်လို၊ စကားကို၊ ချိုချိုပြောဆိုပါ။
* သိကြားဖြစ်လို၊ စကားကို၊ ပြောဆိုသိမ်မွေ့ပါ။
* သိကြားဖြစ်လို၊ စကားကို၊ ပြောဆိုနူးညံ့ပါ။
* သိကြားဖြစ်လို၊ စကားကို၊ ပြောဆိုပြေပြစ်ပါ။

ဒီနေရာမှာဆက်ပြီးတော့ သုတ်မဟာဝါ အဋ္ဌကထာမှာ ဖွင့်ဆိုထားတဲ့ စကားရပ်ကို ပြောချင်ပါသေးတယ်။

သုတ်မဟာဝါ အဋ္ဌကထာမှာ ဘယ်လိုဖွင့်ဆိုထားသလဲဆိုတော့-

**မဟာပုညာနာမ မနာပကထာ ဟောန္တိ-တဲ့။**

(သုတ်မဟာဝါ ဋ္ဌ-၆၇)

မဟာပုညာနာမ-ကြီးသောဘုန်းရှိသူတို့မည်သည်၊ မနာပကထာ-မြတ်နိုးဖွယ်စကားရှိကြကုန်သည်၊ ဟောန္တိ-ဖြစ်၏။

ဘုန်းကံကြီးတဲ့သူတွေဟာ မြတ်နိုးဖွယ်စကား အစားစား အဝဝ ပြောဆိုလေ့ရှိကြတယ်၊ မြတ်နိုးဖွယ်ရာ ကောင်းတဲ့စကားတွေကိုသာ ပြောဆိုကြတယ်တဲ့။

လောကမှာပဲဖြစ်ဖြစ် သာသနာမှာပဲဖြစ်ဖြစ် ဘုန်းကံကြီးသူတွေကို လေ့လာကြည့်ပါ၊ များသောအားဖြင့် မြတ်နိုးဖွယ်ရာကောင်းတဲ့ စကားတွေကို ပြောတတ်သူတွေဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ် သိမ်မွေ့နူးညံ့ ချိုသာပြေပြစ် မြတ်နိုးဖွယ်ရာဖြစ်တဲ့ စကားတွေကို ပြောဆိုခြင်းဟာ ဘုန်းကံကြီးကြောင်းနည်းလမ်းကောင်းဖြစ်တယ်ဆိုတာကိုလည်း သတိပြုရမယ်နော်။

(မှန်လှပါဘုရား)

ဦးပဥ္စင်းတို့လည်း စကားပြောရင်မာတတ်တော့ ဒီတရားတွေဟောရင်း မိမိကိုယ်ကိုမိမိ သတိထားပြီးပြင်ရပါတယ်။

တရားဟောတယ် တရားနာတယ်ဆိုတာ ရှောင်သင့်တာကိုရှောင်ပြီး ဆောင်သင့်တာကိုဆောင်ဖို့ပါပဲ။

လောကမှာ ဘယ်လောက်ပင်စိတ်ကောင်း စေတနာကောင်းရှိရှိ မာမာပြောရင် နာနာပြောရင်ဘယ်သူမှမကြိုက်ဘူးဆိုတဲ့ သခ်ာန်းစာကိုလည်း ဒီတရားတွေဟောရင်း ရေးရင်း ယူမိပါတယ်၊ နောက်ဆုံးကုန်ကုန်ပြောရရင် မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်တောင်မှ မကြိုက်ကြပါဘူး။

ဒါကြောင့် ဒီနေ့တရားဟော တရားနာနေတဲ့သူတွေ ဒီနေ့ကစ မဂ်ဖိုလ်နိဗ္ဗာန်ရမည့် အခ၀တိုင်အောင် မာမာမပြောပဲ သာသာယာယာပြောရမယ်၊ နာနာမပြောပဲ သာသာယာယာပြောရမယ်၊ တိုတိုမပြောပဲ ချိုချိုပြောကြရမယ်နော်။

(မှန်လှပါဘုရား)

မာမာပြောတော့လည်း ဒီစကား၊ သာသာပြောတော့လည်း ဒီစကား နာနာပြောတော့လည်း ဒီစကား၊ သာသာပြောတော့လည်း ဒီစကား၊ တိုတိုပြောတော့လည်း ဒီစကား၊ ချိုချိုပြောတော့လည်း ဒီစကားပဲ မဟုတ်လား။

(မှန်လှပါဘုရား)

ကဲ...အားလုံးလိုက်ဆိုကြ–

* စကားပြောတဲ့အခါ–

မာမာမပြောပါနဲ့+သာသာပြောပါ။
နာနာမပြောပါနဲ့+သာသာပြောပါ။
တိုတိုမပြောပါနဲ့+ချိုချိုပြောပါ။

* သားသမီးကို ဆုံးမတဲ့အခါ–

မာမာမဆုံးမပါနဲ့+သာသာဆုံးမပါ။
နာနာမဆုံးမပါနဲ့+သာသာဆုံးမပါ။
တိုတိုမဆုံးမပါနဲ့+ချိုချိုဆုံးမပါ။

http://www.dhammadownload.com



* တပည့်ကို ဆုံးမတဲ့အခါ–
မာမာမဆုံးမပါနဲ့+သာသာဆုံးမပါ။
နာနာမဆုံးမပါနဲ့+သာသာဆုံးမပါ။
တိုတိုမဆုံးမပါနဲ့+ချိုချိုဆုံးမပါ။

မာမာမပြောပဲ သာသာပြောရင်၊ နာနာမပြောပဲ သာသာပြောရင်၊ တိုတိုမပြောပဲ ချိုချိုပြောရင် မြတ်နိုးဖွယ်ရာစကားတွေကို ပြောတာနဲ့တူတယ်၊ မြတ်နိုးဖွယ်ရာဖြစ်မယ်လို့ သတိပြုကာ မာမာမပြောပဲ သာသာပြောကြပါစို့၊ တိုတိုမပြောပဲ ချိုချိုပြောကြပါစို့နော်။

(မှန်လှပါဘုရား)

ဘုန်းကံကြီးသူတွေဟာ ဘယ်လိုစကားတွေပြောကြသတဲ့လဲ။

(မြတ်နိုးဖွယ်ရာစကားတွေကို ပြောကြပါတယ်ဘုရား)

တရားနာပရိသတ် ဘုန်းကံမကြီးချင်ဘူးလား။

(ကြီးချင်ပါတယ်ဘုရား)

အေး...ဘုန်းကံကြီးချင်ရင် မြတ်နိုးဖွယ်ရာစကားတွေကို ပြောရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ဘုန်းကံကြီးလို့၊ စကားကို၊ ချိုချိုပြောကြပါ။
* ဘုန်းကံကြီးလို့၊ စကားဆို၊ မာကိုမမာရာ။
* ဘုန်းကံကြီးလို့၊ စကားဆို၊ မတိုမပြတ်ရာ။
* ဘုန်းကံကြီးလို့၊ စကားဆို၊ ကြမ်းကိုမကြမ်းရာ။

**၄။ ယာဝဇီဝံ အပိသုဏာဝါစော အဿံ။**

ယာဝဇီဝံ–အသက်ထက်ဆုံး၊ အပိသုဏာဝါစော–မချောပစ်သောစကားရှိ၏(ဝါ)ကုန်းတိုက်စကားမရှိပြားသည်၊ အဿံ–ဖြစ်ရာ၏။

နံပါတ်လေး သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း အကျင့်က အသက်ထက်ဆုံး တစ်ဦးနှင့်တစ်ဦးချစ်ခင်နေတာကို အချစ်အခင်ပျက်အောင် မလုပ်ခြင်း ,မပြောကြားခြင်း ,ကုန်းမတိုက်ခြင်း ,ကုန်းတိုက်စကား မပြောကြားခြင်းပါပဲ။

ဒီတော့ တရားနာပရိသတ် သိကြားမင်းဖြစ်ချင်ရင် ချစ်ခင်ကြင်နာ မြတ်နိုးတွယ်တာနေသူတွေကို အချစ်ပျက်သွားအောင် ကုန်းတိုက်စကား မပြောကြားရဘူးနော်။

http://www.dhammadownload.com



(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* သိကြားဖြစ်လို၊ ကုန်းတိုက်ကို၊ လူထိုမပြောရာ။

* သိကြားဖြစ်လို၊ ကုန်းတိုက်ကို၊ လူထိုရှောင်ရမှာ။

ရှင်းရှင်း ဟောရ ပြောရရင် သူတစ်ပါးတွေ ချစ်ခင်ကြင်နာမြတ်နိုး တွယ်တာနေတာကို အချစ်ပေါ့သွားအောင် မပြောပါနဲ့၊ အချစ်လျော့သွားအောင် မပြောနဲ့၊ အချစ်ပျက်သွားအောင် မပြောပါနဲ့လို့ ဟောရပြောရမှာပဲ။

သိကြားမင်း ဖြစ်ချင်ရင် အချစ်ပေါ့အောင် ,အချစ်လျော့အောင် , အချစ်ပျက်အောင် သတိဆောင်ပြီးတော့ ခုရောနောင်ပါ မပြောရဘူးနော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* အချစ်ပေါ့အောင်၊ သတိဆောင်၊ ခုနောင်မပြောနဲ့။

* အချစ်လျော့အောင်၊ သတိဆောင်၊ ခုနောင်မပြောနဲ့။

* အချစ်ပျက်အောင်၊ သတိဆောင်၊ ခုနောင်မပြောနဲ့။

**၅။ ယာဝဇီဝံ ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝသေယျံ မုတ္တစာဂေါ ပယတပါဏိ ဝေါဿဂ္ဂရတော ယာစယောဂေါ ဒါနသံဝိဘာဂရတော။**

ယာဝဇီဝံ-အသက်ထက်ဆုံး၊ ဝိဂတမလမစ္ဆေရေန-ကင်းသောအညစ်အကြေး မစ္ဆေရရှိသော၊ စေတသာ-စိတ်ဖြင့်၊ မုတ္တစာဂေါ-လွတ်လွတ်စွန့်ကြဲခြင်းရှိသည်ဖြစ်၍၊ ပယတပါဏိ-အလှူ ဝတ္ထုတို့ကို စွန့်အံ့သောငှာ အခါခပ်သိမ်း စင်ကြယ်သော လက်ရှိသည်ဖြစ်၍၊ ဝေါဿဂ္ဂရတော-စွန့်လွှတ်ပေးကမ်းခြင်း၌ မွေ့လျော်သည်ဖြစ်၍၊ ယာစယောဂေါ-သူတစ်ပါးတို့သည် တောင်းခြင်းငှာထိုက်သည်ဖြစ်၍၊ ဒါနသံဝိဘာဂရတော-ပေးကမ်းခြင်း ဝေဖန်ခြင်း၌ မွေ့လျော်သည်ဖြစ်၍၊ အဂါရံ-အိမ်၌၊ အဇ္ဈာဝသေယျံ-နေရာ၏။

နံပါတ်ငါး သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း အကျင့်က အသက်ထက်ဆုံး မပေးလို၊ မလှူလိုဝန်တိုတဲ့ မစ္ဆရိယမရှိခြင်း၊ မစ္ဆရိယ ကင်းခြင်းပါပဲ။

ဒီတော့ တရားနာပရိသတ် သိကြားမင်းဖြစ်ချင်ရင် မစ္ဆရိယဆိုတဲ့ ဝန်တိုမှု ကင်းရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* သိကြားဖြစ်လို၊ လူထိုထို၊ ဝန်တိုကင်းရမှာ။
* သိကြားဖြစ်လို၊ လူထိုထို၊ ဝန်တိုပယ်ရမှာ။
* သိကြားဖြစ်လို၊ မပေးလို၊ ဝန်တိုကင်းရမှာ။
* သိကြားဖြစ်လို၊ မလှူလို၊ ဝန်တိုပယ်ရမှာ။

**၆။ ယာဝဇီဝံ သစ္စဝါစော အသံ။**

ယာဝဇီဝံ–အသက်ထက်ဆုံး၊ သစ္စဝါစော–မှန်သောစကားရှိသည်၊ အသံ–ဖြစ်ရာ၏။

နံပါတ်ခြောက် သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း အကျင့်က အသက်ထက်ဆုံး မှန်သောစကားကို ပြောဆိုခြင်းပါပဲ။

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* သိကြားဖြစ်လို၊ စကားကို၊ ပြောဆိုမှန်ကန်စွာ။
* သိကြားဖြစ်လို၊ မှန်ရာကို၊ ပြောဆိုကြရမှာ။
* သိကြားဖြစ်လို၊ မုသားကို၊ မဆိုရှောင်ရမှာ။
* သိကြားဖြစ်လို၊ သစ္စာကို၊ ကြည်ညိုဆောင်ရမှာ။

**၇။ ယာဝဇီဝံ အက္ကောဓနော အသံ "သစေပိ မေ ကောဓော ဥပ္ပဇ္ဇေယျ၊ ခိပ္ပမေဝ နံ ပဋိဝိနေယျန္တိ။**

ယာဝဇီဝံ–အသက်ထက်ဆုံး၊ အက္ကောဓနော–အမျက်နည်းသည်၊(ဝါ) အမျက်ထွက်ခြင်းမရှိသည်၊ အသံ–ဖြစ်ရာ၏၊ "မေ–ငါ့အား၊ ကောဓော–အမျက်သည်၊ သစေပိဥပ္ပဇ္ဇေယျ–အကယ်၍ကား ဖြစ်ပေါ်ငြားအံ့၊ နံကောဓံ–ထိုအမျက်ကို၊ ခိပ္ပမေဝ–လျင်မြန်စွာသာလျှင်၊ ပဋိဝိနေယျံ–ဖျောက်ရာ၏၊" ဣတိဣမာနိ–ဤသည်တို့တည်း။

နံပါတ်ခုနစ် သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း အကျင့်က အသက်ထက်ဆုံး အမျက်ထွက်ခြင်းနည်းပါးရခြင်း၊ အမျက်ထွက်ခြင်း မရှိရခြင်းပါပဲ။

အကယ်၍ အမျက်ဒေါသဖြစ်ပေါ်လာပြန်ရင်လည်း အဲဒီအမျက်ဒေါသကို အမြန်ဆုံးပယ်ဖျောက်ပစ်ရမယ်။

ဒီတော့ တရားနာပရိသတ် အမျက်ဒေါသနည်းပါးခြင်း၊ အမျက်မထွက်ခြင်း၊ အကယ်၍ အမျ[illegible]ါသထွက်ပေါ်လာလျှင်လည်း အဲဒီ အမျက်ဒေါသကို အမြန်ဆုံးပယ်ဖျောက်ပစ်ခြင်း၊ သည်းခံတရား နှလုံးသားမှာ

http://www.dhammadownload.com



ထားရှိလိုက်ခြင်းဟာ သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း အကျင့်လို့ မှတ်ကြရမယ်နော်။

(မှန်လှပါဘုရား)

ကဲ…လက်ာလေးတွေ လိုက်ဆိုကြ–

* သိကြားဖြစ်လို၊ အမျက်ကို၊ လူထိုမထွက်ရာ။
* သိကြားဖြစ်လို၊ အမျက်ကို၊ လူထိုပယ်ရမှာ။
* သိကြားဖြစ်လို၊ အမျက်ကို၊ လူထိုနည်းရမှာ။
* သိကြားဖြစ်လို၊ သည်းခံပို၊ လူထိုနေရမှာ။

**သက္ကဿ မဟာလိ ဒေဝါနမိန္ဒဿ ပုဗ္ဗေ မနုဿဘူတဿ ဣမာနိ သတ္တဝတပဒါနိ သမတ္တာနိ သမာဒိန္နာနိ အဟေသုံ ယေသံ သမာဒိန္နတ္တာ သက္ကော သက္ကတ္တံ အဇ္ဈဂါတိ။**

မဟာလိ–မဟာလိ၊ ဒေဝါနမိန္ဒဿ–နတ်တို့ကိုအစိုးရသော၊ သက္ကဿ–သိကြားမင်းသည်၊ ပုဗ္ဗေ–ရှေး၌၊ မနုဿဘူတဿ–လူဖြစ်၍ ဖြစ်စဉ်၊ ယေသံ–အကြင်ခုနစ်ပါးသော ကျင့်ဝတ်အစုတို့ကို၊ သမာဒိန္နတ္တာ–အပြည့်အစုံယူအပ်သည်၏အဖြစ်ကြောင့်၊ သက္ကော–သိကြားသည်၊ သက္ကတ္တံ–သိကြားအဖြစ်ကို၊ အဇ္ဈဂါ–ရ၏၊ သမတ္တာနိ–အပြည့်အစုံဖြစ်ကုန်သော၊ သတ္တ–ခုနစ်ပါးကုန်သော၊ ဣမာနိဝတပဒါနိ–ဤကျင့်ဝတ်အစုတို့ကို၊ သမာဒိန္နာနိ–ကောင်းစွာယူအပ်ကုန်သည်၊ အဟေသုံ–ဖြစ်ကုန်၏၊ ဣတိ–ဤသို့၊ ဘဂဝါ–မြတ်စွာဘုရားသည်၊ အဝေါစ–သဘောကျအောင် ဟောပြမိန့်ကြားတော်မူလိုက်ပါပေသတည်း။

(သာဓု…သာဓု…သာဓုပါဘုရား)

မဟာလိ သိကြားမင်းဟာ သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း ကျင့်ဝတ်ခုနစ်ပါးတို့ကို လူ့ဘဝတုန်းက အသက်ထက်ဆုံး ကျင့်သုံးလိုက်နာခဲ့တဲ့အတွက်ကြောင့် သိကြားမင်းဖြစ်ရတယ်လို့ ဟောကြားတော်မူပါတယ်။

ဒီနေ့ ဒကာ–ဒကာမတွေကို ဟောကြားလိုက်တဲ့သုတ္တန်က ဘာသုတ္တန်တဲ့လဲ။

(မဟာလိ သုတ္တန်ပါဘုရား)

အေး…အဲဒီ သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်း ခုနစ်ပါးတို့ကို အကျဉ်းချုပ်ကြည့်ကြပါစို့။

၁။ မိဘတွေကို ပြုစုလုပ်ကျွေးမွေးမြူရမယ်။

၂။ အသက်ဂုဏ်ဝါ သိက္ခာကြီးမားသူတွေကို ရိုသေလေးစားရမယ်။

http://www.dhammadownload.com



ရှိခိုးရမယ်၊ ပူဇော်ရမယ်။

ဒီနေရာမှာ ဦးပဥ္ဇင်းတို့ စင်္ကာပူနိုင်ငံရောက်ခဲ့စဉ်က အတုယူစရာကောင်းတာ ပြောပြပါဦးမယ်။

စင်္ကာပူနိုင်ငံက ရထားတွဲတွေပေါ်မှာ .....

၁။ အသက်အရွယ်ကြီးတဲ့ အဘိုးအဘွားတွေပုံ၊

၂။ ကိုယ်ဝန်ဆောင် အမျိုးသမီးများပုံ၊

၃။ ကလေးတွေချီပိုး သယ်ဆောင်ပါလာသူများပုံတွေ ဆွဲထားပါတယ်။

ပြီးတော့ အင်္ဂလိပ်စာ၊ တရုတ်စာတွေနဲ့ ရေးထားပါတယ်။

ဘယ်လိုရည်ရွယ်ချက်နဲ့ ဆွဲထားရေးထားတာလဲဆိုတော့ အဲဒီပုဂ္ဂိုလ်တွေ ဒီရထားတွဲပေါ်ရောက်လာရင် နေရာအမြန်ပေးလိုက်ပါဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆွဲထား၊ ရေးထားတာပါပဲ။

ပြောလိုတာက အသက်ကြီးတဲ့ အဘိုးအဘွား စတဲ့ပုဂ္ဂိုလ်တွေကို ရိုရိုသေသေ လေးစားတယ်၊ နေရာပေးတယ်ဆိုတာကို ပြောလိုတာ၊ သိစေလိုတာပါပဲ။

ဒီနေ့ မြန်မာနိုင်ငံမှာတော့ အသက်ကြီးတဲ့ အဘိုးအဘွား စတဲ့ ပုဂ္ဂိုလ်တွေကိုတော့ မပြောနဲ့ ကားပေါ် ရထားတွဲပေါ်မှာ ရဟန်းသံဃာများ ကိုတောင် မရိုသေချင် နေရာမပေးချင်တော့တာဟာ တော်တော်ဝမ်းနည်း စရာကောင်းတယ်နော်။

(မှန်လှပါဘုရား)

ကဲ...ထားပါတော့လေ၊ စင်္ကာပူနိုင်ငံရောက်ခဲ့စဉ်က စင်္ကာပူမှာ အတုယူစရာကောင်းတဲ့ အထက်ပါအကြောင်းလေးတွေကို ကဗျာလင်္ကာလေး တွေ ရေးစပ်ခဲ့တယ်၊ အားလုံးလိုက်ဆိုကြည့်ပါဦး-

* အဘိုးအဘွား၊ ရောက်လာငြား၊ ထသွားပေးနေရာ။

* ကိုယ်ဝန်ဆောင်များ၊ ရောက်လာငြား၊ ထသွားပေးနေရာ။

* ကလေးပါသူ၊ ရောက်လာမူ၊ ကြည်ဖြူပေးနေရာ။

* စင်္ကာပူဝယ်၊ တုယူဖွယ်၊ တကယ်ကောင်းလှတာ။

၃။ သိမ်မွေ့နူးညံ့စကား ပြောဆိုရမယ်။

၄။ ကုန်းတိုက်စကား ရှောင်ရှားရမယ်။

၅။ မပေးလို မလှူလို ဝန်တိုမှုကိုပယ်ရမယ်။

၆။ မှန်သောစကားကို ဆိုရမယ်။

http://www.dhammadownload.com



၇။ အမျက်ထွက်နည်းရမယ်၊ သည်းခံရမယ်ဆိုတဲ့ အချက်တွေပါပဲ။

ကဲ...သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်းအကျင့်တွေ ဘယ်နှစ်ပါးရှိသတဲ့လဲ။ (ခုနစ်ပါးရှိပါတယ်ဘုရား)

သိကြားမင်းဖြစ်ချင်ရင် အဲဒီအဲကျင့်ကောင်းခုနစ်ပါးကို မမေ့မလျော့ မပေါ့မဆ အသက်ထက်ဆုံးလိုက်နာကျင့်သုံးရမယ်နော်။ (မှန်လှပါဘုရား)

ကဲ...ဘုရားရှင်ကိုယ်တော်မြတ်ကြီး နောက်ဆုံးဟောကြားတော်မူတဲ့ အကျဉ်းချုပ်ဂါထာနှစ်ပုဒ်နဲ့ တရားနိဂုံးချုပ်ရအောင် လက်အုပ်ချီကြပါ။

**မာတာ ပေတ္တိဘရံ ဇန္တုံ၊ ကုလေဇေဋ္ဌာပစာယိနံ။**

**သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။**

**မစ္ဆေရဝိနယေယုတ္တံ၊ သစ္စံ ကောဓာဘိဘုံနရံ။**

**တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟုသပ္ပုရိသော ဣတိ။**

မာတာပေတ္တိဘရံ-မိဘနှစ်ပါး အဓိကထားလျက် လေးစားမပြတ် ပြုစုလုပ်ကျွေး မွေးမြူတတ်ထသော၊ ကုလေ-မိဘက်ဖဘက် အဘက်ဘက်က အဆက်အသွယ် အမျိုးအနွယ်၌၊ ဇေဋ္ဌာပစာယိနံ-ကိုယ့်ထက်ကြီးရင့် ဂုဏ်ဝါမြင့်သူ အသင့်စိတ်ထား ရှိသေလေးစားလေ့ရှိထသော၊ သဏှံ-စိတ်ရင်းပြကတေ့ လွန်သိမ်မွေ့သည်ဖြစ်၍၊ သခိလသမ္ဘာသံ-ပြေပြစ်ညက်သော အားလုံးချောအောင် ပြောတတ် ဆိုတတ် သုံးနှုန်းတတ်သော၊ ပေသုဏေယျပ္ပဟာယိနံ-ချစ်သူနှစ်ယောက် ကွဲပြားလောက်အောင် ကောက်ကျစ်စိတ်ထား ကုန်းချောစကားကိုလည်းပယ်ထသော၊ မစ္ဆေရဝိနယေ-မပေးရက်ချေ ဝန်တိုစေသည့် မစ္ဆေရ တရားဖယ်ရှားခြင်း၌၊ ယုတ္တံ-လှူရေး ,စွန့်ရေး ,ပေးကမ်းရေးဝယ် လေးလေးပင်ပင် အမြဲရှင်ထသော၊ သစ္စံ-မိမိနှုတ်မှာ ကျက်သရေဖြာအောင် မေတ္တာပြည့်ပြည့် သစ္စာလည်းရှိထသော၊ ကောဓာဘိဘုံ-ရံခါဒေါသ ဖြစ်ပေါ်က လည်း ထကြွမတိုး လွှမ်းမိုးနိုင်ထသော၊ ဇန္တုံ-ရှေးကောင်းမှုကံ ပြုစီမံသဖြင့် လူ့ထံရောက်လာ သတ္တဝါတစ်ယောက်ဖြစ်သော၊ တံနရံ-တော်ရုံမက ကောင်းမွန်လှသဖြင့် လောကထင်ပေါ် ထိုလူတော်လူကောင်းကို၊ ဒေဝါတာဝတိံသာ-ဝတိံစံစား နတ်အများတို့သည်၊ သပ္ပုရိသောဣတိ-ချီးမွမ်းဖွယ်တောင်း ကောင်းထက်ကောင်းမည့် အလောင်းလျာဝင် သူတော်စင်ဟူ၍၊ ဝေ-စင်စစ်ကေန် အမှန်အားဖြင့်၊ အာဟု-တအံ့တသြ တသောသောဖြင့် ပြော၍မပြီး ချီးမွမ်းကြလေကုန်သတည်း။

(အရှင်ဇနကာဘိဝံသ၏ အဋ္ဌကထာအခြေပြုအနက်မှ)

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



မှတ်ချက်။ ။မိဘကျေးဇူးဆပ်ပွဲတိုင်း၊
မိဘပူဇော်ကန်တော့ပွဲတိုင်း၊
မိဘအတွက်ရည်စူးပြီး ကုသိုလ်ပြုပွဲတိုင်း
သက်ကြီးပူဇော်ပွဲတိုင်း၊
အာစရိယပူဇော်ပွဲတိုင်း၊
ဂုဏ်ပြုပူဇော်ပွဲတိုင်း၊
အလှူပွဲတိုင်း ဟောကြားနိုင်ပါသည်။
* မိဘကျေးဇူးဆပ်ပွဲ၊
သက်ကြီးပူဇော်ပွဲ အဓိကဟောပါ။

တရားအမည်ပေးရာ၌–
၁။ သိကြားမင်းဖြစ်ရန် နည်းလမ်းမှန်တရားတော်။
၂။ သိကြားမင်းဖြစ်ရေး လွယ်လွယ်လေးပါတရားတော်။
၃။ သိကြားမင်းဖြစ်ချင် သင်ဘာလုပ်ရမလဲတရားတော်။
၄။ သိကြားမင်းဖြစ်အောင် ဘာကိုဆောင်မလဲတရားတော်။
စသည်ဖြင့် မိမိကြိုက်ရာအမည်ပေးကာ ဟောကြားပါ။

သိကြားမင်းဖြစ်ကြောင်း နည်းလမ်းကောင်းတရားတော်ပြီးပြီ။

http://www.dhammadownload.com



စုဒ္ဒက နိကာယ်၊ ဇာတကပါဠိတော်၊ ဒုကနိပါတ်၊ ဥပါဟနဝဂ်
သာကေတဇာတ်တော်ကို တန်ဆာဆင်၍
ဟောကြားပြောကြားအပ်သော

# တွေ့မြင်ကာချစ်+အကြောင်းနှစ် တရားတော်

ဒီနေ့ မင်္ဂလာမောင်ဖြစ်တဲ့ မောင်(..........)နဲ့ မင်္ဂလာမယ်ဖြစ်တဲ့ မ(..........)တို့ရဲ့ မင်္ဂလာဦး ဆွမ်းအထူးကပ်ပွဲမှာ ဟောကြားမည့်ဇာတ်တော်က သာကေတဇာတ်တော်တဲ့။

ဘာဇာတ်တော်တဲ့လဲ။

(သာကေတဇာတ်တော်ပါဘုရား)

ဒီနေ့ မင်္ဂလာမောင်မယ်တွေ မှတ်သားလို့လွယ်ကူအောင် မြန်မာလို တရားအမည်ပေးထားတာက "တွေ့မြင်ကာချစ် အကြောင်းနှစ်တရားတော်" တဲ့။

ဘာတရားတဲ့လဲ။

(တွေ့မြင်ကာချစ် အကြောင်းနှစ်တရားတော်ပါဘုရား)

အဲဒီ တွေ့မြင်ကာချစ် အကြောင်းနှစ်ဆိုတဲ့ တရားတော်ကို မဟောကြားမီ ဒီနေ့ မင်္ဂလာမောင်မယ်တွေနဲ့ တရားဟောတရားနာကြသူတွေ နေ့နေ့ညညမင်္ဂလာတွေ အပြည့်အဝရှိကြရအောင် နေ့နေ့ညညမင်္ဂလာတွေ အပြည့်အဝရှိတော်မူတဲ့ ဘုရား တရား သံဃာရတနာသုံးပါးတွေနဲ့ ဆရာသမားတွေကို ရှိခိုးကြရအောင်၊ အားလုံးလက်အုပ်ချီပြီးတော့ လိုက်ဆိုကြ–

* မင်္ဂလာပြည့်ဝ၊ မြတ်ဗုဒ္ဓ၊ ဦးချရှိခိုးပါ၏။
* မင်္ဂလာပြည့်ဝ၊ မြတ်ဓမ္မ၊ ဦးချရှိခိုးပါ၏။
* မင်္ဂလာပြည့်ဝ၊ မြတ်သံဃ၊ ဦးချရှိခိုးပါ၏။
* ပြည့်ဝမင်္ဂလာ၊ မြတ်ဆရာ၊ ကြည်သာရှိခိုးပါ၏။

http://www.dhammadownload.com



အေး...အဲဒီလို မင်္ဂလာအပြည့်ရှိတော်မူကြတဲ့ ရတနာသုံးပါးနဲ့ဆရာသမားတွေကို ရှိခိုးပြီးတော့ ဒီနေ့ဟောမည့် "တွေ့မြင်ကာချစ် အကြောင်းနှစ်" ဆိုတဲ့ တရားတော်ကို စပြီးတော့ ဟောကြနာကြပါစို့.-

ကော ့နု ခေါ ဘဂဝါ ဟေတု အစရှိတဲ့ ဂါထာတော်နဲ့တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် သာကေတမြို့ကို အမှီပြုပြီး နေတော်မူစဉ်မှာ သာကေတပုဏ္ဏားကို အကြောင်းပြုကာ ဟောကြားတော်မူပါတယ်။ အဲဒီသာကေတမြို့က ပုဏ္ဏားကြီးဇနီးမောင်နှံနှစ်ယောက်ရဲ့ အတိတ်ပစ္စုပ္ပန်အကြောင်းတွေကိုတော့ ဒီနေရာမှာ ကြာသွားမှာစိုးတဲ့ အတွက် မဟောတော့ပါဘူး၊ သိရှိလိုရင် ဧကနိပါတ် သာကေတဇာတ်မှာ ကြည့်ကြပါ၊ ဒီနေရာမှာတော့ အကျဉ်းလောက်ပဲ ဟောခဲ့ပါ့မယ်။

မြတ်စွာဘုရား ကျောင်းတော်ကိုကြွလာတဲ့အခါမှာ ရဟန်းတော်တွေက "အရှင်ဘုရား၊ အချစ်ဆိုတာ ဘယ်အကြောင်းတွေကြောင့် ဖြစ်ပေါ်ပါသလဲ ဘုရား" လို့ မေးလိုတဲ့အတွက်....

**ကောနု ခေါ ဘဂဝါဟေတု၊ ဧကစ္စေ ဣဓပုဂ္ဂလေ။**
**အတီဝ ဟဒယံ နိဗ္ဗာတိ၊ စိတ္တဉ္စာပိ ပသီဒတိ။**

(ဇာပါ-၁။ ၆၆)

ဘဂဝါ-ဘုန်းကြီးတော်မူသောမြတ်စွာဘုရား၊ ဣဓလောကေ-ဤလောက၌၊ ဧကစ္စေ-အချို့သော၊ ပုဂ္ဂလေ-ပုဂ္ဂိုလ်၌၊ (ဒိဋ္ဌမတ္တေယေဝ-တွေ့မြင်ကာမျှ တစ်ခဏ၌သာလျှင်၊) ဟဒယံ-အမှန်ထူးခြား နှလုံးသားသည်၊ အတီဝ-အစဉ်အမြဲ အလွန်အကဲသာလျှင်၊ နိဗ္ဗာတိ-အေးအေးမြမြ သောဘာယက္ခာငြိမ်းချမ်းပါ၏၊ စိတ္တဉ္စာပိ-စိတ်သည်လည်း၊ ပသီဒတိ-အမြဲခါခါ ကြည်ညိုပါ၏၊ ဟေတု-အကြောင်းသည်၊ ကောနုခေါ-အဘယ်ပါနည်း။

မြတ်စွာဘုရား ဒီလောကမှာ အချို့ပုဂ္ဂိုလ်ရဲ့အပေါ်မှာ တွေ့မြင်ကာမျှ တစ်ခဏချင်းပင် အလွန်အကဲ အချစ်ပွဲဝင်ကာ ချစ်ခင်ကြင်နာမြတ်နိုးတွယ်တာ သွားပါတယ်၊ တွေ့ကာမြင်ကာမျှနဲ့ပဲ အစဉ်အမြဲရင်အသည်းမှာ လွန်ကဲ အေးမြ ငြိမ်းချမ်းရပါတယ်၊ စိတ်ထဲပိုမို အမြဲကြည်ညိုရပါတယ် မြတ်စွာဘုရား၊ အဲဒါ ဘယ်အကြောင်းကြောင့်ပါလဲဘုရားလို့ လျှောက်ထားကြပါတယ်။ ရှင်းရှင်းပြောရရင်တော့ တစ်ဦးနဲ့တစ်ဦး တွေ့တွေ့ချင်း မြင်မြင်ချင်း တစ်ခဏလေးအတွင်းမှာ ချစ်ခင်မြတ်နိုး တွယ်တာကြင်နာသွားကြတာ ဘယ်လို အကြောင်းကြောင့်ပါလဲဘုရားလို့ လျှောက်ထားတာပါပဲ။

http://www.dhammadownload.com



အဲဒီ အကြောင်းအရာတွေကို ကောင်းစွာတွေးဆကဗျာလင်္ကာလေး ရေးထားတာရှိတယ်၊ အာရုံပြုကာ နားထောင်ကြပါဦး–

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* တွေ့မြင်ကာမျှ၊ တစ်ခဏ၊ ချစ်ကြခင်ကြတာ။

* ဘယ်လိုအကောင်း၊ ဘယ်အကြောင်း၊ ကောင်းကောင်းဟောပြပါ။

* တွေ့မြင်ကာချစ်၊ အကြောင်းစစ်၊ ရှင်ချစ်ဟောပြပါ။

* တွေ့ရုံမြင်ရုံ၊ မေတ္တာပုံ၊ လူ့ဘုံချစ်ကြတာ။

* အကြောင်းတရား၊ အကောင်းများ၊ ဟောကြားရှင်းပြပါ။

အဲဒီလို ရဟန်းတော်တွေက လျှောက်ထားကြတော့ ဘုရားရှင်ကိုယ်တော်မြတ်က ချစ်ခြင်းခင်ခြင်း အကြောင်းရင်းကို အောက်ပါဂါထာနဲ့ ဟောပြတော်မူပါတယ်။

**ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ။**
**ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။**

(ဇာ၊ပါ–၁။ ၆၆)

ဘိက္ခဝေ–ရဟန်းတို့၊ ဥပ္ပလံဝါ–ကြာဖြူ ကြာနီ ကြာပန်းသည်လည်း ကောင်း၊ (ယေသံ–ကြာဖြူ ကြာနီ ပန်းအလီလီမှ အတည်စင်စစ် ကြွင်းကျန် ရစ်သော၊ ဇလဇပုပ္ဖံဝါ–ရေ၌ဖြစ်ပွား ပန်းအများသည်လည်းကောင်း၊ ဥဒကေ– ရေ၌၊ ဇာယမာနံ–ဖြစ်ပေါ်သည်ရှိသော်၊ ဥဒကဥ္စ–ရေကိုလည်းကောင်း)၊ (ကလလဥ္စ–ညွန်ကိုလည်းကောင်း၊ ဣမာနိဒွေကာရဏာနိ–အမှန်ပေါင်းစပ် ဤအကြောင်းနှစ်ရပ်တို့ကို၊ နိဿာယ–မှီ၍၊ ဇာယတိယထာ–ဖြစ်သကဲ့သို့) ဧဝံတထာ–ပမာထားယူ ထို့အတူပင်၊ တံပေမံ–တွေ့မြင်ကာမျှ မေတ္တာလှရင်း ထိုချစ်ခြင်းသည်၊ ဇာယမာနံ–နှလုံးသားတွင် ပြုံးအားထင်၍ အလွန်အေးကြည် ဖြစ်ပေါ်လာသည်ရှိသော်၊ ပုဗ္ဗေဝ–အတိတ်ခေါ်ရ ရှေးဘဝ၌သာလျှင်၊ သန္နိ– ဝါသေန–ညီအစ်ကို မောင်နှမ မိဘသမီးသား လင်မယားမိတ်ဟောင်း အတူ ပေါင်းကာ တစ်နေရာတစ်ဌာန နေ့ညကြည်ဖြူ အတူနေမှု အကြောင်းထူး ကြောင့်လည်းကောင်း၊ ပစ္စုပ္ပန္နဟိတေနဝါ–ယခုအမှန် ပစ္စုပ္ပန်ဘဝ အကျိုး စီးပွားလှကို တိုးရလေအောင် နေ့ညဆောင်ခြင်း အကြောင်းရင်းကြောင့် လည်းကောင်း၊ဣမေဟိဒွီဟိကာရဏေဟိ–အတိတ် ,ပစ္စုပ္ပန် အမှန်ပေါင်းစပ် လွန်ကောင်းမြတ်သည့် ဤအကြောင်းနှစ်ရပ်တို့ကြောင့်၊ ဇာယတေ–မခွဲမခွာ မကွဲကွာပဲ တွဲကာတွဲကာ မြဲစွာရစ်ပတ် အချစ်ဇာတ်တိုး အချစ်မိုးရွာ ချစ်ကြိုး ကြာရှည် ဖြစ်ပေါ်ပါပေသတည်း။ (သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



ရဟန်းတို့ ကြာဖြူ ကြာနီ စတဲ့ ကြာပန်းတွေ၊ ကြာဖြူ ကြာနီမှ တစ်ပါး ရေမှာဖြစ်တဲ့ပန်းတွေဟာ ရေနဲ့ညွန့်ဆိုတဲ့ အကြောင်းနှစ်ရပ် ပေါင်းစပ်မိမှ ဖြစ်ပေါ်လာရတယ်၊ အဲဒီ ဥပမာအတိုင်းပါပဲ တစ်ဦးနဲ့တစ်ဦး တွေ့မြင်ကာမျှ ချစ်ခင်မြတ်နိုး တွယ်တာကြတယ်ဆိုတာ....၊

၁။ ရှေးအတိတ်ဘဝက အမေ ,အဖေ ,သား ,သမီး ,အစ်ကို ,အစ်မ ,မောင်နှမ ,လင်မယား ,သူငယ်ချင်း ,မိတ်ဆွေတွေဖြစ်ပြီး အတူတကွ တစ်နေရာတစ်ဌာနတည်းမှာ နေဖူးခြင်း။

၂။ ယခုပစ္စုပ္ပန်ဘဝမှာ တစ်ဦးရဲ့အကျိုးစီးပွားတွေကိုတစ်ဦးက လိုလိုလားလား အားပါးတရ စိတ်ပါလက်ပါ ကူညီဆောင်ရွက်ပေးခြင်း၊ အဲဒီအကြောင်းနှစ်ချက်ကြောင့်ပါပဲ။

ဒီနေ့ မင်္ဂလာမောင်မယ်တွေ တွေ့မြင်ကာ ချစ်ခင်ကြင်နာတွယ်တာ မြတ်နိုးကြတယ်ဆိုတာ အကြောင်းမဲ့မဟုတ်ဘူးနော်။

(မှန်လှပါဘုရား)

ဒီနေ့ မင်္ဂလာမောင်မယ်တွေကိုမေးမယ်၊ သေသေချာချာဖြေကြပါ။

ကြာပန်းစတဲ့ ရေမှာဖြစ်တဲ့ပန်းမျိုးစုံဟာ ဘာကြောင့်ဖြစ်တာတဲ့လဲ။

(ရေနဲ့ညွန့် အကြောင်းနှစ်မျိုးကြောင့် ဖြစ်တာပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ။

* ရေညွန့်နှစ်ရပ်၊ ယှဉ်ပေါင်းစပ်၊ ကောင်းမြတ်ကြာပန်းဖြစ်။

* ရေနဲ့ညွန့်နဲ့၊ မှီပေါင်းဖွဲ့၊ ကောင်းတဲ့ပန်းလှဖြစ်။

ဒီနေ့ မင်္ဂလာမောင်မယ်တွေဖြစ်လာအောင် တွေ့မြင်ကာချစ်လာကြတာက ဘယ်အကြောင်းတွေကြောင့်တဲ့လဲ။

(အတိတ်နဲ့ပစ္စုပ္ပန် အမှန်ပေါင်းစပ် အကြောင်းနှစ်ရပ်ကြောင့်ပါ ဘုရား)

ဒီတော့ တွေ့မြင်ကာ ချစ်ခင်တာ ကြင်နာ မြတ်နိုးတွယ်တာတာ အကြောင်း ဘယ်နှစ်မျိုးကြောင့်တဲ့လဲ။

(နှစ်မျိုးကြောင့်ပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(တွေ့မြင်ကာချစ် အကြောင်းနှစ်တရားတော်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

http://www.dhammadownload.com



* အတိတ်ပစ္စုပ္ပန်၊ ပေါင်းစပ်ပြန်၊ အမှန်အချစ်ဖြစ်။
* အတိတ်ပစ္စုပ္ပန်၊ ပေါင်းစပ်ပြန်၊ အမှန်မေတ္တာဖြစ်။
* အတိတ်ပစ္စုပ္ပန်၊ ကြောင်းနှစ်တန်၊ ပေါင်းပြန်တွေ့မြင်ချစ်။
* ရှေးဘဝက၊ တူတကွ၊ မုချနေဖူးတာ။
* အတိတ်ဘဝ၊ တူတကွ၊ မုချနေဖူးတာ။
* ယခုဘဝ၊ ကောင်းကျိုးလှ၊ နေ့ညဆောင်ရွက်တာ။
* တွေ့မြင်ကာချစ်၊ အကြောင်းနှစ်၊ စင်စစ်မှတ်ကြပါ။
* တွေ့မြင်ကာချစ်၊ အကြောင်းနှစ်၊ ရှင်ချစ်ဟောပြတာ။

ဒီနေ့မင်္ဂလာမောင်မယ်တွေ ဒီနေ့ကစပြီးတော့ မင်္ဂလာဖိုလ်နိဗ္ဗာန်အထိ အတူတကွ မခွဲမခွာ မကွဲကွာပဲ တွဲကာတွဲကာ မြဲစွာနေ့ည ကြည်ကြည်ဖြူဖြူ ပေါင်းသင်းနေထိုင်နိုင်ကြပါစေ၊ တစ်ဦးရဲ့ကောင်းကျိုးတွေကိုတစ်ဦးက ကူညီအပြည့်ပါရမီဖြည့်ကာ ဆောင်ရွက်နိုင်ကြပါစေ၊ အေးမြတဲ့မေတ္တာမိုး၊ တစ်ဦးရဲ့အပေါ်မှာတစ်ဦးက သနားစွာရှိတဲ့သစ္စာမိုး၊ တစ်ဦးကိုတစ်ဦးက ကြင်နာသနားတတ်တဲ့ ကရုဏာမိုး၊ ဝမ်းမြောက်ကျေနပ်အားရသဘောကြတဲ့ မုဒိတာမိုးဆိုတဲ့ ကောင်းတဲ့ဗြဟ္မစိုရ်တရားမိုးတွေ ထာဝရရွာသွန်းဖြိုးနိုင်ကြပါစေလို့ ဆုတောင်းဆုပေးခဲ့ပါတယ်၊ ရှင်းရှင်းပြောရရင်တော့ ကောင်းတဲ့မိုးတွေ ရွာပါစေပေါ့၊ ကောင်းတဲ့မိုးတွေ ရွာနေသမျှ ထာဝရအဆင်ပြေမှာပါ၊ အေးမြနေမှာပါ။

ဒီတော့ မင်္ဂလာမောင်မယ်တွေရဲ့သန္တာန်မှာ မေတ္တာ သစ္စာ ကရုဏာ မုဒိတာဆိုတဲ့ ကောင်းတဲ့မိုးတွေ အမြဲတစေရွာနေဖို့တော့ လိုတယ်နော်။

(မှန်လှပါဘုရား)

ကဲ...ကောင်းတဲ့မိုးတွေရွာပါစေဆိုတဲ့ ကဗျာဆောင်ပုဒ်အတိုချုပ်များနဲ့ တရားသိမ်းကြရအောင်။

အားလုံးလိုက်ဆိုကြ–

* ကောင်းတဲ့မေတ္တာ၊ မိုးဒေဝါ၊ မြဲစွာရွာပါစေ။
* ကောင်းတဲ့သစ္စာ၊ မိုးဒေဝါ၊ မြဲစွာရွာပါစေ။
* ကောင်းတဲ့ကရုဏာ၊ မိုးဒေဝါ၊ မြဲစွာရွာပါစေ။
* ကောင်းတဲ့မုဒိတာ၊ မိုးဒေဝါ၊ မြဲစွာရွာပါစေ။

http://www.dhammadownload.com



တွေ့မြင်ကာချစ် အကြောင်းနှစ် ကဗျာ

ရှေးရှေးဘဝ၊ မေတ္တာမျှ၍၊ မိဘသမီးသား စသည်အားဖြင့်၊
ထူးခြားမှန်စွာ၊ နေဖူးတာနှင့်၊ ခုခါဘဝ၊ မေတ္တာလှကူး၊ တစ်ဦးတစ်ဦးကို၊
ကြည်နူးပါရမီ၊ အလီလီဖြည့်စွက်၊ ကောင်းကျိုးထွက်ရေး၊
ဆောင်ရွက်ပေးခြင်း၊ အကြောင်းရင်းကြောင့်၊ ပေါင်းသင်းဆက်ဆံ၊
ရာသက်ပန်သည့်၊ နိဗ္ဗာန်ထိဘာ၊ တွေ့မြင်ကာချစ်၊ မေတ္တာနှစ်ဟု၊
ရှင်ချစ်မြတ်စွာ၊ ဟောပြပါသည်၊ သေချာမှတ်လေ အမြဲတည်း။

မှတ်ချက်။ ။ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲတိုင်း၊ ထိမ်းမြားမင်္ဂလာပြီး ငွေရတု ရွှေရတု ဆင်နွဲကုသိုလ်ပွဲတိုင်း ဟောပါ။

တရားအမည်ပေးရာ၌-

၁။ ချစ်ကြခင်ကြ အကြောင်းနှစ်ဝ တရားတော်။
၂။ ချစ်ခင်ကြင်နာ အကြောင်းနှစ်ဖြာ တရားတော်။
၃။ မေတ္တာမိုးရွာ အကြောင်းနှစ်ဖြာ တရားတော်။
၄။ မေတ္တာရိုဖြစ် အကြောင်းနှစ် တရားတော်။
၅။ မေတ္တာနီးချစ် အကြောင်းနှစ် တရားတော်။
၆။ ချစ်ခင်တွယ်တာ ကြောင်းနှစ်ဖြာ တရားတော်။
၇။ ကောင်းတဲ့မိုးတွေ ရွာပါစေ တရားတော်။
၈။ သစ္စာမိုးတွေ ရွာပါစေ တရားတော်။

စသည်ဖြင့် ကြိုက်သလိုအမည်ပေးကာ ဟောကြားပါ။

တွေ့မြင်ကာချစ် အကြောင်းနှစ်တရားတော် ပြီး၏။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ဣတိဝုတ္တကပါဠိတော်၊
တိကနိပါတ်၊ တတိယဝဂ်၊ ပုတ္တသုတ္တန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# မိဘလိုလား+သမီးသား

# တရားတော်

ဒီနေ့ မိဘကျေးဇူးသိကာ ကျေးဇူးဆပ်ပွဲ ,မိဘတွေအတွက် ရည်ရွယ်ချက် ထားပြီးတော့ ကုသိုလ်ပြုပေးတဲ့ပွဲမှာ ဟောကြားမည့် သုတ္တန်က ပုတ္တသုတ္တန်တဲ့။

ဘာသုတ္တန်တဲ့လဲ။

(ပုတ္တသုတ္တန်ပါဘုရား)

မြန်မာလိုမှတ်လို့လွယ်ကူအောင် တရားအမည်ပေးထားတာက "မိဘ လိုလား သမီးသား" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(မိဘလိုလား သမီးသားတရားတော်ပါဘုရား)

အဲဒီ မိဘလိုလားသမီးသားတရားတော်ကို စပြီးတော့ဟောကြနာကြ ပါစို့။

**တယော မေ ဘိက္ခဝေ ပုတ္တာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ ။**

(ဣတိဝုတ်–ပါဠိ–၂၃၈)

ဘိက္ခဝေ–ရဟန်းတို့၊ လောကသ္မိံ –လောက၌၊ တယော–သုံးယောက်ကုန်သော ပုတ္တာ–သားတို့သည်၊ သန္တောသံဝိဇ္ဇမာနာ–ထင်ရှားရှိကြကုန်၏။

ရဟန်းတို့ ဒီလောကမှာ သားသုံးယောက်ရှိကြတယ်။

**ကတမေ တယော အတိဇာတော အနုဇာတော အဝဇာတောတိ။**

http://www.dhammadownload.com



တယော–သုံးယောက်တို့သည်၊ ကတမေ–အဘယ်သည်တို့နည်းဟူမူကား၊ အတိဇာတော–မိမိ၏ဂုဏ်တို့ဖြင့် အမိအဘတို့ကိုလွန်၍ ဖြစ်သောသားလည်းကောင်း၊ အနုဇာတော–မိမိ၏ဂုဏ်တို့ဖြင့် အမိအဘတို့ အားလျော်စွာဖြစ်သောသားလည်းကောင်း၊ အဝဇာတော–မိမိ၏ဂုဏ်တို့ဖြင့် အမိအဘအောက်ယုတ်၍ ဖြစ်သောသားလည်းကောင်း၊ လ္လတိလ္လမေ တယော–ဤသုံးယောက်တို့ပါပေတည်း။

အဲဒီသားသုံးယောက်က ဘယ်လိုသားတွေလည်းဆိုတော့–

(၁) အတိဇာတသားတဲ့၊ ဘာသားတဲ့လဲ။

(အတိဇာတသားပါဘုရား)

အတိဇာတသားဆိုတော့ မိဘတွေထက် မြတ်တဲ့သားပါပဲ၊ ဘယ်လိုမိဘတွေထက် မြတ်တဲ့သားဖြစ်သလဲဆိုတော့ မိဘတွေဟာ ရတနာသုံးပါးမဆည်းကပ် မကိုးကွယ်ကြဘူး၊ ရတနာသုံးပါးဆိုတာ မကောင်းကျိုးတွေပယ်ဖျောက်ပြီးတော့ ကောင်းကျိုးတွေရောက်အောင် စီရင်ဆောင်ရွက်တတ်တယ်လို့ မသိကြဘူး၊ ငါးပါးသီလမရှောင်ကြဉ်ကြဘူး၊ မမြဲကြဘူး၊ သီလမရှိကြဘူး၊ မကောင်းတဲ့သဘောရှိကြတယ်ပေါ့၊ သားကတော့မိဘတွေလိုမဟုတ်ဘူး၊ မိဘတွေနဲ့မတူဘူး၊ မိဘတွေနဲ့ ပြဒါးတစ်လမ်းသံတစ်လမ်းပေါ့၊ မိဘတွေနဲ့ ကွဲပြားခြားနားတယ်ပေါ့၊ ရတနာသုံးပါးကို ကိုးကွယ်တယ်၊ ဆည်းကပ်တယ်၊ ရတနာသုံးပါးဆိုတာ မကောင်းကျိုးတွေပယ်ဖျောက်ပြီးတော့ ကောင်းကျိုးတွေရောက်အောင် စီရင်ဆောင်ရွက်တတ်တယ်လို့ သိတယ်၊ နားလည်တယ်၊ ငါးပါးသီလမြဲတယ်၊ သီလရှိတယ်၊ ကောင်းတဲ့သဘောရှိတယ်၊ အဲဒီလိုသားမျိုးကို အတိဇာတသားလို့ဆိုရတယ်။

ကဲ…လက်ာလေးတွေ လိုက်ဆိုကြ–

* မိဘတွေဟာ၊ ရတနာ၊ သုံးဖြာမသိပေ။

* ငါးပါးသီလ၊ မမြဲကြ၊ မိဘဒုဿီလေ။

* သားလှသည်းချာ၊ ရတနာ၊ သုံးဖြာသိလို့နေ။

* ငါးပါးသီလ၊ မြဲမြဲလှ၊ သီလဝန္တပေ။

* အတိဇာတ၊ ခေါ်ဆိုရ၊ သားကပိုမြတ်နေ။

(၂) အနုဇာတသားတဲ့၊ ဘာသားတဲ့လဲ။

(အနုဇာတသားပါဘုရား)

http://www.dhammadownload.com



အနုဇာတသားဆိုတာ မိဘတွေနဲ့တန်းတူလိုက်တဲ့သားမျိုးပါပဲ၊ ဘယ်လိုတန်းတူလိုက်သလဲဆိုတော့ မိဘတွေဟာ ရတနာသုံးပါးကိုကိုးကွယ်တယ်၊ ဆည်းကပ်တယ်၊ ရတနာသုံးပါးရဲ့တန်ဖိုးသိတယ်၊ ငါးပါးသီလမြဲတယ်၊ သားကလည်း မိဘတွေလိုပဲ ရတနာသုံးပါးကိုးကွယ်ပြီး သီလမြဲတယ်ပေါ့၊ အဲဒီလို မိဘတွေနဲ့တန်းတူလိုက်တာနော်။

(မှန်လှပါဘုရား)

အဲဒီလို မိဘတွေနဲ့တန်းတူလိုက်တဲ့သားမျိုးကို အနုဇာတသားလို့ ဆိုရတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* မိဘတွေဟာ၊ ရတနာ၊ သုံးဖြာသိလို့နေ။

* ငါးပါးသီလ၊ မြဲမြဲကြ၊ မိဘအကောင်းတွေ။

* သားလှသည်းချာ၊ ရတနာ၊ သုံးဖြာသိလို့နေ။

* ငါးပါးသီလ၊ မြဲမြဲလှ၊ သီလဝန္တပေ။

* အနုဇာတ၊ ခေါ်ဆိုရ၊ ဗုဒ္ဓဟောခဲ့ပေ။

(၃) အဝဇာတသားတဲ့၊ ဘာသားတဲ့လဲ။

(အဝဇာတသားပါဘုရား)

အဝဇာတသားဆိုတာ မိဘတွေအောက် ယုတ်တဲ့သားမျိုးပါပဲ၊ ဘယ်လိုမိဘတွေအောက်ယုတ်သလဲဆိုတော့ မိဘတွေက ရတနာသုံးပါးကိုးကွယ်ဆည်းကပ်ပြီး ငါးပါးသီလမြဲတယ်၊ သားကရတနာသုံးပါး မကိုးကွယ်ဘူး၊ သီလမရှိဘူး၊ ကောင်းတဲ့သဘောမရှိဘူး၊ မကောင်းတဲ့သဘောရှိတယ်ပေါ့၊ အဲဒီလို မိဘတွေအောက်ယုတ်တာနော်။

(မှန်လှပါဘုရား)

အဲဒီလို မိဘတွေအောက်ယုတ်ညံ့တဲ့သားမျိုးကို အဝဇာတသားလို့ ဆိုကြတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* မိဘတွေဟာ၊ ရတနာ၊ သုံးဖြာသိလို့နေ။

* ငါးပါးသီလ၊ မြဲမြဲကြ၊ မိဘအကောင်းတွေ။

* သားလှသည်းချာ၊ ရတနာ၊ သုံးဖြာမသိပေ။

* သီလငါးဖြာ၊ မမြဲပါ၊ ယုတ်မာသားဆိုးပေ။

* အဝဇာတ၊ ခေါ်ဆိုရ၊ ဗုဒ္ဓဟောထားပေ။

http://www.dhammadownload.com



**ဣမေခေါ ဘိက္ခဝေ တယော ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။**

ဘိက္ခဝေ–ရဟန်းတို့၊ ဣမေတယောပုဂ္ဂလာ–ဤသုံးယောက်သော သားတို့သည်၊ လောကသ္မိံ–လောက၌၊ သန္တောသံဝိဇ္ဇမာနာ–ထင်ရှားရှိကြကုန်၏၊ ဣတိ–ဤသို့၊ ဘဂဝါ–မြတ်စွာဘုရားသည်၊ အဝေါစ–ကောင်းစွာမသေချ ဟောကြားတော်မူလိုက်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ရဟန်းတို့ အဲဒီလိုသားသုံးယောက် လောကမှာ ထင်ရှားရှိကြတယ်လို့ ဟောကြားတော်မူထားပါတယ်။

အဲဒီလို အကျယ်ဟောကြားချက်ကိုနာယူပြီးတော့ အကျဉ်းချုပ်ဂါထာတွေနဲ့ ဟောကြားချက်ကို ဆက်ပြီးတော့ ဟောကြနာကြပါစို့–

**အတိဇာတံ အနုဇာတံ၊ ပုတ္တမိစ္ဆန္တိ ပဏ္ဍိတာ။**

**အဝဇာတံ နဣစ္ဆန္တိ၊ ယောဟောတိ ကုလဂန္ဓနော။**

ပဏ္ဍိတာ–မှန်ရာမြင်သိ ပညာရှိတို့သည်၊ ဝါ–ပညာရှိမိဘတို့သည်၊ အတိဇာတံ–မိဘထက်သာ ပိုကာမြတ်ဘိ အတိဇာတဖြစ်သော၊ ပုတ္တဥ္စ–ရင်နှစ်သည်းချာ သားရတနာကိုလည်းကောင်း၊ အနုဇာတံ–မိဘနှင့်မျှ အကျင့်တူလစ် အနုဇာတဖြစ်သော၊ ပုတ္တဥ္စ–ရင်နှစ်သည်းချာ သားရတနာကိုလည်းကောင်း၊ ဣစ္ဆန္တိ–အမြဲတစေ အလိုရှိကြပါပေကုန်၏။

ပညာရှိတွေ ပညာရှိမိဘတွေက ကိုယ့်ထက်သာတဲ့အတိဇာတသားမျိုး၊ ကိုယ့်ထက်မသာတောင်မှ ကိုယ်နဲ့တူတဲ့ အနုဇာတသားမျိုးတွေကို အလိုရှိကြတယ်နော်။

(မှန်လှပါဘုရား)

သမီးလည်း ဒီအတိုင်းပဲပေါ့၊ မိဘတွေက အတိဇာတသမီးမျိုး၊ အနုဇာတသမီးမျိုးတွေကိုပဲ လိုလားကြတာပဲနော်။

(မှန်လှပါဘုရား)

ဒီနေရာမှာ သားကိုအဓိကဟောပြောထားပေမယ့် သမီးလည်းပါသွားပြီးသားပါပဲ၊ ပုဂ္ဂလသဒ္ဒါဟာ သားရောသမီးရော နှစ်ယောက်လုံးကို ဟောနိုင်တယ်လို့ သိထားကြပါ။

ဒီတော့ တရားနာပရိသတ်၊ မိဘတွေ အလိုရှိကြတဲ့ လိုလားကြတဲ့ သမီးတွေ သားတွေဟာ ဘယ်လိုသမီးသားတွေတဲ့လဲ။

http://www.dhammadownload.com



(အတိဇာတ၊ အနုဇာတဆိုတဲ့ သမီးသားတွေပါဘုရား)

အေး...ဟုတ်ပြီ ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(မိဘလိုလား သမီးသားတရားတော်ပါဘုရား)

ဒီနေ့ မရှိတော့တဲ့မိဘတွေကို ရည်စူးပြီးကုသိုလ်ပြုပေးနေတဲ့ သားတွေသမီးတွေဟာ မိဘတွေထက်မသာတောင်မှ မိဘတွေနဲ့တူတဲ့ အနုဇာတသားသမီးတွေပါပဲ၊ ဒီလိုကျေးဇူးသိတဲ့ ကျေးဇူးဆပ်တဲ့ မိဘတွေနဲ့တူတဲ့ သားသမီးတွေကို မိဘတွေက တကယ်လိုလားကြပါတယ်။

ဒီတော့ မိဘတွေအဓိကလိုချင်တာက လိုလားတာက ကိုယ့်ထက်သာတဲ့ ပိုမြတ်တဲ့ အတိဇာတသားသမီး၊ ဘာသားသမီးတဲ့လဲ။

(အတိဇာတသားသမီးပါဘုရား)

အတိဇာတဆိုတဲ့ သားသမီးမျိုးမရမှ ကိုယ်နဲ့တူတဲ့ အနုဇာတသားသမီးမျိုးကို လိုလားကြတာနော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* မိဘလိုလား၊ သမီးသား၊ ထူးခြားအတိဇာ။
* မိဘလိုလား၊ သမီးသား၊ သာငြားအတိဇာ။
* မိဘလိုလား၊ သမီးသား၊ တူငြားအနုဇာ။
* မိဘလိုလား၊ သမီးသား၊ ဟောကြားတို့မြတ်စွာ။

ယော်ပုတ္တော-အကြင်သားသည်၊ ကုလဂန္ဓနော-အမျိုးဂုဏ်သိမ်အရှိန်အဝါ အဖြာဖြာနှင့် မြတ်အကျင့်ကို မလင့်မပြတ် ဖျက်ဆီးတတ်သည်၊ ဟောတိ-ဖြစ်၏၊ (တာဒိသံ-ထိုသို့သဘောရှိသော)၊ အဝဇာတံ-အဝဇာတဖြစ်သော၊ ပုတ္တံ-သားမျိုးကို၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ ဝါ-ပညာရှိမိဘတို့သည်၊ နဣစ္ဆန္တိ-အလိုမရှိကြကုန်။

မိဘတွေက ကိုယ့်အောက်ယုတ်တဲ့အဝဇာတသားမျိုးကိုတော့ ဘယ်တော့မှ မလိုလားကြဘူး၊ အလိုမရှိကြဘူးတဲ့။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* မိဘတွေကား၊ မလိုလား၊ ယုတ်ငြားအဝဇာ။
* ကိုယ့်အောက်ယုတ်လျှင်၊ မလိုချင်၊ မိခင်မြတ်မေတ္တာ။
* ကိုယ့်အောက်ယုတ်လျှင်၊ မလိုချင်၊ ဖခင်မြတ်မေတ္တာ။

http://www.dhammadownload.com



**တေ ခေါ ပုတ္တာ လောကသ္မိံ၊ ယေ ဘဝန္တိ ဥပါသကာ။**
**သဒ္ဓါသီလေနသမ္ပန္နာ၊ ဝဒညူ ဝီတမစ္ဆရာ။**
**စန္ဒော အဗ္ဘဃနာ မုတ္တော၊ ပရိသာသု ဝိရောစရေ။**

လောကသ္မိံ -လောက၌၊ တေခေါပုတ္တာ-ဤသုံးယောက်သော သားတို့သည်သာလျှင်၊ ဟောန္တိ-ဖြစ်ကုန်၏၊ (ဣတော-ဤသုံးယောက်မှ ဝိနိမုတ္တာ-လွတ်ကုန်သော၊ ပုတ္တာနာမ-သားတို့မည်သည်၊ နတ္ထိ-မရှိကုန်)၊ (ဣမေသုပန-ဤသုံးယောက်သောသားတို့တွင်ကား)၊ ယေပုတ္တာ-အကြင် သားတို့သည်၊ ဥပါသကာ-ရတနာသုံးရပ် မြတ်ထက်မြတ်ကို မပြတ်မလတ် ဆည်းကပ်တုတ်ကုန်သည်၊ သဒ္ဓါ-ရတနာသုံးတန် ကံကံ၏အကျိုး ဤငါးမျိုး၌ တန်ဖိုးသိသိ မိမိရရ ယုံကြည်ခြင်းရှိကြကုန်သည်၊ သီလေန-ငါးပါးသီလ ဆယ်ပါးသီလနှင့်၊ သမ္ပန္နာ-နေ့ညကုန်လုံပြည့်စုံကြကုန်သည်၊ ဝဒညူ-တောင်းစားသူများ ပြောစကားကို သိရှိနားလည်ကြကုန်သည်၊ ဝီတမစ္ဆရာ-ကင်းသောဝန်တိုခြင်းရှိကြကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏၊ တေပုတ္တာ-ထိုသား တို့သည်၊ အဗ္ဘဃနာ-တခဲနက်သောတိမ်တိုက်မှ၊ မုတ္တော-လွတ်သော၊ စန္ဒော-လသည်၊ ဝိရောစတိဣဝ-တင့်တယ်သကဲ့သို့၊ ပရိသာသု-ပရိသတ်တို့၌၊ ဝိရောစရေ-တင့်တယ်ကြပေကုန်သတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီလောကမှာ အတိဇာတ၊ အနုဇာတ၊ အဝဇာတဆိုတဲ့ သားသုံးယောက် ရှိကြတယ်၊ အဲဒီသားသုံးယောက်မှ လွတ်တဲ့သားဆိုတာ မရှိပါဘူးတဲ့။

ကဲ...သားသုံးယောက်လင်္ကာလေး လိုက်ဆိုကြ-

* မိဘထက်ပင်၊ သာနေလျှင်၊ ခေါ်တွင်အတိဇာ။
* မိဘထက်ပင်၊ ပိုမြတ်လျှင်၊ ခေါ်တွင်အတိဇာ။
* မိဘနှင့်ပင်၊ တူနေလျှင်၊ ခေါ်တွင်အနုဇာ။
* မိဘအောက်ပင်၊ ယုတ်နေလျှင်၊ ခေါ်တွင်အဝဇာ။

ရတနာသုံးပါး ဆည်းကပ်တတ်တဲ့ သားသမီး၊ သဒ္ဓါတရားရှိတဲ့ သားသမီး၊ သီလနဲ့ပြည့်စုံတဲ့ သားသမီး၊ သူတောင်းစားတွေရဲ့စကားကို သိရှိနားလည်ကြတဲ့ သားသမီး၊ ဝန်တိုခြင်းကင်းတဲ့ သားသမီးတွေဟာ တိမ်တိုက် မှလွတ်တဲ့လမင်းကြီး တင့်တယ်သလိုပဲ၊ မင်းစတဲ့ ပရိသတ်တွေရဲ့အလယ်မှာ တင့်တယ်ကြရတယ်တဲ့။

http://www.dhammadownload.com



ဒီနေ့ မိဘကျေးဇူးကို သိရှိပြီးတော့ သေသွားကြတဲ့ မိဘတွေအတွက် ရည်မှန်းပြီး ကုသိုလ်ပြုပေးနေကြတဲ့ သားသမီးတွေက တင့်တယ်တဲ့ သားသမီးတွေလား ၊မတင့်တယ်တဲ့ သားသမီးတွေလား။

(တင့်တယ်တဲ့ သားသမီးတွေပါဘုရား)

အေး…ဟုတ်ပြီ၊ တိမ်တိုက်မှလွတ်တဲ့ လမင်းကြီး တင့်တယ်သလို မင်းစတဲ့ ပရိသတ်တွေရဲ့အလယ်မှာ တကယ်တင့်တယ်တဲ့ သားသမီးမျိုးတွေလို့ မှတ်ကြရမယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ ဒီနေ့ကုသိုလ်ပြုပေးနေတဲ့ သား ၊သမီးတွေဟာ တိမ်တိုက်မှလွတ်တဲ့ လမင်းကြီးတင့်တယ်သလို ပရိသတ်တွေရဲ့အလယ်မှာ တင့်တယ်ကြတယ်ဆိုတော့ လမင်းကြီးနဲ့ တူမသွားဘူးလား။

(တူသွားပါတယ်ဘုရား)

လမင်းကြီးက တိမ်တိုက်အမိုက်မှောင် အညစ်အကြေးမှ ကင်းလွတ်တယ်၊ ကုသိုလ်ပြုပေးတဲ့ သားသမီးတွေက မစ္ဆေရ ဝန်တိုခြင်း အညစ်အကြေးမှ ကင်းလွတ်တယ်၊ ဒီလိုအညစ်အကြေး ကင်းလွတ်ပုံခြင်း တူတယ်နော်။

(မှန်လှပါဘုရား)

အဲဒီလို အညစ်အကြေးကင်းလွတ်ပုံခြင်း တူတဲ့အတွက် တင့်တယ်ခြင်းတူတာနော်။

(မှန်လှပါဘုရား)

ဒီတော့ အညစ်အကြေးရှိနေသေးရင်၊ အညစ်အကြေးမှမလွတ်သေးရင် တင့်တယ်ပါ့မလား။

(မတင့်တယ်ပါဘုရား)

လမင်းကြီး ဘာ့ကြောင့် တင့်တယ်ပါလိမ့်။

(တိမ်တိုက်အညစ်အကြေးမှ ကင်းလွတ်လို့ပါဘုရား)

ဒီနေ့ မိဘအတွက် ရည်စူးပြီးတော့ ကုသိုလ်ပြုပေးတဲ့ သားသမီးတွေ ဘာ့ကြောင့်တင့်တယ်ပါလိမ့်။

(မစ္ဆေရ ဝန်တိုခြင်း အညစ်အကြေး ကင်းလို့ပါဘုရား)

ဒီတော့ မစ္ဆေရ ဝန်တိုခြင်းရှိနေတာက တိမ်တိုက်နဲ့တူတယ်၊ မစ္ဆေရ ဝန်တိုခြင်း ကင်းတာက လမင်းနဲ့တူတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



တင့်တယ်တဲ့ လမင်းနဲ့တူတဲ့ သူတွေဟာ ဘယ်လိုလူတွေလဲဆိုလျှင် ဝန်တိုခြင်းကင်းတဲ့ မိဘတွေအတွက် ကုသိုလ်ပြုပေးနေတဲ့သူတွေပါပဲလို့ ပြောဟောရင် မှားနိုင်ပါ့မလား တရားနာ။

(မမှားနိုင်ပါဘူးဘုရား)

လမင်းနဲ့တူတဲ့သူတွေဟာ ဘယ်လိုလူတွေပါလဲလို့မေးရင် ဥပါသကာဂုဏ်၊ သဒ္ဓါဂုဏ်၊ သီလသမ္ပန္နဂုဏ်၊ ဝဒညူဂုဏ်၊ ဝီတမစ္ဆေရဂုဏ် ဆိုတဲ့ ဂုဏ်ငါးပါးနဲ့ပြည့်စုံတဲ့ သားသမီးတွေဖြစ်ကြတယ်လို့ အပြည့်အစုံဖြေကြရမယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ တိမ်တိုက်မှလွတ်တဲ့ လမင်းနဲ့တူတဲ့ သူတွေဟာ ဘယ်လိုလူတွေပါလိမ့်။

(ဥပါသကာဂုဏ်၊ သဒ္ဓါဂုဏ်၊ သီလသမ္ပန္နဂုဏ်၊ ဝဒညူဂုဏ်၊ ဝီတမစ္ဆေရဂုဏ်နဲ့ပြည့်စုံတဲ့ သမီးသားတွေပါဘုရား)

အေး...ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို "လမင်းနဲ့တူ ဘယ်လိုလူ"တရားတော်လို့ အမည်ပေးရင်လည်း ရတယ်လို့မှတ်ကြရမယ်နော်။

(မှန်လှပါဘုရား)

လမင်းနဲ့တူတော့ တင့်တယ်သူတွေ ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား)

ဒါဆိုရင် "လမင်းနဲ့တူ တင့်တယ်သူ"တရားတော်လို့ အမည်ပေးရင်လည်း ရတယ်လို့ မှတ်ပါ။

မိဘကျေးဇူးသိရင်၊ ဆပ်ရင် လမင်းနဲ့တူတယ်၊ တင့်တယ်တဲ့သူဖြစ်တယ်လို့ အထူးသိထားပြီး မိဘကျေးဇူးသိတတ်တဲ့ မိဘကျေးဇူးဆပ်တဲ့ သားကောင်း၊ သမီးမြတ်တွေ ဖြစ်ကြပါစေလို့ အမြဲတစေဆုပေး၊ ဆုတောင်းခဲ့ပါတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* မိဘကျေးဇူး၊ အထူးသိသူ၊ လမင်းတူ၊ တင့်တယ်သူလို့ခေါ်။

* မိဘကျေးဇူး၊ အထူးဆပ်သူ၊ လမင်းတူ၊ တင့်တယ်သူလို့ခေါ်။

* ရတနာသုံးရပ်၊ မြတ်ထက်မြတ်၊ ဆည်းကပ်လမင်းတူ။

* ရတနာသုံးရပ်၊ မြတ်ထက်မြတ်၊ ဆည်းကပ်တင့်တယ်သူ။

* သဒ္ဓါတရား၊ ရှိသူများ၊ ထူးခြားလမင်းတူ။

http://www.dhammadownload.com



* သဒ္ဓါတရား၊ ရှိသူများ၊ ထူးခြားတင့်တယ်သူ။
* သီလရှိထား၊ သမီး, သား၊ ထူးခြားတင့်တယ်သူ။
* သီလရှိထား၊ သမီး, သား၊ ထူးခြားလမင်းတူ။
* သူတောင်းစား၏၊ စကားသိ၊ ထူးဘိလမင်းတူ။
* သူတောင်းစား၏၊ စကားသိ၊ ထူးဘိတင့်တယ်သူ။
* ဝန်တိုကင်းငြား၊ သမီး, သား၊ ထူးခြားလမင်းတူ။
* ဝန်တိုကင်းငြား၊ သမီး, သား၊ ထူးခြားတင့်တယ်သူ။
* လမင်းတူအောင်၊ သတိဆောင်၊ ခုနှောင်ကျင့်တော်မူ။
* တင့်တယ်လှအောင်၊ သတိဆောင်၊ ခုနှောင်ကျင့်တော်မူ။

လမင်းကြီးနဲ့တူအောင် တင့်တယ်သူဖြစ်အောင် ဘုရားဂုဏ်ဆောင်၊ တရားဂုဏ်ဆောင်၊ သံဃာ့ဂုဏ်ဆောင်၊ သဒ္ဓါဆောင်၊ သီလဆောင်၊ ဝဒညူဆောင်၊ ဝန်တိုခြင်းကင်းတဲ့ဂုဏ်တွေကို ဆောင်ထားရမယ်။

ကဲ...အဲဒီ အဆောင်လင်္ကာလေး လိုက်ဆိုကြ-

* လမင်းတူအောင်၊ ဘုရားဆောင်၊ ခုနှောင်မမေ့နဲ့။
* တင့်တယ်လှအောင်၊ ဘုရားဆောင်၊ ခုနှောင်မမေ့နဲ့။
* လမင်းတူအောင်၊ တရားဆောင်၊ ခုနှောင်မမေ့နဲ့။
* တင့်တယ်လှအောင်၊ တရားဆောင်၊ ခုနှောင်မမေ့နဲ့။
* လမင်းတူအောင်၊ သံဃာဆောင်၊ ခုနှောင်မမေ့နဲ့။
* တင့်တယ်လှအောင်၊ သံဃာဆောင်၊ ခုနှောင်မမေ့နဲ့။
* လမင်းတူအောင်၊ သဒ္ဓါဆောင်၊ ခုနှောင်မမေ့နဲ့။
* တင့်တယ်လှအောင်၊ သဒ္ဓါဆောင်၊ ခုနှောင်မမေ့နဲ့။
* လမင်းတူအောင်၊ သီလဆောင်၊ ခုနှောင်မမေ့နဲ့။
* တင့်တယ်လှအောင်၊ သီလဆောင်၊ ခုနှောင်မမေ့နဲ့။
* လမင်းတူအောင်၊ ဝဒညူဆောင်၊ ခုနှောင်မမေ့နဲ့။
* တင့်တယ်လှအောင်၊ ဝဒညူဆောင်၊ ခုနှောင်မမေ့နဲ့။
* လမင်းတူအောင်၊ ဝန်တိုရှောင်၊ ခုနှောင်မမေ့နဲ့။
* တင့်တယ်လှအောင်၊ ဝန်တိုရှောင်၊ ခုနှောင်မမေ့နဲ့။

ကဲ...တော်တော်လေး ရှည်သွားပြီ၊ ဒီနေ့ မိဘကျေးဇူးဆပ်ပွဲမှာ ဟောကြားတဲ့သုတ္တန်က ဘာသုတ္တန်တဲ့လဲ။

(ပုတ္တသုတ္တန်ပါဘုရား).

http://www.dhammadownload.com



မြန်မာလိုမှတ်သားလို့လွယ်ကူအောင် အမည်ပေးထားတာက ဘာတရားတော်တဲ့လဲ။

(မိဘလိုလား သမီးသားတရားတော်ပါဘုရား)

ဒီနေ့ကစ မင်္ဂလာပွဲဆောင်နိဗ္ဗာန်ရသည်အထိ မိဘကျေးဇူးအထူးသိတဲ့ အထူးဆပ်တဲ့ သားကောင်းသမီးမြတ် ရတနာတွေ ဖြစ်ကြပါစေသောရယ်လို့ ညီညီညာညာ ကြည်ကြည်သာသာ စုပေါင်း၍ဆုတောင်းလိုက်ကြကုန်ရာသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ မိဘကျေးဇူးဆပ်ပွဲတိုင်း၊ မိဘများအတွက်ရည်စူး၍ ကုသိုလ်ပြုပွဲတိုင်း အဓိကဟောပါ။
စာအောင် ဘွဲ့တံဆိပ်ရ ဂုဏ်ပြုပူဇော်ပွဲတိုင်း၊ ဒါနပွဲတိုင်း၊ ကာလဒေသကြည့်ကာ သင့်သလို စကားပြောပြောင်းလွဲပြီး ဟောကြားနိုင်ပါသေးသည်။

တရားအမည်ပေးရာ၌–

၁။ သားသုံးမျိုးတရားတော်၊
၂။ မိဘရွေးကောက် သားနှစ်ယောက်
၃။ အတိဇာတ အဓိက၊
၄။ အတိဇာတမရမှသာ+အနုဇာတ၊
၅။ အဝဇာတဆိုလျှင်+မလိုချင်၊
၆။ လောကထင်ရှား+သားသုံးပါး၊
၇။ လမင်းနဲ့တူ+ဘယ်လိုလူ၊
၈။ လမင်းနဲ့တူ+တင့်တယ်သူ တရားတော်–
စသည်ဖြင့် အမည်ပေးကာ ဟောကြားနိုင်ပါသည်။

မိဘလိုလား သမီးသားတရားတော်ပြီး၏။

http://www.dhammadownload.com



**ဓုဒ္ဒကနိကာယ်၊ ဣတိဝုတ္တကပါဠိတော်၊ စတုက္ကနိပါတ်**
**ဗဟုကာရသုတ္တန်ကို တန်ဆာဆင်၍ ဟောကြားပြောကြားအပ်သော**

# အချင်းချင်းမှီကြ+ကောင်းကျိုးရ တရားတော်

ဒီနေ့ ဆွမ်း ,သင်္ကန်း ,ကျောင်း ,ဆေး ပစ္စည်းလေးပါး ပြည့်ပြည့် စုံစုံ လှူဒါန်းကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်သုတ္တန်က ဗဟုကာရသုတ္တန်တဲ့၊ ဘာသုတ္တန်တဲ့လဲ။

(ဗဟုကာရသုတ္တန်ပါဘုရား)

မှတ်သားလို့လွယ်ကူအောင် မြန်မာလိုတရားအမည်ပေးထားတာက "အချင်းချင်းမှီကြ ကောင်းကျိုးရတရားတော်"တဲ့၊ ဘာတရားတော်တဲ့လဲ။

(အချင်းချင်းမှီကြ ကောင်းကျိုးရတရားတော်ပါဘုရား)

အေး...အဲဒီအချင်းချင်းမှီကြ ကောင်းကျိုးရတရားတော်ကို စပြီးတော့ ဟောကြနာကြပါစို့-

**ဗဟုကာရာ ဘိက္ခဝေ ဗြာဟ္မဏဂဟပတိကာ တုမှာကံ ယေ တေ ပစ္စုပဋ္ဌိတာ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရေဟိ။**

(ဣတိဝုတ်၊ပါ၊၂၆၉)

ဘိက္ခဝေ-ရဟန်းတို့၊ ယေ တေ ဗြာဟ္မဏဂဟပတိကာ-အကြင်ပုဏ္ဏား သူကြွယ်တို့သည်၊ တုမှာကံ-သင်တို့အား၊ စီဝရပိဏ္ဍပါတသေနာသနဂိလာနပစ္စယဘေသဇ္ဇ ပရိက္ခာရေဟိ-သင်္ကန်း ,ဆွမ်း ,ကျောင်း ,အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ဖြစ်သော ဆေး ,ပရိက္ခရာတို့ဖြင့်၊ ပစ္စုပဋ္ဌိတာ-ကောင်းစွာ ပြုစုလုပ်ကျွေးကြကုန်၏၊ တေဗြာဟ္မဏဂဟပတိကာ-ထိုပုဏ္ဏား သူကြွယ်တို့သည်၊ တုမှာကံ-သင်တို့အား၊ ဗဟုကာရာ-များသောကျေးဇူး အထူးထူးစုံ ရှိကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့၊ ပုဏ္ဏားတွေ, သူကြွယ်တွေဟာ သင်တို့အား ဆွမ်း, သင်္ကန်း ကျောင်း, ဆေး ပစ္စည်းလေးပါးတွေနဲ့ လိုလေးသေးမရှိအောင် ထောက်ပံ့ အားပေးပြုစုလုပ်ကျွေးကြတယ်၊ အဲဒီ ပုဏ္ဏား, သူကြွယ်တွေဟာ သင်တို့အား ကျေးဇူးများကြတယ်၊ ကျေးဇူးရှိကြတယ်။

**တုမှေပိ ဘိက္ခဝေ ဗဟုကာရာ ဗြာဟ္မဏဂဟပတိကာနံ ယေ နေသံ ဓမ္မံ ဒေသေထ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ။**

ဘိက္ခဝေ-ရဟန်းတို့၊ ယေတုမှေ-အကြင်သင်တို့သည်၊ နေသံ-ထို ပုဏ္ဏား, သူကြွယ်တို့အား၊ အာဒိကလျာဏံ-အစ၏ကောင်းခြင်းနှင့် ပြည့်စုံ သော၊ မဇ္ဈေကလျာဏံ-အလယ်၌ ကောင်းခြင်းနှင့်ပြည့်စုံသော၊ ပရိယော- သာနကလျာဏံ-အဆုံး၏ ကောင်းခြင်းနှင့်ပြည့်စုံသော၊ ဓမ္မံ-တရားကို၊ ဒေသေထ-ဟောကြားကုန်၏၊ သာတ္ထံ-အနက်နှင့်ပြည့်စုံသော၊ သဗျဉ္ဇနံ- သဒ္ဒါနှင့်ပြည့်စုံသော၊ ကေဝလပရိပုဏ္ဏံ-ထက်ဝန်းကျင်မှ ပြည့်စုံသော၊ ပရိသုဒ္ဓံ-စင်ကြယ်သော၊ ဗြဟ္မစရိယံ-မြတ်သောအကျင့်ကို၊ ပကာသေထ- ပြကြကုန်၏၊ တေတုမှေပိ-ထိုသင်တို့သည်လည်း၊ ဗြာဟ္မဏဂဟပတိကာနံ- ပုဏ္ဏား, သူကြွယ်တို့အား၊ ဗဟုကာရာ-များသောကျေးဇူး အထူးထူးစုံ ရှိကြကုန်၏။

ရဟန်းတို့ သင်တို့ဟာ ပုဏ္ဏား, သူကြွယ်တို့အား အစ, အလယ်, အဆုံး သုံးပါးလုံးမှာ ကောင်းခြင်းနှင့်ပြည့်စုံတဲ့ တရားတွေကို ဟောကြတယ်၊ အနက်သဒ္ဒါနဲ့ပြည့်စုံပြီး ထက်ဝန်းကျင်မှပြည့်စုံတဲ့ စင်ကြယ်သန့်ရှင်းအပြစ် ကင်းတဲ့ မြတ်သောအကျင့်ကို ပြကြကုန်တယ်၊ ဒီတော့ သင်တို့ကလည်း ပုဏ္ဏား, သူကြွယ်တို့အား ကျေးဇူးများကြတာပါပဲ။

**ဓဝမိဒံ ဘိက္ခဝေ အညမညံ နိဿာယ ဗြဟ္မစရိယံ ဝုသတိ ဩဃဿ နိတ္ထရဏတ္ထာယ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ။**

ဘိက္ခဝေ-ရဟန်းတို့၊ ဧဝံ-ဤသို့၊ (ဂဟဋ္ဌပဗ္ဗဇိတေဟိ-လူရဟန်း တို့သည်၊ အာမိသ ဒါန ဓမ္မဒါန ဝသေန-အာမိသကိုပေးခြင်း ,ဓမ္မကိုပေးခြင်း ၏ အစွမ်းဖြင့်)၊ အညမညံ-အချင်းချင်း၊ နိဿာယ-မှီကြကုန်၍၊ ဩဃဿ- လေးပါးသော ဩဃမှ၊ နိတ္ထရဏတ္ထာယ-ကူးမြောက်ခြင်းငှာ၊ သမ္မာ-ကောင်းစွာ၊ ဒုက္ခဿ-အလုံးစုံသော ဝဋ်ဆင်းရဲ၏၊ အန္တကိရိယာယ-အဆုံးကိုပြုခြင်းငှာ၊

http://www.dhammadownload.com



ဣန္ဒြိယဖြစ်ရှိ-ဤမြတ်သောအကျင့်ကို၊ ဝုသတိ-ကျင့်သုံးအပ်၏၊ ဣတိ-ဤသို့၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ အဝေါစ-ကောင်းစွာမသွေ ဟောပြတော်မူလိုက်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ရဟန်းတို့၊ လူတွေက ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါး ပေးကမ်းလှူဒါန်းခြင်းဖြင့် ရဟန်းတွေရဲ့အပေါ်မှာ ကျေးဇူးများတယ်၊ ရဟန်းတွေကလည်း တရားတွေဟောပေးခြင်းဖြင့် လူတွေရဲ့အပေါ်မှာကျေးဇူးများတယ်။

ဒီတော့ လူတွေနဲ့ရဟန်းတွေဟာ တစ်ဦးနဲ့တစ်ဦး အချင်းချင်းအမှီပြုနေရတာဖြစ်တယ်၊ အဲဒီလို တစ်ဦးနဲ့တစ်ဦး မေတ္တာကူးကာ အမှီပြုပြီးတော့ ကာမစတဲ့ သံသရာဝဲသြဃမှ ကူးမြောက်ထွက်မြောက်ရန်အတွက် အလုံးစုံသော ဝဋ်ဆင်းရဲရဲ့ အဆုံးကိုပြုနိုင်ဖို့ရန်အတွက် မြတ်သောအကျင့်ကို ကျင့်သုံးရမယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ရဟန်းနဲ့လူတွေဟာ ကင်းကွာလို့မရဘူးနော်။

(မှန်လှပါဘုရား)

ရဟန်းတွေကလည်း လူတွေကိုမှီရတယ်၊ လူတွေကလည်း ရဟန်းတွေကို မှီရတယ်၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

လောကဆိုရိုး ပြောရိုးစကားက ဆရာ-ဒကာ ဘာတဲ့လဲ။

(ရေနဲ့ကြာပါဘုရား)

အေး...ဟုတ်တယ်၊ ရေရှိမှ ကြာဟာ တင့်တယ်လှပတယ်၊ ကြာရှိမှ ရေဟာလည်း တင့်တယ်လှပတယ်၊ ရေချည်းသက်သက် ကြာချည်းသက်သက် ဆိုရင် ရေနဲ့ကြာ နှစ်မျိုးလုံးရှိတာလောက် တင့်တယ်လှပရဲ့လား။

(မတင့်တယ် မလှပပါဘုရား)

ဆရာနဲ့ဒကာဟာလည်း ဒီအတိုင်းပဲပေါ့၊ သာသနာပြုလုပ်ငန်းတွေ အောင်မြင်ပြီးမြောက် ခရီးရောက်ဖို့ရန်အတွက်ကျတော့ ဆရာချည်းသက်သက်လည်းမဖြစ်နိုင်ဘူး၊ ဒကာချည်းသက်သက်လည်း မဖြစ်နိုင်ဘူး၊ ဒါ့ကြောင့် ဆရာ-ဒကာ ရေနဲ့ကြာ ဆိုတဲ့အတိုင်း ဆရာ-ဒကာလက်တွဲပြီးတော့အချင်းချင်းအမှီပြုကာ သာသနာပြုနေကြရတာနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဆရာ–ဒကာလက်တွဲပြီးတော့ ဆရာကဆရာ့နေရာမှာနေ၊ ဒကာက ဒကာ့နေရာမှာနေပြီး အချင်းချင်း တစ်ဦးကိုတစ်ဦးမေတ္တာကူးကာ သာသနာပြု နေကြတာဟာ သာသနာကြီးပွားရာကြီးပွားကြောင်း နည်းလမ်းကောင်း ဖြစ်ပါတယ်။

ဒါကြောင့် လက်တွဲမဖြုတ်ကြပါနဲ့ လက်တွဲမပြုတ်ကြပါနဲ့လို့ တိုက်တွန်းလိုပါတယ်၊ လက်တွဲဖြုတ်ရင် လက်တွဲပြုတ်သွားရင် ရေကန်ကြီး ထဲမှာ ရေချည်းသက်သက်၊ သို့မဟုတ် ကြာချည်းသက်သက်ရှိနေသလို ကြည့်လို့မကောင်းပဲ ဖြစ်သွားမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ရေရှိမှကြာ၊ တင့်တယ်ကာ၊ သာယာလှပသည်။

* ကြာရှိမှသာ၊ ရေကန်ဟာ၊ သာယာလှပသည်။

* ဆရာ–ဒကာ၊ ရေနဲ့ကြာ၊ ပမာတူလှသည်။

* တစ်ဦးတစ်ဦး၊ မေတ္တာကူး၊ အထူးမှီရမည်။

* အထူးမှီကာ၊ သာသနာ၊ တွဲကာပြုရမည်။

* တွဲကာပြုက၊ ဝဲသြဃ၊ ကူးရလွတ်ရမည်။

* အလုံးစုံဝင်၊ ဆင်းရဲစစ်၊ ကင်းလွတ်ရအောင်ကျင့်ရမည်။

ကဲ...ဆက်ပြီးတော့ အကျဉ်းချုပ်ဂါထာတွေ ဟောကြနာကြပါစို့–

သာဂါရာ အနဂါရာစ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံအနုတ္တရံ။

သာဂါရာစ–အိမ်ရာထောင်သူ အများလူတို့သည်လည်းကောင်း၊ အနဂါရာစ–အိမ်ရာမထောင် သာသနာ့ဘောင်၌ ရှေ့ဆောင်နေကြား ရဟန်း တော်အများတို့သည်လည်းကောင်း၊ တေဥဘော–အိမ်ရာထောင်သူ မထောင်သူဟု နှစ်မျိုးကွဲပြား ထိုပုဂ္ဂိုလ်များတို့သည်၊ အညောညနိဿိတာ– တစ်ဦးတစ်ဦး မေတ္တာကူးရင်း အချင်းချင်းညီ အချင်းချင်းမှီကြကုန်သည်ဖြစ်၍၊ အနုတ္တရံ–အမှန်ရှုကြည့် အတုမရှိသော၊ ယောဂက္ခေမံ–ယောဂတည်းဟူ ဘေးမှု မရှိ ဘေးကင်းဘိမှန် အရဟတ္တဖိုလ်နိဗ္ဗာန်သို့၊ (ပတ္တိယာ–ရောက်ခြင်းငှာ)၊ သဒ္ဓမ္မံ–ပဋိပတ်၊ ပဋိဝေဓ သူတော်ကောင်း တရားလုကို၊ အာရာဓယန္တိ– ပြည့်စုံစေကုန်၏၊ ဝါ–ပြီးစေနိုင်ကုန်၏။

အိမ်ရာထောင်ကြတဲ့ လူတွေနဲ့၊ အိမ်ရာမထောင်ကြတဲ့ ရဟန်းတော်

http://www.dhammadownload.com



တွေဟာ အချင်းချင်းမှီနေကြတာ၊ လူတွေက ရဟန်းတော်တွေထံပါးက တရားမှီကြရတယ်၊ ရဟန်းတော်တွေက လူတွေဆီက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး မှီကြရတယ်၊ အဲဒီလို အချင်းချင်းမှီနေကြတာနော်။

(မှန်လှပါဘုရား)

အဲဒီလို အချင်းချင်းမှီကာ ယောဂလေးတန်ဘေးကင်းပြန်သည့် အတုမရှိတဲ့ အရဟတ္တဖိုလ် နိဗ္ဗာန်ချမ်းသာမှန်ကို ရရောက်ရန် ပဋိပတ္တိ၊ ပဋိဝေဓဆိုတဲ့ သူတော်ကောင်းတရားတွေ ပြီးစီးကြရတယ်၊ ပြည့်စုံကြရတယ်။

ရှင်းရှင်းပြောရရင် အချင်းချင်းမှီကြကာ၊ ပရိယတ္တိ-သင်ထား သိထားတဲ့အတိုင်း၊ ပဋိပတ္တိ-ကျင့်ကြံကြိုးစား ပွားများအားထုတ်လိုက်တော့၊ ပဋိဝေဓ-မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာမှန်ကောင်းကျိုးတွေ ပြီးစီးပြည့်စုံသွားကြရတယ်၊ ဒီလိုဆိုလိုတာနော်။

(မှန်လှပါဘုရား)

ဒီတော့ အချင်းချင်းမှီကြကာ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ကောင်းကျိုးတွေ မရကြရဘူးလား။

(ရကြပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောကြားတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(အချင်းချင်းမှီကြ ကောင်းကျိုးရတရားတော်ပါဘုရား)

အေး...ဒကာက ဆရာကိုမှီကာ၊ ဆရာက ဒကာကိုမှီတာဟာ နောက်ဆုံးတော့ အရဟတ္တဖိုလ် နိဗ္ဗာန်ချမ်းသာတွေရရှိဖို့ပဲ မဟုတ်လား။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ဆရာဒကာ၊ ရေနဲ့ကြာ၊ မှီကာနေပြီးလျှင်။
* သင်သိကျင့်ပြန်၊ အေးနိဗ္ဗာန်၊ ရမြန်ကောင်းကျိုးပင်။
* အချင်းချင်းမှီကြ၊ ကောင်းကျိုးရ၊ ဟောပြဘုရားရှင်။

**သာဂါရေသုစ စီဝရံ၊ ပစ္စယံ သယနာသနံ။**

**အနဂါရာ ပဋိစ္ဆန္တိ၊ ပရိဿယဝိနောဒနံ။**

အနဂါရာ-အိမ်ရာမထောင် သာသနာ့ဘောင်ပျော် ရဟန်းတော်တို့သည်၊ သာဂါရေသုစ-အိမ်ရာထောင်သူ အများလူတို့မှလည်း၊ စီဝရဉ္စ-သင်္ကန်းကိုလည်းကောင်း၊ ပရိဿယဝိနောဒနံ-ဥတုစပြန် ဘေးရန်မပြတ် ပယ်ဖျောက်တတ်သော၊ သယနာသနဉ္စ-ကျောင်းစသော အိပ်ရာ နေရာကိုလည်းကောင်း

http://www.dhammadownload.com



ပစ္စယဉ္စ-ဆိုအပ်ပြီးမှ ကြွင်းသမျှစစ် ဆွမ်းဆေးပစ္စည်းကိုလည်းကောင်း၊ ပဋိစ္ဆန္တိ-ကြည်ဖြူအေးမြ ခံယူရရှိကြကုန်၏။

ရဟန်းတော်တွေဟာ ဒကာ ဒကာမတွေရဲ့ထံမှ ဆွမ်း, သင်္ကန်း, ကျောင်း ဆေး ပစ္စည်းလေးပါး ခံယူရရှိပုံ အမှီပြုရပုံကို ဒီဂါထာကပြတယ်။

**သုဂတံ ပန နိဿာယ၊ ဂဟဋ္ဌာ ဃရမေသိနော။**

**သဒ္ဒဟာနာ အရဟတံ၊ အရိယပညာယ ဈာယိနော။**

ဂဟဋ္ဌာပန-အိမ်ရာထောင်သူ အများလူတို့သည်ကား၊ သုဂတံ-ကောင်းစွာကျင့်တတ် ကလျာဏပုထုဇဉ်နှင့်တကွ ရစ်ပါးသောအရိယာပုဂ္ဂိုလ် မြတ်ကို၊ နိဿာယ-မှီကုန်၍၊ ဃရမေသိနော-အိမ်၌နေကာ၊ ဥစ္စာ+သီလ၊ အ၀၀ ကို၊ နေ့ညစင်စစ် ရှာမှီးလေ့ရှိကြကုန်သည်ဖြစ်၍၊ အရဟတံ-အရိယာတို့၏၊ (၀စနံ-စကားကို)၊ သဒ္ဒဟာနာ-ယုံကြည်ကြကုန်လျက်၊ အရိယပညာယ-စင်ကြယ်သောပညာဖြင့်၊ ဈာယိနော-အာရမ္မဏူ လက္ခဏူပ နှစ်မှုကွဲပြား ရှာန်နှစ်ပါးဖြင့် ရှုစားရှုပွားကြကုန်သည်ဖြစ်၍။

ဒီဂါထာကတော့ လူတွေဟာ ကလျာဏပုထုဇဉ်နှင့်တကွ အရိယာ ပုဂ္ဂိုလ်ရှစ်ယောက်ကို အမှီရကာ အိမ်မှာနေရင်းနဲ့ အိမ်ရဲ့စီးပွားရေးတွေ လူတွေရဲ့ သီလတွေရှာမှီးကာ အရိယာသူတော်ကောင်းတွေရဲ့ စကားတွေ အကျင့်မြတ်တွေကို ယုံကြည်ပြီးတော့ စင်ကြယ်တဲ့ပညာနဲ့ အာရမ္မဏူပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန်ဆိုတဲ့ ဈာန်နှစ်ပါးနဲ့ ရှုမှတ်ပွားများပုံကို ပြတယ်။

ရှင်းရှင်းပြောရရင်တော့ လူတွေက ရဟန်းတွေကိုအမှီပြုပြီးတော့ ဒါန သီလ သမထ ဝိပဿနာဆိုတဲ့ ကုသိုလ်တရားတွေ တိုးပွားရရှိပုံကို ပြတယ်လို့မှတ်ပါ။

ရှေ့ကဂါထာက ရဟန်းတော်တွေဟာ လူတွေထံမှ ပစ္စည်းလေးပါး အလှူခံရပုံ အမှီရပုံကိုပြပြီးတော့ ဒီဂါထာက လူတွေဟာ ရဟန်းတော်တွေ ထံမှ ကုသိုလ်တရားတွေအမှီရပုံကိုပြတယ်လို့ ကွဲပြားအောင် ခွဲခြားပြီးတော့ မှတ်ကြရမယ်နော်။

(မှန်လှပါဘုရား)

**ဧက္ကမ္မေ စရိတွာန၊ မဂ္ဂံ သုဂတိဂါမိနံ။**

**နန္ဒိနော ဒေဝလောကသ္မိံ၊ မောဒန္တိ ကာမကာမိနော။**

ဧတ္ထ-ဤကိုယ်၏အဖြစ်၌၊ ဝါ-ဤသာသနာတော်၌၊ မဂ္ဂံ-လောကီ လောကုတ္တရာချမ်းသာ၏ အကြောင်းဖြစ်၍ဖြစ်သော၊ ဓမ္မံ-သီလ စသား

http://www.dhammadownload.com



မြတ်တရားကို၊ စရိတ္တာန–ကျင့်ကြကုန်သောကြောင့်၊ သုဂတိဂါမိန်–သုဂတိသို့သွားကုန်သောသူတို့အား၊ ဒေ၀လောကသမ္ဘိ–နတ်ပြည်၌၊ နန္ဒိနော–နှစ်သက်အားရ ၀မ်းမြောက်ကြကုန်လျက်၊ ကာမကာမိနော–အလိုရှိအပ်သော ၀တ္ထုကာမနှင့် ပြည့်စုံကုန်သည်ဖြစ်၍၊ မောဒန္တိ–နှစ်ခြိုက်ပျော်ပျော် မွေ့လျော်ရပေကုန်သတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဤသာသနာတော်မှာ လောကီလောကုတ္တရာ ချမ်းသာခြင်းရဲ့အကြောင်းဖြစ်တဲ့ သီလ စတဲ့တရားတွေကို ကျင့်တဲ့သူတွေဟာ နတ်ပြည်မှာ ဖြစ်ရပြီးတော့ နတ်ပြည်မှာ ၀တ္ထုကာမတွေနဲ့ပြည့်စုံကာ မွေ့လျော်ပျော်ပိုက်ရတယ်တဲ့။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* သူသူငါငါ၊ တရားသာ၊ ကောင်းစွာကျင့်ကြလျှင်။
* နတ်ပြည်လောက၊ ရောက်ကြရ၊ ပျော်ရထာ၀စဉ်။

ကဲ...ဒီနေ့ ဆွမ်း ,သင်္ကန်း ,ကျောင်း ,ဆေး ပစ္စည်းလေးပါး ဆပ်ကပ်လှူဒါန်းအားပေးကြတဲ့ ဒကာဒကာမတွေကို ဟောကြားလိုက်တဲ့သုတ္တန်က ဘာသုတ္တန်တဲ့လဲ။

(ဗဟုကာရသုတ္တန်ပါဘုရား)

မှတ်သားလို့လွယ်ကူအောင် မြန်မာလိုတရားအမည်ပေးထားတာက ဘာတရားတော်တဲ့လဲ။

(အချင်းချင်းမှီကြ ကောင်းကျိုးရတရားတော်ပါဘုရား)

ကဲ..."အချင်းချင်းမှီကြ ကောင်းကျိုးရ"ဆိုတဲ့ကဗျာလေးနဲ့ တရားသိမ်းကြရအောင်၊ အားလုံးညီညီညာညာ လက်အုပ်ချီကြ–

"အိမ်ရာထောင်သူ မထောင်သူတွင် လူနှင့်ရှင်တို့ ခင်မင်လေးမြတ် မေတ္တာဓာတ်ကူး တစ်ဦးမေတ္တာ တစ်ဦးမှာပင် အရောင်ထင်၍ အစဉ်နေ့ည မမေ့ကြပဲ ကိုင်းကကျွန်းမှီ ကျွန်းကိုင်းမှီသို့ တစ်လီတစ်ဖြာ ရေနှင့်ကြာလို ပမာဆိုလျက် ကြည်ညိုမယွင်း အချင်းချင်းမှီကြ နဘ၀ကောင်း နောင်လည်းကောင်းရာ နတ်ရွာလောက ဘုံဘ၀တွေ ကြုံရပေ၏ တစ်တွေဆက်ပြ မဂ္ဂဖလ မြတ်နိဗ္ဗာန်ထိ ကောင်းကျိုးရှိကာ ကောင်းကျိုးဖြာရ ကောင်းမိုးလှစွာ ကောင်းဆက်ပါသည် ပေါင်းဖက်မှီကြ ကောင်းကျိုးတည်း။"

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



မှတ်ချက်။ ။ ဆွမ်း ,သင်္ကန်း ,ကျောင်း ,ဆေး ပစ္စည်းလေးပါး လှူဒါန်းပွဲတိုင်း ဟောကြားနိုင်ပါသည်။

တရားအမည် ပေးရာ၌-

၁။ ဆရာဒကာ+ရေနှဲ့ကြာတရားတော်။

၂။ လက်တွဲမဖြုတ်+လက်တွဲမပြုတ် တရားတော်။

၃။ အချင်းချင်းမှီကာ+ကောင်းကျိုးရှာ တရားတော်။

၄။ တစ်ဦးတစ်ဦး မေတ္တာကူးပါ တရားတော် စသည်ဖြင့် နှစ်သက်ရာအမည်ပေးကာ ဟောကြားပါ။

အချင်းချင်းမှီကြ ကောင်းကျိုးရတရားတော်ပြီးပြီ။

http://www.dhammadownload.com



စုဒ္ဒကနိကာယ်၊ သုတ္တနိပါတ်ပါဠိတော်၊ မဟာဝဂ်
သေလသုတ္တန်လာ ဂါထာနှစ်ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ကောင်းကျိုးလိုသူ+သံဃာလှူ
# တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(..........) တို့ရဲ့ ဆွမ်းကပ်ပွဲမှာ ဟောကြားမည့် တရားတော်က "ကောင်းကျိုးလိုသူ သံဃာလှူ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ကောင်းကျိုးလိုသူ သံဃာလှူ တရားတော်ပါဘုရား)

ကေဏိယရသေ့ဟာ မိမိရဲ့သင်္ခမ်းကျောင်းမှာ မွန်မြတ်တဲ့ခဲဖွယ်ဘောဇဉ် ပြစီရင်ပြီးတဲ့အခါ မြတ်စွာဘုရားအား ဆွမ်းဘုဉ်းပေးရန် အချိန်တန်ကြောင်း လျှောက်ထားပါတယ်။

**အထခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရ မာဒါယ ယေနကေဏိယဿ ဇဋိလဿ အဿမော တေနုပသင်္ကမိ ဥပသင်္ကမိတွာ ပညတ္တေ အာသနေ နိသီဒိ သဒ္ဓိံ ဘိက္ခုသံဃေန။**

(သုတ္တနိပါတ်ပါဠိ-၃၆၉)

အဲဒီလို လျှောက်ထားတော့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ နံနက်အချိန်မှာ သင်းပိုင်ကိုပြင်ဝတ်ပြီး သပိတ်သင်္ကန်းကိုယူကာ ကေဏိယရသေ့ရဲ့ သင်္ခမ်းကျောင်းကို ကြွလာပြီးတော့ ခင်းထားတဲ့နေရာမှာ ရဟန်းသံဃာနဲ့ အတူ ထိုင်နေတော်မူပါတယ်။

**အထခေါ ကေဏိယော ဇဋိလော ဗုဒ္ဓပ္ပမုခံ ဘိက္ခုသံဃံ ပဏီတေန ခါဒနီယေန ဘောဇနီယေန သဟတ္ထာ သန္တပ္ပေသိ သမ္ပဝါရေသိ။**

http://www.dhammadownload.com



အဲဒီအခါမှာ ကေဏိယရသေ့ဟာ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်ကို မွန်မြတ်တဲ့ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲအားရသည့်တိုင်အောင် တော်ပြီ ပြည့်စုံပြီလို့ တားမြစ်ရသည့်တိုင်အောင် မိမိလက်နဲ့ကိုယ်တိုင် ကိုယ်ကျ ပြုစုလုပ်ကျွေးပါတယ်။

ဒီနေ့ ဆွမ်းဒကာ ဒကာမတွေလည်း ကိုယ့်လက်နဲ့ကိုယ်တိုင်ကိုယ်ကျ ပြုစုလုပ်ကျွေးနေတာပါပဲ၊ ဒီတော့ တရားနာပရိသတ် ဆွမ်းပဲကပ်ကပ် သင်္ကန်းပဲကပ်ကပ် ကိုယ့်လက်နဲ့ ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်ဖို့လိုတယ်နော်။

(မှန်လှပါဘုရား)

တချို့ပုဂ္ဂိုလ်တွေက ရပါတယ် ကပ်လိုက်ပါ ကိုယ်စားကပ်လိုက်ပါ အတူတူပါပဲလို့ မပြောတတ်ကြဘူးလား။

(ပြောတတ်ကြပါတယ်ဘုရား)

တကယ်တော့ တူရဲ့လား။

(မတူပါဘူးဘုရား)

ဘယ်တူမှာလဲ၊ မတူဘူး၊ ဒါ့ကြောင့် ကေဏိယရသေ့ ကိုယ့်လက်နဲ့ ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်သလို ဒကာ ဒကာမတွေလည်း ကိုယ်တိုင် ကိုယ်ကျ ဆပ်ကပ်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ရောင့်ရဲသည့်တိုင်၊ တားမြစ်တိုင်၊ ကိုယ်တိုင်ကိုယ်ကျလှူ။

* ကေဏိယလို၊ သဒ္ဓါပို၊ ကြည်ညိုကိုယ်တိုင်လှူ။

**အထခေါ ကေဏိယော ဇဋိလော ဘဂဝန္တံ ဘုတ္တာဝိံ ဩနီတပတ္တပါဏိံ အညတရံ နီစံ အာသနံ ဂဟေတွာ ဧကမန္တံ နိသီဒိ။**

အဲဒီအခါမှာ ကေဏိယရသေ့ဟာ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးတာ, သပိတ်မှလက်တော်ကိုဖယ်ပြီးတာ သိတဲ့အတွက် နိမ့်သောနေရာ တစ်ခုကိုယူပြီးတော့ သင့်တင့်လျောက်ပတ်တဲ့အရပ်မှာ ထိုင်နေပါတယ်။

**ဧကမန္တံ နိသိန္နံ ခေါ ကေဏိယံ ဇဋိလံ ဘဂဝါ ဣမာဟိ ဂါထာဟိ အနုမောဒိ–**

အဲဒီလို သင့်တင့်တဲ့နေရာမှာထိုင်နေတဲ့ ကေဏိယရသေ့ကို မြတ်စွာ ဘုရားက ဂါထာနှစ်ပုဒ်နဲ့ အောက်ပါအတိုင်း တရားဟောတော်မူပါတယ်။

http://www.dhammadownload.com



**အဂ္ဂိဟုတ္တမုခါ ယညာ၊ သာဝိတ္တီ ဆန္ဒသော မုခံ။**
**ရာဇာမုခံ မနုဿာနံ နဒီနံ သာဂရော မုခံ။**

(ကေဏိယ-ကေဏိယ)၊ ယညာ-ယစ်ပူဇော်ခြင်းတို့သည်၊ အဂ္ဂိဟုတ္တ-မုခါ-မီးပူဇော်ခြင်းလျှင် အကြီးအမှူးရှိကုန်၏။

ကေဏိယ၊ ပုဏ္ဏားတွေဟာ ယစ်ပူဇော်တဲ့အခါမှာ မီးနဲ့ကင်းပြီးတော့ ဘယ်တော့မှ ပူဇော်ခြင်းမရှိဘူးတဲ့၊ ဒါကြောင့် ယစ်ပူဇော်ရင် မီးပူဇော်ခြင်း ဟာ အမြတ်ဆုံး၊ မီးပူဇော်ခြင်းဟာ အကြီးအမှူး အဓိက ပဓာနပဲတဲ့။

(သေလသုတ်၊ ၄-၁၇၇)

သာဝိတ္တီ-သာဝိတ္တီအမည်ရှိသောဂါထာသည်၊ ဆန္ဒသော-ဆန်းကျမ်း၏၊ မုခံ-အစအဦး အကြီးအမှူးဖြစ်၏။

ဗေဒင်ရွတ်ဖတ်သရဇ္ဈာယ်တဲ့ ပုဏ္ဏားတွေဟာ ရှေ့ဦးစွာ ရွတ်ဖတ် သရဇ္ဈာယ်တဲ့အတွက် သာဝိတ္တီမည်တဲ့ဂါထာဟာ ဆန်းကျမ်းရဲ့ အကြီးအမှူး ဖြစ်တယ်တဲ့။

မနုဿာနံ-လူတို့၏၊ မုခံ-အကြီးအမှူးကား၊ ရာဇာ-မင်းတည်း။
လူတွေရဲ့အကြီးအမှူးဟာ မင်းပါပဲ။
နဒီနံ-မြစ်တို့၏၊ မုခံ-အကြီးအမှူးကား၊ သာဂရော-သမုဒ္ဒရာတည်း၊
မြစ်တွေရဲ့ အကြီးအမှူးက သမုဒ္ဒရာပါပဲ။

**နက္ခတ္တာနံ မုခံ စန္ဒော၊ အာဒိစ္စော တပတံမုခံ။**
**ပုညံ အာကင်္ခမာနာနံ၊ သံဃော ဝေ ယဇတံ မုခံ။**

နက္ခတ္တာနံ-နက္ခတ်တို့၏၊ မုခံ-အကြီးအမှူးကား၊ စန္ဒော-လတည်း။
နက္ခတ်တွေရဲ့ အကြီးအမှူးက လဖြစ်တယ်။

တပတံ-တောက်ပခြင်းတို့၏၊ မုခံ-အကြီးအမှူးကား၊ အာဒိစ္စော-နေ တည်း၊ ထွန်းလင်းတောက်ပတဲ့ ဆီမီး၊ ပတ္တမြားစသည်တို့ရဲ့ အကြီးအမှူးက နေပါပဲ။

ဝေ-စင်စစ်၊ ပုညံ-ကောင်းမှုကို၊ အာကင်္ခမာနာနံ-နေ့ညစင်စစ် လိုလား တောင့်တကုန်သည်ဖြစ်၍၊ ယဇတံ-ယဇန္တာနံ-လှူဒါန်းကြည်ဖြူ ပူဇော်ကုန် သောသူတို့၏၊ မုခံ-အကြီးအမှူးကား၊ သံဃော-ဘုရားသားခေါ် သံဃာ တော်ပါပေတည်း။

တကယ်ကောင်းမှုကို လိုလားတောင့်တတဲ့သူတွေဟာ သံဃာတော် ကိုလှူရမယ်၊ တကယ်ကောင်းမှုကို လိုလားတဲ့သူတွေ, ကောင်းကျိုးလိုလား

http://www.dhammadownload.com



တဲ့သူတွေ လှူဒါန်းပူဇော်လိုသူတွေရဲ့ အဓိကပဓာန အကြီးအမှူးကတော့ သံဃာတော်ပါပဲတဲ့။

ဒကာ ဒကာမတွေ ကောင်းမှုကိုလိုလားတော်တရင် ကောင်းကျိုးတွေလိုချင်ရင် ဘယ်သူ့ကိုလှူရမတဲ့လဲ။

(သံဃာတော်ကို လှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ကောင်းကျိုးလိုသူ သံဃာလှူတရားတော်ပါဘုရား)

သံဃေဒိန္နံ မဟပ္ဖလံ–သံဃာကိုလှူရင် လူချမ်းသာ, နတ်ချမ်းသာ အထိ ကောင်းကျိုးရှိတယ်၊ ကောင်းကျိုးများတယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ ကောင်းမှုလိုသူ ဘယ်သူ့ကိုလှူရမတဲ့လဲ။

(သံဃာကိုလှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို "ကောင်းမှုလိုသူ သံဃာလှူ" တရားတော်လို့ အမည်ပေးရင်လည်း ရတယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ တရားနာနေတဲ့ ဒကာ ဒကာမတွေ လူ, နတ်, နိဗ္ဗာန်ဆိုတဲ့ ချမ်းသာတွေ မလိုချင်ကြဘူးလား။

(လိုချင်ကြပါတယ်ဘုရား)

အေး...လိုချင်ရင် ဘယ်သူ့ကို လှူရမတဲ့လဲ။

(သံဃာကိုလှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို "ချမ်းသာလိုသူ သံဃာလှူ" တရားတော်လို့ အမည်ပေးရင်လည်း မရဘူးလား။

(ရပါတယ်ဘုရား)

ကဲ...ဒီတရားတော်ကို အကျဉ်းချုပ်ကြည့်ရအောင်။

၁။ ယစ်ပူဇော်ရင် မီးပူဇော်တာက အဓိကပဓာန။

၂။ သာဝိတ္တီမည်တဲ့ ဂါထာတော်ဟာ သာဝိတ္တီဂါထာ ဆန်းကျမ်းရဲ့ အကြီးအမှူး။

၃။ မင်းဟာလူတွေရဲ့ အကြီးအမှူး။

၄။ သမုဒ္ဒရာဟာ မြစ်တွေရဲ့ အကြီးအမှူး။

၅။ လ ဟာ နက္ခတ်တွေရဲ့ အကြီးအမှူး။

http://www.dhammadownload.com



၆။ နေ ,ဟာ တောက်ပတာမှန်သမျှရဲ့ အကြီးအမှူး။

၇။ သံဃာတော်ဟာ ကောင်းမှုလိုသူ ကောင်းကျိုးလိုသူ လှူဒါန်း ပူဇော်လိုသူတွေရဲ့ အကြီးအမှူးလို့ ဒီလိုအကျဉ်းချုပ် မှတ်ထား ရမယ်နော်။

(မှန်လှပါဘုရား)

အထခေါ ဘဂဝါ ကေဏိယံ ဇဋိလံ ဣမာဟိ ဂါထာဟိ အနုမောဒိတွာ ဥဋ္ဌာယာသနာ ပက္ကာမိ။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ကေဏိယရသေ့ကို ဒီဂါထာနှစ်ပုဒ်နဲ့ ဝမ်းမြောက်ဖွယ်ရာဟောကြားပြီးတော့ နေရာမှထကာ ကျောင်းတော်ကို ပြန်ကြွတော်မူပါတယ်။

ကဲ..."ကောင်းမှုလိုသူ သံဃာလှူ"ဆိုတဲ့ လင်္ကာလေးတွေနဲ့ တရားသိမ်းကြရအောင်၊ အားလုံး လက်အုပ်ချီ လိုက်ဆိုကြ–

* ကောင်းမှုလိုသူ၊ သံဃာလှူ၊ ကြည်ဖြူဟောပြရှာ။
* ကောင်းကျိုးလိုသူ၊ သံဃာလှူ၊ ကြည်ဖြူဟောပြရှာ။
* ချမ်းသာလိုသူ၊ သံဃာလှူ၊ ကြည်ဖြူဟောပြရှာ။

ကောင်းကျိုးလိုသူ သံဃာလှူကဗျာ

"လူ ,နတ် ,နိဗ္ဗာန်၊ သုံးတန်အထိ၊ ပြုးဟန်ပြည့်ပို၊ ကောင်းမှုလိုလား၊ ကောင်းကျိုးများစွာ၊ ချမ်းသာသုခ၊ အဝဝကို၊ နေ့ညလိုလား အိုလူများတို့၊ မမှားမှန်စွာ၊ သာသနာနှင့်၊ ခုခါကြုံတောင်း၊ ဘဝကောင်း၍၊ နှစ်ထောင်းအားရ၊ မြတ်ဗုဒ္ဓအား၊ အမှူးထား၍၊ ထူးခြားပျော်ပျော်၊ သံဃာတော်ကို၊ လှူဖို့လိုတာ၊ ဟောပြပါသည်၊ လောကလူ့ရွာ မှတ်ဖွယ်တည်း။"

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ဆွမ်းကပ်ပွဲ အခါကဟောပါ။
ဆွမ်း ,သင်္ကန်း ,ကျောင်း ,ဆေး ,သံဃိကလှူပွဲတိုင်း ဟောကြားနိုင်ပါသည်။

http://www.dhammadownload.com



တရားအမည်ပေးရာ၌–
၁။ ကောင်းမှုလိုသူ သံဃာလျှုတရားတော်။
၂။ ချမ်းသာလိုသူ သံဃာလျှုတရားတော်။
၃။ သံဃာလျှုက ကျိုးကြီးလှတရားတော်။
၄။ သံဃာလျှုက ကောင်းကျိုးရတရားတော်။
၅။ သံဃာလျှုက ချမ်းသာရတရားတော်။
စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၄–၇–၉၇၊ သောကြာနေ့။
နံနက်(၁၁)နာရီ။

ကောင်းကျိုးလိုသူ့ သံဃာလှူတရားတော်ပြီး၏။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ဇာတကပါဠိတော်၊ မဟာနိပါတ်
မူဂပက္ခဇာတ်တော်လာ ဂါထာငါးပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# အဆင်းတင့်တယ်+ကြည်ညိုဖွယ် တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "အဆင်းတင့်တယ် ကြည်ညိုဖွယ်"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(အဆင်းတင့်တယ် ကြည်ညိုဖွယ်တရားတော်ပါဘုရား)

အဲဒီတရားတော်ကို စပြီးတော့ ဟောကြနာကြပါစို့။

ဘုရားလောင်း တေမိမင်းသားရှိရာ တောအရပ်ကိုရောက်လာတဲ့ ခမည်းတော် ကာသိကရာဇ်မင်းကြီးက-

**အဇ္ဈေရကံ မံ ပဋိဘာတိ၊ ဧကကမ္ပိ ရဟောဂတံ။**
**ဧဒိသံ ဘုဉ္ဇမာနာနံ၊ ကေန ဝဏ္ဏော ပသီဒတိ။**

(ပုတ္တ-တောထဲတောင်ထဲ တစ်ယောက်ထဲသာ ခွဲခွာနေငြား အိုချစ်သား) ဧကကံ-အဖော်မမှီး တစ်ယောက်တည်းသာ ၊ ရဟောဂတမ္ပိ-ဆိတ်ကွယ်ရာမည် အရပ်ဆီ၌ အတည်မယွင်း နေထိုင်ခြင်းကိုလည်းကောင်း၊ (ဣမိနာသောဇနေန-နှုးနပ်ညံ့ပြောင်း အနံ့ကောင်းကွာ ဤသစ်ရွက်စိမ်း အစာကြမ်းဖြင့်၊ ယာပေန္တမ္ပိ-မျှတသည်ကိုလည်းကောင်း၊ အဇ္ဈေရကံ-အံ့သြဖွယ်သည်၊ မံ-ငါ၏ ပဋိဘာတိ-ဉာဏ်အားထင်လာ၏၊ ဧဒိသံ-ဤသို့သဘောရှိသောအစာကို၊ ဘုဉ္ဇမာနာနံ-စားသောသင်ချစ်သားတို့အား၊ ကေန-အဘယ်အကြောင်းကြောင့်၊ တေ-သင်ချစ်သား၏၊ ဝဏ္ဏော-အဆင်းသည်၊ ပသီဒတိ-အကယ်ရှုကြည့်ကြည်ညိုဖွယ်ရှိပါသနည်း။

http://www.dhammadownload.com



ချစ်သား၊ တစ်ယောက်တည်းဆိတ်ကွယ်ရာ တောတောင်အရပ်မှာနေပြီးတော့ ဆားလည်းမခတ် ပြုတ်ဖြော်ခြင်းစသည်ကို မပြုတဲ့အတွက်ကြောင့် နူးနူးနပ်နပ် ညံ့ညံ့ပြောင်းပြောင်း အနံ့ကောင်းကွာ အနံ့ကောင်းကိုမျှ ဆောင်ခြင်းမရှိတဲ့ သစ်ရွက်စိမ်းအစာကြမ်းကိုသာစားနေပါလျက် အဘယ်ကြောင့် ငါ့သားတော်ဟာ ပြောင်ဝင်းတင့်တယ် ကြည်ညိုဖွယ်ရှိနေပါသလဲလို့ သားတော်ကို မေးလိုက်ပါတယ်။

အဲဒီလို ခမည်းတော် ကာဠိကရာဇ်မင်းကြီးက မေးလိုက်တဲ့အခါမှာ ဘုရားလောင်းက ဂါထာလေးပုဒ်နဲ့ ဖြေကြားလိုက်ပါတယ်။

ဘယ်နှစ်ပုဒ်နဲ့ ဖြေကြားလိုက်သတဲ့လဲ။

(လေးပုဒ်နဲ့ပါဘုရား)

**၁။ ဧကော ရာဇ နိပဇ္ဇာမိ၊ နိယတေ ပဏ္ဏသန္ထရေ၊**

**တာယ မေ ဧကသေယျာယ၊ ရာဇ ဝဏ္ဏော ပသီဒတိ။**

(ဇာ၊ပါ၊၂။၁၅၆)

ရာဇ-ခမည်းတော်မင်းကြီး၊ နိယတေ-ခင်းအပ်သော၊ ပဏ္ဏသန္ထရေ-သစ်ရွက်အခင်း မြက်အခင်း၌၊ ဧကော-အဖော်မမှီး တစ်ယောက်တည်းသာ၊ **အဟံ-သားတော်သည်၊ နိပဇ္ဇာမိ-အိပ်၏၊ ရာဇ-ခမည်းတော်မင်းကြီး၊ တာယဧကသေယျာယ-ထိုသို့တစ်ယောက်တည်းအိပ်သောကြောင့်၊ မေ-သားတော်၏၊ ဝဏ္ဏော-အဆင်းသည်၊ ပသီဒတိ-ကြည်ညိုဖွယ်ရှိပါ၏။**

**ခမည်းတော်မင်းကြီး သားတော်ဟာ သစ်ရွက်အခင်း မြက်အခင်းမှာ** အဖော်မမှီး တစ်ယောက်တည်းသာ အိပ်စက်ပါတယ်၊ အဲဒီလို တစ်ယောက်တည်းအိပ်တဲ့အတွက်ကြောင့် သားတော်ရဲ့အရောင်အဆင်း ပြောင်ဝင်းတင့်တယ် ကြည်ညိုဖွယ်ရှိနေတာပါပဲလို့ နံပါတ်တစ်ဂါထာနဲ့ ဖြေကြားပါတယ်။

ဒီတော့ တရားနာပရိသတ်၊ အရောင်အဆင်း ပြောင်ဝင်းတင့်တယ် ကြည်ညိုဖွယ်ရှိချင်ရင် ဘုရားအလောင်း တေမိမင်းလို တောထဲတောင်ထဲမှာ နေပြီးတော့ အဖော်မမှီးတစ်ယောက်တည်း အိပ်ရမယ်နော်။

(မှန်လှပါဘုရား)

**ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-**

* တောထဲတောင်ထဲ၊ တစ်ယောက်ထဲ၊ အမြဲအိပ်စက်ကာ။

* အဖော်မမှီး၊ တစ်ယောက်တည်း၊ အပြီးအိပ်စက်ကာ။

* အဆင်းတင့်တယ်၊ ကြည်ညိုဖွယ်၊ တကယ်ရှိနေတာ။

http://www.dhammadownload.com



* အရောင်အဆင်း၊ အမှောင်ခွင်း၊ ပြောင်ဝင်းတင့်တယ်တာ။

**၂။ နစ နေတ္တိ သဗန္ဓာမေ၊ ရာဇရက္ခာ ဥပဋ္ဌိတာ။**

**တာယ မေ သုခသေယျာယ၊ ရာဇဝဏ္ဏော ပသီဒတိ။**

ရာဇ-ခမည်းတော်မင်းကြီး၊ နေတ္တိ သဗန္ဓာ-သန်လျက် လက်၌စွဲကုန်သော၊ ရာဇရက္ခာ-မင်းတို့ကိုစောင့်ရှောက်ကုန်သောသူတို့သည်၊ မေ-အကျွန်ုပ်အား၊ နစဥပဋ္ဌိတာ-ရံ၍လည်းမတည်ကုန်၊ ရာဇ-ခမည်းတော်မင်းကြီး တာယသုခသေယျာယ-ထိုသို့ချမ်းသာစွာအိပ်ရသောကြောင့်၊ မေ-အကျွန်ုပ်အား၊ ဝဏ္ဏော-အဆင်းသည်၊ ပသီဒတိ-ပြောင်ဝင်းတင့်တယ်ကြည်ညိုဖွယ်ရှိပါ၏။

ခမည်းတော်မင်းကြီး သန်လျက်စွဲကိုင်ထားကြတဲ့ မင်းတို့ကိုစောင့်ရှောက်ထားကြတဲ့သူတွေဟာ သားတော်ရဲ့အနားမှာမရှိကြဘူး၊ မစားကြဘူး၊ အဲဒီတော့ ချမ်းချမ်းသာသာအိပ်ရပါတယ်၊ အဲဒီလို ချမ်းချမ်းသာသာအိပ်ရတဲ့အတွက်ကြောင့် သားတော်ရဲ့အရောင်အဆင်းဟာ ပြောင်ဝင်းတင့်တယ်ကြည်ညိုဖွယ်ရှိနေတာပါပဲလို့ နံပါတ်နှစ်ဂါထာနဲ့ ဖြေကြားပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ချမ်းချမ်းသာသာအိပ်ရတာဟာ အဆင်းတင့်တယ် ကြည်ညိုဖွယ်ရှိကြောင်း နည်းလမ်းကောင်းပဲနော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* စောင့်ရှောက်ကင်းကွာ၊ ချမ်းသာစွာ၊ သားမှာအိပ်စက်ရ။

* အဆင်းတင့်တယ်၊ ကြည်ညိုဖွယ်၊ ရှိတယ်သားဖြေပြ။

* ကိုယ်ရောင်အဆင်း၊ ပိုပြောင်ဝင်း၊ မှောင်ခွင်းတင့်တယ်လှ။

**၃။ အတီတံ နာနုသောစာမိ၊ နပ္ပဇပ္ပါမိ နာဂတံ။**

**ပစ္စုပ္ပန္နေန ယာပေမိ၊ တေနဝဏ္ဏော ပသီဒတိ။**

မဟာရာဇ-မြတ်သောခမည်းတော်မင်းကြီး၊ အတီတံ-လွန်လေပြီးသောအစာကို၊ အဟံ-အကျွန်ုပ်သည်၊ နာနုသောစာမိ-မစိုးရိမ်၊ အနာဂတံ-လာလတ္တံ့သောအစာကို၊ နပ္ပဇပ္ပာမိ-မတောင့်တ၊ ပစ္စုပ္ပန္နေန-မျက်မှောက်ဖြစ်သောအစာဖြင့်၊ ယာပေမိ-မျှတပါ၏၊ တေန-ထိုသို့မျှတသောကြောင့်၊ မေ-အကျွန်ုပ်၏၊ ဝဏ္ဏော-အဆင်းသည်၊ ပသီဒတိ-ပြောင်ဝင်းတင့်တယ်ကြည်ညိုဖွယ်ရှိပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



မြတ်သောခမည်းတော်မင်းကြီး၊ လွန်ခဲ့ပြီးတဲ့အတိတ်က အစားအစာတွေကို အဖန်တလဲလဲကြံစည်အောက်မေ့ကာ မစိုးရိမ်ပါဘူး၊ ပြီးခဲ့တဲ့အတိတ်ကအကြောင်းအရာတွေနဲ့ပက်သက်လာရင် ဘယ်လိုအဆိုးအကောင်းတွေကိုမျှ တွေးတောငေးမောကာ ကြံစည်အောက်မေ့မနေပါဘူး၊ ဒီနေ့တော့ အစားကောင်းတွေစားရပြီး နက်ဖြန်ကျရင် ဘယ်လိုအစားတွေစားရမလဲ စသည်ဖြင့် အိပ်ရာနေရာ အစားအသောက် အဝတ်အရုံ အသုံးအဆောင် အပေါင်းအဖော် စသည်တို့ကို အမှီပြုပြီးတော့ အနာဂတ်မှာဖြစ်လတ္တံ့အကြောင်းအရာတွေကိုလည်း ကြံစည်အောက်မေ့ကာ တောင့်တမနေတော့ပါဘူး၊ ဒီနေ့ ဒီနေ့အလျောက်၊ နက်ဖြန် နက်ဖြန်အလျောက် ရသမျှရသလောက် ပစ္စည်းအသီးသီးနဲ့သာ ရောင့်ရဲတင်းတိမ်ကာ နေထိုင်ပါတယ်၊ အတိတ်ကိုမစိုးရိမ် အနာဂတ်ကိုမတောင့်တ ပစ္စုပ္ပန်ရရသမျှနဲ့ ပစ္စုပ္ပန်ကျကျ ,ပစ္စုပ္ပန်တည့်တည့် ရောင့်ရဲတင်းတိမ်ကာ စိုးရိမ်ကင်းကွာနေထိုင်တဲ့အတွက်ကြောင့် သားတော်ရဲ့အရောင်အဆင်းဟာ ပြောင်ဝင်းတင့်တယ် ကြည်ညိုဖွယ်ဆောင်နေပါတယ်၊ ကြည်ညိုဖွယ်ရှိနေပါတယ်လို့ ဒီနံပါတ်သုံးဂါထာနဲ့ ဖြေကြားပြပါတယ်။

ဒီဂါထာကို အကျဉ်းချုပ်ကြည့်လိုက်တဲ့အခါမှာ–

(၁) အတိတ်က ကောင်းတာမကောင်းတာ သင့်တာမသင့်တာ ဟန်တာမဟန်တာတွေကို တွေးတောကြံစည်ပြီးတော့ မစိုးရိမ်ရဘူး။

(၂) နက်ဖြန်ဆိုတဲ့ မသေချာ မရေရာတဲ့ အနာဂါတ်ရေးကို တွေးတောကြံစည်ပြီးတော့လည်းပဲ မစိုးရိမ်ရဘူး၊ မသေချာမရေရာတဲ့ အနာဂတ်ရေးတွေကိုလဲပဲ မတောင့်တရဘူး။

(၃) ပစ္စုပ္ပန်ရရသမျှနဲ့ ပစ္စုပ္ပန်ကျကျ မျှတရောင့်ရဲကာနေရမယ်ဆိုတဲ့ အချက်တွေကို တွေ့ရပါတယ်။

အဲဒီအချက်သုံးချက်ကို တိတိကျကျလိုက်နာကျင့်သုံးရင် ကိုယ်ကျန်းမာကြောင်း စိတ်ချမ်းသာကြောင်းအရောင်အဆင်းပြောင်ဝင်းတင့်တယ် ကြည်ညိုဖွယ်ရှိကြောင်း နည်းလမ်းကောင်းလို့မှတ်ပါ။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အတိတ်ကောင်းခဲ့၊ မကောင်းခဲ့၊ ကြံကွဲ့မပူပါ။
* အနာဂတ်ရေး၊ မရောက်သေး၊ ကြံတွေးမပူပါ။
* ပစ္စုပ္ပန်ကျ၊ ရသမျှ၊ မျှတရောင့်ရဲကာ။
* အဆင်းတင့်တယ်၊ ကြည်ညိုဖွယ်၊ ရှိတယ်သားတော်မှာ။

http://www.dhammadownload.com



* ကိုယ်ရောင်အဆင်း၊ ပိုပြောင်ဝင်း၊ မှောင်ခွင်းတင့်တယ်တာ။
* ပစ္စုပ္ပန်ကျကျ၊ ရသမျှ၊ နေ့ညရောင့်ရဲတာ။
* ကိုယ်ကျန်းမာကြောင်း၊ နည်းလမ်းကောင်း၊ ဘုရားလောင်းကမှာ။
* စိတ်ချမ်းသာကြောင်း၊ နည်းလမ်းကောင်း၊ ဘုရားလောင်းကမှာ။
* အဆင်းတင့်တယ်၊ ကြည်ညိုဖွယ်၊ တကယ်နည်းကောင်းပါ။

၄။ **အနာဂတပ္ပဇပ္ပါယ၊ အတီတဿာနုသောစနာ။**

**စတေန ဗာလာ သုဿန္တိ၊ နဠောဝ ဟရိတော လုတော။**

မဟာရာဇ–မြတ်သောခမည်းတော်မင်းကြီး၊ ဗာလာ–ပညာနည်းသူ အများလူတို့သည်၊ အနာဂတပ္ပဇပ္ပာယ–လာလတ္တံ့သောအစာကို တောင့်တခြင်းကြောင့်၊ အတီတဿ–လွန်လေပြီးသောအစာကို၊ အနုသောစနာ–စိုးရိမ်ခြင်းကြောင့်၊ ဟရိတော–စိမ်းသော၊ လုတော–နေပူ၌ နုတ်၍ပစ်အပ်သော၊ နဠောဝ–ကျူပင်ကဲ့သို့၊ ဧတေန–စိုးရိမ်တောင့်တခြင်းကြောင့်၊ သုဿန္တိ–ခြောက်ကပ်ကုန်သည် မဟုတ်ပါလော။

မြတ်သောခမည်းတော်မင်းကြီး ပညာနည်းသောသူမိုက်တွေဟာ အနာဂတ်အစာကို စိုးရိမ်ကြတယ်၊ အဲဒီလို အနာဂါတ်အစာကို တောင့်တ၊ အတိတ်ကအစာကို စိုးရိမ်နေကြတဲ့အတွက်ကြောင့် စိမ်းသောအဆင်းရှိတဲ့ နေပူမှာနုတ်ပစ်ထားတဲ့ကျူပင်လိုပဲ ခြောက်ကပ်နေကြတယ်၊ အဆင်းအရောင်ဟာမတင့်တယ်ဘူး၊ ကြည်ညိုဖွယ်မရှိဘူးပေါ့။

အတိတ်ကိုကြံပြီး စိုးရိမ်တတ်သူ ,အနာဂတ်ကိုကြံပြီး စိုးရိမ်တောင့်တတတ်သူဟာ တကယ်တော့လူမိုက်ပါပဲ၊ ပညာနည်းသူပါပဲ။

ဒီတော့ တရားနာပရိသတ် အဆင်းတင့်တယ် ကြည်ညိုဖွယ်ရှိအောင် အတိတ်ကိုကြံပြီးတော့ မစိုးရိမ်နဲ့ မပူနဲ့ပေါ့၊ အတိတ်ဆိုတာကို အတိတ်မှာပဲထားလိုက်၊ အတိတ်ဆိုတာ မေ့လိုက်ပါ။

ဘာတဲ့လဲ။

(အတိတ်ဆိုတာ မေ့လိုက်ပါဘုရား)

ဒီနေ့ တရားဟော တရားနာသူတွေဟာ အတိတ်ကိုမမေ့နိုင်လို့ ခက်နေတာနော်။

(မှန်လှပါဘုရား)

အတိတ်ကိုမေ့နိုင်အောင် ကြိုးစားရမယ်နော်။ (မှန်လှပါဘုရား)

အတိတ်ကိုမေ့နိုင်တာဟာ အဆင်းတင့်တယ် ကြည်ညိုဖွယ်ရှိကြောင်း နည်းလမ်းကောင်းပဲ မဟုတ်လား။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီနေ့ ဟောနေတဲ့ တရားတော်ကို "အတိတ်ဆိုတာ မေ့လိုက်ပါ"လို့ အမည်ပေးရင် မရနိုင်ဘူးလား။

(ရနိုင်ပါတယ်ဘုရား)

အနာဂတ်ကျတော့ ဘာတဲ့လဲ၊ မတောင့်တရဘူးနော်။

(မှန်လှပါဘုရား)

အေး...အတိတ်ကိုကြံပြီး စိုးရိမ်နေသူ ,အနာဂတ်ကိုကြံပြီး တောင့်တသူ စိမ်းတဲ့အဆင်းရှိတဲ့ ကျူပင် နေပူကျဲကျဲမှာ နုတ်ပစ်ထားလိုက်တော့ ခြောက်ကပ်နေသလိုပဲတဲ့။

အဲဒီ အတိတ်စိုးရိမ်သူ ,အနာဂတ်ကြံကာ တောင့်တသူဟာ နေပူကျဲကျဲမှာနုတ်ပစ်ခံထားရတဲ့ ကျူပင်ပမာ တင့်တယ်ခြင်းမရှိပဲ ခြောက်ကပ်နေမှာပဲနော်။

(မှန်လှပါဘုရား)

ဒီနေ့ ဒကာ ဒကာမတွေကိုဟောကြားတဲ့ ဒီတရားတော်ကို အကျဉ်းချုပ်ကြည့်ရအောင်–

(၁) တစ်ယောက်တည်းအိပ်တဲ့ အကြောင်း–

(၂) ချမ်းသာစွာအိပ်ရတဲ့ အတွက်ကြောင့်–

(၃) အတိတ်ကိုတွေးပြီး မစိုးရိမ်တဲ့ အတွက်ကြောင့်–

(၄) အနာဂတ်ကိုမျှော်ပြီး မတောင့်တတဲ့ အတွက်ကြောင့်–

(၅) ပစ္စုပ္ပန်ကျကျ ရရသမျှနဲ့ ရောင့်ရဲ တင်းတိမ် အားရ ကျေနပ်နေထိုင်တဲ့အတွက်ကြောင့် အဆင်းတင့်တယ် ကြည်ညိုဖွယ် ဆိုတဲ့ အချက်တွေကို တွေ့ရပါတယ်။

ဒီနေ့ တရားနာနေတဲ့ ဒကာ ဒကာမတွေလည်း အဆင်းအရောင် ဝင်းပြောင်တင့်တယ်ကြည်ညိုဖွယ်ရှိချင်ရင် အဲဒီအချက်(၅)ချက်ကိုလိုက်နာကျင့်သုံးဖို့လိုပါတယ်၊ အဓိကလိုက်နာရမှာကတော့ သုံးလေးငါး အချက်တွေပါပဲ။

ယခုဟောခဲ့ပြီးတဲ့ ဂါထာတော်အမှတ်(၃)မှာ အစာနဲ့ပက်သက်ပြီးတော့ အစာသာမက အရာအားလုံးနဲ့ သက်ဆိုင်တယ်လို့ မှတ်ယူပါ၊ ဒီနေရာမှာ အစာကိုပြောဟောတာကတော့ တောထဲရောက်လာတဲ့ ကာသိကရာဇ်မင်းကြီးက သစ်ရွက်ကြမ်းအစာတွေကိုသာ စားနေတဲ့သားကို မြင်ရတဲ့အခါ

http://www.dhammadownload.com



မှာ ဒါတွေစားထားတာတောင် ငါ့သားတော်ရဲ့ အရောင်အဆင်းဟာ ပြောင်ဝင်းတင့်တယ် ကြည်ညိုဖွယ်ရှိနေပါလားလို့မေးတာကို အဓိကထား ပြီး ဘုရားလောင်းက အဓိကဖြေထားပါတယ်လို့ သဘောကျကြပါ။

အားလုံးနဲ့သက်ဆိုင်တဲ့ ဂါထာ၊ လိုက်နာကျင့်သုံးဖွယ်ကောင်းတဲ့ ဂါထာကောင်း ဂါထာမြတ်၊ အဆောင်ကောင်း အဆောင်မြတ်လို့ မှတ်ယူကာ လိုက်နာကျင့်သုံးကြရမှာပါပဲ။

ကဲ...ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(အဆင်းတင့်တယ် ကြည်ညိုဖွယ်တရားတော်ပါဘုရား)

ကဲ...လက်ာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြရအောင်-

* အဆင်းတင့်တယ်၊ ကြည်ညိုဖွယ်၊ တကယ်ရှိလိုလျှင်။
* အဖော်မမှီး၊ တစ်ယောက်တည်း၊ အပြီးအိပ်အစဉ်။
* ချမ်းသာစွာပ၊ နေ့နဲ့ည၊ အိပ်ကြထာဝစဉ်။
* အတိတ်ရေးရာ၊ မတွေးရာ၊ ပူတာကင်းအစဉ်။
* အနာဂတ်ရေး၊ မရောက်သေး၊ မတွေးမပူပင်။
* အဆင်းတင့်တယ်၊ ကြည်ညိုဖွယ်၊ တကယ်ရှိမည်ပင်။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ကျန်းမာရေးမကောင်းကာ စိတ်ညစ်နေသူ စိတ်ဆင်းရဲနေ သူများ ၊လောကဓံမျိုးစုံ တွေ့ကြုံနေရသူများအတွက် အဓိက ဟောကြားပေးပါ။

တရားအမည်ပေးရာ၌-

၁။ ကိုယ်ကျန်းမာကြောင်း နည်းလမ်းကောင်း၊
၂။ စိတ်ချမ်းသာကြောင်း နည်းလမ်းကောင်း၊
၃။ အဆင်းလှကြောင်း နည်းလမ်းကောင်း၊
၄။ ပစ္စုပ္ပန်ကျကျ နေထိုင်မှု၊
၅။ အတိတ်ဆိုတာ မေ့လိုက်ပါ၊
၆။ အတိတ်ဆိုတာ မေ့ရမှာ၊
၇။ အတိတ်ပြီးတာ မစိုးရိမ်ပါနဲ့၊
၈။ အနာဂတ်ရေး ကြံမတွေးပါနဲ့၊

http://www.dhammadownload.com



၉။ အတိတ်အနာဂတ် မေ့ထားအပ်၊
၁၀။ ပစ္စုပ္ပန်ကျကျ ကျင့်သုံးမှ၊
၁၁။ တန်ဖိုးရှိပြန် ပစ္စုပ္ပန်၊
၁၂။ ပစ္စုပ္ပန်က အဓိက တရားတော်၊
စသည်ဖြင့် အမည်ပေးကာ ဟောကြားနိုင်ပါသည်။

၅-၇-၉၇ (စနေနေ့)
ည-ရနာရီ။

အဆင်းတင့်တယ် ကြည်ညိုဖွယ် တရားတော်ပြီး၏။

http://www.dhammadownload.com



သာသနာတော်သက္ကရာဇ် ၂၅၄၁–ခုနှစ်၊ လူတို့ဝေါဟာ
ကောဇာသက္ကရာဇ် ၁၃၅၉–ခုနှစ်၊ ဝါဆိုလဆန်း (၂)ရက်
(၆–၇–၉၇) တနင်္ဂနွေနေ့
ရန်ကုန်တိုင်း၊သာကေတမြို့နယ် (၇)ရပ်ကွက်၊
အောင်သပြေ (၁၂)လမ်း၊ အမှတ်–၉၆၄/ခ ၌ နေထိုင်ကြသော
မောင်အောင်မြတ်–မခင်မာအေး၊ သမီး–ဇာခြည်အောင်တို့၏
**မြင်းခြံကိုးဆောင် ကံဆောင်ကမ္မဝါစာများ**
**လှူဒါန်းကော်ရော် ပူဇော်ကြသည့် ကမ္မဝါစာလှူပွဲ၌**
**ဟောကြား ပြောကြားအပ်သော**

# ကမ္မဝါစာလှူ+ကံကောင်းသူ
# တရားတော်

---

ဒီနေ့ မောင်အောင်မြတ်–မခင်မာအေး၊ သမီး–ဇာခြည်အောင်တို့ရဲ့ ကမ္မဝါစာလှူပွဲမှာ ဟောကြားမည့်တရားတော်က ဘာတရားတော်တဲ့လဲ။

(ကမ္မဝါစာလှူ ကံကောင်းသူ တရားတော်ပါဘုရား)

အေး...အဲဒီ ကမ္မဝါစာလှူ ကံကောင်းသူဆိုတဲ့ တရားတော်ကို အနည်းငယ်မျှ ဟောကြ ပြောကြရအောင်နော်။

(မှန်လှပါဘုရား)

ဘာ့ကြောင့် ကမ္မဝါစာလှူတဲ့သူတွေဟာ ကံကောင်းသလဲဆိုတော့ သာသနာတော်မှာ ကံကြီးကံငယ်အသွယ်သွယ်တွေ ဆောင်ရွက်တဲ့အခါမှာ ဒီကမ္မဝါစာဟာ အဓိကပဓာနကျတယ်၊ ဒါကြောင့် ကမ္မဝါစာလှူဒါန်းရတာဟာ အင်မတန်မှအဆင့်အတန်းမြင့်တဲ့ ကံကောင်းတဲ့ပုဂ္ဂိုလ်များလို့ ခေါ်ပါတယ်။

http://www.dhammadownload.com



ရဟန်းခံတဲ့အခါ ဒီကမ္မဝါစာမပါရင် ပြီးကိုမပြီးဘူး၊ ဒီကမ္မဝါစာမပါရင် ဖြစ်ကိုမဖြစ်ဘူး၊ ဒါကြောင့် ရဟန်းဖြစ်ဖို့ရန် ကမ္မဝါစာအဓိက လိုပြန်တယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ရဟန်းခံရာ၊ ကမ္မဝါ၊ မပါမပြီးပေ။

* ရဟန်းခံရာ၊ ကမ္မဝါ၊ မပါမဖြစ်ပေ။

* ရဟန်းခံရာ၊ ကမ္မဝါ၊ မှန်စွာအဓိကပေ။

ကျန်တဲ့ ဥပုသ်ကံ၊ ပဝါရဏာကံ၊ ကထိန်ကံ၊ ကထိန်နုတ်ကံ၊ သိမ်နုတ်ကံ၊ သိမ်သမုတ်ကံတွေ ဆောင်ရွက်တဲ့အခါမှာလည်း ကမ္မဝါစာမပါရင် မပြီးဘူး၊ မဖြစ်ဘူး၊ ဒီနေ့ မောင်အောင်မြတ်-မခင်မာအေးတို့လှူဒါန်းတဲ့ ကမ္မဝါစာဟာ အဓိကပဓာနဖြစ်တယ်။

အဲဒီ အဓိကပဓာနကျတဲ့ ကျေးဇူးများတဲ့ ကမ္မဝါစာလှူဒါန်းကြတဲ့ မောင်အောင်မြတ်-မခင်မာအေး၊ သမီး-ဓာခြည်အောင်တို့ဟာ ကံကောင်းကြသူတွေပါပဲလို့ ဝမ်းမြောက်ဖွယ်ရာ တရားဒေသနာတော်ကို ဟောကြားခဲ့ပါတယ်။

မောင်အောင်မြတ်၊

(ဘုရား)

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးလှူသူတွေ တော်တော်လေးပေါများတယ်နော်။

(မှန်လှပါဘုရား)

တကယ်သာသနာတော်အတွက် အဓိကပဓာနကျတဲ့ ဒီကမ္မဝါစာလှူဖို့ကျတော့ မေ့နေကြတယ်နော်။

(မှန်လှပါဘုရား)

အဲဒီ အများသူငါတွေလှူဖို့မေ့နေတာကို ဒီနေ့မောင်အောင်မြတ်တို့က မမေ့ပဲဖြည့်စွက်လိုက်တာ ဦးပဥ္စင်းတို့က တော်တော်ကျေနပ်ဝမ်းမြောက်မိတယ်နော်။

(မှန်လှပါဘုရား)

ဆွမ်း ,သင်္ကန်း ,ကျောင်း ,ဆေး ပစ္စည်းလေးပါးထဲမှာ ဆွမ်းလှူတဲ့သူဟာ အများဆုံးပါပဲ၊ ပြီးတော့ သင်္ကန်းလှူတဲ့သူနည်းလာတယ်၊ ကျောင်း

http://www.dhammadownload.com



လှူတဲ့သူ ပိုနည်းသွားတယ်၊ ဆေးလှူတဲ့သူလည်း သိပ်မများပါဘူး၊ များတာကတော့ ဆွမ်းလှူတဲ့သူပါပဲ။

ကမ္ဗဝါစာလှူတဲ့သူ ရှားပါတယ်၊ မလှူနိုင်လို့တော့မဟုတ်ပါဘူး၊ အကျိုးရှိတာ အကျိုးများတာ ကျေးဇူးများတာ သတိမထားမိလို့ပါပဲ။

လူတစ်ရာမှာ တစ်ယောက်၊ လူတစ်ထောင်မှာ တစ်ယောက်တောင်မှ ကမ္ဗဝါစာလှူတဲ့သူ မရှိချင်ဘူးနော်။

(မှန်လှပါဘုရား)

ဒီလိုပြောပြောနေတာ မောင်အောင်မြတ်တို့ကို မြှောက်ပြော မြှောက်ပြောနေတာ မဟုတ်ဘူးနော်၊ တကယ်ကို လူတွေသတိမထားမိကြတာကို သိစေချင်တဲ့စေတနာနဲ့ ဟောရေ ပြောနေတာပါ။

ဒီကနေ့ မောင်အောင်မြတ်တို့ အများသတိမပြုမိတာကို သတိပြုမိပြီးတော့ ကံကြီးကံငယ် အသွယ်သွယ်တွေ ဆောင်ရွက်တဲ့အခါမှာ တကယ် ကျေးဇူးများတဲ့ ကမ္ဗဝါစာအလှူ လှူရတာဟာ ကံကောင်းသူတွေဖြစ်လို့ပါပဲလို့ ဟောခဲ့ပါတယ်။

ဒီနေ့ မောင်အောင်မြတ်တို့ မိသားစုဟာ ကံကောင်းတဲ့သူတွေနော်။

(မှန်လှပါဘုရား)

ဘာ့ကြောင့် ကံကောင်းတာပါလိမ့်။

(ကံကြီးကံငယ်ဆောင်ရွက်ရာမှာ ကျေးဇူးများတဲ့ ကမ္ဗဝါစာလှူရလို့ ပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(ကမ္ဗဝါစာလှူ ကံကောင်းသူတရားတော်ပါဘုရား)

ကဲ...လင်္ကာလေး လိုက်ဆိုကြ–

* ကံကြီးကံငယ်၊ အသွယ်သွယ်အဖြာဖြာ၊ ဆောင်ရွက်ရာ၌၊ သေချာ သိထား၊ ကျေးဇူးများကာ၊ ကမ္ဗဝါလှူ၊ ကံကောင်းသူ၊ မှတ်ယူခေါ် ရသည်။

အေး...အဲဒါကြောင့်လည်း ကံကောင်းသူဖြစ်တယ်၊ နောက်ပြီးတော့ သူများမမြင်တဲ့အလှူကိုမြင်ပြီး လှူရတဲ့အတွက်လည်း ကံကောင်းသူဖြစ်တယ်၊ သူများတွေသတိမထားမိတာကိုလည်း သတိထားမိကာ လှူဖြစ်တဲ့အတွက်လည်း ကံကောင်းသူဖြစ်တယ်၊ သူများမသိတဲ့အလှူကို ကိုယ်ကသိပြီးတော့ လှူရတဲ့အတွက်ကြောင့်လည်း ကံကောင်းသူဖြစ်တယ်ပေါ့၊ ကမ္ဗဝါစာလှူတဲ့

http://www.dhammadownload.com



အတွက် ကံကောင်းသူတွေဖြစ်ပုံကို အကျယ်ရဲ့ပြောရင် ပြောလို့ဆုံးမှာ မဟုတ်တော့ဘူး။

ကဲ...လင်္ကာလေးထွေ လိုက်ဆိုကြ–

* သူများမလှူ၊ ကိုယ်ကလှူ၊ ကိုယ်မှုကံကောင်းသူ။

* သူများမမြင်၊ ကိုယ်ကမြင်၊ ကိုယ်လျှင်ကံကောင်းသူ။

* သူများသတိ၊ မထားမိ၊ ထားမိကံကောင်းသူ။

* သူများမသိ၊ ကိုယ်ကသိ၊ ထူးဘိကံကောင်းသူ။

နောက် မောင်အောင်မြတ်တို့ ကံကောင်းတာရှိသေးတယ်၊ အဲဒါ ဘာလဲဆိုတော့ မောင်အောင်မြတ်၊ ဒကာမ မခင်မာအေးရဲ့အဖေက "သမီးတို့ ဆင်ဖြူတောင်က သူဌေးကျောင်း၊ ဒီမြင်းခြံ ကိုးဆောင်ကံဆောင် ကမ္ဗဝါစာ မရှိဘူးဆိုတော့ လှူရတာ သမီးတို့ပိုပြီးတော့ ကံကောင်းတာပေါ့တဲ့။

မခင်မာအေး အဖေပြောတဲ့အတိုင်းလည်း မောင်အောင်မြတ်တို့ ကံကောင်းသူတွေပဲနော်။

(မှန်လှပါဘုရား)

မောင်အောင်မြတ်၊ (ဘုရား)

အဲဒီ ဆင်ဖြူတောင်က သူဌေးကျောင်းလို့ပြောတဲ့ မခင်မာအေးအဖေ ပြောလိုက်စမ်းပါ၊ ကျန်တဲ့ဟာတွေဌေးပေမယ့် မြင်းခြံကိုးဆောင်ကမ္ဗဝါစာ ကောင်း မဌေးပဲဖြစ်နေတယ်လို့။

(ရယ်မောကြ)

တကယ်ပြောတာပါ မောင်အောင်မြတ်တို့မြင်တဲ့အတိုင်းပဲ ရှေ့မှာ ပါလာတဲ့ ကမ္ဗဝါစာ ခပ်နွမ်းနွမ်းလေးပဲရှိတယ်နော်။

(မှန်လှပါဘုရား)

ကျန်တာတွေ ပေါသင့်သလောက်ပေါပေမယ့်၊ မောင်အောင်မြတ်...

(ဘုရား)

မြင်းခြံကမ္ဗဝါစာ ကောင်းကောင်းမပေါဘဲ ဖြစ်နေတယ်နော်။

(မှန်လှပါဘုရား)

ကံကြီးကံငယ် အသွယ်သွယ်တွေ ဆောင်ရွက်တိုင်းမောင်အောင်မြတ်တို့ ကုသိုလ်တွေအမြဲထဲစေပါနေပြီ ကုသိုလ်တွေတိုးပွားနေပြီနော်။

(မှန်လှပါဘုရား။)

http://www.dhammadownload.com



အိမ်သစ်တက်မင်္ဂလာတို့ ကျန်းမာရေးမကောင်းတဲ့အခါတို့ကျတော့လည်း အန္တရာယ်ကင်း ကမ္မဝါစာ, ပဗ္ဗဇနီယကမ္မဝါစာတွေဟာ အဓိကကျပြီး ပါနေရပြန်တယ်၊ ကားတို့၊လမ်းတို့၊ရပ်ကွက်တို့၊ရွာတို့၊မြို့တို့ အန္တရာယ်ကင်းဖို့လည်း အဲဒီကမ္မဝါစာတွေကို ရွတ်ဖတ်ကျရပြန်တယ် ဒီတော့ မောင်အောင်မြတ်၊

(ဘုရား။)

ကျောင်းတွက်သာမက အိမ်အတွက်ပါ ရဟန်းတော်တွေ အတွက်သာမက လူတွေအတွက်ပါ ကမ္မဝါစာဟာ ကျေးဇူးများတယ်နော်။

(မှန်လှပါဘုရား။)

ဒါကြောင့် မောင်အောင်မြတ်တို့ ကမ္မဝါစာအလှူပွဲမှာ "ကမ္မဝါစာလှူ ကံကောင်းသူ"လို့ တရားအမည်ပေးဟောခဲ့တာပါ။

အဲဒီ ကမ္မဝါစာလှူ ကံကောင်းသူဆိုတဲ့ တရားတော်လာအတိုင်း ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေလည်းပဲ သာသနာရေးဆိုင်ရာ ကံကြီးကံငယ် အသွယ်သွယ် ဆောင်ရွက်တဲ့အခါမှာ ကမ္မဝါစာမပါမပြီး တကယ်အကျိုးကြီးတဲ့ကုသိုလ်, ကျေးဇူးများတဲ့ ကုသိုလ်လို့ သဘောကျပြီး ကမ္မဝါစာလှူရမှာမေ့နေကြတဲ့ မေ့ကွက်ကို ရှာကာ ဖြည့်စွက်သေချာ ကမ္မဝါစာလှူဒါန်းပေးကြနော်။

(မှန်လှပါဘုရား)

မောင်အောင်မြတ်။

(ဘုရား)

ကောင်းတဲ့ကံတွေ မထချင်ဘူးလား။

(ထချင်ပါတယ်ဘုရား)

အေး...ကံထလိုပါက ကမ္မဝါစာလှူရမယ်နော်။

(မှန်လှပါဘုရား)

ကောင်းတဲ့ကံတွေ အောင်ချင်ရင်တော့ ကံဆောင်ကမ္မဝါစာလှူရမယ်နော်။

(မှန်လှပါဘုရား)

ကောင်းတဲ့ကံတွေ မ,စေချင်ရင် ကမ္မဝါစာလှူရမယ်ပေါ့။

ဝမ်းမြောက်ဖွယ်ရာ ဓာတ်သံပါတဲ့ လင်္ကာလေးတွေ လိုက်ဆိုကြ–

http://www.dhammadownload.com



* ကံထိုဖို့ရာ၊ ကမ္မဝါ၊ မှန်စွာအမြဲလျှ။
* ကံအောင်ဖို့ရာ၊ ကံဆောင်သာ၊ မှန်စွာအမြဲလျှ။
* ကံမဖို့ရာ၊ ကမ္မဝါ၊ မှန်စွာအမြဲလျှ။
* ကံလှဖို့ရာ၊ ကမ္မဝါ၊ မှန်စွာအမြဲလျှ။
* ကံထပ်ဖို့ရာ၊ ကမ္မဝါ၊ မှန်စွာအမြဲလျှ။

မောင်အောင်မြတ်။

(ဘုရား)

များသောအားဖြင့် စာရွက် စက္ကူစတဲ့ အကြောင်းကြောင်းတွေကြောင့် ကမ္မဝါစာတွေဟာ အဖြစ်ပဲ၊ စာရွက်တွေ စက္ကူတွေအဖြစ်သုံးပြီး ရောင်းကြပါတယ်။

ဒီမြင်းခြံကိုးဆောင် ကံဆောင် ကမ္မဝါစာကတော့ အဖြစ်မဟုတ်ဘူး အသစ်အစစ် စီမံထားတယ်၊ အဟောင်းမဟုတ်ဘူး၊ အကောင်းစီမံထားတယ်၊ သပ်သပ်ယပ်ယပ် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ခံ့ခံ့ညားညား လှလှပပ စီမံထားတယ်နော်။

(မှန်လှပါဘုရား)

များသောအားဖြင့် အသစ်မလှူချင်ကြဘူး၊တော်ရုံတန်ရုံအဟောင်းပဲ လှူချင်ကြတယ်။

ဒါ့ကြောင့် ဦးပဥ္စင်းကတော့ တရားဟောတိုင်း ဒကာ ဒကာမတွေကို အသိဉာဏ်ပေးလိုတဲ့အတွက် အဖြစ်မလှူပါနဲ့ အသစ်လှူပါ၊အဖြစ်လှူရင် ဘဝတိုင်းဘဝတိုင်း အဖြစ်ပဲရမှာပေါ့၊ အသစ်လှူမှ အသစ်ရမှာပေါ့၊ အဟောင်းမလှူပါနဲ့ အကောင်းလှူပါ၊ အဟောင်းလှူရင် ဘဝတိုင်းဘဝတိုင်း အဟောင်းပဲရမှာပေါ့၊ အကောင်းလှူမှ အကောင်းရမှာပေါ့၊ အညံ့မလှူပါနဲ့ အသန့်လှူပါ၊ အညံ့လှူရင် အညံ့ပဲရမှာပေါ့၊ အသန့်လှူမှ ဘဝတိုင်းဘဝတိုင်း အသန့်ပဲရမှာပေါ့လို့ အမြဲဟောပြောမိပါတယ်။

မောင်အောင်မြတ်။

(ဘုရား)

ဒီ မြင်းခြံ ကိုးဆောင် ကံဆောင်ကမ္မဝါစာကြီးက အဖြစ်မဟုတ်ဘူး နော် အသစ်၊

(မှန်လှပါဘုရား)

အညစ်မဟုတ်ဘူးနော်၊ အသစ် အစစ်၊ အဟောင်းမဟုတ်ဘူးနော် အကောင်း၊ အညံ့မဟုတ်ဘူးနော် အသန့်။

(မှန်လှပါ၊ ဝမ်းမြောက်ပါတယ်ဘုရား)

http://www.dhammadownload.com



အေး...ဝမ်းမြောက်ရမယ်၊ ဝမ်းမြောက်ရင် မှန်ပါစေဆိုတဲ့ လင်္ကာလေး လိုက်ဆိုကြ–

* အဖြစ်မလှူ၊ အသစ်လှူ၊ အလှူမှန်ပါစေ။
* အတုမလှူ၊ အစစ်လှူ၊ အလှူမှန်ပါစေ။
* အဟောင်းမလှူ၊ အကောင်းလှူ၊ အလှူမှန်ပါစေ။
* အညံ့မလှူ၊ အသန့်လှူ၊ အလှူမှန်ပါစေ။

ကဲ...တော်တော်လေး ပြည့်စုံသွားပြီ၊ မောင်အောင်မြတ်တို့ မြင်းခြံကိုးဆောင်ကမ္ဗဝါစာလှူဒါန်းပွဲမှာ ဟောကြားလိုက်တဲ့ တရားတော်က ဘာတရားတော်တဲ့လဲ။

(ကမ္ဗဝါစာလှူ ကံကောင်းသူတရားတော်ပါဘုရား)

ကဲ...ကမ္ဗဝါစာမပါမပြီးဆိုတဲ့ လင်္ကာတွေနဲ့ တရားသိမ်းကြရအောင် အားလုံးလိုက်ဆိုကြ–

* ဥပုသ်ကံမှာ၊ ကမ္ဗဝါ၊ မပါမပြီးပေ။
* ပဝါရဏာ၊ ကမ္ဗဝါ၊ မပါမပြီးပေ။
* ကထိန်ကံမှာ၊ ကမ္ဗဝါ၊ မပါမပြီးပေ။
* ကထိန်နုတ်ရာ၊ ကမ္ဗဝါ၊ မပါမပြီးပေ။
* သိမ်နုတ်ကံမှာ၊ ကမ္ဗဝါ၊ မပါမပြီးပေ။
* သိမ်သမုတ်ရာ၊ ကမ္ဗဝါ၊ မပါမပြီးပေ။
* ကျေးဇူးများတာ၊ ကမ္ဗဝါ၊ သေချာသိလှူလေ့။
* ကမ္ဗဝါလှူ၊ ကံကောင်းသူ၊ မှတ်ယူလှူကြလေ။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ မြင်းခြံကိုးဆောင်မှု ,မင်းကွန်းတိပိဋကရေမှု စသော ကမ္ဗဝါကောင်း ကမ္ဗဝါမြတ်လှူပွဲတိုင်း ဟောပါ။

တရားအမည်ပေးရာ၌–

၁။ သူများမလှူတာ ကိုယ်လှူပါ တရားတော်၊
၂။ သူများမမြင်တာ ကိုယ်မြင်ပါ တရားတော်၊
၃။ မသိသူကျော်သွား သိသူဖော်စား တရားတော်၊

http://www.dhammadownload.com



၄။ သူများမေ့ပေမယ့် ကိုယ်မမေ့ပါနဲ့ တရားတော်၊
၅။ မေ့ကွက်ကိုရှာ တရားတော်၊
၆။ ကံထလိုသူ ကမ္မဝါလှူ တရားတော်၊
၇။ ကံအောင်လိုသူ ကမ္မဝါလှူ တရားတော်၊
၈။ ကံထစေလိုသူ ကမ္မဝါလှူ တရားတော်၊
၉။ အဖြစ်မလှူ အသစ်လှူပါ၊
၁၀။ အညစ်မလှူ အသစ်လှူပါ တရားတော်၊
၁၁။ အဟောင်းမလှူ အကောင်းလှူပါ တရားတော်၊
၁၂။ အညံ့မလှူ အသန့်လှူပါ တရားတော်၊
၁၃။ ကံကောင်းလိုသူ ကမ္မဝါလှူ တရားတော်၊

စသည်ဖြင့် ကြိုက်ရာအမည်ပေးကာ ဟောကြားနိုင်ပါသည်။

၆-၇-၉၇ (တနင်္ဂနွေ)
ည(၁၀း၃၀)နာရီ။

ကမ္မဝါစာလှူ ကံကောင်းသူ တရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ဇာတကပါဠိတော်၊ မဟာနိပါတ်၊ မဟာနာရဒကဿပ
ဇာတ်တော်လာ ဂါထာနှစ်ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ယောကျ်ားဖြစ်ကြောင်း+နည်းလမ်းကောင်း တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က ယောကျ်ား ဖြစ်ကြောင်း နည်းလမ်းကောင်းတရားတော်တဲ့။

ဘာတရားတဲ့လဲ။

(ယောကျ်ားဖြစ်ကြောင်း နည်းလမ်းကောင်းတရားတော်ပါဘုရား)

ကဲ…စပြီးတော့ ဟောကြ နာကြရအောင်။

**ယော ဣစ္ဆေ ပုရိသော ဟောတုံ၊ ဇာတိ ဇာတိ ပုနပ္ပုနံ။**
**ပရဒါရံ ဝိဝဇ္ဇေယျ၊ ဓောတပါဒေါဝ ကဒ္ဒမံ။**

(ဇာတကပါဠိ-၂-၂၆၈)

ယောပုရိသော-အကြင်ယောကျ်ားသည်၊ ဇာတိ ဇာတိ-ဖြစ်တိုင်း ဖြစ်တိုင်း၊ ပုနပ္ပုနံ-အဖန်တလဲလဲ၊ ပုရိသော-ယောကျ်ားသည်၊ ဟောတုံ-ဖြစ်ခြင်းငှာ၊ ဣစ္ဆေ-အလိုရှိသည်ဖြစ်အံ့၊ ဓောတပါဒေါ-ဆေးပြီးသောခြေရှိ သူသည်၊ ကဒ္ဒမံ-ညွှန်ကို၊ (ဝိဝဇ္ဇတိဣဝ-ကြဉ်ရှောင်သကဲ့သို့)၊ တထာ-ထို့အတူ၊ သောပုရိသော-ဖြစ်တိုင်း ဖြစ်တိုင်း အဖန်တလဲလဲ ယောကျ်ား အဖြစ်ကိုအလိုရှိသော ထိုယောကျ်ားသည်၊ ပရဒါရံ-သူတစ်ပါးမယားကို၊ ဝိဝဇ္ဇေယျ-ရှောင်ကြဉ်ရာ၏။

http://www.dhammadownload.com



ဘဝတိုင်းဘဝတိုင်း အဖန်တလဲလဲ ယောကျ်ားဖြစ်လိုတဲ့ ယောကျ်ားဟာ ခြေဆေးပြီးတဲ့သူ ညွှန်ကိုရှောင်သလို သူများမယားကို မပြစ်မှားရဘူး ရှောင်ကြဉ်ရမယ်တဲ့။

ဒီနေ့ တရားနာနေကြတဲ့ဒကာကြီးတွေ ဘဝတိုင်းမြင့်မြတ်တဲ့ယောကျ်ား မဖြစ်ချင်ကြဘူးလား။

(ဖြစ်ချင်ပါတယ်ဘုရား)

အေး...ဖြစ်ချင်ရင် ဘာကိုရှောင်ရမတဲ့လဲ။

(သူများမယားကို ရှောင်ရမှာပါဘုရား)

ဒီတော့ ယောကျ်ားဖြစ်ကြောင်း နည်းလမ်းကောင်းဟာ သူများမယားကို ရှောင်ကြဉ်ခြင်းပဲနော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ဘဝတိုင်းမှတ်၊ ယောကျ်ားမြတ်၊ မပြတ်ဖြစ်လိုလျှင်။

* သူများမယား၊ မပြစ်မှား၊ ရှောင်ရှားဝေးစွာပင်။

ယောကျ်ားတွေအတွက် ယောကျ်ားဖြစ်ကြောင်း နည်းလမ်းကောင်းကို ဆက်ပြီးတော့ ဟောကြ နာကြပါစို့။

**ယာကင်္ခေ ပုရိသော ဟောတုံ၊ ဇာတိ ဇာတိ ပုနပ္ပုနံ။**
**သာမိကံ အပစာယေယျ၊ ဣန္ဒံဝ ပရိစာရိကာ။**

(ဇာတကပါဠိ၊၂-၂၆၈)

ယာဏ္ဍတ္ထိ-အကြင်မိန်းမသည်၊ ဇာတိ ဇာတိ-ဖြစ်တိုင်း ဖြစ်တိုင်း၊ ပုနပ္ပုနံ-အဖန်တလဲလဲ၊ ပုရိသော-ယောကျ်ားသည်၊ ဟောတုံ-ဖြစ်ခြင်းငှာ၊ ကင်္ခေ-အလိုရှိသည်ဖြစ်အံ့၊ ပရိစာရိကာ-အလုပ်အကျွေးဖြစ်သော နတ်သမီးတို့သည်၊ ဣန္ဒံ-သိကြားမင်းကို၊ အပစာယန္တိဣဝ-ရိုသေနေ့ည လုပ်ကျွေးပြုစုကြကုန်သကဲ့သို့၊တထာ-ထို့အတူ၊ သာဏ္ဍတ္ထိ-ထိုမိန်းမသည်၊ သာမိကံ-မိမိလင်ကို၊ အပစာယေယျ-မပစ်မမှား အချစ်ပွား၍ အားထားကြည်ညို အရိုအသေ ပြုစုလုပ်ကျွေးပေရာ၏။

ဒီနေ့ တရားနာနေကြတဲ့ ဒကာမကြီးတွေ ဘဝတိုင်းယောကျ်ားဖြစ်ချင်ရင် သိကြားမင်းရဲ့ အလုပ်အကျွေးနတ်သမီးတွေဟာ သိကြားမင်းကို ရိုရိုသေသေ ပြုစုလုပ်ကျွေးသလို မိမိရဲ့လင်ယောကျ်ားကို မပြစ်မှားပဲ အချစ်တွေပွား အချစ်တွေများကာ ရိုရိုသေသေပြုစုရမယ်တဲ့၊ ဒကာမကြီးတွေ

http://www.dhammadownload.com



ယောက်ျားမဖြစ်ချင်ကြဘူးလား။

(ဖြစ်ချင်ပါတယ်ဘုရား)

အေး…ဖြစ်ချင်ရင် မိမိရဲ့လင်ယောက်ျားကို ရိုရိုသေသေပြုစုလုပ်ကျွေးရမယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ ဒကာမတွေ ယောက်ျားဖြစ်ကြောင်း နည်းလမ်းကောင်းက ဘာတဲ့လဲ။

(မိမိလင်ယောက်ျားကို ရိုရိုသေသေ ပြုစုလုပ်ကျွေးခြင်းပါဘုရား)

ဒီနေ့ဟောလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ယောက်ျားဖြစ်ကြောင်း နည်းလမ်းကောင်းတရားတော်ပါဘုရား)

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* ဘဝတိုင်းမှတ်၊ ယောက်ျားမြတ်၊ မပြတ်ဖြစ်လိုသော်။

* မိမိယောက်ျား၊ မပြစ်မှား၊ လေးစားရိုသေနော်။

* မိမိယောက်ျား၊ မပြစ်မှား၊ လေးစားပြုစုနော်။

အဲဒီ ယောက်ျားဖြစ်ကြောင်း နည်းလမ်းကောင်းတရားတော်လာတဲ့အတိုင်း အမျိုးသားကလည်း သူများမယားရှောင်ကြဉ်ရမယ်၊ အမျိုးသမီးကလည်း မိမိလင်ယောက်ျားရဲ့အပေါ်မှာ ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုး ရိုရိုသေသေ လေးလေးစားစား ပြုစုလုပ်ကျွေးရင် အိမ်ထောင်ရေးသာယာမယ်၊ အဆင်ပြေမယ်၊ စီးပွားရေးတွေ တိုးတက်အောင်မြင်မယ်နော်။

(မှန်လှပါဘုရား)

အဲဒီ တရားဒေသနာတော်လာတဲ့အတိုင်း လိုက်နာကျင့်သုံးကာ အိမ်ထောင်ရေးသာယာပြီး အဆင်ပြေပြေ စီးပွားရေးတွေ အောင်မြင်တိုးတက် အကျိုးထွက်ကြပါစေသောရယ်လို့ ညီညီညာညာစုပေါင်းလို့ ဆုတောင်းလိုက်ကြကုန်ရာသတည်း။

(သာဓု…သာဓု…သာဓုပါဘုရား)

မှတ်ချက်။ ။ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲတိုင်း၊ အိမ်ထောင်ရေးအဆင်မပြေကြသူတိုင်းအတွက် သတိပေးဟောကြားသင့်ပါသည်။

http://www.dhammadownload.com



တရားအမည်ပေးရာ၌–
၁။ အိမ်ထောင်ရေးသာယာကြောင်း နည်းလမ်းကောင်း။
၂။ အိမ်ထောင်ရေးအဆင်ပြေကြောင်း နည်းလမ်းကောင်း။
၃။ ယောကျ်ားဖြစ်အောင် သူ့မယားကိုရှောင်။
၄။ ယောကျ်ားဖြစ်လို လင်ကြည်ညို တရားတော်။
စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၇–၇–၉၇ (တနင်္လာနေ့)
ည(၉း၃၀)နာရီ။

ယောကျ်ားဖြစ်ကြောင်း နည်းလမ်းကောင်းတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ဇာတကပါဠိတော် မဟာနိပါတ်
မဟာနာရဒကဿပ ဇာတ်တော်လာ
ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြား အပ်သော

# မကောင်းမှုရှောင်+ကောင်းမှုဆောင် တရားတော်

ဒီနေ့ ဒကာ(..........) ဒကာမ(..........)တို့ ဆွမ်း သင်္ကန်းဆပ်ကပ် ပွဲမှာ ဟောကြားမည့်တရားတော်က "မကောင်းမှုရှောင် ကောင်းမှုဆောင်" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(မကောင်းမှုရှောင် ကောင်းမှုဆောင် တရားတော်ပါဘုရား)

အေး...စပြီးတော့ ဟောကြ နာကြပါစို့။

**ယော ဣစ္ဆေ ဒိဗျဘောဂဉ္စ၊ ဒိဗ္ဗ မာယုံ ယသံ သုခံ။**
**ပါပါနိ ပရိဝဇ္ဇေတွာ၊ တိဝိဓံ ဓမ္မ မာစရေ။**

(ဇာတကပါဠိ၊၂-၂၆၈)

ယောနရော–အကြင်သူသည်၊ ဒိဗျဘောဂဉ္စ–နတ်၌ဖြစ်သောစည်းစိမ်ကိုလည်းကောင်း၊ ဒိဗ္ဗံ–အမှန်စင်စစ် နတ်၌ဖြစ်သော၊ အာယုဉ္စ–အသက်ရှည်ခြင်းကိုလည်းကောင်း၊ ဒိဗ္ဗံ–နတ်၌ဖြစ်သော၊ ယသဉ္စ–အခြံအရံကိုလည်းကောင်း ဒိဗ္ဗံ–နတ်၌ဖြစ်သော၊ သုခဉ္စ–ချမ်းသာကိုလည်းကောင်း၊ ဣစ္ဆေ–အတည်စင်စစ် အလိုရှိသည်ဖြစ်အံ့၊ သောနရော–ထိုသူသည်၊ ပါပါနိ–မကောင်းမှုတို့ကို၊ ပရိဝဇ္ဇေတွာ–ရှောင်ကြဉ်၍၊ တိဝိဓံ–သုံးပါးအပြားရှိသော၊ ဓမ္မံ–ဘုရားအကြိုက် အများလိုက်၍ အားစိုက်ကျင့်အပ် သုစရိုက်တရားမြတ်ကို၊ အာစရေ–နေ့နေ့ ညည မမေ့ကြပဲ စိတ်အကြည်သာ ကျင့်ကြံရာ၏။

http://www.dhammadownload.com



၁။ နတ်စည်းစိမ်၊

၂။ နတ်အသက်ရှည်ခြင်း၊

၃။ နတ်အခြံအရံ၊

၄။ နတ်ချမ်းသာတွေ အလိုရှိတဲ့သူတွေဟာ မကောင်းမှုရှောင်ကြဉ်ပြီးတော့ ကောင်းတဲ့သုစရိုက် သုံးမျိုးကိုဆောင်ရမယ်၊ ကျင့်ကြံကြိုးစားအားထုတ်ရမယ်တဲ့။

ဒီနေ့ ဆွမ်းတွေ သင်္ကန်းတွေ ဆက်ကပ်လှူဒါန်းပူဇော်ကြတဲ့ ဒကာဒကာမတွေဟာ မကောင်းတဲ့ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တွေကိုရှောင်ကြဉ်ပြီးတော့ ကောင်းတဲ့ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်တွေကို ကျင့်နေကြတာနော်။

(မှန်လှပါဘုရား)

ဒီတော့ မကောင်းတဲ့ဒုစရိုက်သုံးမျိုးက ရှောင်ရမည့်တရား၊ ကောင်းတဲ့ ကာယ ဝစီ မနောဆိုတဲ့ သုစရိုက်သုံးမျိုးကဆောင်ရမည့်တရား ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ဒီတော့ ဒီနေ့ဟောလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(မကောင်းမှုရှောင် ကောင်းမှုဆောင်တရားတော်ပါဘုရား)

အဲဒီမကောင်းတဲ့ဒုစရိုက်တွေ ရှောင်ပြီးတော့၊ ကောင်းတဲ့သုစရိုက်သုံးပါးကို ကျင့်ကြံတာ ဆောင်တာဟာ ဘုရားအကြိုက်ပဲနော်။

(မှန်လှပါဘုရား)

ဒီတော့ ဘုရားအကြိုက် ကျင့်ကြံရမည့်တရား ဘယ်နှစ်ပါးတဲ့လဲ။

(သုစရိုက်သုံးပါးပါဘုရား)

အဲဒီ သုစရိုက်သုံးပါးမှာလည်း ကာယသုစရိုက်ကသုံးပါး၊ ဝစီသုစရိုက်ကလေးပါး၊ မနောသုစရိုက်ကသုံးပါး ပေါင်းလိုက်တော့ သုစရိုက်ဆယ်ပါး ရှိတယ်။

ကာယသုစရိုက်သုံးပါးက ဘာတွေလည်းဆိုတော့-

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပါဏာတိပါတ ဝိရတိ။

၂။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဒိန္နာဒါန ဝိရတိ။

၃။ ကာမဂုဏ်တို့၌ ယုတ်မာစွာကျင့်မှုမှ ရှောင်ကြဉ်ခြင်း၊ ကာမေသု မိစ္ဆာစာ ဝိရတိပါပဲ။

http://www.dhammadownload.com



ကဲ...ကာယသုစရိုက်သုံးပါး လင်္ကာလေးတွေ လိုက်ဆိုကြ–

* သတ် ခိုး ကာမ၊ ဤသုံး၀၊ နေ့ည ရှောင်ကြဉ်လိုက်။

* သေချာမှတ်ရှု၊ ဤသုံးခု၊ ကာယသုစရိုက်။

ဝစီသုစရိုက်လေးပါးက ဘာတွေလဲဆိုတော့–

၁။ မဟုတ်မမှန်တာပြောဆိုခြင်း ရှောင်ကြဉ်မှု မုသာဝါဒ ဝိရတိ။

၂။ ချစ်သူနှစ်ဦးကွဲကွာသွားအောင် မိမိကိုအချစ်ပိုအောင် ချစ်သူနှစ်ဦးကို ကုန်းတိုက်ပေးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပိသုဏာဝါစာ ဝိရတိ။

၃။ ရှန့်ရင်းကြမ်းတမ်းစွာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဖရုသဝါစာ ဝိရတိ။

၄။ ပြိန်ဖျင်းတဲ့စကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း သမ္ဖပ္ပလာပ ဝိရတိတို့ပါပဲ။

ကဲ...ဝစီသုစရိုက်လေးပါး လင်္ကာလေး လိုက်ဆိုကြ–

* မမှန်+ကုန်းတိုက်၊ ကြမ်းမိုက်+ပြိန်ဖျင်း၊ ပြောဆိုခြင်း၊ ရှင်းရှင်း ရှောင်ကြဉ်လိုက်။

* ဤလေးပါးသည်၊ မှတ်ရမည်၊ ဝစီသုစရိုက်။

မနောသုစရိုက်သုံးပါးက ဘာတွေလဲဆိုတော့–

၁။ သူတစ်ပါးစည်းစိမ်ကို ငါ့ဟာဖြစ်ရင်ကောင်းမှာပဲလို့ မတရားမကြံစည်ခြင်း၊ မတရားအလိုမရှိခြင်း အနဘိဇ္ဈာ။

၂။ သေကြေပျက်စီးသွားရင် ကောင်းမှာပဲလို့ သူတစ်ပါးကိုမပြစ်မှားခြင်း အဗျာပါဒ။

၃။ ကောင်းသော မှန်သောအယူကိုယူခြင်း သမ္မာဒိဋ္ဌိတို့ပါပဲ။

ကဲ...မနောသုစရိုက်သုံးပါး လင်္ကာလေးတွေ လိုက်ဆိုကြ–

* အနဘိဇ္ဈာ၊ အဗျာပါ၊ သမ္မာဒိဋ္ဌိလိုက်။

* သေချာမှတ်ရှု၊ ဤသုံးခု၊ မနောသုစရိုက်။

သုစရိုက်ဆယ်ပါးကို ပြောင်းပြန်မှတ်လိုက်ရင် ဒုစရိုက်ဆယ်ပါး ဖြစ်သွားတယ်နော်။

(မှန်လှပါဘုရား)

မကောင်းတဲ့ ဒုစရိုက်တရားတွေကို ရှောင်ရှားပြီးတော့ ကောင်းတဲ့ သုစရိုက်တရားတွေကို ဆောင်ထားရင် နတ်ဌာနဖြစ်တဲ့စည်းစိမ်ဥစ္စာ နတ်ဌာနဖြစ်တဲ့ အသက်ရှည်ခြင်း၊ နတ်ဌာနဖြစ်တဲ့ အခြံအရံ၊ နတ်ဌာနဖြစ်တဲ့ ချမ်းသာတွေကို မုချပိုင်ပိုင် ရရှိနိုင်ပါတယ်။

http://www.dhammadownload.com



ဒီနေ့ ဆွမ်းကပ် သင်္ကန်းကပ်နေတာတွေဟာ ကောင်းတဲ့ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်တွေ အကုန်လုံးဖြစ်နေတယ်နော်။

(မှန်လှပါဘုရား)

နတ်ပြည်မှာဖြစ်တဲ့ စည်းစိမ်ဥစ္စာစတဲ့ ကောင်းကျိုးတရားတွေ အလိုရှိရင် ဘာလုပ်ရမတဲ့လဲ။

(မကောင်းမှုရှောင် ကောင်းမှုဆောင်ရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတဲ့လဲ။

(မကောင်းမှုရှောင် ကောင်းမှုဆောင် တရားတော်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* မကောင်းမှုရှောင်၊ ကောင်းမှုဆောင်လစ်၊ နတ်ပြည်ဖြစ်၊ စင်စစ် စည်းစိမ်ရ။
* မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ချစ်၊ နတ်ပြည်ဖြစ်၊ စင်စစ် သက်ရှည်ရ။
* မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ချစ်၊ နတ်ပြည်ဖြစ်၊ စင်စစ် ခြံရံရ။
* မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ချစ်၊ နတ်ပြည်ဖြစ်၊ စင်စစ် ချမ်းသာရ။

ဒီနေ့ မကောင်းမှုရှောင် ကောင်းမှုဆောင်ပြီးတော့ ဆွမ်း သင်္ကန်းကပ်ကြတဲ့ ဒကာ ဒကာမတွေဟာ နတ်ပြည်မှာဖြစ်တဲ့ စည်းစိမ်စတဲ့ ကောင်းကျိုးတွေရမှာ မလွဲဘူးနော်။

(မှန်လှပါဘုရား)

အမှန်ကတော့ မကောင်းမှုရှောင် ကောင်းမှုဆောင်ထားရင် ခုဘဝ နောက်ဘဝ စည်းစိမ်ရခြင်း၊ အသက်ရှည်ခြင်း၊ အခြံအရံရှိခြင်း၊ ချမ်းသာခြင်း ကောင်းကျိုးတွေရရှိမယ်လို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ခုနောင်စည်းစိမ်ရ။
* မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ခုနောင်သက်ရှည်ရ။
* မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ခုနောင်ခြံရံရ။
* မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ခုနောင်ချမ်းသာရ။

http://www.dhammadownload.com



မကောင်းမှုဆိုတာ ရှောင်ရမည့်, မေ့ရမည့်, ပယ်ရမည့်, ရှင်းရမည့်, နှင်ရမည့်, ပစ်ပယ်ရမည့်တရား ဖြစ်တယ်။

ကောင်းမှုဆိုတာကတော့ ဆောင်ရမည့်, မွေ့ရမည့်, တွယ်ရမည့်, သွင်းရမည့်, ခင်ရမည့်, ချစ်ရမည့်တရားဖြစ်တယ်နော်။

(မှန်လှပါဘုရား)

ဒါ့ကြောင့် ဒီနေ့ဟောတဲ့တရားတော်ကို–

မကောင်းမှုရှောင် ကောင်းမှုဆောင် တရားတော်၊

မကောင်းမှုမေ့ ကောင်းမှုမွေ့ တရားတော်၊

မကောင်းမှုပယ် ကောင်းမှုတွယ် တရားတော်၊

မကောင်းမှုရှင်း ကောင်းမှုသွင်း တရားတော်၊

မကောင်းမှုနှင် ကောင်းမှုခင် တရားတော်၊

မကောင်းမှုပစ် ကောင်းမှုချစ် တရားတော်၊

လို့ အမည်ပေးကာ ဟောကြားနိုင်ပါတယ်။

ကဲ...လင်္ကာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြရအောင်–

* မကောင်းမှုပယ်၊ ကောင်းမှုတွယ်၊ တကယ်စည်းစိမ်ရ။
* မကောင်းမှုပယ်၊ ကောင်းမှုတွယ်၊ တကယ်သက်ရှည်ရ။
* မကောင်းမှုပယ်၊ ကောင်းမှုတွယ်၊ တကယ်ခြံရံရ။
* မကောင်းမှုပယ်၊ ကောင်းမှုတွယ်၊ တကယ်ချမ်းသာရ။

* မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ မယွင်းစည်းစိမ်ရ။
* မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ မယွင်းသက်ရှည်ရ။
* မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ မယွင်းခြံရံရ။
* မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ မယွင်းချမ်းသာရ။

* မကောင်းမှုနှင်၊ ကောင်းမှုခင်၊ အစဉ်စည်းစိမ်ရ။
* မကောင်းမှုနှင်၊ ကောင်းမှုခင်၊ အစဉ်သက်ရှည်ရ။
* မကောင်းမှုနှင်၊ ကောင်းမှုခင်၊ အစဉ်ခြံရံရ။
* မကောင်းမှုနှင်၊ ကောင်းမှုခင်၊ အစဉ်ချမ်းသာရ။

* မကောင်းမှုပစ်၊ ကောင်းမှုချစ်၊ စင်စစ်စည်းစိမ်ရ။
* မကောင်းမှုပစ်၊ ကောင်းမှုချစ်၊ စင်စစ်သက်ရှည်ရ။

http://www.dhammadownload.com



* မကောင်းမှုပစ်၊ ကောင်းမှုချစ်၊ စင်စစ်ခြံရုံရ။
* မကောင်းမှုပစ်၊ ကောင်းမှုချစ်၊ စင်စစ်ချမ်းသာရ။
ကဲ...အားလုံး သာဓုညီညီညာညာ ခေါ်လိုက်ကြပါ။
(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ဒါနပွဲတိုင်း, သီလပွဲတိုင်း, ဘာဝနာပွဲတိုင်း, မွေးနေ့ပွဲတိုင်း ပူဇော်ပွဲတိုင်း ပွဲမျိုးစုံဟောနိုင်ပါသည်။

* * * လင်္ကာတွေအားလုံး အသုံးပြုစရာမလိုပါ၊ တရားဟောစပုဂ္ဂိုလ်များ တရားအကျယ်ချဲ့ပြီး ဟောတတ်စေရန်ရည်ရွယ်ပြီး လင်္ကာများများ ရေးထားခြင်းဖြစ်ပါသည်။

ပါဠိရွတ်၊ အနက်ပေး၊ အဓိပ္ပါယ်ပြောပါက လုံလောက်ပါပြီ၊ အရေးကြီးပါက အနက်မပေးပဲ အဓိပ္ပါယ်တန်းပြောပါ၊ တရားတိုလေ ကောင်းလေခေတ်ဖြစ်ပါသည်။

* * * တရားအမည်ပေးပုံ တရားထဲ၌ ပါပြီး ဖြစ်၏။

၈-၇-၉၇ (အင်္ဂါနေ့)
ညနေ(၄)နာရီ။

မကောင်းမှုရှောင် ကောင်းမှုဆောင် တရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ဇာတကပါဠိတော်၊ မဟာနိပါတ်
မဟာနာရဒကဿပ ဇာတ်တော်လာ ဂါထာတစ်ပုဒ်ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ကိုယ်ကျိုးသိကာ+ကိုယ်ကျင့်ပါ
# တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "ကိုယ်ကျိုးသိကာ ကိုယ်ကျင့်ပါ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ကိုယ်ကျိုးသိကာ ကိုယ်ကျင့်ပါတရားတော်ပါဘုရား)

ကဲ...တရားအတိုလေးစပြီးတော့ ဟောကြနာကြရအောင်–

**ကာယေန ဝါစာ မနသာ၊ အပ္ပမတ္တော ဝိစက္ခဏော။**
**အတ္တနော ဟောတိ အတ္ထာယ၊ ဣတ္ထီဝါ ယဒိဝါပုမာ။**

(ဇာတကပါဠိ၊၂-၂၆၈)

ဣတ္ထီဝါ–မိန်းမသည် လည်းကောင်း၊ ယဒိ–ထိုမှို့၊ ပုမာဝါ–ယောကျ်ားသည် လည်းကောင်း၊ ဝိစက္ခဏော–ပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍၊ အပ္ပမတ္တော–မမေ့မလျော့သည်ဖြစ်၍၊ ကာယေနဝါ–ကိုယ်ဖြင့် လည်းကောင်း၊ ဝါစာ–ဝါစာယ–စကားဖြင့်လည်းကောင်း၊ မနသာ–စိတ်ဖြင့် လည်းကောင်း၊ (ဓမ္မံ–သုစရိုက်တရားကို၊ အာစရေ–အမှန်စင်စစ် ကျင့်သည် ဖြစ်အံ့)၊ အတ္တနော–မိမိ၏၊ အတ္ထာယ–အကျိုးစီးပွားအလို့ငှာ၊ ဟောတိ–ဖြစ်၏။

မိန်းမပဲဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ် ပညာအဆင်အခြင်နှင့်ပြည့်စုံကာ မမေ့မလျော့ မပေါ့မဆ ကိုယ်နှုတ်နှလုံးသုံးပါးလုံးနဲ့ ကောင်းတဲ့ သုစရိုက်တရားတွေကိုကျင့်သုံးရင် မိမိအတွက်ကောင်းကျိုးရှိတယ်၊ မိမိအတွက် ကောင်းကျိုးဖြစ်တယ်၊ မိမိအတွက် ကောင်းကျိုးထွက်တယ်တဲ့။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ် ကောင်းတဲ့သုစရိုက်တရားတွေကျင့်တာ ဘယ်သူ့အတွက် ကောင်းကျိုးထွက်သတဲ့လဲ။

(မိမိအတွက် ကောင်းကျိုးထွက်ပါတယ်ဘုရား)

အေး...ကိုယ့်အတွက် ကောင်းကျိုးရှိတာ ကိုယ်တိုင်သိရှိပြီးတော့ ကောင်းတဲ့သုစရိုက်တရားတွေကို မမေ့မလျော့ မပေါ့မဆ ကိုယ်တိုင်ကျင့်ရမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ ဆွမ်းတွေ သင်္ကန်းတွေ ဆေးတွေ ဆက်ကပ်နေကြတဲ့ ဒကာ ဒကာမတွေ ဘာလုပ်နေကြတာလဲ။

(ကောင်းတဲ့သုစရိုက်လုပ်ငန်းတွေ လုပ်နေကြတာပါဘုရား)

အဲဒီလုပ်ငန်းတွေကို ကိုယ်ကျိုးလို့သိရမှာလား၊ သူများအကျိုးလို့ သိရမှာလား။

(ကိုယ်ကျိုးလို့ သိရမှာပါဘုရား)

အေး...အဲဒီလို ကိုယ်ကျိုးလို့သိပြီးရင် သူများအကျင့်ခိုင်းရမှာလား၊ ကိုယ်တိုင်ကျင့်ရမှာလား။

(ကိုယ်တိုင်ကျင့်ရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(ကိုယ်ကျိုးသိကာ ကိုယ်ကျင့်ပါတရားတော်ပါဘုရား)

သူများကျင့်တော့။

(သူများအကျိုးပါဘုရား)

ကိုယ်တိုင်ကျင့်တော့။

(ကိုယ်ကျိုးပါဘုရား)

ကိုယ်တိုင်ကျင့်တော့ သူများအတွက်လား၊ ကိုယ့်အတွက်လား။

(ကိုယ့်အတွက်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ကိုယ်ကျိုးသိကာ၊ ကိုယ်ဖြင့်သာ၊ ကောင်းစွာ ကိုယ်တိုင်ကျင့်။

* ကိုယ်ကျိုးသိကာ၊ နှုတ်ဖြင့်သာ၊ ကောင်းစွာ ကိုယ်တိုင်ကျင့်။

* ကိုယ်ကျိုးသိကာ၊ စိတ်ဖြင့်သာ၊ ကောင်းစွာ ကိုယ်တိုင်ကျင့်။

ကိုယ်တိုင်ဒါနပြုတာ သီလစောင့်တာ သမထပွားတာ ဝိပဿနာရှုတာ တရားဟောတာ တရားနာတာ တရားပြတာ တရားမှတ်တာတွေဟာ ကိုယ်ကျိုး

http://www.dhammadownload.com



(မှန်လှပါဘုရား)

အေး...ကိုယ်ကျိုးလို့သိပြီးရင် ကိုယ်တိုင်ဒါနပြု ကိုယ်တိုင်သီလစောင့် ကိုယ်တိုင်သမထပွား ကိုယ်တိုင်ဝိပဿနာရှုတာ ကိုယ်တိုင်တရားဟော ကိုယ်တိုင်တရားနာ ကိုယ်တိုင်တရားပြ ကိုယ်တိုင်တရားမှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ဒါနပြုတာ၊ ကိုယ်ကျိုးပါ၊ သိကာအမြဲလှူ။
* သီလစောင့်တာ၊ ကိုယ်ကျိုးပါ၊ သိကာပွားတော်မူ။
* သမထပွား၊ ကိုယ်ကျိုးများ၊ သိထားပွားတော်မူ။
* ဝိပဿနာ၊ ကိုယ်ကျိုးပါ၊ သိကာရှုတော်မူ။
* တရားဟောတာ၊ ကိုယ်ကျိုးပါ၊ သိကာဟောတော်မူ။
* တရားနာတာ၊ ကိုယ်ကျိုးပါ၊ သိကာနာတော်မူ။
* တရားပြတာ၊ ကိုယ်ကျိုးပါ၊ သိကာပြတော်မူ။
* တရားမှတ်တာ၊ ကိုယ်ကျိုးပါ၊ သိကာမှတ်တော်မူ။
* ကိုယ်ကျိုးသိလင့်၊ ကိုယ်တိုင်ကျင့်၊ အဆင့်မြင့်လိုသူ။

အေး...ဒီနေ့ကစပြီး မဂ်ဖိုလ်နိဗ္ဗာန်ရမည့်ဘဝတိုင်အောင် ကိုယ်ကျိုးသိကာ ကိုယ်တိုင်ကျင့်ကြံကြိုးစားပွားများအားထုတ်နိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပါစေသောရယ်လို့ ညီညီညာညာစုပေါင်း၍ ဆုတောင်းလိုက်ကြကုန်ရာသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ဒါနပွဲ၊ သီလပွဲ၊ ဝိပဿနာပွဲတိုင်း၊ နေရာတိုင်း ဒေသတိုင်း ဟောကြားနိုင်ပါသည်။

တရားအမည်ပေးရာ၌–

၁။ ကိုယ်ကျိုးသိသင့် ကိုယ်တိုင်ကျင့်တရားတော်။

၂။ ကိုယ်ကျိုးသိလင့် ကိုယ်တိုင်ကျင့်တရားတော်။

၃။ သူများအတွက်လား ကိုယ့်အတွက်လားတရားတော်။

၄။ သူများအကျိုးလား ကိုယ့်အကျိုးလားတရားတော်။

၅။ သူများရမှာလား ကိုယ်ရမှာလားတရားတော်။

စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရအပဒါနပါဠိတော်၊ သုဘူတိဝဂ်
ခေါမဒါယကတ္ထေရ အပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# အဝတ်တစ်ထည်+အပါယ်မသိ

# တရားတော်

ဒီနေ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြတဲ့ ဒကာကြီး ဦး(.........) ဒကာမကြီး ဒေါ်(..........)တို့ရဲ့ ဝါဆိုသင်္ကန်းလှူဒါန်းပွဲမှာ ဟောကြားမည့် တရားဘော်က "အဝတ်တစ်ထည် အပါယ်မသိ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(အဝတ်တစ်ထည် အပါယ်မသိတရားတော်ပါဘုရား)

**၁။ နဂရေ ဗန္ဓုမတိယာ၊ အဟောသိံ ဝါဏိဇော တဒါ။**
**တေနေဝ ဒါရံ ပေါသေမိ၊ ရောပေမိ ဗီဇသမ္ပဒံ။**

(ထေရာပဒါနပါဠိ-၁၊၉၀)

ဗန္ဓုမတိယာ-ဗန္ဓုမတီမည်သော၊ နဂရေ-မြို့၌၊ တဒါ-ထိုအခါ၌၊ ဝါဏိဇော-ကုန်သည်သည်၊ အဟောသိံ-ဖြစ်ခဲ့ဖူးပြီ။

ဟောဒီ ခေါမဒါယကမထေရ်ဟာ တစ်ချိန်တုန်းက ဗန္ဓုမတီမြို့မှာ ကုန်သည်တစ်ဦး ဖြစ်ခဲ့ဖူးတယ်။

တေနေဝ-ယိုကုန်သွယ်ခြင်း လုပ်ငန်းဖြင့်သာလျှင်၊ ဒါရံ-သားမယားကို၊ ပေါသေမိ-လုပ်ကျွေး၏။

http://www.dhammadownload.com



ကုန်သည်ဖြစ်တော့ ကုန်သွယ်ခြင်းအရောင်းအဝယ်လုပ်ငန်းနဲ့ သားမယားကို ကျွေးမွေးပါတယ်။

ဗိဓသမ္ဗဒ်-ဒါနသီလာ အစဖြာပျိုး ကောင်းမှုမျိုးစေ့ပြည့်စုံခြင်းကို၊ ရောပေမိ-ကောင်းစွာမသွေ စိုက်ပျိုးကြဲချပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အဲဒီ ဒကာဟာ ဒါနမျိုးစေ့ သီလမျိုးစေ့ စိုက်ပျိုးကြဲချနေသူပါပဲ။

၂။ ရထိယံ ပဋိပန္နဿ၊ ဝိပဿိဿ မဟေသိနော။

ဓကံ ခေါမံ မယာဒိန္နံ၊ ကုသလတ္ထာယ သတ္ထုနော။

ရထိယံ-ခရီးလမ်းမ၌၊ ပဋိပန္နဿ-ကြွတော်မူသော၊ မဟေသိနော-သီလက္ခန္ဓ၊ စသည်ကျေးဇူး၊ ဂုဏ်အထူးကို၊ ဆည်းပူးရှာမှီးတော်မူပြီးသော၊ ဝိပဿိဿ-ဝိပဿီအမည်ရှိသော၊ သတ္ထုနော-မြတ်စွာဘုရားအား၊ ဓကံ-တစ်ထည်သော၊ ခေါမံ-ခေါမတိုင်း၌ဖြစ်သော ပုဆိုးကို၊ ကုသလတ္ထာယ-ကုသိုလ်အကျိုးငှာ၊ မယာ-ငါသည်၊ ဒိန္နံ-အလေးဘာမှု အရေးယူမှတ် ပေးလှူအပ်ပြီ။

တစ်နေ့တော့ ခရီးလမ်းမကြွချီတော်မူလာတဲ့ ဝိပဿီမြတ်စွာဘုရားအား ခေါမတိုင်းဖြစ် တစ်ထည်သောအဝတ်ပုဆိုးကို ကုသိုလ်လိုချင်တဲ့ အဲဒီဒကာဟာ ဆက်ကပ်လှူဒါန်းလိုက်ပါတယ်။

ဒီနေ့သင်္ကန်းဆက်ကပ်လှူဒါန်းနေကြတဲ့ ဒကာ ဒကာမတွေလည်း ကုသိုလ်လိုချင်လို့ သင်္ကန်းလှူနေကြတာမဟုတ်လား။

(မှန်လှပါဘုရား)

၃။ ဓကနဝုတိတော ကပ္ပေ၊ ယံ ခေါမ မဒဒိ တဒါ။

ဒုဂ္ဂတိ နာဘိဇာနာမိ၊ ခေါမဒါနဿိဒံ ဖလံ။

ဣတော-ဤဘဒ္ဒကမ္ဘာမှ၊ ဓကနဝုတိတောကပ္ပေ-ကိုးဆယ့်တစ်ကမ္ဘာအထက်၌၊ တဒါ-ထိုအခါ၌၊ ယံ ခေါမံ-အကြင်ခေါမတိုင်းဖြစ် အဝတ်ပုဆိုးကို၊ အဒဒိ-စေတနာဖွေးဖြူ အရေးယူကာ ပေးလှူခဲ့ပါပြီ၊ တတော-ပေးလှူခဲ့ရာ ထိုအခါမှ၊ ပဘုတိ-စ၍၊ ဒုဂ္ဂတိ-အပါယ်လေးပါး လားရရောက်ရသည်ကို၊ နာဘိဇာနာမိ-မသိဖူးပါ၊ ဣဒံဖလံ-အပါယ်ဒုဂ္ဂတိ မသိစဘူးဤအလှထူးသည်၊ ခေါမဒါနဿ-ခေါမတိုင်းဖြစ် အဝတ်တစ်ထည် တကယ်ကြည်ဖြူ ပုဆိုးအလှူ၏၊ ဖလံ-အကျိုးပါပေတည်း။

အဲဒီ ဒကာဟာ ဒီဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်မှာ ခေါမတိုင်း

http://www.dhammadownload.com



ဖြစ် အဝတ်ပုဆိုးတစ်ထည်လှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး ရောက်ရတာ လားရတာ မသိဘူးတဲ့။

အဲဒီလို အပါယ်လေးပါး လားရရောက်ရတာကိုမသိတာဟာ ခေါမ တိုင်းဖြစ် အဝတ်ပုဆိုးတစ်ထည်လှူတဲ့အကျိုးပါပဲ။

အဲဒီ ဒကာလှူခဲ့တဲ့ အဝတ်ပုဆိုးဟာ တစ်ထည်တည်းလား အများ ကြီးလား။

(တစ်ထည်တည်းပါဘုရား)

အေး...အဲဒီ အဝတ်ပုဆိုးတစ်ထည်လှူခဲ့တဲ့အတွက် အပါယ်ဆိုတာ သူမသိဘူးတဲ့၊ အပါယ်လေးပါးလားရရောက်ရတာ သူမသိပါတဲ့။

ဒီတော့ တရားနာပရိသတ် အဝတ်ပုဆိုးတစ်ထည် လှူခဲ့တဲ့အတွက် အပါယ်လေးပါးလားရ ရောက်ရတာမသိဘူးဆိုတော့ အဝတ်ပုဆိုးတစ်ထည် လှူရတဲ့ ကောင်းကျိုးဟာ တကယ်ကြီးမားတယ်နော်။

(မှန်လှပါဘုရား)

အဝတ်ပုဆိုးလှူခဲ့တဲ့ အဲဒီဒကာဟာ အပါယ်လေးပါး လားရရောက်ရ တာသိရဲ့လား။

(မသိပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(အဝတ်တစ်ထည် အပါယ်မသိတရားတော်ပါဘုရား)

အေး...ဒီနေ့ ဝါဆိုသင်္ကန်းကပ်ကြတဲ့ ဒကာ ဒကာမတွေမှာလည်း အပါယ်မလားရ မရောက်ရခြင်း၊ အပါယ်မသိခြင်းကောင်းကျိုးတွေ မုချဧကန် ရရှိမှာပဲဖြစ်တယ်။

အဝတ်တစ်ထည်လှူခဲ့တဲ့ အချိန်ကစပြီးတော့ နတ်ပြည်ဖြစ်လိုက် လူ့ပြည်ဖြစ်လိုက်နဲ့ ကောင်းတဲ့သုဂတိဘဝတွေမှာပဲ ဖြစ်ရတယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* အဝတ်တစ်ထည်၊ လှူခဲ့တယ်၊ အပါယ်မသိပါ။

* အဝတ်တစ်ထည်၊ လှူခဲ့တယ်၊ အပါယ်မလားပါ။

* အဝတ်တစ်ထည်၊ လှူခဲ့တယ်၊ အပါယ်မရောက်ပါ။

* အဝတ်တစ်ထည်၊ လှူခဲ့တယ်၊ အပါယ်မရှိပါ။

* အဝတ်တစ်ထည်၊ လှူခဲ့တယ်၊ ရောက်မယ် လူနတ်ရွာ။

http://www.dhammadownload.com



**၄။ သတ္တရသေ ဣတော ကပ္ပေ၊ ဧကော သိန္ဓဝသန္ဓနော။**
**သတ္တာရတန သမ္ပန္နော စတုဒီပမှိ ဣဿရော။**

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ သတ္တရသေကပ္ပေ–တစ်ဆယ့်ခုနစ်ကမ္ဘာ ထက်၌၊ ဧကော–တစ်ကြိမ်သော၊ သိန္ဓဝသန္ဓနော–သိန္ဓောမြင်းကသောရထား ကိုစီး၍ သိန္ဓဝသန္ဓနမည်သော၊ စတုဒီပမှိ–လေးကျွန်းလုံး၌၊ ဣဿရော– အစိုးရသော၊ သတ္တရတနသမ္ပန္နော–ရတနာခုနစ်ပါးနှင့်ပြည့်စုံသော စကြဝတေး မင်းသည်၊ အဟောသိ–ဖြစ်ဖူးပြီ။

အဲဒီ ဒကာဟာ ဘဒ္ဒကမ္ဘာမှ တစ်ဆယ့်ခုနစ်ကမ္ဘာမှာ လေးကျွန်းလုံး ကို အစိုးရတဲ့ ရတနာခုနစ်ပါးနဲ့ပြည့်စုံတဲ့ သိန္ဓဝသန္ဓန အမည်ရတဲ့ စကြဝတေးမင်း တစ်ကြိမ်ဖြစ်ရပါတယ်။

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဘယ်ဟာလှူလို့လဲ။

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ လှူတာသက်န်းပဲ။

လေးကျွန်းလုံးကို အစိုးရတဲ့ စကြဝတေးမင်းဖြစ်ရတာ ဘယ်ဒါန် ကြောင်းတဲ့လဲ။

(သက်န်းဒါနကြောင့်ပါဘုရား)

အပါယ်လားရတာ ရောက်ရတာတွေမသိတာ အပါယ်မရှိတာ သက်န်း လှူတဲ့ ကုသိုလ်ရှင်အတွက် အပါယ်ရောက်ခြင်းမရှိတာကို ဆိုလိုတာနော်။

(မှန်လှပါဘုရား)

အပါယ်လေးပါး မလားမရောက်ရပဲ လူ့ပြည်နတ်ပြည်အလီလီမှာ ဖြစ်ရရောက်ရတာတွေဟာ ဘယ်ဒါနကြောင့်တဲ့လဲ။

(အဝတ်ပုဆိုးတစ်ထည် လှူခဲ့တဲ့ သက်န်းဒါနကြောင့်ပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

၁။ * အပါယ်လေးဖြာ၊ မသိပါ၊ ဘယ်ဟာလှူလို့လဲ။

၂။ * အပါယ်လေးဖြာ၊ မသိပါ၊ လှူတာသက်န်းပဲ။

၃။ * အပါယ်လေးဖြာ၊ မလားပါ၊ ဘယ်ဟာလှူလို့လဲ။

၄။ * အပါယ်လေးဖြာ၊ မလားပါ၊ လှူတာသက်န်းပဲ။

၅။ * အပါယ်လေးဖြာ၊ မရောက်ပါ၊ ဘယ်ဟာလှူလို့လဲ။

၆။ * အပါယ်လေးဖြာ၊ မရောက်ပါ၊ လှူတာသက်န်းပဲ။

၇။ * အပါယ်လေးဖြာ၊ မကြောက်ပါ၊ ဘယ်ဟာလှူလို့လဲ။

http://www.dhammadownload.com



၈။ ✱ အပါယ်လေးဖြာ၊ မကြောက်ပါ၊ လှူတာသက်န်းပဲ။

၉။ ✱ အပါယ်ဆိုတာ၊ မရှိပါ၊ ဘယ်ဟာလှူလို့လဲ။

၁၀။ ✱ အပါယ်ဆိုတာ၊ မရှိပါ၊ လှူတာသက်န်းပဲ။

၁၁။ ✱ လူ့ရွာ နတ်ရွာ၊ ဖြစ်ရတာ၊ လှူတာသက်န်းပဲ။

၁၂။ ✱ လူ့ရွာ နတ်ရွာ၊ ဖြစ်ရတာ၊ လှူတာသက်န်းပဲ။

၅။ ပဋိသမ္ဘိဒါ စတသော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာဝ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

စတသော–လေးပါးကုန်သော၊ ပဋိသမ္ဘိဒါ–ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း၊ အဋ္ဌ–ရှစ်ပါးကုန်သော၊ ဣမေဝိမောက္ခာပိစ–ဤဝိမောက္ခတို့ကိုလည်းကောင်း၊ ဆဠဘိညာ–ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း၊ သစ္ဆိကတာ–မျက်မှောက်ပြုအပ်ကုန်ပြီ၊ ဗုဒ္ဓဿ မြတ်စွာဘုရား၏၊ သာသနံ–အဆုံးအမတော်ကို၊ ကတံ–ပြုအပ်ပြီ။

အဲဒီ သက်န်းလှူခဲ့တဲ့ဒကာဟာ ဦးပဥ္စင်းတို့ ဘုရားလက်ထက်တော် အခါကြတော့ ဘုရားရှင်ရဲ့ တရားတော်တွေကိုနာကြားပြီး သဒ္ဓါတရားရှိရှိနဲ့ သာသနာဘောင်ဝင်ရောက်ကာ ရဟန်းပြုလာတယ်၊ ရဟန်းပြုပြီး ဝိပဿနာ တရား ကြိုးစားပွားများ အားထုတ်လိုက်တော့ မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်သွားတော်မူပါတယ်။

ခေါမတိုင်းဖြစ် အဝတ်ပုဆိုးတစ်ထည်လှူခဲ့တဲ့ကောင်းမှုဟာ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိတယ်နော်။

(မှန်လှပါဘုရား)

ဒါ့ကြောင့် ဒါနကိုအထင်မသေးပါနဲ့၊ ဒါနဟာ အပါယ်မရောက်တဲ့ ကောင်းကျိုး၊ စကြဝတေးမင်းဖြစ်တဲ့ကောင်းကျိုး၊ လူ့ဘဝ နတ်ဘဝဆိုတဲ့ သုဂတိဘဝကိုသာ ရောက်ရတဲ့ကောင်းကျိုး၊ နောက်ဆုံး ရဟန္တာဖြစ်ရသည် အထိ ကောင်းကျိုးရှိတယ်ဆိုတာကို သိထားကြပြီးတော့ နှစ်တိုင်းနှစ်တိုင်း ဝါဆိုသက်န်းတွေဆက်ကပ်နိုင်ကြတဲ့ သာသနာပြု ဒကာ ဒကာမ ဖြစ်ကြပါစေဆိုတဲ့ မေတ္တာ စေတနာနဲ့ အဝတ်တစ်ထည် အပါယ်မသိတရားတော်ကို ဟောကြားခဲ့ပါတယ်။

ဒီတရားတော်မှာပါတဲ့ဒကာက ဘုရားကို အဝတ်သက်န်း လှူတာနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



အေး...တရား သံဃာလှူတဲ့သူမှာလည်း အဲဒီဒကာရထဲ့ကောင်းကျိုးတွေ ရရှိမှာပဲနော်။

(မှန်လှပါဘုရား)

ကဲ...အဝတ်တစ်ထည် အပါယ်မသိဆိုတဲ့ တရားကဗျာနဲ့ တရားသိမ်းကြပါစို့။

"ဝိပဿီတွင်၊ ဘုရားရှင်အား၊ ကြည့်လင်ဝေဆာ၊ စေတနာနဲ့၊ သေချာမရိုင်း၊ ဓါမကိုင်းဖြစ်၊ အဝတ်တစ်ထည်၊ မပစ်ပါယ်ပဲ၊ တကယ်ကြည်နူး၊ လှူခဲ့ဖူး၍၊ ထူးထူးခြားခြား၊ ပါယ်မလားဘိ၊ ပါယ်မသိပဲ၊ ကောင်းသည့်လူနတ်၊ ဘုံရောက်လတ်၍၊ အမြတ်စကြာ၊ မင်းတစ်ခါဖြစ်၊ နောက်ဆုံးစစ်သော်၊ ရှင်ချစ်မြတ်စွာ၊ သာသနာသို့၊ သဒ္ဓါရှိရှိ၊ ဝင်ရောက်ဘိ၍၊ အရှိခန္ဓာ၊ အသီပါကုပ်၊ ဝိပဿနာ၊ ပွားများတာကြောင့်၊ မကြာစင်စစ်၊ ရဟန္တာဖြစ်သည်၊ အဝတ်တစ်ထည် လှူကျိုးတည်း။"

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ သက်န်းကပ်ပွဲတိုင်း ဟောပါ။

တရားအမည်ပေးရာ၌-

၁။ အဝတ်တစ်ထည် အပါယ်မလား တရားတော်။

၂။ အဝတ်တစ်ထည် အပါယ်မသွား တရားတော်။

၃။ အဝတ်တစ်ထည် အပါယ်မရောက် တရားတော်။

၄။ အဝတ်တစ်ထည် အပါယ်မရှိ တရားတော်။

၅။ အဝတ်တစ်ထည် လူနတ်နယ် တရားတော်။

၆။ တစ်ထည်အဝတ် ရဟန္တာဖြစ်တရားတော်။

၇။ အဝတ်တစ်ထည် အပါယ်မကြောက် တရားတော်။

စသည်ဖြင့် အမည်ပေးကာ ဟောကြားနိုင်ပါသည်။

၉-၇-၉၇ (ဗုဒ္ဓဟူးနေ့)

ညနေ(၃း၃၆)နာရီ။

အဝတ်တစ်ထည် အပါယ်မသိတရားတော်ပြီးပြီ။

http://www.dhammadownload.com



**ခုဒ္ဒကနိကာယ်၊ ထေရပဒါနပါဠိတော်၊ သကစိန္တနိယဝဂ်၊ ဝတ္ထဒါယကတ္ထေရ အပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြား အပ်သော**

# အဝတ်ပြည့်ဝ+ပေါများရ တရားတော်

ဒီနေ့ ဝါဆိုသင်္ကန်းဆက်ကပ်ကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က–

"အဝတ်ပြည့်ဝ ပေါများရ"တရားတော် တဲ့။

ဘာတရားတော်တဲ့လဲ။

(အဝတ်ပြည့်ဝ ပေါများရတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြ နာကြပါစို့။

**၁။ ပက္ခိဇာတော တဒါအာသိံ၊ သုပဏ္ဏော ဂရုဠာဓိပေါ။**
**အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ ဂစ္ဆန္တံ ဂန္ဓမာဒနံ။**

(အပဒါနပါဠိ–၁၊၁၂၈)

တဒါ–ထိုအခါ၌၊ ပက္ခိဇာတော–ငှက်မျိုးဖြစ်သော၊ ဂရုဠာဓိပေါ–ဂဠုန်တို့၏ အရှင်ဖြစ်သော၊ သုပဏ္ဏော–ဂဠုန်မင်းသည်၊ အာသိံ–ဖြစ်ပြီ၊ ဂန္ဓမာဒနံ–ဂန္ဓမာဒနတောင်သို့၊ ဂစ္ဆန္တံ–ကြွတော်မူသော၊ ဝိရဇံ–မြူအညစ်အကြေး ကင်းစင်ဝေးတော်မူသော၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ အဒ္ဒသံ–မြင်ပြီ။

ဟောဒီ ဝတ္ထဒါယကမထေရ်အလောင်း ဂဠုန်မင်းဖြစ်စဉ်အခါက ဂန္ဓမာဒနတောင် ကြွချီတော်မူလာတဲ့ အတ္ထဒဿီမြတ်စွာဘုရားကို ဖူးမြင်ရပါတယ်။

http://www.dhammadownload.com



၂။ ဖဟိတွာ ဂရုဠဝဏ္ဏံ၊ မာဏဝကံ အဓာရယိ ။
ဓကံ ဝတ္ထံ မယာဒိန္နံ၊ ဒွိပဒိန္ဒဿ တာဒိနော။

ဂရုဠဝဏ္ဏံ–ဂဠုန်အသွင်ကို၊ ဇဟိတွာ–စွန့်၍၊ မာဏဝကံ–လုလင်အသွင်ကို၊ အဓာရယိ –ဆောင်ပြီး၊ ဒွိပဒိန္ဒဿ–ခြေနှစ်ချောင်းရှိသူ ဟူဟူသမျှ အစိုးရတော်မူသော၊ တာဒိနော–တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော အတ္ထဒဿီ မြတ်စွာဘုရားအား၊ မယာ–အကျွန်ုပ်သည်၊ ဓကံဝတ္ထံ–တစ်ထည်သောအဝတ်ကို၊ ဒိန္နံ–စေတနာမြင့်မြတ်၊ ပေးလှူအပ်ပြီ။

အဲဒီဂဠုန်မင်းဟာ ဂဠုန်အသွင်စွန့်ပြီးတော့ လုလင်အသွင်ဆောင်ကာ ခြေနှစ်ချောင်းရှိသူတွေကို အစိုးရတဲ့ တာဒိဂုဏ်နဲ့ပြည့်စုံတော်မူသော အတ္ထဒဿီမြတ်စွာဘုရားကို အဝတ်တစ်ထည်လှူဒါန်းပါတယ်။

၃။ တဉ္စ ဒုဿံ ပဋိဂ္ဂယှ၊ ဗုဒ္ဓေါ လောကဂ္ဂနာယကော။
အန္တလိက္ခေ ဌိတော သတ္ထာ၊ ဣမဂါထာ အဘာသထ။

လောကဂ္ဂနာယကော–လူနတ်တို့ကို မြတ်သောနိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်သော၊ သတ္ထာ–လူနတ်တို့၏ ဆရာဖြစ်တော်မူသော၊ ဗုဒ္ဓေါ–မြတ်စွာဘုရားသည်၊ တဉ္စဒုဿံ–ထိုအဝတ်ပုဆိုးကိုလည်း၊ ပဋိဂ္ဂယှ–ခံယူတော်မူ၍၊ အန္တလိက္ခေ–ဟင်းလင်းအပြင် မိုးကောင်းကင်၌၊ ဌိတော–ရပ်တော်မူလျက်၊ ဣမာဂါထာ–ဤဂါထာတို့ကို၊ အဘာသထ–မိန့်တော်မူ၏ ။

လူတွေကို မြတ်သောနိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်တဲ့ လူနတ်တို့ရဲ့ ဆရာဖြစ်တော်မူတဲ့ အတ္ထဒဿီမြတ်စွာဘုရားရှင်ဟာ အဝတ်ပုဆိုးခံယူတော်မူကာ ကောင်းကင်မှာရပ်တော်မူပြီးတော့ အောက်ပါဂါထာတွေကို မိန့်တော်မူပါတယ်။

၄။ ဣမိနာဝတ္ထဒါနေန၊ စိတ္တဿ ပဏိဓီဟိ စ။
ပဟာယ ဂရုဠံ ယောနိံ ၊ ဒေဝလောကေ ရမိဿတိ။

ဣမိနာဝတ္ထဒါနေန–ဤအဝတ်အလှူကြောင့်လည်းကောင်း၊ စိတ္တဿ–စိတ်၏၊ ပဏိဓီဟိစ–တောင့်တမှုတို့ကြောင့်လည်းကောင်း၊ ဂရုဠံယောနိံ –ဂဠုန်မျိုးကို၊ ပဟာယ–ပယ်စွန့်၍၊ ဒေဝလောကေ–နတ်ပြည်၌၊ ရမိဿတိ–မွေ့လျော်ရလတ္တံ့။

အဝတ်အလှူနဲ့ စိတ်၏တောင့်တမှုတို့ကြောင့် ဂဠုန်မျိုးကိုပယ်စွန့်ပြီးတော့ နတ်ပြည်မှာ မွေ့လျော်ပျော်ပိုက်ရလိမ့်မယ်လို့ မိန့်ကြားတော်မူပါတယ်။

http://www.dhammadownload.com



**၅။ အတ္တဒသီ တု ဘဂဝါ၊ လောကဇေဋ္ဌော နရာသဘော။**
**ဝဋ္ဋဒါနံ ပသံသိတွာ၊ ပက္ကာမိ ဥတ္တရာမုခေါ။**

လောကဇေဋ္ဌော–လူတို့၏ အကြီးအမှူးဖြစ်တော်မူသော၊ နရာသဘော–လူကို့ထက် မြတ်တော်မူသော၊ အတ္တဒသီတုဘဂဝါ–အတ္တဒသီမြတ်စွာဘုရားသည်ကား၊ ဝဋ္ဋဒါနံ–အဝတ်အလှူကို၊ ပသံသိတွာ–ချီးမွမ်းတော်မူ၍၊ ဥတ္တရာမုခေါ–မြောက်အရပ်သို့ ရှေးရှုမျက်နှာမူလျက်၊ ပက္ကာမိ–ကောင်းစွာ မသေွ ဖဲကြွတော်မူပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

လူတွေရဲ့ အကြီးအမှူး၊ လူတွေထက်မြင့်မြတ် ထူးခြားတော်မူတဲ့ အတ္တဒသီဘုရားရှင် ကိုယ်တော်မြတ်သည် အဝတ်အလှူဒါနကို ချီးမွမ်းတော်မူပြီးတော့ မြောက်အရပ်သို့ ရှေးရှု မျက်နှာတော်မူကာ ဖဲကြွတော်မူပါတယ်။

ဝဋ္ဋဒါနံ ပသံသိတွာ–တဲ့၊ အဝတ်အလှူဟာ ဘုရားချီးမွမ်းတဲ့ အလှူနော်။

(မှန်လှပါဘုရား)

**၆။ ဘဝေ နိဗ္ဗတ္တမာနမှိ၊ ဟောန္တိ မေ ဝတ္ထသမ္ပဒါ။**
**အာကာသေ ဆဒနံ ဟောတိ၊ ဝဋ္ဋဒါနဿိဒံ ဖလံ။**

ဘဝေ–ဘဝသံသရာ၌၊ နိဗ္ဗတ္တမာနမှိ–ကျင်လည်ရသည်ရှိသော်၊ မေ–ငါ့အား၊ ဝတ္ထသမ္ပဒါ–အဝတ်၏ပြည့်စုံခြင်းတို့သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

ဝဋ္ဋဒါယက မထေရ်အလောင်းဟာ အဝတ်လှူတဲ့အချိန်ကစပြီးတော့ ဘဝသံသရာကျင်လည်ရတဲ့အခါမှာ အဝတ်နဲ့ပက်သက်လို့ မျက်နှာမငယ်ရဘူး၊ အဝတ်တွေ ပြည့်ပြည့်စုံစုံ ပြည့်ပြည့်ဝဝ ပေါပေါများများ ရရှိရတယ်တဲ့။

ဒီတော့ တရားနာပရိသတ်၊ အဝတ်တွေလှူတဲ့သူဟာ ဘဝသံသရာကျင်လည်ရတဲ့အခါမှာ အဝတ်တွေ ပြည့်ပြည့်စုံစုံ ပြည့်ပြည့်ဝဝ မပေါများရဘူးလား။

(ပေါများရပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(အဝတ်ပြည့်ဝ ပေါများရတရားတော်ပါဘုရား)

အေး...အဝတ်တွေပြည့်စုံချင်ရင် ပြည့်ဝချင်ရင် အဝတ်တွေပေါများချင်ရင် ဘာလှူရမတဲ့လဲ။

(အဝတ်သင်္ကန်းလှူရမှာပါဘုရား)

http://www.dhammadownload.com



ပြည့်စုံချင်ရင် ပေါများချင်ရင် ဘာလုပ်ရမတဲ့လဲ။

(လှူရမှာပါဘုရား)

အေး...ပြည့်စုံလို့လှူ လှူလို့ပြည့်စုံ၊ ပေါများလို့လှူ လှူလို့ပေါများ၊ မပြည့်စုံလို့မလှူ မလှူလို့မပြည့်စုံ၊ မပေါများလို့မလှူ မလှူလို့မပေါများ၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* အဝတ်လှူရင်၊ အဝတ်ပင်၊ လူရှင်ပြည့်စုံရ။
* အဝတ်လှူရင်၊ အဝတ်ပင်၊ လူရှင်ပေါများရ။
* အဝတ်ပေါချင်၊ အဝတ်ပင်၊ လူရှင်လှူဒါန်းကြ။
* အဝတ်ပေါချင်၊ သင်္ကန်းပင်၊ အစဉ်ပေးလှူကြ။
* အဝတ်လှူငြား၊ အဝတ်များ၊ မရှားပေါပြည့်ဝ။

ကဲ...နောက်တစ်ပိုဒ်ဆက်ကြဦးစို့-

အာကာသေ-ကောင်းကင်၌၊ ဆဒန္န-အမိုးသည်၊ ဟောတိ-ဖြစ်၏။

ဘဝတိုင်းဘဝတိုင်း သွားလေရာရာဌာနတိုင်းမှာ ကောင်းကင်၌ အဝတ်အမိုးအကာတွေ ဖြစ်နေပါတယ်။

ဣဒံဖလံ-ဤအကျိုးသည်၊ ဝတ္ထဒါနဿ-အဝတ်ပုဆိုးအလှူ၏၊ ဖလံ-အကျိုးပေတည်း။

အဲဒီအကျိုးတွေဟာ တကယ်တော့ အဝတ်ပုဆိုးတစ်ထည် လှူခဲ့တဲ့ အကျိုးပါပဲ။

**၇။ အရုဏဝါ သတ္တဇနော၊ စက္ကဝတ္တိ မဟာဗ္ဗလာ။**
**ဆတ္တိံ သတိမ္ပိ အာသိံ သု၊ ကပ္ပမှိ မနုဇာဓိပါ။**

ဆတ္တိံ သတိမ္ပိ-သုံးဆယ့်ခြောက်ကမ္ဘာထက်၌၊ မဟဗ္ဗလာ-များသောဗိုလ်ပါအင်အား ရှိကုန်သော၊ စက္ကဝတ္တိ-စကြာရတနာကို လည်စေတတ်ကုန်သော မနုဇာဓိပါ-လူတို့ကိုအစိုးရကုန်သော၊ သတ္တဇနော-ခုနစ်ကြိမ်သောမင်းတို့သည်၊ အာသိံ သု-ဖြစ်ကုန်၏။

သုံးဆယ်ခြောက်ကမ္ဘာထက်မှာ များတဲ့ဗိုလ်ပါအင်အားရှိကာ စကြာရတနာ လည်စေတတ်တဲ့ လူတွေကိုအစိုးရတဲ့ အရုဏအမည်ရှိတဲ့ မင်းခုနစ်ကြိမ်ဖြစ်ရတာဟာ အဲဒီအဝတ်ပုဆိုးဒါနကြောင့်ပါပဲ။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

http://www.dhammadownload.com



* စကြာမင်းပင်၊ ဖြစ်လိုလျှင်၊ လူရှင်သက်န်းလှူ။
* စကြာမင်းပင်၊ ဖြစ်လိုလျှင်၊ လူရှင်အဝတ်လှူ။

**၈။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။**
**ဆဠဘိညာ သစ္ဆိကတာ၊ ကတံဗုဒ္ဓဿ သာသနံ။**

အဝတ်ပုဆိုးလှူခဲ့တဲ့အစွမ်းကြောင့် ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရှစ်ပါး, အဘိညာဉ် ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်တော်မူရပါတယ်။

အဲဒီလို ဝတ္ထဒါယကာမထေရ်ဟာ ရဟန္တာဖြစ်ပြီးတော့ သူ့အကြောင်းတွေကိုပြန်လည်ကာ ဟောကြားတော်မူပါတယ်။

ကဲ...အကျဉ်းချုပ်ကြည့်ကြပါစို့-

၁။ ဂဠုန်မင်းဟာ အဝတ်လှူတဲ့ဒါနကြောင့် ဂဠုန်ဘဝစွန့်ရတဲ့အခါမှာ နတ်ပြည်ရောက်ရပါတယ်။

၂။ နတ်ပြည်အဆက်ဆက် အထပ်ထပ်ကျင်လည်ပြီးတော့ ကောင်းမှုတွေကိုခံစားပါတယ်။

၃။ နတ်ပြည်ကနေ လူ့ပြည်ရောက်လာပြီး လူ့စည်းစိမ်ခံစားတဲ့အခါမှာ အလုံးစုံသော အရပ်ဒေသတိုင်းမှာ များစွာတန်ဖိုးရှိတဲ့ အဝတ်ပုဆိုး အမျိုးမျိုးတွေ ပေါပေါများများရရှိပါတယ်။

၄။ အရဏအမည်ရှိတဲ့ စကြဝတေးမင်း ခုနစ်ကြိမ်ဖြစ်ရပါတယ်။

၅။ ဦးပဒုမ်တို့ဘုရားလက်ထက်တော်မှာ ဘုရားရှင်ကိုကြည်ညိုကာ သာသနာ့ဘောင်ဝင်ရောက်ကာ ရဟန်းပြုပြီးမကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရှစ်ပါး, အဘိညာဉ် ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။

(အပဒါန၊ ဋ္ဌ၊၂-၄)ရှုရေး။

ရှေးကပြုခဲ့တဲ့ကောင်းမှုအမည်နဲ့ ဝတ္ထဒါယကမထေရ်လို့ ထင်ရှားတော်မူပါတယ်။

ကဲ...ဒီနေ့ ဝါဆိုသင်္ကန်းဆက်ကပ်ကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(အဝတ်ပြည့်ဝ ပေါများရတရားတော်ပါဘုရား)

အေး...ဒီနေ့ ဝါဆိုသင်္ကန်းအလှူဟာ ငါတို့အတွက် ဘဝတိုင်းအဝတ်ပြည့်ဝပေါများရကြောင်း နည်းလမ်းကောင်းပဲလို့ ယုံကြည်ချက်အပြည့်အဝထားရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ...ရေစက်ချကြရအောင် ရေစက်ချအတိုလေးလိုက်ဆိုကြ–

၁။ အရှင်ဘုရား တပည့်တော်တို့သည် ဤဝါဆိုသင်္ကန်းကို အရှင်ဘုရားအား(သံဃာတော်အား)ဆက်ကပ်လှူဒါန်းကြပါကုန်၏။

၂။ ဤကောင်းမှုကြောင့် နိဗ္ဗာန်ကို မြန်မြန်ရောက်ရပါလို တောင်းဆုဆိုကြပါကုန်၏။

၃။ ဤကောင်းမှု၏ အဖို့ဘာဂမှန်သမျှကို မိဘဆရာသမား အစထား၍ သုံးဆယ့်တစ်ပုံ ရှိကြကုန်သော သတ္တဝါတို့အား အမျှရစေ ပေးဝေသည် များထွေသာဓုခေါ်စေသော်။

အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ သင်္ကန်းကပ်ပွဲတိုင်း ဟောပါ။

တရားအမည်ပေးရာ၌–

၁။ ပြည့်ပြည့်ဝဝ အဝတ်ရ တရားတော်။

၂။ အဝတ်မရှား အဝတ်များ တရားတော်။

၃။ အဝတ်ပေါကြောင်း နည်းလမ်းကောင်း တရားတော်။

၄။ အဝတ်များကြောင်း နည်းလမ်းကောင်း တရားတော်။

စသည်ဖြင့် တရားအမည်ပေးကာ ဟောကြားနိုင်ပါသည်။

(၉–၇–၉၇)
ည(၈း၃၆)နာရီ။

အဝတ်ပြည့်ဝ ပေါများရတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သုဓာဝဂ်
အမုစေဠကတ္ထေရ အပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ပုဆိုးတစ်ပိုင်း၏ကောင်းကျိုးရှိပုံ တရားတော်

ဒီနေ့ ဝါဆိုသင်္ကန်းကပ်ကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားပြောကြားမည့်တရားတော်က "ပုဆိုးတစ်ပိုင်း၏ ကောင်းကျိုးရှိပုံ" တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ပုဆိုးတစ်ပိုင်း၏ ကောင်းကျိုးရှိပုံ တရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြ နာကြပါစို့-

**၁။ တိဿဿာဟံ ဘဂဝတော၊ ဥပဍ္ဍဒုဿမဒါသဟံ။**
**ပရမကာရုည ပတ္တောမှိ၊ ဒုဂ္ဂတေန သမပ္ပိတော။**

(အပဒါနပါဠိ-၁၊၁၄၈)

အဟံ-ငါသည်၊ တိဿဿဘဂဝတော-တိဿ အမည်တော်ရှိသော မြတ်စွာဘုရားအား၊ ဥပဍ္ဍဒုဿံ-ကိုယ်ဝတ်ပုဆိုးတစ်ပိုင်းကို၊ အဒါသိ-ဖြတ်၍ ကြည်ဖြူ ပေးလှူပူဇော်ပြီ၊ အဟံ-ငါသည်၊ ဒုဂ္ဂတေန-ဆင်းရဲခြင်းဖြင့်၊ သမပ္ပိတော-နှိပ်စက်သည်ဖြစ်၍၊ ပရမကာရုည ပတ္တော-လွန်စွာသနားဖွယ်အဖြစ်သို့ရောက်သည်၊ အမှိ-ဖြစ်၏။

ဟောဒီ အမုစေဠကမထေရ်အလောင်း သူတော်ကောင်းဟာ တိဿဘုရားရှင် ကိုယ်တော်မြတ်အား အဝတ်ပုဆိုးတစ်ပိုင်းကို ဖြတ်ပြီးတော့ လှူဒါန်းပူဇော်ပါတယ်။

http://www.dhammadownload.com



အဝတ်ပုဆိုးတစ်ထည်လုံးလှူတာမဟုတ်ပါဘူး၊ တစ်ထည်ကိုတစ်ဝက်ခွဲပြီးတော့ လှူတာနော်။

(မှန်လှပါဘုရား)

တစ်ထည်ကိုတစ်ဝက်ခွဲပြီးတော့လှူရဲတဲ့ သူ့စေတနာဟာ တကယ်တော့ ချီးကျူးလေးစားစရာကောင်းလှပါတယ်။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေ တစ်ထည်ရှိတာကို တစ်ဝက်ခွဲပြီးတော့ လှူနိုင်ပါ့မလား။

(မဖြေ၊ ရယ်မောကြ)

တစ်ထည်တည်းရှိတာ တစ်ဝက်ခွဲလှူဖို့ လွယ်ပါ့မလား။

(မလွယ်ပါဘုရား)

ဟောဒီ အမုစေဠက မထေရ်အလောင်း သူတော်ကောင်းကတော့ တိဿဘုရားရှင်ရဲ့ တရားတော်ကိုနာကြားရတာ အင်မတန်ကြည်ညိုနှစ်သက်တဲ့အတွက် အဝတ်ပုဆိုးတစ်ပိုင်းကို ဖြတ်ပြီးတော့လှူဒါန်းပူဇော်လိုက်ပါတယ်။

ဘာ့ကြောင့် လှူဒါန်းပူဇော်လိုက်တာလဲ။

(တရားတော်နာကြားရတာ ကြည်ညိုလို့ပါဘုရား)

အေး...ဟုတ်တယ်၊ ကြည်ညိုလို့လှူတာပေါ့၊ မကြည်ညိုရင် မလှူဖြစ်ဘူးနော်။

(မှန်လှပါဘုရား)

ဒီနေရာမှာ ဦးပဥ္စင်းစဉ်းစားကြည့်မိတယ်၊ အဝတ်ပုဆိုး တစ်ထည်တည်းပါတဲ့ ဒကာ တစ်ဝက်ပိုင်းဖြတ်ပြီး လှူတယ်ဆိုတော့ တိဿဘုရားရှင်ကို တော်တော်ကြည်ညိုလို့ဖြစ်မယ်၊ တိဿဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်ကို တော်တော်သဘောကျလို့ဖြစ်မယ်၊ တိဿဘုရားရှင် ကိုယ်တော်မြတ် ဟောကြားလိုက်တဲ့တရားတော်ကလည်း သူ့အတွက် အံဝင်ခွင်ကျ တော်တော်ကောင်းတဲ့တရားမွေဖြစ်လိမ့်မယ်လို့ တွေးတော စဉ်းစားကြည့်မိပါတယ်။

တစ်ထည်ကို တစ်ဝက်လှူအောင်ဟောနိုင်တယ်ဆိုတော့ တော်တော်ကောင်းတဲ့ အံဝင်ခွင်ကျတရား ဖြစ်ရမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ တရားဟောတဲ့ ဆင်ဖြူတောင်ဦးပဥ္စင်းကို တရားဟောကောင်းတဲ့ကိုယ်တော်လို့ ဒကာ ဒကာမတွေပြောကြတယ်လို့ သိရပါတယ်။ ဦးပဥ္စင်းကတော့ ကိုယ့်ကိုယ်ကို တရားဟောမကောင်းသေးဘူးလို့ ပြောရမှာပဲ။

http://www.dhammadownload.com



ဘာကြောင့်လဲဆိုတော့ တစ်ထည်ရှိတာကို တစ်ဝက်လှူတဲ့သူ မပေါ်သေးလို့ပါပဲ။

(အားလုံးရယ်မောကြ)

ဘာပဲဖြစ်ဖြစ် ရှိတာတစ်ဝက်ခွဲလှူတဲ့သူပေါ်မှပဲ တရားဟောကောင်းတယ်လို့ပြောရင် လက်ခံမယ်၊ မပေါ်သေးရင်တော့ လာပြောလည်းလက်မခံသေးဘူး။

(အားလုံးရယ်မောကြ)

ကဲ...ထားပါတော့လေ၊ အဲဒီ ဒကာလေးဟာ အကုသိုလ်ကံတစ်ခုကြောင့် သူဆင်းရဲအမျိုးမှာဖြစ်ရပါတယ်၊ ဆင်းရဲတဲ့အမျိုးမှာဖြစ်နေရတယ်ဆိုတော့ တော်တော်သနားစရာကောင်းတဲ့သူပါပဲ။

တရားနာပရိသတ်၊ ဆင်းရဲတဲ့သူတွေကို သနားစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

အေး...သနားစရာတော့ ကောင်းပါတယ်၊ အဲဒီလို ဘာ့ကြောင့် ဆင်းရဲရတာလည်းဆိုတော့ အကုသိုလ်ကံတွေ အပြုရဲ၊ အပြောရဲ၊ အကြံရဲလို့ ဆင်းရဲနေတာ၊ အကုသိုလ်ကံတွေထဲ အဆင်းရဲတဲ့အတွက် ဆင်းရဲနေတာနော်။

(မှန်လှပါဘုရား)

ဒီတော့ မဆင်းရဲချင်ရင် အကုသိုလ်ကံတွေ အပြုမရဲကြပါနဲ့၊ အပြောမရဲကြပါနဲ့ အကြံမရဲပါနဲ့ အကုသိုလ်ကံတွေထဲ အဆင်းမရဲကြပါနဲ့လို့ ဟောရမှာပါပဲ။

ဒီတော့ တရားနာပရိသတ်၊ ဆင်းရဲချင်ရင် အကုသိုလ်ကံတွေ အပြုရဲ၊ အပြောရဲ၊ အကြံရဲပါ၊ အကုသိုလ်ကံထဲ အဆင်းရဲပါ။

ချမ်းသာချင်ရင်၊ မဆင်းရဲချင်ရင်တော့ အကုသိုလ်ကံတွေ အပြုမရဲပါနဲ့၊ အပြောမရဲပါနဲ့၊ အကြံမရဲပါနဲ့၊ အကုသိုလ်ထဲ အဆင်းမရဲပါနဲ့၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အကုသိုလ်ကံ၊ ပြုရဲပြန်၊ အမှန်ဆင်းရဲမှာ။

* အကုသိုလ်ကံ၊ ပြောရဲပြန်၊ အမှန်ဆင်းရဲမှာ။

* အကုသိုလ်ကံ၊ ကြံရဲပြန်၊ အမှန်ဆင်းရဲမှာ။

* အကုသိုလ်ကံထဲ၊ အဆင်းရဲ၊ မလွဲဆင်းရဲမှာ။

http://www.dhammadownload.com



* အကုသိုလ်ကံ၊ ပြောပြုကြံ၊ အမှန်မရဲရှာ။

* အကုသိုလ်ကံထဲ၊ မဆင်းရဲ၊ အမြဲချမ်းသာမှာ။

* အကုသိုလ်ကံထဲ၊ မဆင်းရဲ၊ အမြဲအေးမြမှာ။

**၂။ ဥပဗုဒ္ဒသံ ဒတွာန၊ ကပ္ပံသဂ္ဂမှိ မောဒဟံ။**

**အဝသေသေသု ကပ္ပေသု၊ ကုသလံ ကာရိတံ မယာ။**

အဟံ–ငါသည်၊ ဥပဗုဒ္ဒသံ–ကိုယ်ဝတ်ပုဆိုးတစ်ပိုင်းကို၊ ဒတွာန–စေတနာဖွေးဖြူ ပေးလှူလေသောကြောင့်၊ ကပ္ပံ–တစ်ကမ္ဘာပတ်လုံး၊ သဂ္ဂမှိ–နတ်ပြည်၌၊ မောဒိံ–မွေ့လျော်ရ၏၊ အဝသေသေသုကပ္ပေသု–အကြွင်းကိုးဆယ့်တစ်ကမ္ဘာတို့၌၊ မယာ–ငါသည်၊ ကုသလံ–ကုသိုလ်ကို၊ ကာရိတံ–ပြုအပ်ပြီ။

အဲဒီ အမုစေဋကမထေရ်အလောင်း သူတော်ကောင်းဟာ ကိုယ်ဝတ်ပုဆိုးတစ်ပိုင်း ဖြတ်၍လှူတဲ့ကုသိုလ် စေတနာပီတိ သောမနဿ အဖြာဖြာကြောင့် သေသွားတဲ့အခါမှာ နတ်ပြည်မှာဖြစ်ရပါတယ်၊ ကာမာဝစရနတ်ပြည်ခြောက်ထပ်မှာ နတ်စည်းစိမ်တွေကို တစ်ကမ္ဘာပတ်လုံး ခံစားရပါတယ်။

ကြွင်းတဲ့ကိုးဆယ့်တစ်ကမ္ဘာပတ်လုံးမှာတော့ ကုသိုလ်တွေကိုပဲ အမြဲတစေပြုနေပါတယ်။

နတ်ပြည်ကနေစုတေပြန်တော့ လူ့ပြည်ကိုရောက်ရပါတယ်။

အဝတ်ပုဆိုးတစ်ပိုင်းလှူတဲ့ကုသိုလ်ဟာ နတ်ပြည် လူ့ပြည်အလီလီကို ရောက်ရပါတယ်ဆိုတော့ ကောင်းကျိုးတွေမရှိဘူးလား။

(ရှိပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(ပုဆိုးတစ်ပိုင်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ဒီနေ့ ဘုရားအမှူးရှိတဲ့သံဃာတော်အပေါင်းအား ဝါဆိုသင်္ကန်းလှူဒါန်းဆက်ကပ်ပူဇော်ကြတဲ့ ဒကာ ဒကာမတွေမှာလည်း လူ့ပြည်ကနေ နတ်ပြည်၊ နတ်ပြည်ကနေ လူ့ပြည်ရောက်ရခြင်းဆိုတဲ့ ကောင်းကျိုးတရားတွေရရှိကြမယ်လို့ ယုံကြည်ထားရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ပုဆိုးတစ်ပိုင်းမျှ၊ ပေးလှူရ၊ ဒါနမြတ်ကုသိုလ်။

* အဝတ်တစ်ပိုင်းမျှ၊ ပေးလှူရ၊ ဒါနမြတ်ကုသိုလ်။

http://www.dhammadownload.com



* နတ်ပြည် လူ့ပြည်၊ အလီလီ၊ အတည်ရောက်ရဆို။
* ပုဆိုးတစ်ပိုင်း၏၊ ကောင်းကျိုးရှိ၊ မှတ်သိကြဖို့လို။
* အဝတ်တစ်ပိုင်း၏၊ ကောင်းကျိုးရှိ၊ မှတ်သိကြဖို့လို။
* ပုဆိုးတစ်ပိုင်း၏၊ ကောင်းကျိုးရှိပုံ၊ ကောင်းကျိုးယုံ၊ လှူကုန်ပုဆိုးကို။
* အဝတ်တစ်ပိုင်း၏၊ ကောင်းကျိုးရှိပုံ၊ ကောင်းကျိုးယုံ၊ လှူကုန်အဝတ်ကို။
* ပုဆိုးတစ်ပိုင်း၏၊ ကောင်းကျိုးစုံ၊ ကောင်းကျိုးယုံ လှူကုန်သင်္ကန်းကို။

၃။ ဧွနဝုတေ ကပ္ပေ၊ ယံ ဒုဿမဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဒုဿဒါနဿိဒံ ဖလံ။

ကပ္ပေ-ဤဘဒ္ဒကမ္ဘာမှ၊ ဧွနဝုတေကပ္ပေ-ကိုးဆယ့်နှစ်ကမ္ဘာထက်၌၊ တဒါ-ထိုအခါ၌၊ ယံဒုဿံ-အကြင်အဝတ်ပုဆိုးတစ်ပိုင်းကို၊ အဒဒိံ-စေတနာဖွေးဖြူ အရေးယူကာ ဖြတ်၍ပေးလှူဖူးပါပြီ၊ တတော-ထိုအခါမှ၊ ပဘုတိ-စ၍၊ အဟံ-ငါသည်၊ ဒုဂ္ဂတိံ-အပါယ်လေးလီ လားရောက်ရသည်ကို၊ နာဘိဇာနာမိ-မသိစဖူးပါ၊ ဣဒံဖလံ-ဤအကျိုးသည်၊ ဒုဿဒါနဿ-ပုဆိုးတစ်ပိုင်းအလှူ၏၊ ဖလံ-အကျိုးပါပေတည်း။

ဒီဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်မှာ အဝတ်ပုဆိုးတစ်ပိုင်းပေးလှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါးလားရောက်ရတာကို မသိပါဘူးတဲ့၊ အဲဒါ ပုဆိုးတစ်ပိုင်းလှူခဲ့တဲ့ အကျိုးပါပဲ။

တရားနာပရိသတ် အပါယ်လေးပါး လားရောက်ရတာ မသိဘူးဆိုတာ အပါယ်လေးပါးမရောက်ရဘူးလို့ ဆိုလိုတာနော်။

(မှန်လှပါဘုရား)

အဝတ်ပုဆိုးတစ်ပိုင်းလှူခဲ့တဲ့ ဒါနကုသိုလ်ဟာ အပါယ်လေးပါး မလားရောက်ရခြင်းဆိုတဲ့ ကောင်းကျိုးရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ပုဆိုးတစ်ပိုင်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ-

http://www.dhammadownload.com



* ပုဆိုးတစ်ပိုင်းမျှ၊ ပေးလှူရ၊ ဒါနမြတ်ကုသိုလ်။
* အဝတ်တစ်ပိုင်းမျှ၊ ပေးလှူရ၊ ဒါနမြတ်ကုသိုလ်။
* အပါယ်လေးလီ၊ မရောက်ပြီ၊ အတည်ကောင်းကျိုးဆို။

**၄။ ဧကူနပညာသကပ္ပမှိ၊ ရာဇာနော စက္ကဝတ္တိနော။**
**သမန္တစ္ဆဒနာ နာမ၊ ဗာတ္တိ ံသာသုံ ဇနာဓိပါ။**

ဧကူနပညာသကပ္ပမှိ–လေးဆယ့်ကိုးကမ္ဘာထက်၌၊ စက္ကဝတ္တိနော–စကြာရတနာကို လည်စေတတ်ကုန်သော၊ သမန္တစ္ဆဒနာနာမ–သမန္တစ္ဆဒနအမည်ရှိကုန်သော၊ ဇနာဓိပါ–လူတို့၏ အကြီးအမှူးဖြစ်ကုန်သော၊ ရာဇာနော–မင်းတို့သည်၊ ဗာတ္တိ ံသာသုံ–သုံးဆယ့်နှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဖူးကုန်ပြီ။

အဲဒီ အဝတ်ပုဆိုးတစ်ပိုင်း လှူခဲ့တဲ့ကုသိုလ်ကြောင့် လေးဆယ့်ကိုးကမ္ဘာထက်မှာ သမန္တစ္ဆဒနအမည်ရတဲ့ စကြဝတေးမင်း သုံးဆယ့်နှစ်ကြိမ်ဖြစ်ရတယ်တဲ့။

တရားနာပရိသတ်၊ အဝတ်ပုဆိုးတစ်ပိုင်း လှူခဲ့တဲ့ကုသိုလ်ဟာ စကြဝတေးမင်း သုံးဆယ့်နှစ်ကြိမ်ဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ပုဆိုးတစ်ပိုင်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ပုဆိုးတစ်ပိုင်းမျှ၊ ပေးလှူရ၊ ဒါနမြတ်ကုသိုလ်။
* အဝတ်တစ်ပိုင်းမျှ၊ ပေးလှူရ၊ ဒါနမြတ်ကုသိုလ်။
* စကြာမင်းသည်၊ ဖြစ်ရပြီ၊ အတည်ကောင်းကျိုးဆို။
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ မှတ်ပါကောင်းကျိုးဆို။

**၅။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။**
**ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿသာသနံ။**

အဲဒီအဝတ်ပုဆိုးတစ်ပိုင်း ဖြတ်ပြီးလှူခဲ့တဲ့ကုသိုလ်ကြောင့် ဦးပဥ္စင်းတို့ဘုရားလက်ထက်တော်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။

အဝတ်ပုဆိုးတစ်ပိုင်း လှူတဲ့ကုသိုလ်ဟာ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

http://www.dhammadownload.com



ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။
(ပုဆိုးတစ်ပိုင်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)
ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–
* ပုဆိုးတစ်ပိုင်းမျှ၊ ပေးလှူရ၊ ဒါနမြတ်ကုသိုလ်။
* အဝတ်တစ်ပိုင်းမျှ၊ ပေးလှူရ၊ ဒါနမြတ်ကုသိုလ်။
* ရဟန္တာသည်၊ ဖြစ်ရပြီ၊ အံ့တည်ကောင်းကျိုးဆို။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ မှတ်ပါကောင်းကျိုးဆို။
* ပဋိသမ္ဘိဒါ၊ ရရှိတာ၊ မှတ်ပါကောင်းကျိုးဆို။
* ဝိမောက်ရှစ်ဖြာ၊ ရရှိတာ၊ မှတ်ပါကောင်းကျိုးဆို။
* ဆဠဘိညာ၊ ရရှိတာ၊ မှတ်ပါကောင်းကျိုးဆို။

ကဲ…ပုဆိုးတစ်ပိုင်း၏ ကောင်းကျိုးရှိပုံ တရားကဗျာနဲ့ တရားသိမ်းကြပါစို့–

တိဿမည်တွင်၊ ဘုရားရှင်အား၊ များဖျင်ဝေဆာ၊ စေတနာနှင့်၊
သေချာမရိုင်း၊ ပုဆိုးတစ်ပိုင်းမျှ၊ ပေးလှူရ၍–
၁။ ဘဝလူနတ်၊ အထပ်ထပ်သာ၊ အခါခါဖြစ်သွား။
၂။ ပါယ်မလားဘူး။
၃။ ထူးခြားစံကြာ၊ မင်းသုံးဆယ့်နှစ်ခါဖြစ်၊
၄။ နောက်ဆုံးစစ်က၊ ရှင်ချစ်ဗိန္ဓော်၊ တရားတော်နာရ၊ ကြည်ညိုလှ၍၊
အေးမြရဟန်း၊ ဖန်ဝါလွှမ်းဝတ်၊ မကြာခင်ရဟန္တာဖြစ်သည်၊
အဝတ်တစ်ပိုင်းမျှ လှူကျိုးတည်း။
(အဝတ်ပုဆိုးတစ်ပိုင်း၏ ကောင်းကျိုးတည်း)
(သာဓု…သာဓု…သာဓုပါဘုရား)

မှတ်ချက်။ ။ ရတနာသုံးပါး သင်္ကန်းကပ်ပွဲတိုင်း၊ ဘုရားပူဇော်ပွဲတိုင်း၊ တရားပူဇော်ပွဲတိုင်း၊ သံဃာပူဇော်ပွဲတိုင်း၊ အနေကဇာတင်ပွဲတိုင်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲတိုင်း၊ ဘုရားကိုးဆူပူဇော်ပွဲတိုင်း ဟောကြားနိုင်ပါသည်။

http://www.dhammadownload.com



တရားအမည်ပေးရာ၌-
၁။ အစတ်တစ်ပိုင်း၏ ကောင်းကျိုးရှိပုံ တရားတော်။
၂။ လူနတ်ဖြစ်ရေး လွယ်လွယ်လေးပါ တရားတော်။
၃။ အပါယ်လွတ်ရေး လွယ်လွယ်လေးပါ တရားတော်။
၄။ စကြာမင်းဖြစ်ရေး လွယ်လွယ်လေးပါ တရားတော်။
စသည်ဖြင့် အမည်ပေးကာ ဟောကြားနိုင်ပါသည်။

၁၉-၇-၉၇ (ကြာသပတေး)
ည(၉း၁၅)နာရီ။

ပုဆိုးတစ်ပိုင်း၏ ကောင်းကျိုးရှိပုံ တရားတော်ပြီးပြီ။

http://www.dhammadownload.com



**ဒီဃနိကာယ်၊ ပါထိကဝဂ္ဂပါဠိတော်၊ သိင်္ဂါလသုတ္တန်လာ**
**ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍**
**ဟောကြား ပြောကြားအပ်သော**

# ဝေဖန်ခွဲပြီး+သုံးစွဲနည်း တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "ဝေဖန်ခွဲပြီး သုံးစွဲနည်း"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ဝေဖန်ခွဲပြီး သုံးစွဲနည်းတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြရအောင်-

**စတုဓာ ဝိဘဇေ ဘောဂေ၊ ပဏ္ဍိတော ဃရမာဝသံ၊**
**ဧကေန ဘောဂေ ဘုဉ္ဇေယျ၊ ဒွိဟိ ကမ္မံ ပယောဇယေ။**
**စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ။**

(ပါထိက၊ ပါဠိ-၁၅၃)

ဃရေ-အိမ်၌၊ ဝသန္တော-နေသော၊ ပဏ္ဍိတော-ခုနှောင်ဘဝ ကောင်းကျိုးရကြောင်း ကောင်းကောင်းမြင်သိ ပညာရှိသည်၊ ဘောဂေ-စည်းစိမ်ဥစ္စာအဖြာဖြာတို့ကို၊ စတုဓာ-လေးစုလေးပုံအားဖြင့်၊ ဝိဘဇေ-ဝေဖန်ကောင်းစွာ ခွဲခြားရာ၏။

အိမ်မှာနေတဲ့ ပညာရှိပုဂ္ဂိုလ်ဟာ စည်းစိမ်ဥစ္စာတွေကို လေးပုံပုံထားရမယ်တဲ့၊ ဘယ်နှစ်ပုံ ပုံထားရမယ်တဲ့လဲ။

(လေးပုံပါဘုရား)

ဧကေန-တစ်ပုံဖြင့်၊ ဘောဂေ-စည်းစိမ်တို့ကို၊ ဘုဉ္ဇေယျ-သုံးဆောင်ခံစားရာ၏၊ တစ်ပုံကို စားဝတ်နေရေးအတွက် အသုံးပြုရမယ်၊ သုံးစွဲရမယ်တဲ့။

http://www.dhammadownload.com



ဒွိဟိ–နှစ်ပုံတို့ဖြင့်၊ ကမ္မံ–လယ်ယာလုပ်ငန်း ကူးသန်းရောင်းဝယ်မှုကို ပယောဇယေ–ယှဉ်စေရာ၏။

နှစ်ပုံကိုတော့ လယ်ယာလုပ်ငန်း၊ ကူးသန်းရောင်းဝယ်မှုစတဲ့ လုပ်ငန်းတွေအတွက် အသုံးပြုရမယ်၊ သုံးစွဲရမယ်။

အာပဒါသု–မင်း, မီး, ရေ, ခိုးသူ, မချစ်မနှစ်သက်အပ်သော အမွေခံသားဆိုး သမီးမိုက် အစရှိသော ဘေးရန်တို့သည်၊ (ဥပ္ပန္နာသု–ဖြစ်ကုန်လတ်သော်၊ ဘဝိဿတိ–သုံးစွဲဖို့ရန်ဖြစ်လတ္တံ့)၊ ဣတိ–ဤသို့နှလုံးသွင်း၍၊ စတုတ္ထဉ္စ–လေးခုမြောက်ဖြစ်သောတစ်ပုံကိုကား၊ နိဓာပေယျ–သိုမှီးသိမ်းဆည်းဘဏ်အပ်ပြီးသာ ထားလိုက်ရာ၏။

မင်းစတဲ့ ရန်သူတွေ၊ ဘေးရန်တွေနဲ့တွေ့ကြုံရင် သုံးစွဲဖို့အတွက် လေးခုမြောက်တစ်ပုံကိုတော့ လုံခြုံတဲ့နေရာမှာ သိုမှီးသိမ်းဆည်းထားရမယ်၊ မြေမြှုပ်ထားရမယ်၊ ဘဏ်အပ်ထားရမယ်တဲ့။

အဲဒီလို လေးပုံ ပုံထားတဲ့အထဲမှာ အလှူခံပုဂ္ဂိုလ်တွေအတွက် မပါသေးဘူးနော်။

(မှန်လှပါဘုရား)

အလှူခံပုဂ္ဂိုလ်တွေ တောင်းရမ်းသူတွေအတွက်ကျတော့ "ဘောဂေသု ဘုဥ္ဇေယျ"ဆိုတဲ့ စားဝတ်နေရေးသုံးစွဲတဲ့အထဲက လှူရမယ် ပေးရမယ်တဲ့။

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်က စည်းစိမ်ဥစ္စာတွေကို ဝေဖန်ခွဲခြားသုံးစွဲနည်းကို ဟောကြားတော်မူပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ် ညွှန်ကြားတဲ့နည်းအတိုင်း လိုက်နာကျင့်သုံးရင် ခုနောင်ဘဝ ကောင်းကျိုးချမ်းသာ အဖြာဖြာတွေရရှိမှာ မလွဲပါဘူး။

ခုနောင်ဘဝ ကောင်းကျိုးချမ်းသာတွေရရှိချင်ရင် ယနေ့လိုပဲ စားတဲ့အထဲမှ လှူဒါန်းပေးကြရမှာဖြစ်ပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ဒီတရားတော်ကို အကျဉ်းချုပ်ကြည့်လိုက်တဲ့အခါမှာ–

၁။ စားလည်းစားရမယ်၊

၂။ ပွားလည်းပွားရမယ်၊

၃။ ထားလည်းထားရမယ်၊

၄။ စားတဲ့အထဲမှ လှူလည်းလှူရမယ်၊

ဃေးလည်းဃေးရမယ်ဆိုတဲ့ အချက်တွေကို အဓိကတွေ့ရတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* တစ်ပုံကိုစား၊ နှစ်ပုံပွား၊ သိမ်းထားတစ်ပုံကို။

* စားတဲ့ထဲမှ၊ လှူဒါန်၊ ပြုရပေးရဆို။

ကဲ…ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ဝေဖန်ခွဲပြီး သုံးစွဲနည်းတရားတော်ပါဘုရား)

အေး…စားတတ်ကြပါစေ၊ ထားတတ်ကြပါစေ၊ ပွားအောင် မြတ်အောင် ဆောင်ရွက်တတ်ကြပါစေ၊ လှူတတ် ပေးတတ်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီ"ဝေဖန်ခွဲပြီး သုံးစွဲနည်း"ဆိုတဲ့ တရားတော်ကို ဟောကြားခဲ့ပါတယ်။

ကဲ…ဝေဖန်ခွဲပြီး သုံးစွဲနည်း တရားကဗျာနဲ့ တရားသိမ်းကြပါစို့–

"ဝေဖန်ခွဲပြီး သုံးစွဲနည်း"ကို အပြီးမသွေ၊ မှာလိုက်ပေအံ့၊ အိမ်မှာနေဘိ၊ ပညာရှိသည်၊ မိမိပိုင်ထား၊ စီးပွားဥစ္စာ၊ အဖြာဖြာကို၊ မှန်စွာတွေးရှု၊ လေးစုလေးဖြာ ပုံထားရာ၏။

၁။ မှတ်ပါတစ်ပုံ၊ စားသုံးကုန်လျက်၊

၂။ နှစ်ပုံလယ်ယာ၊ ရောင်းဝယ်ရာရှု၊ ယှဉ်သုံးပြုလျက်၊

၃။ တစ်ခုနောင်သော်၊ ဘေးရန်ပေါ်က၊ သုံးစွဲရဖို့၊ စိတ်ကရည်ညွှန်း၊ နှလုံးသွင်းလောက်၊ လေးခုမြောက်မှာ၊ သိမ်းထားရာ၏။

၄။ တစ်ဖြာစစ်တွေး၊ စားဝတ်ရေးမှ၊ လှူပေးဖို့ရာ၊ ဟောခဲ့ပါသည်၊ သေချာမှတ်လေ အမြဲတည်း။

(သာဓု…သာဓု…သာဓုပါဘုရား)

မှတ်ချက်။ ။ ဒါနပွဲတိုင်း ဟောကြားနိုင်ပါသည်။

တရားအမည်ပေးရာ၌–

၁။ ဝေဖန်ခွဲပြီး စားသုံးနည်းတရားတော်၊

၂။ ဝေဖန်ခွဲပြီး ရောင်းဝယ်နည်းတရားတော်၊

၃။ ဝေဖန်ခွဲပြီး သိမ်းထားနည်းတရားတော်၊

၄။ ဝေဖန်ခွဲပြီး လှူပေးနည်းတရားတော်၊

၅။ လေးပုံခွဲကာ သုံးစွဲပါတရားတော်၊

စသည်ဖြင့် အမည်ပေးကာ ဟောကြားနိုင်ပါသည်။

http://www.dhammadownload.com



## အဋ္ဌကထာ ကောက်နုတ်ချက်

ကမ္မေသု ပန စတူသု ကောဋ္ဌာသေသု ကတရကောဋ္ဌာသံ။ ဂဟေတွာ ကုသလံ ကာတဗ္ဗန္တိ။

"ဘောဂေ ဘုဉ္ဇေယျာ"တိ ဝုတ္တကောဋ္ဌာသံ။ တတောဂဏှိတွာ ဘိက္ခုနမ္ပိ ကပဏဒ္ဓိကာဒီနမ္ပိဒါတဗ္ဗံ၊ ပေသကာရနှာပိဒီနမ္ပိ ဝေတနံ ဒါတဗ္ဗံ။

(ပါထိကဝဂ္ဂ ဋ္ဌကထာ-၁၃၅)

၁၄-၇-၉၇
ည(၁၀)နာရီ။

ဝေဖန်ခွဲပြီး သုံးစွဲနည်းတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်
ကိကံဏိပုပ္ဖဝဂ်၊ နဠကုဋိဒါယကတ္ထေရ
အပါဒါန်ကို တန်ဆောင်ဆင်၍
ဟောကြား ပြောကြားအပ်သော

# ပဒေသရာဇ်+ရေတွက်လို့မဖြစ်ပါ
# တရားတော်

ဒီနေ့ ကျောင်းဒကာ ဦး(.........) ကျောင်းဒကာမ ဒေါ်(.........)တို့၏ ကျောင်းလှူပွဲ ကျောင်းရေစက်ချပွဲမှာ ဟောကြားမည့်တရားတော်က "ပဒေသရာဇ်+ရေတွက်လို့မဖြစ်ပါ"တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(ပဒေသရာဇ်+ရေတွက်လို့မဖြစ်ပါ တရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

၁။ ဟိမဝန္တဿာ ဝိဒူရေ၊ ဟာရိတော နာမ ပဗ္ဗတော။
သယမ္ဘူ နာရဒေါ နာမ၊ ရုက္ခမူလေ ဝသီ တဒါ။

(အပဒါနပါဠိ-၂၊၈၁)

ဟိမဝန္တဿ-ဟိမဝန္တာ၏၊ အဝိဒူရေ-မနီးမဝေးသောအရပ်၌၊ ဟာရိ-တော နာမ-ဟာရိတအမည်ရှိသော၊ ပဗ္ဗတော-တောင်သည်၊ အတ္ထိ-ရှိ၏၊ တတ္ထ-ထိုတောင်၌၊ နာရဒေါ နာမ-နာရဒအမည်ရှိသော၊ သယမ္ဘူ-မြတ်စွာဘုရားသည်၊ တဒါ-ထိုအခါ၌၊ ရုက္ခမူလေ-သစ်ပင်ရင်း၌၊ ဝသီ-နေတော်မူပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဟိမဝန္တာရဲ့ မနီးမဝေးအရပ်မှာ ဟာရိတဆိုတဲ့တောင်ရှိတယ်၊ အဲဒီတောင်မှာရှိတဲ့ သစ်ပင်ရင်းမှာ နာရဒမြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။

http://www.dhammadownload.com



၂။ နဠာဂါရံ ကရိတွာန၊ တိဏေန ဆာဒယိံ အဟံ။
စင်္ကမံ သောဓယိတွာန၊ သယမ္ဘုဿ အဒါသဟံ။

အဟံ–ငါသည်၊ နဠာဂါရံ–ကျူထရံဖြင့်ပြီးသောကျောင်းကို၊ ကရိတွာန–ပြု၍၊ တိဏေန–မြက်ဖြင့်(သက်ငယ်ဖြင့်)၊ ဆာဒယိံ–ဖုံးလွှမ်းခဲ့ပြီ(မိုးခဲ့ပြီ) အဟံ–ငါသည်၊ စင်္ကမံ–စင်္ကြံကို၊ သောဓယိတွာန–သုတ်သင်၍၊ သယမ္ဘုဿ–မြတ်စွာဘုရားအား၊ အဒါသိံ–စေတနာဖွေးဖြူ အရေးယူကာ ပေးလှူခဲ့ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ကျူထရံနဲ့ပြီးတဲ့ ကျူထရံကျောင်းလေးဆောက်ပြီးတော့ မြက်နဲ့ သက်ငယ်နဲ့ မိုးပြီးတော့ စင်္ကြံကို သေသေချာချာ သုတ်သင်ရှင်းလင်းကာ နာရဒမြတ်စွာဘုရားအား လှူဒါန်းလိုက်ပါတယ်။

၃။ တေနကမ္မေန သုကတေန၊ စေတနာပဏိဓိဟိစ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသမဂစ္ဆဟံ။

သုကတေန–စိတ်ထားမြင့်မြတ် ကောင်းစွာပြုအပ်သော၊ တေနကမ္မေနစ–ထိုကံကြောင့်လည်းကောင်း၊ စေတနာပဏိဓိဟိစ–စေတနာဆုတောင်း အမှန်ကောင်းခြင်း အကြောင်းရင်းတို့ကြောင့်လည်းကောင်း၊ မာနုသံဒေဟံ–လူ၏ ကိုယ်ကို၊ ဇဟိတွာ–စွန့်၍၊ အဟံ–ငါသည်၊ တာဝတိံသံ–တာဝတိံသာ နတ်ပြည်သို့၊ အဂစ္ဆိံ–ကောင်းစွာမသွေ ရောက်ရပေ၏။

အဲဒီကောင်းစွာပြုအပ်တဲ့ ကျူထရံကျောင်း အလှူကောင်းမှုကံ စေတနာဆုတောင်းတို့ကြောင့် လူ့ဘဝကိုစွန့်ခွာရတဲ့အခါမှာ တာဝတိံသာ နတ်ပြည်ကို ရောက်ရပါတယ်။

ဘယ်ကိုရောက်ရသတဲ့လဲ။

(တာဝတိံသာနတ်ပြည်ကိုပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* တာဝတိံသာ၊ ရောက်ရတာ၊ ဘယ်ဒါနကြောင့်လဲ။

* တာဝတိံသာ၊ ရောက်ရတာ၊ ကျောင်းဒါနကြောင့်ပဲ။

၄။ တတ္ထ မေ သုကတံ ဗျမှံ၊ နဠကုဋိက နိမ္မိတံ။
သဋ္ဌိယောဇနမုဗ္ဗေဓံ၊ တိံသယောဇနဝိတ္ထတံ။

တတ္ထ–ထိုနတ်ပြည်၌၊ မေ–ငါသည်၊ သုကတံ–ကောင်းစွာပြုအပ်သော၊ နဠကုဋိကနိမ္မိတံ–ကျူထရံကုဋီကြောင့်ဖြစ်သော၊ ဗျမှံ–ဗိမာန်သည်၊ သဋ္ဌိယော–

http://www.dhammadownload.com



ဇနမုဗ္ဗေခံ–ယူဇနာခြောက်ဆယ်မြင့်၏၊ တိံသယောဇနဝိတ္ထတံ–ယူဇနာ သုံးဆယ်ပြန့်၏။

အဲဒီ နဠကုဋိ ဒါယကာ မထေရ်အလောင်း သူတော်ကောင်းဟာ ကျူထရံမြက်မိုးကျောင်း လှူခဲ့တဲ့ကုသိုလ်ကောင်းမှုကြောင့် တာဝတိံသာ နတ်ပြည်မှာ အမြင့်ယူဇနာခြောက်ဆယ်၊ အကျယ်ယူဇနာသုံးဆယ်ရှိတဲ့ ဗိမာန်ကြီးကို ရရှိပြီးတော့ အေးအေးမြမြ နေထိုင်ရပါတယ်။

အဲဒီလို မြင့်မားကျယ်ပြန့်တဲ့ ဗိမာန်ကောင်း၊ နေရာကောင်း၊ အိမ်ကောင်း၊ တိုက်ကောင်း၊ ကျောင်းကောင်းတွေ ရရှိလိုသူတွေဟာ ကျူထရံမြက်မိုးကျောင်းစတဲ့ ကျောင်းအလှူတွေ လှူရမယ်နော်။

(မှန်လှပါဘုရား)

ကျူထရံမြက်မိုးကျောင်း ပေးလှူတာတောင် မြင့်မားကျယ်ပြန့်တဲ့ ဗိမာန်ကောင်း၊ နေရာကောင်းတွေရရင် ဒီနေ့ ကျောင်းဒကာ ဦး(..........) ကျောင်းဒကာမ ဒေါ်(..........)တို့ရဲ့ တိုက်ကျောင်းအလှူဟာ ပိုပြီးတော့ မြင့်မားကျယ်ပြန့်ကြီးမားလှပတဲ့ ဗိမာန်ကောင်း၊ နေရာကောင်း၊ အိမ်ရာကောင်း၊ တိုက်ကောင်းကြီးတွေ ရနိုင်တယ်လို့ မှတ်ယူရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ဗိမာန်မြင့်တာ၊ ရလို့လာ၊ ဘယ်ဒါနကြောင့်လဲ။
* ဗိမာန်မြင့်တာ၊ ရလို့လာ၊ ကျောင်းဒါနကြောင့်ပဲ။
* ဗိမာန်ကျယ်တာ၊ ရလို့လာ၊ ဘယ်ဒါနကြောင့်လဲ။
* ဗိမာန်ကျယ်တာ၊ ရလို့လာ၊ ကျောင်းဒါနကြောင့်ပဲ။
* ဗိမာန်ကောင်းတာ၊ ရလို့လာ၊ ဘယ်ဒါနကြောင့်လဲ။
* ဗိမာန်ကောင်းတာ၊ ရလို့လာ၊ ကျောင်းဒါနကြောင့်ပဲ။
* ဗိမာန်ကြီးတာ၊ ရလို့လာ၊ ဘယ်ဒါနကြောင့်လဲ။
* ဗိမာန်ကြီးတာ၊ ရလို့လာ၊ ကျောင်းဒါနကြောင့်ပဲ။

၅။ စတုဒ္ဒသေသု ကပ္ပေသု၊ ဒေဝလောကေ ရမိံ အဟံ။
ကေသတ္တတိက္ခတ္တုဉ္စ၊ ဒေဝရဇ္ဇ မကာရယိံ ။

စတုဒ္ဒသေသုကပ္ပေသု–တစ်ဆယ့်လေးကမ္ဘာတို့၌၊ အဟံ–ငါသည်၊ ဒေဝလောကေ–နတ်ပြည်၌၊ ရမိံ–မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်ခဲ့ရပြီ၊ ကေသတ္တတိက္ခတ္တုဉ္စ–ခုနစ်ဆယ့်တစ်ကြိမ်တိုင်တိုင်လည်း၊ ဒေဝရဇ္ဇံ–နတ်တို့

http://www.dhammadownload.com



သနင်း သိကြားမင်းအဖြစ်ကို၊ အကာရယိ -ပြုခဲ့ရပြီ။

အဲဒီ နင္ဒကုဋ္ဌိ ဒါယကာ မထေရ်အလောင်း သူတော်ကောင်းဟာ ကျူထရံမြက်မိုးကျောင်း လှူခဲ့တဲ့ကုသိုလ်ကြောင့် တစ်ဆယ့်လေးကမ္ဘာ နတ်ပြည်မှာ မွေ့လျော်နှစ်ခြိုက်ပျော်ပိုက်ရပါတယ်။

ခုနစ်ဆယ့်တစ်ကြိမ်တိုင်တိုင် သိကြားမင်းဖြစ်ရပါတယ်။

ဒီတော့ တရားနာပရိသတ်၊ နတ်ပြည်မှာပျော်ပိုက်ရတာ၊ သိကြားမင်း (၇၁)ကြိမ်ဖြစ်ရတာ ဘယ်ဒါနကြောင့်လဲ။

(ကျူထရံကျောင်းဒါနကြောင့်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ထက်နတ်ပြည်မှာ၊ ပျော်ရတာ၊ ဘယ်ဒါနကြောင့်လဲ။

* ထက်နတ်ပြည်မှာ၊ ပျော်ရတာ၊ ကျောင်းဒါနကြောင့်ပဲ။

* သိကြားရာဇာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။

* သိကြားရာဇာ၊ ဖြစ်ရတာ၊ ကျောင်းဒါနကြောင့်ပဲ။

**၆။ စတုတိံ သတိက္ခတ္တုဥ္စ၊ စက္ကဝတ္တီ အဟောသဟံ။**

**ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။**

အဟံ-ငါသည်၊ စတုတိံသတိက္ခတ္တုဥ္စ-သုံးဆယ့်လေးကြိမ်တိုင်တိုင်လည်း၊ စက္ကဝတ္တီ-စကြဝတေးမင်းသည်၊ အဟောသိံ-ဖြစ်ခဲ့ပြီ၊ ဝိပုလံ-ပြန့်ပြောသော၊ ပဒေသရဇ္ဇံ-ပဒေသရာဇ်မင်း၏ အဖြစ်သည်၊ ဂဏနာတော-ဂဏန်းအရေအတွက်အားဖြင့်၊ အသင်္ခိယံ-မရေတွက်နိုင်။

စကြဝတေးမင်းအဖြစ်(၃၄)ကြိမ်တဲ့၊ ဘယ်နှစ်ကြိမ်တဲ့လဲ။

(၃၄)ကြိမ်ပါဘုရား)

နယ်မြေဒေသတစ်ခုခုကို ပိုင်ဆိုင်အစိုးရတဲ့ ပဒေသရာဇ်မင်းအဖြစ်ကတော့ ဂဏန်းအရေအတွက်အားဖြင့် မရေတွက်နိုင်လောက်အောင် ဖြစ်ရတယ်တဲ့။

ပဒေသရာဇ်မင်းအဖြစ်ကို မရေတွက်နိုင်လောက်အောင် ဖြစ်ရတယ်ဆိုတာ ရေတွက်လို့မကုန်နိုင်အောင်၊ ရေတွက်လို့မရနိုင်အောင်၊ ရေတွက်လို့ မဖြစ်နိုင်အောင် အကြိမ်များစွာ ဖြစ်ရတယ်လို့ ဆိုတာပါပဲ။

ဒီတော့ တရားနာပရိသတ်၊ သိကြားမင်းအဖြစ်က(၇၁)ကြိမ်၊ စကြဝတေးမင်းအဖြစ်က(၃၄)ကြိမ် ဖြစ်ရတယ်ဆိုတော့၊ သိကြားမင်းအဖြစ် စကြဝတေးမင်းအဖြစ်တွေက ရေတွက်လို့ဖြစ်တယ်၊ ရေတွက်လို့ရတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



နယ်မြေဒေသတစ်ခုခုကို ပိုင်ဆိုင်အစိုးရတဲ့ ပဒေသရာဇ်မင်းအဖြစ် ကျတော့ ဂဏန်းအရေအတွက်အားဖြင့် ရေတွက်လို့ဖြစ်ရဲ့လား။

(မဖြစ်ပါဘူးဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ပဒေသရာဇ် ရေတွက်လို့ မဖြစ်ပါတရားတော်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ကျောင်းဒါနကြောင့်ပဲ။
* ပဒေသရာဇာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။
* ပဒေသရာဇာ၊ ဖြစ်ရတာ၊ ကျောင်းဒါနကြောင့်ပဲ။

**၇။ ဓမ္မပါသာဒမာရုယှ၊ သမ္မာကာရဝရူပမံ။**

**ယဒိစ္ဆကာဟံ ဝိဟရေ၊ သကျပုတ္တဿ သာသနေ။**

အဟံ-ငါသည်၊ သကျပုတ္တဿ-သာကီဝင်မင်းသား မြတ်စွာဘုရား၏၊ သာသနေ-အံ့ဖွယ်ရှစ်ဖြာ သာသနာတော်၌၊ သမ္မာကာရဝရူပမံ-အလုံးစုံ မြတ်သောအခြင်းအရာဖြင့် နှိုင်းယှဉ်အပ်သော၊ ဓမ္မပါသာဒံ-တရားတော်တည်းဟူသော ပြသာဒ်သို့၊ အာရုယှ-တက်၍၊ ယဒိစ္ဆကံ-အလိုရှိတိုင်း၊ ဝိဟရေ-ကောင်းစွာမသေွ နေရပေ၏။

မြတ်စွာဘုရားရဲ့ သာသနာတော်မှာ အလုံးစုံမြတ်သော အခြင်းအရာဖြင့် နှိုင်းယှဉ်အပ်တဲ့ တရားပြသာဒ်ပေါ်မှာတက်ပြီးတော့ အလိုရှိတိုင်းနေရတာဟာ ကျူထရံမြက်မိုးကျောင်း ဒါနကြောင့်ပါပဲ။

လူတွေဟာများသောအားဖြင့် အလိုရှိတိုင်း တရားနဲ့နေချင်တိုင်း နေလို့ရရဲ့လား။

(မရပါဘူးဘုရား)

အေး...အဲဒီလို တရားနဲ့ အလိုရှိတိုင်း နေချင်တိုင်းနေလို့မရတာဟာ ကျောင်းမလှူခဲ့လို့ လို့ပြောလို့ရတယ်နော်။

(မှန်လှပါဘုရား)

ကျူထရံမြက်မိုးကျောင်းလှူခဲ့တဲ့ နဠကုဋိ ဒါယကာမထေရ်အလောင်း သူတော်ကောင်းကျတော့ တရားပြသာဒ်ပေါ်တက်ပြီး အလိုရှိတိုင်း၊ တရားနဲ့နေချင်တိုင်း နေလို့ရတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



**၈။ စေတိ ံသေ ဣတောကပ္ပေ၊ ယံကမ္မံမကရိ ံတဒါ။**
**ဒုဂ္ဂတိ ံနာဘိဇာနာမိ၊ နုဒ္ဒကုင္ဃိယိဒံဖလံ။**

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ စေတိ ံသေကပ္ပေ–သုံးဆယ့်တစ်ကမ္ဘာထက်၌၊ တဒါ–ထိုအခါ၌၊ ယံကမ္မံ–ကျောင်းလှူခဲ့ဖူး အကြင်ကောင်းမှုကုသိုလ်ကံထူးကို၊ အကရိ ံ–ပြုပြီ၊ (တတော–ထိုအခါမှ၊ ပဋ္ဌာယ–စ၍)၊ ဒုဂ္ဂတိ ံ–ဒုဂ္ဂတိဘဝကို၊ နာဘိဇာနာမိ–မသိစဘူးပါ၊ ဣဒံဖလံ–ဤအကျိုးသည်၊ နုဒ္ဒကုင္ဃိယာ–ကျူထရံကျောင်းကိုလှူရခြင်း၏၊ ဖလံ–အကျိုးတည်း။

ဒီဘဒ္ဒကမ္ဘာမှ ပြန်ရေတွက်လိုက်ရင် သုံးဆယ်တစ်ကမ္ဘာထက်မှာ ကျောင်းလှူခဲ့တဲ့ကုသိုလ်ကောင်းမှုကြောင့် အပါယ်ဒုဂ္ဂတိဘဝကို ရောက်ရတာမသိပါဘူးတဲ့၊ အဲဒီ အပါယ်လေးပါး မလားရမရောက်ရတဲ့ကောင်းကျိုးဟာ ကျူထရံမြက်မိုးကျောင်း ဆောက်လုပ်ပြီးတော့ လှူခဲ့တဲ့အကျိုးပါပဲ။

ဒီတော့ တရားနာပရိသတ်၊ အပါယ်လေးပါး မလားရမရောက်ရတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ကျောင်းဒါနကြောင့်ပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* အပါယ်လေးဖြာ၊ မရောက်တာ၊ ဘယ်ဒါနကြောင့်လဲ။

* အပါယ်လေးဖြာ၊ မရောက်တာ၊ ကျောင်းဒါနကြောင့်ပဲ။

* အပါယ်လေးဖြာ၊ မသိပါ၊ ဘယ်ဒါနကြောင့်လဲ။

* အပါယ်လေးဖြာ၊ မသိပါ၊ ကျောင်းဒါနကြောင့်ပဲ။

ဒီနေ့ ကျောင်းရေစက်ချပွဲ၊ ကျင်းပပြုလုပ်လှူဒါန်းပူဇော်နေကြတဲ့ ကျောင်းဒကာ ကျောင်းဒကာမတွေ အပါယ်လေးပါး လားရောက်ရမှာ ကြောက်စရာလိုသေးရဲ့လား။

(မလိုတော့ပါဘူးဘုရား)

ကျောင်းအလှူပေးတဲ့လူတွေဟာ အပါယ်လေးပါး လားရောက်ရမှာ ကြောက်စရာမလိုတော့ဘူးနော်။

(မှန်လှပါဘုရား)

ကျောင်းဒကာ ကျောင်းဒကာမတွေ အပါယ်လေးပါးမကြောက်တာ ဘယ်ဒါနကြောင့်ပါလိမ့်။

(ကျောင်းဒါနကြောင့်ပါဘုရား)

http://www.dhammadownload.com



ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* အပါယ်လေးဖြာ၊ မကြောက်ပါ၊ ဘယ်ဒါနကြောင့်လဲ။

* အပါယ်လေးဖြာ၊ မကြောက်ပါ၊ ကျောင်းဒါနကြောင့်ပဲ။

**၉။ ကိလေသာ ဈာပိတာ မယှံ၊ ဘဝါသဗ္ဗေ သမူဟတာ။**

**နာဂေါဝ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမိ အနာသဝေါ။**

မယှံ-ငါသည်၊ကိလေသာ-ကိလေသာတို့ကို၊ ဈာပိတာ-ရှို့မြှိုက်လောင်ကျွမ်း စေအပ်ကုန်ပြီ၊ သဗ္ဗေဘဝါ-အလုံးစုံသော ဘဝတို့ကို၊ သမူဟတာ-ပယ်နှုတ်အပ်ကုန်ပြီ၊ နာဂေါ-ဆင်ပြောင်ကြီးသည်၊ ဗန္ဓနံ-အနှောင်အဖွဲ့ကို၊ ဆေတွာ-ဖြတ်၍၊ ဝိဟရတိဣဝ-နေသကဲ့သို့၊ အဟံ-ငါသည်၊ အနာသဝေါ-အာသဝမရှိပဲ၊ ဝိဟရာမိ-နေရ၏။

ငါဟာ ကိလေသာတွေကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ပြီးပြီ၊ ဘဝအားလုံးကို ပယ်နှုတ်ပြီးပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့မှန်သမျှကို ဖြတ်တောက်ပြီး ချမ်းသာစွာနေရသလို ငါလည်းပဲ အာသဝမရှိပဲ ချမ်းသာစွာ နေရပြီလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတော်မူပါတယ်။

**၁၀။ သွာဂတံ ဝတ မေ အာသိ၊ မမဗုဒ္ဓဿသန္တိကေ။**

**တိဿောဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံဗုဒ္ဓဿ သာသနံ။**

မေ-ငါ၏၊ အာဂတံ-လာခြင်းသည်၊ ဝတ-စင်စစ်၊ သွာဂတံ-ကောင်းသော လာခြင်းသည်၊ အာသိ-ဖြစ်၏၊ မမ-ငါသည်၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏ သန္တိကေ-အထံတော်၌၊ တိဿောဝိဇ္ဇာ-သုံးပါးသော ဝိဇ္ဇာတို့သို့၊ အနုပ္ပတ္တာ-အစဉ်ရောက်အပ်ကုန်ပြီ၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ သာသနံ-အဆုံးအမတော်ကို၊ ကတံ-ပြုအပ်ပြီ။

ငါ့ရဲ့လာခြင်းဟာ တကယ်ကောင်းတယ်၊ ငါဟာမြတ်စွာဘုရားရဲ့ ထံတော်ပါးမှာ ဝိဇ္ဇာသုံးပါး အစဉ်ရအပ် ရောက်အပ်ပြီ၊ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးသူဖြစ်တယ်၊ ဒီလိုပဲ ဝမ်းမြောက်တော်မူတယ်နော်။

(မှန်လှပါဘုရား)

**၁၁။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိ စ အဋ္ဌိမေ။**

**ဆဠဘိညာ သစ္ဆိကတာ၊ ကတံဗုဒ္ဓဿ သာသနံ။**

အဲဒီ ကျူထရံမြက်မိုးကျောင်း လှူဒါန်းခဲ့တဲ့ဒကာလေးဟာ ဦးပဥ္စင်းတို့ ဘုရားလက်ထက်တော်အခါမှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး

http://www.dhammadownload.com



အဘိညာဉ်ခြောက်ပါး တန်ခိုးများနဲ့ပြည့်စုံတဲ့ နဋ္ဌကုဋ္ဌိဒါယကမထေရ်ရယ်လို့ ထင်ရှားကျော်ကြားတဲ့ ရဟန္တာတစ်ပါး ဖြစ်သွားတော်မူပါတယ်။

ကျူထရံမြက်မိုးကျောင်း လှူဒါန်းတဲ့ကျောင်းဒကာလေးဟာ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိသွားတယ်နော်။

(မှန်လှပါဘုရား)

ယနေ့ ကျောင်းဒကာ ကျောင်းအမတွေလည်း ငါတို့ကျောင်းလှူရတဲ့ ကုသိုလ်ဟာ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိမှာမလွဲဘူးလို့ မှတ်သားထားကြပါ။

ကဲ...ကျူထရံမြက်မိုးကျောင်းဆောက်လုပ်ပြီးတော့ နာရဒမြတ်စွာဘုရားကို လှူဒါန်းရတဲ့ကောင်းမှုကြောင့် ရရှိတဲ့ကောင်းကျိုးတွေကို မှတ်သားလို့ လွယ်ကူအောင် အကျဉ်းချုပ်ကြည့်ကြပါစို့-

၁။ တာဝတိံသာနတ်ပြည်ကို ရောက်ရခြင်း၊

၂။ တာဝတိံသာနတ်ပြည်မှာ အမြင့်ယူဇနာခြောက်ဆယ်၊ အကျယ် ယူဇနာသုံးဆယ်ရှိတဲ့ ဗိမာန်ကြီးကိုရရှိခြင်း၊

၃။ (၁၄)ကမ္ဘာ နတ်ပြည်မှာမွေ့လျော်ရခြင်း၊

၄။ သိကြားမင်း(၇၁)ကြိမ် ဖြစ်ရခြင်း၊

၅။ စကြာမင်း(၃၄)ကြိမ် ဖြစ်ရခြင်း၊

၆။ ရေတွက်လို့မရအောင် ပဒေသရာဇ်မင်း ဖြစ်ရခြင်း၊

၇။ တရားပြသာဒ်ပေါ်တက်ပြီး အလိုရှိတိုင်း နေရခြင်း၊

၈။ အပါယ်လေးပါး မလားမရောက်ရခြင်း၊

၉။ ကိလေသာ, ဘဝ, အာသဝအားလုံးကင်းပြီး ချမ်းသာစွာနေရခြင်း၊

၁၀။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေ ရရှိသွားခြင်း၊

ကဲ...ဒီနေ့ ကျောင်းဒကာ ကျောင်းဒကာမတွေကို ဟောကြားလိုက်တဲ့ တရားတော်က ဘာတရားတော်တဲ့လဲ။

(ပဒေသရာဇ် ရေတွက်လို့ မဖြစ်ပါတရားတော်ပါဘုရား)

အေး...ဟုတ်ပြီ၊ ဒီနဋ္ဌကုဋ္ဌိဒါယကတ္ထေရအပဒါန်လာတဲ့အတိုင်း ရေးသားထားတဲ့ လင်္ကာဆောင်ပုဒ်အတိုချုပ်လေးတွေလိုက်ဆိုပြီး တရားသိမ်းကြပါစို့-

http://www.dhammadownload.com



၁။ တာဝတိံသာ၊ ရောက်ရတာ၊ မှတ်ပါကျောင်းလှူကြိုး။
၂။ ဗိမာန်မြင့်တာ၊ ရရှိတာ၊ မှတ်ပါကျောင်းလှူကြိုး။
၃။ ဗိမာန်ကျယ်တာ၊ ရရှိတာ၊ မှတ်ပါကျောင်းလှူကြိုး။
၄။ ဆယ့်လေးကမ္ဘာ၊ နတ်ပြည်မှာ၊ ပျော်တာကျောင်းလှူကြိုး။
၅။ သိကြားရာဇာ၊ ဖြစ်ရတာ၊ မှတ်ပါကျောင်းလှူကြိုး။
၆။ မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ မှတ်ပါကျောင်းလှူကြိုး။
၇။ ပဒေသရာဇ်၊ ရေမဖြစ်၊ စင်စစ် ကျောင်းလှူကြိုး။
ပဒေသရာဇာ၊ ဖြစ်ရတာ၊ မှတ်ပါ ကျောင်းလှူကြိုး။
ပဒေသရာဇာ၊ မရေသာ၊ သေချာ ကျောင်းလှူကြိုး။
၈။ တရားပြသာဒ်၊ ပေါ်တက်လတ်၊ ထေရ်မြတ်ကျောင်းလှူကြိုး။
၉။ အပါယ်လေးဖြာ၊ မရောက်ပါ၊ သေချာ ကျောင်းလှူကြိုး။
၁၀။ ကိလေ+ဘဝ၊ အာသဝ၊ ကင်းရ ကျောင်းလှူကြိုး။
၁၁။ မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ မှတ်ပါ ကျောင်းလှူကြိုး။
ကဲ…အားလုံးသာဓုခေါ်လိုက်ကြ–။
(သာဓု…သာဓု…သာဓုပါဘုရား)

မှတ်ချက်။ ။ကျောင်းလှူပွဲတိုင်းဟောပါ။
တရားအမည်ပေးရာ၌–
၁။ တာဝတိံသာရောက်ရေး ကျောင်းလှူပေးပါ။
၂။ ဗိမာန်ရရေး ကျောင်းလှူပေးပါ။
၃။ သိကြားမင်းဖြစ်ရေး ကျောင်းလှူပေးပါ။
၄။ စကြာမင်းဖြစ်ရေး ကျောင်းလှူပေးပါ။
၅။ ပဒေသရာဇ်မင်းဖြစ်ရေး ကျောင်းလှူပေးပါ။
၆။ အပါယ်လွတ်ရေး ကျောင်းလှူပေးပါ။
၇။ ရဟန္တာဖြစ်ရေး ကျောင်းလှူပေးပါ။
စသည်ဖြင့် အမည်ပေးကာ ဟောကြားနိုင်ပါသည်။

၂၂–၇–၉၇ (အင်္ဂါနေ့)
ည(၉း၃၀)နာရီ။

ပဒေသရာဇ် ရေတွက်လို့ မဖြစ်ပါတရားတော်ပြီးပြီ။

http://www.dhammadownload.com



**ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ကိင်္ကဏိပုပ္ဖဝဂ်၊**
**ဥဒကဒါယကတ္ထေရအပဒါန်ကို တန်ဆာဆင်၍**
**ဟောကြား ပြောကြားအပ်သော**

# ရေကိုလိုတ+မြန်စွာရ တရားတော်

ဒီနေ့ ရေတွင်းရေကန် တူးဖော်စိမ်ပြီး လှူဒါန်းကြတဲ့ ဦး(.,........) ဒေါ်(..........)တို့ရဲ့ ရေတွင်းရေကန် ရေအလှူပွဲမှာ ဟောကြားမည့်တရားတော်က "ရေကိုလိုတ မြန်စွာရ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ရေကိုလိုတ မြန်စွာရတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ ပဒုမုတ္တရဗုဒ္ဓဿ၊ ဘိက္ခုသံဃေ အနုတ္တရေ။**
**ပသန္နစိတ္တော သုမနော၊ ပါနီယဃဋ မပူရယိံ ။**

(အပဒါနပါဠိ-၂၊ ၇၈)

ပဒုမုတ္တရဗုဒ္ဓဿ-ပဒုမုတ္တရမြတ်စွာဘုရား၏၊ အနုတ္တရေ-အတုမရှိ လွန်မြတ်ဘိသော၊ ဘိက္ခုသံဃေ-ရဟန်းသံဃာ၌၊ ပသန္နစိတ္တော-ကြည်ညို သောစိတ်ရှိသည်ဖြစ်၍၊ သုမနော-ဝမ်းမြောက်သည်ဖြစ်၍၊ ပါနီယဃဋံ-သောက်ရေအိုးကို၊ အပူရယိံ -ကောင်းစွာမသွေ ပြည့်စေခဲ့ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ပဒုမုတ္တရမြတ်စွာဘုရားရဲ့ အတုမဲ့ရဟန်းသံဃာရဲ့အပေါ်မှာ ကြည်ညိုတဲ့စိတ်၊ ဝမ်းမြောက်တဲ့စိတ်နဲ့ သောက်ရေအိုးတိုင်းကို ရေပြည့်အောင် ရေဖြည့်ခဲ့တယ်၊ ရေလှူခဲ့တယ်။

http://www.dhammadownload.com



**၂။ ပဗ္ဗတဂ္ဂေ ဒုမဂ္ဂေဝါ၊ အာကာသေ ဝါထဘူ မိယံ။**
**ယဒါပါနီယမိစ္ဆာမိ၊ ခိပ္ပံ နိဗ္ဗတ္တတေ မမ။**

ပဗ္ဗတဂ္ဂေဝါ–တောင်ထိပ်၌လည်းကောင်း၊ ဒုမဂ္ဂေဝါ–သစ်ပင်ဖျား၌လည်းကောင်း၊ အာကာသေဝါ–ကောင်းကင်၌လည်းကောင်း၊ အထ–ထိုမြို့၊ ဘူမိယံဝါ–မြေပြင်၌လည်းကောင်း၊ ယဒါ–အကြင်အခါ၌၊ ပါနီယံ–ရေကို၊ ဣစ္ဆာမိ–အလိုရှိ၏၊ တဒါ–ထိုအခါ၌၊ မမ–ငါ့အား၊ ခိပ္ပံ–လျင်မြန်စွာ၊ နိဗ္ဗတ္တတေ–ရေလှူခဲ့ဖူး ကောင်းမှုထူးကြောင့် ကြည်နူးစရာ ရေဖြစ်ပေါ်လာပါပေတော့သတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အဲဒီ ဥဒက ဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ ရေလှူခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုကြောင့် တောင်ထိပ်ရောက်လည်း ရေမရှားဘူး၊ တောင်ထိပ်မှာ ရေကိုအလိုရှိတယ်ဆိုရင် ရေကိုတလိုက်တာနဲ့ ရေကိုမြန်စွာရတယ်၊ နောက်ပြီး သစ်ပင်ဖျား၊ ကောင်းကင်၊ မြေပြင်တွေမှာလည်း ရေမရှားဘူး၊ ရေပေါတယ်၊ တောင်ထိပ်မှာလိုပဲ ရေကိုအလိုရှိရင် တ,လိုက်တာနဲ့ မြန်စွာရတယ်။

ခုကာလ ခုခေတ်စကားနဲ့ပြောရရင်တော့ ရေလျှံနေတယ်ပေါ့၊ ဒီတော့ တရားနာပရိသတ်၊ ရေလျှံချင်ရင်၊ ရေပေါချင်ရင်၊ တောင်ထိပ်၊ သစ်ပင်ဖျား၊ ကောင်းကင်၊ မြေပြင်မှာ ရေကိုအလိုရှိတာနဲ့ တလိုက်တာနဲ့ ရေတွေမြန်စွာရလိုရင် ဘာလှူရမတဲ့လဲ။

(ရေလှူရမှာပါဘုရား)

သံဃာတော်တွေ သောက်သုံးရေအိုးတွေ ရေပြည့်အောင် ရေဖြည့်လှူခဲ့တဲ့အကျိုးဟာ တကယ်အံ့ဩစရာကောင်းလောက်အောင် ထူးခြားဆန်းကြယ်တယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ ဦး(..........) ဒေါ်(..........)တို့မိသားစု သံဃာတော်တွေသောက်သုံးဖို့အတွက် ရေတွင်းတွေ၊ ရေကန်တွေ လှူဒါန်းလိုက်တာဟာ တောင်ထိပ်ဖျား၊ သစ်ပင်ဖျား၊ ကောင်းကင်၊ မြေပြင်ဘယ်နေရာ ဘယ်အရပ်ပဲရောက်ရောက် ရေကိုအလိုရှိရင် ရေကိုတလိုက်တာနဲ့ ရေမြန်စွာရကြောင်း အထောက်အပံ့ကောင်းပဲနော်။ (မှန်လှပါဘုရား)

ဥဒက ဒါယကာ မထေရ်အလောင်း သူတော်ကောင်းမှာ ရဟန္တာဖြစ်သည်အထိ ရေလျှံနေတာ၊ ရေမရှားတာ၊ ရေပေါတာ၊ တောင်ထိပ်၊ သစ်ပင်၊

http://www.dhammadownload.com



ဖျား၊ ကောင်းကင်၊ မြေပြင်တွေမှာ ဘယ်နေရာမဆို ရေကိုလိုတမြန်စွာရတာ ဘာ့ကြောင့်တဲ့လဲ။

(ရေလှူခဲ့လို့ပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(ရေကိုလိုတ မြန်စွာရတရားတော်ပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ သံဃာတော်တွေနေတဲ့ ကျောင်းရောက်လာရင် ရေလှူဖို့၊ ရေပြည့်အောင် ရေဖြည့်ဖို့ မမေ့ကြနဲ့နော်။

(မှန်လှပါဘုရား)

ကဲ...ရေလှူရကျိုး ရေပြည့်အောင် ရေဖြည့်ရကျိုး လင်္ကာလေးတွေ လိုက်ဆိုကြ–

၁။ * တောင်ထိပ်ဖျားမှာ၊ ရေလိုရှာ၊ ရလာရေလှူကျိုး။

၂။ * သစ်ပင်ဖျားမှာ၊ ရေလိုရှာ၊ ရလာရေလှူကျိုး။

၃။ * ကောင်းကင်ကြီးမှာ၊ ရေလိုရှာ၊ ရလာရေလှူကျိုး။

၄။ * မြေပြင်ကြီးမှာ၊ ရေလိုရှာ၊ ရလာရေလှူကျိုး။

၅။ * တောင်ထိပ်အဖျား၊ ရေမရှား၊ ရေများဖြည့်လှူကျိုး။

၆။ * သစ်ပင်အဖျား၊ ရေမရှား၊ ရေများဖြည့်လှူကျိုး။

၇။ * ကောင်းကင်မှာကား၊ ရေမရှား၊ ရေများဖြည့်လှူကျိုး။

၈။ * မြေပြင်မှာကား၊ ရေမရှား၊ ရေများဖြည့်လှူကျိုး။

၉။ **သတသဟဿိတောကပ္ပေ၊ ယံဒါနမဒဒိံ တဒါ။**

**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဒကဒါနဿိဒံ ဖလံ။**

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ သတသဟဿေကပ္ပေ–ကမ္ဘာတစ်သိန်းထက်၌၊ တဒါ–ထိုအခါ၌၊ ယံဒါနံ–အကြင်ရေအလှူကို၊ အဒဒိံ–ပေးလှူခဲ့ဘူးပြီ၊ (တတော–ထိုအခါမှ၊ ပဘုတိ–စ၍၊ ဒုဂ္ဂတိံ–ဒုဂ္ဂတိဘဝကို၊ နာဘိဇာနာမိ–မသိစဘူးပါ၊ ဣဒံဖလံ–ဤအကျိုးသည်၊ ဒကဒါနဿ–ရေအလှူ၏၊ ဖလံ–အကျိုးကောင်းမှတ်၊ အကျိုးမြတ်ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းမှာ ရေအလှူကိုပေးလှူခဲ့ကတယ်၊ အဲ ရေအလှူကို ပေးခဲ့တဲ့အချိန်ကစပြီးတော့ အပါယ်လေးပါးဆိုတဲ့ ဒုဂ္ဂတိဘ လားရရောက်ရတာ မသိဘူးပါဘူးတဲ့။

အဲဒီအပါယ်လေးပါး လွတ်မြောက်တာဟာ ရေလှူခဲ့တဲ့အကျိုးပဲနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



အဲဒီ ဥဒက ဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ အပါယ်လေးပါး လွတ်ရသလိုပဲ၊ ဒီနေ့ ရေတွင်းရေကန် ရေစက်တွေလှူတဲ့ ဦး(..........) ဒေါ်(..........)တို့ မိသားစုများလည်း အပါယ်လေးပါးလွတ်ကြောင်း၊ အပါယ်တံခါးပိတ်ကြောင်း၊ ရေအလှူကုသိုလ်ကောင်းကြီးဖြစ်တယ်လို့ ဝမ်းမြောက်ဝမ်းသာနေကြရမယ်နော်။

(မှန်လှပါဘုရား)

နောက်ဆုံးတော့ ဦးပဥ္စင်းတို့ ဘုရားလက်ထက်တော်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်သည်အထိ ရေအလှူဟာ ကောင်းကျိုးရှိသွားပါတယ်။

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* အပါယ်လေးဖြာ၊ လွတ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။
* အပါယ်လေးဖြာ၊ လွတ်ရတာ၊ ရေဒါနကြောင့်ပဲ။
* အပါယ်လေးဖြာ၊ မရောက်တာ၊ ရေဒါနကြောင့်ပဲ။
* အပါယ်လေးဖြာ၊ မသိတာ၊ ရေဒါနကြောင့်ပဲ။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ရေဒါနကြောင့်ပဲ။

တောင်ထိပ်ဖျား၊ သစ်ပင်ဖျား၊ ကောင်းကင်၊ မြေပြင်တွေမှာ ရေကိုလိုတဲ့အတွက် တ,လိုက်တဲ့အခါမှာ ရေမြန်စွာရတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ရေဒါနကြောင့်ပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

၁။ တောင်ထိပ်ဖျားမှာ၊ ရေရတာ၊ ဘယ်ဒါနကြောင့်လဲ။
* တောင်ထိပ်ဖျားမှာ၊ ရေရတာ၊ ရေဒါနကြောင့်ပဲ။

၂။ သစ်ပင်ဖျားမှာ၊ ရေရတာ၊ ဘယ်ဒါနကြောင့်လဲ။
* သစ်ပင်ဖျားမှာ၊ ရေရတာ၊ ရေဒါနကြောင့်ပဲ။

၃။ ကောင်းကင်ပြင်မှာ၊ ရေရတာ၊ ဘယ်ဒါနကြောင့်လဲ။
* ကောင်းကင်ပြင်မှာ၊ ရေရတာ၊ ရေဒါနကြောင့်ပဲ။

၄။ မြေပြင်ကြီးမှာ၊ ရေရတာ၊ ဘယ်ဒါနကြောင့်လဲ။
* မြေပြင်ကြီးမှာ၊ ရေရတာ၊ ရေဒါနကြောင့်ပဲ။

http://www.dhammadownload.com



ဒီနေ့ ရေတွင်း၊ ရေကန်၊ ရေစက်အလှူရှင် ဦး(..........)ဒေါ်(.........) တို့မိသားစုတို့ကို ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ရေကိုလိုတ မြန်စွာရတရားတော်ပါဘုရား)

ဒီနေ့ ရေတွင်း၊ ရေကန်၊ ရေစက်အလှူရှင် ဦး(..........)ဒေါ်(.........) မိသားစုတွေနဲ့တကွ တရားနာနေကြတဲ့ ဒကာ ဒကာမတွေရဲ့ လောကအတွက် သာသနာတော်အတွက် ပြောသမျှ၊ ပြုသမျှ၊ ကြံစည်ဆောင်ရွက်သမျှတွေ အောင်မြင်ပြီးမြောက် ခရီးရောက်ကြပါစေလို့ ဆုတောင်းမေတ္တာပို့တဲ့ အောင်ပါစေကြောင်း အောင်ဆုတောင်း အောင်ဂါထာကောင်းနဲ့ နိဂုံးချုပ်ကြပါစို့–

**ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။**
**သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီတပတိဗြာဟ္မဏော။**
**အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။**
**ဧတေနသစ္စဝဇ္ဇေန၊ ဇယော တေ ဟောတု သဗ္ဗဒါ။**

၁။ အာဒိစ္စော–နေမင်းသည်၊ ဒိဝါ–နေ့အခါ၌သာလျှင်၊ တပတိ–တင့်တယ်ပိုင်ပိုင် တောက်ပနိုင်၏။

၂။ စန္ဒိမာ–လမင်းသည်၊ ရတ္တိံ–ညအခါ၌သာလျှင်၊ အာဘာတိ–တင့်တယ်ပိုင်ပိုင် တောက်ပနိုင်၏။

၃။ ခတ္တိယော–မင်းသည်၊ သန္နဒ္ဓေါ–မင်းဝတ်တန်ဆာ ဝတ်ဆင်မှသာလျှင်၊ တပတိ–တင့်တယ်ကောင်းစွာ တောက်ပနိုင်၏။

၄။ ဗြာဟ္မဏော–ရဟန္တာသည်၊ ဈာယီ–ဈာန်သမာပတ် ဝင်စားလတ်မှသာလျှင်၊ တပတိ–တင့်တယ်ဝင်းဖြူ တောက်ပတော်မူနိုင်ပါပေ၏။

၅။ အထ–နေ လ ဘုရင် ရှင်ရဟန္တာ ထိုလေးဖြာစု တင့်တယ်တောက်ပမှုထက်၊ ဗုဒ္ဓေါ–မြတ်စွာဘုရားသည်၊ တေဇသာ–သီလ+ဂုဏ၊ ပညာပုည၊ ဓမ္မတေဇော် တန်ခိုးတော်ဖြင့်၊ သဗ္ဗမဟောရတ္တိံ–အလုံးစုံဆင့်ဆင့် နေ့ညဉ့်ကာလပတ်လုံး၊ တပတိ–ဘုရားကျက်သရေ မက်မပြေအောင် ယှက်ဝေကောင်းစွာ တင့်တယ်တောက်ပတော်မူပါပေ၏၊ ဧတေနသစ္စဝဇ္ဇေန–ဤသို့မှန်သား စကားသစ္စာ ပြောရတာကြောင့်၊ တေတုမှာက်–ရေတွင်း ရေကန် ရေစက်အလှူရှင် ဦး(..........) ဒေါ်(..........)မိသားတို့နှင့်တကွ တရားနာပရိသတ်အပေါင်း သင်သူတော်ကောင်းတို့အား၊ ဇယော–လောက သာသနာ အရာရာတွက် ဆောင်ရွက်ပြောပြုကြံစည်မှုမည် ဤသုံးလီတို့

http://www.dhammadownload.com



အတည်ရှင်းရှင်း အောင်မြင်ခြင်းသည် ၊ သဗ္ဗဒါ–အခါခပ်သိမ်း၊ ဟောတု–သနေ့ကစ မင်္ဂလိနိဗ္ဗာန်ရတဲ့ဘဝတိုင်အောင် မုချပိုင်ပိုင် ဖြစ်တော်မူနိုင်ပါစေသတည်း။

(သာဓု…သာဓု…သာဓုပါဘုရား)

ခတ်ချက်။ ။ ရေတွင်း၊ ရေကန်၊ ရေစက်လှူပွဲတိုင်း၊ ရေနဲ့ပက်သက်သော ရေလှူပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌–

၁။ တောင်ထိပ်ရောက်သွား ရေမရှား။

၂။ သစ်ပင်ထိပ်ဖျား ရေမရှား။

၃။ ကောင်းကင်မှာသွား ရေမရှား။

၄။ မြေပြင်မှာသွား ရေမရှား။

၅။ သွားချင်ရာသွား ရေမရှား။

၆။ ရေလျှံလိုသော် ရေလှူနော်။

၇။ ရေပေါလိုသော် ရေလှူနော်။

၈။ ရေလျှံလိုသော် ရေဖြည့်နော်။

၉။ ကျောင်းကိုရောက်လာ ရေဖြည့်ပါ။

၁၀။ ရေဖြည့်ရမှာ မေ့မနေပါနဲ့။

၁၁။ ရေလျှံသူကား ရေမရှား။

၁၂။ ရေလျှံလိုသူ ရေကိုလှူ။

၁၃။ ရေမရှားရေး ရေလှူပေးပါ။

၁၄။ အဖြေရှာကဲ ရေဒါနတရားတော်။

(ရေပေါတာ ဘာ့ကြောင့်လဲလို့အဖြေရှာကြည့်ရင် ရေဒါနကြောင့် ဖြစ်တယ်လို့ ဆိုလိုသည်။)

၁၅။ ထူးဆန်းပေစွ ရေဒါနတရားတော်။

၁၆။ အပါယ်လွတ်ရေး ရေလှူပေးပါ။

၁၇။ အပါယ်လွတ်ကြောင်း ကုသိုလ်ကောင်း။

၁၈။ အပါယ်လွတ်ဖို့ ရေလှူစို့တရားတော်။

စသည်ဖြင့် အမည်ပေးကာ ဟောကြားနိုင်ပါသည်။

၂၄–၇–၉၇ ည(၉)နာရီ။

ရေကိုလိုတ မြန်စွာရစာရားတော် ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ကုမုဒဝဂ်
စေတိယပီယတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ဆီးမီးတစ်တိုင်၏+ကောင်းကျိုးရှိပုံ
# တရားတော်

ဒီနေ့ ဆီမီးပူဇော်ကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "ဆီမီးတစ်တိုင်၏ ကောင်းကျိုးရှိပုံ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ဆီမီးတစ်တိုင်၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြ နာကြပါစို့-

**၁။ ပဒုမုတ္တရဿ မုနိနော၊ သဠလေ ဗောဓိမုတ္တမေ။**
**ပသန္နစိတ္တော သုမနော၊ ဧကဒီပံ အဒါသဟံ။**

အပဒါနပါဠိ-၁၊၂၁၀)

အဟံ-ငါသည်၊ ပဒုမုတ္တရဿ-ပဒုမုတ္တရအမည်တော်ရှိသော၊ မုနိနော-မြတ်စွာဘုရား၏၊ သဠလေ-ဗောဓိမုတ္တမေ-မြတ်သောထင်းရှူးဗောဓိပင်၌၊ ပသန္နစိတ္တော-ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍၊ သုမနော-ဝမ်းမြောက်သည်ဖြစ်၍၊ ဧကဒီပံ-ဆီမီးတစ်တိုင်ကို၊ အဒါသိ-စေတနာဖွေးဖြူ ပေးလှူပူဇော်ခဲ့ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



ကောဒိပိယ မထေရ်အလောင်းသူတော်ကောင်းဟာ ပဒုမုတ္တရမြတ်စွာဘုရားရဲ့ မြင့်မြတ်တဲ့ထင်းရှူးဗောဓိပင်မှာ ကြည်ညိုတဲ့စိတ်နဲ့ ဝမ်းမြောက်ဝမ်းသာ ဆီမီးတစ်တိုင်ကို ပေးလှူပူဇော်ခဲ့ပါတယ်။

**၂။ ဘဝေ နိဗ္ဗတ္တမာနမှိ၊ နိဗ္ဗတ္တေ ပုညသဉ္စယေ။**
**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဒီပဒါနဿိဒံ ဖလံ။**

နိဗ္ဗတ္တေ–ဖြစ်ပေါ်လာသော၊ ပုညသဉ္စယေ–ကောင်းမှုအစုစုကြောင့်၊ ဘဝေ–ဘဝသည်၊ နိဗ္ဗတ္တမာနမှိ–ဖြစ်သည်ရှိသော်၊ ဒုဂ္ဂတိံ–အပါယ်လေးလီလားရောက်ရသည်ကို၊ နာဘိဇာနာမိ–မသိစဘူးပါ၊ ဣဒံဖလံ–ဤအကျိုးသည်၊ ဒီပဒါနဿ–ဆီမီးတစ်တိုင်အလှူ၏၊ ဖလံ–အကျိုးကောင်းမှတ်အကျိုးမြတ် ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဖြစ်ပေါ်လာတဲ့ ကောင်းမှုအစုကြောင့် ဘဝဖြစ်လာတဲ့အခါမှာ အပါယ်လေးပါး လားရောက်ရခြင်းကို မသိခြင်းဟာ(အပါယ်လေးပါးမလားမရောက်ရခြင်းဟာ) ဆီမီးတစ်တိုင်လှူခဲ့တဲ့ ကောင်းကျိုးပါတဲ့။

ဒီတော့ တရားနာပရိသတ်၊ ဆီမီးတစ်တိုင်လှူခဲ့တဲ့ကောင်းကျိုးဟာ အပါယ်လေးပါး မလားမရောက်ရခြင်းပဲနော်။

(မှန်လှပါဘုရား)

ဒီတော့ ဆီမီးတစ်တိုင်လှူရတာဟာ အပါယ်မလားတဲ့(အပါယ်မရောက်တဲ့) ကောင်းကျိုးရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ဆီမီးတစ်တိုင်၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ဆီမီးတစ်တိုင်မျှ၊ လှူဒါန်းရ၊ ဒါနမြတ်ကုသိုလ်။
* အပါယ်လေးလီ၊ မရောက်ပြီ၊ အတည်ကောင်းကျိုးဆို။
* အပါယ်လေးလီ၊ မသိပြီ၊ အတည်ကောင်းကျိုးဆို။

အပါယ်လေးပါးမရောက်တာ ဘယ်ဟာလှူလို့တဲ့လဲ။

(ဆီမီးလှူလို့ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အပါယ်လေးဖြာ၊ မရောက်တာ၊ ဘယ်ဟာလှူလို့လဲ။

http://www.dhammadownload.com



**၃။ သောဠသေ ကပ္ပသံဟသေ၊ ဣတော တေစတုရောဇနာ။**
**စန္ဒာဘာနာမနာမေန၊ စက္ကဝတ္တိ မဟာဗ္ဗလာ။**

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ သောဠသေကပ္ပသဟဿေ–တစ်သောင်း ခြောက်ထောင်သော ကမ္ဘာထက်၌၊ စက္ကဝတ္တိ–စကြာရတနာကိုလည်း စေတတ်ကုန်သော၊ မဟာဗ္ဗလာ–ကြီးသောခွန်အား များသောဗိုလ်ပါရှိကုန်သော၊ နာမေန–အမည်အားဖြင့်၊ စန္ဒာဘာနာမ–စန္ဒာဘအမည်ရှိကုန်သော၊ တေစတုရောဇနာ–ထိုလေးကြိမ်သောစကြာမင်းတို့သည်၊ အာသုံ–ဖြစ်ကုန်ပြီ။

ဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သောင်း ခြောက်ထောင်ထက်မှာ စကြာရတနာကိုလည်စေတတ်တဲ့ ကြီးတဲ့ခွန်အား များတဲ့ဗိုလ်ပါရှိတဲ့ စန္ဒာဘအမည်ရတဲ့ စကြဝတေးမင်း လေးကြိမ်တိုင်တိုင်ဖြစ်ရပါတယ်၊ အဲဒါဆီမီးတစ်တိုင်လှူ ရတဲ့ကောင်းကျိုးပါပဲ၊ ဒီတော့ ဆီမီးတစ်တိုင်လှူရတာဟာ စကြဝတေးမင်း ဖြစ်သည်အထိ ကောင်းကျိုးရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ဆီမီးတစ်တိုင်၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* ဆီမီးတစ်တိုင်မျှ၊ ပူဇော်ရ၊ ဒါနမြတ်ကုသိုလ်။
* စကြာမင်းသည်၊ ဖြစ်ရပြီ၊ အတည်ကောင်းကျိုးဆို။

စကြဝတေးမင်းဖြစ်ရတာ ဘယ်ဟာလှူလို့တဲ့လဲ။

(ဆီမီးလှူလို့ပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဘယ်ဟာလှူလို့လဲ။
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ လှူတာဆီမီးပဲ။

ဦးပဥ္စင်းတို့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်ကျတော့ ရတနာသုံးပါးကြည်ညိုကာ ရဟန်းပြုပါတယ်၊ ရဟန်းပြုပြီးမကြာမီမှာပဲ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာ ဖြစ်တော်မူရပါတယ်၊ ဆီမီးတစ်တိုင်အလှူဟာ နောက်ဆုံးတော့ရဟန္တာဖြစ် သည်အထိ ကောင်းကျိုးရှိတယ်နော်။

(မှန်လှပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

http://www.dhammadownload.com



* ဆိမီးတစ်တိုင်မျှ၊ ပူဇော်ရ၊ ဒါနကုသိုလ်ဟာ။
* ရဟန္တာသည်၊ ဖြစ်ရပြီ၊ **အတည်**ကောင်းကျိုးပါ။

ကဲ...ဒီနေ့ ဆိမီးပူဇော်လှူဒါန်းနေကြတဲ့ ဒကာ ဒကာမတွေကို ဟောလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ဆီမီးတစ်တိုင်၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

အေး...အဲဒီဆီမီးတစ်တိုင် ပူဇော်ရတဲ့ကောင်းကျိုးကိုသိကာ မဂ်ဖိုလ် နိဗ္ဗာန်ရတဲ့ဘဝတိုင်အောင် ဆီမီးပူဇော်နိုင်ကြပါစေသောရယ်လို့ ညီညီညာညာ စုပေါင်း၍ ဆုတောင်းလိုက်ကြကုန်ရာသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ဆိမီးပူဇော်ပွဲတိုင်း ဟောပါ။

တရားအမည်ပေးရာ၌-
၁။ ဆီမီးတစ်ပွင့်၏ ကောင်းကျိုးရှိပုံတရားတော်။
၂။ ဆီမီးတစ်ခွက်၏ ကောင်းကျိုးရှိပုံတရားတော်။
စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၂၅-၇-၉၇(သောကြာနေ့)
ည(၁၁)နာရီ။

ဆီမီးတစ်တိုင်၏ ကောင်းကျိုးရှိပုံတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော် ကုမုဒဝဂ်
တိကိစ္ဆတ္ထေရအပဒါန်ကိုတန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ရောဂါကင်းကြောင်း+နည်းလမ်းကောင်း တရားတော်

ဒီနေ့ ဆေးလှူဒါန်းကြတဲ့ ဦး(..........) ဒေါ်(..........)မိသားစုတို့ကို ဟောကြားမည့်တရားတော်က "ရောဂါကင်းကြောင်း နည်းလမ်းကောင်း" တရားတော်တဲ့၊ ဘာတရားတော်တဲ့လဲ။

(ရောဂါကင်းကြောင်း နည်းလမ်းကောင်းတရားတော်ပါဘုရား)

ကဲ…စပြီးတော့ ဟောကြ နာကြပါစို့-

၁။ နဂရေ ဗန္ဓုမတိယာ၊ ဝေဇ္ဇော အာသိ သုသိက္ခိတော။
အာတုရာနံ သဒုက္ခာနံ၊ မဟာဇနသုခါဝဟော။
(အပဒါနပါဠိ-၁။၂၁၁)

အဟံ-ငါသည်၊ ဗန္ဓုမတိယာ-ဗန္ဓုမတီအမည်ရှိသော၊ နဂရေ-မြို့၌၊ သုသိက္ခိတော-ကောင်းစွာသင်အပ်ပြီးသောအတတ်ရှိသော၊ အာတုရာနံ-အနာရှိကုန်သော၊ သဒုက္ခာနံ-ဆင်းရဲဒုက္ခရောက်နေကုန်သော၊ မဟာဇနသုခါဝဟော-များစွာသောလူတို့၏ ချမ်းသာကိုဆောင်ရွက်တတ်သော၊ ဝိဇ္ဇော-ဆေးဆရာသည်၊ အာသိ-ဖြစ်ခဲ့ပြီ။

မှတ်ချက်။ ။ အာတုရာနံ သဒုက္ခာနံတို့ကို မဟာဇနဟူသောပုဒ်တစ်စိတ်၌ စပ်ပါ။

တိကိစ္ဆကမထေရ်အလောင်း သူတော်ကောင်းဟာ ဗန္ဓုမတီမြို့မှာ ကောင်းစွာသင်ကြား တတ်မြောက်ပြီးတဲ့ အနာရောဂါရှိကာ ဆင်းရဲဒုက္ခရောက်နေကြသူတွေရဲ့ ရောဂါဝေဒနာတွေပျောက်အောင် ချမ်းသာအောင် ဆောင်ရွက်တတ်တဲ့ ဆေးဆရာတစ်ဦးဖြစ်ခဲ့ဖူးပါတယ်။

http://www.dhammadownload.com



**၂။ ဗျာဓိတံ သမဏံ ဒိသွာ၊ သီလဝန္တံ မဟာဇုတိံ။**
**ပသန္နစိတ္တော သုမနော၊ ဘေသဇ္ဇံ မဒဒိံ တဒါ။**

တဒါ–ဆေးဆရာတစ်ဦးဖြစ်ရာ ထိုအခါ၌၊ အဟံ–ငါသည်၊ သီလဝန္တံ–သီလရှိသော၊ မဟာဇုတိံ–ကြီးသောအာနုဘော်ရှိသော၊ သမဏံ–သီလဝန္တရဟန်းကို၊ ဒိသွာ–တွေ့မြင်ရ၍၊ ပသန္နစိတ္တော–ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍၊ သုမနော–ဝမ်းမြောက်သည်ဖြစ်၍၊ ဘေသဇ္ဇံ–ဆေးကို၊ အဒဒိံ–စေတနာဖွေးဖြူ ပေးလှူခဲ့ဖူးပြီ။

အဲဒီလို ဆေးဆရာတစ်ဦးဖြစ်စဉ်က သီလရှိပြီး တန်ခိုးအာနုဘော်ကြီးမားတဲ့ မကျန်းမမာဖြစ်နေတဲ့ သီလဝန္တရဟန်းတော်တစ်ပါးကို တွေ့မြင်ရကာ ကြည်ညိုတဲ့စိတ်နဲ့ ဝမ်းမြောက်ဝမ်းသာ ဆေးလှူခဲ့ဖူးပါတယ်။

**၃။ အရောဂေါ အာသိ တေနေဝ၊ သမဏော သံဝုတိန္ဒြိယော။**
**အသောကော နာမနာမေန၊ ဥပဋ္ဌာကော ဝိပဿိနော။**

သံဝုတိန္ဒြိယော–စောင့်ရှောက်အပ်ဘိ ဣန္ဒြေရှိသော၊ အသောကော နာမနာမေန–အသောကဟူသောအမည်ဖြင့်၊ ဝိပဿိနော–ဝိပဿီမြတ်စွာဘုရား၏၊ ဥပဋ္ဌာကော–အလုပ်အကျွေးဖြစ်သော၊ သမဏော–ရဟန်းသည်၊ တေနေဝ–ထိုဆေးကြောင့်ပင်လျှင်၊ အရောဂေါ–အနာရောဂါ ကောင်းစွာပျောက်ကင်း အနာမရှိခြင်းသည်၊ အာသိ–ဖြစ်၏။

စက္ခုစတဲ့ ဣန္ဒြေတွေကိုစောင့်ရှောက်တော်မူတဲ့ အသောကဆိုတဲ့ဘွဲ့တော်နဲ့ထင်ရှားတဲ့ ဝိပဿီမြတ်စွာဘုရားရဲ့ အလုပ်အကျွေးရဟန်းတော်ဟာ တိကိစ္ဆကမထေရ်အလောင်းသူတော်ကောင်း ဆေးကုလှူတဲ့ဆေးနဲ့ပဲ အနာရောဂါဝေဒနာတွေ ပျောက်ကင်းခဲ့ရပါတယ်။

**၄။ ဧကနဝုတိတောကပ္ပေ၊ ယံဩသဓမဒါသဟံ။**
**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဘေသဇ္ဇဿ ဣဒံဖလံ။**

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ ဧကနဝုတိကပ္ပေ–ကိုးဆယ့်တစ်ကမ္ဘာထက်၌၊ အဟံ–ငါသည်၊ ယံဩသဓံ–အကြင်ဆေးကို၊ အဒါသိ–ပေးလှူခဲ့ဖူးပြီ၊ (တတော–ထိုအခါမှ၊ ပဘုတိ–စ၍)၊ ဒုဂ္ဂတိံ–အပါယ်လေးပါး လားရောက်ရသည်ကို၊ နာဘိဇာနာမိ–မသိစဖူးပါ၊ ဣဒံဖလံ–ဤအကျိုးသည်၊ ဘေသဇ္ဇဿ–စေတနာဖွေးဖြူ ဆေးအလှူ၏၊ ဖလံ–အကျိုးကောင်းမွတ် အကျိုးမြတ်ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



ဒီဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာမှာ ဆေးလှူခဲ့တဲ့အချိန်ကစပြီးတော့ အပါယ်လေးပါး လားရောက်ရတာမသိခြင်း (အပါယ်လေးပါး မရောက်ဘူးတော့ခြင်း)ဟာ ဆေးလှူတဲ့အကျိုးပါပဲ။

အဲဒီတိကိစ္ဆကမထေရ်အလောင်းသူတော်ကောင်းဟာ ဆေးလှူခဲ့တဲ့ကောင်းမှုကြောင့် နတ်ပြည်မှာဖြစ်လိုက် နတ်ပြည်ကနေလူ့ပြည်ဖြစ်လိုက်နဲ့ နတ်ချမ်းသာ လူချမ်းသာတွေကိုပဲ အမြဲတစေခံစား စံစားနေရပါတယ်။

အဲဒီလို ခံစား စံစားရပုံကို-သောတေနပုညေန ဒေဝမနုဿေသု အပရာပရံသုခံ အနုဘဝန္တော-ဆိုတဲ့-အဋ္ဌကထာလာ စကားရပ်ကပြထားတယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ အပါယ်လေးပါးမရောက်တာ နတ်ပြည်လူ့ပြည်မှာပဲဖြစ်ရတာဟာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ဆေးဒါနကြောင့်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* အပါယ်လေးဖြာ၊ မရောက်တာ၊ ဆေးဒါနကြောင့်ပဲ။

* လူနတ်ပြည်မှာ၊ ဖြစ်ရတာ၊ ဆေးဒါနကြောင့်ပဲ။

နောက် ဆေးလှူရတဲ့ကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်းမှာ အနာရောဂါကင်းရတယ်တဲ့၊ ယနေ့ ဆေးလှူနေကြတဲ့ ဒကာကြီး(.........) ဒါယကာမကြီး ဒေါ်(..........)တို့မိသားစုလည်း ဒီနေ့ကစ မဂ်ဖိုလ်နိဗ္ဗာန်ရမည့်ဘဝတိုင်အောင် အနာရောဂါကင်းတဲ့ကောင်းကျိုးတွေ မလွဲမသွေ ရရှိမှာပဲလို့ မှတ်ယူယုံကြည်ရမယ်နော်။

(မှန်လှပါဘုရား)

ဘဝတိုင်းဘဝတိုင်း အနာရောဂါမကင်းချင်ကြဘူးလား။

(ကင်းချင်ပါတယ်ဘုရား)

အေး...ကင်းချင်ရင် ဘာလှူရမတဲ့လဲ။

(ဆေးလှူရမှာပါဘုရား)

ဘဝတိုင်း အနာရောဂါကင်းတာ ဘာ့ကြောင့်တဲ့လဲ။

(ဆေးလှူလို့ပါဘုရား)

ဒီတော့ ဆေးလှူတာဟာ ဘဝတိုင်းအနာရောဂါကင်းကြောင်း နည်းလမ်းကောင်းပဲ မဟုတ်လား။

http://www.dhammadownload.com



(မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ဆေးလှူပွဲမှာ ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(ရောဂါကင်းကြောင်း နည်းလမ်းကောင်းတရားတော်ပါဘုရား)

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* အနာရောဂါ၊ ကင်းဝေးတာ၊ ဘယ်ဒါနကြောင့်လဲ။

* အနာရောဂါ၊ ကင်းဝေးတာ၊ ဆေးဒါနကြောင့်ပဲ။

နောက်ပြီးတော့ ဆေးလှူတဲ့ကောင်းမှုကြောင့် အသက်ရှည်ရတယ်တဲ့၊ ယနေ့ဆေးလှူတဲ့ ဒကာ ဒကာမတွေဟာ အသက်ရှည်ကြောင်းကုသိုလ်ကောင်းကြီးကို ဆည်းပူးပြုလုပ်နေကြတာပဲလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမယ်။

ဒကာ ဒကာမတွေ အသက်မရှည်ချင်ကြဘူးလား။

(ရှည်ချင်ပါတယ်ဘုရား)

အေး…အသက်ရှည်ချင်ရင် ဆေးလှူကြရမယ်နော်။

(မှန်လှပါဘုရား)

ဆေးလှူတာဟာ အသက်ရှည်ကြောင်း နည်းလမ်းကောင်းပဲမဟုတ်လား။

(မှန်လှပါဘုရား)

တိကိစ္ဆကမထေရ်အလောင်းသူတော်ကောင်းမှာ အသက်ရှည်တာဘယ်ဒါနကြောင့်တဲ့လဲ။

(ဆေးဒါနကြောင့်ပါဘုရား)

* အသက်များစွာ၊ ရှည်ရတာ၊ ဘယ်ဒါနကြောင့်လဲ။

* အသက်များစွာ၊ ရှည်ရတာ၊ ဆေးဒါနကြောင့်ပဲ။

နောက်ပြီးတော့ ဆေးလှူတဲ့ကောင်းမှုကြောင့် ရွှေအဆင်းလို ဝါဝင်းတဲ့ခန္ဓာကိုယ်ရှိရတယ်တဲ့။

အသားအရောင်တွေ ရွှေအဆင်းလိုဝါဝင်းချင်ရင် ဘာလှူရမတဲ့လဲ။

(ဆေးလှူရမှာပါဘုရား)

ရွှေအဆင်းလိုဝါဝင်းတဲ့ ကိုယ်ခန္ဓာရှိတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ဆေးဒါနကြောင့်ပါဘုရား)

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* အဆင်းရွှေဝါ၊ ကိုယ်ခန္ဓာ၊ ဘယ်ဒါနကြောင့်လဲ။

* အဆင်းရွှေဝါ၊ ကိုယ်ခန္ဓာ၊ ဆေးဒါနကြောင့်ပဲ။

http://www.dhammadownload.com



၅။ ဣတော၀ အဋ္ဌမေ ကပ္ပေ၊ သဗ္ဗောသဓေသနာမကော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တိ မဟဗ္ဗလော။

ဣတော၀–ဤဘဒ္ဒကမ္ဘာမှကား၊ အဋ္ဌမေကပ္ပေ–ရှစ်ကမ္ဘာထက်၌၊ သတ္တရတနသမ္ပန္နော–ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသော၊ စက္ကဝတ္တိ–စကြာရတနာကို လည်စေတတ်သော၊ မဟဗ္ဗလော–ကြီးသောခွန်အား များသောဗိုလ်ပါရှိသော၊ သဗ္ဗောသဓေသနာမကော–သဗ္ဗောသဓဟူသော မိမိအမည်ရှိသော စကြ၀တေးမင်းသည်၊ အာသိ –ဖြစ်ဖူးပြီ။

ဆေးလှူခဲ့တဲ့ကောင်းမှုကြောင့် ဒီဘဒ္ဒကမ္ဘာမှ ရှစ်ကမ္ဘာထက်မှာ ရတနာခုနစ်ပါးနဲ့ပြည့်စုံတဲ့ စကြာရတနာကိုလည်စေတတ်တဲ့ ကြီးသောခွန်အား များသောဗိုလ်ပါရှိသော သဗ္ဗောသဓစကြ၀တေးမင်း ဖြစ်ရပါတယ်။

စကြ၀တေးမင်းဖြစ်ရတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ဆေးဒါနကြောင့်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဆေးဒါနကြောင့်ပဲ။

ဦးပဋ္ဌင်းတို့ ဘုရားရှင်ပွင့်တော်မူတဲ့အခါ သာ၀တ္ထိမြို့မှာသူကြွယ်မျိုးဖြစ်ရပါတယ်၊ ယောကျ်ားတို့တတ်အပ်တဲ့ ပညာမျိုးစုံအကုန်တတ်မြောက်ပါတယ်၊ အနာရောဂါကင်းပြီး ကျန်းမာချမ်းသာကာ စည်းစိမ်ဥစ္စာနဲ့ပြည့်စုံပါတယ်၊ တစ်နေ့တော့ ရတနာသုံးပါးကြည်ညိုကာ ဘုရားဟောတဲ့တရားတော်ကိုနာကြားပြီး သဒ္ဓါတရားရှိရှိနဲ့ လူ့ဘောင်ကိုပယ်စွန့်ကာ ရဟန်းပြုပြီးမကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာတစ်ပါး ဖြစ်ရပါတယ်။

ဒီတော့ တရားနာပရိသတ် ဆေးဒါနဟာ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိတယ်နော်။

(မှန်လှပါဘုရား)

ကဲ...ဒီနေ့ ဆေးလှူပွဲမှာဟောကြားလိုက်တဲ့ ရောဂါကင်းကြောင်း နည်းလမ်းကောင်း တရားတော်ကို မှတ်သားလို့လွယ်ကူအောင် အကျဉ်းချုပ်ကြည့်ကြပါစို့–

ဆေးလှူတဲ့ကောင်းမှုကြောင့်–

http://www.dhammadownload.com



၁။ အပါယ်လေးပါး မရောက်ရခြင်း၊
၂။ နတ်ပြည် လူ့ပြည်မှာဖြစ်ရခြင်း၊
၃။ ဘဝတိုင်း အနာရောဂါကင်းခြင်း၊
၄။ ဘဝတိုင်း အသက်ရှည်ရခြင်း၊
၅။ ဘဝတိုင်း ရွှေအဆင်းကဲ့သို့ ဝါဝင်းသောခန္ဓာကိုယ်ရှိခြင်း၊
၆။ စကြဝတေးမင်း ဖြစ်ရခြင်း၊
၇။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရခြင်း ကောင်းကျိုးတွေ ရရှိပါတယ်။

ဒီနေ့ကာစ မဂ်ဖိုလ်နိဗ္ဗာန်ရမည့်ဘဝတိုင်အောင် ရောဂါကင်းကြောင်း အသက်ရှည်ကြောင်း၊ ဆေးအလှူဒါန ကုသိုလ်ကောင်းကို ပြုလုပ်လှူဒါန်း နိုင်ကြပါစေသောရယ်လို့ ညီညီညာညာစုပေါင်း၍ ဆုတောင်းလိုက်ကြကုန် ရာသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ဆေးလှူပွဲတိုင်း၊ ဆေးပဒေသာပင်စိုက်ထူပွဲတိုင်း၊ ဆေးပေး ခန်းဖွင့်ပွဲတိုင်း ဟောပါ။

တရားအမည်ပေးရာ၌-
၁။ အပါယ်လွတ်ကြောင်း ဒါနကောင်း။
၂။ အပါယ်မသိ အပါယ်မရှိ။
၃။ လူ နတ်ဖြစ်ကြောင်း ကုသိုလ်ကောင်း။
၄။ အသက်ရှည်ကြောင်း နည်းလမ်းကောင်း။
၅။ အဆင်းလှကြောင်း နည်းလမ်းကောင်း။
၆။ စကြာမင်းဖြစ်ကြောင်း ဒါနကောင်း။
စသည်ဖြင့် အမည်ပေးဟောကြားပါ။

အဋ္ဌကထာကောက်နုတ်ချက်

သော တေန ပုညေန ဒေဝမနုဿေသု အပရာပရံ သုခံ အနုဘဝန္တော နိဗ္ဗတ္တနိဗ္ဗတ္တဘဝေ အရောဂေါ ဒီဃာယုကော သုဝဏ္ဏ ဝဏ္ဏသရီရော အဟောသိ။

(အပဒါန-ဋ္ဌ-၂၁၄၈)
၂၇-၇-၉၇(တနင်္ဂနွေနေ့)
ည(၁၀)နာရီ။

ရောဂါကင်းကြောင်း နည်းလမ်းကောင်းတရားတော်ပြီးပြီ။

http://www.dhammadownload.com



စုဒ္ဒကနိကာယ်၊ ထေရီအပဒါနပါဠိတော်
သုမေဓာဝဂ်၊ ကင်္ခါရေဝတီကွာ ဒါယိကာထေရီ
အပဒါန်ကိုတန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံ
# တရားတော်

ဒီနေ့ ဆွမ်းကပ်ကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံ" တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြ နာကြပါစို့.-

**၁။ ပိဏ္ဍစာရံ စရန္တဿ၊ တိဿနာမဿ သတ္ထုနော။**
**ကဋစ္ဆုဘိက္ခံ ပဂ္ဂယှ၊ ဗုဒ္ဓသေဋ္ဌဿ ဒါသဟံ။**

(အပဒါနပါဠိ-၂၊၁၉၂)

အဟံ-ငါသည်၊ ပိဏ္ဍစာရံ-ဆွမ်းခံရာသို့၊ စရန္တဿ-ကြွတော်မူသော၊ သတ္ထုနော-နတ်လူတို့၏ဆရာဖြစ်တော်မူသော၊ တိဿနာမဿ-တိဿအမည်ရှိတော်မူသော၊ ဗုဒ္ဓသေဋ္ဌဿ-မြတ်စွာဘုရားအား၊ ကဋစ္ဆုဘိက္ခံ-တစ်ဇွန်းသောဆွမ်းကို၊ ပဂ္ဂယှ-မြှောက်ချီ၍(ဝါ)ယူ၍၊ ဒါသိံ-စေတနာဖွေးဖြူအရေးယူကာ ပေးလှူခဲ့ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ကင်္ခါရေဝတီကွ ဒါယိကာမအလောင်းသူတော်ကောင်းဟာ ဆွမ်းခံကြွတော်မူလာတဲ့ တိဿဘုရားရှင်ကိုယ်တော်မြတ်အား ဆွမ်းတစ်ဇွန်းလှူဖူးပါတယ်။

http://www.dhammadownload.com



**၂။ ပဋိဂ္ဂဟေတွာ သမ္ဗုဒ္ဓေါ၊ တိသောလောကဂ္ဂနာယကော။**
**ဝီထိယာ သဏ္ဌိတောသတ္ထာ၊ အကာ မေ အနုမောဒနံ။**

လောကဂ္ဂနာယကော–လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူ တတ်သော၊ တိသော–တိဿအမည်ရှိတော်မူသော၊ သမ္ဗုဒ္ဓေါ–သစ္စာလေးပါးကို ကိုယ်တော်တိုင်သိတော်မူသော၊ သတ္ထာ–မြတ်စွာဘုရားသည်၊ ပဋိဂ္ဂဟေတွာ–ကြည်ကြည်ဖြူဖြူ အလှူခံတော်မူ၍၊ ဝီထိယာ–လမ်းခရီး၌၊ သဏ္ဌိတော–တည်တော်မူလျက်၊ မေ–ငါ့အား၊ အနုမောဒနံ–ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာကို၊ အကာ–ကရုဏာရှေးရှု ပြုတော်မူလိုက်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

လူသုံးပါးတို့ကို နိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်တဲ့ တိဿမြတ်စွာဘုရားရှင်ဟာ အဲဒီဒကာမလှူတဲ့ဆွမ်းတစ်ဇွန်းကို ကြည်ကြည်ဖြူဖြူခံယူတော်မူကာ လမ်းခရီးမှာရပ်တော်မူပြီး ဆွမ်းတစ်ဇွန်းလှူတဲ့ဒကာမအား ဝမ်းမြောက်ဖွယ်အနုမောဒနာတရား ဟောတော်မူပါတယ်။

**၃။ ကဋစ္ဆုဘိက္ခံ ဒတွာန၊ တာဝတိံသံ ဂမိဿသိ။**
**ဆတ္တိံသဒေဝရာဇူနံ၊ မဟေသိတ္တံ ကရိဿသိ။**

တွံ–ဆွမ်းတစ်ဇွန်းကို သဒ္ဓါပိုကာ စေတနာဖွေးဖြူ ပေးလှူသည့် သင်ဆွမ်းဒကာမလေးသည်၊ ကဋစ္ဆုဘိက္ခံ–တစ်ဇွန်းမျှသောဆွမ်းကို၊ ဒတွာန–ပေးလှူရသောကြောင့်၊ တာဝတိံသံ–တာဝတိံသာဘုံသို့၊ ဂမိဿသိ–မလွဲမသွေ ရောက်ပေလတ္တံ့၊ ဆတ္တိံသဒေဝရာဇူနံ–သုံးကျိပ်ခြောက်ယောက်သောနတ်မင်းကြီးတို့၏၊ မဟေသိတ္တံ–မိဖုရားအဖြစ်ကို၊ ကရိဿသိ–ကောင်းစွာမသွေ ပြုရပေလတ္တံ့။

ဆွမ်းတစ်ဇွန်းမျှပေးလှူတဲ့ သင်ဆွမ်းဒါယိကာမလေးဟာ တာဝတိံသာနတ်ဘုံကို ရောက်ရမယ်၊ သုံးကျိပ်ခြောက်ယောက်သော နတ်မင်းကြီးတွေရဲ့ နတ်မိဖုရားဖြစ်လိမ့်မယ်လို့ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာ ပြုတော်မူပါတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* တာဝတိံသာ၊ ရောက်ရမှာ၊ ဘယ်ဒါနကြောင့်လဲ။
* တာဝတိံသာ၊ ရောက်ရမှာ၊ ဆွမ်းဒါနကြောင့်ပဲ။
* နတ်မိဖုရား၊ ဖြစ်ရငြား၊ မိန့်ကြားဘာ့ကြောင့်လဲ။
* နတ်မိဖုရား၊ ဖြစ်ရငြား၊ မှတ်သားဆွမ်းကြောင့်ပဲ။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ တာဝတိံသာဘုံကိုရောက်ရမှာ၊ သုံးကျိပ်ခြောက်ယောက်သောဒုနတ်မင်းတွေရဲ့ မိဖုရားဖြစ်တာဟာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ဆွမ်းဒါနကြောင့်ပါဘုရား)

ဒီတော့ ဆွမ်းတစ်ဇွန်းဟာ တာဝတိံသာဘုံကိုရောက်ရတဲ့ကောင်းကျိုး နတ်မိဖုရားတွေဖြစ်ရတဲ့ကောင်းကျိုးတွေ ရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ဒီနေ့ ဒကာ ဒကာမတွေလှူတဲ့ဆွမ်းတွေက တစ်ဇွန်းမကများပြားလှတယ်ဆိုတော့ ကောင်းကျိုးတွေ များပြားလှစွာရရှိမှာပဲလို့ မှတ်ယူကြကာ ဝမ်းသာဝမ်းမြောက်ကြရမယ်နော်။

(မှန်လှပါဘုရား)

**၄။ ပဉ္စသံစက္ကဝတ္တီနံ၊ မဟေသိတ္တံ ကရိဿသိ။**
**မနသာ ပတ္ထိတံ သဗ္ဗံ၊ ပဋိလစ္ဆသိ သဗ္ဗဒါ။**

ပဉ္စသံစက္ကဝတ္တီနံ–ငါးကျိပ်သောစကြဝတေးမင်းတို့၏၊မဟေသိတ္တံ–မိဖုရားအဖြစ်ကို၊ ကရိဿသိ–ပြုရပေလတ္တံ့၊ မနသာ–စိတ်ဖြင့်၊ ပတ္ထိတံ–နေ့ညမပြတ် တောင့်တအပ်သော၊ သဗ္ဗံ–မှန်စွာသိမ်းကျုံး အရာအားလုံးကို၊ သဗ္ဗဒါ–ဘယ်ခါမပြတ်၊ အခါခပ်သိမ်း၊ ပဋိလစ္ဆသိ–ကောင်းစွာမသွေ ရရှိပေလတ္တံ့။

ငါးကျိပ်သောစကြဝတေးမင်းတွေရဲ့ မိဖုရားဖြစ်ရလိမ့်မယ်၊ သင့်စိတ်ထဲမှာ တောင့်တတာတွေမှန်သမျှ အရာအားလုံးဟာ အမြဲတစေဘယ်ခါမပြတ် အခါခပ်သိမ်း နေ့နေ့ညည ပြည့်ပြည့်ဝဝရရှိလိမ့်မယ်လို့ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာတရား ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ဆွမ်းတစ်ဇွန်းရဲ့ကောင်းကျိုးဟာ စကြဝတေးမင်းငါးကျိပ်ရဲ့ မိဖုရားဖြစ်ရခြင်း၊ စိတ်ထဲမှာလိုလားတောင့်တတာတွေ အားလုံး ပြည့်ပြည့်ဝဝရရှိခြင်းဆိုတဲ့ ကောင်းကျိုးတွေမရရှိဘူးလား။

(ရရှိပါတယ်ဘုရား)

ဒါ့ကြောင့် ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံတရားတော်လို့ အမည်ပေးထားတာနော်။

http://www.dhammadownload.com



(မှန်လှပါဘုရား)

ဆွမ်းတစ်ဇွန်းကိုအထင်မသေးပါနဲ့၊ ဆွမ်းတစ်ဇွန်းဟာ ကောင်းကျိုးတွေ အများကြီးရှိသွားတယ်နော်။

(မှန်လှပါဘုရား)

ဆွမ်းတစ်ဇွန်းလှူလိုက်တဲ့အတွက် တာဝတိံသာရောက်ရမယ်ဆိုတော့ တာဝတိံသာရောက်ရေး ခက်ခဲသေးသလား။

(မခက်ခဲပါဘူးဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားကို "တာဝတိံသာရောက်ရေး လွယ်လွယ်လေးပါ"လို့ တရားအမည်ပေးရင် ရတယ်နော်။

(မှန်လှပါဘုရား)

နတ်မင်းမိဖုရားတွေ စကြဝတေးမင်းမိဖုရားတွေ ဖြစ်ရတယ်ဆိုတော့ နတ်မင်းမိဖုရားတွေ စကြဝတေးမင်းမိဖုရားတွေဖြစ်ဖို့ကော လွယ်ကူမနေဘူးလား။

(လွယ်ကူနေပါတယ်ဘုရား)

ဒါဆိုရင် "နတ်မင်းမိဖုရား လွယ်လွယ်လေးပါ၊ စကြဝတေးမင်းမိဖုရား လွယ်လွယ်လေးပါ"လို့ တရားအမည်ပေးရင်လည်း ရနိုင်တယ်နော်။

(မှန်လှပါဘုရား)

လိုလားတာမှန်သမျှ တလိုက်တိုင်းရတယ် ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ဒီတော့ စကြဝတေးမင်းမိဖုရားဖြစ်ရမှာ လိုတာတွေရတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ဆွမ်းဒါနကြောင့်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* စကြာမိဖုရား၊ ဖြစ်ရငြား၊ မိန့်ကြားဘာ့ကြောင့်လဲ။

* စကြာမိဖုရား၊ ဖြစ်ရငြား၊ မိန့်ကြားဆွမ်းကြောင့်ပဲ။

* စိတ်ထဲလိုရာ၊ ရရှိတာ၊ ဘယ်ဒါနကြောင့်လဲ။

* စိတ်ထဲလိုရာ၊ ရရှိတာ၊ ဆွမ်းဒါနကြောင့်ပဲ။

* စိတ်ထဲလိုရာ၊ ပြည့်ဝတာ၊ ဘယ်ဒါနကြောင့်လဲ။

* စိတ်ထဲလိုရာ၊ ပြည့်ဝတာ၊ ဆွမ်းဒါနကြောင့်ပဲ။

http://www.dhammadownload.com



၅။ သမ္ဗုတ္တံ အနုဘောတွာန၊ ပဗ္ဗိဒ္ဓိသ္သသိ ကိဋ္ဌနာ။
သဗ္ဗာသဝေ ပရိညာယ၊ နိဗ္ဗာယိဿသိ နာသဝါ။

သမ္ဗုတ္တံ –စည်းစိမ်ကို၊ အနုဘောတွာန –ခံစားပြီး၍၊ ကိဋ္ဌနာ– ကြောင်ကြကင်းကွာ ချမ်းချမ်းသာသာပင်၊ ပဗ္ဗိဒ္ဓိသ္သသိ–ရဟန်းပြုလတ္တံ့၊ သဗ္ဗာသဝေ–အလုံးစုံသော၈အာသဝတို့ကို၊ ပရိညာယ–ထူးသောဉာဏ်ဖြင့် သိ၍၊ အနာသဝါ–အာသဝဟူသ်ာ မြူမျှလောက်ပင်မရှိပဲ၊ ပရိနိဗ္ဗာယိဿသိ– ပရိနိဗ္ဗာန်ပြုရလတ္တံ့။

စည်းစိမ်တွေခံစားပြီးတဲ့အခါမှာ ကြောင့်ကြမှုကင်းကွာ ချမ်းချမ်း သာသာရဟန်းပြုရပါလိမ့်မယ်တဲ့၊ ရဟန်းပြုတဲ့အခါမှာ ကြောင့်ကြကင်းဖေး ဖို့ တော်တော်လေးလိုပါတယ်၊ တစ်ချို့ ရဟန်းပြုနေရပေမယ့် နောက်ဆံ တင်းနေတယ်၊ ကြောင့်ကြမှုတွေ တစ်သီတစ်တန်းကြီးများနေတယ်၊ အဲဒီလိုကြောင့်ကြမှုတွေများနေရင် ရဟန်းပြုရကျိုး ရဟန်းဖြစ်ရကျိုးတွေ ထိုက်ထိုက်တန်တန်ရနိုင်ပါ့မလား။

(မရနိုင်ပါဘူးဘုရား)

ဆွမ်းတစ်ဇွန်းမျှလှူခဲ့တဲ့ ဒကာမလေးမှာတော့ ဆွမ်းဒါနကြောင့် ကြောင့်ကြကင်းကွာ ချမ်းသာစွာရဟန်းပြုရတယ်နော်။

(မှန်လှပါဘုရား)

အေး...ကြောင့်ကြကင်းကွာ ချမ်းသာစွာရဟန်းပြုချင်တဲ့သူတွေ ဘာလှူရမတဲ့လဲ။

(ဆွမ်းလှူရမှာပါဘုရား)

ကြောင့်ကြကင်းကွာ ရဟန်းပြုရတာ စစ်တမ်းထုတ်ကြည့်လိုက်တော့ ဘာဒါနကြောင့်တဲ့လဲ။

(ဆွမ်းဒါနကြောင့်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ကြောင့်ကြကင်းကွာ၊ ပြုရတာ၊ ဘယ်ဒါနကြောင့်လဲ။

* ကြောင့်ကြကင်းကွာ၊ ပြုရတာ၊ ဆွမ်းဒါနကြောင့်ပဲ။

ဆွမ်းတစ်ဇွန်းဟာ ကြောင့်ကြကင်းကင်းနဲ့ ရဟန်းပြုရတဲ့ကောင်းကျိုး ရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

http://www.dhammadownload.com



(ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

နောက်ပြီးတော့ အာသဝတွေအားလုံးကိုပိုင်းခြားကာ ထူးတဲ့ဉာဏ်နဲ့ သိမြင်ပြီး အာသဝဆိုရင် မြူမှုန်မွှားလေးလောက်မျှမရှိပဲ ရဟန္တာထေရီမကြီး ဖြစ်ကာ ပရိနိဗ္ဗာန်ပြုရလိမ့်မယ်လို့ ဝမ်းမြောက်ဝမ်းသာအနုမောဒနာ ပြုတော်မူပါတယ်။

အာသဝတွေကို ဘာနဲ့သိသတဲ့လဲ။

(ထူးတဲ့ဉာဏ်နဲ့ သိမှာပါဘုရား)

အဲဒီလို ထူးတဲ့ဉာဏ်နဲ့သိတော့ အာသဝတွေခွါချလိုက်သလို ကင်းမသွားဘူးလား။

(ကင်းသွားပါတယ်ဘုရား)

အာသဝကင်းတော့ အာသဝတွေ မြူမှုန်မြူမွှားလေးလောက်တောင် မရှိတော့ပဲ ရဟန္တာထေရီမကြီးဖြစ်ပြီး ပရိနိဗ္ဗာန်ပြုရမယ် ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ဒီတော့ အာသဝကင်းအောင်၊ ရဟန္တာမ ဖြစ်အောင် ဘာလိုသလဲဆိုတော့ ဉာဏ်လိုတယ်နော်။

(မှန်လှပါဘုရား)

အဲဒီဉာဏ်က ခန္ဓာအရှိရဲ့အပေါ်မှာ မှန်စွာသိတဲ့ဉာဏ်ပညာ အသိ ကပ်တဲ့ ဝိပဿနာဉာဏ်၊ ဘာဉာဏ်တဲ့လဲ။

(ဝိပဿနဉာဏ်ပါဘုရား)

စားတိုင်း၊ သောက်တိုင်း၊ သွားတိုင်း၊ လာတိုင်း၊ နေတိုင်း၊ ထိုင်တိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း စသည်မှာ စားရင်စားတယ်၊ သောက်ရင်သောက်တယ်၊ သွားရင်သွားတယ်၊ လာရင်လာတယ်၊ နေရင်နေတယ်၊ ထိုင်ရင်ထိုင်တယ်၊ ကွေးရင်ကွေးတယ်၊ ဆန့်ရင်ဆန့်တယ် စသည်ဖြင့် ဉာဏ်ပညာအသိကပ် ပေးတဲ့ ဝိပဿနာဉာဏ်နော်။

(မှန်လှပါဘုရား)

အရှိခန္ဓာရဲ့အပေါ်မှာ ဉာဏ်ပညာအသိကပ်ထားတာ၊ အသိကပ်ပေး နေတာကိုပဲ ခန္ဓာဉာဏ်ရောက် ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ခန္ဓာဉာဏ်ကပ်၊ ခန္ဓာဉာဏ်အပ်၊ ခန္ဓာဉာဏ်ရောက်ဆိုတာ စကား လုံးပဲကွဲပြားတယ်၊ ဆိုလိုရင်းအဓိပ္ပါယ်တွေကတော့ အတူတူပါပဲ။

http://www.dhammadownload.com



ခန္ဓာကို ဘယ်မှာကပ်၊ ဘယ်မှာအပ်ထားရမတဲ့လဲ။

(ဉာဏ်မှာကပ်၊ ဉာဏ်မှာအပ်ထားရမှာပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အာသဝကင်းအောင်၊ သတိဆောင်၊ ခုနှောင်ဘာလိုတယ်။
* အာသဝကင်းအောင်၊ သတိဆောင်၊ ခုနှောင်ဉာဏ်လိုတယ်။
* ရဟန္တာဖြစ်အောင်၊ သတိဆောင်၊ ခုနှောင်ဘာလိုတယ်။
* ရဟန္တာဖြစ်အောင်၊ သတိဆောင်၊ ခုနှောင်ဉာဏ်လိုတယ်။
* အရှိခန္ဓာ၊ ဉာဏ်ကပ်ပါ၊ သေချာဉာဏ်အပ်ကွယ်။
* အာသဝက္ခာ၊ ရဟန္တာ၊ သေချာဖြစ်ရမယ်။

အာသဝကင်းပြီး ရဟန္တာထေရ်မြတ်ဖြစ်ကာ ပရိနိဗ္ဗာန်ပြုရမှာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ဆွမ်းဒါနကြောင့်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အာသဝကင်းကာ၊ ရဟန္တာ၊ ဘယ်ဒါနကြောင့်လဲ။
* အာသဝကင်းကာ၊ ရဟန္တာ၊ ဆွမ်းဒါနကြောင့်ပဲ။

ဆွမ်းတစ်ဇွန်းဟာ အာသဝကင်းပြီး ရဟန္တာထေရ်မကြီးဖြစ်ကာ ပရိနိဗ္ဗာန်ပြုရသည်အထိ ကောင်းကျိုးရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က တာတရားတဲ့လဲ။

(ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ဒီတော့ အာသဝကင်းကာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုရသည်အထိ ကောင်းကျိုးတွေရှိချင်ရင် ဘာလှူရမတဲ့လဲ။ (ဆွမ်းလှူရမှာပါဘုရား)

**၆။ ဣဒံ ဝတွာန သမ္ဗုဒ္ဓေါ၊ တိဿော လောကဂ္ဂနာယကော။**

**နဘံ အဗ္ဘုဂ္ဂမီ ဝီရော၊ ဟံသရာဇာဝ အမ္ဗရေ။**

လောကဂ္ဂနာယကော–လူသုံးပါးတို့ကို နိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်သော၊ တိဿောသမ္ဗုဒ္ဓေါ–တိဿမြတ်စွာဘုရားသည်၊ ဣဒံ–ဤတရားစကားကို၊ ဝတွာန–ကရုဏာရှေ့ထား ဟောကြားတော်မူပြီး၍၊ အမ္ဗရေ–ကောင်းကင်၌၊ ဟံသရာဇာ–ဟင်္သာမင်းသည်၊ အဗ္ဘုဂ္ဂမိဣဝ–ပျံတက်၏သို့၊ ဝီရော–မြတ်စွာဘုရားသည်၊ နဘံ–ကောင်းကင်သို့၊ အဗ္ဘုဂ္ဂမိ–ကောင်းစွာ မသွေ တက်ကြွတော်မူပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



လူသုံးပါးတို့ကို နိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်တဲ့ မြတ်စွာဘုရားရှင်ဟာ ဆွမ်းတစ်ဇွန်းလှူရတဲ့ကောင်းကျိုးရမည့် ရှေ့မှာဆိုခဲ့ပြီးတဲ့အကျိုးတရားစကားတွေ ဟောကြားပြီးတော့ ကောင်းကင်မှာပျံတက်တဲ့ဟင်္သာမင်းလို တိဿဘုရားရှင်ဟာ ကောင်းကင်သို့ တက်ကြွတော်မူပါတယ်။

၇။ သုဒိန္နံ မေ ဒါနဝရံ၊ သုယိဋ္ဌာ ယာဂသမ္ပဒါ။
ကဋစ္ဆုဘိက္ခံ ဒတွာန၊ ပတ္တောဟံ အစလံ ပဒံ။

မေ–ငါသည်၊ ဒါနဝရံ–အလှူမြတ်ကို၊ သုဒိန္နံ–ကောင်းစွာရွေးမှတ်ပေးလှူအပ်ပြီ၊ ယာဂသမ္ပဒါ–ယဇ်ပူဇော်မှုကို(ဝါ)ပြည့်စုံသောယဇ်ပူဇော်မှုကို၊ သုယိဋ္ဌာ–ကောင်းစွာမြင့်မြတ် ပူဇော်အပ်ပြီ၊ ကဋစ္ဆုဘိက္ခံ–တစ်ဇွန်းမျှလောက်သောဆွမ်းကို၊ ဒတွာန–ပေးလှူရသောကြောင့်၊ အဟံ–ငါသည်၊ အစလံ–တုန်လှုပ်ခြင်းမရှိသော၊ ပဒံ–နိဗ္ဗာန်သို့၊ ပတ္တော–အေးမြချမ်းသာ ရောက်ရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အဲဒီလို ဆွမ်းအလှူမြတ်ကို ကောင်းစွာလှူကာ ပြည့်စုံစွာပူဇော်ခဲ့တဲ့ ဆွမ်းတစ်ဇွန်းရဲ့ကောင်းမှုကြောင့် ဆွမ်းဒယိကာမလေးဟာ တုန်လှုပ်ခြင်းမရှိတဲ့ နိဗ္ဗာန်ကိုရောက်ရပါတယ်။

နိဗ္ဗာန်ကိုရောက်ရတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ဆွမ်းဒါနကြောင့်ပါဘုရား)

နိဗ္ဗာန်ရောက်ချင်ရင် ဘာလှူရမတဲ့လဲ။

(ဆွမ်းလှူရမှာပါဘုရား)

ဆွမ်းတစ်ဇွန်းလှူရတဲ့ကောင်းမှုဟာ နိဗ္ဗာန်ရောက်ရသည်အထိကောင်းကျိုးရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* နိဗ္ဗာန်ချမ်းသာ၊ ရောက်ရတာ၊ ဘယ်ဒါနကြောင့်လဲ။
* နိဗ္ဗာန်ချမ်းသာ၊ ရောက်ရတာ၊ ဆွမ်းဒါနကြောင့်ပဲ။

http://www.dhammadownload.com



၈။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံဒါနမဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဘိက္ခာဒါနဿိဒံ ဖလံ။

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ ဒွေနဝုတေကပ္ပေ–ကိုးဆယ့်နှစ်ကမ္ဘာထက်၌၊ ယံဒါနံ–အကြင်ဆွမ်းတစ်ဇွန်းအလှူကို၊ တဒါ–ထိုအခါ၌၊ အဒဒိံ–ပေးလှူခဲ့ဖူးပြီ၊ (တတော–ထိုအခါမှ၊ ပဘုတိ–စ၍)၊ ဒုဂ္ဂတိံ–အပါယ်လေးလီလားရောက်ရသည်ကို၊ နာဘိဇာနာမိ–မသိစဘူးပါ၊ ဣဒံဖလံ–ဤသို့မသိရခြင်းသည်၊ ဘိက္ခာဒါနဿ–ဆွမ်းတစ်ဇွန်းမျှ ပေးလှူရခြင်း၏၊ ဖလံ–အကျိုးကောင်းမှတ်၊ ကောင်းကျိုးမြတ် ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်မှာ ဆွမ်းတစ်ဇွန်းလှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး မလားမရောက်ရခြင်းဟာ ဆွမ်းတစ်ဇွန်းလှူရတဲ့ကောင်းကျိုးပါပဲ။

ဆွမ်းတစ်ဇွန်းဟာ အပါယ်လေးပါးမရောက်တဲ့ကောင်းကျိုး ရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

အပါယ်လေးပါး မလားမရောက်တာဟာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ဆွမ်းဒါနကြောင့်ပါဘုရား)

ဆွမ်းဒါနဟာ အပါယ်လွတ်ဖို့၊ အပါယ်လေးပါးတံခါးပိတ်ဖို့၊ အပါယ်လေးပါးမရောက်ဖို့ စိတ်မချရဘူးလား။

(စိတ်ချရပါတယ်ဘုရား)

ကဋစ္ဆုဘိက္ခာဒါယိကာထေရီမဟာ ဆွမ်းဒါနစိတ်ချရတဲ့အကြောင်း၊ ကောင်းကျိုးတွေများစွာရရှိတဲ့အကြောင်း ကိုယ်တိုင်ဟောပြောထားတာနော်။

(မှန်လှပါဘုရား)

နောက်ဆုံးတော့ ဦးပဥ္စင်းတို့ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ကဋစ္ဆုဘိက္ခာ ဒါယိကာထေရီ ရဟန္တာမကြီးဖြစ်သွားရပါတယ်။

ဆွမ်းတစ်ဇွန်းဟာ ရဟန္တာထေရီမကြီးဖြစ်သည်အထိ ကောင်းကျိုးရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

http://www.dhammadownload.com



ဒါ့ကြောင့် ဒီနေ့ဟောတဲ့တရားတော်ကို ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံတရားတော်လို့ အမည်ပေးထားတာနော်။

(မှန်လှပါဘုရား)

ရဟန္တာထေရီမကြီး ဖြစ်သည်အထိ ကောင်းကျိုးရှိတာ ဘယ်ဒါန ကြောင့်တဲ့လဲ။

(ဆွမ်းဒါနကြောင့်ပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။

* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဆွမ်းဒါနကြောင့်ပဲ။

ကဲ...ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးတွေအစုံစုံ အဖုံဖုံရှိပုံကို အကျဉ်း ချုပ်ကြည့်ကြပါစို့.–

၁။ တာဝတိံသာဘုံ ရောက်ရခြင်း။

၂။ ၃၆–ယောက်သောနတ်မင်းတွေရဲ့ မိဖုရားဖြစ်ရခြင်း။

၃။ ငါးကျိပ်သော စကြဝတေးမင်းတွေရဲ့ မိဖုရားဖြစ်ရခြင်း။

၄။ စိတ်နဲ့လိုလားတောင့်တတာတွေအားလုံး အခါခပ်သိမ်းအမြဲဖြစ်ရခြင်း။

၅။ စည်းစိမ်တွေခံစားပြီးတဲ့အခါမှာ ကြောင့်ကြမရှိပဲ ရဟန်းပြုရခြင်း။

၆။ အာသဝအားလုံးကို ပိုင်းခြားသိပြီးတော့ အာသဝမရှိပဲ ပရိနိဗ္ဗာန် ပြုရခြင်း။

၇။ တုန်လှုပ်ခြင်းမရှိပဲ နိဗ္ဗာန်ကိုရောက်ရခြင်း။

၈။ အပါယ်လေးပါး မလားမရောက်ရခြင်း။

၉။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာထေရီမကြီးဖြစ်ရခြင်းတို့ပါပဲ။

ဒီနေ့ ဆွမ်းဒကာ ဒကာမတွေကို ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတဲ့လဲ။

(ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ကဲ...ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံတရားကဗျာ လက်ာလေးတွေနဲ့ တရားသိမ်းကြရအောင်၊ အားလုံးလိုက်ဆိုကြ–

၁။ ဆွမ်းတစ်ဇွန်းမျှ၊ လှူဒါန်းရ၊ ဒါနမြတ်ကုသိုလ်။

၂။ တာဝတိံသာ၊ ရောက်ရတာ၊ မှတ်ပါကောင်းကျိုးဆို။

http://www.dhammadownload.com



၃။ နတ်မိဖုရား၊ ဖြစ်ရငြား၊ မှတ်သားကောင်းကျိုးဆို။
၄။ စကြာမိဖုရား၊ ဖြစ်ရငြား၊ မှတ်သားကောင်းကျိုးဆို။
၅။ စိတ်၏လိုရာ၊ ပြည့်ဝတာ၊ မှတ်ပါကောင်းကျိုးဆို။
၆။ ကြောင့်ကြကင်းကာ၊ ပြုရတာ၊ မှတ်ပါကောင်းကျိုးဆို။
၇။ အာသဝကွာ၊ ပြုရတာ၊ မှတ်ပါကောင်းကျိုးဆို။
၈။ နိဗ္ဗာန်ချမ်းသာ၊ ရောက်ရတာ၊ မှတ်ပါကောင်းကျိုးဆို။
၉။ အပါယ်လေးဖြာ၊ မရောက်တာ၊ မှတ်ပါကောင်းကျိုးဆို။
၁၀။ မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ မှတ်ပါကောင်းကျိုးဆို။
ကဲ...သာဓုခေါ်ကြ-

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ဆွမ်းကပ်ပွဲတိုင်း၊ ဆွမ်းကြီးလောင်းပွဲတိုင်း၊ ဆွမ်း-ဆွမ်းဟင်းလှူပွဲတိုင်း၊ စာရေးတံဆွမ်းလှူပွဲတိုင်း၊ နှစ်ကျိပ်ရှစ်ဆူ ဘုရားပူဇော်ပွဲတိုင်း၊ ဘုရား၊ တရား၊ သံဃာဆွမ်းကပ်ပွဲတိုင်း ဟောပါ။

တရားအမည်ပေးရာ၌-
၁။ တာဝတိံသာရောက်ရေး လွယ်လွယ်လေးပါ။
၂။ နတ်မိဖုရားဖြစ်ရေး လွယ်လွယ်လေးပါ။
၃။ စကြာမင်းဖြစ်ရေး လွယ်လွယ်လေးပါ။
၄။ လိုတာရရေး လွယ်လွယ်လေးပါ။
၅။ ကြောင့်ကြကင်းရေး လွယ်လွယ်လေးပါ။
၆။ အာသဝကင်းရေး လွယ်လွယ်လေးပါ။
၇။ အပါယ်လွတ်ကြောင်း ဒါနကောင်း။
၈။ တာဝတိံသာရောက်ကြောင်း နည်းလမ်းကောင်း။
၉။ ကြောင့်ကြကင်းကြောင်း ဒါနကောင်း။
၁၀။ အာသဝကင်းကြောင်း ဒါနကောင်း။
၁၁။ နိဗ္ဗာန်ရောက်ကြောင်း ဒါနကောင်း။

စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၂၈-၇-၉၇ (တနင်းလာနေ့)
ည(၁၁)နာရီ။

ဆွမ်းတစ်ဇွန်း၏ ကောင်းကျိုးရှိပုံတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ပဏ္ဍဒါယကဝဂ်
သတ္တာဟပဗ္ဗဇိတတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ခုနစ်ရက်ဝတ်+ကောင်းကျိုးဖြစ်
# တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(..........)မိသားစုတို့ရဲ့ ဒုလ္လဘရဟန်းခံရှင်ပြု ကုသိုလ်ပွဲမှာ ဟောကြားမည့်တရားတော်က "ခုနစ်ရက်ဝတ် ကောင်းကျိုးဖြစ်" တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ခုနစ်ရက်ဝတ် ကောင်းကျိုးဖြစ်တရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ ဝိပဿိဿ ဘဂဝတော၊ သံဃော သက္ကတမာနိတော။**
**ဗျသနံ မေ အနုပ္ပတ္တံ၊ ဉာတိဘေဒေါ ပုရေအဟု။**

(အပဒါနပါဠိ-၁၊ ၂၇၃)

ဝိပဿိဿ-ဝိပဿီအမည်ရှိသော၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သံဃော-တပည့်သားသံဃာတော်ကို၊ သက္ကတမာနိတော-ရိုသေမပြတ် မြတ်နိုးအပ်၏၊ မေမယာ-ငါသည်၊ ဗျသနံ-ပျက်စီးခြင်းသို့၊ အနုပ္ပတ္တံ-အစဉ်ရောက်အပ်ပြီ၊ ပုရေ-ရှေးအခါ၌၊ ဉာတိဘေဒေါ-ဆွေမျိုးတို့၏ပျက်စီးခြင်းသည်၊ အဟု-ဖြစ်ခဲ့ပါပေ၏။

လူအပေါင်းဟာ ဝိပဿီမြတ်စွာဘုရားရဲ့ တပည့်သားသံဃာအပေါင်း ကို ရိုသေမြတ်နိုးကြပါတယ်၊ အဲဒီအခါမှာ ဟောဒီသတ္တာဟပဗ္ဗဇိတမထေရ် အလောင်း သူတော်ကောင်းမှာတော့ စည်းစိမ်ဥစ္စာတွေ ပျက်စီးနေပါတယ်၊ ရှေးအခါမှာလည်း ဆွေမျိုးတွေပျက်စီးခဲ့ပါတယ်။

ကံမကောင်းဘူးဆိုရင် ဒီအတိုင်းပါပဲ၊ မကောင်းတာတွေပဲတွေ့ကြုံ ရပါတယ်၊ ဒီသတ္တာဟပဗ္ဗဇိတမထေရ်အလောင်း သူတော်ကောင်းဘဝကိုပဲ ကြည့်လိုက်စမ်းပါ၊ ရှေးအခါမှာ ဆွေမျိုးတွေပျက်စီးတယ်၊ သူကိုယ်တိုင် လည်း စီးပွားတွေပျက်စီးနေတယ်ဆိုတော့ အပျက်တွေပဲ တွေ့နေရတယ်နော်။

http://www.dhammadownload.com



(မှန်လှပါဘုရား)

ကံကောင်းပြီဆိုရင်လည်း ကောင်းတာတွေပဲ ဆက်တိုက်တွေ့ကြုံရတတ်တာဟာ သဘာဝပဲမဟုတ်လား။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* စီးပွားတွေပျက်၊ ဆွေမျိုးပျက်၊ အပျက်တွေပဲကြုံ။
* ကံမကောင်းလည်း၊ ဆက်တိုက်ပဲ၊ တွေ့မြဲညီလူ့ဘုံ။
* ကံကောင်းရင်လည်း၊ ဆက်တိုက်ပဲ၊ ကြုံမြဲညီလူ့ဘုံ။

၂။ ပဗ္ဗဇ္ဇံ ဥပဂစ္ဆာနံ၊ ဗျသနံပသမာယဟံ။

သတ္တာဟာဘိရတော တတ္ထ၊ သတ္ထုသာသနကမျတာ။

အဟံ–ငါသည်၊ ဗျသနပသမာယ–ပျက်စီးခြင်း၏ ငြိမ်းအေးခြင်းငှာ၊ ပဗ္ဗဇ္ဇံ–ရဟန်းအဖြစ်သို့၊ ဥပဂစ္ဆာနံ–ကပ်ရောက်၍ (ဝါ)ရဟန်းပြု၍၊ တတ္ထ–ထိုဘုရားရှင် သာသနာတော်၌၊ သတ္ထုသာသနကမျတာ–မြတ်စွာဘုရား၏ အဆုံးအမကို အလိုရှိသည်ဖြစ်၍၊ သတ္တာဟံ–ခုနစ်ရက်ပတ်လုံး၊ အဘိရတော–အလွန်နှစ်ခြိုက် မွေ့လျော်ပျော်ပိုက်ခဲ့ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

သတ္တာဟပဗ္ဗဇိတမထေရ်အလောင်း သူတော်ကောင်းဟာ မိမိရဲ့စီးပွားတွေပျက်မှု၊ ရေးတုန်းက ဆွေမျိုးတွေပျက်စီးမှုဆိုတဲ့ အပျက်တွေကို သတိထားပြီး သံဝေဂရယူကာ အပျက်တွေငြိမ်းအေးအောင် မြတ်စွာဘုရားရဲ့ ငြိမ်းအေးတဲ့သာသနာအေးရိပ်ကို ခိုလှုံဝင်ရောက်ပြီး ရဟန်းဝတ်လိုက်ပါတယ်။

အဲဒီလို မြတ်စွာဘုရားရဲ့ သာသနာ့အေးရိပ်မှာ ခိုလှုံဝင်ရောက်ပြီး မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို လိုလိုလားလား လေးလေးစားစား လိုက်နာကျင့်သုံးကာ ခုနစ်ရက်ပတ်လုံး ရဟန်းဝတ်နဲ့ အလွန်မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်စိတ်ပါ နေထိုင်ပါတယ်။

ဘယ်နစ်ရက် ရဟန်းဝတ်သတဲ့လဲ။

(ခုနစ်ရက်ပါဘုရား)

အဲဒီလို ခုနစ်ရက်ဝတ်တဲ့အခါမှာ ကိုယ်တိုင်စိတ်ပါလက်ပါဝတ်တယ်၊ ပြီးတော့ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို လိုလိုလားလား တိတိကျကျ လိုက်နာပြီးတော့ ကျင့်သုံးနေထိုင်တာနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ခုခေတ် ဒုလ္လဘဝဏ္ဏတဲ့သူတွေ အတုယူစရာ အင်မတန်ကောင်းပါတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* အပျက်ငြိမ်းရန်၊ အစိဋ္ဌာန်၊ စိတ်ကြံရဟာန်းဝတ်။
* မြတ်စွာဘုရား၊ ဆုံးမများ၊ လိုလားလိုက်နာဖြစ်။
* ခုနှစ်ရက်ပင်၊ မွေ့ပျော်ရွှင်၊ ကြည်လင်နေထိုင်ဖြစ်။

**၃။ ဧကာနုဝုတိတော ကပ္ပေ၊ ယမဟံ ပဗ္ဗဇိံ တဒါ။**

**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပဗ္ဗဇ္ဇာယ ဣဒံ ဖလံ။**

ဣတော-ဤဘဒ္ဒကမ္ဘာမှ၊ ဧကနုဝုတေကပ္ပေ-ကိုးဆယ့်တစ်ကမ္ဘာ ထက်၌၊ တဒါ-ထိုအခါ၌၊ ယမဟံ-ယံအဟံ-အကြင်ငါသည်၊ ပဗ္ဗဇိံ-ရဟာန်း ပြုခဲ့ပြီ၊ (တတော-ထိုအခါမှ၊ ပဘုတိ-စ၍)၊ ဒုဂ္ဂတိံ-အပါယ်လေးပါး လားရောက်ရသည်ကို၊ နာဘိဇာနာမိ-မသိစဖူးပါ၊ ဣဒံဖလံ-ဤအကျိုးသည်၊ ပဗ္ဗဇ္ဇာယ-ရဟာန်းပြုရခြင်း၏၊ ဖလံ-အကျိုးကောင်းမှတ် အကျိုးမြတ်ဖြစ်ပါ ပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်မှာ ခုနှစ်ရက်ရဟာန်းဝတ်ခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး မလားမရောက်ရတာဟာ ခုနှစ်ရက်ဝတ် ခဲ့တဲ့ ကောင်းကျိုးပါပဲတဲ့။

အပါယ်လေးပါး မလားမရောက်ရတဲ့ ကောင်းကျိုးရတာ ဘာ့ကြောင့် တဲ့လဲ။

(ခုနှစ်ရက် ရဟာန်းဝတ်ခဲ့လို့ပါဘုရား)

ရဟာန်းခုနှစ်ရက်ဝတ်ပြီး ကောင်းကောင်းနေထိုင်ကျင့်သုံးတော့ ဘယ်လိုကောင်းကျိုးရသတဲ့လဲ။

(အပါယ်မလားတဲ့ ကောင်းကျိုးရပါတယ်ဘုရား)

ရဟာန်းခုနှစ်ရက်ဝတ်လိုက်တာ အပါယ်လေးပါးမလားတဲ့ကောင်းကျိုး တွေ ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား)

အေး...ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(ခုနှစ်ရက်ဝတ် ကောင်းကျိုးဖြစ်တရားတော်ပါဘုရား)

အေး...ရဟာန်းခုနှစ်ရက်ဝတ်လိုက်တာဟာ အပါယ်လေးပါးမလားတဲ့ ကောင်းကျိုးတွေဖြစ်သွားတယ်၊ ရသွားတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ...လက်ာလေးတွေ လိုက်ဆိုကြ-

* ခုနှစ်ရက်ပင်၊ မွေ့ပျော်ရွှင်၊ ကြည်လင်ရဟန်းဝတ်။

* အပါယ်လေးပါး၊ မရောက်ငြား၊ မှတ်သားကောင်းကျိုးဖြစ်။

* အပါယ်လေးလီ၊ မရောက်ပြီ၊ အတည်ကောင်းကျိုးဖြစ်။

* အပါယ်ဘုံဆီ၊ မရောက်ပြီ၊ အတည်ကောင်းကျိုးဖြစ်။

* ခုနှစ်ရက်သာ၊ မွေ့ပျော်ကာ၊ ကောင်းစွာရဟန်းပြု။

* အပါယ်လေးပါး၊ ရောက်မသွား၊ မှတ်သားကောင်းကျိုးရှု။

* အပါယ်လေးဖြာ၊ မရောက်ပါ၊ သေချာကောင်းကျိုးရှု။

* ခုနှစ်ရက်ဝတ်၊ ကောင်းကျိုးဖြစ်၊ စင်စစ်ဟောကြားပြု။

၄။ **သတ္တသဋ္ဌိမ္ဟိတော ကပ္ပေ၊ သတ္တအာသုံ မဟီပတီ။**

**သုနိက္ခမာတိ ဉာယန္တိ၊ စက္ကဝတ္တိ မဟဗ္ဗလာ။**

ကတော-ဤဘဒ္ဒကမ္ဘာမှ၊ သတ္တသဋ္ဌိမ္ဟိကပ္ပေ-ခြောက်ဆယ့်ခုနှစ်ကမ္ဘာထက်၌၊ စက္ကဝတ္တိ-စကြာရတနာကို လည်စေတတ်ကုန်သော၊ မဟဗ္ဗလာ-ကြီးသောခွန်အား များသောဗိုလ်ပါရှိကုန်သော၊ မဟီပတီ-မြေကြီးကိုအစိုးရကုန်သော၊ သတ္တ-ခုနစ်ကြိမ်ကုန်သော စကြာဝတေးမင်းတို့သည်၊ အာသုံ-ဖြစ်ခဲ့ဖူးကုန်ပြီ။

သုနိက္ခမာတိ-သုနိက္ခမဟူ၍၊ ဉာယန္တိ-ထင်ရှားကုန်၏။

ဒီဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်ခုနှစ်ကမ္ဘာထက်မှာ စကြာရတနာကို လည်စေတတ်တဲ့ ကြီးသောခွန်အား များသောဗိုလ်ပါတွေရှိတဲ့၊ သုနိက္ခမလို့ ထင်ရှားတဲ့၊ မြေကြီးကိုအစိုးရတဲ့ စကြာဝတေးမင်း ခုနှစ်ကြိမ်ဖြစ်ဖူးခြင်းဟာ ရဟန်းခုနှစ်ရက် ဝတ်ရတဲ့ကောင်းကျိုးပါပဲ။

ရဟန်းခုနှစ်ရက်ဝတ်ရတာ စကြာဝတေးမင်းဖြစ်ရတဲ့ကောင်းကျိုး ဘယ်နှစ်ကြိမ်တဲ့လဲ။

(ခုနှစ်ကြိမ်ပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ခုနှစ်ရက်ဝတ် ကောင်းကျိုးဖြစ်တရားတော်ပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ-

* ခုနှစ်ရက်သာ၊ မွေ့ပျော်ကာ၊ ကောင်းစွာရဟန်းဝတ်။

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ မှန်စွာကောင်းကျိုးစစ်။

* စကြာမင်းသည်၊ ဖြစ်ရပြီ၊ အတည်ကောင်းကျိုးစစ်။

http://www.dhammadownload.com



ဦးပဥ္စင်းတို့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှာတော့ ရဟန်းပြုကာ မကြာခင်မှာပဲ ဝိပဿနာတရား ကြိုးစား ပွားများ အားထုတ်ပြီး ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် သတ္တာဟ ပဗ္ဗဇိတမထေရ်ရယ်လို့ ထင်ရှားတဲ့ရဟန္တာတစ်ပါး ဖြစ်သွားရပါတယ်။

ခုနစ်ရက်လောက် ပျော်မွေ့ကာ မြတ်စွာဘုရားရဲ့အဆုံးအမတွေကို လိုလိုလားလား လိုက်နာကျင့်သုံးလိုက်တော့ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိသွားတယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ ဒုလ္လဘရဟန်းဝတ်၊ သာမဏေဝတ်ကြတဲ့ရဟန်းတော်တွေ၊ သာမဏေတွေလည်း ဝတ်တုန်းဝတ်ခိုက်မှာပျော်မွေ့ရမယ်၊ ဘုရားအဆုံးအမတွေကို လိုလိုလားလား လေးလေးစားစား လိုက်နာကျင့်သုံးကြရမယ်၊ သတ္တာဟပဗ္ဗဇိတမထေရ်လိုဖြစ်အောင် ကြိုးစားအားထုတ်ကြရမယ်နော်။

(မှန်လှပါဘုရား)

အဲဒီလို ပျော်ပျော်မွေ့မွေ့နဲ့ ဘုရားဆုံးမတာတွေ လိုလိုလားလား လေးလေးစားစားလိုက်နာရင် ဒီနေ့ရဟန်းဒကာ၊ ရှင်ဒကာတွေမှာလည်း အကျိုးရှိတယ်၊ ပစ္စည်းလေးပါးတွေ ထောက်ပံ့ရကျိုးနပ်တယ်၊ ရှင်ရဟန်းပြုသူ၊ ထောက်ပံ့သူ နှစ်ဦးစလုံး အကျိုးကြီးတယ်၊ အကျိုးရှိပါတယ်၊ အပါယ်လေးပါးလွတ်မယ်၊ လူ့ဘုံနတ်ရပ် ကောင်းမြတ်တဲ့ သုဂတိဘဝတွေရောက်မယ်၊ နောက်ဆုံး ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိမယ်ပေါ့။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ခုနစ်ရက်သာ၊ မွေ့ပျော်ကာ၊ ကောင်းစွာရဟန်းဝတ်။

* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ မှန်စွာကောင်းကျိုးစစ်။

* သာသနာနေသူ၊ ထောက်ပံ့သူ၊ နှစ်လူကောင်းကျိုးဖြစ်။

ကဲ...ဒီနေ့ ဦး(..........) ဒေါ်(..........)မိသားစုတို့ရဲ့ ရဟန်းခံ ရှင်ပြုကုသိုလ်ပွဲမှာ ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ခုနစ်ရက်ဝတ် ကောင်းကျိုးဖြစ်တရားတော်ပါဘုရား)

အေး...ဟုတ်ပြီ၊ ဒီတော့ "ခုနစ်ရက်ဝတ် ကောင်းကျိုးဖြစ်"ဆိုတဲ့ တရားကဗျာနဲ့ တရားသိမ်းကြပါစို့-

"ဝိပဿီတွင်၊ ဘုရားရှင်၏၊ အစဉ်အေးရာ၊ သာသနာအရိပ်၊
ခိုလှုံအိပ်စက်၊ ခုနစ်ရက်သာ၊ မွေ့ပျော်ကာဖြင့်၊ မြတ်စွာဆုံးမ၊

http://www.dhammadownload.com



မှန်သမျှကို၊ စံပြအနေ၊ လိုက်နာသေ၍၊ ပါယ်မြေကလွတ်၊ စကြာဖြစ်ကာ၊ နတ်ရွာ–လူ့ပြည်၊ အလီလီသုဂတိ၊ ရောက်တုံဘိလျက်၊ ဤသည့်သာသနာ၊ ကြုံသောခါ၌၊ သဒ္ဓါရှေးရှု၊ ရဟန်းပြုကာ၊ ခန္ဓာအရှိ၊ ဉာဏ်ပါသိမှတ်၊ ဝိပဿနာ၊ ကျင့်ကြံရာဝယ်၊ မှန်စွာစင်စစ်၊ ရဟန္တာဖြစ်သည်၊ ခုနှစ်ရက်ဝတ် ကောင်းကျိုးတည်း။"

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ရဟန်းခံရှင်ပြု ကုသိုလ်ပွဲတိုင်း ဟောပါ။

တရားအမည်ပေးရာ၌–

၁။ ခုနှစ်ရက်မျှ ကောင်းကျိုးရတရားတော်။
၂။ ရဟန်းဝတ်ခြင်း၏ ကောင်းကျိုးရှိပုံတရားတော်။
၃။ ရဟန်းပြုခြင်း၏ ကောင်းကျိုးရှိပုံတရားတော်။
၄။ ရဟန်းခံရှင်ပြု ကောင်းကျိုးစုတရားတော်။
၅။ ရဟန်းခံရှင်ပြုပေးခြင်း၏ ကောင်းကျိုးရှိပုံတရားတော်။

စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၂၉–၇–၉၇
ည(၁၀း၃၀)နာရီ။

ခုနှစ်ရက်ဝတ် ကောင်းကျိုးဖြစ်တရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ တိမိရဝဂ်
ဗောဓိသိဥ္စကတ္ထေရ အပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ညောင်ရေသွန်းလောင်းခြင်း၏+ကောင်းကျိုးရှိပုံ တရားတော်

ဒီနေ့ ကဆုန်လပြည့်နေ့မှာ ညောင်ရေသွန်းလောင်းကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "ညောင်ရေသွန်းလောင်းခြင်း၏ ကောင်းကျိုးရှိပုံ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ညောင်ရေသွန်းလောင်းခြင်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ ဝိပဿိဿ ဘဂဝတော၊ မဟာဗောဓိ မဟော အဟု။**
**ပဗ္ဗဇ္ဇုပဂတော သန္တော၊ ဥပဂစ္ဆိံ အဟံတဒါ။**

(အပဒါနပါဠိ-၁၊၁၄၄)

ဝိပဿိဿ-ဝိပဿီအမည်တော်ရှိသော၊ ဘဂဝတော-မြတ်စွာဘုရား၏၊ မဟာဗောဓိမဟော-မြတ်သောသခွပ်ဗောဓိပင်ကို ပူဇော်ခြင်းသည်၊ အဟု-ဖြစ်ပြီ၊ တဒါ-ထိုအခါ၌၊ အဟံ-ငါသည်၊ ပဗ္ဗဇ္ဇုပဂတော-ရဟန်းအဖြစ်သို့ ကပ်ရောက်သည်၊ (ဝါ)ရဟန်းဘဝသို့ရောက်ပြီးသည်၊ သန္တော-ဖြစ်လျက်၊ မဟံ-သခွပ်ဗောဓိပင် ပူဇော်ရာသို့၊ (ဝါ)သခွပ်ဗောဓိပင် ပူဇော်ပွဲသို့၊ ဥပဂစ္ဆိံ-ကပ်ရောက်ခဲ့ပြီ။

ဝိပဿီဘုရားရှင်ရဲ့ သခွပ်ဗောဓိပင် ပူဇော်ပွဲလုပ်နေတဲ့နေရာအရပ်ကို ဗောဓိသိဥ္စကမထေရ်အလောင်း သူတော်ကောင်းရဟန်းတစ်ပါးဟာ ရောက်သွားပါတယ်။

http://www.dhammadownload.com



၂။ ကုသုမောဒကမာဒါယ၊ ဗောဓိယာ ဩကိရိံ အဟံ။
မောစယိဿတိ နော မုတ္တော၊ နိဗ္ဗာပေဿတိနိဗ္ဗုတော။

(ဥပဂန္တွာ-ကပ်၍)၊ မုတ္တော-ကိုယ်တော်တိုင် ဝဋ်ဆင်းရဲမှလွတ်သည် ဖြစ်၍၊ နော-ငါတို့အား၊ မောစယိဿတိ-လွတ်မြောက်စေလတ္တံ့၊ နိဗ္ဗုတော-ကိုယ်တော်တိုင် ဒုက္ခခပ်သိမ်း ငြိမ်းအေးပြီးသည်ဖြစ်၍၊ နော-ငါတို့အား၊ နိဗ္ဗာပေဿတိ-ဒုက္ခခပ်သိမ်း ငြိမ်းအေးစေလတ္တံ့၊ (ဣတိ-ဤသို့၊ တံ-ထို လွတ်မြောက်ငြိမ်းအေးခြင်းကို၊ မနသိကတွာ-နှလုံးသွင်း၍)၊ ကုသုမောဒကံ-ပန်းဖြင့်ထုံထားသောရေကို၊ အာဒါယ-ယူ၍၊ ဗောဓိယာ-သခွပ်ဗောဓိပင်၌၊ အဟံ-ငါသည်၊ ဩကိရိံ-စေတနာဖွေးဖြူ ရေစင်အေးဖြင့်၊ သွန်းလောင်း ပူဇော်ပေးခဲ့ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အဲဒီလိုရောက်သွားပြီးတော့ ဝိပဿီဘုရားရှင်ကိုယ်တော်မြတ်ဟာ ကိုယ်တော်တိုင် ဝဋ်ဆင်းရဲမှလွတ်ပြီးတော့ ငါတို့ကိုလည်း လွတ်မြောက် စေလိမ့်မယ်၊ ကိုယ်တော်တိုင် ဒုက္ခခပ်သိမ်းငြိမ်းအေးပြီးတော့ ငါတို့ကိုလည်း ဒုက္ခခပ်သိမ်း ငြိမ်းစေလိမ့်မယ်လို့ နှလုံးသွင်းပြီးတော့ ပန်းနဲ့ထုံထားတဲ့ ရေကိုယူကာ သခွပ်ဗောဓိပင်မှာ သွန်းလောင်းပူဇော်ခဲ့ပါတယ်။

၃။ ဧကနဝုတိတော ကပ္ပေ၊ ယံဗောဓိ မဘိသိဉ္စယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗောဓိသိဉ္စာယိဒံ ဖလံ။

ဣတော-ဤဘဒ္ဒကမ္ဘာမှ၊ ဧကနဝုတိကပ္ပေ-ကိုးဆယ့်တစ်ကမ္ဘာထက်၌၊ ယံဗောဓိ-အကြင်သခွပ်ပင်ကို၊ အဘိသိဉ္စယိံ-စေတနာဖွေးဖြူ အရေးယူလျက် ညောင်ရေသွန်းလောင်းကာ ပူဇော်ခဲ့ပြီ၊ (တတော-ထိုအခါမှ၊ ပဘုတိ-စ၍)၊ ဒုဂ္ဂတိံ-အပါယ်လေးလီ လားရောက်ရသည်ကို၊ နာဘိဇာနာမိ-မသိစဖူးပါ၊ ဣဒံဖလံ-ဤအကျိုးသည်၊ ဗောဓိသိဉ္စာယ-သခွပ်ဗောဓိပင်ကို ညောင်ရေသွန်း လောင်းပူဇော်ရခြင်း၏၊ ဖလံ-အကျိုးကောင်းမှတ် အကျိုးမြတ်ပါပေတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်မှာ သခွပ်ဗောဓိပင်ကို ညောင်ရေ သွန်းလောင်း ပူဇော်တဲ့အချိန်ကစပြီးတော့ အပါယ်လေးပါး မရောက်ရခြင်း ဆိုတဲ့ ကောင်းကျိုးရှိသွားပါတယ်။

ဒါ့ကြောင့် ဒီနေ့ဟောတဲ့တရားကို "ညောင်ရေသွန်းလောင်းခြင်း၏ ကောင်းကျိုးရှိပုံ"တရားတော်လို့ အမည်ပေးထားတာပါပဲ။

http://www.dhammadownload.com



ဒီနေ့ ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ညောင်ရေသွန်းလောင်းပူဇော်ကြတဲ့ ဒကာ ဒကာမတွေလည်း အပါယ်လေးပါး မလားမရောက်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေရရှိမှာ မလွဲပါဘူး။

၄။ တေတ္တိံသေ ဝတ္တမာနမှိ၊ ကပ္ပေအာသုံ ဇနာဓိပါ။
ဥဒက သေစနာ နာမ၊ အဋ္ဌေတေ စက္ကဝတ္တိနော။

တေတ္တိံသေကပ္ပေ–သုံးဆယ့်သုံးကမ္ဘာသည်၊ ဝတ္တမာနမှိ–ဖြစ်လတ်သော်၊ ဇနာဓိပါ–လူတို့ကို အစိုးရကုန်သော၊ ဥဒကသေစနာ နာမ–ဥဒကသေစနအမည်ရှိကုန်သော၊ တေအဋ္ဌစက္ကဝတ္တိနော–ထိုစကြာမင်း ရှစ်ကြိမ်တို့သည်၊ အာသုံ–ဖြစ်ခဲ့ဖူးကုန်၏၊ (သုံးဆယ့်သုံးကမ္ဘာထက်ရောက်တဲ့အခါမှာ လူတွေကိုအစိုးရတဲ့ ဥဒကသေစနအမည်ရတဲ့ စကြာဝတေးမင်းရှစ်ကြိမ်ဖြစ်ရပါတယ်။)

ဒီတော့ ညောင်ရေသွန်းလောင်းတဲ့ကောင်းမှုဟာ စကြာဝတေးမင်း ဖြစ်ရတဲ့ကောင်းကျိုး ရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ညောင်ရေသွန်းလောင်းရခြင်း၏ ကောင်းကျိုးရှိပုံတရားတော်ပါဘုရား)

အဲဒီ ညောင်ရေသွန်းလောင်းခဲ့တဲ့ကောင်းမှုကြောင့် နတ်ပြည်ခြောက်ထပ်မှာ နတ်စည်းစိမ်တွေခံစားပြီးတော့ ဦးပဥ္စင်းတို့ဘုရားပွင့်တော်မူရာ ဤသာသနာတော်မှာ အမျိုးအိမ်ဝယ် လူဖြစ်လာပါတယ်၊ ကြီးလာတော့ သဒ္ဓါတရားရှိရှိနဲ့ ရဟန်းပြုပါတယ်၊ ရဟန်းပြုပြီးမကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာတစ်ပါး ဖြစ်ရပါတယ်။

ညောင်ရေသွန်းလောင်းရတဲ့ ကောင်းကျိုးတွေကို မှတ်သားလို့လွယ်ကူအောင် အကျဉ်းချုပ်ကြည့်ကြပါစို့–

၁။ အပါယ်လေးပါး မလားမရောက်ရခြင်း။
၂။ လူ့ပြည်ကနေနတ်ပြည်၊ နတ်ပြည်ကနေ လူ့ပြည်ရောက်ခြင်း။
၃။ စကြာဝတေးမင်း ရှစ်ကြိမ်ဖြစ်ရခြင်း။
၄။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေရရှိပါတယ်။

ကဲ...ညောင်ရေသွန်းလောင်းရကျိုး လင်္ကာလေးတွေနဲ့ တရားသိမ်းကြရအောင်၊ အားလုံးညီညီညာညာလိုက်ဆိုကြ–

http://www.dhammadownload.com



၃။ အပါယ်လေးထွေ၊ မရောက်ပေ၊ ညောင်ရေသွန်းရကျိုး။
၂။ လူနတ်နှစ်ထွေ၊ ဖြစ်ရပေ၊ ညောင်ရေသွန်းရကျိုး။
၃။ စကြာရှစ်ထွေ၊ ဖြစ်ရပေ၊ ညောင်ရေသွန်းရကျိုး။
၄။ မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ကောင်းစွာရေသွန်းကျိုး။
ကဲ...သာဓုခေါ်ကြ-

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ညောင်ရေသွန်းပွဲတိုင်း၊ ရေလှူပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌-
၁။ ညောင်ရေသွန်းက ကောင်းကျိုးရတရားတော်။
၂။ ညောင်ရေသွန်းငြား အပါယ်မလားတရားတော်။
၃။ ညောင်ရေသွန်းငြား နတ်ပြည်လားတရားတော်။
စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၃၀-၇-၉၇ (ဗုဒ္ဓဟူးနေ့)
ည(၁၀)နာရီ။

ညောင်ရေသွန်းလောင်းခြင်း၏ အကျိုးရှိပုံတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ကုဏ္ဍာစာနဝဂ်
ကပ္ပရုက္ခိယတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ပဒေသာ+ဝေဆာပေါက်ပြီပေါ့

# တရားတော်

ဒီနေ့ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပညာရေးပဒေသာအတွက် ရည်ရွယ်ချက်နဲ့ ထာဝရပဒေသာပင် အလှူစိုက်ထူလှူဒါန်းကြတဲ့ ဒါယကာ ဦး(..........) ဒါယိကာမ ဒေါ်(..........)မိသားစုတို့ကို ဟောကြားမည့်တရား တော်က "ပဒေသာ ဝေဆာပေါက်ပြီပေါ့"တရားတော်။

ဘာတရားတဲ့လဲ။

(ပဒေသာ ဝေဆာပေါက်ပြီပေါ့တရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ သိဒ္ဓတ္ထဿ ဘဂဝတော၊ ထူပသေဋ္ဌဿ သမ္မုခါ။**
**ဝိစိတ္တဒုဿေ လဂ္ဂေတွာ၊ ကပ္ပရုက္ခံ ဌပေသဟံ။**

(အပဒါနပါဠိ-၁၊၁၀၀)

အဟံ-ငါသည်၊ သိဒ္ဓတ္ထဿ-သိဒ္ဓတ္ထအမည်တော်ရှိသော၊ ဘဂဝတော- မြတ်စွာဘုရား၏၊ ထူပသေဋ္ဌဿ-ပုထိုးစေတီတော်မြတ်ကြီး၏၊ သမ္မုခါ- ရှေ့မျက်မှောက်၌၊ ဝိစိတ္တဒုဿေ-ဆန်းကြယ်သော ပုဆိုးတို့ကို၊ လဂ္ဂေတွာ- ချိတ်ဆွဲ၍၊ ကပ္ပရုက္ခံ-ပဒေသာပင်ကို၊ ဌပေသိံ-စေတနာနဲ့ ဝေဆာချဲ့ကာ၊ ထားလှူခဲ့ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ကပ္ပရုက္ခိယ မထေရ်အလောင်း သူတော်ကောင်းဟာ သိဒ္ဓတ္ထမြတ်စွာ ဘုရားရဲ့ ပုထိုးစေတီတော်ရှေ့မှောက်မှာ ဆန်းကြယ်တဲ့ပုဆိုး ချိတ်ဆွဲပြီးတော့ ဝေဝေဆာဆာ ပဒေသာပင်လှူခဲ့ဖူးပါတယ်။

http://www.dhammadownload.com



ဘာပင်လှူခဲ့ဖူးသတဲ့လဲ။

(ပဒေသာပင် လှူခဲ့ဖူးပါတယ်ဘုရား)

အဲဒီပဒေသာပင်ကလည်း ပုဆိုးတွေအဓိကပါတဲ့ ပုဆိုးပဒေသာပင်ကြီးနော်။

(မှန်လှပါဘုရား)

ဘာပဒေသာပင်ကြီးတဲ့လဲ။

(ပုဆိုးပဒေသာပင်ကြီးပါဘုရား)

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* သိဒ္ဓတ္ထဘုရား၊ စေတီအား၊ ထူးခြားရှေ့တော်မှာ။
* ဆန်းကြယ်ပုဆိုး၊ အမျိုးမျိုး၊ မရိုးချိတ်ဆွဲကာ။
* ပဒေသာပင်၊ စိတ်ကြည်လင်၊ အစဉ်လှူခဲ့တာ။

၂။ **ယံယံယောနုပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။**

**သော်ဘာယန္တော မမ ဒ္ဒါရံ၊ ကပ္ပရုက္ခော ပတိဋ္ဌတိ။**

(အဟံ–ငါသည်)၊ ဒေဝတ္တံ–နတ်၌ဖြစ်သော၊ အထ–ထိုမြို့၊ မာနုသံ–လူ၌ဖြစ်သော၊ ယံယံ ယောနိ –အကြင် အကြင်အမျိုးသို့၊ ဥပပဇ္ဇာမိ–ကပ်ရောက်ရ၏၊ တတ္ထ တတ္ထ–ထိုထိုမျိုး၌၊ မမ–ငါ၏၊ ဒ္ဒါရံ–အိမ်တံခါးကို၊ သောဘယန္တော–တင့်တယ်စေလျက်၊ ကပ္ပရုက္ခော–ဝဆာစုံလင် ပဒေသာပင်ကြီးသည်၊ ပတိဋ္ဌတိ–တည်ရောက်ကောင်းစွာ ပေါ်ပေါက်လာပါပေသတည်း။

(သာဓု…သာဓု…သာဓုပါဘုရား)

အဲဒီလို ပုဆိုးပဒေသာ ဝဆာချိတ်ဆွဲလှူခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် နတ်ပြည်လူ့ပြည်ဆိုတဲ့ ကောင်းမြတ်တဲ့ သုဂတိဘုံဘဝတွေမှာပဲ ဖြစ်ရပါတယ်။

ဘယ်ဘဝတွေမှာ ဖြစ်ရသတဲ့လဲ။

(သုဂတိဘဝတွေမှာ ဖြစ်ရပါတယ်ဘုရား)

အဲဒီ သုဂတိဘဝကောင်းတွေမှာဖြစ်ရတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ပုဆိုးပဒေသာ ဒါနကြောင့်ပါဘုရား)

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* လူ့ရွာနတ်ရွာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။
* လူ့ရွာနတ်ရွာ၊ ဖြစ်ရတာ၊ ပဒေသာကြောင့်ပဲ။
* သုဂတိမှာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။
* သုဂတိမှာ၊ ဖြစ်ရတာ၊ ပဒေသာကြောင့်ပဲ။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ ပုဆိုးပဒေသာ ဝေဝေဆာဆာချိတ်ဆွဲပြီး တော့လှူရတာဟာ ကောင်းမြတ်တဲ့ သုဂတိဘုံဘဝတွေမှာပဲ ဖြစ်ရခြင်းဆိုတဲ့ကောင်းကျိုး ရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို "ပုဆိုးပဒေသာပင်လှူရခြင်း၏ ကောင်းကျိုးရှိပုံတရားတော်"လို့ အမည်ပေးရင်လည်း ရတယ်နော်။

(မှန်လှပါဘုရား)

နောက်ပြီးတော့ အဲဒီလိုနတ်ပြည်ရောက် နတ်ဖြစ်တဲ့အခါ၊ လူ့ပြည်ရောက်လူဖြစ်တဲ့အခါတွေမှာ နတ်ပြည်ဆို မိမိရဲ့နတ်ဗိမာန်တံခါး၊ လူ့ပြည်မှာဆို မိမိရဲ့အိမ်တံခါးမှာ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ဝေဝေဆာဆာ ပဒေသာပင်ကြီး လာရောက်တည်ရှိတယ်၊ ဝေဝေဆာဆာ ပဒေသာပင်ကြီး ပေါ်ပေါက်လာတယ်ပေါ့။

ဒီတော့ တရားနာပရိသတ်၊ ပဒေသာလှူခဲ့တဲ့ ကောင်းမှုကြောင့် ပဒေသာပင်ကြီး ဝေဝေဆာဆာ ပေါက်မလာဘူးလား။

(ပေါက်လာပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ပဒေသာ ဝေဆာပေါက်ပြီပေါ့တရားတော်ပါဘုရား)

ပဒေသာပင်ကြီး နတ်ပြည်မှာဆိုရင် နတ်ဗိမာန်တံခါးမှာ၊ လူ့ပြည်မှာဆိုရင် အိမ်တံခါးမှာ တည်ရှိလာတာ၊ ရောက်လာတာ၊ ပေါ်ပေါက်လာတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ပဒေသာဒါနကြောင့်ပါဘုရား)

ဒီတော့ ပဒေသာပင်ပေါက်စေချင်ရင် ဘာလှူရမတဲ့လဲ။

(ပဒေသာပင်လှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို "ပဒေသာပင်ပေါက်စေချင်ရင် ပဒေသာပင်လှူပါ"တရားတော်လို့ အမည်ပေးရင်လည်း ရတယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* မြတ်ပဒေသာ၊ ပေါ်ပေါက်တာ၊ ဘယ်ဒါနကြောင့်လဲ။
* မြတ်ပဒေသာ၊ ပေါ်ပေါက်တာ၊ ပဒေသာဒါနကြောင့်ပဲ။
* ပဒေသာပင်၊ ပေါက်စေချင်၊ လှူရင်ပဒေသာပဲ။

http://www.dhammadownload.com



ဒီနေ့ ငွေပဒေသာ၊ ဆွမ်းပဒေသာ၊ သင်္ကန်းပဒေသာ၊ ကျောင်းပဒေသာ၊ ဆေးပဒေသာ၊ ပညာရေးပဒေသာ အစရှိတဲ့ ပဒေသာမျိုးစုံအတွက် ရည်ရွယ်ချက်နဲ့ ပဒေသာပင်လှူကြတဲ့ ဒါယကာ ဦး(..........) ဒါယကာမ ဒေါ်(..........)မိသားစုတွေမှာလည်းဖြစ်လေရာဘဝတိုင်းမှာ ပဒေသာပင် ပေါက်ကြောင်း ကုသိုလ်ကောင်းကြီး ပြုလုပ်နေကြတာပဲလို့ ဝမ်းမြောက်ကြရမယ်၊ ပဒေသာပင်လှူကြတဲ့အတွက် ပဒေသာပင်ပေါ်ပေါက်ရရှိမှာပဲလို့ လည်း သဒ္ဓါယုံကြည်ချက် အပြည့်အဝ ထားရှိရမယ်ပေါ့။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ပဒေသာပင်၊ လှူဒါန်းလျှင်၊ လူရှင်ဖြစ်လေရာ။
* ပဒေသာလှူ၊ ဝေဆာရ၊ မုချမလွဲပါ။

ဒီနေ့ ပဒေသာပင်လှူကြတဲ့ ဒါယကာ ဦး(..........) ဒါယကာမ ဒေါ်(..........)မိသားစုများ ဒီနေ့ကစ မဂ်ဖိုလ်နိဗ္ဗာန်ရမည့်ဘဝတိုင်အောင် ပဒေသာပင်ကြီးတွေ ဝေဝေဆာဆာ သေသေချာချာ ကျကျနန လှလှပပ နေ့နေ့ညည ပြည့်ပြည့်ဝဝ ထာဝရရောက်ကြပါစေ၊ ထာဝရပေါက်ကြပါစေလို့ ဆုပေးပါတယ်၊ ဆုတောင်းနေပါတယ်၊ မေတ္တာပို့ပေးနေပါတယ်။

ကဲ...ဆုတောင်းလင်္ကာလေးတွေ လိုက်ဆိုကြ-

* မြတ်ပဒေသာ၊ လှူဒကာ၊ ပဒေသာရပါစေ။
* ပဒေသာလှူကြ၊ ဒကာမ၊ ပဒေသာရပါစေ။
* ငွေပဒေသာ၊ လှူကြရှာ၊ ဒကာ ဒကာမတွေ။
* ဆွမ်းပဒေသာ၊ လှူကြရှာ၊ ဒကာ ဒကာမတွေ။
* သင်္ကန်းပဒေသာ၊ လှူကြရှာ၊ ဒကာ ဒကာမတွေ။
* ကျောင်းပဒေသာ၊ လှူကြရှာ၊ ဒကာ ဒကာမတွေ။
* ဆေးပဒေသာ၊ လှူကြရှာ၊ ဒကာ ဒကာမတွေ။
* ပညာရေးပဒေသာ၊ လှူကြရှာ၊ ဒကာ ဒကာမတွေ။
* ပဒေသာလှူ၊ ဝေဆာရ၊ နေ့ညဆုတောင်းနေ။
* လှပဒေသာ၊ ဝေဝေဆာ၊ သေချာပေါက်ပါစေ။
* ဆုတောင်း+မေတ္တာ၊ အဖြာဖြာ၊ ခါခါတောင်းပို့နေ။

၃။ အဟဥ္စ ပရိသာစေဝ၊ ယေကေစိ မမ ဝသိတာ။
တမှာ ဒုသ္သံ ဂဟေတွာန၊ နိဝါသေမ မယံသဒါ။

http://www.dhammadownload.com



အဟဥ္စ–ငါသည်လည်းကောင်း၊ မမဝသိတာ–ငါ့ကိုမှီကုန်သော၊ ယေကေစိ–ခပ်သိမ်းကုန်သော၊ ပရိသာစေ၀–ပရိသတ်တို့လည်းကောင်း၊ မယံ–ငါတို့သည်၊ တမှာ–ထိုပဒေသာပင်မှ၊ ဒုဿံ–ပုဆိုးကို၊ ဂဟေတွာန–ယူ၍၊ သဒါ–အခါခပ်သိမ်း၊ နိဝါသေမ–ကောင်းစွာနေ့ည ဝတ်ဆင်ကြရပါကုန်တော့သတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ပဒေသာပင်လှူခဲ့တဲ့ကောင်းမှုကြောင့် ရောက်လာ၊ ပေါက်လာတဲ့ ပဒေသာပင်ကြီးက ပုဆိုးတွေကိုယူပြီးတော့ မိမိနဲ့ မိမိကိုယ်မှီခိုနေကြတဲ့ ပရိသတ်တွေပါ အားလုံးအခါခပ်သိမ်း ဝတ်ဆင်ကြရပါတယ်။

ပဒေသာပုဆိုးတွေ အမြဲပေါပေါမျှားမျှား ဝတ်ရုံချင်ရင် ပဒေသာပုဆိုးတွေ ချိတ်ဆွဲပြီးတော့ အမြဲလှူရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ပုဆိုးပဒေသာ၊ ပေါပေါက်လာ၊ မျှားစွာပုဆိုးတွေ။

* ယူပြီးလိုရာ၊ ဝတ်ရတာ၊ ပဒေသာလှူကျိုးပေ။

* ပဒေသာလှူကာ၊ ပဒေသာရ၊ လှူကြရှင်လူတွေ။

* ပဒေသာပေါက်ချင်၊ ပဒေသာပင်၊ အစဉ်လှူကြလေ။

ပုဆိုးပဒေသာပင်ကြီး အဓိကထားပြီးတော့လှူခဲ့တဲ့ ပဒေသာပင် ကောင်းမှုကြောင့် ပုဆိုးပဒေသာပင်ကြီး ဝေဝေဆာဆာ သေသေချာချာ ကျကျနန လှလှပပ ပေါပေါက်ပြီးတော့ မလာဘူးလား။

(ပေါပေါက်လာပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ပဒေသာ ဝေဆာပေါက်ပြီပေါ့ တရားတော်ပါဘုရား)

ဒီနေ့ ပဒေသာပင်အလှူရှင်တွေမှာလည်း ပဒေသာပင်တွေ ဝေဝေ ဆာဆာ ပေါက်မှာမလွဲဘူးနော်။

(မှန်လှပါဘုရား)

၄။ စတုန္နဝုတိတော ကပ္ပေ၊ ယံ ရုက္ခံ ဌပယိံ အဟံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ကပ္ပရုက္ခဿိဒံ ဖလံ။

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ စတုန္နဝုတိကပ္ပေ–ကိုးဆယ့်လေးကမ္ဘာထက်၌၊ အဟံ–ငါသည်၊ ယံရုက္ခံ–အကြင်ပဒေသာပင်ကို၊ ဌပယိံ–စေတနာဖွေးဖြူ

http://www.dhammadownload.com



အလှူပေးကာ ထားခဲ့ပါပြီ၊ (တတော–ထိုအခါမှ၊ ပဘုတိ–စ၍)၊ ဒုဂ္ဂတိ–အပါယ်လေးပါး လားရောက်ရသည်ကို၊ နာဘိဇာနာမိ–မသိစဖူးပေ၊ ဣဒံဖလံ–ဤအကျိုးသည်၊ ကပ္ပရုက္ခသ–ဝေဆာစုံလင် ပုဆိုးပဒေသာပင်လှူရခြင်း၏၊ ဖလံ–အကျိုးကောင်းမှတ် အကျိုးမြတ်ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်မှာ ပဒေသာပင်လှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး မရောက်တော့ဘူးတဲ့။

အဲဒီလို အပါယ်လေးပါး မရောက်ရတာဟာ ပဒေသာပင်လှူခဲ့တဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* အပါယ်လေးဖြာ၊ မရောက်ပါ၊ ဘယ်ဒါနကြောင့်လဲ။

* အပါယ်လေးဖြာ၊ မရောက်ပါ၊ ပဒေသာကြောင့်ပဲ။

**၅။ ဣတော စ သတ္တမေ ကပ္ပေ၊ သုစေဠာ အဋ္ဌ ခတ္တိယာ။**

**သတ္တရတနသမ္ပန္နာ၊ စက္ကဝတ္တီ မဟဗ္ဗလာ။**

ဣတော စ–ဤဘဒ္ဒကမ္ဘာမှလည်း၊ သတ္တမေကပ္ပေ–ခုနစ်ကမ္ဘာထက်၌ သတ္တရတနသမ္ပန္နာ–ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံကုန်သော၊ မဟဗ္ဗလာ–များသောအားရှိကုန်သော၊ စက္ကဝတ္တီ–စကြာရတနာကို လည်စေတတ်ကုန်သော၊ သုစေဠာ–သုစေဠအမည်ရှိကုန်သော၊ ခတ္တိယာ–မင်းတို့သည်၊ အဋ္ဌ–ရှစ်ကြိမ်တိုင်၊ အာသုံ–ဖြစ်ခဲ့ဖူးကုန်ပြီ။

ဒီဘဒ္ဒကမ္ဘာမှ ခုနစ်ကမ္ဘာထက်မှာ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတဲ့၊ များသောအားရှိတဲ့ သုစေဠအမည်ရတဲ့ စကြဝတေးမင်း ရှစ်ကြိမ်ဖြစ်ရပါတယ်၊ အဲဒါ ပဒေသာပင်လှူရတဲ့ ကောင်းမှုကြောင့်ပဲနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ စကြဝတေးမင်း ရှစ်ကြိမ်ဖြစ်ရတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ပဒေသာဒါနကြောင့်ပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ပဒေသာကြောင့်ပဲ။

http://www.dhammadownload.com



စကြဝတေးမင်း ဖြစ်ချင်ရင် ဘာလှူရမတဲ့လဲ။

(ပဒေသာပင်လှူရမှာပါဘုရား)

ဒီနေ့ ပဒေသာပင်လှူကြတဲ့ ဒကာ ဒကာမ မိသားစုအပေါင်း သူတော်ကောင်းမှာလည်း စကြဝတေးမင်း ဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေရမှာမလွဲဘူးနော်။

(မှန်လှပါဘုရား)

အဲဒီလို ပဒေသာပင်လှူခဲ့တဲ့ကောင်းမှုကြောင့် သုဂတိဘဝတွေမှာပဲ ဖြစ်ရပြီးတော့ ဦးပဥ္စင်းတို့ ဘုရားရှင်ပွင့်တော်မူရာအခါမှာ တစ်ခုသော အမျိုးအိမ်မှာ လူလာဖြစ်ပြီး သိကြားလိမ်မာတဲ့အရွယ်ရောက်လာတဲ့အခါ ရတနာသုံးပါးကြည်ညိုကာ တရားနာပြီးတော့ သဒ္ဓါတရားရှိရှိနဲ့ ရဟန်းပြုပါတယ်၊ ရဟန်းပြုပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး တန်ခိုးများပိုင်ရှင် ရဟန္တာတစ်ပါးဖြစ်ရပါတယ်။

ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိတာ ပဒေသာဒါနကြောင့်နော်။

(မှန်လှပါဘုရား)

ဘယ်ဒါနကြောင့်တဲ့လဲ။

(ပဒေသာဒါနကြောင့်ပါဘုရား)

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ-

* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။

* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ပဒေသာကြောင့်ပဲ။

ဒီနေ့ ပဒေသာပင်လှူကြတဲ့ ဦး(..........) ဒေါ်(..........)မိသားစုတွေလည်း ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိမှာပဲလို့ မှတ်ယူကြပါ၊ ယုံကြည်ကြပါ။

အဲဒီ ပဒေသာပင်လှူရတဲ့ကောင်းမှုကြောင့် ကောင်းကျိုးရှိပုံတွေကို ပိုပြီးတော့မှတ်မိအောင်၊ မှတ်သားလို့လွယ်အောင် အကျဉ်းချုပ်ကြည့်ကြပါစို့။

၁။ လူ့ဘဝ, နတ်ဘဝဆိုတဲ့ သုဂတိတွေမှာပဲ ဖြစ်ရခြင်း။

၂။ ပဒေသာပင် အမြဲပေါ်ပေါက် ရရှိခံစားရခြင်း။

၃။ မိမိနှင့် မိမိကိုမှီခိုနေသူအားလုံး ပဒေသာပင်မှယူပြီး ပဒေသာပုဆိုးအမျိုးမျိုးကိုဝတ်ရခြင်း။

၄။ အပါယ်လေးပါး မလားမရောက်ရခြင်း။

http://www.dhammadownload.com



၅။ စကြဝတေးမင်း ရှစ်ကြိမ်ဖြစ်ရခြင်း။
၆။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင်
ရဟန္တာဖြစ်ရခြင်းတို့ပါပဲ။

ကဲ...ပဒေသာပင်လှူရကျိုး အကျဉ်းချုပ်ယက်ာလေးတွေ လိုက်ဆိုကြ–
၁။ လူ့ရွာနတ်ရွာ၊ ဖြစ်ရတာ၊ ပဒေသာလှူရကျိုး။
၂။ မြတ်ပဒေသာ၊ ပေါ်ပေါက်တာ၊ ပဒေသာလှူရကျိုး။
၃။ ပဒေသာပင်မှ၊ ပုဆိုးလှဖြာဖြာ၊ ဝတ်ရတာ၊ ပဒေသာလှူရကျိုး။
၄။ အပါယ်လေးဖြာ၊ မရောက်တာ၊ ပဒေသာလှူရကျိုး။
၅။ မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ပဒေသာလှူရကျိုး။
၆။ မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ပဒေသာလှူရကျိုး။

ကဲ...ဒီနေ့ပဒေသာပင်အလှူရှင် ဒကာ ဒကာမတွေကို ဟောလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ပဒေသာ ဇဝဆာပေါက်ပြီပေါ့တရားတော်ပါဘုရား)

အေး...မှတ်မိသားပဲ၊ ပဒေသာပင်လှူရခြင်းရဲ့ အကျိုးပြကဗျာလင်္ကာတစ်ပုဒ်နဲ့ ဒီတရားတော်ကို နိဂုံးချုပ်ကြပါစို့၊ အားလုံး လက်အုပ်ချီကြ–

"သေသေချာချာ၊ စေတနာနဲ့၊ ဇေဆာချဲ့ကာ၊ မြတ်စွာသိဒ္ဓတ်၊
ပုထိုးမြတ်၏၊ ရှေ့တည့်တည့်မှာ၊ ဆန်းကြယ်စွာသား၊ ပုဆိုးများကို၊
ကြိုးစားချိတ်ဆွဲ၊ မေတ္တာကဲ၍၊ အမြဲသဒ္ဓါ၊ ပဒေသာပင်၊ ဝေဆာလွင်လှ၊
လှူဒါနကြောင့်၊ ဖြစ်ရလူနတ်၊ ဘဝမြတ်ဝယ်၊ နတ်မှာဗိမာန်၊ လူဖြစ်
ပြန်ငြား၊ အိမ်တံခါးမှာ၊ ပဒေသာပင်တွေ၊ ဝေဝေဆာဆာပေါက်ရ၊
လိုသမျှကို၊ ငါနှင့်ငါ့မှီ၊ အားလုံးသည်ကား၊ အတည်အစဉ်၊
ပဒေသာပင်မှ၊ ပုဆိုးလှတွေ၊ ဝတ်ရပေစွ၊ တစ်ထွေဆက်ငြား၊
ပါယ်မလားပဲ၊ ထင်ရှားစကြာ၊ မင်းရှစ်ခါဖြစ်၊ နောက်ဆုံးစစ်သော်၊
ရှင်ချစ်မြတ်စွာ၊ သာသနာ၌၊ သဒ္ဓါရှိရို၊ ဝင်ရောက်ဘိ၍၊ အရှိခန္ဓာ
အသိပါကပ်၊ ဝိပဿနာ၊ ရှုမှတ်ပါသော်၊ မကြာစင်စစ်၊ ရဟန္တာဖြစ်
သည်၊ ရှင်ချစ်ပဒေသာလှူရကျိုးတည်း။"

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပဒေသာလှူပွဲတိုင်း၊ ပညာရေးပဒေသာလှူပွဲတိုင်း၊ ငွေပဒေသာလှူပွဲတိုင်း ဟောကြားပါ။ (သင်္ကန်းပဒေသာလှူပွဲ အဓိကဟောပါ)

http://www.dhammadownload.com



တရားအမည်ပေးရာ၌-

၁။ ပဒေသာ ဝေဆာပေါက်လိုသော်။

၂။ ပဒေသာ သေချာပေါက်လိုသော်။

၃။ ပဒေသာပေါက်ချင် ပဒေသာပင်လျှုပါ။

၄။ ပဒေသာရချင် ပဒေသာပင်လှူပါ။

၅။ ပဒေသာလှူက ပဒေသာရ။

၆။ ပုဆိုးပဒေသာပင်၏ ကောင်းကျိုးရှိပုံ။

၇။ ပဒေသာပင်ပေါက်ကြောင်း နည်းလမ်းကောင်း။

၈။ ပဒေသာရကြောင်း နည်းလမ်းကောင်း။

၉။ ပဒေသာပင်ပေါက်ကြောင်း ဒါနကောင်း။

၁၀။ ပဒေသာပင်ပေါက်ကြောင်း ကုသိုလ်ကောင်း။

၁၁။ ပဒေသာပင်ပုဆိုး အမျိုးမျိုးဝတ်လိုသော်။

၁၂။ ပဒေသာပင်တွေ ဝေဝေဆာဆာပေါက်ပါစေ။

၁၃။ ပဒေသာပင် သေချာပေါက်ပြီပေါ့။

၁၄။ ပဒေသာလှူရေး သတိပေးပါရစေ။

၁၅။ ပဒေသာပင်ပေါက်ရေး သတိပေးပါရစေတရားတော်။

စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၃၁-၇-၉၇ (ကြာသပတေးနေ့)
ည(၉း၃၆)နာရီ။

ပဒေသာ ဝေဆာပေါက်ပြီပေါ့တရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ မဟာပရိဝါရဝဂ်၊
ပစ္စုပဋ္ဌာနသညကတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# သောကကိုပယ်+ဘုရားတည်ပါ တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "သောကကိုပယ် ဘုရားတည်ပါ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(သောကကိုပယ် ဘုရားတည်ပါ တရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ အတ္ထဒဿိမှိ သုဂတေ၊ နိဗ္ဗုတေ သမနန္တရာ။**
**ယက္ခယောနိံ ဥပပဇ္ဇိံ၊ ယသံ ပတ္တော စဟံ တဒါ။**

(အပဒါနပါဠိ-၁၊ ၁၆၇)

အတ္ထဒဿိမှိ-အတ္ထဒဿီအမည်တော်ရှိသော၊ သုဂတေ-မြတ်စွာဘုရားသည်၊ နိဗ္ဗုတေ-ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ရုပ်သိမ်းအေးမြသည်ရှိသော်၊ သမနန္တရာ-ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ရုပ်သိမ်းအေးမြတော်မူသည်၏အခြားမဲ့၌၊ (အဟံ-ငါသည်)၊ ယက္ခယောနိံ-ဘီလူးမျိုး၌၊ ယသံစ-စည်းစိမ်ဥစ္စာအခြံအရံနှင့် ပြည့်စုံသည်၏အဖြစ်သို့လည်း၊ ပတ္တော-ကောင်းစွာမသွေ ရောက်ရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အတ္ထဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက်ပိုင်း ပစ္စုပဋ္ဌာနသညက မထေရ်အလောင်း သူတော်ကောင်းဟာ ဘီလူးမျိုးမှာ ဖြစ်ရပါတယ်။

ဘယ်မှာဖြစ်ရသတဲ့လဲ။

(ဘီလူးမျိုးမှာပါဘုရား)

http://www.dhammadownload.com



အဲဒီဘီလူးက ဘယ်လိုဘီလူးလဲဆိုတော့ စည်းစိမ်ဥစ္စာအခြံအရံနဲ့ ပြည့်စုံတဲ့ဘီလူးပါတဲ့။

ဘယ်လို ဘီလူးတဲ့လဲ။

(ပြည့်စုံတဲ့ဘီလူးပါဘုရား)

ဘာတွေပြည့်စုံသလဲဆိုရင် စည်းစိမ်ဥစ္စာပြည်စုံတယ်၊ အခြံအရံ ပရိသတ်ပြည့်စုံတယ် ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အတ္ထဒဿီ၊ ဘုရားသည်၊ စံပြီပရိနိဗ္ဗာန်။

* ဘီလူးမျိုးမှာ၊ ဖြစ်ရကာ၊ မှန်စွာပြည့်စုံပြန်။

၂။ **ဒုလ္လဒ္ဓံ ဝတ မေအာသိ၊ ဒုပ္ပဘာတံ ဒုရုဋ္ဌိတံ။**

**ယံ မေ ဘောဂေ ဝိဇ္ဇမာနေ၊ ပရိနိဗ္ဗာယိ စက္ခုမာ။**

မေ–ငါ့အား၊ ဝတ–စင်စစ်၊ ဒုလ္လဒ္ဓံ–မကောင်းသောရခြင်းသည်(ဝါ) အရမတော်ခြင်းသည်၊ အာသိ–ဖြစ်၏၊ ဒုပ္ပဘာတံ–မကောင်းသောမိုးလင်းရခြင်းသည်၊ အာသိ–ဖြစ်၏၊ ဒုရုဋ္ဌိတံ–မကောင်းသောထခြင်းသည်၊ အာသိ–ဖြစ်၏၊ ကသ္မာ–အဘယ်ကြောင့်နည်း၊ ယံ ယသ္မာ–အကြင်ကြောင့်၊ မေ–ငါ့အား၊ ဘောဂေ–စည်းစိမ်ချမ်းသာသည်၊ ဝိဇ္ဇမာနေ–ထင်ရှားရှိလျက်၊ စက္ခုမာ–မြတ်စွာဘုရားသည်၊ ပရိနိဗ္ဗာယိ–ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းရပ်သိမ်းတော်မူ၏၊ တသ္မာ–ထိုကြောင့်တည်း။

ဩော်...ငါ့မှာ စည်းစိမ်ဥစ္စာ၊ အခြံအရံတွေနဲ့ ပြည့်စုံနေပေမယ့် အတ္ထဒဿီ မြတ်စွာဘုရားရှင်က ပရိနိဗ္ဗာန် ဝင်စံကြွသွားပြီဆိုတော့ ဘုရားမဖူးလိုက်ရတဲ့ ငါ့ဘဝဟာ 'အရမတော်တဲ့ဘဝ၊ မကောင်းတဲ့ဘဝကြီးပါ၊ မိုးလင်းတော့လည်း အဓိပ္ပါယ်မရှိတဲ့ မကောင်းတဲ့မိုးလင်းခြင်း၊ အိပ်ရာက ထတော့လည်း မကောင်းတဲ့အိပ်ရာထရခြင်းပါပဲ၊ တကယ်တော့ ငါ့ဘဝ ဟာကံကောင်းသလိုနဲ့ ကံမကောင်းပါဘူး၊ ဘုရားနဲ့လွဲရတဲ့အတွက် ကံဆိုးသူပါ။

ငါ့မှာစည်းစိမ်ဥစ္စာ၊ အခြံအရံတွေ ပြည့်စုံနေပေမယ့် တကယ်တော့ အတ္ထဒဿီဘုရားရှင်ကို မဖူးမြင်လိုက်ရ၊ မလှူလိုက်ရတော့ ငါ့ဘဝဟာ ပြည့်စုံတဲ့ဘဝမဟုတ်ဘူး၊ မပြည့်စုံတဲ့ အဓိပ္ပါယ်မရှိတဲ့ဘဝကြီးဖြစ်နေတယ်လို့ စိုးရိမ်သောကတွေ ကြီးကြီးကျယ်ကျယ်ဖြစ်နေပါတယ်။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ ဘုရားနဲ့လွဲရတဲ့ဘီလူးကြီး ဘာဖြစ်နေသတဲ့လဲ။

(သောကဖြစ်နေပါတယ်ဘုရား)

သောကတွေ အများကြီးဖြစ်တာလား၊ နည်းနည်းလေးဖြစ်တာလား။

(အများကြီးဖြစ်တာပါဘုရား)

အေး...ဟုတ်တယ်၊ အဋ္ဌကထာက "မဟာ သောကပ္ပတ္တော"တဲ့၊ သောကတွေအများကြီးရောက်တာ၊ သောကတွေအများကြီးဖြစ်တာလို့ ဆိုထားတယ်နော်။

(မှန်လှပါဘုရား)

အဲဒီ ဘုရားနဲ့လွဲရတဲ့ဘီလူးကြီးဟာ ကံဆိုးသူလား၊ကံကောင်းသူလား။

(ကံဆိုးသူပါဘုရား)

ပြည့်စုံသူလား၊ မပြည့်စုံသူလား။

(မပြည့်စုံသူပါဘုရား)

လောကလူတွေက ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတွေ ပေါများနေတာကို ပြည့်စုံသူလို့ထင်ကြတယ်၊ ပြည့်စုံသူလို့ ဂုဏ်ယူကြပါတယ်၊ ဘီလူးကြီးလည်း စောစောတုန်းက တကယ်ပြည့်စုံသူ သူ့ကိုယ်သူအထင်ကြီးမိပါသေးတယ်၊ နောက် အတ္တဒဿီဘုရားနဲ့လွဲရတာ၊ ဘုရားမဖူးလိုက်ရတာ၊ ဘုရားနဲ့မတွေ့လိုက်ရတာ၊ ဘုရားကိုမပူဇော် မလှူဒါန်းလိုက်ရတာနဲ့ ထောက်ကြည့်လိုက်တော့မှ မပြည့်စုံမှန်း၊ ပြည့်စုံသူမဟုတ်မှန်း သိသွားတယ်နော်။

(မှန်လှပါဘုရား)

ကဲ...ဘီလူးကြီးရဲ့ သောကဖြစ်နေပုံ လင်္ကာလေးတွေ လိုက်ဆိုကြ–

၁။ စည်းစိမ်ဥစ္စာ၊ ပြည့်စုံပါလျက်၊ ငါ့မှာဗုဒ္ဓ၊ မဖူးရ၊ အရမတော်သူ။

၂။ စည်းစိမ်ဥစ္စာ၊ ပြည့်စုံပါလျက်၊ ငါ့မှာဗုဒ္ဓ၊ မမိရခြင်း၊ မိုးတွေလင်း၊ မိုးလင်းမကောင်းသူ။

၃။ စည်းစိမ်ဥစ္စာ၊ ပြည့်စုံပါလျက်၊ ငါ့မှာဗုဒ္ဓ၊ မလှူရကာ၊ အိပ်ရာထလည်း၊ အမှန်ပဲ၊ အမြဲမကောင်းသူ။

၄။ စည်းစိမ်ဥစ္စာ၊ ပြည့်စုံပါလည်း၊ ငါ့မှာဗုဒ္ဓ၊ လွဲသွားရ၊ ဘဝကံဆိုးသူ။

၅။ စည်းစိမ်ဥစ္စာ၊ ပြည့်စုံပါလည်း၊ ငါ့မှာဗုဒ္ဓ၊ လွဲသွားရ၊ မပြည့်ဝလေသူ။

http://www.dhammadownload.com



၃။ မမ သက်ပ္ပ မညာယ၊ သာဂရော နာမ သာဝကော။
မမုဒ္ဒရိတုကာမော သော၊ အာဂစ္ဆိ မမသန္တိကံ။

သာဂရောနာမ–သာဂရအမည်ရှိသော၊ သာဝကော–တပည့်သည်၊ မမ–ငါ၏၊ သက်ပ္ပ–ကုသိုလ်ကောင်းမှု ပြုလိုခြင်းအကြံကို၊ အညာယ–သိတော်မူ၍၊ မမံ–ငါ့ကို၊ ဥဒ္ဒရိတုကာမော–ထုတ်ဆယ်ကယ်တင်လိုသည် ဖြစ်၍၊ သော–ထိုသာဂရမထေရ်သည်၊ မမ–ငါ၏၊ သန္တိကံ–အထံသို့၊ အာဂစ္ဆိ–အလေးတမူ အရေးယူကာ ကြွလာတော်မူပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အတ္ထဒဿီဘုရားရှင်ကိုယ်တော်မြတ်ရဲ့ မဟာသာဝက အရှင်သာဂရမထေရ်ဟာ ဘီလူးကြီးရဲ့သောကဖြစ်နေပုံ၊ ကုသိုလ်ကောင်းမှုပြုလိုပုံ အကြံအစည်ကို သိတော်မူကာ ဘီလူးကြီးရဲ့သောကကို ထုတ်ဆယ်ကယ်တင်လိုတဲ့အတွက် ဘီလူးကြီးထံကြွလာတော်မူပါတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ဘီလူးအကြံ၊ သိနေပြန်၊ အမှန်သာဂရာ။

* ဘီလူးကြီးထံ၊ ခပ်မြန်မြန်၊ အမှန်ကြွလို့လာ။

၄။ ကိန္နု သောစသိ မာဘာယိ၊ စရ ဓမ္မံ သုမေဓသ။
အနုပ္ပဒိန္နာ ဗုဒ္ဓေန၊ သဗ္ဗေသံ ဗီဇသမ္ပဒါ။

(အာဂန္တွာန–ကြွလာတော်မူပြီး၍)၊ သုမေဓသ–ကောင်းသောပညာရှိ၊ ကိံ–အဘယ်ကြောင့်၊ သောစသိနု–စိုးရိမ်ဘိသနည်း၊ မာဘာယိ–မကြောက်ပါလင့်၊ ဓမ္မံ–ကုသိုလ်တရားကို၊ စရ–ကျင့်ပါလော့၊ ဗုဒ္ဓေန–မြတ်စွာဘုရားသည်၊ သဗ္ဗေသံ–ခပ်သိမ်းများစွာ သတ္တဝါတို့အား၊ ဗီဇသမ္ပဒါ–ကုသိုလ်ကောင်းမှု မျိုးစေ့စု၏ ပြည့်စုံခြင်းကို၊ အနုပ္ပဒိန္နာ–လျော်စွာမြင့်မြတ်ပေးတော်မူအပ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အရှင်သာဂရမထေရ်ကြွလာတော်မူပြီးတော့ ကောင်းသောပညာရှိတဲ့ဒကာတော်ဘီလူးကြီး ဘာပြုလို့စိုးရိမ်နေရတာလဲ၊ စိုးရိမ်တယ်ဆိုတာ မကောင်းဘူးဒကာတော်၊ စိုးရိမ်ခြင်းဆိုတဲ့သောကကိုပယ်ရမယ်လို့ ဟောပြတော်မူပါတယ်။

သောကကိုဘာလုပ်ရမတဲ့လဲ။

(ပယ်ရမှာပါဘုရား)

http://www.dhammadownload.com



ဒီတော့ "သောကကိုပယ်"ဆိုတဲ့ တရားအမည်ရှေ့ကအပိုဒ် ပေါ်သွားပြီလား။

(ပေါ်သွားပါပြီဘုရား)

နောက်ပြီးတော့ ဒကာတော်ဘီလူးကြီးမကြောက်ပါနဲ့၊ တရားကျင့်ပါ မြတ်စွာဘုရားဟာ သတ္တဝါအားလုံးအတွက် ကုသိုလ်ကောင်းမှု မျိုးစေ့စုတွေ ပြည့်ပြည့်စုံစုံ ပေးတော်မူထားပါတယ်လို့ ဟောကြားတော်မူပါတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ပညာရှိရယ်၊ ဘာကြောင့်ကွယ်၊ စိတ်ဝယ်စိုးရိမ်လဲ။

* စိုးရိမ်သောက၊ အဝဝ၊ ပယ်ရမှာပါပဲ။

* သောကဆိုတာ၊ ပယ်ရမှာ၊ သေချာဟောပြမြဲ။

* မကြောက်နဲ့ကွယ်၊ ဘီလူးရယ်၊ ကျင့်ကွယ်တရားပဲ။

* ကုသိုလ်တရား၊ မျိုးစေ့များ၊ ဘုရားပေးတာပဲ။

**၅။ ယော စ ပူဇယေ့ သမ္ဗုဒ္ဓံ၊ တိဋ္ဌန္တံ လောကနာယကံ။**

**ဓာတုံ သာသပမတ္တမ္ပိ၊ နိဗ္ဗုတဿာပိ ပူဇယေ။**

ယောနရော–အကြင်သူသည်၊ လောကနာယကံ–လူသုံးပါးတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူသော၊ တိဋ္ဌန္တံ–သက်တော်ထင်ရှားရှိတော်မူသော၊ သမ္ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ ပူဇေယျစေ–ပူဇော်ရရာ၏၊ ယောစ–အကြင်သူသည်ကား၊ နိဗ္ဗုတဿာပိ–ပရိနိဗ္ဗာန် စံဝင်ချုပ်ငြိမ်း ရုပ်သိမ်းအေးမြတော်မူသော မြတ်စွာဘုရား၏လည်း၊ သာသပမတ္တမ္ပိ–မုန်ညင်းစေ့ခန့်မျှလည်းဖြစ်သော၊ ဓာတုံ–ဓာတ်တော်ကို၊ ပူဇယေ–ပူဇော်ရာ၏။

၁။ သက်ရှိဘုရားကို ပူဇော်ရသူ။

၂။ မုန်ညင်းစေ့လောက်ဓာတ်တော်ကို ပူဇော်ရသူရယ်လို့ ကွဲပြားအောင် ခွဲခြားပြီးတော့ လွယ်ကူအောင်မှတ်သားလိုက်ပါ။

**၆။ သမေ စိတ္တပ္ပသာဒမှိ၊ သမံ ပုညံ မဟဂ္ဂတံ။**

**တသ္မာ ထူပံ ကရိတွာန၊ ပူဇေဟိ ဇိနဓာတုယော။**

စိတ္တပ္ပသာဒမှိ–စိတ်၏ကြည်ညိုခြင်းသည်၊ သမေ–သဒ္ဓါ၊ ပညာ၊ စေတနာတို့ သေချာအတည် တူမျှသည်ရှိသော်၊ မဟဂ္ဂတံ–မုန်စွာစင်စစ် မြတ်သည်၏အဖြစ်သို့ရောက်သော၊ ပုညံ–ကောင်းမှုသည်၊ သမံ–အမြဲတစေ တူမျှပေ၏၊ တသ္မာ–ထို့ကြောင့်၊ ဇိနဓာတုယော–ဘုရားရှင်၏ ဓာတ်တော်တို့ကို၊ ထူပံကရိတွာန–စေတီပုထိုးပြုလုပ်၍(ဝါ)စေတီပုထိုးတည်၍၊ ပူဇေဟိ–ပူဇော်ပါလော။

http://www.dhammadownload.com



ဒကာတော်ဘီလူးကြီး၊ သောကဖြစ်မနေပါနဲ့၊ သောကကိုပယ်လိုက်စမ်းပါ၊ သက်တော်ထင်ရှားဘုရားမှာပဲဖြစ်ဖြစ်၊ ပရိနိဗ္ဗာန်စံဝင်ကြွသွားတော်မူတဲ့ ဘုရားရှင်ရဲ့မှန်ညင်းစေ့လောက်ရှိတဲ့ ဓာတ်တော်မှာပဲဖြစ်ဖြစ် ယုံကြည်ချက်သဒ္ဓါ၊ အသိဉာဏ်ပညာ၊ စေတနာတွေ အတူထားပြီးတော့ပူဇော်ရင် ကောင်းမှုကတော့ အတူတူပါပဲ၊ ကောင်းကျိုးတွေကတော့ အတူတူပါပဲ။

အဲဒီလို သဒ္ဓါ၊ပညာ၊စေတနာတွေတူတော့ ကောင်းကျိုးရတာတွေ တူမျှနေတဲ့အတွက်ကြောင့် ဘုရားရှင်ရဲ့ကြွင်းကျန်ခဲ့တဲ့ဓာတ်တော်တွေကို စေတီပုထိုးပြုလုပ်ပြီးတော့ ကိုးကွယ်လိုက်စမ်းပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဘုရားမမှီလိုက်ရလို့ ဝမ်းနည်းပူဆွေးသောကတွေ ဖြစ်နေမည့်အစား သောကတွေကိုပယ်ကာ ဓာတ်တော်ဘုရားတည်လိုက်စမ်းပါလို့ မဟောကြား လိုက်ဘူးလား။

(ဟောကြားလိုက်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(သောကကိုပယ် ဘုရားတည်ပါ တရားတော်ပါဘုရား)

သောကကိုပယ်ပြီးတော့ သဒ္ဓါ၊ပညာ၊စေတနာတွေ အတူထားပြီး ဓာတ်တော်ဘုရားတည်ရင်၊ ဓာတ်တော်တွေကိုပူဇော်ရင် ကောင်းကျိုးတွေ အတူရတယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့တရားဟောတရားနာနေတဲ့သူတွေကော ဘုရားမီလိုက်ကြရဲ့လား။

(မမီကြပါဘူးဘုရား)

အေး...အဲဒီလိုမမီလိုက်လို့ သောကဖြစ်နေရမှာလား၊ ဓာတ်တော် ဘုရားတည်ရမှာလား။

(ဓာတ်တော်ဘုရားတည်ရမှာပါဘုရား)

ဘုရားတည်တဲ့အခါမှာလည်း ပကတိမြေပြင်မှာပဲတည်တည်၊ မိမိရဲ့ နှလုံးသားရင်ပြင် နှလုံးသားမြေပြင်မှာပဲတည်တည် တည်ချင်တဲ့နေရာမှာ တည်ပါ။

သဒ္ဓါ၊ ပညာ၊ စေတနာတွေ အတူတူထားတတ်ရင် ကောင်းကျိုး အမြတ်တွေကတော့ အတူတူရမှာပဲနော်။

(မှန်လှပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

http://www.dhammadownload.com



* သက်တော်ထင်ရှား၊ မထင်ရှား၊ ဘုရားဓာတ်တော်မှာ။
* သက်တော်ထင်ရှား၊ မထင်ရှား၊ ဘုရားနှစ်ဆူမှာ။
* အကြင်သူကား၊ သဒ္ဓါထား၊ လေးစားပူဇော်ရာ။
* စိတ်တူညီက၊ ကောင်းကျိုးရ၊ တူမျှမလွဲပါ။
* ယုံကြည်, သိဉာဏ်၊ တူညီပြန်၊ အမှန်တူရတာ။
* ထို့ကြောင့်ဘုရား၊ ဓာတ်တော်များ၊ ဘုရားပြုလုပ်ကာ။
* သောကကိုပယ်၊ ဘုရားတည်၊ တကယ်ဟောပြတာ။
* သောကကိုပယ်၊ ဘုရားတည်၊ တကယ်ပူဇော်ပါ။
* အရှင်သာဂရ၊ ဟောဖော်ပြ၊ ဓမ္မဒေသနာ။

၇။ သာဂရဿ ဝစော သုတွာ၊ ဗုဒ္ဓထူပံ အကာသဟံ။
ပဥ္စဝဿေ ပရိစရိံ၊ မုနိနော ထူပမုတ္တမံ။

အဟံ–ငါသည်၊ သာဂရဿ–အရှင်သာဂရမထေရ်၏၊ ဝစော–သောကကိုပယ် ဘုရားတည်ပါ တရားစကားဒေသနာတော်ကို၊ သုတွာ–အားရပါးရ၊ နာကြားရ၍၊ ဗုဒ္ဓထူပံ–ဘုရားပုထိုးစေတီကို၊ အကာသိံ–တည်ထားပျော်ပျော် ကိုးကွယ်ပူဇော်ခဲ့ပြီ၊ မုနိနော–မြတ်စွာဘုရား၏၊ထူပမုတ္တမံ–ပုထိုးစေတီတော်မြတ်ကို၊ ပဥ္စဝဿေ–ငါးနှစ်တို့ပတ်လုံး၊ ပရိစရိံ–နေ့ညပျော်ပျော် လုပ်ကျွေးပူဇော်ခဲ့ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အဲဒီဘိလူးကြီးဟာ အရှင်သာဂရမထေရ်ရဲ့ သောကကိုပယ် ဘုရားတည်ပါဆိုတဲ့ တရားစကားကို အားရပါးရနာကြားပြီးတော့ သောကတွေအားလုံးကိုပယ်ကာ ဘုရားတည်လိုက်ပါတယ်၊ ဘုရားတည်ပြီးတော့ အဲဒီစေတီပုထိုးတော်မြတ်ကို ငါးနှစ်ပတ်လုံးဘုရားဝေယျာဝစ္စတွေ အမြဲလုပ်ကိုင်ဆောင်ရွက်ပြီးတော့ ပူဇော်ခဲ့ပါသေးတယ်။

တော်တော်အတုယူ အားကျစရာဘိလူးကြီးပါပဲ၊ ဘုရားတည်ပြီးတော့ ဘုရားကိုပစ်မထားပါဘူး၊ ငါးနှစ်တောင်ဝေယျာဝစ္စတွေ ပြုစုလုပ်ကျွေးသေးတယ်နော်။

(မှန်လှပါဘုရား)

ဧသောကကိုပယ် ဘုရားတည်လိုက်တော့ သောကတွေ ငြိမ်းအေးမသွားဘူးလား။

(ငြိမ်းအေးသွားပါတယ်ဘုရား)

http://www.dhammadownload.com



ဒီတော့ အရှင်သာဂရမထေရ်က သောကမီးငြိမ်းပေးသူဖြစ်တယ်၊ ဘိလူးကြီးကတော့ သောကမီးငြိမ်းအေးသူဖြစ်တယ်၊ အရှင်သာဂရမထေရ်ရဲ့ သောကကိုပယ် ဘုရားတည်ပါဆိုတဲ့တရားတော်ဟာ သောကငြိမ်းကြောင်း တရားကောင်းပဲပေါ့၊ သောကပျောက်ကြောင်း နည်းလမ်းကောင်းပဲပေါ့၊ သောကကိုတရားက ပယ်နိုင်တယ်၊ သောကကိုတရားက အနိုင်ယူနိုင်တယ် ဆိုတာ သိရတာပေါ့၊ ဒါ့ကြောင့် ဘယ်သူမဆိုသောကဖြစ်လာရင် တရားနာရမယ်၊ တရားရှုရမယ်၊ တရားမှတ်ရမယ်ပေါ့။

သောကဖြစ်လာရင် အခြားမနာပါနဲ့၊ တရားနာပါ၊ သောကဖြစ်လာရင် အခြားမရှုပါနဲ့၊ တရားရှုပါ၊ သောကဖြစ်လာရင် အခြားမတွေးပါနဲ့၊ တရားတွေးပါ၊ သောကဖြစ်လာရင် အခြားမမှတ်ပါနဲ့၊ တရားမှတ်ပါ၊ သောကဖြစ်လာရင် အခြားနဲ့မဖြေပါနဲ့၊ တရားနဲ့ဖြေပါ၊ သောကဖြစ်လာရင် အခြားဆေးမသောက်ပါနဲ့၊ တရားဆေးသောက်ပါ၊ သောကဖြစ်လာရင် အခြားဆေးသောက်လို့ ပျောက်မှာမဟုတ်ဘူး၊ တရားဆေးသောက်မှ ပျောက်မယ်၊ သောကဖြစ်သူကို အခြားဆေးမတိုက်ပါနဲ့၊ တရားဆေးတိုက်ပါ၊ သောကဖြစ်သူကို အခြားစကားမပြောပါနဲ့၊ တရားစကားပြောပါ၊ သောကဖြစ်သူကို အခြားရေမတိုက်ပါနဲ့၊ တရားရေတိုက်ပါ၊ သောကဖြစ်သူကို အခြားနဲ့မမန်းပါနဲ့၊ တရားနဲ့မန်းပါလို့ မှာခဲ့ချင်တယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* အရှင်သာဂရ၊ စကားလှ၊ နာရကြားရတာ။

* ဘုရားစေတီ၊ အလီလီ၊ ငါတည်ကိုးကွယ်ကာ။

* ငါးနှစ်ပတ်လုံး၊ သဒ္ဒါသုံး၊ ရွှင်ပြုံးပူဇော်တာ။

**၈။ တေန ကမ္မေန ဒွိပဒိန္ဒ၊ လောကဇေ့  နရာသဘ။**

**သမ္ပတ္တိံ အနုဘောတွာန၊ အရဟတ္တံ မပါပုဏိံ။**

ဒွိပဒိန္ဒ-အခြေနှစ်ချောင်းရှိသော နတ်လူသတ္တဝါတို့ကို အစိုးရတော်မူသော၊ လောကဇေ့-လူတို့၏ အကြီးအမှူးဖြစ်တော်မူသော၊ နရာသဘ-လူတို့ထက် မြတ်တော်မူသောမြတ်စွာဘုရား၊ တေနကမ္မေန-ထိုကုသိုလ်ကောင်းမှုကြောင့်၊ သမ္ပတ္တိံ-လူ့ပြည်နတ်ပြည်၊ အလီလီဍ၊ အတည်အကောင်း စည်းစိမ်အပေါင်းကို၊ အနုဘောတွာန-ခံစားရ၍၊ အရဟတ္တံ-အရဟတ္တဖိုလ်သို့၊ အပါပုဏိံ-ကောင်းစွာမသွေ ရောက်ရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အဲဒီ သောတာကိုပယ် ဘုရားတည်တဲ့ကောင်းမှုကြောင့် လူ့ပြည် နတ်ပြည်မှာ စည်းစိမ်ချမ်းသာတွေ အပြည့်အဝခံစားရပါတယ်၊ နောက်ဆုံး မှာတော့ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိပါတယ်။

**၉။ ဘူရိပညာစ စတ္တာရော၊ သတ္တကပ္ပသတေ ဣတော။**

**သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တိ မဟဗ္ဗလာ။**

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ သတ္တကပ္ပသတေ–ကမ္ဘာခုနစ်ရာထက်၌၊ သတ္တရတနသမ္ပန္နာ–ရတနာခုနစ်ပါးတို့နှင့်ပြည့်စုံကုန်ထသော၊ မဟဗ္ဗလာ– ကြီးသောခွန်အား များသောဗိုလ်ပါရှိကုန်သော၊ ဘူရိပညာစ–ဘူရိပည အမည်ရှိသည်လည်းဖြစ်ကုန်သော၊ စတ္တာရော–လေးကြိမ်ကုန်သော၊ စက္က– ဝတ္တိ–စကြဝတေးမင်းတို့သည်၊ အာသုံ–ဖြစ်ကုန်ပြီ။

ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာခုနစ်ရာထက်မှာ ဘူရိပညအမည်ရတဲ့ စကြဝ တေးမင်း လေးကြိမ်ဖြစ်ရတာဟာ သောတာကိုပယ် ဘုရားတည်ခဲ့တဲ့ ကောင်းမှုကြောင့်ပါပဲ။

ဦးပဋ္ဌင်းတို့ ဘုရားရှင်လက်ထက်တော်မှာ သာဝတ္ထိမြို့အိမ်တစ်အိမ် မှာလူလာဖြစ်ပါတယ်၊ သိတတ်လိမ်မာ အရွယ်ရောက်လာတဲ့အခါမှာ ဘုရား ကိုကြည်ညိုပြီး ရဟန်းပြုပါတယ်၊ ရဟန်းပြုပြီးမကြာခင်မှာပဲ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာတစ်ပါး ဖြစ်ရပါတယ်။

သောတာကိုပယ် ဘုရားတည်ရတဲ့ကောင်းကျိုးတွေကို အကျဉ်းချုပ် ကြည့်ကြပါစို့–

၁။ အပါယ်လေးပါး မရောက်ရခြင်း။

၂။ နတ်ပြည်လူ့ပြည်မှာ ဖြစ်ရခြင်း။

၃။ စကြဝတေးမင်း လေးကြိမ်ဖြစ်ရခြင်း။

၄။ ရဟန္တာ ဖြစ်ရခြင်းတို့ပါပဲ။

ဘုရားတည်တဲ့အခါမှာ သောက, လောဘ, ဒေါသ, မောဟတွေကို ပယ်နိုင်သလောက်ပယ်ပြီးတော့ ဘုရားတည်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...သောတာကိုပယ် ဘုရားတည်ပါ လင်္ကာလေးတွေနဲ့ တရားသိမ်း ကြပါစို့၊ ညီညီညာညာလိုက်ဆိုကြ–

http://www.dhammadownload.com



* သောကကိုပယ်၊ ဘုရားတည်၊ အပါယ်မလားပါ။
* လောဘကိုပယ်၊ ဘုရားတည်၊ အပါယ်မလားပါ။
* ဒေါသကိုပယ်၊ ဘုရားတည်၊ အပါယ်မလားပါ။
* မောဟကိုပယ်၊ ဘုရားတည်၊ အပါယ်မလားပါ။
* သောကကိုပယ်၊ ဘုရားတည်၊ ရောက်မယ်နတ်လူရွာ။
* သောကကိုပယ်၊ ဘုရားတည်၊ ဖြစ်မယ်မင်းစကြာ။
* သောကကိုပယ်၊ ဘုရားတည်၊ ဖြစ်မယ်ရဟန္တာ။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ဘုရားပူဇော်ပွဲတိုင်း၊ ဘုရားတည်ပွဲတိုင်း၊ ဘုရားပြင်ပွဲတိုင်း ဓာတ်တော်ပူဇော်ပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌–
၁။ ဘုရားတည်ရခြင်း၏ ကောင်းကျိုးရှိပုံ။
၂။ သောကမီးလေး ငြိမ်းပေးသူ။
၃။ သောကမီးလေး ငြိမ်းအေးသူ။
၄။ သောကပျောက်ကြောင်း နည်းလမ်းကောင်း။
၅။ ငြိမ်းပေးသူနဲ့ ငြိမ်းအေးသူ။
၆။ ဓာတ်တော်ပူဇော်ရခြင်း၏ ကောင်းကျိုးရှိပုံတရားတော်။
စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၁–၈–၉၇
ည(၁၁)နာရီ။

သောကကိုပယ် ဘုရားတည်ပါတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဗ်ာတ္တိဝဂ်
တာလဝဏ္ဋ ဒါယကတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# မီးငြိမ်းလိုသူ+ယပ်ဝန်းလှူ
# တရားတော်

ဒီနေ့ ယပ်တောင်လှူကြတဲ့ ဦး(..........) ဒေါ်(..........)မိသားစုတွေကို ဟောကြားမည့်တရားတော်က "မီးငြိမ်းလိုသူ ယပ်ဝန်းလှူ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(မီးငြိမ်းလိုသူ ယပ်ဝန်းလှူတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ တာလဝဏ္ဋံ မယာ ဒိန္နံ၊ တိဿဿာဒိစ္စဗန္ဓုနော။**
**ဂိမ္ဟနိဗ္ဗာပနတ္ထာယ၊ ပရိဠာဟောပသန္တိယာ။**

(အပဒါနပါဠိ-၁၊ ၂၃၆)

မယာ-ငါသည်၊ အာဒိစ္စဗန္ဓုနော-နေမင်း၏အဆွေဖြစ်တော်မူသော၊ တိဿဿ-တိဿမည်တွင် ဘုရားရှင်အား၊ ဂိမ္ဟနိဗ္ဗာပနတ္ထာယ-နွေနေပူကို ငြိမ်းစေခြင်းငှာ၊ ပရိဠာဟောပသန္တိယာ-ပူအိုက်မှုကို အေးမြစေခြင်းငှာ၊ တာလဝဏ္ဋံ-ထန်းရွက်ယပ်ဝန်းကို၊ ဒိန္နံ-အေးမြစေကြောင်း ဆုမွန်တောင်းကာ ပေးလှူခဲ့ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

တာလဝဏ္ဋဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ နေမင်းရဲ့အဆွေဖြစ်တော်မူတဲ့ တိဿဘုရားရှင်ကိုယ်တော်မြတ်အား နွေနေပူတွေငြိမ်းအောင် ပူအိုက်မှုတွေပျောက်ပြီးတော့ အေးမြမှုတွေရောက်အောင် ထန်းရွက်ယပ်ဝန်းကို ပေးလှူခဲ့ပါတယ်။

ခုခေတ်အနေနဲ့ပြောရရင်တော့ ဒီနေ့ ဦး(..........) ဒေါ်(..........) မိသားစုတွေလို ယပ်တောင်လှူတယ်ပေါ့။

ထန်းရွက်ယပ်ဝန်းဆိုတော့ ဒီနေ့ဒကာ ဒကာမတွေလှူတဲ့ ပိုးဖဲကတ္တီပါယပ်တောင်တွေလောက်တော့ ကောင်းမှာမဟုတ်ဘူး။

အပူငြိမ်းအောင် ပူအိုက်မှုတွေပျောက်အောင်ဆိုတဲ့ မေတ္တာ စေတနာ ရည်ရွယ်ချက်တွေကတော့ တော်တော်ကောင်းပါတယ်။

ဘယ်ဟာပဲလှူလှူ မေတ္တာ စေတနာ ရည်ရွယ်ချက်တွေကောင်းဖို့ လိုတယ်နော်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အပူငြိမ်းအောင်၊ မေတ္တာဆောင်၊ ခုနှောင်ယပ်ဝန်းလှူ။
* ပူအိုက်ပျောက်အောင်၊ မေတ္တာဆောင်၊ ခုနှောင်ယပ်ဝန်းလှူ။
* အေးအောင် မြအောင်၊ အေးမြအောင်၊ ခုနှောင်ယပ်ဝန်းလှူ။
* အေးမြစေကြောင်း၊ ဆုမွန်တောင်း၊ အကောင်းယပ်ဝန်းလှူ။

ဒီနေ့ ယပ်တောင်လှူတဲ့ ဒကာ ဒကာမတွေလည်း အပူငြိမ်းအောင် အေးမြအောင်ဆိုတဲ့ မေတ္တာ စေတနာနဲ့လှူတာပဲနော်။

(မှန်လှပါဘုရား)

ဒီတော့ အပူငြိမ်းချင်ရင်၊ ပူအိုက်မှုတွေပျောက်ချင်ရင်၊ အေးမြချင်ရင် ယပ်တောင်အမြဲလှူရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အပူငြိမ်းအောင်၊ မေတ္တာဆောင်၊ ယပ်တောင်အမြဲလှူ။
* ပူအိုက်ပျောက်အောင်၊ မေတ္တာဆောင်၊ ယပ်တောင်အမြဲလှူ။
* အေးအောင်မြအောင်၊ အေးမြအောင်၊ ယပ်တောင်အမြဲလှူ။
* အေးမြစေကြောင်း၊ အေးဆုတောင်း၊ အကောင်းယပ်တောင်လှူ။

**၂။ သန္နိဗ္ဗာပေမိ ရာဂဂ္ဂိံ၊ ဒေါသဂ္ဂိံ ဥ တဒုတ္တရိံ။**
**နိဗ္ဗာပေမိစ မောဟဂ္ဂိံ၊ တာလဝဏ္ဋဿိဒံ ဖလံ။**

အဟံ–ငါသည်၊ ရာဂဂ္ဂိံ –ရာဂမီးကို၊ သန္နိဗ္ဗာပေမိ–ငြိမ်းစေ၏၊ ဒေါသ–ဂ္ဂိံ ဥ–ဒေါသမီးကိုလည်း၊ သန္နိဗ္ဗာပေမိ–ကောင်းစွာမသွေ ငြိမ်းအေးစေ၏၊ တဒုတ္တရိံ–ထိုထက်လွန်သော၊ မောဟဂ္ဂိဉ္စ–မောဟမီးကိုလည်း၊ နိဗ္ဗာပေမိ–မလွဲမသွေ ငြိမ်းအေးစေ၏၊ ဣဒံဖလံ–ဤမီးငြိမ်းခြင်းအကျိုးသည်၊ တာလဝဏ္ဋဿ–ထန်းရွက်ယပ်ဝန်းကိုပေးလှူခြင်း၏၊ ဖလံ–အကျိုးကောင်းမှတ် အကျိုးမြတ်ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



ထန်းရွက်ယပ်ဝန်းလှူတဲ့ကောင်းမှုကြောင့် လောဘအပူမီး၊ ဒေါသအပူမီး၊ မောဟမီးတွေငြိမ်းခြင်းဆိုတဲ့ ကောင်းကျိုးရတယ်။

လောဘ၊ ဒေါသ၊ မောဟတွေဟာ အင်မတန်ပူလောင်တဲ့မီးတွေနော်။

(မှန်လှပါဘုရား)

အေး...အဲဒီ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အပူမီးတွေ မငြိမ်းအေးလိုဘူးလား။

(ငြိမ်းအေးလိုပါတယ်ဘုရား)

လောဘ၊ ဒေါသ၊ မောဟအပူမီးတွေ ငြိမ်းအေးလိုရင် ဘာလှူရမတဲ့လဲ။

(ယပ်ဝန်းလှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(မီးငြိမ်းလိုသူ ယပ်ဝန်းလှူတရားတော်ပါဘုရား)

ဒီနေ့ယပ်တောင်ကောင်း၊ ယပ်တောင်မြတ်တွေလှူကြတဲ့ ဒါယိကာဦး(..........)ဒါယိကာမ ဒေါ်(..........)မိသားစုတွေလည်း လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ ငြိမ်းအေးခြင်းကောင်းကျိုးကို မလွဲမသွေရရှိမှာပဲလို့ ယုံယုံကြည်ကြည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရမယ်နော်။

(မှန်လှပါဘုရား)

အဲဒီ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အပူမီးတွေ ခုလှူနေဆဲအချိန်မှာပင် ငြိမ်းအေးသင့်သလောက် ငြိမ်းအေးခြင်းကောင်းကျိုးတွေ ရရှိနေတယ်မဟုတ်လား။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* လောဘမီးပူ၊ ငြိမ်းလိုသူ၊ ဘာလှူရမှာလဲ။
* လောဘမီးပူ၊ ငြိမ်းလိုသူ၊ ပေးလှူယပ်ဝန်းပဲ။
* ဒေါသမီးပူ၊ ငြိမ်းလိုသူ၊ ဘာလှူရမှာလဲ။
* ဒေါသမီးပူ၊ ငြိမ်းလိုသူ၊ ပေးလှူယပ်ဝန်းပဲ။
* မောဟမီးပူ၊ ငြိမ်းလိုသူ၊ ဘာလှူရမှာလဲ။
* မောဟမီးပူ၊ ငြိမ်းလိုသူ၊ ပေးလှူယပ်ဝန်းပဲ။

ဒီနေ့ယပ်တောင်လှူကြတဲ့ ဒကာ ဒကာမတွေအတွက်ကျတော့–

http://www.dhammadownload.com



* လောဘမီးပူ၊ ငြိမ်းလိုသူ၊ ပေးလှူယပ်တောင်ပဲ။

* ဒေါသမီးပူ၊ ငြိမ်းလိုသူ၊ ပေးလှူယပ်တောင်ပဲ။

* မောဟမီးပူ၊ ငြိမ်းလိုသူ၊ ပေးလှူယပ်တောင်ပဲ။

လို့...လင်္ကာလေးတွေ ပြင်ရမယ်ပေါ့၊ ယပ်ဝန်းကို ယပ်တောင်တို့ ပန်ကာတို့ လှူတာဟာ ကောင်းကျိုးတွေအတူတူရတယ်လို့ မှတ်ကြရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...ပန်ကာလှူတဲ့သူတွေအတွက်ပါ ရေးထားတဲ့လင်္ကာလေး လိုက်ဆိုကြ-

* လောဘမီးပူ၊ ငြိမ်းလိုသူ၊ ပေးလှူပန်ကာပဲ။

* ဒေါသမီးပူ၊ ငြိမ်းလိုသူ၊ ပေးလှူပန်ကာပဲ။

* မောဟမီးပူ၊ ငြိမ်းလိုသူ၊ ပေးလှူပန်ကာပဲ။

**၃။ ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။**

**ဓာရေမိ အန္တိမံ ဒေဟံ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။**

မယှံ-ငါသည်၊ ကိလေသာ-ကိလေသာတို့ကို၊ ဈာပိတာ-ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ သဗ္ဗေဘဝါ-လုံးစုံများလှ ဘဝဟူသမျှတို့ကို သမူဟတာ-ဖြတ်အပ်ကုန်ပြီ၊ သမ္မာသမ္ဗုဒ္ဓသာသနေ-မြတ်စွာဘုရား၏ သာသနာတော်၌၊ အန္တိမံ ဒေဟံ-အဆုံးဖြစ်သော ခန္ဓာကိုယ်ကို၊ ဓာရေမိ-ငါဟာဆောင်ရပေသတည်း။ (သာဓု...သာဓု...သာဓုပါဘုရား)

ငါဟာ ကိလေသာတွေကို မီးရှို့လောင်ကျွမ်းစေပြီးပြီ၊ ဘဝမှန်သမျှတွေကို ပယ်နှုတ်ပြီးပြီ၊ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ဒီခန္ဓာကိုယ်ကို ဆောင်ရခြင်းဟာ နောက်ဆုံးပဲလို့ ဝမ်းမြောက်ဝမ်းသာ ဟောပြတော်မူပါတယ်။

**၄။ ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံကမ္မံ မကရိံ တဒါ။**

**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ တာလဝဏ္ဋဿိဒံ ဖလံ။**

ဣတော-ဤဘဒ္ဒကမ္ဘာမှ၊ ဒွေနဝုတေကပ္ပေ-ကိုးဆယ့်နှစ်ကမ္ဘာ ထက်၌၊ တဒါ-ထိုအခါ၌၊ ယံကမ္မံ-ယပ်လှူခဲ့ပြန် အကြင်ကောင်းမှုကို၊ အကရိံ-စေတနာဖွေးဖြူ အရေးယူကာပြုခဲ့ပါပြီ၊ (တတော-ထိုအခါမှ၊ ပဘုတိ-စ၍)၊ ဒုဂ္ဂတိံ-အပါယ်လေးပါး လားရောက်ရသည်ကို၊ နာဘိဇာနာမိ-မသိစဖူးပါ၊ ဣဒံဖလံ-ဤအကျိုးသည်၊ တာလဝဏ္ဋဿ-ထန်းရွက်ယပ်ဝန်း ပေးလှူရခြင်း၏၊ ဖလံ-အကျိုးကောင်းစင်စစ် အကျိုးမြတ်ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



ဒီဘဒ္ဒကမ္ဘာမှပြန်တွက် ကိုးဆယ့်နှစ်ကမ္ဘာထက်မှာ ထန်းရွက်ယပ်ဝန်း ပေးလှူခဲ့ကတဲ့အချိန်ကစပြီးတော့ အပါယ်လေးပါးမရောက်ရတာဟာ ထန်းရွက်ယပ်ပန်း ပေးလှူခဲ့တဲ့ကောင်းကျိုးပါပဲ။

ဒီနေ့ယပ်တောင်လှူကြတဲ့ ဒကာ ဒကာမတွေလည်း အပါယ်လေးပါး မလားမရောက်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေရရှိမှာပါပဲ။

**၅။ တေသဋ္ဌိမှိ ဣတောကပ္ပေ၊ မဟာနာမသ နာမကော။**

**သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တိ မဟဗ္ဗလော။**

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ တေသဋ္ဌိကပ္ပေ–ခြောက်ဆယ့်သုံးကမ္ဘာ ထက်၌၊ သတ္တရတနသမ္ပန္နော–ရတနာခုနှစ်ပါးတို့နှင့် ပြည့်စုံသော၊ မဟဗ္ဗလော–ကြီးသောခွန်အား များသောဗိုလ်ပါရှိသော၊ မဟာနာမသနာမကော– မဟာနာမ်ဟူသော မိမိအမည်ရှိသော၊ စက္ကဝတ္တိ–စကြာမင်းသည်၊ အာသိ– ဖြစ်ခဲ့ပြီ။

ဒီဘဒ္ဒကမ္ဘာမှပြန်တွက် ခြောက်ဆယ့်သုံးကမ္ဘာထက်မှာ ရတနာခု နှစ်ပါးနဲ့ပြည့်စုံတဲ့ ကြီးသောခွန်အား များသောဗိုလ်ပါရှိတဲ့ မဟာနာမ် အမည်ရတဲ့ စကြာမင်းဖြစ်ရတာဟာ ထန်းရွက်ယပ်ဝန်းလှူခဲ့တဲ့ ကောင်း ကျိုးပါပဲ။

နောက်ဆုံးဘဝမှာတော့ ဦးပဠင်းတို့ ဘုရားလက်ထက်တော်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ထင်ရှား တဲ့ ရဟန္တာတစ်ပါး ဖြစ်ရပါတယ်။

ထန်းရွက်ယပ်ဝန်းလှူရခြင်းရဲ့ ကောင်းကျိုးရပုံတွေကို မှတ်လို့ လွယ်အောင် အကျဉ်းချုပ်ကြည့်ကြပါစို့–

၁။ ရာဂမီး၊ ဒေါသမီး၊ မောဟမီး ငြိမ်းအေးရခြင်း။

၂။ အပါယ်လေးပါး မလားရခြင်း။

၃။ စကြာမင်း ဖြစ်ရခြင်း။

၄။ ရဟန္တာ ဖြစ်ရခြင်းတို့ပါပဲ။

ကဲ…ယပ်လှူရကျိုး လင်္ကာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြပါစို့–

* ရာဂမီးတွေ၊ ငြိမ်းအေးပေ၊ မှတ်လေယပ်လှူကျိုး။

* ဒေါသမီးတွေ၊ ငြိမ်းအေးပေ၊ မှတ်လေယပ်လှူကျိုး။

* မောဟမီးတွေ၊ ငြိမ်းအေးပေ၊ မှတ်လေယပ်လှူကျိုး။

http://www.dhammadownload.com



* အပါယ်လေးထွေ၊ မလားပေ၊ မှတ်လေယပ်လှူကျိုး။
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ မှတ်ပါယပ်လှူကျိုး။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ မှတ်ပါယပ်လှူကျိုး။
(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ယပ်တောင်လှူပွဲတိုင်း၊ ပန်ကာလှူပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌-
၁။ မီးငြိမ်းလိုသူ ယပ်တောင်လှူ။
၂။ မီးငြိမ်းလိုသူ ပန်ကာလှူ။
၃။ မီးငြိမ်းချင်သူ ယပ်တောင်လှူ။
၄။ မီးငြိမ်းချင်သူ ပန်ကာလှူ။
၅။ ယပ်ဝန်းလှူရခြင်း၏ ကောင်းကျိုးရှိပုံ။
၆။ ယပ်တောင်လှူပေး အပူဝေး။
၇။ ပန်ကာလှူပေး အပူဝေး။
၈။ အေးချမ်းလိုသူ ယပ်တောင်လှူ။
၉။ အေးချမ်းလိုသူ ပန်ကာလှူ။
၁၀။ ယပ်တောင်လှူရခြင်း၏ ကောင်းကျိုးရှိပုံ။
၁၁။ ပန်ကာလှူရခြင်း၏ ကောင်းကျိုးရှိပုံတရားတော်။
စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၂-၈-၉၇ (စနေနေ့)
ည(၉)နာရီ။

မီးငြိမ်းလိုသူ ယပ်ဝန်းလှူတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်
ဗိဇနိဝဂ်၊ ဗိဇုပနဒါယကတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ရတနာ့ယပ်တောင်+ကောင်းကျိုးဆောင်
# တရားတော်

ဒီနေ့ ယပ်တောင်ကောင်း ယပ်တောင်မြတ်တွေ၊ ပန်ကာကောင်း ပန်ကာမြတ်တွေ၊ လေအေးစက်တွေ လှူဒါန်းကြတဲ့ ဦး(..........) ဒေါ်(..........)မိသားစုအပေါင်း သူတော်ကောင်းတွေကို ဟောကြားမည့် တရားတော်က "ရတနာ့ယပ်တောင် ကောင်းကျိုးဆောင်"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ရတနာ့ယပ်တောင် ကောင်းကျိုးဆောင်တရားတော်ပါဘုရား)

ကဲ…စပြီးတော့ ဟောကြနာကြပါစို့-

**၁။ ပဒုမုတ္တရ ဗုဒ္ဓဿ၊ လောကဇေဋ္ဌဿ တာဒိနော။**
**ဗီဇနိကာ မယာ ဒိန္နာ၊ ဒွိပဒိန္ဒဿ တာဒိနော။**

(အပဒါနပါဠိ-၁၊ ၁၁၅)

လောကဇေဋ္ဌဿ-လူတို့၏အကြီးအမှူးဖြစ်တော်မူသော၊ တာဒိနော-တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော၊ ဒွိပဒိန္ဒဿ-အခြေနှစ်ချောင်းရှိသော သူတို့ကို အစိုးရတော်မူသော၊ တာဒိနော-ထိုသို့ရှုအပ်သော၊ ပဒုမုတ္တရ-ဗုဒ္ဓဿ-ပဒုမုတ္တရမြတ်စွာဘုရားအား၊ မယာ-ငါသည်၊ ဗီဇနိကာ-ရတနာခုနစ်ပါးဖြင့်ပြီးသောယပ်တောင်ကို၊ ဒိန္နာ-အေးမြစေကြောင်း အေးဆုတောင်းကာ ပေးလှူခဲ့ပါတယ်။

ရှင်းရှင်းပြောရရင်တော့ ပဒုမုတ္တရမြတ်စွာဘုရားအား ရတနာ့ယပ်တောင်ကို အေးမြစေကြောင်း အေးဆုတောင်းကာ လှူခဲ့တယ်ပေါ့။

ဘာလှူခဲ့သတဲ့လဲ။

http://www.dhammadownload.com



(ရတနာ့ယပ်တောင် လှူခဲ့ပါတယ်ဘုရား)

အေး...အဲဒီလို လွယ်လွယ်လေးပဲမှတ်လိုက်၊ လှူတဲ့ကာလကလည်း နွေခေါင်ခေါင် နွေကာလတဲ့၊ နွေကာလဆိုတော့ အင်မတန်ပူအိုက်နေတာ ဒကာ ဒကာမတွေ သိပြီးသားပါ။

လှူတဲ့ရည်ရွယ်ချက်ဟာ ပဒုမုတ္တရမြတ်စွာဘုရားကို အင်မတန် ကြည်ညိုတဲ့ဒကာလေးဟာ ပဒုမုတ္တရမြတ်စွာဘုရားမှာ အပူအအိုက်တွေ ပျောက်ပြီး အေးမြအောင်လှူတဲ့ မိမိမှာလည်း လှူရတဲ့အချိန်ကစပြီးတော့ အေးမြအောင် အပူတွေဝေးအောင် ,အေးမြစေကြောင်း အေးဆုတွေအခါခါ တောင်းပြီးလှူတာနော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ပဒုမုတ္တရာ၊ စောမြတ်စွာ၊ နွေခါခပ်ရအောင်။
* အေးမြစေကြောင်း၊ အေးဆုတောင်း၊ လှူကောင်း အေးယပ်တောင်။
* အပူဝေးဖို့၊ အေးဆုရွှေ၊ လှူပေအေးယပ်တောင်။

၂။ သကံ စိတ္တံ ပသာဒေတွာ၊ ပဂ္ဂဟေတွာန အဉ္ဇလိံ။
သမ္ဗုဒ္ဓံ မဘိဝါဒေတွာ၊ ပက္ကမိံ ဥတ္တရာမုခေါ။

အဟံ-ငါသည်၊ သကံ စိတ္တံ-မိမိစိတ်ကို၊ ပသာဒေတွာ-အေးမြမသွေ ကြည်လင်စေ၍၊ အဉ္ဇလိံ-လက်အုပ်ကို၊ ပဂ္ဂဟေတွာန-ချီ၍၊ သမ္ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ အဘိဝါဒေတွာ-ရှိခိုး၍၊ ဥတ္တရာမုခေါ-မြောက်အရပ်သို့ ရှေးရှုမျက်နှာမူလျက်၊ ပက္ကမိံ-ကောင်းစွာသောမန သဘောကျကာ ဖဲသွားခဲ့ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဝိနွပန ဒါယကာမထေရ်အလောင်း သူတော်ကောင်းဟာ ပဒုမုတ္တရ မြတ်စွာဘုရားအား ရတနာယပ်တောင်လှူပြီးတော့ မိမိစိတ်ကို အေးမြ ကြည်လင်စေကာ မြတ်စွာဘုရားကို လက်အုပ်ချီမိုးရှိခိုးပြီး မြောက်အရပ်သို့ ဖဲခွာသွားပါတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ရတနာယပ်၊ ဘုရားမြတ်၊ ဂုဏ်မှတ်လှူပြီးကာ။
* စိတ်ထဲကြည်လင်၊ ဘုရားရှင်၊ ဦးတင်မြောက်ဖယ်ခွာ။

http://www.dhammadownload.com



**၃။ ဗိဇေနိ ပဂ္ဂဟေတွာန၊ သတ္ထာ လောကဂ္ဂ နာယကော။**

**ဘိက္ခုသံဃေ ဋ္ဌိတောသန္တော၊ ဣမာဂါထာအဘာသထ။**

လောကဂ္ဂနာယကော–လူတို့၏အကြီးအမှူးဖြစ်တော်မူသော၊ သတ္ထာ–မြတ်စွာဘုရားသည်၊ ဗီဇနိ–ရတနာယပ်တောင်ကို၊ ဂဟေတွာန–ကိုင်၍၊ ဘိက္ခုသံဃေ–ရဟန်းသံဃာအလယ်၌၊ ဋ္ဌိတော–တည်သည်၊ သန္တော–ဖြစ်လျက်၊ ဣမာဂါထာ–ဤသို့ဆိုမည့်ဂါထာတို့ကို၊ အဘာသထ–ကရုဏာရေ့ဆော် မေတ္တာတော်ဖြင့် ဖွင့်ဖော်ကောင်းစွာ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

လူတွေရဲ့အကြီးအမှူးဖြစ်တော်မူတဲ့ ပဒုမုတ္တရမြတ်စွာဘုရားဟာ ရတနာယပ်တောင်ကိုကိုင်ပြီးတော့ ရဟန်းသံဃာတွေရဲ့အလယ်မှာ ရပ်တော်မူကာ အောက်ဖော်ပြပါဂါထာတွေကို မိန့်ကြားတော်မူလိုက်ပါတယ်။

**၄။ ဣမိနာ ဗီဇနိဒါနေန၊ စိတ္တဿ ပဏိဓီဟိစ။**

**ကပ္ပါနံ သတသဟဿံ၊ ဝိနိပါတံ နဂစ္ဆတိ။**

ဣမိနာ ဗီဇနိဒါနေန–စေတနာဖွေးဖြူ ဤယပ်တောင်အလှူကြောင့်လည်းကောင်း၊ စိတ္တဿ–စိတ်၏၊ ပဏိဓီဟိစ–ဆုတောင်းခြင်းတို့ကြောင့်လည်းကောင်း၊ ကပ္ပါနံသတသဟဿံ–ကမ္ဘာတစ်သိန်းပတ်လုံး၊ ဝိနိပါတံ–ဖရိုဖရဲ ပြိုကွဲရငြား အပါယ်လေးပါးသို့၊ နဂစ္ဆတိ–မလားရလတ္တံ့။

(၁) ရတနာယပ်တောင်အလှူကြောင့်–

(၂) ဆုတောင်းကြောင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖရိုဖရဲပြိုကွဲကျရာ အပါယ်လေးပါးသို့ မလားမရောက်ရလတ္တံ့လို့ ဟောကြားတော်မူပါတယ်။

ဘယ်လောက်အားရစရာကောင်းသလဲဆိုတာ စဉ်းစားကြည့်လိုက်ပါ ယပ်တောင်အလှူကြောင့်၊ ဆုတောင်းကြောင့် ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လေးပါး မလားမရောက်ရဘူးတဲ့နော်။

(မှန်လှပါဘုရား)

ဒီနေ့ ယပ်တောင်၊ ပန်ကာ၊ လေအေးစက်တွေ အေးမြစေကြောင်း အေးဆုတောင်းပြီးလှူကြတဲ့ ဦး(..........) ဒေါ်(..........)မိသားစုတွေလည်း အပါယ်လေးပါးမရောက်တဲ့ ကောင်းကျိုးတွေရမှာပဲလို့ မှတ်သားကြပါ။

ဒီတော့ အပါယ်လေးပါးမရောက်အောင် ကောင်းကျိုးဆောင်တာ ဘယ်ဒါနကြောင့်တဲ့လဲ။

http://www.dhammadownload.com



(ရတနာယပ်တောင်ဒါနကြောင့်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* အပါယ်လေးဖြာ၊ မရောက်တာ၊ ဘယ်ဒါနကြောင့်လဲ။

* အပါယ်လေးဖြာ၊ မရောက်တာ၊ ယပ်ဒါနကြောင့်ပဲ။

**၅။ အာရဒ္ဓဝီရိယော ပဟိတတ္တော၊ စေတောဂုဏသမာဟိတော။**

**ဇာတိယာ သတ္တဝဿောဟံ၊ အရဟတ္တံ အပါပုဏိံ ။**

အာရဒ္ဓဝီရိယော-အားထုတ်အပ်သော ဝီရိယရှိသည်၊ ပဟိတတ္တော-နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိသည်၊ စေတောဂုဏသမာဟိတော-စိတ်၏တည်ကြည်ခြင်းဂုဏ်နှင့် ပြည့်စုံသည်၊ ဟုတ္ဂာ-ဖြစ်၍၊ ဇာတိယာ-ဖွားသည်မှ၊ သတ္တဝဿော-ခုနစ်နှစ်သာရှိသေးလျက်၊ အရဟတ္တံ-အရဟတ္တဖိုလ်သို့၊ အပါပုဏိံ -ရောက်ပြီ။

(၁) အားထုတ်တဲ့ဝီရိယ၊

(၂) နိဗ္ဗာန်ကိုစေလွှတ်တဲ့စိတ်၊

(၃) စိတ်ရဲ့တည်ကြည်ခြင်း သမာဓိဂုဏ်ဆိုတဲ့ အချက်သုံးချက်နဲ့ ပြည့်စုံတော့ မွေးဖွားပြီးခုနစ်နှစ်နဲ့ ရဟန္တာဖြစ်ရပါတယ်။

ယပ်တောင်လှူတဲ့ဒါနနဲ့ အဲဒီအချက်သုံးချက်ပြည့်စုံတော့ ခုနစ်နှစ်အရွယ် အသက်ငယ်ငယ်လေးနဲ့ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးဆောင်သွားတယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ ယပ်တောင်၊ ပန်ကာ၊ လေအေးစက်လှူတဲ့ဒကာ ဒကာမတွေလည်း ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရှိမှာပဲပေါ့။

ဒီတော့ ရဟန္တာဖြစ်ရတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ရတနာယပ်တောင်ဒါနကြောင့်ပါဘုရား)

ရဟန္တာဖြစ်ရတာ ဘယ်အရာတွေကြောင့်တဲ့လဲ။

(အားထုတ်တဲ့ဝီရိယ၊ နိဗ္ဗာန်ကိုစေလွှတ်တဲ့စိတ်၊ သမာဓိဂုဏ်တွေကြောင့်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။

* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ယပ်ဒါနကြောင့်ပဲ။

* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်အရာကြောင့်လဲ။

http://www.dhammadownload.com



* အားထုတ်ဝီရိ၊ နိဗ္ဗန်ထိ၊ လွတ်သည့်စိတ်ကြောင့်ပဲ။
* စိတ်တည်ကြည်ဘိ၊ သမာဓိ၊ ဂုဏ်ပြည့်လို့ပါပဲ။

၆။ **သင္ဃိကပဝ္ဝသဟဿမ္ဟိ၊ ဗီဇမာန သနာမကာ။**
**သောဝဏ္ဏသာသိ သုရာဇာနော၊ စက္ကဝတ္တိ မဟာဗ္ဗလာ။**

သင္ဃိကပဝ္ဝသဟဿမ္ဟိ–ကမ္ဘာခြောက်သောင်းထက်၌၊ မဟာဗ္ဗလာ–များသောဗိုလ်ပါ အားရှိကြကုန်သော၊ စက္ကဝတ္တိ–စကြာရတနာကိုလည်စေကုန်သော၊ ဗီဇမာနသနာမကာ–ဗီဇမာနဟူသော မိမိအမည်ရှိကုန်သော၊ သောဝဏ္ဏသရာဇာနော–တစ်ဆယ်ခြောက်ကြိမ်သောမင်းတို့သည်၊ အာသိ သု–ဖြစ်ခဲ့ဖူးကုန်ပြီ။

ယပ်တောင်အလှူကြောင့် ကမ္ဘာခြောက်သောင်းထက်မှာ ဗီဇမာနဆိုတဲ့ မိမိအမည်ရှိတဲ့ စကြဝတေးမင်း(၁၆)ကြိမ်ဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေ ဆောင်မသွားဘူးလား။

(ဆောင်သွားပါတယ်ဘုရား)

ဒီနေ့ ယပ်တောင်၊ ပန်ကာ၊ လေအေးစက်လှူကြတဲ့ ဒကာဒကာမတွေလည်း နိဗ္ဗာန်မရခင် ဘဝသံသရာကျင်လည်ရတဲ့အခါမှာ စကြဝတေးမင်းဖြစ်ခြင်းကောင်းကျိုးတွေ ရမယ်လို့မှတ်သားကြပါ။

ဒီတော့ စကြဝတေးမင်းဖြစ်ရတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(ရတနာယပ်တောင် ဒါနကြောင့်ပါဘုရား)

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ယပ်ဒါနကြောင့်ပဲ။

၇။ **ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။**
**ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။**

ဦးပဋ္ဌင်းတို့ ဘုရားရှင်ပွင့်တော်မူရာ ဤသာသနာတော်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရပါတယ်။

ကဲ…ရတနာယပ်တောင်ရဲ့ ကောင်းကျိုးဆောင်ပုံတွေကို အကျဉ်းချုပ်ကြည့်ကြပါစို့–

၁။ အပါယ်လေးပါး မရောက်ရခြင်း။

၂။ လူနတ်စည်းစိမ် ခံစားခြင်း။

http://www.dhammadownload.com



၃။ ခုနစ်နှစ်နဲ့ ရဟန္တာဖြစ်ရခြင်း။

၄။ စကြဝတေးမင်း(၁၆)ကြိမ်ဖြစ်ရခြင်းတို့ပါပဲ။

ဒီတော့ ရတနာ့ယပ်တောင်အလှူဒါနဟာ အပါယ်လေးပါးမရောက်တဲ့ကောင်းကျိုး၊ လူ့ပြည်နတ်ပြည်မှာဖြစ်ရပြီး လူ နတ်စည်းစိမ် အထက်တန်းကျကျ မျက်နှာပန်းလှလှခံစားရတဲ့ကောင်းကျိုး၊ ခုနစ်နှစ်နဲ့ရဟန္တာဖြစ်ရတဲ့ကောင်းကျိုး၊ စကြဝဟေးမင်း(၁၆)ကြိမ်ဖြစ်ရတဲ့ကောင်းကျိုးတွေဖြစ်ပွားအောင် ဆောင်မသွားဘူးလား။

(ဆောင်သွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်ကဲ့လဲ။

(ရတနာ့ယပ်တောင် ကောင်းကျိုးဆောင်တရားတော်ပါဘုရား)

ကဲ...ရတနာ့ယပ်တောင်လှူရကျိုး လင်္ကာလေးတွေနဲ့ တရားသိမ်းကြရအောင်၊ အားလုံးလိုက်ဆိုကြ-

၁။ အပါယ်လေးဖြာ၊ မရောက်တာ၊ ရတနာ့ယပ်လှူကျိုး။

၂။ လူနတ်နှစ်ဖြာ၊ စည်းစိမ်ဟာ၊ ရတနာ့ယပ်လှူကျိုး။

၃။ ခုနစ်နှစ်ရဟန္တာ၊ ဖြစ်ရတာ၊ ရတနာ့ယပ်လှူကျိုး။

၄။ မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ရတနာ့ယပ်လှူကျိုး။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ယပ်တောင်၊ ပန်ကာ၊ လေအေးစက်၊ လေအေးခန်းလှူပွဲတိုင်း ဟောပါ။

တရားအမည်ပေးရာ၌-

၁။ ရတနာ့ယပ်တောင်၏ ကောင်းကျိုးရှိပုံ။

၂။ ရည်ရွယ်ချက်ကောင်း ယပ်တောင်တစ်ချောင်း။

၃။ ယပ်တောင်ဒါန ကောင်းကျိုးရတရားတော်။

စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၃-၈-၉၇ (တနင်္ဂနွေနေ့)

ည(၁၀း၃၆)နာရီ။

ရတနာ့ယပ်တောင် ကောင်းကျိုးဆောင်တရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ အာလမ္ဗဏဒါယကဝင်
အဖျာဓိကတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ဖျားနာမသိ+ကောင်းကျိုးရှိ တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(..........) မိသားစုတွေရဲ့ ကျောင်းလှူပွဲမှာ ဟောကြားမည့်တရားတော်က "ဖျားနာမသိ ကောင်းကျိုးရှိ" တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ဖျားနာမသိ ကောင်းကျိုးရှိတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ ဝိပဿိဿ ဘဂဝတော၊ အဂ္ဂိသာလံ အဒါသႋ အှံ။**
**ဗျာဓိကာနဉ္စ အာဝါသံ၊ ဥဏှောဒက ပဋိဂ္ဂဟံ။**

(အပဒါနပါဠိ-၁၊ ၂၄၁)

အဟံ-ငါသည်၊ ဝိပဿိဿ-ဝိပဿီအမည်တော်ရှိသော၊ ဘဂဝတော-မြတ်စွာဘုရားအား၊ အဂ္ဂိသာလံ-မီးဟင်းကုပ်ကို၊ အဒါသိံ-စေတနာဖွေးဖြူ အရေးယူကာ ပေးလှူခဲ့ဖူးပါပြီ၊ ဗျာဓိကာနံ-အနာနှိပ်စက် ခံရခက်ငြား ရဟန်းများတို့အား၊ အာဝါသံစ-ကျောင်းကိုလည်းကောင်း၊ ဥဏှောဒက-ပဋိဂ္ဂဟံစ-ရေနွေးခံအိုးကိုလည်းကောင်း (ရေနွေးခံခွက်ကိုလည်းကောင်း)၊ အဒါသိံ-အနာနှိပ်စက် ခံရခက်သေား အစဉ်ဝေးအောင် လှူပေးခဲ့ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



အဗျာဓိကမထေရ်အလောင်း သူတော်ကောင်းဟာ ဝိပဿီမြတ်စွာဘုရားကိုတော့ မီးတင်းကုပ်လှူတယ်။

ဘာလှူသတဲ့လဲ။ (မီးတင်းကုပ်လှူပါတယ်ဘုရား)

အနာရောဂါနှိပ်စက်ခံနေရတဲ့ ရဟန်းတွေကိုတော့ ကျောင်းလှူတယ်၊ ရေနွေးခံအိုး၊ ရေနွေးခံခွက်လှူပါတယ်။

ဘာလှူသတဲ့လဲ။

(ကျောင်း၊ ရေနွေးခံခွက်၊ ရေနွေးခံအိုးလှူပါတယ်ဘုရား)

လှူတဲ့ရည်ရွယ်ချက်က အနာရောဂါတွေပျောက်ကင်းပြီးတော့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ပရိယတ္တိ(စာသင်စာချ တရားဟောတရားပြတာဝန်)၊ ပဋိပတ္တိ(တရားတွေသိတဲ့အတိုင်း ကျင့်ကြံကြိုးစားပွားများအားထုတ်မှုတာဝန်)တွေ ဆောင်ရွက်နိုင်အောင်လှူတာမဟုတ်လား။

(မှန်လှပါဘုရား)

ရှင်းရှင်းတိုတိုနဲ့ လိုရင်းပြောရရင်တော့ အနာရောဂါပျောက်ပါစေ၊ ပရိယတ္တိ၊ ပဋိပတ္တိတာဝန်တွေကို ထမ်းဆောင်နိုင်ပါစေ၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ဒီနေရာမှာလည်း သာသနာ့ဝန်ထမ်းဆိုတာ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်တွေကို ကျေကျေပွန်ပွန် ထမ်းဆောင်နေတဲ့ ရဟန်းသံဃာတွေကို ဆိုလိုတာနော်။ (မှန်လှပါဘုရား)

ပရိယတ္တိပဲထမ်းထမ်း၊ ပဋိပတ္တိပဲထမ်းထမ်း ကိုယ်တတ်နိုင်ရင်တတ်နိုင်သလို နှစ်မျိုးလုံးထမ်းထမ်း၊ နှစ်မျိုးမှတစ်မျိုးထမ်းထမ်း သာသနာ့ဝန်ထမ်းဖြစ်ပြီပေါ့၊ သင်ရင်းကျင့်၊ ကျင့်ရင်းသင် နှစ်မျိုးလုံးထမ်းနိုင်ရင်တော့ ပိုပြီးကောင်းတာပေါ့။

ဒါကြောင့် ပညာရှိဆရာတော်ကြီးတွေက "သာသနာကြီးပွားတိုးတက်စေချင်တဲ့စိတ်ဆန္ဒနဲ့ သာသနာ့တာဝန်နှစ်ရပ် တစ်ရပ်ရပ်ကိုထမ်းနေမှ သာသနာ့ဝန်ထမ်းဖြစ်တယ်၊ သာသနာ့တာဝန်ကိုထမ်းရတယ်၊ ခိုမစီးရဘူး၊ သင်ရင်းကျင့်၊ ကျင့်ရင်းသင်ကြရတယ်"လို့ ဆုံးမတော်မူကြပါတယ်။

အင်မတန်ကောင်းမြတ်တဲ့ အဆုံးအမတွေပါပဲ။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ဝိပဿီဘုရား၊ စေတနာထား၊ လှူငြားမီးတင်းကုပ်။
* ရောဂါခံစား၊ ရဟန်းများ၊ လှူငြားကျောင်းအဟုတ်။
* ရေနွေးအိုးပါ၊ ခံခွက်ပါ၊ သဒ္ဓါလှူအဟုတ်

http://www.dhammadownload.com



၂။ တေနကမ္မေန ယံ မယှံ၊ အတ္တဘာဝေါ သုနိမ္မိတော။
ဗျာဓယော နာဘိစာနာမိ၊ ပုညကမ္မဿိဒံ ဖလံ။

တေနကမ္မေန-ထိုကုသိုလ်ကံကြောင့်၊ မယှံ-ငါ့အား၊ သုနိမ္မိတော-ကောင်းစွာဖန်ဆင်းအပ်သော၊ အယံအတ္တဘာဝေါ-ဤခန္ဓာကိုယ်အတ္တဘော သည်၊ ဟောတိ-ဖြစ်၏၊ အဟံ-ငါသည်၊ ဗျာဓိ-ဖျားနာခြင်းကို၊ နာဘိဇာနာမိ-မသိစဖူးပါ၊ ဣဒံဖလံ-ဤအကျိုးသည်၊ ပုညကမ္မဿ-ပြုဖူးအမှန်ကုသိုလ်ကံ၏၊ ဖလံ-အကျိုးကောင်းမှတ် အကျိုးမြတ် ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မီးတင်းကုပ်၊ ကျောင်း၊ ရေနွေးအိုး၊ ရေနွေးခံခွက် လှူခဲ့ဖူးတဲ့ ကောင်းမှုကြောင့် ကောင်းမြတ်တဲ့ခန္ဓာကိုယ် ဖြစ်ပေါ်လာခြင်းကောင်းကျိုး၊ ဖျားနာတာမသိခြင်းဆိုတဲ့ ကောင်းကျိုးတွေရရှိတယ်တဲ့။

ဒီနေ့ ကျောင်းလှူတဲ့ကျောင်းဒကာ ဦး(..........) ကျောင်းဒါယိကာမ ဒေါ်(..........)မိသားစုတို့မှာလည်း ဘဝတိုင်း ကောင်းမြတ်တဲ့ခန္ဓာကိုယ် ရရှိခြင်း ကောင်းကျိုးရှိမယ်၊ ဖျားနာတာမသိတဲ့ ကောင်းကျိုးတွေရရှိမယ်၊ ရောဂါဝေဒနာတွေ ကင်းဝေးမယ်ပေါ့။

ဒီတော့ မီးတင်းကုပ်၊ ကျောင်း၊ ရေနွေးအိုး၊ ရေနွေးခံခွက်လှူလိုက်တော့ ဖျားနာတာရှိသေးရဲ့လား။

(မရှိတော့ပါဘူးဘုရား)

ဖျားတာနာတာ သိသေးရဲ့လား။

(မသိတော့ပါဘုရား)

ဖျားနာမသိတဲ့ကောင်းကျိုးတွေ ရှိမသွားဘူးလား။

(ရှိသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ဖျားနာမသိ ကောင်းကျိုးရှိတရားတော်ပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဘဝတိုင်း ကောင်းမြတ်တဲ့ခန္ဓာကိုယ် ရရှိချင်ရင်၊ ဖျားနာတာမသိတဲ့ ကောင်းကျိုးရှိချင်ရင်၊ အနာရောဂါဝေဒနာတွေပျောက်ကင်းချင်ရင်၊ ကျန်းမာရေးကောင်းချင်ရင် ဘာလှူရမတဲ့လဲ။

(မီးတင်းကုပ်၊ ကျောင်း၊ ရေနွေးအိုး၊ ရေနွေးခံခွက်တွေ လှူရမှာပါဘုရား)

http://www.dhammadownload.com



ဖျားနာတဲ့ရဟန်းတော်တွေကို ရေနွေးအိုး၊ ရေနွေးခွက်တွေ လှူလိုက်တော့ ရေနွေးအိုးနဲ့ ရေနွေးတည်၊ ရေနွေးခွက်နဲ့ရေနွေး(ရေကျက်အေး) သောက်ရတဲ့အခါ ရဟန်းတော်တွေမှာ ဖျားနာတဲ့ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းရတယ်၊ ကျန်းမာရေးတွေ ကောင်းသွားတယ်နော်။

(မှန်လှပါဘုရား)

ရေနွေးကို အထင်မသေးပါနဲ့၊ ရေနွေးဟာ ဆေးပါပဲ၊ ဘုရားလက်ထက်က ရဟန်းသံဃာတွေနဲ့ ယနေ့ရှိနေကြတဲ့ ရဟန်းသံဃာတွေပါ ရေနွေးကြောင့် ဖျားနာရောဂါတွေ ပျောက်ကင်းကြရပါတယ်။

မိုးတွင်းကာလမှာ ရဟန်းသံဃာတော်တွေဟာ နေပူမရှောင်၊ မိုးရွာမရှောင် ဆွမ်းခံထွက်ကြရတဲ့အတွက် အအေးမိ၊အအေးပတ် ဖျားနာကြတယ် နှာဆေး၊ချောင်းဆိုး အဖြစ်များကြတယ်၊ ဦးပဥ္စင်းရဲ့စာသင်တိုက်မှာ သံဃာတွေ အဲဒီရောဂါအဖြစ်များလာပြီဆိုရင် ရေနွေးအိုးတည်၊ ထန်းလျက်နဲ့ ချင်းတက် အနည်းငယ်စိတ်မွှာထည့်ပြီး ထန်းလျက်ရည်ဆက်ကပ်ပေးလိုက်ပါတယ်။

အဲဒီပူပူနွေးနွေးထန်းလျက်ရည်ဟာ အအေးမိ၊ အအေးပတ်၊ နှာစေး၊ ချောင်းဆိုး ဖျားနာတာတွေ လက်တွေ့ပျောက်ကင်းပါတယ်။

နောက် ရေနွေးထဲ ပရုပ်ဆီအနည်းငယ်ထည့်ပြီး ရေနွေးငွေ့ရှူတာ ဟာလဲ အဲဒီရောဂါတွေပျောက်ကင်းပါတယ်။

ဒါ့ကြောင့် ရေနွေး၊ ရေနွေးအိုး၊ ရေနွေးခွက်၊ ရေနွေးအိတ်တွေ လှူဖို့မမေ့ကြပါနဲ့လို့ မှာခဲ့ချင်ပါတယ်။

ရေနွေးဟာ ရောဂါဝေဒနာပျောက်ကင်းကြောင်း ကောင်းမြတ်တဲ့ ဆေးစွမ်းကောင်းတစ်လက်ဖြစ်နေတာကို သတိပြုပြီးတော့ ရေနွေး၊ ရေနွေးအိုး၊ ရေနွေးခွက်၊ ရေနွေးအိတ်တွေ လှူကြရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* မီးတင်းကုပ်လေး၊ ကျောင်း+ရေနွေး၊ မနေးအိုးခွက်လှူ။

* ကောင်းစွာမပြတ်၊ ဖန်ဆင်းအပ်၊ အမြတ်ကိုယ်ရယူ။

* ဖျားနာမသိ၊ ကောင်းကျိုးရှိ၊ သတိပြုကာလှူ။

၃။ ကေနဝုတိတော ကပ္ပေ၊ ယံသာလမဒဒိံ တဒါ၊

ဒုဂ္ဂတိံ နာဘိဇာနာမိ၊ အဂ္ဂိသာလာယိဒံ ဖလံ။

http://www.dhammadownload.com



ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ ကေနဝုတိတောကပ္ပေ–ကိုးဆယ့်တစ်ကမ္ဘာထက်၌၊ တဒါ–ထိုအခါ၌၊ ယံသာလံ–အကြင်မီးတင်းကုပ်ကို၊ အဒဒိံ–ပေးလှူခဲ့ပြီ၊(တတော–ထိုအခါမှ၊ ပဘုတိ–စ၍)၊ ဒုဂ္ဂတိံ–အပါယ်လေးပါးလားရောက်ရသည်ကို၊ နာဘိဇာနာမိ–မသိစဖူးပါ၊ ဣဒံဖလံ–ဤအကျိုးသည်ကား၊ အဂ္ဂိသာလာယ–မီးတင်းကုပ်လှူရခြင်း၏၊ ဖလံ–အကျိုးကောင်းမှတ် အကျိုးမြတ် ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီဘဒ္ဒကမ္ဘာမှ ပြန်ရေတွက် ကိုးဆယ့်တစ်ကမ္ဘာထက်မှာ မီးတင်းကုပ်လှူခဲ့တဲ့ အခါကစပြီးတော့ အပါယ်လေးပါး မလားမရောက်ရတော့ဘူးတဲ့။

ဒီတော့ အပါယ်လေးပါးမရောက်ရတာ ဘယ်ဒါနကြောင့်တဲ့လဲ။

(မီးတင်းကုပ်ဒါနကြောင့်ပါဘုရား)

ရေနွေးအိုး၊ ရေနွေးခွက်၊ ကျောင်းဒါနတွေလည်းပဲ မီးတင်းကုပ်လှူသလို အပါယ်လေးပါးမရောက်ခြင်းကောင်းကျိုးတွေ အတူတူပဲရှိတယ်လို့ မှတ်ယူကြရမယ်နော်။ (မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* မီးတင်းကုပ်လှူ၊ များရှင်လူ၊ ပါယ်မူမရောက်ပါ။
* ကျောင်းမြတ်ကိုလှူ၊ များရှင်လူ၊ ပါယ်မူမရောက်ပါ။
* ရေနွေးအိုးလှူ၊ များရှင်လူ၊ ပါယ်မူမရောက်ပါ။
* ရေနွေးခွက်လှူ၊ များရှင်လူ၊ ပါယ်မူမရောက်ပါ။

၄။ ဣတောစ သတ္တမေ ကပ္ပေ၊ ကောသိံ အပရာဇိတော။

သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တိ မဟဗ္ဗလော။

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ သတ္တမေကပ္ပေ–ခုနစ်ကမ္ဘာထက်၌၊ သတ္တရတနသမ္ပန္နော–ရတနာခုနစ်ပါးတို့နှင့်ပြည့်စုံသော၊ မဟဗ္ဗလော–ကြီးသောခွန်အား များသောဗိုလ်ပါရှိသော၊ အပရာဇိတော–အပရာဇိတအမည်ရသော၊ စက္ကဝတ္တိ–စကြာဝတေးမင်းသည်၊ ကော–တစ်ကြိမ်၊ အာသိံ–ကောင်းစွာမသေ ဖြစ်ခဲ့ရပါပေပြီ။

ဒီဘဒ္ဒကမ္ဘာမှပြန်တွက် ခုနစ်ကမ္ဘာထက်မှာ အပရာဇိတအမည်ရတဲ့ စကြာဝတေးမင်းတစ်ကြိမ်ဖြစ်ရတာဟာ မီးတင်းကုပ်၊ ကျောင်း၊ ရေနွေးအိုး၊ ရေနွေးခွက်တွေလှူခဲ့တဲ့ ကောင်းမှုကြောင့်ပဲနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီနေ့ ကျောင်းဒကာ၊ ကျောင်းဒကာမတွေလည်း စကြ၀တေးမင်း ဖြစ်ရတဲ့ ကောင်းကျိုးတွေ မလွဲမသွေရရှိမှာပါပဲ။

ဦးပဥ္စင်းတို့ ဘုရားရှင်သာသနာတော်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ၀ိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် အနာရောဂါဝေဒနာတွေမရှိတဲ့၊ အနာရောဂါကင်းဝေးတဲ့ အဗျာဓိကမထေရ်ရယ်လို့ ထင်ရှားတဲ့ရဟန္တာတစ်ပါးဖြစ်ရပါတယ်။

ကဲ…ဖျားနာမသိ ကောင်းကျိုးရှိပုံတွေကို အကျဉ်းချုပ်ကြည့်ကြပါစို့-

အဗျာဓိကမထေရ်အလောင်း သူတော်ကောင်းဟာ ၀ိပဿီမြတ်စွာဘုရားအား မီးတင်းကုပ်လှူခြင်း၊ ရဟန်းသံဃာတော်များအား ကျောင်း၊ ရေနွေးအိုး၊ ရေနွေးခံခွက်တွေ လှူခဲ့တဲ့ကောင်းမှုကြောင့်-

၁။ ဘ၀တိုင်းကောင်းစွာဖန်ဆင်းအပ်တဲ့ ခန္ဓာကိုယ်ရရှိခြင်း။

၂။ ဖျားနာမှုမသိခြင်း၊ ဖျားနာမှုမရှိခြင်း။

၃။ အပါယ်လေးပါးမရောက်ရခြင်း။

၄။ အပရာဇိတအမည်ရတဲ့ စကြ၀တေးမင်းတစ်ကြိမ်ဖြစ်ရခြင်း။

၅။ ဤဘုရားသာသနာတော်၌ ရဟန္တာဖြစ်ရခြင်းတို့ပါပဲ။

ကဲ…အကျဉ်းချုပ်ကဗျာတစ်ပုဒ်နဲ့ တရားနိဂုံးချုပ်ကြပါစို့၊ အားလုံးလက်အုပ်ချီကြပါ။

> "အဗျာဓိက၊ အမည်ရသည့်၊ ထေရ်ရအလောင်း၊ သူတော်ကောင်းသည်၊ ၀ိပဿီတွင်၊ ဘုရားရှင်အား၊ အစဉ်အဟုတ်၊ မီးတင်းကုပ်လှူ ကုသိုလ်ယူခဲ့။
>
> တစ်မူမှတ်စို့၊ ရဟန်းတို့အား၊ မှန်းလို့ကျောင်းမြတ်၊ လှူဒါန်းအပ်ခဲ့၊ အမြတ်တစ်မျိုး၊ ရေနွေးအိုးပါ၊ တစ်ဖြာဆက်လက်၊ ရေနွေးခွက်တွေ၊ လှူခဲ့ပေ၍၊ လှူပြည့်နတ်ရွာ၊ ဖြစ်လေရာ၌၊ ခန္ဓာကိုယ်မြတ်၊ ရရှိလတ်၍၊ တစ်ရပ်ဖျားနာ၊ မရှိပါပဲ၊ လေးဖြာဒုဂ္ဂတိ၊ ဝေးကွာဘိကား၊ အပရာဇိတ၊ အမည်ရသည့်၊ မင်းလှစကြာ၊ ဖြစ်ရပါ၏။
>
> မြတ်စွာဇိနော်၊ သာသနာတော်၌၊ ရှင်ပျော်ကောင်းစွာ၊ သဒ္ဓါရှိရှိ၊ ၀င်ရောက်ဘိ၍၊ အရှိခန္ဓာ၊ ဉာဏ်ပါသိမှတ်၊ ၀ိပဿနာ၊ ရှုသောခါ၀ယ်၊ မကြာခင်မှာ၊ ရဟန္တာသည်၊ သေချာစင်စစ် ဖြစ်ပြီတည်း။"

(သာဓု…သာဓု…သာဓုပါဘုရား)

http://www.dhammadownload.com



မှတ်ချက်။ ။ မီးတင်းကုပ်၊ ကျောင်းအမျိုးမျိုးလှူပွဲတိုင်း၊ ရေနွေးအိုး၊ ရေနွေးခွက်လှူပွဲတိုင်း၊ ကျန်းမာရေးအတွက်ရည်ရွယ်၍ ကုသိုလ်ပြုပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌–

၁။ မီးတင်းကုပ်လှူရခြင်း၏ ကောင်းကျိုးရှိပုံ။
၂။ ကျောင်းလှူရခြင်း၏ ကောင်းကျိုးရှိပုံ။
၃။ ကျောင်းပြင်ခြင်း၏ ကောင်းကျိုးရှိပုံ။
၄။ ရေနွေးအိုး၊ ရေနွေးခွက်လှူရခြင်း၏ ကောင်းကျိုးရှိပုံ။
၅။ ရောဂါကင်းကြောင်း နည်းလမ်းကောင်း။
၆။ ရောဂါပျောက်ကြောင်း နည်းလမ်းကောင်း။
၇။ ဖျားနာမသိ ဖျားနာမရှိ။
၈။ အစွမ်းထက်မြက်+ဆေးတစ်လက် တရားတော်။
စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၁–၈–၉၇ (တနင်းလာနေ့)
ညနေ(၆)နာရီ။

ဖျားနာမသိ ကောင်းကျိုးရှိတရားတော်ပြီးပြီ။

http://www.dhammadownload.com



စုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ သဒ္ဒသညကဝဂ်
မဋ္ဌဒါယကတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ယာဉ်ရလိုသူ+ညောင်စောင်းလှူ
# တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(..........)တို့ရဲ့ ခုတင်လှူပွဲမှာ ဟောကြားမည့်တရားတော်က "ယာဉ်ရလိုသူ ညောင်စောင်းလှူ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ယာဉ်ရလိုသူ ညောင်စောင်းလှူတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့.-

**၁။ ဝိပဿိနော ဘဂဝတော၊ လောကဇေ့ဿ တာဒိနော။**
**ဧကံ မဋ္ဌံ မယာ ဒိန္နံ၊ ပသန္နေန သပါဏိနာ။**

(အပ်ဒါနပါဠိ-၁၊ ၃၂၈)

လောကဇေ့ဿ-လောက၏အကြီးအမှူးဖြစ်တော်မူသော၊ တာဒိနော-တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော၊ ဝိပဿိနော-ဝိပဿီအမည်ရှိသော၊ ဘဂဝတော-မြတ်စွာဘုရားအား၊ ပသန္နေန-ကြည်ညိုသော၊ မယာ-ငါသည်၊ သပါဏိနာ-မိမိလက်ဖြင့်၊ ဧကမဋ္ဌံ-တစ်ခုသောညောင်စောင်းကို၊ ဒိန္နံ-စေတနာဖွေးဖြူ အရေးယူမှတ် ပေးလှူအပ်ပြီ။

မဋ္ဌဒါယကမထေရ်အလောင်းသူတော်ကောင်းဟာ လောကရဲ့အကြီးအမှူးဖြစ်တဲ့ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူတဲ့ ဝိပဿီမြတ်စွာဘုရားအား ကြည်ညိုတဲ့အတွက် မိမိလက်နဲ့ညောင်စောင်းတစ်ခု ဆက်ကပ်ကာ လှူဒါန်းခဲ့ပါတယ်။

http://www.dhammadownload.com



ဝိပဿီဘုရားရှင်ကို ဘာလှူသတဲ့လဲ။

(ညောင်စောင်းလှူပါတယ်ဘုရား)

ညောင်စောင်းဆိုတာ အိပ်စက်တဲ့ ခုတင်ကိုပြောတာနော်။

(မှန်လှပါဘုရား)

မြန်မာအဘိဓာန်မှာ ညောင်စောင်းကို မင်း၊ မိဖုရား စသူတို့ အိပ်စက်သော ခုတင်လို့ဖွင့်ထားပါတယ်။

(မြန်မာအဘိဓာန်-၁၃၅)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ဝိပဿီတွင်၊ ဘုရားရှင်၊ ကြည်လင်ကြည်ညိုကာ။

* မိမိလက်နဲ့၊ လှူဒါန်းခဲ့၊ ကောင်းတဲ့ညောင်စောင်းပါ။

* မိမိလက်နဲ့၊ လှူဒါန်းခဲ့၊ ကောင်းတဲ့ခုတင်ပါ။

၂။ ဟတ္ထိယာနံ အဿယာနံ၊ ဒိဗ္ဗယာနံ သမဇ္ဈဂံ။

တေန မဉ္စကဒါနေန၊ ပတ္တောမှိ အာသဝက္ခယံ။

တေန မဉ္စကဒါနေန-ထိုခုတင်ညောင်စောင်း အလှူကောင်းမှုကြောင့် အဟံ-ငါသည်၊ ဟတ္ထိယာနံ-ဆင်ယာဉ်ကိုလည်းကောင်း၊ အဿယာနံ-မြင်းယာဉ်ကိုလည်းကောင်း၊ ဒိဗ္ဗယာနံ-နတ်ဌာဖြစ်လတ် ယာဉ်ကောင်း ယာဉ်မြတ်ကိုလည်းကောင်း၊ သမဇ္ဈဂံ-ပြည့်စုံကောင်းစွာရခဲ့ပါ၏၊ အာသဝက္ခယံ-အာသဝေါ၏ကုန်ခြင်းသို့လည်း၊ ပတ္တော-ရောက်သည်၊ အမှိ-ကောင်းစွာမသွေ ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မဉ္စဒါယကမထေရ်အလောင်းသူတော်ကောင်းဟာ ခုတင်ညောင်စောင်း လှူခဲ့တဲ့ကုသိုလ်ကြောင့် ကောင်းမြတ်တဲ့ ဆင်ယာဉ်၊ မြင်းယာဉ်၊ နတ်ဌာ ဖြစ်တဲ့ယာဉ်တွေကို ပြည့်ပြည့်စုံစုံရရှိခဲ့ပါတယ်။

ဒီတော့ တရားနာပရိသတ် ဆင်ယာဉ်၊ မြင်းယာဉ်၊ နတ်ဌာဖြစ်တဲ့ ယာဉ်တွေလိုရင် ဘာလှူရမတဲ့လဲ။

(ခုတင်ညောင်စောင်းလှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ယာဉ်ရလိုသူ ညောင်စောင်းလှူတရားတော်ပါဘုရား)

ဒီကနေ့ ခုတင်လှူကြတဲ့ ဦး(..........) ဒေါ်(..........)မိသားစုတွေ လည်း ဒီနေ့ကစ မဂ်ဖိုလ်နိဗ္ဗာန်ရမည့်ဘဝတိုင်အောင် အဲဒီ ဆင်ယာဉ်၊ မြင်းယာဉ်၊ နတ်ဌာဖြစ်တဲ့ယာဉ်တွေ မုချမလွဲရရှိကြမှာပါပဲ။

http://www.dhammadownload.com



ခုခေတ်အနေနဲ့ပြောရရင်တော့ ခုတင်လှူတဲ့ကောင်းမှုကြောင့် ကားစတဲ့ ယာဉ်ကောင်း၊ ယာဉ်မြတ်တွေ ရရှိမယ်လို့ပြောရမှာပါပဲ။

တရားအမည်ကိုလည်း "ကားယာဉ်လိုသူ ခုတင်လှူ"လို့ ပြောင်းပေးရမှာပါပဲ။

နောက် အဲဒီခုတင်ညောင်စောင်းအလှူကြောင့် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ရခြင်းကောင်းကျိုးတွေလည်း ရရှိပါတယ်တဲ့။

ဒီတော့ အာသဝေါကုန်လိုသူတွေဟာ ခုတင်ညောင်စောင်း အလှူကောင်းတွေ လှူဖို့မမေ့ကြနဲ့နော်။

(မှန်လှပါဘုရား)

အာသဝေါကုန်လိုသူတွေ ဘာလှူရမတဲ့လဲ။

(ခုတင်ညောင်စောင်း လှူရမှာပါဘုရား)

ဒီနေရာကိုကြည့်ပြီးတော့ တရားအမည်ကို "အာသဝေါကုန်လိုသူ ခုတင်ညောင်စောင်းလှူ"လို့ အမည်ပေးရမယ်ပေါ့။

ခုတင်ညောင်စောင်းအလှူဟာ အာသဝေါကုန်ကာ ရဟန္တာဖြစ်သည် အထိ ကောင်းကျိုးရှိတယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ဆင်ယာဉ်လိုသူ၊ များရှင်လူ၊ ခုတင်လှူကြပါ။

* မြင်းယာဉ်လိုသူ၊ များရှင်လူ၊ ခုတင်လှူကြပါ။

* နတ်ယာဉ်လိုသူ၊ များရှင်လူ၊ ခုတင်လှူကြပါ။

* အာသဝေါမင်၊ ကုန်လိုလျှင်၊ ခုတင်လှူကြပါ။

* ယာဉ်ရလိုသူ၊ ခုတင်လှူ၊ မှတ်ယူတရားပါ။

* ယာဉ်ရလိုသူ၊ ညောင်စောင်းလှူ၊ မှတ်ယူတရားပါ။

* ခုတင်လှူက၊ ဆင်ယာဉ်ရ၊ မှတ်ကြသေသေချာ။

* ခုတင်လှူက၊ မြင်းယာဉ်ရ၊ မှတ်ကြသေသေချာ။

* ခုတင်လှူက၊ နတ်ယာဉ်ရ၊ မှတ်ကြသေသေချာ။

* ခုတင်လှူက၊ အာသဝ၊ ကုန်ရရဟန္တာ။

မှတ်ချက်။ ။ ဆင်ယာဉ်လိုသူ၊ များရှင်လူ၊ ညောင်စောင်းလှူကြပါ စသောလင်္ကာများနှင့် ညောင်စောင်းလှူက၊ ဆင်ယာဉ်ရ၊ မှတ်ကြသေသေချာ စသောလင်္ကာပိုဒ်များ ခုတင်အတွက် လင်္ကာများကို နည်းမှီကာသိကြပါ။

http://www.dhammadownload.com



**၃။ ကေနဝုတိဘော ကပ္ပေ၊ ယံ မဋ္ဌ မဒဒိ ံ တဒါ။**
**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ မဋ္ဌဒါနဿိဒံ ဖလံ။**

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ ကေနဝုတောကပ္ပေ–ကိုးဆယ့်တစ်ကမ္ဘာထက်၌၊ တဒါ–ထိုအခါ၌၊ ယံမဋ္ဌ–အကြင်ခုတင်ညောင်စောင်းကို၊ အဒဒိံ–စေတနာဖွေးဖြူ ပေးလှူခဲ့ဖူးပြီ၊ (တတော–ထိုအခါမှ၊ ပဘုတိ–စ၍)၊ ဒုဂ္ဂတိံ–အပါယ်လေးပါး လားရောက်ရသည်ကို၊ နာဘိဇာနာမိ–မသိစဘူးပါ၊ ဣဒံဖလံ–ဤအကျိုးသည်၊ မဋ္ဌဒါနဿ–ခုတင်ညောင်စောင်း အလှူကောင်း၏၊ ဖလံ–အကျိုးကောင်းမှတ် အကျိုးမြတ်ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီဘဒ္ဒကမ္ဘာမှပြန်တွက် ကိုးဆယ့်တစ်ကမ္ဘာထက်မှာ ခုတင်ညောင်စောင်းလှူခဲ့တဲ့အချိန်ကစပြီးတော့ အပါယ်လေးပါး မရောက်ရတော့ပါဘူးတဲ့။

ဦးပဋ္ဌင်းတို့ဘုရားရှင်လက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် မဋ္ဌဒါယကမထေရ်တစ်ပါးရယ်လို့ ထင်ရှားတဲ့ရဟန္တာဖြစ်ရပါတယ်။

ယနေ့ ခုတင်အလှူရှင်တွေလည်း အပါယ်လေးပါးမရောက်တဲ့ကောင်းကျိုး၊ ရဟန္တာဖြစ်တဲ့ကောင်းကျိုးတွေ ရရှိမှာပါပဲ။

ကဲ...ဒီနေ့ခုတင်အလှူရှင် ဦး(..........)ဒေါ်(..........)မိသားစုတွေကို ဟောလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ယာဉ်ရလိုသူ ညောင်စောင်းလှူတရားတော်ပါဘုရား)

အေး...ဟုတ်ပြီ၊ ဒီနေ့ကစ နိဗ္ဗာန်ရမည့်ဘဝတိုင်အောင် ယာဉ်ကောင်း ယာဉ်မြတ်တွေ ရကြပါစေသောရယ်လို့ ညီညီညာညာစုပေါင်း၍ ဆုတောင်းလိုက်ကြကုန်ရာသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ခုတင်ညောင်စောင်းလှူပွဲတိုင်း ဟောပါ။

တရားအမည်ပေးရာ၌–

၁။ ယာဉ်ရလိုသူ ခုတင်လှူ။

၂။ ယာဉ်ရလိုသူ ခုတင်ညောင်စောင်းလှူ။

၃။ အာသဝေါကုန်လိုသူ ခုတင်ညောင်စောင်းလှူ။

၄။ ခုတင်ညောင်စောင်းလှူရခြင်း၏ ကောင်းကျိုးရိပုံ။

ယာဉ်ရလိုသူ ညောင်စောင်းလှူတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်
ပိလိန္ဒဝစ္ဆတ္ထေရ အပဒါန်လာ (ပတ္တာနိသံသ) ဂါထာငါးပုဒ်ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ခွက်ကောင်းလိုသူ+သပိတ်လှူ

# တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(..........)တို့ရဲ့ သပိတ်လှူပွဲမှာ ဟောကြားမည့်တရားတော်က "ခွက်ကောင်းလိုသူ သပိတ်လှူ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ခွက်ကောင်းလိုသူ သပိတ်လှူတရားတော်ပါဘုရား)

ကဲ..စပြီးတော့ ဟောကြနာကြပါစို့-

၁။ ပတ္တေ သုဂတေ ဒတွာန၊ သံဃေ ဂဏဝရုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

အဟံ-ငါသည်၊ သုဂတေ-မြတ်စွာဘုရားအားလည်းကောင်း၊ ဂဏဝရုတ္တမေ-အမြတ်ဆုံးဂိုဏ်းဖြစ်သော၊ သံဃေ-သံဃာတော်အားလည်းကောင်း၊ ပတ္တေ-သပိတ်တို့ကို၊ ဒတွာန-စေတနာဖွေးဖြူ ပေးလှူခဲ့သောကြောင့်၊ မမ-ငါ၏၊ ကမ္မာနုစ္ဆဝိကေ-ကံအားလျော်ကပ်ပတ်ကုန်သော၊ ဒသာနိသံသေ-ဆယ်ပါးသောအကျိုးတို့ကို၊ အနုဘောမိ-အမြဲနေ့ည ခံစားရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဦးပဥ္စင်းတို့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့လက်ထက်တော်မှာ အရှင်ပိလိန္ဒဝစ္ဆဆိုတဲ့မထေရ်တစ်ပါးရှိတယ်၊ အဲဒီ မထေရ်အလောင်းသူတော်ကောင်းဟာ ဘုရားနဲ့အမြတ်ဆုံးဂိုဏ်းသံဃာကို သပိတ်လှူခဲ့ဖူးတဲ့အကျိုးဆယ်ပါး ခံစားရတဲ့အကြောင်း ဟောထားတာရှိပါတယ်။

http://www.dhammadownload.com



အဲဒီအကျိုးဆယ်ပါးကို ဆက်လက်ပြီးတော့နာကြားကြည့်ကြပါစို့၊

၂။ သုဝဏ္ဏထာလေ မဏိထာလေ၊ ရဇတေပိစ ထာလကေ။
လောဟိတင်္ဂမယေ ထာလေ၊ ပရိဘုဉ္ဇာမိ သဗ္ဗဒါ။

အဟံ-ငါသည်၊ သုဝဏ္ဏထာလေ-ရွှေခွက်တို့ကိုလည်းကောင်း၊ မဏိထာလေ-ပတ္တမြားခွက်တို့ကိုလည်းကောင်း၊ ရဇတေပိစထာလေ-ငွေခွက်တို့ကိုလည်းကောင်း၊ လောဟိတင်္ဂမယေထာလေ--ပတ္တမြားပြောက်(ကျောက်နီ)ခွက်တို့ကိုလည်းကောင်း၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ပရိဘုဉ္ဇာမိ-ကောင်းစွာမသေ့ သုံးဆောင်ရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

သပိတ်လှူခဲ့တဲ့ကောင်းမှုကြောင့် ရွှေခွက်၊ ပတ္တမြားခွက်၊ ငွေခွက်၊ ပတ္တမြားပြောက်(ကျောက်နီ)ဆိုတဲ့ ခွက်ကောင်းခွက်မြတ်တွေ အမြဲတမ်းရရှိပြီးတော့ သုံးဆောင်ရတယ်တဲ့။

ဒီတော့ ရွှေခွက်စတဲ့ ခွက်ကောင်းခွက်မြတ်တွေ ရလိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(သပိတ်လှူရမှာပါဘုရား)

ဒါဆို ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ခွက်ကောင်းလိုသူ သပိတ်လှူတရားတော်ပါဘုရား)

အေး...ဟုတ်ပြီ၊ ဒီနေ့ သပိတ်လှူကြတဲ့ ဦး(..........) ဒေါ်(..........) မိသားစုတွေလည်း ဘဝတိုင်းရွှေခွက်စတဲ့ ခွက်ကောင်းခွက်မြတ်တွေ အမြဲရရှိခံစားသုံးဆောင်ရမယ်လို့ ယုံကြည်ချက်သဒ္ဓါတရား အမြဲထားရမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေ ရွှေခွက်ကြီးတွေ မလိုချင်ကြဘူးလား။

(လိုချင်ကြပါတယ်ဘုရား)

အေး...လိုချင်ရင် ဘာလှူရမတဲ့လဲ။

(သပိတ်လှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို "ရွှေခွက်လိုသူ သပိတ်လှူ" တရားတော်လို့ အမည်ပေးလို့ရတယ်နော်။

(မှန်လှပါဘုရား)

ပတ္တမြားခွက် ရလိုရင်ကော-

http://www.dhammadownload.com



(သပိတ်လှူရမှာပါဘုရား)

ဒါဆိုရင် တရားအမည်ပြောင်းလိုက်။

(ပတ္တမြားခွက်လိုသူ သပိတ်လှူတရားတော်ပါဘုရား)

ပတ္တမြားပြောက်(ကျောက်နီ)ခွက် ရလိုရင်ကော–

(သပိတ်လှူရမှာပါဘုရား)

ဆက်ပြီးတရားအမည်ပြောင်းလိုက်။

(ပတ္တမြားပြောက်(ကျောက်နီ)ခွက်လိုသူ သပိတ်လှူတရားတော်ပါဘုရား)

လျှာရှည်တဲ့ကိုယ်တော်လို့မထင်ကြနဲ့၊ ဒကာ ဒကာမတွေကို တရားအမည်မှတ်မိအောင်၊ တရားပါပေါ်တတ်အောင်၊ တရားဟောတဲ့အခါမှာ စိတ်ပါဝင်စားမှုရှိစေဖို့ တရားအမည်ပါပေးတတ်အောင်၊ တရားဟောနည်း၊ တရားအမည်ပေးနည်းတွေပါ သင်တန်းပေးနေတာနော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* သပိတ်လှူက ရွှေခွက်ရ၊ ဘဝဖြစ်လေရာ။

* သပိတ်လှူငြား၊ ပတ္တမြား၊ ရသွားခွက်ကောင်းပါ။

* သပိတ်လှူက၊ ငွေခွက်ရ၊ ဘဝဖြစ်လေရာ။

* သပိတ်လှူက၊ ကျောက်နီရ၊ ဘဝဖြစ်လေရာ။

* သပိတ်လှူက၊ ခွက်ကောင်းရ၊ ဟောစဉ်ဒေသနာ။

* ရွှေခွက်လိုသူ၊ သပိတ်လှူ၊ မှတ်ယူဒေသနာ။

* ပတ္တမြားခွက်လိုသူ၊ သပိတ်လှူ၊ မှတ်ယူဒေသနာ။

* ငွေခွက်လိုသူ၊ သပိတ်လှူ၊ မှတ်ယူဒေသနာ။

* ကျောက်နီခွက်လိုသူ၊ သပိတ်လှူ၊ မှတ်ယူဒေသနာ။

၃။ **အနုပဒ္ဒဝေါ အနီတိစ၊ ဟောမိ အပစိတော သဒါ။**

**လာဘီ အန္နဿ ပါနဿ၊ ဝတ္ထဿ သယနဿစ။**

(အဟံ–ငါသည်) အနုပဒ္ဒဝေါ–ဘေးရန်မရှိ၊ အနီတိစ–ဆင်းရဲလည်း မရှိ၊ သဒါ–အခါခပ်သိမ်း၊ အပစိတော–လူနတ်တို့ပူဇော်အပ်သည်၊ ဟောမိ–ဖြစ်ရ၏၊ အန္နဿ–ထမင်းကိုလည်းကောင်း၊ ပါနဿ–အဖျော်ကိုလည်းကောင်း၊ ဝတ္ထဿ–အဝတ်ကိုလည်းကောင်း၊ သယနဿစ–အိပ်ရာနေရာကိုလည်းကောင်း၊ လာဘီ–အမြဲမပြတ်ရှိခြင်းရှိပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



ရှေ့နံပါတ်နှစ်ဂါထာက ရွှေခွက်စတဲ့ ခွက်ကောင်းခွက်မြတ်တွေ ရရှိခံစားသုံးဆောင်ရခြင်း အကျိုးတစ်ပါးရပုံကိုပြတယ်။

ဒီနံပါတ်သုံးဂါထာက အကျိုးလေးပါးရပုံကိုပြတယ်၊ အဲဒီ အကျိုး လေးပါးက ဘာတွေလဲဆိုတော့-

၁။ ဘေးရန်မရှိခြင်းအကျိုး။

၂။ ဆင်းရဲမရှိခြင်းအကျိုး။ (စိုးရိမ်ကြောင့်ကြမရှိခြင်းအကျိုး)

၃။ လူ၊ နတ်တွေရဲ့ ပူဇော်ခံရခြင်း။

၄။ ထမင်း၊ အဖျော်၊ အဝတ်၊ အိပ်ရာနေရာ ပေါ်များရခြင်း ရလွယ်ခြင်း အကျိုးတို့ပါပဲ။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ဘေးရန်ကင်းစင်၊ သပိတ်ပင်၊ လှူရှင်လှူရကျိုး။
* ဆင်းရဲကင်းစင်၊ သပိတ်ပင်၊ လှူရှင်လှူရကျိုး။
* ပူဇော်ခံရ၊ သပိတ်လှု၊ စိတ်ချလှူရကျိုး။
* ထမင်းရလွယ်၊ သပိတ်ကွယ်၊ တကယ်လှူရကျိုး။
* အဖျော်ရလွယ်၊ သပိတ်ကွယ်၊ တကယ်လှူရကျိုး။
* အဝတ်ရလွယ်၊ သပိတ်ကွယ်၊ တကယ်လှူရကျိုး။
* အိပ်ရာရလွယ်၊ သပိတ်ကွယ်၊ တကယ်လှူရကျိုး။

ဘေးရန်မရှိလိုသူတွေ၊ ဆင်းရဲမရှိပဲ ဆင်းရဲကင်းလိုသူတွေ၊ စိုးရိမ်ကြောင့်ကြကင်းလိုသူတွေ၊ အပူဇော်ခံလိုသူတွေ၊ ထမင်း, အဖျော်, အဝတ်, အိပ်ရာနေရာ ပေါပေါများများ ပြည့်ပြည့်ဝဝရလွယ်လိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(သပိတ်လှူရမှာပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ဘေးရန်ကင်းလို၊ သပိတ်ကို၊ ကြည်ညိုအမြဲလှူ။
* ဆင်းရဲကင်းလို၊ သပိတ်ကို၊ ကြည်ညိုအမြဲလှူ။
* စိုးရိမ်ကင်းလို၊ သပိတ်ကို၊ ကြည်ညိုအမြဲလှူ။
* ကြောင့်ကြကင်းလို၊ သပိတ်ကို၊ ကြည်ညိုအမြဲလှူ။
* ပူဇော်ခံလို၊ သပိတ်ကို၊ ကြည်ညိုအမြဲလှူ။
* ထမင်းရလို၊ သပိတ်ကို၊ ကြည်ညိုအမြဲလှူ။
* အဖျော်ရလို၊ သပိတ်ကို၊ ကြည်ညိုအမြဲလှူ။

http://www.dhammadownload.com



* အဝတ်ရလို၊ သပိတ်ကို၊ ကြည်ညိုအမြဲလှူ။
* အိပ်ရာရလို၊ သပိတ်ကို၊ ကြည်ညိုအမြဲလှူ။
* နေရာရလို၊ သပိတ်ကို၊ ကြည်ညိုအမြဲလှူ။

**၄။ နုဝိနုဿန္တိ မေ ဘောဂါ၊ ဋ္ဌိတစိတ္တော ဘဝါမဟံ။**

**ဓမ္မကာမော သဒ္ဒါ ဟောမိ၊ အပ္ပက္လေသော အနာသဝေါ။**

မေ-ငါ၏၊ ဘောဂါ-စည်းစိမ်တို့သည်၊ နုဝိနုဿန္တိ-မပျောက်ပျက်ကုန်၊ အဟံ-ငါသည်၊ ဋ္ဌိတစိတ္တော-တည်တံ့သောစိတ်ရှိသည်၊ ဘဝါမိ-ဖြစ်၏၊ သဒ္ဒါ-အခါခပ်သိမ်း၊ ဓမ္မကာမော-တရားကိုအလိုရှိသည်၊ ဟောမိ-ဖြစ်၏၊ အပ္ပက္လေသော-နည်းသောကိလေသာရှိ၏၊ အနာသဝေါ-အာသဝမရှိ။

ဒီနံပါတ်လေးဂါထာကတော့ အကျိုးငါးပါးရပုံကိုပြတယ်၊ အဲဒီငါးပါးက ဘာတွေလဲဆိုတော့-

၁။ စည်းစိမ်ဥစ္စာ မပျောက်ပျက်ခြင်းအကျိုး၊
၂။ စိတ်တည်ကြည်ခြင်းအကျိုး၊
၃။ တရားကိုအမြဲလိုလားခြင်းအကျိုး၊
၄။ ကိလေသာနည်းပါးခြင်းအကျိုး။
၅။ အာသဝမရှိခြင်းအကျိုးတို့ပါပဲ။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* စည်းစိမ်ဥစ္စာ၊ မပျောက်ပါ၊ အဲဒါသပိတ်လှူကျိုး။
* စည်းစိမ်ဥစ္စာ၊ မပျက်ပါ၊ အဲဒါသပိတ်လှူကျိုး။
* တည်ကြည်မှန်စွာ၊ စိတ်ရှိတာ၊ အဲဒါသပိတ်လှူကျိုး။
* တရားမြဲစွာ၊ လိုလားတာ၊ အဲဒါသပိတ်လှူကျိုး။
* ညစ်ကိလေသာ၊ နည်းပါးတာ၊ အဲဒါသပိတ်လှူကျိုး။
* လေးအာသဝါ၊ မရှိတာ၊ အဲဒါသပိတ်လှူကျိုး။

**၅။ ဒေဝလောကေမနုဿေဝါ၊ အနုဗန္ဓာ ဌ္ဌမေ ဂုဏာ။**

**ဆာယာ ယထာပိ ရုက္ခဿ၊ သဗ္ဗတ္ထ န ဇဟန္တိ မံ။**

ဒေဝလောကေဝါ-နတ်ပြည်၌လည်းကောင်း၊ မနုဿေဝါ-လူ့ပြည်၌လည်းကောင်း၊ ဌ္ဌမေဂုဏာ-ဤဂုဏ်ကျေးဇူးတို့သည်၊ ရုက္ခဿ-သစ်ပင်၏၊ ဆာယာ-အရိပ်သည်၊ အနုဗန္ဓာယထာပိ-အစဉ်လိုက်သကဲ့သို့၊ မံ-ငါ့ကို၊ အနုဗန္ဓာ-အစဉ်လိုက်ကုန်၏၊ သဗ္ဗတ္ထ-ခပ်သိမ်းသော ဘဝ၌၊ မံ-ငါ့ကို၊ နဇဟန္တိ-မစွန့်ကုန်။

http://www.dhammadownload.com



အဲဒီသပိတ်လှူရတဲ့အကျိုးတရားဆယ်ပါးဟာ နတ်ပြည်မှာပဲဖြစ်ဖြစ်၊ လူ့ပြည်မှာပဲဖြစ်ဖြစ် သစ်ပင်ရဲ့အရိပ်ပမာ အစဉ်တစိုက်လိုက်နေပါတယ်၊ ရရှိပါတယ်တဲ့။

ဘဝအားလုံးမှာ သပိတ်လှူရတဲ့သူ့ကို မစွန့်ခွာပါဘူးတဲ့။

အဲဒီလို အရှင်ပိလိန္ဒဝစ္ဆမထေရ်ဟာ သူ့ရဲ့သပိတ်လှူတဲ့ကောင်းမှုကြောင့် အကျိုးတရားဆယ်ပါး တိုးပွားရရှိပုံကို ကိုယ်တိုင်ဟောထားတာဖြစ်ပါတယ်။

ဒီနေ့သပိတ်လှူကြတဲ့ ဦး(..........)၊ဒေါ်(..........)မိသားစုတွေလည်း အဲဒီ သပိတ်လှူရတဲ့ အကျိုးတရားဆယ်ပါး ဘဝတိုင်းရရှိမှာပါပဲ။

ကဲ...ဒီနေ့ ဟောလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ခွက်ကောင်းလိုသူ သပိတ်လှူတရားတော်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* နတ်၊ လူဖြစ်ရာ၊ ဤဆယ်ဖြာ၊ ရုက္ခာအရိပ်လို။

* မစွန့်မခွာ၊ အမြဲသာ၊ လိုက်ပါနေဟုဆို။

ကဲ...သပိတ်လှူရကျိုး ဤဆယ်မျိုးဆိုတဲ့ ကဗျာတစ်ပုဒ်နဲ့ တရားသိမ်းကြပါစို့-

"အရှင်ပိလိန္ဒ၊ မြတ်ဖထေရအလောင်း၊ သူတော်ကောင်းကား၊ မြတ်ဘုရားနှင့်၊ ချစ်သားသံဃာ၊ သဒ္ဓါကြည်ဖြူ၊ သပိတ်လှူဖူး၊ ကုသိုလ်ထူးကြောင့်-

၁။ ကြည်နူးဖွယ်ပေ၊ ရွှေနှင့်ငွေသား၊ ပတ္တမြားကျောက်နီ၊ အလီလီကောင်း၊ ခွက်အပေါင်းတွေ၊ မြဲတစေရ၊ သုံးဆောင်ရ၏၊

၂။ နေ့-ည ဘေးကင်း၊

၃။ ဆင်းရဲခြင်းတွေ မရှိလေပဲ၊

၄။ အမြဲအမှန်၊ ပူဇော်ခံရ၊

၅။ များလှသနော်၊ ထမင်းဖျော်နှင့်၊ ဆင်းတော်အဝတ်၊ အိပ်ရာသစ်ပါ ရရှိလာ၏၊

၆။ တက်သည့်ဥစ္စာ၊ မပျက်ပါဘူး၊

၇။ အထူးစိတ်မှာ၊ တည်ကြည်ပါ၏၊

၈။ မြဲစွာတရား၊ လွန်လိုလားလျက်၊

၉။ နည်းပါးကိလေသာ၊

http://www.dhammadownload.com



၁၀။ လေးဖြာအာသဝ၊ ဝေးကွာရ၏၊ ပတ္တလှူကျိုး၊ ဤဆယ်မျိုးကား၊ ဖြစ်ရိုးလူနတ်၊ မြဲရလတ်၏၊ သိမှတ်စရာ၊ ဥပမာကား၊ ရှုပါသစ်ပင်၊ အရိပ်မွန်သို့၊ အစဉ်တစိုက်၊ တူယှဉ်လိုက်သည်၊ သိုက်မြိုက် သပိတ် လှူကျိုးတည်း။"

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ သံသပိတ်၊ မြေသပိတ်၊ စတီးသပိတ်စသော သပိတ်လှူပွဲ တိုင်းဟောပါ။

တရားအမည်ပေးရာ၌-

၁။ ရွှေခွက်လိုသူ သပိတ်လှူတရားတော်။
၂။ ပတ္တမြားခွက်လိုသူ သပိတ်လှူတရားတော်။
၃။ ငွေခွက်လိုသူ သပိတ်လှူတရားတော်။
၄။ ပတ္တမြားကျောက်နီခွက်လိုသူ သပိတ်လှူတရားတော်။
၅။ ဘေးကင်းလိုသူ သပိတ်လှူတရားတော်။
၆။ ဆင်းရဲကင်းလိုသူ သပိတ်လှူတရားတော်။
၇။ ပူဇော်ခံလိုသူ သပိတ်လှူတရားတော်။
၈။ သပိတ်လှူက ထမင်းရတရားတော်။
၉။ သပိတ်လှူက အဖျော်ရတရားတော်။
၁၀။ သပိတ်လှူက အဝတ်ရတရားတော်။
၁၁။ သပိတ်လှူက အိပ်ရာရတရားတော်။
၁၂။ သပိတ်လှူက နေရာရတရားတော်။
၁၃။ စည်းစိမ်မပျက်လိုသူ သပိတ်လှူတရားတော်။
၁၄။ တည်ကြည်လိုသူ သပိတ်လှူတရားတော်။
၁၅။ တရားလိုသူ သပိတ်လှူတရားတော်။
၁၆။ ကိလေသာနည်းလိုသူ သပိတ်လှူတရားတော်။
၁၇။ အာသဝကင်းလိုသူ သပိတ်လှူတရားတော်။

စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၆-၈-၉၇ (ဗုဒ္ဓဟူးနေ့)
ည(၁၀)နာရီ။

ခွက်ကောင်းလိုသူ သပိတ်လှူတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ပိလိန္ဒဝစ္ဆဝဂ်
ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်လာ ပရိဿာဝန ဓမ္မကရာနိသံသဂါထာသုံးပုဒ်ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ရေစစ်လှူကျိုး+ဤငါးမျိုး တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(..........) မိသားစုတို့ရဲ့ ရေစစ်လှူပွဲမှာ ဟောကြားမည့်တရားတော်က "ရေစစ်လှူကျိုး ဤငါးမျိုး"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ရေစစ်လှူကျိုး ဤငါးမျိုးတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

၁။ ပရိဿာဝနေ သုဂတေ၊ ဒတွာ ဓမ္မကရုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

(အပဒါနပါဠိ-၁၊ ၃၆၁)

သုဂတေ-မြတ်စွာဘုရားအား၊ ပရိဿာဝနေ-ရေစစ်တို့ကိုလည်းကောင်း၊ ဓမ္မကရုတ္တမေ-ဓမ္မကရိဏ်တို့ကိုလည်းကောင်း၊ ဒတွာ-ပေးလှူခဲ့ရလေသောကြောင့်၊ မမ-ငါ၏၊ ကမ္မာနုစ္ဆဝိကေ-ကံအားလျော်ပတ်ကုန်သော၊ ပဉ္စာနိသံသေ-ငါးပါးသောအကျိုးတို့ကို၊ အနုဘောမိ-မုချပုံသေ ခံစားရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်းသူတော်ကောင်းဟာ မြတ်စွာဘုရား ရေစစ်ဓမ္မကရိဏ်လှူရတဲ့ကောင်းမှုကြောင့် အကျိုးငါးပါးခံစားရပါတယ်တဲ့။

အဲဒီ အကျိုးငါးပါးကို ဟောကြားထားတဲ့နောက်ဂါထာတွေကို ဆက်ပြီးဟောကြပါစို့-

၂။ သဗ္ဗေသံ သမတိက္ကမ္မ၊ ဒိဗ္ဗံ အာယု လဘာမိဟံ။
အပ္ပသယှော သဒါ ဟောမိ၊ စောရပစ္စတ္ထိကေဟိဝါ။

http://www.dhammadownload.com



အဟံ–ငါသည်၊ သမ္ဗေသံ–ခပ်သိမ်းကုန်သောသူတို့ထက်၊ သမတိက္ကမ္မ–ပိုလွန်၍၊ ဒိဗ္ဗံ–နတ်၌ဖြစ်သော၊ အာယုံ–အသက်ကို၊ လဘာမိ–ရ၏၊ စောရပစ္စတ္ထိကေဟိဝါ–ဆန့်ကျင်ဘက်ကိုအလိုရှိသော ခိုးသူတို့သည်လည်း၊ သဒါ–အခါခပ်သိမ်း၊ အပ္ပသယှော–မနှိပ်စက်နိုင်သည်၊ ဟောမိ–ဖြစ်ရပါပေ၏။

ဒီနံပါတ် ၂–ဂါထာနဲ့ အကျိုး၂–ပါးရပုံကိုပြတယ်၊ အဲဒီ အကျိုး ၂–ပါးက ဘာတွေလဲဆိုတော့.–

၁။ နတ်ပြည်ဖြစ်ရတဲ့အခါမှာ အခြားနတ်တွေထက် ပိုလွန်ပြီးတော့ နတ်သက်ရှည်တဲ့အကျိုး။

၂။ ဆန့်ကျင်ဘက်ခိုးသူတွေဟာ အနိုင်မယူနိုင်ခြင်း(မနှိပ်စက်နိုင်ခြင်း) အကျိုးတို့ပါပဲ။

၃။ **သတ္ထေနဝါ ဝိသေနဝါ၊ ဝိဟေသမ္ပိ နကုဗ္ဗတေ။**

**အန္တရာမရဏံ နတ္ထိ၊ တေသံ နိဿန္ဒတော မမ။**

သတ္ထေနဝါ–လက်နက်ဖြင့်လည်းကောင်း၊ ဝိသေနဝါ–အဆိပ်ဖြင့်လည်းကောင်း၊ ဝိဟေသမ္ပိ–ညှင်းဆဲခြင်းကိုလည်း၊ နကုဗ္ဗတေ–မပြုနိုင်၊ တေသံ–ထိုရေစစ်အလှူတို့၏၊ နိဿန္ဒတော–အကျိုးဆက်ကြောင့်၊ မမ–ငါ့အား၊ အန္တရာမရဏံ–အသက်အပိုင်းအခြားအတွင်း၌ သေရခြင်းသည်၊ နတ္ထိ–မရှိပါချေ။

နံပါတ် ၃–ဂါထာက အကျိုး ၃–ပါးပြပါတယ်။

အဲဒီအကျိုး ၃–ပါးက ဘာတွေလဲဆိုတော့.–

၁။ လက်နက်နဲ့ညှင်းဆဲနှိပ်စက်ဖျက်ဆီးလို့ မရခြင်း။

၂။ အဆိပ်နဲ့ညှင်းဆဲနှိပ်စက်ဖျက်ဆီးလို့ မရခြင်း။

၃။ အသက်အပိုင်းအခြားအတွင်းမှာ မသေရခြင်း(အသက်၏အပိုင်းအခြားသို့ မရောက်မီကြားကာလမှာ မသေရခြင်း၊ သက်တမ်းစေ့အောင် နေရခြင်း)ဆိုတဲ့ အကျိုးတွေပါပဲ။

ဒီနေ့ ရေစစ်လှူကြတဲ့ ဦး(..........) ဒေါ်(..........)မိသားစုတွေမှာ အဲဒီ ရေစစ်လှူရကျိုးငါးပါးကို ရရှိသွားပါတယ်။

ဒီတော့ ရေစစ်လှူရကျိုး ဘယ်နှစ်မျိုးတဲ့လဲ။

(ငါးမျိုးပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ရေစစ်လှူရကျိုး ဤငါးမျိုးတရားတော်ပါဘုရား)

http://www.dhammadownload.com



ကဲ...လင်္ကာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြပါစို့-
၁။ ရေစစ်လှူပြား၊ နတ်သက်ကား၊ ထူးခြားပိုရှည်ရ။
၂။ ရေစစ်လှူသူ၊ ခိုးရန်သူ၊ နိုင်ယှူကင်းဝေးရ။
၃။ ရေစစ်လှူပေး၊ လက်နက်ဘေး၊ ကင်းဝေးအမြဲပ။
၄။ ရေစစ်လှူပေး၊ အဆိပ်ဘေး၊ ကင်းဝေးအမြဲပ။
၅။ အသက်ပိုင်းခြား၊ မရောက်ငြား၊ မှတ်သားမသေရ။
ရေစစ်လှူကျိုး၊ ဤငါးမျိုး၊ အကျိုးကြီးမားလှ။
* နတ်သက်ပိုပင်၊ ရှည်လိုလျှင်၊ အစဉ်ရေစစ်လှူ။
* ခိုးသူဘေးပင်၊ ကင်းဝေးချင်၊ အစဉ်ရေစစ်လှူ။
* လက်နက်ဘေးပင်၊ ကင်းဝေးချင်၊ အစဉ်ရေစစ်လှူ။
* အဆိပ်ဘေးပင်၊ ကင်းဝေးချင်၊ အစဉ်ရေစစ်လှူ။
* သက်တမ်းစေ့ပင်၊ နေလိုလျှင်၊ အစဉ်ရေစစ်လှူ။
* သက်တမ်းပြည့်ပင်၊ နေလိုလျှင်၊ အစဉ်ရေစစ်လှူ။
(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ရေစစ်လှူပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌-
၁။ ရေစစ်လှူရခြင်း၏ ကောင်းကျိုးရှိပုံ။
၂။ နတ်သက်ပိုရှည်လိုသူ ရေစစ်လှူ။
၃။ ခိုးသူဘေးကင်းလိုသူ ရေစစ်လှူ။
၄။ လက်နက်ဘေးကင်းလိုသူ ရေစစ်လှူ။
၅။ အဆိပ်ဘေးကင်းလိုသူ ရေစစ်လှူ။
၆။ သက်တမ်းစေ့(ပြည့်)နေလိုသူ ရေစစ်လှူတရားတော်။
စသည်ဖြင့် အမည်ပေးကာ ဟောကြားနိုင်ပါသည်။

၇-၈-၉၇ (ကြာသပတေး)
ည(၉)နာရီ။

ရေစစ်လှူရကျိုး ဤငါးမျိုးတရားတော်ပြီးပြီ။

http://www.dhammadownload.com



**ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ပိလိန္ဒဝစ္ဆဝဂ်
ပိလိန္ဒဝစ္ဆတ္ထေရအပဒါန် ဝါသိအာနိသံသလာဂါထာ ၃-ပုဒ်ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော**

# ရဲရင့်လိုသူ+ပဲခွပ်လှူ

# တရားတော်

ဒီနေ့ ဦး(..........)ဒေါ်(..........)မိသားစုရဲ့ ပရိက္ခရာရှစ်ပါးလှူဒါန်းပွဲမှာ ဟောကြားမည့်တရားတော်က "ရဲရင့်လိုသူ ပဲခွပ်လှူ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ရဲရင့်လိုသူ ပဲခွပ်လှူတရားတော်ပါဘုရား)

ပရိက္ခရာရှစ်ပါးထဲမှာ ပဲခွပ်ပါပါတယ်၊ သင်္ကန်းလှူရတဲ့အကျိုးတွေကိုတော့ ခဏခဏလှူကြ၊ခဏခဏကြားနာနေကြရတဲ့အတွက် တော်တော်လေးသိနေကြပါပြီ။

သင်္ကန်းမှတစ်ပါး သပိတ်စတဲ့ ပရိက္ခရာများလှူရတဲ့အကျိုးကို သိသူဟာသူ တော်တော်လေးနည်းပါတယ်၊ ဒါ့ကြောင့် ဒီနေ့ပဲခွပ်လှူရတဲ့ကောင်းကျိုးတွေကို ဟောဖို့ရည်ရွယ်ထားပါတယ်။

ကဲ…စပြီးတော့ ဟောကြနာကြပါစို့-

**၁။ စိတ္တဗန္ဓန သမ္ဗဒ္ဓါ၊ သုကတာ ဝါသိယော ဗဟူ။**

**ဒတွာန ဗုဒ္ဓသေဋ္ဌဿ၊ သံဃဿစ တထေဝဟံ။**

(အပဒါနပါဠိ-၁၊ ၃၅၉)

အဟံ-ငါသည်၊ စိတ္တဗန္ဓနသမ္ဗဒ္ဓါ-ဆန်းကြယ်သောဖွဲ့ကြိုးတို့ဖြင့်ဖွဲ့အပ်ကုန်သော၊ သုကတာ-ကောင်းစွာမပြတ် ပြုလုပ်အပ်ကုန်သော၊ ဗဟူ-တစ်ခုမက များပြားလှကုန်သော၊ ဝါသိယော-ပဲခွပ်တို့ကို၊ ဗုဒ္ဓသေဋ္ဌဿ-ဘုရားမြတ်အားလည်းကောင်း၊ တထေဝ-ထို့အတူလျှင်၊ သံဃဿစ-သံဃာအားလည်းကောင်း၊ ဒတွာန-စေတနာဖွေးဖြူ ပေးလှူခဲ့ရလေသောကြောင့်-

အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်းသူတော်ကောင်းဟာ ဆန်းကြယ်တဲ့ ဖွဲ့ကြိုးတွေနဲ့ဖွဲ့ထားတဲ့ ကောင်းကောင်းမွန်မွန်ပြုလုပ်ထားတဲ့ များစွာသောပဲခွပ်တွေကို ဘုရားနဲ့သံဃာအား လှူခဲ့ဖူးပါတယ်။

http://www.dhammadownload.com



အဲဒီ ပဲခွပ်လှူခဲ့တဲ့ကောင်းမှုကြောင့် အကျိုးဘယ်နှစ်ပါးရတယ် ဆိုတာကို ဆက်ပြီးတော့နာကြားကြပါစို့။

**၂။ အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။**
**သူရော ဟောမ ဝိသာရီစ၊ ဝေသာရဇ္ဇေသု ပါရမီ။**

မမ–ငါ၏၊ ကမ္မနုစ္ဆဝိကေ–ကံအားလျောက်ပတ်ကုန်သော၊ အဋ္ဌာနိ သံသေ–ရှစ်ပါးသောအကျိုးတို့ကို၊ အနုဘောမိ–ခံစားရပါပေ၏။

အကျိုးရှစ်ပါးခံစားရတယ်တဲ့၊ ဘယ်နှစ်ပါးတဲ့လဲ။

(ရှစ်ပါးပါဘုရား)

သူရော–ရဲရင့်သည်လည်းကောင်း၊ ဝိသာရီစ–ရွှံ့ရှာခြင်းကင်းသည် လည်းကောင်း၊ ဝေသာရဇ္ဇေသု–ဝေသာရဇ္ဇဉာဏ်တို့၌၊ ပါရမီ–အပြီးသို့ ရောက်သည်(ကမ်းတစ်ဖက်သို့ရောက်သည်)၊ ဟောမိ–ကောင်းစွာပုံသေ ဖြစ်ရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီနံပါတ်(၂)ဂါထာက အကျိုးသုံးပါးရပုံကိုပြတယ်၊ အဲဒီ အကျိုး(၃) ပါးက ဘာတွေလဲဆိုတော့-

၁။ ရဲရင့်တင့်တယ်၊ အစွမ်းသတ္တိတွေ ထက်မြက်တယ်ပေါ့၊ ခုခေတ် စကားနဲ့ပြောရရင် သူ့ရဲကောင်းတံဆိပ်တွေ၊ သူရဘွဲ့တွေရတယ် ပေါ့၊ သူရဲကောင်းတံဆိပ်တွေ၊ သူရဘွဲ့ရတဲ့သူတွေဟာ ပဲခွပ်လှူ ခဲ့တဲ့ကောင်းမှုကြောင့်လို့ပြောရင် မမှားပါဘူး။

ဒီတော့ ဖြစ်လေရာဘဝတိုင်းမှာ အစွမ်းသတ္တိထက်မြက်ပြီး ရဲရင့်လို သူတွေဟာ၊ သူရဘွဲ့ရလိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(ပဲခွပ်လှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ရဲရင့်လိုသူ ပဲခွပ်လှူတရားတော်ပါဘုရား)

၂။ ရွံ့ရှာခြင်းကင်းတယ်တဲ့၊ ကြောက်ရွံ့ခြင်းကင်းတယ်ပေါ့၊ ဒီတော့ ရွံ့ရှာခြင်းကင်းလိုသူတွေဟာ ပဲခွပ်လှူရမယ်နော်။

(မှန်လှပါဘုရား)

တချို့ ပရိသတ်တွေရဲ့အလယ်မှာ မဟောရဲမပြောရဲဘူး၊ ကြောက်ရွံ့ နေကြတယ်၊ အဲဒီကြောက်ရွံ့နေတဲ့သူတွေကို ပဲခွပ်လှူကြပါလို့တိုက်တွန်း လိုပါတယ်။

http://www.dhammadownload.com



မကြောက်ရွံ့လိုသူ ဘာလှူရမတဲ့လဲ။
(ပဲခွပ်လှူရမှာပါဘုရား)
ဒီမှာတော့ မကြောက်ရွံ့လိုသူ ပဲခွပ်လှူတရားတော်လို့ မှတ်ရမယ်နော်။
(မှန်လှပါဘုရား)
၃။ ဝေသာရဇ္ဇဉာဏ်တို့၌ အပြီးဆုံးသို့ရောက်တယ်၊ ကမ်းတစ်ဖက်
သို့ရောက်တယ်တဲ့။

ရှင်းရှင်းပြောရရင် ရဲရဲတောက်ဉာဏ်တွေရတယ်၊ ရဲရဲတောက်ဉာဏ်တွေနဲ့ပြည့်စုံရတယ်ပေါ့။

ဒီတော့ ရဲရဲတောက်ဉာဏ်လိုသူ ဘာလှူရမတဲ့လဲ။
(ပဲခွပ်လှူရမှာပါဘုရား)
ဒါဆိုရင် ရဲရဲတောက်ဉာဏ်လိုသူ ပဲခွပ်လှူတရားတော်လို့ အမည်ပေးရမယ်နော်။
(မှန်လှပါဘုရား)
ကဲ...လက်ာလေးတွေ လိုက်ဆိုကြ-
၁။ ရဲရင့်လိုလျှင်၊ ပဲခွပ်ပင်၊ အစဉ်အမြဲလှူ။
၂။ ခွံ့ရှာကင်းချင်၊ ပဲခွပ်ပင်၊ အစဉ်အမြဲလှူ။
၃။ ဝေသာရဇ္ဇဉာဏ်၊ ရလိုပြန်၊ အမှန်ပဲခွပ်လှူ။
ရဲရဲတောက်ဉာဏ်၊ ရလိုပြန်၊ အမှန်ပဲခွပ်လှူ။
၃။ ဓိတိ ဝီရိယဝါ ဟောတိ၊ ပဂ္ဂဟိတမနော သဒါ။
ကိလေသစ္ဆေဒနံ ဉာဏံ၊ သုခုမံ အတုလံ သုစိံ။
သဗ္ဗတ္ထ ပဋိလဘာမိ၊ တဿ နိဿန္ဒတော အဟံ။

ဓိတိ-တည်ကြည်ခြင်းသည်လည်းကောင်း၊ ဝီရိယဝါ-လုံ့လရှိခြင်းသည်လည်းကောင်း၊ သဒါ-အခါခပ်သိမ်း၊ ပဂ္ဂဟိတမနော-ချီးမြှောက်အပ်သောစိတ်ရှိသည်လည်းကောင်း၊ ဟောတိ-ဖြစ်၏၊ သုခုမံ-သိမ်မွေ့သော၊ ကိလေသစ္ဆေဒနံ-ကိလေသာကိုဖြတ်တတ်သော၊ ဉာဏံ-ဉာဏ်ကိုလည်းကောင်း၊ အတုလံ-အတုမရှိသော၊ သုစိံ-စင်ကြယ်ခြင်းကိုလည်းကောင်း၊ တဿ-ထိုပဲခွပ်အလှူ၏၊ နိဿန္ဒတော-အကျိုးဆက်ကြောင့်၊ အဟံ-ငါသည်၊ သဗ္ဗတ္ထ-ခပ်သိမ်းသောဘဝ၌၊ ပဋိလဘာမိ-မုချပုံသေ၊ ရရှိပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီနံပါတ်(၃)ဂါထာက အကျိုးငါးပါးပြတယ်၊ အဲဒီအကျိုးငါးပါးက ဘာတွေလဲဆိုတော့-

http://www.dhammadownload.com



၁။ တည်ကြည်ခြင်း၊
၂။ လုံ့လရှိခြင်း၊
၃။ အမြဲချီးမြှောက်အပ်တဲ့စိတ်ရှိခြင်း(ပျင်းမနေပဲ အမြဲအားထုတ်တဲ့စိတ်ရှိခြင်း)၊
၄။ ကိလေသာကိုဖြတ်တဲ့ သိမ်မွေ့တဲ့ဉာဏ်ကို ရရှိခြင်း၊
၅။ အတုမရှိတဲ့စင်ကြယ်ခြင်းကို ရရှိခြင်းတို့ပါပဲ။

အဲဒီလို ပဲခွပ်လှူတဲ့ကောင်းမှုကြောင့် နေရာတိုင်း၊ ဒေသတိုင်းမှာ အကျိုးတရားရှစ်ပါး တိုးပွားရရှိပါတယ်။

ဒီနေ့ ဦး(.........) ဒေါ်(..........)မိသားစုတွေလည်း နေရာတိုင်း၊ ဘဝတိုင်းမှာ ပဲခွပ်လှူရကျိုးတွေ အမြဲတစေရရှိနေမှာမလွဲပါဘူး။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

၁။ တည်ကြည်လိုလျှင်၊ ပဲခွပ်ပင်၊ အစဥ်အမြဲလှူ။
၂။ လုံ့လရှိချင်၊ ပဲခွပ်ပင်၊ အစဥ်အမြဲလှူ။
၃။ ချီးမြှောက်စိတ်ပင်၊ ရှိလိုလျှင်၊ အစဥ်ပဲခွပ်လှူ။
၄။ သိမ်မွေ့ဉာဏ်ပင်၊ ရလိုလျှင်၊ အစဥ်ပဲခွပ်လှူ။
၅။ စင်ကြယ်လိုလျှင်၊ ပဲခွပ်ပင်၊ အစဥ်အမြဲလှူ။

ကဲ...ဒီနေ့ပရိက္ခရာရှစ်ပါးလှူကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ရဲရင့်လိုသူ ပဲခွပ်လှူတရားတော်ပါဘုရား)

ဲအေး...ဟုတ်ပြီ၊ တရားလည်းပြီးပြီ၊ နောက်ဆုံးပဲခွပ်လှူကျိုး ကဗျာတစ်ပုဒ်နဲ့ ဒီတရားတော်ကို နိဂုံးချုပ်ကြပါစို့။

"အရှင်ပိလိန္ဒဝစ္ဆ၊ မြတ်ထေရ်ရှအလောင်း၊ သူတော်ကောင်းကား၊
မြတ်ဘုရားနှင့်၊ ထပ်ပွားသံဃာ၊ ရတနာအား၊ သဒ္ဓါကြည်ဖြူ၊
ပဲခွပ်လှူဖူး၊ ကုသိုလ်ထူးကြောင့်-
၁။ ကြည်နူး နေ့ညာ၊ ရဲရင့်ရခြင်း၊
၂။ ရွှံရှာကင်းကာ၊
၃။ ရဲစွာဉာဏ်ရ၊
၄။ အေးမြတည်ကြည်၊
၅။ လုံ့လသည်ရှိ၊
၆။ မပျင်းရိပဲ၊ အမြဲမပြတ်၊ ချီးမြှောက်အပ်ဘိ၊ စိတ်မြတ်ရှိ၍၊

http://www.dhammadownload.com



၇။ များကိလေသာ၊ ဖြတ်တတ်ပါသည့်၊ ဉာဏ်ရရှိပြီး၊
၈။ အတုလည်းမရှိ၊ စင်ကြယ်ဘိသည်၊ မြတ်သည့်ပဲခွပ်လှံ့ရကျိုး။"
(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ပရိက္ခရာရှစ်ပါးလှူရာတွင် ပဲခွပ်ပါနေ၍ ပရိက္ခရာလှူပွဲတိုင်း ပဲခွပ်လှူပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌-
၁။ မကြောက်ရွံ့လိုသူ ပဲခွပ်လှူ။
၂။ ရဲရဲတောက်ဉာဏ်ရလိုသူ ပဲခွပ်လှူ။
၃။ တည်ကြည်လိုသူ ပဲခွပ်လှူ။
၄။ လုံ့လရှိလိုသူ ပဲခွပ်လှူ။
၅။ ချီးမြှောက်အပ်သောစိတ်ရှိလိုသူ ပဲခွပ်လှူ။
၆။ သိမ်မွေ့သောဉာဏ်ရလိုသူ ပဲခွပ်လှူ။
၇။ အတုမရှိလိုသူ ပဲခွပ်လှူ။
၈။ စင်ကြယ်လိုသူ ပဲခွပ်လှူတရားတော်။
စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၈-၈-၉၇ (သောကြာနေ့)
နံနက်(၉း၃၀)နာရီ။

ရဲရင့်လိုသူ ပဲခွပ်လှူတရားတော်ပြီးပြီ။

http://www.dhammadownload.com



စုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်
သူစိအာနိသံသလာ ဂါထာ(၃)ပုဒ်ကို
တန်ဆာဆင်၍ ဟောကြား ပြော်ကြားအပ်သော

# ထက်မြက်လိုသူ+အပ်ကောင်းလှူ

# တရားတော်

ဒီနေ့ အပ်ကောင်းတွေလှူကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "ထက်မြက်လိုသူ အပ်ကောင်းလှူ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ထက်မြက်လိုသူ အပ်ကောင်းလှူတရားတော်ပါဘုရား)

ကဲ...ပြီးတော့ ဟောကြနာကြပါစို့-

**၁။ သူစိယော သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။**
**ပဉ္ဉာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။**

(အပဒါနပါဠိ-၁၊ ၃၆၀)

သုဂတေ-မြတ်စွာဘုရားအားလည်းကောင်း၊ ဂဏဝရုတ္တမေ-မြတ်သောဂိုဏ်းဖြစ်သော၊ သံဃေ-သံဃာအားလည်းကောင်း၊ သူစိယော-အပ်တို့ကို၊ ဒတွာန-ပေးလှူရသောကြောင့်၊ မမ-ငါ၏၊ ကမ္မာနုစ္ဆဝိကေ-ကံအားလျော်ကျပတ်ကုန်သော၊ ပဉ္စနိသံသေ-ငါးပါးသောအကျိုးတို့ကို၊ အနုဘောမိ-ကောင်းစွာမသွေ ခံစားရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်းသူတော်ကောင်းဟာ မြတ်စွာဘုရားနဲ့သံဃာတော်အား အပ်လှူခဲ့တဲ့ကောင်းမှုကြောင့် ကံအားလျော်ကျပတ်စွာ အကျိုးငါးပါးခံစားရတယ်တဲ့။

အဲဒီအကျိုးငါးပါးပြထားတဲ့ နံပါတ်(၂)ဂါထာ ဆက်ပြီးတော့ နာကြားကြည့်ကြပါစို့။

http://www.dhammadownload.com



၂။ နသံသယော ကင်္ခေဒေါ၊ အဘိရူပေါစ ဘောဂဝါ။
တိက္ခပညော သဒါဟောမိ၊ သံသရန္တော ဘဝါဘဝေ။

အဟံ–ငါသည်၊ ဘဝါဘဝေ–ဘဝငယ်ကြီး အသီးသီး၌၊ သံသရန္တော–ကျင်လည်ကျက်စား သွားလာရသည်ရှိသော်၊ နသံသယော–ယုံမှားခြင်းမရှိ၊ ကင်္ခေဒေါ–ယုံမှားခြင်းကို ဖြတ်နိုင်၏၊ အဘိရူပေါစ–အလွန်လည်း အဆင်းလှ၏၊ ဘောဂဝါ–စည်းစိမ်ရှိ၏၊ သဒါ–အခါခပ်သိမ်း၊ တိက္ခပညော–ထက်မြက်သောပညာရှိသည်၊ ဟောမိ–ကောင်းစွာမသွေ ဖြစ်ရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အပ်ကောင်းတွေလှူခဲ့တဲ့ ကောင်းမှုကြောင့်–

၁။ ယုံမှားသံသယမရှိခြင်း၊

၂။ ယုံမှားတာတွေကို ဖြတ်တောက်နိုင်ခြင်း၊

၃။ အလွန်အဆင်းလှခြင်း၊

၄။ စည်းစိမ်ရှိခြင်း၊

၅။ ထက်မြက်သောပညာရှိခြင်း ဆိုတဲ့ကောင်းကျိုးတွေ ဘဝတိုင်း ရရှိခံစားရပါတယ်။

ဒီနေ့ အပ်ကောင်းအပ်မြက်တွေလှူကြတဲ့ ဒကာ ဒကာမတွေလည်း အဲဒီကောင်းကျိုးတွေမုချမလွဲ ခံစားရမှာပါပဲ။

ဒီတော့ ယုံမှားသံသယမရှိလိုသူ ဘာလှူရမတဲ့လဲ။

(အပ်ကောင်းလှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို ( ယုံမှားသံသယမရှိလိုသူ အပ်ကောင်းလှူ )တရားတော်လို့ အမည်ပေးနိုင်ပါတယ်။

ကျန်တဲ့အကျိုးလေးပါးရလိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(အပ်ကောင်းလှူရမှာပါဘုရား)

ဒါဆိုရင် တရားနာမည်တွေ အသီးသီးပေးလိုက်စမ်းပါ။

ယုံမှားတာတွေကို ဖြတ်တောက်လိုသူ အပ်ကောင်းလှူပါဘုရား။

အလွန်အဆင်းလှလိုသူ အပ်ကောင်းလှူတရားတော်ပါဘုရား။

စည်းစိမ်ရှိလိုသူ အပ်ကောင်းလှူတရားတော်ပါဘုရား။

ထက်မြက်သောပညာရှိလိုသူ အပ်ကောင်းလှူတရားတော်ပါဘုရား။

အေး...ဟုတ်ပြီ၊ ဒီနေ့ အဓိကနာမည်ပေးဟောလိုက်တဲ့ တရားအမည်က ဘာတဲ့လဲ။

http://www.dhammadownload.com



(ထက်မြက်လိုသူ အပ်ကောင်းလှူတရားတော်ပါဘုရား)

လောကီမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာမှာပဲဖြစ်ဖြစ် ထက်ထက်မြက်မြက် သွက်သွက်လက်လက် ပညာရှိသူတွေဖြစ်စေချင်ပါတယ်၊ ဒါ့ကြောင့် အဲဒီတရားအမည်ကို အဓိကရွေးပြီး ပေးလိုက်တာပါပဲ။

ဒီတော့ မိမိနဲ့ မိမိရဲ့သားသမီးတွေ၊ တပည့်တွေ ထက်ထက်မြက်မြက် ဖြစ်လိုရင် ဘာလှူရမတဲ့လဲ။ (အပ်ကောင်းလှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့အဓိကအမည်ပေးပြီး ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတဲ့လဲ။ (ထက်မြက်လိုသူ+အပ်ကောင်းလှူတရားတော်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ယုံမှားကင်းချင်၊ အပ်ကောင်းပင်၊ အစဉ်အမြဲလှူ။
* ယုံမှားဖြတ်ချင်၊ အပ်ကောင်းပင်၊ အစဉ်အမြဲလှူ။
* အဆင်းလှချင်၊ အပ်ကောင်းပင်၊ အစဉ်အမြဲလှူ။
* စည်းစိမ်ရှိချင်၊ အပ်ကောင်းပင်၊ အစဉ်အမြဲလှူ။
* ထက်မြက်လိုလျှင်၊ အပ်ကောင်းပင်၊ အစဉ်အမြဲလှူ။
* ပညာရှိချင်၊ အပ်ကောင်းပင်၊ အစဉ်အမြဲလှူ။

၃။ ဂမ္ဘီရံ နိပုဏံ ဌာနံ၊ အတ္ထံ ဉာဏေန ပဿယိ ။
ဝဇိရဂ္ဂသမံ ဉာဏံ၊ ဟောတိ မေ တမဃာတနံ။

(အဟံ-ငါသည်)၊ ဂမ္ဘီရံ-နက်နဲသော၊ နိပုဏံ-သိမ်မွေ့သော၊ ဌာနံ-တည်ရာဖြစ်သော၊ အတ္ထံ-အနက်ကို၊ ဉာဏေန-ဉာဏ်ဖြင့်၊ ပဿယိ-မြင်၏၊ ဝဇိရဂ္ဂသမံ-ဝရဇိန်အဖျားနဲ့တူသော၊ တမဃာတနံ-မောဟအမိုက်ကို ပယ်သတ်တတ်သော၊ ဉာဏံ-ဉာဏ်သည်၊ မေ-ငါ့အား၊ ဟောတိ-ကောင်းစွာမသွေ ဖြစ်ရပါပေသတည်း။ (သာဓု...သာဓု...သာဓုပါဘုရား)

နက်နဲသိမ်မွေ့တဲ့ တည်ရာဖြစ်တဲ့ အနက်အဓိပ္ပါယ်အသွယ်သွယ်တွေ အကြောင်းအရာတွေကို ဉာဏ်နဲ့သိမြင်ရတယ်၊ ဝရဇိန်အဖျားနဲ့တူတဲ့ မောဟ အမိုက်ကို ပယ်သတ်နိုင်တဲ့ဉာဏ်ဖြစ်ရတယ်တဲ့.

ဒီတော့ ဒီတရားတော်ကို အဓိကမှတ်တမ်းတင်ကြည့်တဲ့အခါမှာ ထက်မြက်တဲ့ ပညာတွေ ဉာဏ်တွေ၊ နက်နဲသိမ်မွေ့တဲ့ ပညာဉာဏ်တွေ ပြည့်ပြည့်စုံစုံရရှိတဲ့ကောင်းကျိုးတွေကို အဓိကတွေ့ရပါတယ်။

ပညာဉာဏ်ကြီးလိုသူတွေ၊ ပညာရည်ချွန်ဆု ရလိုသူတွေ၊ ပညာနဲ့ ပတ်သက်ရင် တစ်ဂဏန်းက ဆွတ်လှမ်းအောင်မြင်လိုသူတွေဟာ အဓိက အနေအားဖြင့် အပ်လှူရမယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ပညာနဲ့ပက်သက်ရင် မိမိထံလာပြီးတော့ အပ်စေချင်ရင်လည်း အပ်လှူကြပေါ့။

ကဲ…ဒီနေ့ အပ်လှူပွဲမှာ ဟောလိုက်တဲ့တရားတော်က ဘာတရားတဲ့လဲ။

(ထက်မြက်လိုသူ အပ်ကောင်းလှူတရားတော်ပါဘုရား)

အေး…ဟုတ်ပြီ၊ လင်္ကာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြပါစို့။

* နက်နဲဉာဏ်ပင်၊ ရလိုလျှင်၊ အစဉ်အပ်ကောင်းလှူ။
* သိမ်မွေ့ဉာဏ်ပင်၊ ရလိုလျှင်၊ အစဉ်အပ်ကောင်းလှူ။
* ပညာရည်ချွန်၊ ရရှိချင်၊ အစဉ်အပ်ကောင်းလှူ။
* တစ်ဂဏာန်းပင်၊ ဆွတ်လှမ်းချင်၊ အစဉ်အပ်ကောင်းလှူ။
* ပညာကိုပင်၊ အပ်စေချင်၊ အစဉ်အပ်ကောင်းလှူ။
* ပညာနဲ့ပင်၊ ကြီးပွားချင်၊ အစဉ်အပ်ကောင်းလှူ။
* ပညာနဲ့ပင်၊ ထင်ရှားချင်၊ အစဉ်အပ်ကောင်းလှူ။

မှတ်ချက်။ ။ အပ်လှူပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌–

၁။ ယုံမှားသံသယမရှိလိုသူ အပ်ကောင်းလှူ။
၂။ ယုံမှားတာတွေကိုဖြတ်တောက်လိုသူ အပ်ကောင်းလှူ။
၃။ အလွန်အဆင်းလှလိုသူ အပ်ကောင်းလှူ။
၄။ စည်းစိမ်ရှိလိုသူ အပ်ကောင်းလှူ။
၅။ ပညာရှိလိုသူ အပ်ကောင်းလှူ။
၆။ ပညာကြီးလိုသူ အပ်ကောင်းလှူ။
၇။ ပညာထက်လိုသူ အပ်ကောင်းလှူ။
၈။ တစ်ဂဏာန်းဆွတ်လှမ်းလိုသူ အပ်ကောင်းလှူ။
၉။ ပညာရည်ချွန်ဆုရလိုသူ အပ်ကောင်းလှူ။
၁၀။ အပ်စေချင်သူ အပ်ကောင်းလှူတရားတော်။

စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

ထက်မြက်လိုသူ အပ်ကောင်းလှူတရားတော်ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ပိလိန္ဒဝစ္ဆဝဂ်
ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ကာယဗန္ဓနာနိသံသလာ ဂါထာ(၃)ပုဒ်ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ခါးပန်းကြိုးလှူပေး+ထိတ်လန့်မှုဝေး တရားတော်

ဒီနေ့ ခါးပန်းကြိုးလှူကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့် တရားတော်က "ခါးပန်းကြိုးလှူပေး ထိတ်လန့်မှုဝေး"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ခါးပန်းကြိုးလှူပေး ထိတ်လန့်မှုဝေးတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ ကာယဗန္ဓေ စ် နေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။**
**ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။**

(အပဒါနပါဠိ-၁၊ ၃၆၂)

ဓိနေ-မြတ်စွာဘုရားအားလည်းကောင်း၊ ဂဏဝရုတ္တမေ-မြတ်သော ဂိုဏ်းဖြစ်သော၊ သံဃေ-သံဃာအားလည်းကောင်း၊ ကာယဗန္ဓေ-ခါးပန်းကြိုးတို့ကို၊ ဒတွာ-ပေးလှူရသောကြောင့်၊ မမ-ငါ၏၊ ကမ္မာနုစ္ဆဝိကေ-ကံအားလျော်ပတ်ကုန်သော၊ ဆာနိသံသေ-ခြောက်ပါးကုန်သောအကျိုးတို့ကို၊ အနုဘောမိ-ကောင်းစွာမသွေ ခံစားရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်းသူတော်ကောင်းဟာ မြတ်စွာဘုရားနဲ့ သံဃာတော်အား ခါးပန်းကြိုးလှူခဲ့တဲ့ကောင်းမှုကြောင့် မိမိရဲ့ကံအားလျော်ပတ်တဲ့ အကျိုးဆက်ခြောက်ပါးခံစားရတယ်တဲ့။

**၂။ သမာဓိသု နကမ္မာမိ၊ ဝသီ ဟောမိ သမာဓိသု။**
**အဘဗ္ဗပရိသော ဟောမိ၊ အာဒေယျဝစနော သဒါ။**

သမာဓိသု–ပထမဈာန် သမာဓိအစရှိသည်တို့၌၊ နကမ္မာမိ–မတုန်လှုပ်၊ သမာဓိသု–ပထမဈာန် သမာဓိအစရှိသည်တို့၌၊ ဝသီ–အလေ့အကျင့်ရှိပြီး သူသည်၊ ဟောမိ–ဖြစ်၏၊ အဘဗ္ဗပရိသော–မပြိုမကွဲသော ပရိသတ်ရှိသည်၊ ဟောမိ–ဖြစ်၏၊ သဒါ–အခါခပ်သိမ်း၊ အာဒေယျဝစနော–ယုံကြည်ထိုက်သော စကားရှိသည်၊ ဟောမိ–ဖြစ်၏။

ဒီနံပါတ်(၂)ဂါထာက အကျိုးလေးပါးခံစားရတာကို ပြတယ်၊ အဲဒီ အကျိုးလေးပါးက ဘာတွေလဲဆိုတော့-

**၁။ ပထမဈာန်စတဲ့ သမာဓိတို့၌ မတုန်လှုပ်ခြင်း။**

**၂။ ပထမဈာန်စသော သမာဓိတို့၌ အလေ့အကျင့်ရှိပြီးသူဖြစ်ခြင်း။**

**၃။ မပြိုမကွဲသော ပရိသတ်ရှိခြင်း။**

**၄။ အခါခပ်သိမ်း ယုံကြည်ထိုက်သော စကားရှိခြင်းတို့ပါပဲ။**

**၃။ ဥပဋ္ဌိတသတိ ဟောမိ၊ တာသော မယှံ နဝိဇ္ဇတိ။**
**ဒေဝလောကေ မနုဿေ၀ါ၊ အနုဗန္ဓာ ဣမေ ဂုဏာ။**

(အဟံ–ငါသည်)၊ ဥပဋ္ဌိတသတိ–ထင်သောသတိရှိသည်၊ ဟောမိ–ဖြစ်၏၊ မယှံ–ငါ့အား၊ တာသော–ထိတ်လန့်ခြင်းသည်၊ နဝိဇ္ဇတိ–မရှိ၊ ဒေဝလောကေ–နတ်ပြည်၌လည်းကောင်း၊ မနုဿေဝါ–လူ့ပြည်၌လည်းကောင်း၊ ဣမေဂုဏာ–ဤအကျိုးတို့သည်၊ အနုဗန္ဓာ–အစဉ်တစိုက် လိုက်ကြကုန်၏။

ဒီနံပါတ်(၃)ဂါထာက အကျိုးနှစ်ပါးခံစားရပုံကို ပြတယ်၊ အဲဒီ အကျိုးနှစ်ပါးက ဘာတွေလဲဆိုတော့-

၁။ ထင်သောသတိရှိခြင်း(ခပ်သိမ်းသောအမှုတွေမှာ မမေ့တတ်တဲ့ သတိရှိခြင်း၊ သတိကောင်းခြင်း)။

၂။ ထိတ်လန့်မှုမရှိခြင်း(ထိတ်လန့်မှု ကင်းဝေးခြင်း၊ မထိတ်လန့်ခြင်း) တို့ပါပဲ။

ခါးပန်းကြိုးအလှူပေးတဲ့သူမှာ ထိတ်လန့်ခြင်းတွေ မရှိဘူးဆိုတော့ ထိတ်လန့်ခြင်းတွေ မကင်းဝေးရဘူးလား။

(ကင်းဝေးရပါတယ်ဘုရား)

အေး...ဒါဆိုရင် ဒီနေ့ ခါးပန်းကြိုးလှူပွဲမှာ အဓိကအမည်ပေးပြီး ဟောလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

http://www.dhammadownload.com



(ခါးပန်းကြိုးလှျူပေး ထိတ်လန့်မှုဝေးတရားတော်ပါဘုရား)

ဒီနေ့ ခါးပန်းကြိုးလှူကြတဲ့ ဒကာ ဒကာမတွေမှာ အကျိုးဘယ်နှစ်ပါး ရသတဲ့လဲ။

(ခြောက်ပါးပါဘုရား)

ကဲ...ခါးပန်းကြိုးလှူရတဲ့ အကျိုးပြလင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြပါစို့။

၁။ ပ-ရှာန်စဘိ၊ သမာဓိ၊ မှတ်သိမတုန်ပါ။

၂။ ပ-ရှာန်စဘိ၊ သမာဓိ၊ မှတ်သိကျင့်ပြီးတာ။

၃။ ပရိသတ်လဲ၊ မပြိုကွဲ၊ အမြဲကောင်းကျိုးပါ။

၄။ ယုံကြည်ထိုက်ပေ၊ စကားတွေ၊ ရှိနေကောင်းကျိုးပါ။

၅။ သတ်ပေ့ွလဲ၊ အမှန်ပဲ၊ စွဲမြဲကောင်းနေတာ။

၆။ ထိတ်လန့်မှုတွေ၊ မရှိပေ၊ မသွေကောင်းကျိုးပါ။

ထိတ်လန့်မှုတွေ၊ ဝေးရပေ၊ မသွေကောင်းကျိုးပါ။

လူ့ပြည်၊နတ်ပြည်၊ ကျိုးခြောက်လီ၊ အတည်မြဲလိုက်ပါ။

ခါးပန်းကြိုးလှူကာ၊ ကောင်းကျိုးရ၊ မှတ်ကြ ဤခြောက်ဖြာ။

ခါးပန်းကြိုးလှူပေး၊ ထိတ်လန့်ဝေး၊ ဟောပေးဒေသနာ။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ခါးပန်းကြိုးလှူပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌-

၁။ မတုန်လှုပ်လိုသူ ခါးပန်းကြိုးလှူ။

၂။ မပြိုမကွဲလိုသူ ခါးပန်းကြိုးလှူ။

၃။ သတိကောင်းလိုသူ ခါးပန်းကြိုးလှူ။

၄။ သတိရှိလိုသူ ခါးပန်းကြိုးလှူတရားတော်။

စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၁၄-၈-၉၇ (ဗုဒ္ဓဟူးနေ့)
နံနက်(၁၀)နာရီ။

ခါးပန်းကြိုးလှူပေး ထိတ်လန့်မှုဝေးတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ပိလိန္ဒဝစ္ဆဝဂ်
ပိလိန္ဒဝစ္ဆတ္ထေရအပဒါန် အံသဗဒ္ဓါနိသံသလာ ဂါထာ(၂)နှစ်ပုဒ်ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# အရေအဆင်းကောင်းလိုသူ+အံသကိုက်လှူ တရားတော်

ဒီနေ့ အံသကိုက်လှူကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့် တရားတော်က"အရေအဆင်းကောင်းလိုသူ အံသကိုက်လှူ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(အရေအဆင်းကောင်းလိုသူ အံသကိုက်လှူတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ အံသဗဒ္ဓေ ဓိနေဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။**
**တိဏာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။**

(အပဒါနပါဠိ-၁၊ ၁၆၁)

ဓိနေ-မြတ်စွာဘုရားအားလည်းကောင်း၊ ဂဏဝရုတ္တမေ-အမြတ်ဆုံး ဂိုဏ်းဖြစ်သော၊ သံဃေ-သံဃာအားလည်းကောင်း၊ အံသဗဒ္ဓေ-အံသကိုက်တို့ကို၊ ဒတွာ-ပေးလှူသောကြောင့်၊ မမ-ငါ၏၊ အနုစ္ဆဝိကေ-ကံအားလျော်ကပ်ကုန်သော၊ တိဏာနိသံသေ-သုံးပါးသောအကျိုးတို့ကို၊ အနုဘောမိ-ကောင်းစွာမသွေ့ ခံစားရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်း သူတော်ကောင်းဟာ မြတ်စွာဘုရားနဲ့ သံဃာအား အံသကိုက်လှူခဲ့တဲ့ကောင်းမှုကြောင့် အကျိုး(၃)ပါး ခံစားရတယ်တဲ့။

http://www.dhammadownload.com



၂။ သဒ္ဓမ္မေ ဂါဓံ ဝိန္ဒာမိ၊ သရာမိ ဒုတိယံ ဘဝံ။
သဗ္ဗတ္ထ သုစ္ဆဝိ ဟောမိ၊ တဿ နိဿန္ဒတော အဟံ။

တဿ–ထိုအံသကိုက်အလှူ၏၊ နိဿန္ဒတော–အကျိုးဆက်ကြောင့်၊ အဟံ–ငါသည်၊ သဒ္ဓမ္မေ–သူတော်ကောင်းတရား၌၊ ဂါဓံ–ထောက်ရာတည်ရာကို၊ ဝိန္ဒာမိ–ရ၏၊ ဒုတိယဘဝံ–နှစ်ခုမြောက်ဘဝကို၊ သရာမိ–အောက်မေ့နိုင်၏၊ သဗ္ဗတ္ထ–အလုံးစုံသောဘဝ၌၊ သုစ္ဆဝိ–ကောင်းသောအရည်အဆင်းရှိသည်၊ ဟောမိ–ဖြစ်၏။

အဲဒီ အကျိုးသုံးပါးက ဘာတွေလဲဆိုတော့–
၁။ သူတော်ကောင်းတရား၌ ထောက်ရာတည်ရာကိုရခြင်း။
၂။ နှစ်ခုမြောက်သောဘဝကို အောက်မေ့နိုင်ခြင်း။
၃။ ဘဝတိုင်း ကောင်းသောအရည်အဆင်းရှိခြင်းတို့ပါပဲ။

ဒီတော့ သူတော်ကောင်းတရားတွေမှာ ထောက်ရာတည်ရာရလိုသူ၊ နှစ်ခုမြောက်ဘဝကို အောက်မေ့လိုသူ၊ ဘဝတိုင်း အရေအဆင်းကောင်းလိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(အံသကိုက်လှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့အဓိကအမည်ပေးလိုက်တဲ့ တရားအမည်က ဘာတဲ့လဲ။

(အရေအဆင်းကောင်းလိုသူ အံသကိုက်လှူတရားတော်ပါဘုရား)

ကဲ…လင်္ကာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြပါစို့–

၁။ သူတော်ကောင်းများ၊ မြတ်တရား၊ ရငြားထောက်တည်ရာ။
၂။ ဒုတိဘဝ၊ အောက်မေ့ရ၊ မှတ်ကြကောင်းကျိုးပါ။
၃။ လုံးစုံဘဝ၊ ဆင်းရေလှ၊ ရှိကြကောင်းကျိုးပါ။
အံသကိုက်လှူ၊ ကောင်းကျိုးမှူ၊ မှတ်ယူသုံးမျိုးလာ။

(သာဓု…သာဓု…သာဓုပါဘုရား)

၁၃–၈–၉၇ (ဗုဒ္ဓဟူးနေ့)
နေ့(၃)နာရီ။

အရေအဆင်းကောင်းလိုသူ အံသကိုက်လှူတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ဆတ္တဝဂ်
ပလ္လင်္ကဒါယကတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ပလ္လင်လှူက+ပလ္လင်ရ
# တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(..........)မိသားစုတို့ရဲ့ ပလ္လင်လှူပွဲမှာ ဟောကြားမည့်တရားတော်က "ပလ္လင်လှူက ပလ္လင်ရ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ပလ္လင်လှူက ပလ္လင်ရတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ သုမေဓဿ ဘဂဝတော၊ လောကဇေ္ဋဿ တာဒိနော။**
**ပလ္လင်္ကော ဟိ မယာ ဒိန္နော၊ သဥတ္တရသပစ္ဆဒေါ။**

(အပဒါနပါဠိ-၁၊ ၁၉၃)

လောကဇေ္ဋဿ-လောက၏အကြီးအမျှူး ဖြစ်တော်မူသော၊ တာဒိနော-တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော၊ သုမေဓဿ-သုမေဓာအမည်ရှိတော်မူသော၊ ဘဂဝတော-မြတ်စွာဘုရားအား၊ သဥတ္တရသပစ္ဆဒေါ-ဗိတာန်မျက်နှာကျက်နှင့်တကွ အိပ်ရာလွှမ်းနှင့်တကွသော၊ ပလ္လင်္ကော-ပလ္လင်ကို၊ မယာ-ငါသည်၊ ဒိန္နော-ပေးလှူအပ်ပြီ။

ပလ္လင်္ကဒါယကမထေရ်အလောင်း သူတော်ကောင်းဟာ လောကရဲ့ အကြီးအမှူးဖြစ်တဲ့၊ တာဒိဂုဏ်နဲ့ပြည့်စုံတော်မူတဲ့ သုမေဓာမြတ်စွာဘုရား အား ဗိတာန်မျက်နှာကျက်နှင့်တကွ အိပ်ရာလွှမ်းနဲ့တကွ ပလ္လင်ကိုလှူခဲ့ ပါတယ်။

**၂။ သတ္တရတနသမ္ပန္နော၊ ပလ္လင်္ကော အာသိ သော တဒါ။**
**မမ သင်္ကပ္ပ မညာယ၊ နိဗ္ဗတ္တတိ သဒါ မမ။**

http://www.dhammadownload.com



တဒါ–ထိုအခါ၌၊ သောပလ္လင်္ကော–ထိုပလ္လင်သည်၊ သတ္တရတနသမ္ပန္နော–ရတနာခုနစ်ပါးတို့နှင့်ပြည့်သည်၊ အာသိ–ဖြစ်၏၊ မမ–ငါ၏၊ သက်ပွံ့–စိတ်အကြံကို၊ အညာယ–သိ၍၊ သဒါ–အခါခပ်သိမ်း၊ မမ–ငါ့အား၊ နိစ္စတ္တတိ–ကောင်းစွာမသွေ့ ဖြစ်ပေါ်ရရှိပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အဲဒီပလ္လင်ဟာ ရတနာခုနစ်ပါးနဲ့ပြီးတဲ့ပလ္လင်ပါ၊ ဒီရတနာခုနစ်ပါးနဲ့ပြီးတဲ့ပလ္လင်လှူခဲ့တဲ့ကောင်းမှုကြောင့် မိမိရဲ့စိတ်အကြံကိုသိပြီးတော့ အမြဲတစေ ပလ္လင်တွေဖြစ်ပေါ်လာတယ်၊ ပလ္လင်တွေရရှိရတယ်။

ဒီတော့ ပလ္လင်လှူတဲ့သူတွေမှာ ပလ္လင်တွေမရရှိဘူးလား။

(ရရှိပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ပလ္လင်လှူက ပလ္လင်ရတရားတော်ပါဘုရား)

အေး...ဟုတ်ပြီ။

ဒီနေ့ ပလ္လင်လှူကြတဲ့ ဦး(..........) ဒေါ်(..........) မိသားစုတွေ ဘဝတိုင်း ပလ္လင်ကောင်း ပလ္လင်မြတ်တွေ အမြဲတစေ မလွဲမသွေ ရရှိမှာပဲနော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* သုမေဓာတွင်၊ ဘုရားရှင်၊ ပလ္လင်လှူခဲ့ကာ။
* အမြဲတစေ၊ ပလ္လင်တွေ၊ ငါလေရရှိလာ။
* ပလ္လင်လှူက၊ ပလ္လင်ရ၊ ဘဝဖြစ်လေရာ။
* ပလ္လင်ရချင်၊ မြတ်ပလ္လင်၊ အစဉ်လှူဒါန်းပါ။

**၃။ တိံသကပ္ပသဟဿမှိ၊ ပလ္လင်္ကမဒဒိံ တဒါ။**
**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပလ္လင်္ကဿ ဣဒံဖလံ။**

တိံသကပ္ပသဟဿမှိ–ကမ္ဘာသုံးသောင်းထက်၌၊ တဒါ–ထိုအခါ၌၊ ပလ္လင်္ကံ–ပလ္လင်ကို၊ အဒဒိံ–ပေးလှူခဲ့ဖူးပြီ၊ (တတော–ထိုအခါမှ၊ ပဘုတိ–စ၍)၊ ဒုဂ္ဂတိံ–အပါယ်လေးပါးလားရောက်ရသည်ကို၊ နာဘိဇာနာမိ–မသိစဘူးပါ၊ ဣဒံဖလံ–ဤအကျိုးသည်၊ ပလ္လင်္ကဿ–ပလ္လင်အလှူ၏၊ ဖလံ–အကျိုးကောင်းမွတ်၊ အကျိုးမြတ်ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ကမ္ဘာသုံးသောင်းထက်မှာ ပလ္လင်လှူခဲ့တဲ့အချိန်ကစပြီးတော့ အပါယ်လေးပါးမရောက်ရဘူးတဲ့၊ အဲဒါ ပလ္လင်လှူတဲ့ကောင်းကျိုးပါပဲ။

http://www.dhammadownload.com



ဒီတော့ အပါယ်လေးပါးမရောက်ရတာ ဘယ်ဒါနကြောင့်တဲ့လဲ။
(ပလ္လင်ဒါနကြောင့်ပါဘုရား)
ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-
* အပါယ်လေးဖြာ၊ မရောက်ပါ၊ ဘယ်ဒါနကြောင့်လဲ။
* အပါယ်လေးဖြာ၊ မရောက်ပါ၊ ပလ္လင်ဒါနပဲ။

၄။ ဝိသကပ္ပသဟာသံမှိ၊ သုဝဏ္ဏာဘာ တယော စနာ။
သတ္တရတနသမ္ဘူ၊ စက္ကဝတ္တိ မဟာဗ္ဗလာ။

ဝိသကပ္ပသဟမှိ-ကမ္ဘာနှစ်သောင်းထက်၌၊ သတ္တရတနသမ္ဘူ-ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်သော၊ မဟာဗ္ဗလာ-ကြီးသောခွန်အားရှိကုန်သော၊ သုဝဏ္ဏာဘာ-ကောင်းသောအဆင်းရှိကုန်သော၊ စက္ကဝတ္တိစနာ-စကြဝတေးမင်းတို့သည်၊ တယော-သုံးကြိမ်တို့သည်၊ အာသုံ-ဖြစ်ကုန်ပြီ။

ပလ္လင်လှူခဲ့တဲ့ကောင်းမှုကြောင့် ကမ္ဘာနှစ်သောင်းထက်မှာ ရတနာခုနစ်ပါးနဲ့ပြည့်စုံတဲ့ ကြီးသောခွန်အားရှိတဲ့၊ ကောင်းသောအဆင်းရှိတဲ့ စကြဝတေးမင်း သုံးကြိမ်ဖြစ်ရပါတယ်။

ဒီတော့ စကြဝတေးမင်းဖြစ်ရတာ ဘယ်ဒါနကြောင့်လဲ။
(ပလ္လင်ဒါနကြောင့်ပါဘုရား)
ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ပလ္လင်ဒါနပဲ။

၅။ ပဋိသမ္ဘိဒါ စတသော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံဗုဒ္ဓဿ သာသနံ။

ဦးပဥ္စင်းတို့ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ လက်ထက်တော်မှာ မြတ်စွာဘုရားရဲ့ တရားတော်ကိုနာကြားရကာ ကြည်ညိုပြီးရဟန်းပြုလိုက်ပါတယ်၊ ရဟန်းပြုပြီးမကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ပလ္လက်ဒါယကမထေရ်တစ်ပါး ဖြစ်ရပါတယ်။

ဒီတော့ ရဟန္တာဖြစ်ရတာ ဘယ်ဒါနကြောင့်တဲ့လဲ။
(ပလ္လင်ဒါနကြောင့်ပါဘုရား)
ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ပလ္လင်ဒါနပဲ။

http://www.dhammadownload.com



ကဲ..."ပလ္လင်လှူက ပလ္လင်ရ"ဆိုတဲ့ ကဗျာတစ်ပုဒ်နဲ့ တရားနိဂုံး ချုပ်ကြပါစို့။

"ပလ္လင်ဒါယက ထေရ်ရအလောင်း သူတော်ကောင်းဟာ သုမေဓာတွင် ဘုရားရှင်အား ပလ္လင်အထူး လှူခဲ့ဖူး၍–

၁။ ကြည်နူးဖွယ်မူ၊ ပလ္လင်လှူက၊ ပလ္လင်ရ၏၊

၂။ တစ်ဝလူ့နတ်၊ ဖြစ်ရလတ်၍၊

၃။ လေးရပ်အပါယ်၊ ဝေးပြတ်ကွယ်လျက်၊

၄။ တင့်တယ်စကြာ၊ မင်းသုံးခါဖြစ်၊

၅။ နောက်ဆုံးစစ်သော်၊ ရှင်ချစ်မြတ်စွာသာသနာ၌၊ ဖန်ဝါဆင်မြန်း မြတ်ရဟန်းသစ်၊ ရဟန္တာဖြစ်သည်၊ စင်စစ်ပလ္လင် လှူကျိုးတည်း။"

(သာဓု...သာဓု...သာဓုပါဘုရား)

၁၃–၈–၉၇ (ဗုဒ္ဓဟူးနေ့)
ည(၇)နာရီ။

ပလ္လင်လှူက ပလ္လင်ရတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ပဒုမကေသရဝဂ်
သမ္ဗသာဒကတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# လယ်မြေကောင်းမှာ+စိုက်ပျိုးပါ တရားတော်

ဒီနေ့ သံဃာတော်တွေကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း လေးပါးနဲ့ လိုလေသေးမရှိရအောင် ပူဇော်ထောက်ပံ့အားပေးကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "လယ်မြေကောင်းမှာ စိုက်ပျိုးပါ" တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(လယ်မြေကောင်းမှာ စိုက်ပျိုးပါတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

၁။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
ဗျသနမှိ အနုပ္ပတ္တော၊ တဿ မေ သရဏံ ဘဝ။

(အပဒါနပါဠိ-၁၊ ၂၈၄)

ဝီရ-ကြီးသောလုံ့လရှိတော်မူသော၊ ဗုဒ္ဓ-မြတ်စွာဘုရား၊ တေ-အရှင် ဘုရားအား၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း၊ တွံ-အရှင် ဘုရားသည်၊ သဗ္ဗဓိ-ခပ်သိမ်းသော ကိလေသာတို့မှ၊ ဝိပ္ပမုတ္တော-ကင်းလွတ် တော်မူသည်၊ အသိ-ဖြစ်၏၊ (အဟံ-အကျွန်ုပ်သည်)၊ ဗျသနံ-ပျက်စီးခြင်း သို့၊ အနုပ္ပတ္တော-အစဉ်ရောက်သည်၊ အမှိ-ဖြစ်၏၊ (တွံ-အရှင်ဘုရားသည်)၊ တဿမေ-ထိုအကျွန်ုပ်၏၊ သရဏံ-ကိုးကွယ်ရာသည်၊ ဘဝ-ဖြစ်တော်မူ ပါလော့။

သမ္ဗသာဒကမထေရ်အလောင်း သူတော်ကောင်းဟာ သိဒ္ဓတ္ထမြတ်စွာ ဘုရားရဲ့-

http://www.dhammadownload.com



၁။ လို့လကြီးတော်မူတဲ့ ဝိရဂုဏ်။

၂။ အလုံးစုံသောကိလေသာတို့မှ (ဆင်းရဲတို့မှ)ကင်းလွတ်တော်မူတဲ့ သဗ္ဗမိဝိပ္ပမုတ္တဂုဏ်တွေကို အာရုံပြုပြီးတော့ ဒီဂါထာနဲ့ရှိခိုးလိုက်ပါတယ်။

အဲဒီ ရှိခိုးတဲ့အချိန်ကတော့ စီးပွားရေးပျက်စီးတဲ့အချိန်၊ ဆွေမျိုးစသည် ပျက်စီးတဲ့အချိန်တုန်းကပါပဲ။

လူတွေဟာ ချမ်းသာတဲ့အချိန်မှာ ဘုရားမတ,ပေမယ့် ဆင်းရဲပျက်စီးတဲ့အချိန်မှာတော့ ဘုရားတ,တဟာ ဓမ္မတာပဲနော်။

(မှန်လှပါဘုရား)

လောကလူတွေ ပြောနေကျစကားက "ခလုတ်ထိမှ အမိတ" ဒီလို မဟုတ်လား။

(မှန်လှပါဘုရား)

ဒီနေရာမှာတော့ "ခလုတ်ထိမှ ဘုရားတ" ၊ "ဆင်းရဲပျက်စီးခါမှ ဘုရားတ" လို့ ပြောင်းပြီးယူရမယ်နော်။

(မှန်လှပါဘုရား)

ဘာပဲဖြစ်ဖြစ် ဘုရားတ,သေးတယ်ဆိုတော့ တော်သေးတာပဲ။

ကဲ...အင်မတန်ကောင်းတဲ့ ဘုရားရှိခိုးလင်္ကာလေး လိုက်ဆိုကြ-

* လို့လကြီးမား၊ မြတ်ဘုရား၊ ဂုဏ်များရှိခိုးပါ၏။

* ကိလေသာများ၊ ကင်းလွတ်သွား၊ ဂုဏ်များရှိခိုးပါ၏။

* ဆင်းရဲအများ၊ ကင်းလွတ်သွား၊ ဂုဏ်အားရှိခိုးပါ၏။

**၂။ သိဒ္ဓတ္ထော တသ္သ ဗျာကာသိ၊ လောကေ အပ္ပဋိပုဂ္ဂလော။**

**မဟောဒဓိသမော သံဃော၊ အပ္ပမေယျာ အနုတ္တရာ။**

လောကေ-လောက၌၊ အပ္ပဋိပုဂ္ဂလော-အတုမရှိသော၊ သိဒ္ဓတ္ထော-သိဒ္ဓတ္ထမြတ်စွာဘုရားသည်၊ တသ္သ-ထိုသူအား၊ ဗျာကာသိ-ဟောကြားတော်မူ၏၊ သံဃော-သံဃာတော်သည်၊ မဟောဒဓိသမော-မဟာသမုဒ္ဒရာနှင့်တူပေ၏၊ အပ္ပမေယျာ-မနှိုင်းယှဉ်အပ်သော ဂုဏ်တော်ရှိပါပေ၏၊ အနုတ္တရော-အသာဆုံးစင်စစ် အမြတ်ဆုံးဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

လောကမှာ အတုမရှိတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားရှင်ဟာ ပျက်စီးခြင်းကြောင့် ဆင်းရဲဒုက္ခကြုံတွေ့နေရတဲ့ဒကာလေးကို တရားဟောတော်မူပါတယ်။

http://www.dhammadownload.com



ဘယ်လိုဟောတော်မူသလဲဆိုတော့-

သံဃာတော်ဟာ မဟာသမုဒ္ဒရာနဲ့တူတယ်၊ မနှိုင်းယှဉ်အပ်တဲ့ဂုဏ်တော်တွေရှိတယ်၊ အသာဆုံး အမြတ်ဆုံးဖြစ်တယ်လို့ ဒီလိုဟောတော်မူလိုက်ပါတယ်။

သိဒ္ဓတ္ထဘုရားရှင်ဟာ သံဃာကိုရှေ့တန်းတင်လိုက်တာ၊ သံဃာကိုနေရာပေးလိုက်တာ၊ သံဃာကိုအဓိကထားပြီးတော့ ချီးမွမ်းလိုက်တာ၊ ဂုဏ်ပြုလိုက်တာနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ တရားနာပရိသတ်ရဲ့စိတ်ထဲမှာ၊ နှလုံးသားထဲမှာ-

၁။ သံဃာအား ဘုရားရှေ့တန်းတင်သည်၊

၂။ သံဃာအား ဘုရားနေရာပေးသည်၊

၃။ သံဃာအား ဘုရားအဓိကထားသည်၊

၄။ သံဃာအား ဘုရားချီးမွမ်းသည်၊

၅။ သံဃာအား ဘုရားဂုဏ်ပြုသည် ဆိုတဲ့ စာတမ်းကလေးတွေ ချိတ်ဆွဲလိုက်စမ်းပါ။

ဒီနေရာကိုကြည့်ပြီးတော့ တရားနာပရိသတ်ရဲ့နှလုံးသားဝယ် သံဃာတည်ရမယ်နော်။

(မှန်လှပါဘုရား)

ဘာတည်ရမလဲ။

(နှလုံးသားဝယ် သံဃာတည်ရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို အမည်ပေးလိုက်ကြစို့၊ "နှလုံးသားဝယ် သံဃာတည်" ပါလို့။

ဘာတရားတဲ့လဲ။

(နှလုံးသားဝယ် သံဃာတည်ပါတရားတော်ပါဘုရား)

ဘယ်လိုနှလုံးသားဝယ် သံဃာတည်ရမလဲဆိုတော့ သံဃာ့ဂုဏ်တွေသိရမယ်၊ ပွားရမယ်၊ နှလုံးသွင်းနေရမယ်၊ သံဃာ့ကျေးဇူးတွေများတာ သိရမယ်၊ သံဃာ့ကျေးဇူးတွေ သိတဲ့အတိုင်း ဆပ်ရမယ်၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

http://www.dhammadownload.com



* သိဒ္ဓတ္ထဘုရား၊ စိတ်မြဲတ်ထား၊ ဟောကြားပြလေပြီ။
* မဟာသမုဒ္ဒရာ၊ မြတ်သံဃာ၊ ပမာတူလှသည်။
* မနိုင်းယှဥ်အပ်၊ ဂုဏ်အမြတ်၊ ပုံထပ်များလှသည်။
* အံမြတ်ဆုံးဟာ၊ လောကမှာ၊ သံဃာတော်ဖြစ်သည်။
* ဘုရား, တရား၊ ပြီးသော်ကား၊ မြတ်စားသံဃာမည်။
* သံဃာတော်အား၊ မြတ်ဘုရား၊ ရှေ့ထားရှေ့တင်သည်။
* ဗုဒ္ဓမြတ်စွာ၊ သားသံဃာ၊ နေရာပေးပေသည်။
* ရှင်တော်ဗုဒ္ဓ၊ သားသံဃ၊ အဓိကထားပေသည်။
* သံဃာတော်အား၊ မြတ်ဘုရား၊ ထူးခြားချီးမွမ်းသည်။
* သံဃာတော်အား၊ မြတ်ဘုရား၊ ထူးခြားဂုဏ်ပြုသည်။
* သံဃာ့ဂုဏ်များ၊ နှလုံးသား၊ သိထားတည်ရမည်။
* သံဃာ့ဂုဏ်များ၊ နှလုံးသား၊ ပြုံးပွားတည့်ရမည်။
* သံဃာ့ကျေးဇူး၊ မမေ့ဘူး၊ အထူးသိရမည်။
* သံဃာ့ကျေးဇူး၊ မမေ့ဘူး၊ အထူးဆပ်ရမည်။
* အထူးသိတတ်၊ အထူးဆပ်၊ နှလုံးမြတ်မှာတည်။
* နှလုံးသားဝယ်၊ သံဃာတည်၊ တကယ်ကောင်းလှသည်။

၃။ တတ္ထ တွံ ဝိရဇေ ခေတ္တေ၊ အနန္တဖလဒါယကေ။
သံဃေ စိတ္တံ ပသာဒေတွာ၊ သုဗီဇံ ဝါပ ရောပယ။

တွံ–သင်သည်၊ ဝိရဇေ–ကိလေသာမြူ ကင်းစင်ဖြူသော၊ ခေတ္တေ–လယ်မြေကောင်းသဖွယ်ဖြစ်သော၊ အနန္တဖလဒါယကေ–အဆုံးမရှိ၊ ကောင်းသည့်အကျိုး၊ အမျိုးမျိုးကို၊ ပွားတိုးပိုင်ပိုင်၊ ပေးစွမ်းနိုင်သော၊ တတ္ထသံဃေ–မြတ်လှမှန်စွာ ထိုသံဃာ၌၊ စိတ္တံ–စိတ်ကို၊ ပသာဒေတွာ–ကြည်ညိုစေ၍၊ သုဗီဇံ–ကောင်းသောမျိုးစေ့ကို၊ ဝါပ–စိုက်လော့၊ ရောပယ–ကြဲချလော့။

ပျက်စီးခြင်းဆင်းရဲ ဒုက္ခအဝဝတွေ ရောက်နေတဲ့ဒကာလေး၊ သင်သည် ကိလေသာမြူ ကင်းစင်ဖြူကာ လယ်ယာမြေကောင်းအတူဖြစ်တော်မူတဲ့ အဆုံးပိုင်းခြားမရှိကြားအောင် ကောင်းကျိုးတွေပေးနိုင်တဲ့သံဃာတော်မှာ စိတ်ကြည်ညိုလိုက်စမ်းပါ၊ စိတ်ကြည်ညိုပြီးတော့ ကောင်းတဲ့ကုသိုလ်မျိုးစေ့တွေကို စိုက်ပျိုးလိုက်ပါ၊ ကြဲချလိုက်ပါလို့ ဟောတော်မူပါတယ်။

သံဃာတော်ဟာ လယ်ယာမြေကောင်းနဲ့တူတယ်၊ သံဃာတော်ဟာ ဘာနဲ့တူသတဲ့လဲ။

http://www.dhammadownload.com



(လယ်ယာမြေကောင်းနဲ့ တူပါတယ်ဘုရား)

ကောင်းတဲ့လယ်ယာမြေမှာ ကောင်းတဲ့မျိုးစေ့တွေ စိုက်ပျိုးကြဲချမှ အထွက်တိုးပြီး ကောင်းကျိုးတွေရနိုင်မယ် မဟုတ်လား။

(မှန်လှပါဘုရား)

အဲဒီအတိုင်းပါပဲ၊ အဆုံးအပိုင်းခြားမရှိတဲ့ ကောင်းကျိုးတွေ အထွက်တိုးနိုင်တဲ့ လယ်မြေကောင်းဟာ သံဃာဆိုတဲ့လယ်မြေကောင်းပါ။

ဘယ်လယ်မြေတဲ့လဲ။

(သံဃာဆိုတဲ့ လယ်မြေကောင်းပါဘုရား)

သံဃာဆိုတာ လယ်မြေကောင်း၊ လယ်မြေကောင်းဆိုတာ သံဃာ၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ဒီတော့ အဆုံးပိုင်းခြားမရှိတဲ့ ကောင်းကျိုးတွေ အထွက်တိုးအောင် ကောင်းမှုဆိုတဲ့ မျိုးစေ့တွေကို ဘယ်လယ်မြေကောင်းမှာ စိုက်ပျိုးရမတဲ့လဲ။

(သံဃာဆိုတဲ့ လယ်မြေကောင်းမှာ စိုက်ပျိုးရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(လယ်မြေကောင်းမှာ စိုက်ပျိုးပါ တရားတော်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ကောင်းတဲ့လယ်ယာ၊ မြတ်သံဃာ၊ ပမာတူလှသည်။
* ကောင်းတဲ့မြေယာ၊ မြတ်သံဃာ၊ ပမာတူလှသည်။
* ကောင်းတဲ့လယ်ယာ၊ တူမျှတာ၊ သံဃာဖြစ်ပေသည်။
* ကောင်းတဲ့မြေယာ၊ တူမျှတာ၊ သံဃာဖြစ်ပေသည်။
* လယ်မြေကောင်းဟာ၊ မြတ်သံဃာ၊ မှန်စွာဖြစ်ပေသည်။
* အဆုံးပိုင်းခြား၊ မရှိငြား၊ ကျိုးများပေးနိုင်သည်။
* လယ်မြေကောင်းမှာ၊ စိုက်ပျိုးပါ၊ ကြဲပါဟောပြသည်။
* သံဃာ့လယ်မြေ၊ စိုက်ပျိုးလေ၊ ကြဲလေတိုက်တွန်းသည်။
* သံဃာကြည်ညို၊ သဒ္ဓါပို၊ မျိုးကိုစိုက်ရမည်။
* သံဃာကြည်ညို၊ သဒ္ဓါပို၊ မျိုးကိုကြဲရမည်။

**၄။ ဣဒံ ဝတွာန သဗ္ဗညူ၊ လောကဓေဇ္ဇော နရာသဘော။**
**မမေဝ အနုသာသိတွာ၊ ဝေဟာသံ နဘမုဂ္ဂမိ။**

http://www.dhammadownload.com



လောကဇေဋ္ဌော–လောက၏ အကြီးအမြတ်ဖြစ်တော်မူသော၊ နရာသဘော–လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည်၊ ဣဒံဝစနံ–ဤစကားကို၊ ဝတွာန–မိန့်တော်မူ၍၊ မမေဝ–ငါ့အားသာလျှင်၊ အနုသာသိတွာ–ဆုံးမတော်မူ၍၊ ဝေဟာသံ–ဟင်းလင်းအပြင်ဖြစ်သော၊ နဘံ–ကောင်းကင်သို့၊ ဥဂ္ဂမိ–ကောင်းစွာမသွေ တက်ကြွတော်မူပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

လောကရဲ့အကြီးအမြတ်ဖြစ်တော်မူတဲ့ လူတွေထက်မြတ်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားဟာ "လယ်မြေကောင်းမှာ စိုက်ပျိုးကြချေပါ"ဆိုတဲ့ တရားစကားတော်ကို ဟောကြားဆုံးမတော်မူကာ ဟင်းလင်းပြင်ဖြစ်တဲ့ ကောင်းကင်ကို တက်ကြွတော်မူပါတယ်။

**၅။ အစိရံ ဂတမတ္တမှိ၊ သဗ္ဗညုမှိ နရာသဘေ။**

**မရဏံ သမနုပ္ပတ္တော၊ တုသိတံ ဥပပဇ္ဇဟံ။**

နရာသဘေ–လူတို့ထက်မြတ်တော်မူသော၊ သဗ္ဗညုမှိ–မြတ်စွာဘုရားသည်၊ အစိရံဂတမတ္တမှိ–ကြွသွားတော်မူ၍ မကြာမီ၊ အဟံ–ငါသည်၊ မရဏံ–သေခြင်းသို့၊ သမနုပ္ပတ္တော–ရောက်ရသည်ဖြစ်၍၊ တုသိတံ–တုသိတာဘုံသို့၊ ဥပပဇ္ဇိံ–ရောက်ပြီ။

လူတွေထက်မြတ်တော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရား ကြွသွားတော်မူပြီး မကြာမီမှာပဲသေဆုံးပြီးတော့ တုသိတာဘုံရောက်ရပါတယ်၊ အဲဒါ သံဃာကြည်ညိုတဲ့ကောင်းကျိုးပါပဲ။

**၆။ တဒါဟံ ဝိရဇေ ခေတ္တေ၊ အနန္တဖလဒါယကေ။**

**သံဃေ စိတ္တံ ပသာဒေတွာ၊ ကပ္ပံ သဂ္ဂမှိ မောဒ ဟံ။**

တဒါ–ထိုအခါ၌၊ အဟံ–ငါသည်၊ ဝိရဇေ–ကိလေသာမြူ ကင်းစင်ဖြူသော၊ ခေတ္တေ–လယ်ယာမြေကောင်းအတူ ဖြစ်တော်မူသော၊ အနန္တဖလဒါယကေ–အဆုံးမရှိ ကောင်းသည့်အကျိုး အမျိုးမျိုးကို ပွားတိုးမပြတ် ပေးစွမ်းတတ်သော၊ သံဃေ–သံဃာတော်၌၊ စိတ္တံ–စိတ်ကို၊ ပသာဒေတွာ–ကြည်ညိုစေသောကြောင့်၊ ကပ္ပံ–တစ်ကမ္ဘာပတ်လုံး၊ သဂ္ဂမှိ–နတ်ပြည်၌၊ အဟံ–ငါသည်၊ မောဒိံ–မွေ့လျော်ရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

သံဃာကိုကြည်ညိုခဲ့တဲ့ကောင်းမှုကြောင့် တစ်ကမ္ဘာပတ်လုံး နတ်ပြည်မှာ မွေ့လျော်ရပါတယ်။

http://www.dhammadownload.com



**၇။ စတုန္နဝုတိတော ကပ္ပေ၊ ပသာဒ မလတိ တဒါ။**

**ဒုဂ္ဂတိ နာဘိဇာနာမိ၊ ပသာဒဿ ဣဒံဖလံ။**

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ စတုန္နဝုတေကပ္ပေ–ကိုးဆယ့်လေးကမ္ဘာ ထက်၌၊ တဒါ–ထိုအခါ၌၊ ပသာဒံ–ကြည်ညိုမှုကို၊ အလတိ–ရပြီ၊ (တတော– ထိုအခါမှ၊ ပဘုတိ–စ၍)၊ ဒုဂ္ဂတိ–အပါယ်လေးပါး လားရောက်ရသည်ကို၊ နာဘိဇာနာမိ–မသိစဖူးပါ၊ ဣဒံဖလံ–ဤအကျိုးသည်၊ ပသာဒဿ–သံဃာ တော်၌ ကြည်ညိုခြင်း၏၊ ဖလံ–အကျိုးကောင်းမှတ် အကျိုးမြတ်ဖြစ်ပါပေ သတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီဘဒ္ဒကမ္ဘာမှပြန်တွက် ကိုးဆယ့်လေးကမ္ဘာထက်မှာ သံဃာတော်ကို ကြည်ညိုခဲ့တဲ့အချိန်ကစပြီးတော့ အပါယ်လေးပါး မလားမရောက်ရဘူးတဲ့။ အဲဒါ သံဃာကိုကြည်ညိုခဲ့တဲ့ကောင်းကျိုးပါပဲ။

**၈။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။**

**ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။**

ဦးပဥ္စင်းတို့ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ လက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် သမ္မသာ ဒကမထေရ်တစ်ပါး ဖြစ်ရပါတယ်။

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(လယ်မြေကောင်းမှာ စိုက်ပျိုးပါတရားတော်ပါဘုရား)

အေး...ဟုတ်ပြီ၊ အဲဒီ သံဃာတော်ဆိုတဲ့ လယ်မြေကောင်းမှာ စိုက်ပျိုး ရတဲ့ ကြည်ညိုရတဲ့အတွက် ကောင်းကျိုးထွက်ပုံကို အကျဉ်းချုပ်ကြည့်ကြ ပါစို့–

၁။ တုသိတာနတ်ပြည်ရောက်ရခြင်း။

၂။ တစ်ကမ္ဘာပတ်လုံး နတ်ပြည်မှာမွေ့လျော်ရခြင်း။

၃။ အပါယ်လေးပါး မရောက်ရခြင်း။

၄။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေရရှိတာကို တွေ့ရပါတယ်။

ဒီနေ့ သံဃာတော်တွေကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း လေးပါးနဲ့ အားပေးပူဇော် ကြည်ညိုလှူဒါန်းကြတဲ့ ဒကာ ဒကာမတွေမှာ လည်း အထက်ဖော်ပြခဲ့တဲ့ကောင်းကျိုးတွေ မလွဲမသွေရရှိကြမှာပါပဲ။

http://www.dhammadownload.com



ဒီနေ့ကစ မဂ်ဖိုလ်နိဗ္ဗာန်ရမည့်ဘဝတိုင်အောင် သံဃာတော်ဆိုတဲ့ လယ်ယာမြေကောင်းမှာ ကုသိုလ်ကောင်းမှုမျိုးစေ့စုတွေ စိုက်ပျိုးကြဲချနိုင်ကြပါစေဆိုတဲ့ရည်ရွယ်ချက်နဲ့ "လယ်မြေကောင်းမှာ စိုက်ပျိုးပါ"ဆိုတဲ့ တရားတော်ကို ဟောကြားခဲ့ပါတယ်။

ကဲ...လက်ာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြပါစို့–

၁။ တုသိတာပြည်၊ ရောက်ရသည်၊ သံဃာကြည်ညိုကျိုး။

၂။ နတ်ပြည်နတ်ရွာ၊ တစ်ကမ္ဘာ၊ ပျော်တာကြည်ညိုကျိုး။

၃။ အပါယ်လေးဖြာ၊ မရောက်ဖါ၊ သံဃာကြည်ညိုကျိုး။

၄။ မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ သံဃာကြည်ညိုကျိုး။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ သံဃာတော်အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးနဲ့ အခြားပစ္စည်းများလှူဒါန်းပူဇော်ပွဲတိုင်းဟောပါ။

တရားအမည်မေးရန်–

၁။ လယ်မြေကောင်းမှာ စိုက်ပျိုးပါ။

၂။ နှလုံးသားဝယ် သံဃာတည်ပါ။

၃။ သံဃာဂုဏ်ရည် စိတ်ဝယ်တည်။

၄။ သံဃာ့ကျေးဇူး မမေ့ဘူး။

၅။ သံဃာတော်ကြည်ညိုရခြင်း၏ ကောင်းကျိုးရှိပုံ။

၆။ လယ်ယာမြေကောင်းနဲ့တူတာ မြတ်သံဃာ။

၇။ သံဃာကြည်ညို ကောင်းကျိုးပို။

၈။ ကောင်းမြေစိုက်ပျိုး အထွက်တိုး။

၉။ အကောင်းဆုံးမှတ် အမြတ်ဆုံးမြေတရားတော်။

စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၁၄–၈–၉၇ (ကြာသပတေးနေ့)
ည(၆)နာရီ။

လယ်မြေကောင်းမှာ စိုက်ပျိုးပါတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ပေတဝတ္ထုပါဠိတော်
ပိဋ္ဌိမံတလိက ပေတဝတ္ထုကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ရှည်ကြာနေ့ည+ကောင်းကျိုးရ တရားတော်

ဒီနေ့ ဘဝတစ်ပါးပြောင်းသွားတဲ့ ကျေးစူးရှင်ဖခင်ကြီး ဦး(..........) မိခင်ကြီးဒေါ်(..........)အတွက်ရည်စူးပြီးတော့ ကုသိုလ်ကောင်းမှုတွေပြုလုပ်ပေးနေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်ဝတ္ထုက "ပိဋ္ဌိမံတလိက ပေတဝတ္ထု"တဲ့။

ဘာဝတ္ထုတဲ့လဲ။

(ပိဋ္ဌိမံတလိက ပေတဝတ္ထုပါဘုရား)

မှတ်သားလို့လွယ်ကူအောင် မြန်မာလိုတရားအမည်ပေးထားတာက "ရှည်ကြာနေ့ည ကောင်းကျိုးရ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ရှည်ကြာနေ့ည ကောင်းကျိုးရတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**ယံ ကိဉ္စာရမ္မဏံ ကတ္វာတိ ဣဒံ သတ္ထာ သာဝတ္ထိယံ ဇေတဝနေ ဝိဟရန္တော အနာထပိဏ္ဍိကဿ ဂဟပတိနော ဒါနံ အာရဗ္ဘ ကထေသိ။** (ပေတ-၄၊ ၁၅)

ယံ ကိဉ္စာရမ္မဏံ ကတွာတိ ဣဒံ-ယံ ကိဉ္စာရမ္မဏံ ကတွာ အစရှိသော ဤတရားဒေသနာတော်ကို၊ သတ္ထာ-မြတ်စွာဘုရားသည်၊ သာဝတ္ထိယံ-သာဝတ္ထိပြည်၌၊ ဇေတဝနေ-ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော-နေတော်မူစဉ်၊ အနာထပိဏ္ဍိကဿ-အနာထပိဏ်အမည်ရှိသော၊ ဂဟပတိနော-သူကြွယ်၏(သူဌေး၏)၊ ဒါနံ-အလှူကို၊ အာရဗ္ဘ-အကြောင်းပြု၍၊ ကထေသိ-ကရုဏာရှေ့ဆော် မေတ္တာတော်ဖြင့် ဖွင့်ဖော်ကောင်းစွာ ဟောကြားတော်မူလိုက်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



ယံကိဥ္စာရမ္မဏံကတွာစတဲ့ တရားတော်မြတ်ကို မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာနေတော်မူစဉ် အနာထပိဏ်သူဌေးရဲ့ အလှူကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

**အနာထပိဏ္ဍိကဿ ကိရ ဂဟပတိနော ဓီတု ,ဓီတာယ ဒါယိကာယ ဓာတိ ပိဋ္ဌဓီတလိကံ အဒါသိ "အယံ တေဓီတာ၊ ဣမံ ဂဟေတွာ ကီဠဿူ" တိ။**

အနာထပိဏ်သူဌေးရဲ့မြေးဖြစ်တဲ့ သူငယ်မအား အထိန်းသည်အစောင့်အရှောက်အမျိုးသမီးက မုန့်ညက်နဲ့လုပ်ထားတဲ့ ယမင်းရုပ်ခေါ်တဲ့ မိန်းမရုပ်ကိုယူလာပြီးတော့ "ဒီယမင်းရုပ်လှလှလေးဟာ သင့်ရဲ့သမီးပါပဲ၊ ဒီယမင်းရုပ်လှလှလေးကို ယူပြီးကစားပါ" လို့ ပြောပြီးပေးလိုက်ပါတယ်။

**သာတတ္ထ ဓီတုသညံ ဥပ္ပါဒေသိ။**

အဲဒီသူငယ်မလေးဟာ အဲဒီယမင်းရုပ်လှလှလေးကို တကယ်သူရဲ့သမီးလို့ထင်ကာ သမီး, သမီးလို့ခေါ်ကာ ကစားလေ့ရှိပါတယ်၊ ကစားနေပါတယ်။

ကလေးဆိုတော့ တကယ်သမီးလို့ထင်နေတယ်နော်။

(မှန်လှပါဘုရား)

**အထဿာ ဧကဒိဝသံ တံ ဂဟေတွာ ကီဠန္တိယာ ပမာဒေန ပတိတွာ ဘိဇ္ဇိ။**

တစ်နေ့တော့ အဲဒီယမင်းရုပ်လှလှလေး ယူပြီးကစားစဉ်မှာပဲ မေ့ပြီးတော့ လွတ်ကျသွားတဲ့အခါမှာ ယမင်းရုပ်လှလှလေး ပျက်စီးသွားတယ်၊ ကွဲပျက်သွားတယ်ပေါ့။

**တတော ဒါရိကာ 'မမဓီတာ မတာ' တိ ပရောဒိ။**

အဲဒီသူငယ်မလေးဟာ 'ငါ့ရဲ့သမီးလေး သေပြီ'လို့ ပြောဆိုပြီး ပြင်းစွာငိုကြွေးပါတယ်။

**တံ ရောဒန္တိံ ကောစိပိ ဂေဟဇနော သညာပေတုံ နာသက္ခိ။**

အဲဒီလိုငိုကြွေးနေတာကို ဘယ်သူမှအငိုတိတ်အောင် ချော့မော့ပြောဆိုလို့မရပါဘူး။

**တသ္မိံ စသမယေ သတ္ထာ အနာထပိဏ္ဍိကဿ ဂဟပတိနော ဂေဟေ ပညတ္တေ အာသနေ နိသိန္နော ဟောတိ။**

http://www.dhammadownload.com



အဲဒီသူငယ်မလေး ငိုကြွေးနေတဲ့အချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ် အနာထပိဏ်သူဌေးရဲ့အိမ်ဂေဟာ ခင်းထားတဲ့နေရာမှာ ထိုင်နေတော်မူပါတယ်။

**မဟာသေဋ္ဌိစ ဘဂဝတော သမီပေ နိသိန္နော အဟောသိ။**

ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးလည်း ဘုရားရဲ့အနီးမှာ ထိုင်နေပါတယ်။

**ဓာတိ တံ ဒါရိကံ ဂဟေတွာ သေဋ္ဌိဿ သန္တိကံ အဂမာသိ။**

ကလေးထိန်းတဲ့အထိန်းသည်ဟာ ငိုနေတဲ့သူငယ်မကို ခေါ်ဆောင်ပြီးတော့ သူဌေးကြီးရဲ့ထံကိုရောက်လာပါတယ်။

**သေဋ္ဌိ တံ ဒိသွာ 'ကိဿာယံ ဒါရိကာ ရောဒတီ'တိ အာဟ ဓာတိ တံပဝတ္တိံ သေဋ္ဌိဿ အာရောစေသိ။**

သူဌေးကြီးဟာ အဲဒီသူငယ်မလေး ငိုနေတာကိုတွေ့ရတော့ "ဒီသူငယ်မလေး ဘာ့ကြောင့် ငိုနေရတာလဲ"လို့ မေးလိုက်တဲ့အခါမှာ အထိန်းသည်မက အကြောင်းစုံကို သူဌေးကြီးအား ပြောပြလိုက်ပါတယ်။

**သေဋ္ဌိ တံ ဒါရိကံ အင်္ကေ နိသီဒါပေတွာ တဝ ဓီတု ဒါနံ ဒဿာမိ 'တိ သညာပေတွာ သတ္ထု အာရောစေသိ' ဘန္တေ မမ နတ္တုဓီတရံ ပိဋ္ဌဓီတလိကံ ဥဒ္ဒိဿ ဒါနံ ဒါတုကာမော တံ မေ ပဋ္ဌဟိ ဘိက္ခုသံဃေဟိ သဒ္ဓိံ 'သွာတနာယ အဓိဝါသေထာ' တိ။**

အနာထပိဏ်သူဌေးကြီးဟာ ငိုနေတဲ့သူငယ်မကို ရင်ခွင်မှာထားပြီးတော့ "သင့်သမီးအတွက် အလှူဒါနကုသိုလ်ကောင်းမှု ပြုပေးမယ်" လို့ ချော့မော့ပြောဆိုပြီးတော့ မြတ်စွာဘုရားအား "အရှင်ဘုရား တပည့်တော်၏မြေးရဲ့ သမီးငယ်ဖြစ်တဲ့ ယမင်းရုပ်လေးပျက်စီးမှုကို အကြောင်းပြုရည်ရွယ်ကာ အလှူဒါနပြုပေးလိုပါတယ်၊ ဆွမ်းသွတ်အလှူပေးလိုပါတယ်၊ တပည့်တော်၏ဆွမ်းကို နက်ဖြန်ခါနံနက် သံဃာတော်ငါးရာနဲ့အတူ လက်ခံတော်မူပါဘုရား"လို့ လျှောက်ထားပါတယ်။

**အဓိဝါသေသိ ဘဂဝါ တုဏှီဘာဝေန။**

မြတ်စွာဘုရားကလည်း ဆိတ်ဆိတ်နေကာ ဘာမှမပြောပဲ လက်ခံတော်မူပါတယ်။

ဒီတော့ ဒီနေရာမှာမှတ်သားစရာက ဆိတ်ဆိတ်နေရင် လက်ခံတာ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

http://www.dhammadownload.com



**အထ ဘဂဝါ ဒုတိယဒိဝသေ ပဥ္စဟိဘိက္ခုသတေဟိ သဒ္ဓိံ**
**သေဋ္ဌိဿ ဃရံ ဂန္တွာ ဘတ္တကိစ္စံ ကတွာ အနုမောဒနံ ကရောန္တော။**

လျှောက်ထားတဲ့နေ့ကိုထောက် ဒုတိယနှစ်ရက်မြောက်နေ့မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် နောက်ပါရဟန်းသံဃာတော်ပေါင်း ငါးရာနဲ့အတူ သူဌေးကြီးရဲ့အိမ်ကိုကြွလာကာ ဆွမ်းကိစ္စပြီးတော့ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာတရား ဟောကြားတော်မူလိုတဲ့အတွက် အောက်ပါဂါထာလေးပုဒ်တို့ကို မိန့်ကြားတော်မူလိုက်ပါတယ်။

အဲဒီဂါထာလေးပုဒ် နာကြားကြည့်ကြပါစို့-

**၁။ ယံကိဉ္စာရမ္မဏံ ကတွာ၊ ဒဇ္ဇာ ဒါနံ အမစ္ဆရီ။**
**ပုဗ္ဗပေတေစ အာရဗ္ဘ၊ အထဝါ ဝတ္ထုဒေဝတာ။**

ယံကိဉ္စိ-မင်္ဂလာစသည် စိတ်ကရည်ပြု တစ်စုံတစ်ခုသောကိစ္စကို၊ အာရမ္မဏံကတွာ-ရည်ရွယ်ရေ့ရှု အာရုံပြု၍၊ အမစ္ဆရီ-ဝန်တိုခြင်းမရှိသော သူသည်၊ ဒါနံ-အလှူကို၊ ဒဇ္ဇာ-မနှေးကြည်သာ ပေးလှူရာ၏။

ဒကာတော်သူဌေးကြီး မင်္ဂလာအစရှိသည်တို့တွင် တစ်စုံတစ်ခုသော ကိစ္စကို အာရုံပြုရည်ရွယ်ပြီးတော့ ဝန်တိုခြင်းမရှိတဲ့ပုဂ္ဂိုလ်ဟာ အလှူဒါနကို ပေးလှူရမယ်။

ရှင်းရှင်းပြောရရင် မင်္ဂလာကိစ္စပဲဖြစ်ဖြစ်၊ အမင်္ဂလာကိစ္စပဲဖြစ်ဖြစ်၊ ရည်ရွယ်ချက်ထားပြီး အာရုံပြုကာ ဒါနပြုပေးရမယ်၊ ဒါနပြုသင့်တယ်၊ ဒါနပြုကောင်းတယ်၊ ဒီလိုဆိုလိုတာနော်။

(မှန်လှပါဘုရား)

ဒီနေ့ဟောနေတဲ့ဝတ္ထုကြောင်းကိုပဲ ကြည့်လိုက်စမ်းပါ၊ သက်မဲ့ ယမင်းရုပ်လေးပျက်စီးတာကို အကြောင်းပြုပြီးတော့ ဘုရားအမှူးရှိတဲ့ ရဟန်းတော်ပေါင်းငါးရာ ဆွမ်းဆက်ကပ်တာ ဖြစ်ပါတယ်။

တစ်ခါက ဒကာကြီးတစ်ယောက်ရဲ့အိမ်မှာ တန်ဖိုးရှိတဲ့ နိုင်ငံခြား ခွေးသားအမိနစ်ကောင် ဆက်တိုက်သေဆုံးသွားပါတယ်။

အဲဒီ ဒကာကြီးက အဲဒီခွေးသားအမိအတွက် ကုသိုလ်ပြုလုပ်ပေးချင် ပါတယ်၊ ဒါပေမယ့် လုပ်ကောင်း မလုပ်ကောင်း မေးလျှောက်တော့ လုပ်ကောင်းကြောင်း ဒီဝတ္ထုကို ကိုးကားပြီး အဖြေပေးခဲ့ပါတယ်။

ကဲ...ထားပါတော့၊ နောက်တစ်ပိုဒ် ဆက်ကြည့်ကြပါစို့။

ပုဗ္ဗပေတေစ-ရှေးရှေးအခါ သေလွန်ရှာကြ မိဘဘိုးဘွား ဆွေမျိုး များတို့ကိုလည်း၊ အာရဗ္ဘ-ဆင်းရဲကင်းကွာ ချမ်းသာစေမှု-ရည်ရွယ်ပြု၍

http://www.dhammadownload.com



အမစ္ဆရီ–ဝန်တိုခြင်းမရှိသောသူသည်၊ ဒါနံ–ဆွမ်း, သင်္ကန်းစသော ဒါနဝတ္ထု အစုစုကို၊ ဒဇ္ဇာ–မနေးကြည်သာ ပေးလှူရာ၏။

ဒကာတော်သူဌေးကြီး ဝန်တိုခြင်းမရှိတဲ့သူဟာ ရေးကသေလွန်ပြီး ကြတဲ့ မိဘတွေ, အဘိုးအဘွားတွေ, ဆွေမျိုးတွေအတွက် ရည်ရွယ်ထားပြီး တော့ ဆွမ်း, သင်္ကန်းစတဲ့ လှူဖွယ်ဝတ္ထုအစုစုတွေ ဆက်ကပ်လှူဒါန်းပေး ရမယ်။

အဲဒီလို ဒါနပြုပေးရင် မိဘတွေ, အဘိုးအဘွားတွေ, ဆွေမျိုးတွေဟာ ပြိတ္တာလောက ဘုံဘဝရောက်နေပါက ကျန်တဲ့သူတွေပြုပေးတဲ့ကုသိုလ် တွေကို သိရှိသာဓုခေါ်နိုင်တဲ့အခါ ဆင်းရဲများလှတဲ့ပြိတ္တာဘဝကလွတ်ပြီး တော့ ကောင်းရာသုဂတိဘုံဌာနတွေကိုရောက်ရှိပြီး ကောင်းကျိုးတွေရတယ်ပေါ့။

ဒါ့ကြောင့် ရှေ့ကသေပြီးသူတွေအတွက် ရည်ရွယ်ချက်ထားပြီးတော့ မမေ့မလျော့ ကောင်းမှုပြုပေးရမယ်နော်။

(မှန်လှပါဘုရား)

အထဝါ–ထိုမှတစ်ပါး၊ ဝတ္ထုဒေဝတာ–အိမ်ရာ, ကျောင်းရာ အဖြာဖြာ၌ ကောင်းစွာစောင့်ကြပ် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကို၊ အာရဗ္ဘ–ချမ်းသာစေမှု ရည်ရွယ်ပြု၍၊ အမစ္ဆရီ–ဝန်တိုကင်းဘိ သဒ္ဓါရှိတောင်း သူတော်ကောင်းသည်၊ ဒါနံ–ဒါနလှူဖွယ် အသွယ်သွယ်ကို၊ ဒဇ္ဇာ–မနေးကြည်သာ ပေးလှူရာပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒကာတော်သူဌေးကြီး အိမ်စောင့်နတ်, ကျောင်းစောင့်နတ်, အစရှိတဲ့ နတ်မြတ်,နတ်ကောင်း နတ်အပေါင်းတွေအတွက် ရည်ရွယ်ထားပြီးတော့လည်း ဒါနလှူဖွယ်အသွယ်သွယ်တွေကို လှူဒါန်းပေးရမယ်၊ လှူဒါန်းပေးသင့်တယ် လို့ ဟောကြားတော်မူပါတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* တစ်စုံတစ်ခု၊ ကိစ္စမှု၊ ရည်ရွယ်ပြုကာလှူ။

* မိဘဘိုးဘွား၊ သေသူများ၊ စိတ်ထားရည်ရွယ်လှူ။

* အိမ်စောင့်နတ်များ၊ အစထား၊ မမှားရည်ရွယ်လှူ။

* ကျောင်းဒကာအား၊ မြတ်ဘုရား၊ ဟောကြားပေးတော်မူ။

၂။ **စတ္တာရောစ မဟာရာဇေ၊ လောကပါလေ ယသဿိနေ။**
**ကုဝေရံ ဓတရဋ္ဌဉ္စ၊ ဝိရူပက္ခံ ဝိရူဠှကံ။**
**တေစေဝ ပူဇိတာ ဟောန္တိ၊ ဒါယကာစ အနိပ္ဖလာ။**

http://www.dhammadownload.com



ကုဝေရံစ–ကုဝေရနတ်မင်းကြီးလည်းကောင်း၊ တေရဋ္ဌ–တေရဋ္ဌနတ်မင်းကြီးလည်းကောင်း၊ ဝိရူပက္ခ–ဝိရူပက္ခနတ်မင်းကြီးလည်းကောင်း၊ ဝိရူဠှကံစ–ဝိရူဠှက– နတ်မင်းကြီးလည်းကောင်း၊ ဣတိ–ဤသို့၊ စတ္တာရော–လေးပါးကုန်သော၊ လောကပါလေ–လောကသာသနာ နှစ်ဖြာမပြတ်စောင့်ရှောက်တတ်ကုန်သော၊ ယသဿိနေ–အခြံအရံပရိသတ် များမြတ်ခြင်းရှိကြကုန်သော၊ မဟာရာဇေ–တန်ခိုးတေဇာ လွန်စွာကြီးမား နတ်မင်းကြီးများတို့ကိုလည်းကောင်း၊ အာရဗ္ဘ–ရည်ရွယ်ရေးရှု အာရုံပြု၍၊ အမစ္ဆရီ–ဝန်တိုမှုမရှိသောသူသည်၊ ဒါနံ–ဒါနလှူဖွယ် အသွယ်သွယ်ကို၊ ဒဇ္ဇာ–စေတနာဖွေးဖြူ အရေးယူကာ ပေးလှူရာ၏။

ဒကာတော်သူဌေးကြီး လောကသာသနာဒွိနှစ်ဖြာကို ကြည့်ကြည်သာသာစောင့်ရှောက်ကြတဲ့ အခြေအရံပရိသတ်များပြား ကုဝေရ၊ တေရဋ္ဌ၊ ဝိရူပက္ခ၊ ဝိရူဠှက နတ်မင်းကြီးလေးပါးတို့အတွက် ရည်ရွယ်ချက်ထားအာရုံပြုကာ ဒါနလှူဖွယ် အသွယ်သွယ် အဝဝ လှူဒါန်းပူဇော်ရမယ်။

တေစေဝ–လောကသာသနာ နှစ်ဖြာစောင့်ကြပ် ထိုနတ်မင်းကြီးလေးယောက်တို့သည်လည်း၊ ပူဇိတာ–နေ့ညမပြတ် ပူဇော်အပ်ကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

ဒါယကာစ–အလှူပေးသူ အများလူတို့သည်လည်း၊ အနိပ္ဖလာ–မိမိဒါန အကျိုးဖလကို တိုးရအပြည့်ခံစားကြသော အဖို့ရှိကုန်သည်သာလျှင်၊ ဟောန္တိ–ဖြစ်ကုန်၏။

ဒကာတော်သူဌေး အဲဒီလို အလှူဒါနပြုပေးတာဟာ နတ်မင်းကြီးလေးပါး၊ ရေးကသေသွားကြသူများ၊ အိမ်စောင့်နတ်အစရှိတဲ့ နတ်အများတွေကို ပူဇော်ရာ၊ ချီးမြှောက်ရာရောက်ပါတယ်။ (ဠ–၁၆)

ပေးလှူတဲ့သူတွေမှာလည်း အကျိုးရှိပါတယ်၊ အကျိုးမပြီး အချည်းနှီးဖြစ်မသွားပါဘူး။

မိမိပြုတဲ့ဒါနရဲ့အကျိုးကို အပြည့်အဝခံစားရတဲ့ အဖို့ဘာဂရှိကြပါတယ်လို့ ဟောကြားတော်မူပါတယ်။

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* နတ်မင်းကြီးလေးပါး၊ ရည်ရွယ်ထား၊ မမှားပေးလှူပါ။
* သေပြီးသူများ၊ ရည်ရွယ်ထား၊ မမှားပေးလှူပါ။
* အိမ်စောင့်နတ်များ၊ အစထား၊ မမှားပေးလှူပါ။

http://www.dhammadownload.com



* ပူဇော်ရာလေ၊ ရောက်သွားပေ၊ စိတ္တေဟောပြရှာ။

* ပေးလှူသူအား၊ အကျိုးများ၊ တိုးပွားရရှိလာ။

* အချည်းနှီးကား၊ ဖြစ်မသွား၊ ဘုရားဟောခဲ့တာ။

**၀။ နဟိရုဏ္ဏံဝါ သောကောဝါ၊ ယာစညာ ပရိဒေဝနာ။**

**န တံ ပေတာဿ အတ္ထာယ၊ ဧဝံ တိဋ္ဌန္တိ ဉာတယော။**

ရုဏ္ဏံဝါ–မျက်ရည်ကြဆင်း ငိုကြွေးခြင်းကိုလည်းကောင်း၊ သောကောဝါ–စိုးရိမ်ပူဆွေးခြင်းကိုလည်းကောင်း၊ နဟိကာတဗ္ဗော–မပြုထိုက်ပေ၊ အညာ–ငိုကြွေးခြင်း စိုးရိမ်ခြင်းမှ တစ်ပါးသော၊ ယာစပရိဒေဝနာ–အကြင်တစ်ယောက်တည်းသာ ဘယ်ကိုသွားဘိ အစရှိပြောဆို ငိုကြွေးမည်တမ်းခြင်းသည်လည်း၊ (အတ္ထိ–ရှိပါပေ၏)၊ သာပရိဒေဝနာစ–ထိုသို့ပြောဆို ရှိုက်ငိုမြည်တမ်းခြင်းကိုလည်း၊ နကာတဗ္ဗာ–မပြုထိုက်ပေ၊ တံ–ထိုမျက်ရည်ကျခြင်း, စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးမြည်တမ်းခြင်းသည်၊ ပေတာဿ–ဘဝတစ်ပါး ပြောင်းကာသွားသူအများလူ၏၊ အတ္ထာယ–အကျိုးငှာ၊ နဟောတိ–မဖြစ်၊ (တထာပိ–ထိုကဲ့သို့ကောင်းကျိုးမဖြစ်နိုင်ပါသော်လည်း)၊ ဉာတယော–ကျန်ရစ်နေငြား ဆွေမျိုးအများတို့သည်၊ ဧဝံ–ဤကဲ့သို့ မျက်ရည်အလီလီကျ သောကပူဆွေး ငိုကြွေးပင်ပန်း မြည်တမ်း၍သာလျှင်၊ တိဋ္ဌန္တိ–မရွှင်မလန်း ဘဝင်နွမ်းလျလွမ်းကာ, တကာ နေကြရာလေကုန်၏။

ဒကာတော်သူဌေးကြီး မိဘဆွေမျိုး, အဘိုးအဘွား စတဲ့သူတွေ သေကြေပျက်စီးတဲ့အခါမှာ လူတွေဟာ–

၁။ မျက်ရည်ကျကာ ငိုကြွေးမြည်တမ်းကြတယ်။

၂။ စိုးရိမ်ပူဆွေး ငိုကြွေးကြတယ်။

၃။ ငါ့ရဲ့တစ်ယောက်တည်းသောသားကလေး ဘယ်ကိုသွားပါလိမ့် စသည်ဖြင့် ပြောဆိုငိုကြွေးမြည်တမ်းကြတယ်။

အမှန်ကတော့ အဲဒီသုံးမျိုး တစ်ခုမှမဖြစ်သင့်ပါဘူး၊ မပြုသင့်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒီ သုံးမျိုးလုံးဟာ သေသွားသူများအတွက် ကောင်းကျိုးမထွက်စေတဲ့အတွက်ပါပဲ၊ ကောင်းကျိုးတွေ ဘာတစ်ခုမှမရှိတဲ့အတွက်ပါပဲ။

အဲဒီ သုံးမျိုးဟာ သေသွားသူတွေအတွက်လည်း အကျိုးမရှိပါဘူး၊ မိမိအတွက်လည်း ပူလောင်ရုံ, ပင်ပန်းရုံပါပဲ၊ ဘာမှအကျိုးမရှိပါဘူး။

ဒီတော့ တရားနာပရိသတ်၊ အကျိုးမရှိတာတွေ ပြုသင့်ရဲ့လား။

http://www.dhammadownload.com



(မပြုသင့်ပါဘူးဘုရား)

သေတဲ့သူကော၊ ကျန်ရစ်တဲ့သူကော အကျိုးမရှိတဲ့လုပ်ငန်းဟာ ငိုကြွေးမြည်တမ်း ပူဆွေးတဲ့လုပ်ငန်းပဲနော်။

(မှန်လှပါဘုရား)

အေး...သေသူကော၊ ကျန်ရစ်သူကော ဘာတစ်ခုမှအကျိုးမရှိပေမယ့် လူတွေကတော့ ငိုကြွေးရမှ၊ ပူဆွေးမြည်တမ်းလိုက်ရမှ ကျေနပ်ကြတယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* မျက်ရည်ကျကာ၊ ငိုကြွေးတာ၊ ဘယ်ခါမပြုထိုက်။
* စိုးရိမ်ပူဆာ၊ ငိုကြွေးတာ၊ ဘယ်ခါမပြုထိုက်။
* တစ်ယောက်တည်းသား၊ ဘယ်ကိုသွား၊ ပြောကြားမငိုထိုက်။
* ၎င်းသုံးဖြာ၊ သေသူမှာ၊ ဘယ်ခါကျိုးမထိုက်။
* သေသောသူအား၊ ကောင်းကျိုးများ၊ မှတ်သားမရထိုက်။
* ကျန်ရစ်သူမှာ၊ ပင်ပန်းကာ၊ ပူတာနှလုံးပိုက်။

**၄။ အယဉ္စ ခေါ ဒက္ခိဏာ ဒိန္နာ၊ သံဃမှိ သုပ္ပတိဋ္ဌိတာ။**

**ဒီဃရတ္တံ ဟိတာယဿ၊ ဌာနသော ဥပကပ္ပတိ။**

သံဃမှိ-မြတ်သောလယ်ယာ တူမျှကာကောင်း သံဃာတော်အပေါင်း၌၊ သုပ္ပတိဋ္ဌိတာ-ကောင်းစွာစင်စစ် တည်သည်ဖြစ်၍၊ ဒိန္နာ-စေတနာဖွေးဖြူ အရေးယူမှတ် ပေးလှူအပ်သော၊ အယဉ္စ ခေါ ဒက္ခိဏာ-ဤအလှူသည် သာလျှင်၊ အဿ-ဘဝတစ်ပါး ပြောင်းကာသွားကြ ထိုမိဘဘိုးဘွား ဆွေမျိုးများ၏၊ ဒီဃရတ္တံ-ရှည်ကြာနေ့ညကာလပတ်လုံး၊ ဟိတာယ-ချမ်းသာသုခ အဝဝတိုးပွား အကျိုးများစေခြင်းငှာ၊ ဟောတိ-ဖြစ်နိုင်ပါပေ၏၊ ဌာနသော-ရည်ရွယ်လှူကြ ကုသလကို ရွှင်ပျနမော် သာဓုခေါ်သော ခဏ၌သာလျှင်၊ ဥပကပ္ပတိ-နတ်ဝတ်တန်ဆာအဖြာဖြာနှင့် နေရာတစ်သွယ်စားသောက်ဖွယ်တို့ တင့်တယ်ကောင်းစွာ ပြည့်စုံအောင်ခံစားရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒကာတော်သူဌေးကြီး မြတ်သောလယ်ယာမြေကောင်းနဲ့တူတဲ့ သံဃာတော်အပေါင်းမှာ ကောင်းစွာတည်ပြီးတော့ ပေးလှူတဲ့အလှူဟာ သေသွားကြတဲ့ မိဘဘိုးဘွား ဆွေမျိုးများအတွက် ရှည်ကြာနေ့ည ကောင်းကျိုးရနိုင်တယ်၊ သူတို့အတွက်ရည်ရွယ်ပြီးတော့ ပြုတဲ့ကုသိုလ်ကိုသိရှိပြီး

ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်တဲ့အခါမှာ ပြိတ္တာဘဝမှ လွတ်ကင်းနိုင်တယ်၊ ပြိတ္တာဘဝမှလွတ်ကင်းကာ နတ်ဝတ်တန်ဆာတွေ၊ နတ်ဦဖြစ်တဲ့ စားဖွယ်သောက်ဖွယ်တွေ၊ ဘုံဗိမာန်ပဒေသာပင်တွေ မုချပိုင်ပိုင် ရနိုင်ပါတယ်လို့ ဟောကြားတော်မူပါတယ်။

ဒီနေ့ ဘဝတစ်ပါးပြောင်းသွားတဲ့ ဦး(.........) ဒေါ်(..........)လည်းပဲ သားတွေသမီးတွေပြုတဲ့ ကုသိုလ်တွေသိရှိကာ ဝမ်းမြောက်နမော် သာဓုခေါ်ဆိုနိုင်ပါစေ၊ သာဓုခေါ်ဆိုနိုင်ပြီးတော့ နတ်ဘုံဦဖြစ်တဲ့ ဝတ်ဖွယ်ရုံဖွယ် စားဖွယ်သောက်ဖွယ် အသွယ်သွယ်တွေ၊ ဘုံဗိမာန်ပဒေသာပင်တွေ၊ ထီး၊ ဖိနပ်၊ ယာဉ်တွေ-ရရှိခံစားနိုင်ပါစေလို့ ဆန္ဒပြုဆုတောင်းပါတယ်။

အေး...ဒီနေ့ သားသမီးတွေပြုတဲ့ကုသိုလ်တွေကို သိရှိသာဓုခေါ်ဆိုနိုင်ရင် အထက်မှာပြောခဲ့တဲ့ ဝတ်ဖွယ်ရုံဖွယ်စတဲ့ကောင်းကျိုးတွေ ရှည်ကြာစွာသောနေ့ညကာလပတ်လုံး ရရှိမှာပါပဲ။

ဒါကြောင့် ဒီနေ့ဟောတဲ့တရားတော်ကို "ရှည်ကြာနေ့ည ကောင်းကျိုးရ"တရားတော်လို့ အမည်ပေးထားတာပါပဲ။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* မြတ်သော့လယ်ယာ၊ တူမျှရာ၊ သံဃာပေးလှူသော်။
* ဘဝတစ်ပါး၊ ပြောင်းသူများ၊ သိသွားသာဓုခေါ်။
* ပြိတ္တာဘဝ၊ လွတ်မြောက်ရ၊ ခဏချက်ချင်းနော်။
* ပြိတ္တာဘုံမှ၊ လွတ်မြောက်ရ၊ နေ့ညကောင်းကျိုးပေါ်။
* ရှည်ကြာနေ့ည၊ ကောင်းကျိုးရ၊ ဟောပြတရားတော်။
* နတ်ဝတ်တန်ဆာ၊ စားသောက်ပါ၊ ရတာကောင်းကျိုးနော်။
* ဗိမာန်နေရာ၊ ပဒေသာ၊ ရတာကောင်းကျိုးနော်။
* ရှည်ကြာနေ့ည၊ ကောင်းကျိုးရ၊ ခဏချက်ချင်းနော်။

ဒီနေ့ ဦး(..........) ဒေါ်(.............)အတွက် ရည်စူးချက်ထားပြီး ကုသိုလ်ပြုပေးတဲ့ ကုသိုလ်ပွဲမှာ ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ရှည်ကြာနေ့ည ကောင်းကျိုးရတရားတော်ပါဘုရား)

**စဝံ ဘဂ္ဂဝါ ဓမ္မံ ဒေသေတွာ မဟာဇနံ ပေတေ ဥဒ္ဒိဿ ဒါနာဘိရတမာနသံ ကတွာ ဥဋ္ဌာယာသနာ ပက္ကာမိ။**

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဒီတရားတော်ဟောပြောပြီးတော့ လူတွေကို ဘဝတစ်ပါးပြောင်းသွားကြသူတွေအတွက် ပေးကမ်းလှူဒါန်းခြင်း ကုသိုလ်လုပ်ငန်းမှာ အလွန်စိတ်ပါဝင်စားအောင် ပြုတော်မူကာ နေရာမှထ တော်မူပြီး ပြန်ကြွတော်မူပါတယ်။

**ပုန ဒိဝသေ သေဋ္ဌိဘရိယာ အဝသေသာစ ဉာတကာ သေဋ္ဌိ အနုဝတ္တန္တာ စဝံ တေမာသမတ္တံ မဟာဒါနံ ပဝတ္တေသုံ။**

နောက်တစ်နေ့မှာ သူဌေးကတော်နဲ့ ကျန်တဲ့ဆွေမျိုးတွေကလည်း သူဌေးကြီးကိုအတုလိုက်ပြီးတော့ တစ်လပတ်လုံးအလှူကြီး ပေးလှူကြပါ တယ်။

**အထရာဇာ ပသေနဒိကောသလော ဘဂဝန္တံ ဥပသင်္ကမိတွာ "ကသ္မာ ဘန္တေ ဘိက္ခူ မာသမတ္တံ မမ ဃရံ နာဂမိံသူ" တိပုစ္ဆိ။**

ထိုအခါ ပသေနဒိကောသလမင်းကြီးဟာ ဘုရားထံရောက်လာပြီး တော့ "မြတ်စွာဘုရား၊ တပည့်တော်ရဲ့နန်းတော်ကို ရဟန်းတော်တွေကြွမ လာတာ တစ်လလောက်ကြာသွားပါပြီဘုရား၊ ဘာ့ကြောင့် မကြွတာပါလဲ ဘုရား" လို့ မေးလျှောက်ပါတယ်။

**သတ္ထရာ တသ္မိံ ကာရဏေ ကထိတေ ရာဇာပိ သေဋ္ဌိံ အနုဝတ္တန္တော ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ မဟာဒါနံ ပဝတ္တေသိ။**

အဲဒီလို ပသေနဒိကောသလမင်းက မေးလျှောက်တဲ့အခါမှာ မြတ်စွာ ဘုရားက ဆိုပြီးခဲ့တဲ့အကြောင်းတွေကို ဟောပြတော်မူလိုက်တော့ ပသေနဒိ ကောသလမင်းကြီးလည်း သဘောကျကာ သူဌေးကြီးကိုအတုလိုက်ပြီး ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်အပေါင်းအား ကြီးစွာသောအလှူကြီး ပေးလှူပါတယ်။

**တံ ဒိသွာ နာဂရာ ရာဇာနံ အနုဝတ္တန္တာ မာသမတ္တံ မဟာဒါနံ ပဝတ္တေသုံ။**

ပသေနဒိကောသလမင်းကြီးရဲ့အလှူကို တွေ့မြင်ကြရတဲ့မြို့သူမြို့သား လူအများတွေကလည်း မင်းကြီးကိုအတုလိုက်ကြပြီးတော့ တစ်လကြာအောင် အလှူကြီးကို ပေးလှူကြတယ်။

တော်တော်ကောင်းတဲ့ အတုပါပဲ။

၁။ သူဌေးကတော်ကြီးနဲ့ ကျန်တဲ့ဆွေမျိုးတွေက အတုလိုက်ပြီး အလှူကြီးပေးလှူကြတယ်။

http://www.dhammadownload.com



၂။ ကောသလမင်းက အတုလိုက်ပြီးတော့ အလှူကြီးပေးလှူကြတယ်။

၃။ မြို့သူမြို့သားတွေက အတုလိုက်ပြီးတော့ အလှူကြီးပေးလှူကြတယ်။

အဲဒီအတုကောင်းကြီးဟာ နှစ်လကြာသွားတယ်၊ ဘယ်နှစ်လကြာသွားသတဲ့လဲ။

(နှစ်လကြာသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို "အတုကောင်းတာ နှစ်လကြာ" တရားတော်လို့ အမည်ပေးရင် ပိုကောင်းမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့တရားနာနေကြတဲ့ ဒကာ ဒကာမတွေလည်း ဒီတရားကိုကြားနာပြီးတော့ အတုယူရမယ်နော်။

(မှန်လှပါဘုရား)

ဘာယူရမှာတဲ့လဲ။

(အတုကောင်းတာတွေ ယူရမှာပါဘုရား)

ဘဝတစ်ပါးပြောင်းသွားကြပြီးတဲ့ မိဘတွေ၊ အဘိုးအဘွားတွေ၊ ဆွေမျိုးတွေ၊ ဆရာသမားတွေအတွက်ရည်စွယ်ပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကိုပင့်ကာ အလှူဒါနပြုပေးရမယ်နော်။

(မှန်လှပါဘုရား)

**ဧဝံ မာသဒွယံ ပိဋ္ဌိတလိကမူလကံ မဟာဒါနံ ပဝတ္တေသုံ။**

ဧဝံ–ဤသို့အားဖြင့်၊ မာသဒွယံ–နှစ်လကြာမျှကာလပတ်လုံး၊ ပိဋ္ဌိတလိကမူလကံ–မုန့်ညက်ဖြင့်ပြီးသော ယမင်းရုပ်လှလှကလေးလျှင် အရင်းမူလပဓာနရှိသော၊ မဟာဒါနံ–ကြီးစွာသောအလှူကြီးကို၊ ပဝတ္တေသုံ–ကောင်းစွာမသွေ လှူဒါန်းကြလေကုန်သတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ နာရေးပွဲတိုင်း၊ မိဘများအား၊ အဘိုးအဘွား၊ ဆရာသမား၊ ဆွေမျိုးများအားရည်စူး၍ ရက်လည်၊ လလည်၊ နှစ်ပတ်လည် ကုသိုလ်ပြုပေးပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌–

၁။ ဝိုနေလို့တော့ အပိုပဲ။

http://www.dhammadownload.com



၂။ ပူနေလို့တော့ ပန်းရုံပဲ။
၃။ မျက်ရည်ကျတာ အမိုပဲ။
၄။ မျက်ရည်ကျတာ အလကားပဲ။
၅။ မလွမ်းမပူ သံဃာလှူ။
၆။ မလွမ်းမတ လှူပေးကြ။
၇။ ပြိတ္တာလွတ်ရေး အလှူပေး။
၈။ အတုကောင်းတာ နှစ်လကြာ။
၉။ အတုကောင်းတွေ တုနိုင်စေ။
၁၀။ အတုကောင်းယူ သံဃာလှူတရားတော်။
စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၁၅-၈-၉၇ (သောကြာနေ့)
ည(၁၀)နာရီ။

ရှည်ကြာနေ့ည ကောင်းကျိုးရတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်
ယုဂနဒ္ဓဝဂ်၊ မေတ္တာကထာကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# မေတ္တာသည်သာ+အားထားရာ တရားတော်

ဒီနေ့ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့မှာ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "မေတ္တာကထာ"တဲ့။

ဘာတဲ့လဲ။

(မေတ္တာကထာပါဘုရား)

အေး...အဲဒီမေတ္တာကထာကို တန်ဆာဆင်ထားတဲ့ "မေတ္တာသည်သာ အားထားရာ" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(မေတ္တာသည်သာ အားထားရာတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြ်နာကြပါစို့-

**ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။**

(ပဋိသမ္ဘိဒါမဂ်ပါဠိ-၃၁၃)

ဧကံသမယံ-အခါတစ်ပါး၌၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ သာဝတ္ထိယံ-သာဝတ္ထိပြည်၌၊ အနာထပိဏ္ဍိကဿ-အနာထပိဏ်သူဌေး၏၊ အာရာမေ-နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသော၊ ဇေတဝနေ-ဇေတဝန်ကျောင်းတော်၌၊ ဝိဟရတိ-သီတင်းသုံးရှင်ပျော် နေတော်မူပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည် ကျောင်းဒါယကာ အနာထပိဏ်သူဌေးရဲ့ ပျော်ဖွယ်ရာကောင်းတဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

**မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဧကာဒသာနိသံသာ ပါဋိကင်္ခါ။**

ဘိက္ခဝေ–ရဟန်းတို့၊ မေတ္တာယ–မေတ္တာမည်သော၊ စေတောဝိမုတ္တိယာ–စေတောဝိမုတ္တိကို၊ ဝါ–ဆန့်ကျင်ဘက် နီဝရဏစသည်တို့မှ ယှဉ်ဘက်စိတ်၏ လွတ်မြောက်ကြောင်းတရားကို၊ အာသေဝိတာယ–လေးလေးစားစား မှီဝဲသုံးစွဲအပ်လေသော်၊ ဘာဝိတာယ–အပြည့်အစုံဖြစ်ပွားစေအပ်လသော်၊ ဗဟုလီကတာယ–ကြိမ်ဖန်များများ ဖြစ်ပွားစေမှုပြုအပ်လသော်၊ ယာနီကတာယ–အာဇာနည်မြင်း က,အပ်သော ယာဉ်နှင့်တူအောင် ပြုအပ်ပြီးလသော်၊ ဝတ္ထုကတာယ–တည်မှီရာဌာနကဲ့သို့ ပြုအပ်ပြီးလသော်၊ အနုဋ္ဌိတာယ–အမြဲမပြတ် စွဲကပ်တည်နေစေအပ်ပြီးလသော်၊ ပရိစိတာယ–ဝန်းကျင်ပတ်ပတ် အရပ်မျက်နှာအဖို့အားဖြင့် ဆည်းပူးပွားများအပ်ပြီးလသော်၊ သုသမာရဒ္ဓါယ–အလွန်အမင်း ကောင်းစွာအားထုတ်အပ်ပြီးလသော်၊ ဧကာဒသ–(၁၁)မျိုးကုန်သော၊ အာနိသံသာ–အကျိုးဂုဏ်အင် အာနိသင်တို့ကို၊ ပါဋိကင်္ခါ–အမြဲတစေ အလိုရှိအပ်ပါပေကုန်သတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ရဟန်းတို့ မေတ္တာဆိုတဲ့စေတောဝိမုတ္တိကို–

၁။ လေးလေးစားစား မှီဝဲသုံးစွဲမယ်ဆိုရင်၊

၂။ အပြည့်အစုံ ဖြစ်ပွားစေမယ်ဆိုရင်၊

၃။ အကြိမ်များများ ဖြစ်ပွားစေမယ်ဆိုရင်၊

၄။ ကျွမ်းကျင်တဲ့ယာဉ်မောင်းသမားမောင်းနှင်တဲ့ အာဇာနည်မြင်းကတဲ့ ယာဉ်နဲ့တူစွာ အလိုရှိတိုင်း ဝင်စားနိုင်အောင်ပြုပြီးရင်၊

၅။ မေတ္တာအကျိုး(၁၁)မျိုးဆိုတဲ့ သမ္ပတ္တိရဲ့တည်ရာမှီရာဖြစ်အောင် ပကတိတည်ရာမှီရာလိုပြုပြီးရင်၊

၆။ အမြဲမပြတ် စွဲကပ်တည်နေစေပြီးရင်၊

၇။ နဂိုမူလဖြစ်ပွားစေခြင်း အားလျော်အောင် ဝန်းကျင်ပတ်ပတ် အရပ်မျက်နှာသတ္တဝါတို့၌ အာရုံပြုပြီးတော့ ဆည်းပူးပွားများအပ်ပြီးရင်၊

http://www.dhammadownload.com



၈။ အလွန်အမင်း ကောင်းစွာအားထုတ်ပြီးရင် အကျိုး(၁၁)မျိုး ထိုက်ထိုက်တန်တန် မလွဲဧကန်ရရှိမယ်လို့ ဟောတော်မူပါတယ်။

ရှင်းရှင်းပြောရရင်တော့ မေတ္တာပွားရင် အကျိုး(၁၁)မျိုး ရမယ်ပေါ့၊ ဘယ်နှစ်မျိုးရသတဲ့လဲ။

(၁၁)မျိုးပါဘုရား)

ကတမေ ဧကာဒသ–

အဲဒီ(၁၁)မျိုးက ဘာတွေလဲဆိုတော့–

၁။ သုခံ သုပတိ၊

(မေတ္တာဝိဟာရီ–မေတ္တာဖြင့်နေလေ့ရှိသောပုဂ္ဂိုလ်သည်)၊ သုခံ–ချမ်းသာစွာ၊ သုပတိ–အိပ်စက်ရပါပေ၏။

နံပါတ်တစ် မေတ္တာပွားရင်၊ မေတ္တာနဲ့နေရင် ချမ်းချမ်းသာသာ အိပ်ရတယ်တဲ့။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေ ချမ်းချမ်းသာသာ အိပ်ချင်ရင် ဘာပွားရမတဲ့လဲ။

(မေတ္တာပွားရမှာပါဘုရား)

ဘာနဲ့နေရမတဲ့လဲ။

(မေတ္တာနဲ့နေရမှာပါဘုရား)

မေတ္တာမပွားတဲ့သူတွေမှာတော့ ချမ်းသာစွာမအိပ်ရဘူးပေါ့၊ ဟိုဘက်လှည့်ပြီးတော့ ကယောင်ခြောက်ခြား ညည်းတွားတဲ့အသံ၊ သွားကြိတ်တဲ့အသံ၊ ဟောက်တဲ့အသံတွေနဲ့ ဆင်းဆင်းရဲရဲ အိပ်စက်ကြရတယ်။

မေတ္တာပွားတဲ့သူတွေဟာ အိပ်ပျော်တဲ့အခါမှာလည်း အမူအရာတွေကြည့်လို့ကောင်းတယ်၊ ဈာန်သမာပတ် ဝင်စားနေသလို မလှုပ်မယှက် တိတ်ဆိတ်ငြိမ်သက်နေတယ်၊ အေးအေးဆေးဆေး အိပ်စက်ရတယ်ပေါ့။

ကဲ…လင်္ကာလေး လိုက်ဆိုကြ–

* ချမ်းချမ်းသာသာ၊ အိပ်ရတာ၊ မေတ္တာပွားရကျိုး။

၂။ သုခံ ပဋိဗုဇ္ဈတိ၊

သုခံ–ချမ်းသာစွာ၊ ပဋိဗုဇ္ဈတိ–နိုးရပါပေ၏၊

နံပါတ်နှစ် ချမ်းသာစွာ နိုးရတယ်တဲ့။

မေတ္တာမပွားတဲ့သူတွေမှာတော့ အိပ်ပျော်တဲ့အခါမှာလည်း ဆင်းရဲစွာအိပ်စက်ရတယ်၊ နိုးလာပြန်တော့လည်း ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်နေတဲ့

http://www.dhammadownload.com



အတွက် "ဒုက္ခ ဒုက္ခ"လို့ ညည်းတွားတယ်၊ ကိုယ်လက်ဆန့်တန်းတယ်၊ ဟိုဘက်ဒီဘက် လူးလိမ့်တယ်၊ အဲဒီလို ဆင်းရဲစွာနိုးလာရတယ်ပေါ့။

မေတ္တာပွား၊ မေတ္တာနဲ့နေတဲ့သူတွေကတော့ အိပ်တုန်းကလည်း ချမ်းသာစွာအိပ်ရတဲ့အတွက်ကြောင့် ညည်းတွားခြင်း၊ ဖောက်ပြန်ခြင်းတွေ မရှိပဲ ပဒုမ္မာကြာပန်းပွင့်လာသလို လန်းလန်းဆန်းဆန်း ချမ်းချမ်းသာသာ ပွင့်လန်းနိုးကြားလာရတယ်။

ကဲ...လက်ာလေး လိုက်ဆိုကြ-

* ချမ်းချမ်းသာသာ၊ နိုးရတာ၊ မေတ္တာပွားရကျိုး။

၃။ န ပါပကံ သုပိနံ ပဿတိ။

ပါပကံ-ဆိုးရွားသော၊ သုပိနံ-အိပ်မက်ကို၊ နပဿတိ-မမြင်မက်။

နံပါတ်သုံး မေတ္တာပွားနေရင် မကောင်းတဲ့၊ ဆိုးရွားတဲ့အိပ်မက်တွေ မမြင်မက်ရဘူးတဲ့၊ ကောင်းတဲ့ စေတီပုထိုးအမျိုးမျိုးကို ရှိခိုးရတဲ့အိပ်မက်မျိုးတွေ၊ တရားနာရတဲ့အိပ်မက်မျိုးတွေ မြင်မက်ရတယ်ပေါ့။

မေတ္တာမပွားသူတွေမှာတော့ လူဆိုး၊ သူခိုး၊ ဓားပြတွေ ဝိုင်းခံရတဲ့ အိပ်မက်မျိုးတွေ၊ သစ်၊ ကျားစတဲ့ ဆိုးသွမ်းတဲ့သားကောင်တွေရဲ့ ကိုက်ခဲ ညှင်းဆဲခံရတဲ့ အိပ်မက်မျိုးတွေ၊ ချောက်ကမ်းပါးပြတ်ထဲ လိမ့်ကျတဲ့ ကြောက်လန့်ဖွယ်ရာ အိပ်မက်မျိုးတွေ မြင်မက်ကြရတယ်ပေါ့။

ဒီတော့ အိပ်မက်ကောင်းတွေမက်ချင်ရင် မေတ္တာပွားရမယ်၊ မေတ္တာနဲ့နေရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ-

* အိပ်မက်ဆိုးတာ၊ မမက်တာ၊ မေတ္တာပွားရကျိုး။

* အိပ်မက်ကောင်းတာ၊ မက်ရတာ၊ မေတ္တာပွားရကျိုး။

၄။ မနုဿာနံ ပိယော ဟောတိ။

မနုဿာနံ-လူတို့၏၊ ပိယော-ချစ်မြတ်နိုးခံရသူသည်၊ ဟောတိ-ဖြစ်၏။

နံပါတ်လေး မေတ္တာပွားနေရင် လူတွေရဲ့ ချစ်ခင်မြတ်နိုးခံရသူ ဖြစ်တယ်တဲ့။

ဒီနေရာမှာ မှတ်သားစရာကောင်းတဲ့ဥပမာ ဘယ်လိုပြထားသလဲဆိုတော့ လည်ပင်းမှာဆွဲ ရင်ခွင်မှာတွဲလွဲကျနေတဲ့ ပုလဲသွယ်ပမာ၊ ဦးခေါင်းမှာ ပန်ဆင်ထားတဲ့ ပန်းကုန်းပမာ ချစ်ခင်မြတ်နိုးခံရသူဖြစ်တယ်လို့ ပြထားပါတယ်။

http://www.dhammadownload.com



ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* လူတွေများစွာ၊ ချစ်ခင်တာ၊ မေတ္တာပွားရကျိုး။

* လူတွေများစွာ၊ မြတ်နိုးတာ၊ မေတ္တာပွားရကျိုး။

**၅။ အမနုဿာနံ ပိယော ဟောတိ။**

အမနုဿာနံ–နတ်ဘီလူးတို့၏၊ ပိယော–ချစ်ခင်မြတ်နိုးခံရသူသည်၊ ဟောတိ–ဖြစ်၏။

နံပါတ်ငါး မေတ္တာပွားနေရင် နတ်ဘီလူးတွေရဲ့ ချစ်ခင်မြတ်နိုးခံရသူ ဖြစ်တယ်တဲ့။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* နတ်ဘီလူးများစွာ၊ ချစ်ခင်တာ၊ မေတ္တာပွားရကျိုး။

* နတ်ဘီလူးများစွာ၊ မြတ်နိုးတာ၊ မေတ္တာပွားရကျိုး။

**၆။ ဒေဝတာ ရက္ခန္တိ။**

ဒေဝတာ–နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်၊ ရက္ခန္တိ–စောင့်ရှောက်ကြကုန်၏။

နံပါတ်ခြောက် မေတ္တာပွားတဲ့သူတွေကို နတ်တွေစောင့်ရှောက်ကြတယ်တဲ့၊ ဘယ်လိုစောင့်ရှောက်သလဲဆိုရင် မိဘတွေက သားသမီးတွေကို စောင့်ရှောက်သလို စောင့်ရှောက်ကြတယ်တဲ့။

ဒီတော့ တရားနာပရိသတ်၊ နတ်တွေချစ်ခင်မြတ်နိုးစေချင်ရင် နတ်တွေ စောင့်ရှောက်စေချင်ရင် မေတ္တာပွားရမယ်၊ မေတ္တာနဲ့နေရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ၀–

* နတ်ကောင်းများစွာ၊ စောင့်ရှောက်တာ၊ မေတ္တာပွားရကျိုး။

* နတ်ကောင်းတွေက၊ မိဘ–သမီးသား၊ ပမာထားကာ၊ စောင့်ရှောက်တာ၊ မေတ္တာပွားရကျိုး။

**၇။ နာဿ အဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါ ကမတိ။**

အဿ–ထိုမေတ္တာဖြင့် နေလေ့ရှိသောသူ၏၊ (ကာယေ–ကိုယ်၌)၊ အဂ္ဂိဝါ–မီးသည်လည်းကောင်း၊ ဝိသံဝါ–အဆိပ်သည်လည်းကောင်း၊ သတ္ထံဝါ–ဓား၊ လှံ စသော လက်နက်သည်လည်းကောင်း၊ နကမတိ–မထိရောက်၊ ဝါ–မဖျက်ဆီး။

နံပါတ်ခုနစ် မေတ္တာပွားနေတဲ့ ပုဂ္ဂိုလ်ရဲ့ကိုယ်မှာ မီးဘေး၊ အဆိပ်ဘေး၊ ဓား၊ လှံ စတဲ့ လက်နက်တွေ မစူးမရှနိုင်ဘူး၊ ဖျက်ဆီးလို့မရဘူးပေါ့။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ် မီးဘေး၊ အဆိပ်ဘေး၊ ဓား၊ လှံ စတဲ့ လက်နက်ဘေးတွေ ကင်းဝေးချင်ရင် မေတ္တာပွားနေရမယ်နော်။

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* မီးဘေးကိုယ်မှာ၊ ကင်းဝေးတာ၊ မေတ္တာပွားရကျိုး။
* အဆိပ်ဘေးကိုယ်မှာ၊ ကင်းဝေးတာ၊ မေတ္တာပွားရကျိုး။
* ဓားဘေးကိုယ်မှာ၊ ကင်းဝေးတာ၊ မေတ္တာပွားရကျိုး။
* လှံဘေးကိုယ်မှာ၊ ကင်းဝေးတာ၊ မေတ္တာပွားရကျိုး။
* လက်နက်ဘေးများ၊ ကင်းဝေးသွား၊ ပွားများမေတ္တာကျိုး။

**၈။ တုဝဋံ စိတ္တံ သမာဓိယတိ။**

(မေတ္တာဝိဟာရိနော–မေတ္တာဖြင့်နေလေ့ရှိသောသူ၏)၊ စိတ္တံ–စိတ်သည်၊ တုဝဋံ–လျင်မြန်စွာ၊ သမာဓိယတိ–တည်ကြည်၏။

နံပါတ်ရှစ် မေတ္တာပွားနေတဲ့သူရဲ့စိတ်ဟာ လျင်မြန်စွာ တည်ကြည်တယ်၊ သမာဓိရလွယ်တယ်တဲ့။

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* စိတ်လျင်မြန်စွာ၊ တည်ကြည်တာ၊ မေတ္တာပွားရကျိုး။
* သမာဓိမြန်စွာ၊ ရလွယ်တာ၊ မေတ္တာပွားရကျိုး။

**၉။ မုခဝဏ္ဏော ဝိပ္ပသီဒတိ။**

(မေတ္တာဝိဟာရိနော–မေတ္တာဖြင့်နေလေ့ရှိသောသူ၏)၊ မုခဝဏ္ဏော–မျက်နှာအဆင်းသည်၊ ဝိပ္ပသီဒတိ–အထူးကြည်လင်၏။

နံပါတ်ကိုး မေတ္တာနဲ့နေတဲ့သူရဲ့ မျက်နှာအဆင်းဟာ အထူးကြည်လင်နေတယ်တဲ့။ ဒီနေရာမှာ အဋ္ဌကထာဆရာ ဥပမာပြထားတာကတော့ အညှာမှလွတ်ပြီးတဲ့ ထန်းသီးမှည့် ဝင်းဝင်းဝါဝါလေးလိုပဲတဲ့။

ရှင်းရှင်းပြောရရင် ထန်းသီးမှည့်နဲ့တူတယ်ပေါ့။

ဒီတော့ မျက်နှာအဆင်းကြည်ချင်ရင် သနပ်ခါးလိမ်းရမှာလား၊ မေတ္တာပွားရမှာလား။

(မေတ္တာပွားရမှာပါဘုရား)

လိမ်းရမည့်သနပ်ခါးက ငွေကုန်ကြေးကျ သက်သာလှတဲ့ မေတ္တာ ~~ပွားတဲ့ မေတ္တာသနပ်ခါး~~လိမ်းရမှာနော်။

(မှန်လှပါဘုရား)

ဘာလိမ်းရမတဲ့လဲ။

http://www.dhammadownload.com



(မေတ္တာသနပ်ခါး လိမ်းရမှာပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* မျက်နှာအဆင်း၊ ဝင်းဝင်းဝါဝါ၊ ကြည်လင်တာ၊ မေတ္တာပွားရကျိုး။
* မျက်နှာအဆင်း၊ ကြည်လင်ဝင်းတာ၊ မြတ်မေတ္တာ၊ လိမ်းကာပွားရကျိုး။
* မေတ္တာသနပ်ခါး၊ လိမ်းကာပွား၊ လှသွားမျက်နှာမျိုး။
* မေတ္တာပွားရင်၊ မျက်နှာတွင်၊ ကြည်လင်အလှတိုး။

မေတ္တာဟာ မျက်နှာအဆင်း အထူးကြည်လင်လိုသူတွေ၊ အလှတိုးလိုသူတွေအတွက် အားထားရာ၊ အားကိုးရာတွေ ဖြစ်မနေဘူးလား။

(ဖြစ်နေပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(မေတ္တာသည်သာ အားထားရာ တရားတော်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* မျက်နှာကြည်ချင်၊ မေတ္တာပင်၊ အစဉ်အားထားရာ။
* အလှတိုးချင်၊ မေတ္တာပင်၊ အစဉ်အားထားရာ။

ဒကာ ဒကာမတွေ သနပ်ခါးအလိမ်းမမှားဖို့ လိုတယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ဟောတဲ့တရားတော်ကို 'ဒီနေရာကိုကြည့်ပြီးတော့ "သနပ်ခါးအလိမ်းမမှားပါစေနဲ့"တရားတော်လို့အမည်ပေးရင် ပိုကောင်းမယ်ထင်တယ်။

တကယ်လိမ်းကျံရမည့်သနပ်ခါးက အခြားသနပ်ခါးလား၊ မေတ္တာသနပ်ခါးလား။

(မေတ္တာသနပ်ခါးပါဘုရား)

အေး...ဟုတ်ပြီ၊ လိမ်းရမည့်သနပ်ခါးလေး ရွေးပေးတာနော်။

(မှန်လှပါဘုရား)

ဒီနေ့တရားနာနေကြတဲ့ ဒကာ ဒကာမတွေကို "မေတ္တာသနပ်ခါးလေးရွေးလိမ်းပါလို့" မှာခဲ့ချင်ပါတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အခြားမလိမ်း၊ မေတ္တာလိမ်း၊ အလိမ်းမှန်ပါစေ။
* အခြားမရွေး၊ မေတ္တာရွေး၊ အရွေးမှန်ပါစေ။

**၁၀။ အသမ္မုဠ္ဟော ကာလံ ကရောတိ။**

(မေတ္တာဝိဟာရီ–မေတ္တာဖြင့်နေလေ့ရှိသော ပုဂ္ဂိုလ်သည်)၊ အသမ္မုဠ္ဟော–မတွေဝေပဲ၊ ကာလံ–ကွယ်လွန်ခြင်းကို၊ ကရောတိ–ပြုရ၏။

http://www.dhammadownload.com



နံပါတ်တစ်ဆယ် မေတ္တာနဲ့နေတဲ့သူဟာ ကယောင်ကတမ်း အော်မည်တမ်းပြီးတော့ တွေတွေဝေဝေ မသေရဘူး၊ မတွေမဝေ မညည်းမငြူ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် သက်သက်သာသာ သေရတယ်တဲ့၊ မတွေဝေပဲ အိပ်ပျော်သွားသလို သေရတယ်တဲ့။

တချို့ပြောကြတယ် မဟုတ်လား၊ အသက်ထွက်သွားတာတောင် မသိလိုက်ရဘူး၊ အသက်ထွက်တာ ညင်သာလိုက်တာလို့ ပြောကြတယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ သေတာတောင် သက်သာတဲ့တရား၊ သေတာတောင် အားထားရ၊ အားကိုးရတဲ့တရားဟာ ဘယ်တရားတဲ့လဲ။

(မေတ္တာတရားပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(မေတ္တာသည်သာ အားထားရာ တရားတော်ပါဘုရား)

ဒီတော့ အခြားကိုအားထားရမှာလား၊ မေတ္တာကို အားထားရမှာလား။

(မေတ္တာကို အားထားရမှာပါဘုရား)

ဒါဆိုရင် မေတ္တာသည်သာဘာတဲ့လဲ ဆက်လိုက်-(အားထားရာပါဘုရား)

အသေကောင်းအောင်၊ အသေအေးအောင်၊ အသေသက်သာအောင်၊ မေတ္တာပွားရမယ်၊ မေတ္တာထားရမယ်၊ မေတ္တာနဲ့နေရမယ်နော်။ (မှန်လှပါဘုရား)

အသေသက်သာအောင် သားသမီးတွေ ပစ္စည်းတွေကို အားထားရမှာလား၊ မေတ္တာကို အားထားရမှာလား။ (မေတ္တာကို အားထားရမှာပါဘုရား)

အားထားရာတွေ မမှားစေချင်လို့ သတိပေးနေတာ၊ ပြောနေတာနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဒီနေ့ဟောတဲ့တရားတော်ကို ဒီနေရာ ကြည့်ပြီးတော့ "သေတဲ့အခါ အားထားရာတရားတော်"၊ "အသေသက်သာ မြတ်မေတ္တာ"တရားတော်၊ "အသေအေးတာ မြတ်မေတ္တာ"တရားတော်လို့ အမည်ပေးရင်ရတယ်နော်။ (မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* တွေဝေကင်းကွာ၊ သေရတာ၊ မေတ္တာပွားရကျိုး။

* မတွေဝေကာ၊ သေရတာ၊ မေတ္တာပွားရကျိုး။

* သေတဲ့အခါ၊ လွန်သက်သာ၊ မေတ္တာပွားရကျိုး။

* သေတဲ့အခါ၊ အေးဆေးတာ၊ မေတ္တာပွားရကျိုး။

* အသေကောင်းတာ၊ မြတ်မေတ္တာ၊ ခါခါပွားရကျိုး။

http://www.dhammadownload.com



* အသေသက်သာ၊ မြတ်မေတ္တာ၊ ခါခါပွားရကျိုး။
* အသေအေးတာ၊ မြတ်မေတ္တာ၊ ခါခါပွားရကျိုး။
* အသေကောင်းအောင်၊ မေတ္တာဆောင်၊ ခုနောင်မေတ္တာပွား။
* အသေကောင်းအောင်၊ မေတ္တာဆောင်၊ ခုနောင်မေတ္တာထား။
* အသေအေးအောင်၊ မေတ္တာဆောင်၊ ခုနောင်မေတ္တာပွား။
* အသေအေးအောင်၊ မေတ္တာဆောင်၊ ခုနောင်မေတ္တာထား။

**၁၁။ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ။**

ဥတ္တရိ–မေတ္တာစျာန်သမာပတ်ထက်သာလွန်သော အရဟတ္တဖိုလ်ကို၊ အပ္ပဋိဝိဇ္ဈန္တော–ထိုးထွင်းမြင်သိ မရရှိနိုင်သေးလသော်၊ ဗြဟ္မလောကူပဂေါ–ဗြဟ္မာ့ပြည်သို့ လားရောက်ရသည်၊ ဟောတိ–ကောင်းစွာပိုင်ပိုင် ဖြစ်နိုင်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

နံပါတ်တစ်ဆယ့်တစ်၊ မေတ္တာပွားနေရင် ရရှိတဲ့အကျိုးက မေတ္တာစျာန်သမာပတ်ထက်သာလွန်တဲ့ အရဟတ္တဖိုလ်ကို ထိုးထွင်းမြင်သိမရရှိသေးဘူးဆိုရင် ဗြဟ္မာ့ပြည်လားရောက်ရတယ်တဲ့။

ဘယ်ကိုရောက်သတဲ့လဲ။

(ဗြဟ္မာ့ပြည်ကို ရောက်ရပါတယ်ဘုရား)

ကြည့်စမ်း သေပြီးတော့လည်း ဗြဟ္မာ့ပြည်ကို ရောက်ရတယ်ဆိုတော့ မေတ္တာတရားဟာ သေပြီးတော့လည်း မေတ္တာပွားတဲ့သူအတွက် အားထားရာ၊ အားကိုးရာ ဖြစ်မနေဘူးလား။

(ဖြစ်နေပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(မေတ္တာသည်သာ အားထားရာတရားတော်တော်ပါဘုရား)

"သေပြီးတဲ့အခါ အားထားရာတရားတော်"လို့ အမည်ပေးရင်လည်း ရနိုင်တယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* မေတ္တာထက်ပို၊ မြတ်သောဖိုလ်၊ ရကိုမရလဲ။
* မေတ္တာထက်ပို၊ မြတ်သောဖိုလ်၊ သိကိုမသိလဲ။
* ဗြဟ္မာ့ပြည်ရွာ၊ လားရတာ၊ မေတ္တာပွားကျိုးပဲ

http://www.dhammadownload.com



* ဖြဟ္မာ့ပြည်ရွာ၊ ရောက်ရတာ၊ မေတ္တာပွားကျိုးပဲ။

* သေပြီးသောခါ၊ အားထားရာ၊ မေတ္တာတရားပဲ။

ဒီနေ့တရားနာနေကြတဲ့ ဒကာ ဒကာမတွေ ဗြဟ္မာ့ပြည်မရောက်ချင်ကြဘူးလား။ (ရောက်ချင်ပါတယ်ဘုရား)

အေး...ဗြဟ္မာ့ပြည်ရောက်ချင်ရင် မေတ္တာအမြဲပွားနေရမယ်၊ မေတ္တာအမြဲထားနေရမယ်နော်။ (မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ဗြဟ္မာ့ပြည်ရွာ၊ ရောက်ဖို့ရာ၊ မေတ္တာအမြဲပွား။

* ဗြဟ္မာ့ပြည်ရွာ၊ ရောက်ဖို့ရာ၊ မေတ္တာအမြဲထား။

မေတ္တာပွားရတဲ့အကျိုးတရား ဘယ်နှစ်ပါးတဲ့လဲ။

(၁၁-ပါးပါဘုရား)

အေး...အဲဒီအကျိုး(၁၁)ပါးကို တစ်နေရာတည်းမှတ်သားလို့ ပိုပြီးတော့လွယ်သွားအောင် အကျဉ်းချုပ်ကြည့်ကြပါစို့-

၁။ ချမ်းသာစွာအိပ်ရခြင်း။

၂။ ချမ်းသာစွာနိုးရခြင်း။

၃။ မကောင်းတဲ့အိပ်မက် မမြင်မက်ခြင်း။

၄။ လူတွေချစ်ခင်မြတ်နိုးရခြင်း။

၅။ နတ်ဘီလူးတွေ ချစ်ခင်မြတ်နိုးရခြင်း။

၆။ နတ်တွေစောင့်ရှောက်ခြင်း။

၇။ မီးမလောင်ခြင်း၊ အဆိပ်မသင့်ခြင်း၊ လက်နက်မထိမရောက်ခြင်း။ (မီးဘေး၊ အဆိပ်ဘေး၊ ဓားလှံ စတဲ့ လက်နက်ဘေးတွေ ကင်းဝေးရခြင်း)

၈။ လျင်မြန်စွာ စိတ်တည်ကြည်ခြင်း။

၉။ မျက်နှာအဆင်း အထူးကြည်လင်ခြင်း။

၁၀။ မတွေမဝေ သေရခြင်း။

၁၁။ ဗြဟ္မာ့ပြည် လားရ, ရောက်ရခြင်းတို့ပါပဲ။

ဒီနေ့ဟောနေတဲ့ တရားတော်ရဲ့အဓိပ္ပါယ် ပိုပြီးတော့ပေါ်လွင်ထင်ရှားသွားအောင် ဦးပဥ္စင်းကမေးမယ်၊ ဒကာ ဒကာမတွေက ဖြေကြပါ၊ အားရပါးရပြောကြပါ-

၁။ ချမ်းသာစွာအိပ်စက်ချင်ရင် ဘာကိုအားကိုးရမတဲ့လဲ။

(မေတ္တာကိုပါဘုရား)

http://www.dhammadownload.com



ဒါဆိုရင် ဒီနေ့အမည်ပေးဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(မေတ္တာသည်သာ အားထားရာတရားတော်ပါဘုရား)

ဒီတော့ အိပ်ဆေးကိုအားထားရမှာလား၊ မေတ္တာဆေးကို အားထားရမှာလား။

(မေတ္တာဆေးကိုသာ အားထားရမှာပါဘုရား)

ဒါဆိုရင် "မေတ္တာဆေးသာ အားထားရာ"လို့ အမည်ပေးရင် ရသေးတယ်နော်။

(မှန်လှပါဘုရား)

မေတ္တာဟာဆေး၊ ဆေးဟာမေတ္တာပဲ မဟုတ်လား။

(မှန်လှပါဘုရား)

ဒီတော့ အိပ်မပျော်ရင် အိပ်ဆေးကိုသောက်ရမှာလား၊ မေတ္တာဆေးကို သောက်ရမှာလား။

(မေတ္တာဆေးကို သောက်ရမှာပါဘုရား)

ဦးပဥ္စင်းက ဒကာ ဒကာမတွေကို "အခြားအိပ်ဆေး မသောက်ပါနဲ့၊ မေတ္တာတရားဆိုတဲ့ အိပ်ဆေးတွေ သောက်ကြစမ်းပါလို့" မှာခဲ့ချင်ပါတယ်။

ရှင်းရှင်းပြောရရင် "မေတ္တာအိပ်ဆေး သောက်ပေးပါ"ပေါ့။

၂။ အိပ်ရာကနိုးလာပြန်တော့လည်း ချမ်းချမ်းသာသာ လန်းလန်းဆန်းဆန်းနိုးချင်ရင် ဘာကိုအားကိုးရမတဲ့လဲ။

(မေတ္တာကို အားကိုးရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(မေတ္တာသည်သာ အားထားရာတရားတော်ပါဘုရား)

၃။ အိပ်တဲ့အခါမှာ အိပ်မက်ကောင်းတွေ မြင်မက်ချင်ရင် မေတ္တာကို အားထားရမယ်၊ ဘာကိုအားထားရမတဲ့လဲ။

(မေတ္တာကို အားထားရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(မေတ္တာသည်သာ အားထားရာတရားတော်ပါဘုရား)

ဒီလောက်မေးဖြေလိုက်ရင် ဒီနေ့ဟောနေတဲ့ တရားတော်ရဲ့အမည် သဘောပေါက်ပြီ မဟုတ်လား။

(သဘောပေါက်ပါပြီဘုရား)

http://www.dhammadownload.com



ကျန်တဲ့မေတ္တာပွားရကျိုး အမှတ်လေးကနေ အမှတ်တစ်ဆယ့်တစ် အထိကို အကျဉ်းချုပ်ပဲ ဖော်ကြစို့နော်။ (မှန်လှပါဘုရား)

၄။ လူတွေချစ်ခင် နှစ်သက်မြတ်နိုးစေချင်ရင်၊

၅။ နတ်ဘီလူးတွေ ချစ်ခင်မြတ်နိုးစေချင်ရင်၊

၆။ နတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်ကူညီစေချင်ရင်၊

၇။ မီးဘေး၊ အဆိပ်ဘေး၊ ဓားလှံ စတဲ့ လက်နက်ဘေးတွေ ကင်းဝေးစေချင်ရင်၊

၈။ လျှင်မြန်စွာ စိတ်တည်ကြည်ချင်ရင်၊

၉။ မျက်နှာအဆင်း သနပ်ခါးမလိမ်းပဲ ဝင်းဝါလှပ အမြဲထာဝရ အထူးကြည်လင်စေချင်ရင်၊

၁၀။ မတွေမဝေ အသေကောင်းချင်ရင်၊

၁၁။ ဗြဟ္မာ့ပြည်စွာ ရောက်လို သွားလိုရင်၊ မေတ္တာကိုပွား မေတ္တာကိုပဲ အားထားရမယ်မဟုတ်လား။

(မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(မေတ္တာသည်သာ အားထားရာ တရားတော်ပါဘုရား)

မေတ္တာဟာ အနေစိတ်ချရ၊ အသေစိတ်ချရ၊ နောက်ဘဝစိတ်ချရတဲ့ တရားနော်။ (မှန်လှပါဘုရား)

မေတ္တာအကျိုး(၁၁)မျိုးကို အဲဒီလို သုံးပိုင်းခွဲလိုက်–

၁။ နံပါတ်တစ်ကနေ နံပါတ်ကိုးအထိ အကျိုးတွေဟာ အနေစိတ်ချရတဲ့အပိုင်း။

၂။ နံပါတ်တစ်ဆယ် အကျိုးတစ်ပါးဟာ အသေစိတ်ချရတဲ့အပိုင်း။

၃။ နံပါတ်တစ်ဆယ့်တစ်ခုမြောက် အကျိုးတစ်ပါးက နောက်ဘဝစိတ်ချရတဲ့အပိုင်းပါပဲ။

ဒီတော့ အနေလည်းအားထားရ၊ အသေလည်း အားထားရ၊ နောက်ဘဝလည်း အားထားရတဲ့တရားတော်ဟာ ဘာတရားတဲ့လဲ။

(မေတ္တာတရားပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က။

(မေတ္တာသည်သာ အားထားရာတရားတော်ပါဘုရား)

နောက်ပြီးတော့ မေတ္တာအကျိုး(၁၁)မျိုးကို ယခုဘဝ၊ နောက်ဘဝ ဆိုတဲ့ ဘဝနှစ်မျိုးနဲ့ ခွဲခြားကြည့်လိုက်တဲ့အခါမှာ–

http://www.dhammadownload.com



၁။ နံပါတ်(၁)အကျိုးကနေ နံပါတ်(၁၀)ထိအကျိုးဟာ ယခုဘဝရဲ့ အားထားရာတွေပါပဲ။

၂။ နံပါတ်(၁၁)အကျိုးကတော့ နောက်ဘဝရဲ့ အားထားရာပါပဲ။

ဒီတော့ မေတ္တာဟာ ယခုဘဝရဲ့အားထားရာ၊ နောက်ဘဝရဲ့အားထားရာ ဖြစ်မနေဘူးလား။

(ဖြစ်နေပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(မေတ္တာသည်သာ အားထားရာတရားတော်ပါဘုရား)

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* အနေစိတ်ချ၊ အားထားရ၊ မှတ်ကြကိုးပါးပါ။
* အသေစိတ်ချ၊ အားထားရ၊ မှတ်ကြတစ်ပါးပါ။
* ယခုဘဝ၊ အားထားရ၊ မှတ်ကြဆယ်ပါးပါ။
* နောက်နောင်ဘဝ၊ အားထားရ၊ မှတ်ကြတစ်ပါးပါ။
* ခု+နောင်ဘဝ၊ အားထားရ၊ ပွားကြမြတ်မေတ္တာ။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေ–

၁။ ချမ်းသာစွာ အိပ်ချင်ရင်၊
၂။ ချမ်းသာစွာ နိုးချင်ရင်၊
၃။ အိပ်မက်ဆိုးတာတွေ မမြင်မက်ချင်ရင်၊
၄။ လူတွေ ချစ်ခင်မြတ်နိုးစေချင်ရင်၊
၅။ နတ်ဘီလူးတွေ ချစ်ခင်မြတ်နိုးစေချင်ရင်၊
၆။ နတ်ကောင်းနတ်မြတ်တွေ ကူညီစောင့်ရှောက်စေချင်ရင်၊
၇။ မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးတွေ ကင်းဝေးစေချင်ရင်၊
၈။ လျင်မြန်စွာ စိတ်တည်ကြည်ချင်ရင်၊
၉။ မျက်နှာအဆင်း အထူးကြည်လင်ချင်ရင်၊
၁၀။ မတွေမဝေပဲ အသေကောင်းချင်ရင်၊
၁၁။ ဗြဟ္မာပြည်ရောက်ချင်ရင် ဘာပွားရမဲ့တဲ့လဲ။

(မေတ္တာပွားရမှာပါဘုရား)

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

http://www.dhammadownload.com



၁။ ချမ်းသာစွာပင်၊ အိပ်စက်ချင်၊ အစဉ်မေတ္တာပွား။ (ထား)
၂။ ချမ်းသာစွာပင်၊ နိုးလာချင်၊ အစဉ်မေတ္တာပွား။ (ထား)
၃။ အိပ်မက်ဆိုးပင်၊ မမက်ချင်၊ အစဉ်မေတ္တာပွား။ (ထား)
၄။ လူတွေခင်မင်၊ ချစ်စေချင်၊ အစဉ်မေတ္တာပွား။ (ထား)
၅။ နတ်ဘီလူးပင်၊ ချစ်စေချင်၊ အစဉ်မေတ္တာပွား။ (ထား)
၆။ နတ်ကောင်းတွေပင်၊ စောင့်စေချင်၊ အစဉ်မေတ္တာပွား။ (ထား)
၇။ မီးဘေးတွေပင်၊ ကင်းဝေးချင်၊ အစဉ်မေတ္တာပွား။ (ထား)
အဆိပ်ဘေးပင်၊ ကင်းဝေးချင်၊ အစဉ်မေတ္တာပွား။ (ထား)
လက်နက်ဘေးပင်၊ ကင်းဝေးချင်၊ အစဉ်မေတ္တာပွား။ (ထား)
၈။ လျင်မြန်စွာပင်၊ စိတ်တည်ချင်၊ အစဉ်မေတ္တာပွား။ (ထား)
၉။ မျက်နှာအဆင်း၊ ကြည်လင်ဝင်းချင်၊ များလှူရှင်၊
အစဉ်မေတ္တာပွား။ (ထား)
၁၀။ မတွေမဝေ၊ သေလိုပေလျှင်၊ များလှူရှင်၊
အစဉ်မေတ္တာပွား။ (ထား)
၁၁။ ဗြဟ္မာပြည်ပင်၊ ရောက်လိုချင်၊ အစဉ်မေတ္တာပွား။ (ထား)

**မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဣမေ ဧကာဒသာနိသံသာ ပါဋိကင်္ခါ။**

ဘိက္ခဝေ–ရဟန်းတို့၊ မေတ္တာယ–မေတ္တာမည်သော၊ (ပ)သုသမာရဒ္ဓါယ–အလွန်အမင်း ကောင်းစွာအားထုတ်အပ်ပြီးလသော်၊ ဧကာဒသ–(၁၁)မျိုးကုန်သော၊ ဣမေ အာနိသံသာ–ဤအကျိုးဂုဏ်အင် အာနိသင်တို့ကို၊ ပါဋိကင်္ခါ–မလွဲမသွေ အလိုရှိအပ်ပါပေကုန်သတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ပေယျာလမြုပ်ထားသော အနက်များကို တရားအစဉ်ပေးထားသည့်အတိုင်း ဖော်ပြီးဟောကြားပါ။

ကဲ...ဒီနေ့ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတဲ့လဲ။
(မေတ္တာသည်သာ အားထားရာတရားတော်ပါဘုရား)

အေး...အဲဒီ မေတ္တာသည်သာ အားထားရာတရားတော် နာကြားပြီးတော့ (၅၂၈)သွယ်မေတ္တာကို ဆက်ပြီးနာကြားကြပါစို့။

http://www.dhammadownload.com



ယောကျ်ား-မိန်းမ စသည်ဖြင့် ပိုင်းခြားကန့်သတ်ခြင်းမရှိပဲ ပို့ရတဲ့ မေတ္တာကို အနောဓိသမေတ္တာလို့ခေါ်တယ်။

အဲဒီ အနောဓိသမေတ္တာပို့ရမည့် ပုဂ္ဂိုလ်က(၅)ယောက်ရှိတယ်။

ဘယ်နှစ်ယောက်ရှိသတဲ့လဲ။

(၅-ယောက်ရှိပါတယ်ဘုရား)

၁။ သဗ္ဗေသတ္တာ-အလုံးစုံသော သတ္တဝါတွေ-

၂။ သဗ္ဗေပါဏာ-အလုံးစုံထွက်သက်, ဝင်သက်ရှိတဲ့ သတ္တဝါတွေ-

၃။ သဗ္ဗေဘူတာ-အလုံးစုံကိုယ်ထင်ရှားရှိတဲ့ သတ္တဝါတွေ-

၄။ သဗ္ဗေပုဂ္ဂလာ-အလုံးစုံသော ပုဂ္ဂိုလ်တွေ-

၅။ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ-အလုံးစုံကိုယ်အတ္တဘော၌ အကျုံးဝင်တဲ့ သတ္တဝါတွေပါပဲ။

မိန်းမနှင့်ယောကျ်ား၊ အရိယာနှင့်ပုထုဇဉ်၊ နတ်လူနှင့်ဝိနိပါတိက-ဤသို့ တစ်ကန့်စီ၊ တစ်ကန့်စီ ပိုင်းခြားကန့်သတ်ပြီး ပို့ရတဲ့မေတ္တာကို ဩဓိသမေတ္တာလို့ခေါ်ပါတယ်။

ဩဓိသမေတ္တာပို့ရမည့်ပုဂ္ဂိုလ်က(၇)ယောက်ရှိတယ်၊ ဘယ်နှစ်ယောက်ရှိသတဲ့လဲ။

(၇-ယောက်ပါဘုရား)

အဲဒီ ပုဂ္ဂိုလ် (၇) ယောက်က ဘယ်သူတွေလဲဆိုတော့-

၁။ သဗ္ဗာဣတ္ထိယော-အလုံးစုံသော မိန်းမတွေ-

၂။ သဗ္ဗေပုရိသာ-အလုံးစုံသော ယောကျ်ားတွေ-

၃။ သဗ္ဗေအရိယာ-အလုံးစုံသော အရိယာတွေ-

၄။ သဗ္ဗေအနရိယာ-အလုံးစုံသော ပုထုဇဉ်တွေ-

၅။ သဗ္ဗေဒေဝါ-အလုံးစုံသော နတ်ဗြဟ္မာတွေ-

၆။ သဗ္ဗေမနုဿာ-အလုံးစုံသော လူတွေ-

၇။ သဗ္ဗေဝိနိပါတိကာ-အလုံးစုံသော ပြိတ္တာကြွပျက်စီးနေကြတဲ့ ဝိနိပါတိက အသုရာပြိတ္တာ အကြီးစားတွေပါပဲ။

အနောဓိသ မေတ္တာပို့ရမည့် ပုဂ္ဂိုလ်က(၅)ယောက်၊ ဩဓိသမေတ္တာပို့ရမည့်ပုဂ္ဂိုလ်က(၇)ယောက် ပေါင်းလိုက်တော့-

(၁၂-ယောက်ပါဘုရား)

အေး...အဲဒီ(၁၂)ယောက်ကို စွဲစွဲမြဲမြဲမှတ်ထား တည်ထားရမယ်နော်။

http://www.dhammadownload.com



(မှန်လှပါဘုရား)

၁။ အဝေရာ ဟောန္တု–ရန်မရှိကြပါစေနဲ့၊

၂။ အဗျာပဇ္ဇာ ဟောန္တု–ကြောင့်ကြကင်းကြပါစေ၊

၃။ အနီဃာ ဟောန္တု–ဆင်းရဲခြင်းမရှိကြပါစေနဲ့ (ဆင်းရဲခြင်းကင်းကြပါစေ)၊

၄။ သုခီ အတ္တာနံ ပရိဟရန္တု–ချမ်းသာစွာ မိမိကိုယ်ကိုသယ်ပိုးဆောင်ရွက်နိုင်ကြပါစေ ဆိုတဲ့ "န္တု"လေးပါး၊

ဘယ်နှစ်ပါးတဲ့လဲ။

(လေးပါးပါဘုရား)

စောစောကတည်ထားခဲ့တဲ့ အနောဓိသပုဂ္ဂိုလ်(၅)ယောက်၊ ဩဓိသပုဂ္ဂိုလ်(၇)ယောက် ပေါင်း(၁၂)ယောက်ကို ဒီ'န္တု'လေးပါးနဲ့မြှောက်လိုက်တော့ (၄၈)ဖြစ်တယ်။

အဲဒီ(၄၈)ကို

၁။ ပုရတ္ထိမာယ ဒိသာယ – အရှေ့အရပ်မျက်နှာ၊

၂။ ပစ္ဆိမာယ ဒိသာယ – အနောက်အရပ်မျက်နှာ၊

၃။ ဥတ္တရာယ ဒိသာယ – မြောက်အရပ်မျက်နှာ၊

၄။ ဒက္ခိဏာယ ဒိသာယ – တောင်အရပ်မျက်နှာ၊

၅။ ပုရတ္ထိမာယအနုဒိသာယ – အရှေ့တောင်ထောင့်အရပ်မျက်နှာ၊

၆။ ပစ္ဆိမာယအနုဒိသာယ – အနောက်မြောက်ထောင့်အရပ်မျက်နှာ၊

၇။ ဥတ္တရာယအနုဒိသာယ – အရှေ့မြောက်ထောင့်အရပ်မျက်နှာ၊

၈။ ဒက္ခိဏာယအနုဒိသာယ – အနောက်တောင်ထောင့်အရပ်မျက်နှာ၊

၉။ ဟေဋ္ဌိမာယ ဒိသာယ – အောက်အရပ်မျက်နှာ၊

၁၀။ ဥပရိမာယ ဒိသာယ – အထက်အရပ်မျက်နှာဆိုတဲ့ အရပ်(၁၀)မျက်နှာနဲ့မြှောက် (၄၈၀)ဖြစ်ပါတယ်။

အဲဒီ(၄၈၀)ကို အရှေ့ကအရပ်မျက်နှာ မမှတ်သားပဲ ပို့တဲ့မေတ္တာ(၄၈)နဲ့ပေါင်းလိုက်တော့ (၅၂၈)သွယ်မေတ္တာဖြစ်သွားပါတယ်။

တရားနာပရိသတ် ငါးရာ့နှစ်ဆယ့်ရှစ်သွယ်မေတ္တာ ဖြစ်တာသိပြီ၊ သဘောပေါက်ပြီလား။

(မှန်လှပါဘုရား)

ပိုပြီးရှင်းသွားအောင် ပြောရရင်တော့–

http://www.dhammadownload.com



၁။ ပုဂ္ဂိုလ်(၁၂)ယောက်ကိုတည်၊
၂။ န္တု(၄)ပါးနဲ့မြှောက်(၄၈)၊
၃။ အရပ်(၁၀)မျက်နှာနဲ့ထပ်မြှောက်(၄၈၀)၊
၄။ မူလ(၄၈)နဲ့ထပ်ပေါင်း(၅၂၈)ဖြစ်တယ်ပေါ့။

ကဲ...မှတ်သားလို့လွယ်ကူအောင် ရေးထားတဲ့လင်္ကာလေးလိုက်ဆိုကြ-

၁။ နော၀ိငါးဖြစ်၊ ညြ-ခုနှစ်၊ ဆယ့်နှစ်ပုဂ္ဂိုလ်တည်။
၂။ န္တုလေးဖြာ၊ မြှောက်သောခါ၊ ဖြစ်လာ(၄၈)မည်။
၃။ (၄၈)ထပ်ကာ၊ ရပ်ဆယ်ဖြာ၊ သေချာမြှောက်ရမည်။
၄။ လေးရာ့ရှစ်ဆယ်၊ ဖြစ်လာတယ်၊ အလွယ်သိရမယ်။
၅။ ရှေ့ကလေးရှစ်၊ ပေါင်းပြန်လစ်၊ ငါးနှစ်ရှစ်ဖြစ်တယ်။
၆။ ငါးရာ့နှစ်ဆယ်၊ ရှစ်သွယ်မေတ္တာ၊ အလွယ်သာ၊ သေချာသိရမည်။

ငါးရာ့နှစ်ဆယ့်ရှစ်သွယ်မေတ္တာလို့ လူတွေရဲ့နှုတ်ဖျားမှာ ရေပန်းစား မနေဘူးလား။

(နေပါတယ်ဘုရား)

အေး...အဲဒီလို ရေပန်းစားနေတဲ့ ငါးရာ့နှစ်ဆယ့်ရှစ်သွယ်မေတ္တာကို အလွယ်တကူသိမှတ်နိုင်အောင် လင်္ကာတွေရေးပြီး မေတ္တာသင်တန်းပေးနေ တာနော်။

(မှန်လှပါဘုရား)

ဘာသင်တန်းတဲ့လဲ။

(မေတ္တာသင်တန်းပါဘုရား)

အေး...မေတ္တာသင်တန်းပေးနေတာဟာ မေတ္တာပရိယတ်လုပ်ငန်းပေါ့၊ ဘာလုပ်ငန်းတဲ့လဲ။

(မေတ္တာပရိယတ်လုပ်ငန်းပါဘုရား)

အဲဒီမေတ္တာသင်တန်း မေတ္တာပရိယတ်လုပ်ငန်း လာတဲ့အတိုင်း မေတ္တာပွားလိုက်တာ မေတ္တာထားလိုက်တာ၊ မေတ္တာပွားနေတာ၊ မေတ္တာထား နေတာ၊ မေတ္တာကိုအသိကနေပြောင်းပြီး ကျင့်လိုက်တာကတော့ မေတ္တာ ပဋိပတ်လုပ်ငန်းပေါ့။

ဘာလုပ်ငန်းတဲ့လဲ။

(မေတ္တာပဋိပတ်လုပ်ငန်းပါဘုရား)

မေတ္တာပွား၊ မေတ္တာထား၊ မေတ္တာကျင့်တဲ့ မေတ္တာပဋိပတ်လုပ်ငန်း လုပ်လိုက်တော့ မေတ္တာအကျိုး(၁၁)မျိုး ကောင်းကျိုးတွေ ရမသွားဘူးလား။

http://www.dhammadownload.com



(ရသွားပါတယ်ဘုရား)

အေး…အဲဒီ မေတ္တာအကျိုး(၁၁)မျိုးရတာက မေတ္တာနဲ့ပတ်သက်တဲ့ ပဋ္ဌဝေဝပေါ့၊ ဒီနေ့ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့မှာ မေတ္တာပွားတတ်ကြပါစေ၊ မေတ္တာထားတတ်ကြပါစေ၊ မေတ္တာသိကြပါစေ၊ မေတ္တာရှိကြပါစေ၊ မေတ္တာကျင့်နိုင်ကြပါစေ၊ မေတ္တာအကျိုးတရားတွေ ယခုဘဝ နောက်ဘဝ ခံစားနိုင်ကြပါစေဆိုတဲ့အနေနဲ့ မေတ္တာကထာကို တန်ဆာဆင်ထားတဲ့ "မေတ္တာသည်သာ အားထားရာ"ခေါ် တရားဒေသနာတော်ကို ဟောကြားခဲ့ပါတယ်။

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(မေတ္တာသည်သာ အားထားရာတရားတော်ပါဘုရား)

အေး…ဟုတ်ပြီ၊ မေတ္တာဆိုတာ သတ္တဝါတွေရဲ့ကောင်းကျိုးကို ရှိုးရှိုးသားသားလိုလားတာ ကူညီဆောင်ရွက်ပေးတာဟာ မေတ္တာပဲနော်။

(မှန်လှပါဘုရား)

ချစ်တာဟာ မေတ္တာ၊ ချစ်တဲ့ပုဂ္ဂိုလ်ရဲ့အပေါ်မှာ အာရုံပြုသောအားဖြင့်ဖြစ်တာ မေတ္တာ၊ အကျိုးစီးပွားကိုလိုလားတဲ့ မိတ်ဆွေရဲ့ချစ်ခြင်း၏ အစွမ်းဖြင့်ဖြစ်တာ မေတ္တာ၊ ဒီလိုလဲ မှတ်နိုင်တယ်နော်။

(မှန်လှပါဘုရား)

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ–

* သတ္တဝါကောင်းကျိုး(အများကောင်းကျိုး)၊ အမျိုးမျိုးကို၊ ရှိုးရှိုးသားသား၊ ကြိုးကြိုးစားစား၊ နိုးနိုးကြားကြား၊ လိုလိုလားကာ၊ ကူညီတာ၊ ဆောင်တာမေတ္တာခေါ်။
* ချစ်သောပုဂ္ဂိုလ်၊ များထိုထိုရှု၊ အာရုံပြု၊ ဖြစ်မှုမေတ္တာခေါ်။
* အကျိုးစီးပွား၊ လိုလားချစ်သော၊ ထိုသဘော၊ ဆိုပြောမေတ္တာခေါ်။
* အကျိုးလိုလား၊ မိတ်ဆွေများ၏၊ ချစ်ခင်ရှိစွမ်း၊ ဖြစ်ပုံဆန်း၊ သိစမ်းမေတ္တာခေါ်။

ကဲ…မေတ္တာအကြောင်း ဟောပြောလိုက်တာ တော်တော်လေးစုံသွားပါပြီ၊ နောက်ဆုံးအနေနဲ့ အနောဓိသမေတ္တာ၊ ဩဓိသမေတ္တာ၊ ဒိသာဖရဏာမေတ္တာပို့ လင်္ကာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြပါစို့၊ အားလုံး ညီညီညာညာလိုက်ဆိုကြ–

http://www.dhammadownload.com



## အနောဓိသမေတ္တာ ပို့သလွှာ

၁။ လုံးစုံများစွာ၊ သတ္တဝါ၊ ဘေးရန်ကွာပါစေ။
လုံးစုံများစွာ၊ သတ္တဝါ၊ ကြောင့်ကြကွာပါစေ။
လုံးစုံများစွာ၊ သတ္တဝါ၊ ဆင်းရဲကွာပါစေ။
လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာဆောင်နိုင်စေ။

၂။ ထွက်သက်-ဝင်သက်၊ ရှိလျှက်နေရှာ၊ သတ္တဝါ၊ ဘေးရန်ကွာပါစေ။ (ကြောင့်ကြကွာပါစေ၊ ဆင်းရဲကွာပါစေ၊ ချမ်းသာဆောင်နိုင်စေ၊ အတူဆိုပါ)။

၃။ ကိုယ်ထင်ရှားရှိ၊ များဘိသတ္တဝါ၊ ဘေးရန်ကွာ၊ ကျန်းမာချမ်းသာစေ။

မှတ်ချက်။ ။ ကြောင့်ကြကွာ၊ ဆင်းရဲကွာ၊ အတူဆိုပါ။
ကိုယ်ထင်ရှားရှိ၊ များဘိသတ္တဝါ၊ အဖြာဖြာ၊ ချမ်းသာဆောင်နိုင်စေ။

၄။ လုံးစုံများစွာ၊ ပုဂ္ဂလာ၊ ဘေးရန်ကွာပါစေ။

မှတ်ချက်။ ။ ကြောင့်ကြကွာပါစေ၊ ဆင်းရဲကွာပါစေ၊ ချမ်းသာဆောင်နိုင်စေ၊ အတူတူဆိုပါ။

၅။ အတ္တဘောတွင်၊ အကျုံးဝင်ငြား၊ များပြားသတ္တဝါ၊ ဘေးရန်ကွာ၊ ကျန်းမာ-ချမ်းသာစေ။
အတ္တဘောတွင်၊ အကျုံးဝင်ငြား၊ များပြားသတ္တဝါ၊ ကြောင့်ကြကွာ၊ ကျန်းမာ-ချမ်းသာစေ။
အတ္တဘောတွင်၊ အကျုံးဝင်ငြား၊ များပြားသတ္တဝါ၊ ဆင်းရဲကွာ၊ ကျန်းမာ-ချမ်းသာစေ။
အတ္တဘောတွင်၊ အကျုံးဝင်ငြား၊ များပြားသတ္တဝါ၊ အဖြာဖြာ၊ ချမ်းသာဆောင်နိုင်စေ။
အပိုင်းအခြား၊ မရှိငြားသည့်၊ အနောဓိသ၊ မေတ္တာလှ၊ နေ့ည ပို့ကာနေ။

## ဩဓိသမေတ္တာ ပို့သလွှာ

၁။ အမျိုးသမီးများစွာ၊ ဘေးရန်ကွာ၊ ကျန်းမာ-ချမ်းသာစေ။
၂။ အမျိုးသားများစွာ၊ ဘေးရန်ကွာ၊ ကျန်းမာ-ချမ်းသာစေ။
၃။ အားလုံးအရိယာ၊ ဘေးရန်ကွာ၊ ကျန်းမာ-ချမ်းသာစေ။
၄။ ပုထုဇဉ်များစွာ၊ ဘေးရန်ကွာ၊ ကျန်းမာ-ချမ်းသာစေ။

http://www.dhammadownload.com



၅။ အားလုံးနတ်ဗြဟ္မာ၊ ဘေးရန်ကွာ၊ ကျန်းမာ–ချမ်းသာစေ။

၆။ လူပေါင်းများစွာ၊ ဘေးရန်ကွာ၊ ကျန်းမာ–ချမ်းသာစေ။

၇။ အားလုံးပြိတ္တာ၊ ဘေးရန်ကွာ၊ ကျန်းမာ–ချမ်းသာစေ။

မှတ်ချက်။ ။ ကြောင့်ကြကွာ၊ ဆင်းရဲကွာ အတူဆိုပါ။

**သုခိ အတ္တာနံ ပရိဟရန္တုအတွက်**

* အမျိုးသမီးများစွာ၊ ကိုယ်ကိုယ့်မှာ၊ ချမ်းသာဆောင်နိုင်စေ–ဟု ပို့ပွားပါ။ ကျန်(၆)ယောက်အတွက်လည်း အထက်ပါနည်းကိုမှီး၍ ပို့ပွားပါ။
* အပိုင်းအခြား၊ ရှိပေငြားသည့်၊ သြဓိသခေါ်၊ မေတ္တာတော်၊ ရွှင်ပျော်ပို့ပွားပါ။

**ဒိသာဖရဏမေတ္တာ ပို့သလွှာ**

၁။ အရှေ့အရပ်နေရှာ အားလုံးသတ္တဝါတွေ...
ဘေးရန်ကြောင့်ကြ၊ ဆင်းရဲလှတာ၊ ကင်းဝေးကွာ၊ ချမ်းသာဆောင်နိုင်စေ။

၂။ အနောက်အရပ်နေရှာ အားလုံးသတ္တဝါတွေ...

၃။ မြောက်အရပ်နေရှာ ။ ။

၄။ တောင်အရပ်နေရှာ ။ ။

၅။ အရှေ့တောင်ထောင့်အရပ်နေရှာ ။

၆။ အနောက်မြောက်ထောင့်အရပ်နေရှာ ။

၇။ အရှေ့မြောက်ထောင့်အရပ်နေရှာ ။

၈။ အနောက်တောင်ထောင့်အရပ်နေရှာ ။

၉။ အောက်အရပ်နေရှာ ။ ။

၁၀။ အထက်အရပ်နေရှာ ။ ။

ဘေးရန်ကြောင့်ကြ၊ ဆင်းရဲလှတာ၊ ကင်းဝေးကာ၊ ချမ်းသာဆောင်နိုင်စေ။

အရပ်မျက်နှာ၊ ပျံ့နှံ့ပါသည်၊ ဒိသာဖရဏ၊ အလှမေတ္တာ၊ အဖြာဖြာ၊ အခါခါပို့သနေ။

ကဲ...ပြီးပါပြီ၊ အားလုံးသာဓုခေါ်ကြ–

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တိုင်း၊ နေရာဒေသတိုင်း၊ ညတရားပွဲတိုင်း၊ နေ့တရားပွဲတိုင်း ဟောနိုင်ပါသည်။

http://www.dhammadownload.com



တရားအမည်ပေးရာ၌–

၁။ သနပ်ခါး အလိမ်းမမှားပါစေနဲ့၊

၂။ မေတ္တာသနပ်ခါးလေး လိမ်းပေးပါ၊

၃။ မေတ္တာသနပ်ခါးလေး ရွှေးလိမ်းပါ၊

၄။ မေတ္တာကို အားထားရမှာလား၊ အခြားကို အားထားရမှာလား၊

၅။ နေတဲ့အခါ အားထားရာ၊

၆။ သေတဲ့အခါ အားထားရာ၊

၇။ အနေသက်သာ မြတ်မေတ္တာ၊

၈။ အသေသက်သာ မြတ်မေတ္တာ၊

၉။ အသေအေးတာ မြတ်မေတ္တာ၊

၁၀။ မေတ္တာဆေးသာ အားထားရာ၊

၁၁။ မေတ္တာအိပ်ဆေး သောက်ပေးပါတရားတော်။

စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၁၉–၈–၉၇ (အင်္ဂါနေ့)

နံနက်(၉)နာရီ။

မေတ္တာသည်သာ အားထားရာတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါန ပါဠိတော်၊ ပိလိန္ဒဝစ္ဆဝဂ်
ပိလိန္ဒဝစ္ဆတ္ထေရအပဒါန် ဘိသိအာနိသံသလာ ဂါထာ ၅-ပုဒ်ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# အကျိုးခြောက်ပါးရလိုသူ+မွေ့ရာလှူ တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(..........)တို့ရဲ့ မွေ့ရာလှူပွဲမှာ ဟောကြားမည့်တရားတော်က "အကျိုးခြောက်ပါးရလိုသူ မွေ့ရာလှူ"တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(အကျိုးခြောက်ပါးရလိုသူ မွေ့ရာလှူတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ ဘိသိယော သုဂတေ ဒတွာ၊ သံဃေ ဂဏာဝရုတ္တမေ။**
**ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။**

(အပဒါနပါဠိ-၁၊ ၃၆၇)

သုဂတေ-မြတ်စွာဘုရားအားလည်းကောင်း၊ ဂဏာဝရုတ္တမေ-အမြတ်ဆုံးဂိုဏ်းဖြစ်သော၊ သံဃေ-သံဃာတော်အားလည်းကောင်း၊ ဘိသိယော-မွေ့ရာတို့ကို၊ ဒတွာ-ပေးလှူခဲ့ရသောကြောင့်၊ မမ-ငါ၏၊ ကမ္မာနုစ္ဆဝိကေ-ကံအားလျော်ကပ်ပတ်ကုန်သော၊ ဆာနိသံသေ-အကျိုးခြောက်ပါးတို့ကို၊ အနုဘောမိ-ပြည့်ပြည့်ဝဝ ခံစားရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

အရှင်ပိလိန္ဒစ္ဆမထေရ်အလောင်း သူတော်ကောင်းဟာ မြတ်စွာဘုရားနဲ့သံဃာတော်အား ဘုံလျှို(မွေ့ရာ)တွေ လှူခဲ့တဲ့ကောင်းမှုကြောင့် မိမိရဲ့ကံအားလျော်ကပ်တဲ့ အကျိုးခြောက်ပါးခံစားရတယ်တဲ့။

ဘယ်နှစ်ပါး ခံစားရသတဲ့လဲ။

(ခြောက်ပါးပါဘုရား)

http://www.dhammadownload.com



၂။ သမသုဂတ္တော ပစိတော၊ မုဒုကော စာရုဒဿနော။
လဘာဓမိ ဉာဏပရိဝါရံ၊ ဘိသိဒါနဿိဒံ ဖလံ။

သမသုဂတ္တော–ပြေပြစ်ညီညွတ်သောကိုယ်ရှိ၏၊ အပစိတော–သူတစ်ပါးတို့ ရိုသေပူဇော်အပ်၏၊ မုဒုကော–နူးညံ့၏၊ စာရုဒဿနော–ရှုချင်စဖွယ်တင့်တယ်လှပ၏၊ ဉာဏပရိဝါရံ–ဉာဏ်အခြံအရံကို (အခြံအရံနှင့်တကွသောဉာဏ်ကို)၊ လဘာဓမိ–ရ၏၊ ဣဒံဖလံ–ဤအကျိုးသည်၊ ဘိသိဒါနဿ–ဘုံလျှို(မွေ့ရာ)လှူရခြင်း၏၊ ဖလံ–အကျိုးတည်း။

၁။ ပြေပြစ်ညီညွတ်တဲ့ကိုယ်ရှိခြင်း၊
၂။ သူတစ်ပါးတွေရဲ့ အရိုအသေပြုမှု၊ ပူဇော်မှုကိုခံရခြင်း၊
၃။ နူးညံ့ခြင်း၊
၄။ ရှုချင်စဖွယ်တင့်တယ်လှပခြင်း၊
၅။ အခြံအရံနှင့်တကွသော ဉာဏ်ကောင်းဉာဏ်မြတ်တွေရခြင်းဆိုတဲ့ အကျိုး(၅)ပါးခံစားရပုံကို ဒီဂါထာကပြတယ်။

၃။ တူလိကာ ဝိကတိကာယော၊ ကဋ္ဋိဿာ စိတ္တကာ ဗဟူ။
ဝရပေါတ္ထကေ ကမ္ဗလေစ၊ လဘာဓမိ ဝိဝိဓေ အဟံ။

တူလိကာ–လဲသွတ်သောမွေ့ရာတို့ကိုလည်းကောင်း၊ ဝိကတိကာယော–ခြင်္သေ့ရုပ်၊ ကျားရုပ်တို့ဖြင့်အထူးပြုအပ်သော အခင်းတို့ကိုလည်းကောင်း၊ ကဋ္ဋိဿာ–ကချေသည် တစ်ကျိပ်ခြောက်ယောက်တို့ ကနိုင်လောက်သော အခင်းတို့ကိုလည်းကောင်း၊ စိတ္တကာ–ဆန်းကြယ်စွာပြုလုပ်အပ်သော အခင်းတို့ကိုလည်းကောင်း၊ ဗဟူ–များကုန်သော၊ ဝရပေါတ္ထကေ–ကောင်းမွန်သပ်ရပ် အဝတ်မြတ်တို့ကိုလည်းကောင်း၊ ဝိဝိဓေ–အထူးထူးအပြားပြားရှိကုန်သော၊ ကမ္ဗလေစ–ကမ္ဗလာ(သက္ကလပ်)တို့ကိုလည်းကောင်း၊ အဟံ–ငါသည်၊ လဘာဓမိ–ရ၏။

ဒီဂါထာက အကျိုး(၁)ပါး ခံစားရပုံကိုပြတယ်။

အဲဒီအကျိုးတစ်ပါးက ဘာလဲဆိုတော့–

၁။ လဲသွတ်တဲ့မွေ့ရာတွေ၊ ခြင်္သေ့ရုပ်၊ ကျားရုပ်တွေနဲ့ အထူးပြုလုပ်ထားတဲ့အခင်းတွေ၊ ကချေသည်(၁၆)ယောက် ကနိုင်လောက်တဲ့အခင်းတွေ၊ ဆန်းကြယ်စွာပြုလုပ်ထားတဲ့အခင်းတွေ၊ ကောင်းမွန်တဲ့အဝတ်တွေ၊ ကမ္ဗလာ(သက္ကလပ်)အဝတ်အမျိုးမျိုးတွေ ရရှိခံစားရခြင်းပါပဲ။

ရှင်းရှင်းပြောရရင်တော့ မွေ့ရာကောင်းတွေ၊ အခင်းကောင်းတွေ၊ အဝတ်ကောင်းတွေ ရရှိခံစားရခြင်းပါပဲ။

http://www.dhammadownload.com



**၄။ ပါဝါရိကေစ မုဒုကေ၊ မုဒုကာ စိနဝေဏိယော။**
**လဘာမိ ဝိဝိဓေတ္ထာရေ၊ ဘိသိဒါနဿိဒံ ဖလံ။**

မုဒုကေ–နူးညံ့ကုန်သော၊ ပါဝါရိကေစ–အပေါ်ရုံတို့ကိုလည်းကောင်း၊ မုဒုကာ–နူးညံ့ကုန်သော၊ အဇိနဝေဏိယော–သစ်နက်ရေတို့ကိုလည်းကောင်း၊ ဝိဝိဓေတ္ထာရေ–အထူးထူးအပြားပြားသော နေရာအခင်းတို့ကို၊ လဘာမိ–ရ၏၊ ဣဒံဖလံ–ဤအကျိုးသည်၊ ဘိသိဒါနဿိဒံ–မွေ့ရာလှူရခြင်း၏၊ ဖလံ–အကျိုး ပေတည်း။

ဒီဂါထာက နူးညံ့တဲ့အပေါ်ရုံအဝတ်တွေ၊ နူးညံ့တဲ့သစ်နက်ရေတွေ၊ အထူးထူးသော နေရာအခင်းတွေ ရရှိခံစားရပုံကိုပြတယ်။

မှတ်ချက်။ ။ နံပါတ်(၃)ဂါထာကလည်း အဝတ်အခင်း၊ နံပါတ်(၄)ဂါထာကလည်း အဝတ်အခင်း၊ အကျိုးရပုံကိုပြသဖြင့် နှစ်ဂါထာပေါင်းမှ အကျိုးတစ်ပါးဟုမှတ်ပါ။

အဝတ်အခင်းရပုံခြင်း တူညီနေသဖြင့် အကျိုးတစ်ပါးတည်းပေါင်းယူရတွက်ပါ။

ဝိဝိဓေတ္ထာရေ–၌ ဝိဝိဋ္ဌာနေဟုရှိပါက အထူးထူးသောအရပ်၌ဟုပေးပါ၊ အထူးထူးသောအရပ်မှာ ရရှိခံစားရတယ်လို့ အဓိပ္ပါယ်ပြောပါ။ (မူကွဲရှိသည်ကို သတိပြုပါ)

**၅။ ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။**
**အတုဋ္ဌော ဈာနမဋ္ဌောမှိ၊ ဘိသိဒါနဿိဒံ ဖလံ။**

ယတော–အကြင်အခါမှ၊ အတ္တာနံ–မိမိကိုယ်ကို၊ သရာမိ–အောက်မေ့၏၊ ယတော–အကြင်အခါမှ၊ ဝိညုတံ–သိကြားလိမ္မာသောအဖြစ်သို့၊ ပတ္တော–ရောက်သည်၊ အသ္မိ–ဖြစ်၏၊ (တတော–ထိုအခါမှ၊ ပဘုတိ–စ၍)၊ အတုဋ္ဌော–အချည်းနှီးဖြစ်သူမဟုတ်ပဲ၊ ဈာနမဋ္ဌော–ဈာန်တည်းဟူသော သြောင်စောင်းရှိသူသည်၊ အမှိ–ဖြစ်ရ၏၊ ဣဒံဖလံ–ဤအကျိုးသည်၊ ဘိသိဒါနဿ–ဘုံလျှို(မွေ့ရာ)လှူရခြင်း၏၊ ဖလံ–အကျိုးကောင်းမှတ် အကျိုးမြတ် ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

မိမိကိုယ်ကို အောက်မေ့မိတဲ့အချိန်၊ သိ၊ ကြားလိမ္မာတဲ့အချိန်က စပြီးတော့ အချည်းနှီးဖြစ်သူမဟုတ်ပဲ ဈာန်ဆိုတဲ့သြောင်စောင်းရှိသူဖြစ်ရခြင်းဟာ ဘုံလျှို(မွေ့ရာ)လှူရတဲ့ ကောင်းကျိုးပါပဲ။

ဒီနေ့မွေ့ရာလှူကြတဲ့ ဦး(.........) ဒေါ်(.........)မိသားစုတို့မှာလည်း

http://www.dhammadownload.com



မွေ့ရာလှူတဲ့အကျိုး ဘယ်နှစ်ပါးရသတဲ့လဲ။

(ခြောက်ပါးရပါတယ်ဘုရား)

အေး...ဟုတ်ပြီ၊ အဲဒီအကျိုးခြောက်ပါးရလိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(မွေ့ရာလှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(အကျိုးခြောက်ပါးရလိုသူ မွေ့ရာလှူတရားတော်ပါဘုရား)

အဲဒီအကျိုးခြောက်ပါးကို အကျဉ်းချုပ်ကြည့်ကြပါစို့-

၁။ ပြေပြစ်ညီညွတ်တဲ့ ကိုယ်ရှိခြင်း၊

၂။ သူတစ်ပါးတွေရဲ့ အရိုအသေပြုမှု၊ ပူဇော်မှုကိုခံရခြင်း၊

၃။ ရှုချင်ဖွယ်တင့်တယ်လှပခြင်း၊

၄။ နူးညံ့ခြင်း၊

၅။ အခြံအရံနှင့်တကွသော ဥာဏ်ကောင်းဥာဏ်မြတ်တွေရရှိခြင်း၊

၆။ မွေ့ရာကောင်းအမျိုးမျိုး၊ အခင်းအမျိုးမျိုး၊ အဝတ်ရုံကောင်းအမျိုးမျိုး ရရှိခြင်းတို့ပါပဲ။

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ-

၁။ ပြေပြစ်ညီစွာ၊ ကိုယ်ရတာ၊ မွေ့ရာလှူရကျိုး။

၂။ ရိုသေကောင်းစွာ၊ ပူဇော်တာ၊ မွေ့ရာလှူရကျိုး။

၃။ နူးညံ့လှကာ၊ သိမ်မွေ့တာ၊ မွေ့ရာလှူရကျိုး။

၄။ ရှုချင်စဖွယ်၊ လွန့်တင့်တယ်ကာ၊ လှပတာ၊ မွေ့ရာလှူရကျိုး။

၅။ အခြံရံပါ၊ ဥာဏ်ရတာ၊ မွေ့ရာလှူရကျိုး။

၆။ အခင်းများစွာ၊ ရရှိတာ၊ မွေ့ရာလှူရကျိုး။

အဝတ်များစွာ၊ ရရှိတာ၊ မွေ့ရာလှူရကျိုး။

အရုံများစွာ၊ ရရှိတာ၊ မွေ့ရာလှူရကျိုး။

မြတ်ကမ္ဗလာ၊ ရရှိတာ၊ မွေ့ရာလှူရကျိုး။

ဈာန်ညောင်စောင်းပါ၊ ရရှိတာ၊ မွေ့ရာလှူရကျိုး။

ကဲ...ဒီနေ့ မွေ့ရာလှူကြတဲ့ ဒကာ ဒကာမတွေကို ဟောလိုက်တဲ့ တရားတော်က ဘာတရားတော်တဲ့လဲ။

(အကျိုးခြောက်ပါးရလိုသူ မွေ့ရာလှူတရားတော်ပါဘုရား)

ကဲ...မွေ့ရာလှူအကျိုးပြ ကဗျာတစ်ပုဒ်နဲ့ တရားသိမ်းကြပါစို့-

http://www.dhammadownload.com



"အရှင်ပိလိန္ဒဝစ္ဆ၊ ထေရအလောင်း၊ သူတော်ကောင်းကား၊ မြတ်ဘုရားနဲ့၊ ချစ်သားသံဃာ၊ ရတနာအား၊ သဒ္ဓါထားဖြူ၊ မွေ့ရာလှူဖူး၊ ကောင်းမှုထူးကြောင့်...
၁။ ကြည်နူးစရာ၊ ပြေပြစ်ပါသည့်၊ ကိုယ်ကောင်းရှိ၍၊
၂။ များဘိသူတစ်ပါး၊ ရှိသေငြားပြန့်၊ ပူဇော်ခံရ၊
၃။ နူးညံ့လှ၏၊
၄။ တစ်ဝနနယ်၊ ရှုစဖွယ်ပ၊ တင့်တယ်လှလျက်၊
၅။ တကွခြံရံ၊ ပညာဉာဏ်ရ၊
၆။ အခင်းလှကောင်း၊ အဝတ်ကောင်းတွေ၊ သစ်နက်ရေရ၊ ညောင်စောင်းရသည်၊ ခြောက်ဝမွေ့ရာလှူကျိုးတည်း။"

တရားအမည်ပေးရာ၌-

၁။ ကိုယ်ကောင်းလိုသူ မွေ့ရာလှူ၊
၂။ ပြေပြစ်လိုသူ မွေ့ရာလှူ၊
၃။ ပူဇော်ခံလိုသူ မွေ့ရာလှူ၊
၄။ နူးညံ့လိုသူ မွေ့ရာလှူ၊
၅။ တင့်တယ်လိုသူ မွေ့ရာလှူ၊
၆။ လှပလိုသူ မွေ့ရာလှူ၊
၇။ ဉာဏ်ကောင်းလိုသူ မွေ့ရာလှူ၊
၈။ အခင်းကောင်းရလိုသူ မွေ့ရာလှူ၊
၉။ အဝတ်ကောင်းရလိုသူ မွေ့ရာလှူ၊
၁၀။ မွေ့ရာလှူက မွေ့ရာရ၊
၁၁။ မွေ့ရာလှူက ညောင်စောင်းရ၊
၁၂။ မွေ့ရာလှူက ကိုယ်ကောင်းရ၊
၁၃။ မွေ့ရာလှူက ပူဇော်ရ၊
၁၄။ မွေ့ရာလှူက နူးညံ့ရ၊
၁၅။ မွေ့ရာလှူက တင့်တယ်လှ၊
၁၆။ မွေ့ရာလှူက ဉာဏ်ကောင်းရ၊
၁၇။ မွေ့ရာလှူက အဝတ်ရ၊
၁၈။ မွေ့ရာလှူက အခင်းရတရားတော်။

စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

အကျိုးခြောက်ပါးရလိုသူ မွေ့ရာလှူတရားဟော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါန်ပါဠိတော်
ပိလိန္ဒဝစ္ဆဝဂ် ပိလိန္ဒဝစ္ဆတ္ထေရအပါန် ဗိမ္ဗောဟနာနိသံသလာ
ဂါထာ(၇)ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ချမ်းသာစွာနေလိုသူ+ခေါင်းအုံးလှူ
# တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(...........)တို့ရဲ့ ခေါင်းအုံးလှူပွဲမှာ ဟောကြားမည့်တရားတော်က "ချမ်းသာစွာနေလိုသူ ခေါင်းအုံးလှူ"တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(ချမ်းသာစွာနေလိုသူ ခေါင်းအုံးလှူတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့.-

**၁။ ဗိမ္ဗောဟနေ ဓိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။**
**ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။**

(အပဒါနပါဠိ-၁၊၃၆၇)

အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်း သူတော်ကောင်းဟာ မြတ်စွာဘုရားနဲ့သံဃာတော်အား ခေါင်းအုံးလှူခဲ့တဲ့ကောင်းမှုကြောင့် မိမိရဲ့ကံအားလျော်ကပ်တဲ့ အကျိုးခြောက်ပါးခံစားရတယ်တဲ့။

မှတ်ချက်။ ။ အနက်ပေးများ သိလောက်၍ အဓိပ္ပါယ်တန်းရေးလိုက်ပါသည်၊ ရှေ့ကပေးပြီးခဲ့သော အနက်များကိုမှီး၍ပေးပါ၊ လွယ်ပါပြီ။

http://www.dhammadownload.com



၂။ ဥဏ္ဏိကေ ပဒုမကေစ၊ အထော လောဟိတစန္ဒနေ။
ဓိမ္ဗောဟနေ ဥပါဒေမိ၊ ဥတ္တမင်္ဂ သဒါ မမ။

ဥဏ္ဏိကေ–သားမွေးအဆာသွပ်သော ခေါင်းအုံးတို့ကိုလည်းကောင်း၊ ပဒုမကေစ–ပဒုမာဝတ်ဆံအဆာသွပ်သော ခေါင်းအုံးတို့ကိုလည်းကောင်း၊ အထော–ထိုမှတစ်ပါး၊ လောဟိတစန္ဒနေ–စန္ဒကူးနီအဆာသွပ်ကုန်သော၊ ဗိမ္ဗောဟနေစ–ခေါင်းအုံးတို့ကိုလည်းကောင်း၊ မမ–ငါ၏၊ ဥတ္တမင်္ဂ–ဦးခေါင်းသည်၊ သဒါ–အခါခပ်သိမ်း၊ ဥပါဒေမိ–ကောင်းစွာမသွေ့ အုံးရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

သားမွေးအဆာသွပ်တဲ့ခေါင်းအုံး၊ ပဒုမာဝတ်ဆံအဆာသွပ်တဲ့ခေါင်းအုံး၊ စန္ဒကူးနီအဆာသွပ်တဲ့ခေါင်းအုံးတွေ အမြဲတမ်းအုံးရတာဟာ ခေါင်းအုံးလှူခဲ့တဲ့ကောင်းမှုကြောင့်ပါပဲ။

ရှင်းရှင်းပြောရရင်တော့ ခေါင်းအုံးကောင်း၊ ခေါင်းအုံးမြတ်တွေ အုံးရတယ်ပေါ့။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ခေါင်းအုံးကောင်းကို၊ ရရှိလို၊ ကြည်ညိုခေါင်းအုံးလှူ။

* ခေါင်းအုံးမြတ်ကို၊ ရရှိလို၊ ကြည်ညိုခေါင်းအုံးလှူ။

၃။ အင္ဂဏေ မဂ္ဂဝရေ၊ သာမညေ စတုရော ဖလေ။
တေသု ဉာဏံ ဥပ္ပာဒေတွာ၊ ဝိဟာရေ နိစ္စကာလိကံ။

အင်္ဂဏေ–ရှစ်ပါးသော အင်္ဂါရှိကုန်သော၊ မဂ္ဂဝရေ–မြတ်သောမဂ်တို့ကိုလည်းကောင်း၊ သာမညေ–ကိလေသာကုန်ခြင်း၏ အကျိုးဖြစ်ကုန်သော၊ စတုရော–လေးပါးကုန်သော၊ ဖလေ–ဖိုလ်တို့ကိုလည်းကောင်း၊ (အဟံ–ငါသည်၊ ဥပ္ပါဒေမိ–ဖြစ်စေ၏)၊ တေသု–ထိုမဂ်ဖိုလ်တို့၌၊ ဉာဏံ–ဉာဏ်ကို၊ ဥပ္ပာဒေတွာ–ဖြစ်စေ၍၊ နိစ္စကာလိကံ–မြဲသောကာလပတ်လုံး၊ ဝိဟာရေ–ဝိဟာရာမိ–နေရ၏။

မဂ်လေးပါး၊ ဖိုလ်လေးပါးတွေမှာ အသိဉာဏ်ကိုဖြစ်ကာ အမြဲနေရတယ်တဲ့၊ ရှင်းရှင်းပြောရရင်တော့ မဂ်လေးပါး ဖိုလ်လေးပါး ရရှိတယ်ပေါ့။

ဒီနေရာကိုကြည့်ပြီးတော့ မဂ်ဖိုလ်ရလိုသူ ခေါင်းအုံးလှူရမယ် မဟုတ်လား။ (မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောနေတဲ့တရားတော်ကို "မဂ်ဖိုလ်ရလိုသူ ခေါင်းအုံးလှူ"တရားတော်လို့ အမည်ပေးရင်ရတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* မဂ်ဖိုလ်ရလို၊ ခေါင်းအုံးကို၊ ကြည်ညိုလှူရမယ်။

* မဂ်ဖိုလ်ရချင်၊ ခေါင်းအုံးပင်၊ လှူရှင်လှူရမယ်။

**၄။ ဒါနေ ဒမေ သံယမေစ၊ အပ္ပမညာသု ရူပိသု။**

**တေသု ဉာဏံဥပ္ပါဒေတွာ၊ ဝိဟရေ သဗ္ဗကာလိကံ။**

ဒါနေ–စေတနာဖြူဖွေး၊ အလှူပေးခြင်း၌လည်းကောင်း၊ ဒမေ–ကိလေ္လသာ ကိုဆုံးမခြင်း၌လည်းကောင်း၊ သံယမေစ–ကိုယ်နှုတ်နှလုံးကိုစောင့်စည်းခြင်း၌လည်းကောင်း၊ အပ္ပမညာသု–အပ္ပမညာတရားတို့၌လည်းကောင်း၊ ရူပိသု–ရူပဈာန်စသည်တို့၌လည်းကောင်း၊ တေသု–ထိုတရားတို့၌၊ ဉာဏံ–ဉာဏ်ကို၊ ဥပ္ပါဒေတွာ–ဖြစ်စေ၍၊ သဗ္ဗကာလိကံ–ခပ်သိမ်းသောကာလပတ်လုံး၊ ဝိဟရေ–နေရာ၏။

အလှူပေးခြင်း၊ ကိလေ္လသာကိုဆုံးမခြင်း၊ ကိုယ်နှုတ်နှလုံးကိုစောင့်စည်းခြင်းဆိုတဲ့ တရားတွေမှာ၊ အပ္ပမညာတရား၊ ရူပဝစရဈာန်တရားတွေမှာ ဉာဏ်ကိုဖြစ်စေကာ အမြဲနေရတယ်တဲ့။

ရှင်းရှင်းပြောရရင်တော့ ဒါနစတဲ့ကုသိုလ်တရားတွေမှာ ဉာဏ်အမြဲ တမ်းပါနေတယ်၊ ဉာဏ်ဦးစီးနေတယ့်ပေါ့။

ဒီတော့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေမှာ ဉာဏ်ပါလိုရင် ခေါင်းအုံးလှူရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လက်ာလေးတွေ လိုက်ဆိုကြ–

* ဒါနကုသိုလ်၊ ဉာဏ်ပါလို၊ ကြည်ညိုခေါင်းအုံးလှူ။

* သီလကုသိုလ်၊ ဉာဏ်ပါလို၊ ကြည်ညိုခေါင်းအုံးလှူ။

* ဘာဝနာကုသိုလ်၊ ဉာဏ်ပါလို၊ ကြည်ညိုခေါင်းအုံးလှူ။

ဘယ်ကုသိုလ်ပဲပြုပြု ဉာဏ်ပါဖို့လိုတယ်နော်။

(မှန်လှပါဘုရား)

ဉာဏ်ပါလိုသူ ဘာလှူရမတဲ့လဲ။

(ခေါင်းအုံးလှူရမှာပါဘုရား)

**၅။ ဝတ္တေ ဂုဏေ ပဋိပတ္တိ–အာစရကိရိယာသုစ။**

**တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရေ သဗ္ဗဒါ အဟံ။**

ဝတ္တေ–ဝတ်အကျင့်၌လည်းကောင်း၊ ဂုဏေ–သီလစသောဂုဏ်၌ လည်းကောင်း၊ ပဋိပတ္တိအာစာရကိရိယာသုစ–အကျင့်အလေ့၊ အကျင့်အမှု

http://www.dhammadownload.com



အရာတို့၌လည်းကောင်း၊ အဟံ–ငါသည်၊ တေသု–ထိုတရားတို့၌၊ ဉာဏံ–အသိဉာဏ်ကို၊ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍၊ သဗ္ဗဒါ–အခါခပ်သိမ်း၊ ဝိဟရေ–နေရ၏။

ဝတ်၊ သီလစတဲ့ ဂုဏ်ကျေးဇူး၊ အကျင့်အလေ့၊ အကျင့်အမူအရာ တရားတွေမှာ အသိဉာဏ်ကိုဖြစ်စေကာ အမြဲနေရတဲ့ကောင်းကျိုးရတယ်ပေါ့။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ဝတ်+သီလတွင်၊ ဉာဏ်ပါယှဉ်၊ ဖြစ်ချင်ခေါင်းအုံးလှူ။

* အကျင့်ဂုဏ်အင်၊ ဉာဏ်ပါယှဉ်၊ ဖြစ်ချင်ခေါင်းအုံးလှူ။

**၆။ စင်္ကမေဝ ပဓာနေဝ၊ ဝီရိယေ ဗောဓိပက္ခိယေ။**

**တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရာမိ ယဒိစ္ဆကံ။**

စင်္ကမေဝ–စင်္ကြံသွားခြင်း၌လည်းကောင်း၊ ပဓာနေဝ–ကမ္မဋ္ဌာန်းအားထုတ်ခြင်း၌လည်းကောင်း၊ ဝီရိယေဝ–ဝီရိယ၌လည်းကောင်း၊ ဗောဓိပက္ခိယေဝ–ဗောဓိပက္ခိယတရား၌လည်းကောင်း၊ တေသု–ထိုတရားတို့၌၊ ဉာဏံ–ဉာဏ်ကို၊ ဥပ္ပါဒေတွာ–ဖြစ်စေ၍၊ ယဒိစ္ဆကံ–အလိုရှိတိုင်း၊ ဝိဟရာမိ–နေရ၏။

စင်္ကြံသွားခြင်း၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်း၊ ဝီရိယ၊ ဗောဓိပက္ခိယဆိုတဲ့ တရားတွေမှာ ဉာဏ်အမြဲတမ်းပါနေတယ်၊ ဉာဏ်ဦးစီးနေတယ်၊ ဉာဏ်ကို လိုအပ်သလိုသုံးပြီး နေရတယ်ပေါ့။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* စင်္ကြံသွားချင်၊ ဉာဏ်ပါချင်၊ အစဉ်ခေါင်းအုံးလှူ။

* ကမ္မဋ္ဌာန်းတွင်၊ ဉာဏ်ပါချင်၊ အစဉ်ခေါင်းအုံးလှူ။

* ဝီရိယတွင်၊ ဉာဏ်ပါချင်၊ အစဉ်ခေါင်းအုံးလှူ။

* ဗောဓိပက်တွင်၊ ဉာဏ်ပါချင်၊ အစဉ်ခေါင်းအုံးလှူ။

**၇။ သီလံ သမာဓိ ပညာစ၊ ဝိမုတ္တိစ အနုတ္တရာ။**

**တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရာမိ သုခံ အဟံ။**

သီလံ–သီလတရားသည်လည်းကောင်း၊ သမာဓိ–သမာဓိတရားသည်လည်းကောင်း၊ ပညာစ–ပညာတရားသည်လည်းကောင်း၊ အနုတ္တရာ–အမြတ်ဆုံးဖြစ်သော၊ ဝိမုတ္တိစ–အရဟတ္တဖိုလ်တရားသည်လည်းကောင်း၊ (အတ္ထိ–ရှိ၏)၊ တေသု–ထိုတရားတို့၌၊ ဉာဏံ–အသိဉာဏ်ကို၊ ဥပ္ပါဒေတွာ–ဖြစ်စေ၍၊ အဟံ–ငါသည်၊ သုခံ–ချမ်းသာစွာ၊ ဝိဟရာမိ–ကောင်းစွာမသေွ နေရပါပေသတည်း။ (သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်တရားတွေမှာ ဉာဏ်ပါဝင်ကာ ချမ်းသာစွာနေရတယ်တဲ့။

ဒီတော့ ချမ်းသာစွာနေလိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(ခေါင်းအုံးလှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(ချမ်းသာစွာနေလိုသူ ခေါင်းအုံးလှူတရားတော်ပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ချမ်းသာစွာပင်၊ နေလိုလျှင်၊ အစဉ်ခေါင်းအုံးလှူ။

* အေးမြစွာပင်၊ နေလိုလျှင်၊ အစဉ်ခေါင်းအုံးလှူ။

ကဲ...ခေါင်းအုံးလှူတဲ့ အကျိုးခြောက်ပါးတို့ကို မှတ်သားလို့လွယ်ကူအောင် အကျဉ်းချုပ်ကြည့်ကြပါစို့-

၁။ ခေါင်းအုံးကောင်း၊ ခေါင်းအုံးမြတ် အမျိုးမျိုးအုံးရခြင်း၊

၂။ မဂ်လေးပါး၊ ဖိုလ်လေးပါးရခြင်း (မဂ်လေးပါး၊ ဖိုလ်လေးပါးတို့၌ ဉာဏ်ကိုဖြစ်စေကာ အမြဲနေရခြင်း)၊

၃။ ဒါနစသောကုသိုလ်တရားတို့၌ ဉာဏ်ကိုဖြစ်စေကာ အမြဲနေရခြင်း၊

၄။ ဝတ်၊ ဂုဏ်၊ အကျင့်၊ အကျင့်အမူအရာတွေမှာ ဉာဏ်ကိုဖြစ်စေကာ အမြဲနေရခြင်း၊

၅။ စင်္ကြံသွားခြင်း စသော မြတ်သောအကျင့်တရားများ၌ ဉာဏ်ကိုဖြစ်စေကာ အမြဲနေရခြင်း၊

၆။ သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်တရားများ၌ ဉာဏ်ကိုဖြစ်စေကာ အမြဲနေရခြင်းဆိုတဲ့ ကောင်းကျိုးတွေရရှိပါတယ်။

အဲဒီခေါင်းအုံးလှူရတဲ့ အကျိုးတရားခြောက်ပါးမှာ နံပါတ်(၂)ကနေ နံပါတ်(၆)အထိအကျိုးတွေမှာ ဉာဏ်အဓိကပါဝင်နေတာကို သတိပြုကြပါ၊ အခြားအလှူတွေနဲ့မတူ ထူးခြားတဲ့ခေါင်းအုံးအလှူ ဖြစ်ပါတယ်။

ဒီတော့ ဉာဏ်ကြီးလိုသူ၊ ဉာဏ်ကောင်းလိုသူ၊ ဉာဏ်ထက်လိုသူ၊ ဉာဏ်သွက်လိုသူ၊ ဉာဏ်မြင့်လိုသူ၊ ဉာဏ်ဖြစ်လိုသူတွေဟာ ခေါင်းအုံးလှူရမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ခေါင်းအုံးလှူကြတဲ့ ဒကာဒကာမတွေမှာလည်း ဒီအကျိုးခြောက်ပါး ရရှိသွားကြပြီလို့မှတ်သားကာ ဝမ်းမြောက်ဝမ်းသာဖြစ်နေရမယ်ပေါ့။

http://www.dhammadownload.com



ကျန်ရှိတဲ့ တရားနာနေကြတဲ့ ဒကာဒကာမတွေလည်း ခေါင်းအုံးလှူရကျိုးခြောက်ပါးရလိုရင်၊ ချမ်းသာစွာနေချင်ရင်၊ ဉာဏ်ကြီးလိုရင် ခေါင်းအုံးလှူကြပါလို့ တိုက်တွန်းလိုပါတယ်။

ကဲ…ခေါင်းအုံးလှူရတဲ့ အကျိုးပြကဗျာတစ်ပုဒ်နဲ့ ဒီတရားတော်ကို နိဂုံးချုပ်ကြပါစို့။

"အရှင်ပိလိန္ဒဝစ္ဆ၊ ထေရအလောင်း၊ သူတော်ကောင်းကား၊ မြတ်ဘုရားနဲ့၊ ချစ်သားသံဃာ၊ ရတနာ၌၊ စေတနာဖြူ၊ ခေါင်းအုံးလှူဖူး၊ ကုသိုလ်ထူးကြောင့်-

၁။ ကြည်နူးစရာ၊ ကောင်းမြတ်ပါသည့်၊ များစွာခေါင်းအုံး၊ အမြဲအုံးရ၊
၂။ မဂ္ဂ+ဖလံ၊ ဉာဏ်ရှစ်တန်မြတ်၊ ရပြန်လတ်၍၊
၃။ သိမှတ်ဒါန၊ အစရှိသား၊ ကုသိုလ်များ၌၊ ဉာဏ်အားပါဝင်၊
၄။ ဝတ်+ဂုဏ်အင်နှင့်၊ မြတ်အကျင့်လည်း၊ ဉာဏ်ဖြင့်ကဲယှဉ်၊
၅။ မြတ်စကြံ သွား၊ အကျင့်များ၌၊ ထူးခြားဉာဏ်ပါ၊ နေရပါ၏၊
၆။ သီလ+သမာ၊ ဓိ+ဝညာမြတ်၊ အရဟတ္တ၊ ဖိုလ်ဖလတွေ၊ ဉာဏ်ဖြစ်စေကာ၊ နေရပါသည်၊ သေချာခေါင်းအုံးလှူကျိုးတည်း။"

(သာဓု…သာဓု…သာဓုပါဘုရား)

မှတ်ချက်။ ။ ခေါင်းအုံးလှူပွဲတိုင်း၊ အုံးစရာလှူပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌-
၁။ မင်္ဂဖိုလ်ရလိုသူ ခေါင်းအုံးလှူ၊
၂။ ဉာဏ်ပါလိုသူ ခေါင်းအုံးလှူ၊
၃။ အေးမြစွာနေလိုသူ ခေါင်းအုံးလှူ၊
၄။ ဉာဏ်ကြီးလိုသူ ခေါင်းအုံးလှူ၊
၅။ ဉာဏ်ထက်လိုသူ ခေါင်းအုံးလှူတရားတော်။

စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၂၁-၈-၉၇ (ကြာသပတေးနေ့)
ည(၈)နာရီ။

ချမ်းသာစွာနေလိုသူ ခေါင်းအုံးလှူတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်
ပိလိန္ဒဝစ္ဆဝဂ်၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်မှ မုစလောစနကာနိသံသလာ
ဂါထာ(၂)ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# အာခံတွင်းမှ ကြာညိုရနံ့သင်းလိုသူ သွားတိုက်ဆေး+သွားတိုက်တံလှူ တရားတော်

ဒီနေ့ ရဟန်းဒါယကာ ဗိုလ်မှူးသန်းဆွေ+ရဟန်းဒါယကာမ ဒေါ်ဝင်းတင်စုတို့ရဲ့ သွားတိုက်ဆေး၊ သွားတိုက်တံလှူပွဲမှာ ဟောကြားမည့် တရားတော်က "အာခံတွင်းမှ ကြာညိုရနံ့သင်းလိုသူ သွားတိုက်ဆေး၊ သွားတိုက်တံလှူ" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(အာခံတွင်းမှ ကြာညိုရနံ့သင်းလိုသူ သွားတိုက်ဆေး၊ သွားတိုက်တံလှူ တရားတော်ပါဘုရား)။

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**၁။ မုစလောစနကံ ဒတွာ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။**
**ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။**

(အပဒါနပါဠိ-၁၊၃၆၉)

ဗုဒ္ဓေ-မြတ်စွာဘုရားအားလည်းကောင်း၊ ဂဏုတ္တမေ-အမြတ်ဆုံးဂိုဏ်း ဖြစ်သော၊ သံဃေ-သံဃာအားလည်းကောင်း၊ မုစလောစနကံ-ခံတွင်းဆေး စရာ သွားတိုက်ဆေး, သွားတိုက်တံကို၊ ဒတွာ-ပေးလှူခဲ့သောကြောင့်၊ မမ-ငါ၏၊ ကမ္မာနုစ္ဆဝိကေ-ကံအားလျော်ကပ်ကုန်သော၊ ပဉ္စာနိသံသေ-ငါးပါးသောအကျိုးတို့ကို၊ အနုဘောမိ-ခံစားရ၏။

http://www.dhammadownload.com



အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်း သူတော်ကောင်းဟာ မြတ်စွာဘုရားနဲ့ သံဃာအား ခံတွင်းဆေးစရာဖြစ်တဲ့ သွားတိုက်ဆေး၊ သွားတိုက်တံ လှူခဲ့တဲ့ကောင်းမှုကြောင့် မိမိရဲ့ကံအားလျော်ကပ်တဲ့ အကျိုး(၅)ပါး ခံစားရတယ်တဲ့။

**၂။ ဝိသုဒ္ဓကဏ္ဌော မဓုရဿရော၊ ကာယ သာသဝိဝဓ္ဓိတော။**
**ဥပ္ပလဂန္ဓော မုခတော၊ ဥပဝါယတိ မေ သဒါ။**

၁။ ဝိသုဒ္ဓကဏ္ဌော–စင်ကြယ်သန့်ရှင်းသော လည်ချောင်းရှိ၏။

စင်ကြယ်သန့်ရှင်းတဲ့ လည်ချောင်းရှိတာ သွားတိုက်ဆေး၊ သွားတိုက်တံလှူခဲ့တဲ့ ကောင်းမှုကြောင့်ပါပဲ။

ဒီနေ့ သံဃာတော်အပါးစေ့ သွားတိုက်ဆေး၊ သွားတိုက်တံတွေ လှူကြတဲ့ ဗိုလ်မှူးသန်းဆွေ၊ ဒေါ်တင်တင်စုတို့မှာလည်း စင်ကြယ်သန့်ရှင်းတဲ့ လည်ချောင်းရှိတဲ့ ကောင်းကျိုးရမှာပါပဲ။

ဒီတော့ စင်ကြယ်သန့်ရှင်းတဲ့ လည်ချောင်းရှိလိုသူတွေ ဘာလှူရမတဲ့လဲ။

(သွားတိုက်ဆေး၊ သွားတိုက်တံလှူရမှာပါဘုရား)

အာခံတွင်းတစ်ခုလုံးကို သန့်ရှင်းအောင်လုပ်တဲ့ သွားတိုက်ဆေး၊ သွားတိုက်တံအလှူဟာ တကယ့်ကောင်းမြတ်တဲ့အလှူပါပဲ၊ အာခံတွင်း တစ်ခုလုံးမှာရှိနေတဲ့ သွားရောဂါတွေ၊ လျှာရောဂါတွေ ကင်းဝေးစေချင်ရင်လည်း သွားတိုက်ဆေး၊ သွားတိုက်တံတွေ လှူရမယ်နော်။

(မှန်လှပါဘုရား)

လည်ချောင်းသန့်ရှင်း လည်ချောင်းရောဂါ ကင်းဝေးလိုသူတွေ သွားတိုက်ဆေး၊ သွားတိုက်တံလှူဖို့ မမေ့ကြပါနဲ့လို့ မှာခဲ့ချင်ပါတယ်။

ဒီနေ့ဟောတဲ့တရားတော်ကိုလည်း "လည်ချောင်းရောဂါကင်းလိုသူ သွားတိုက်ဆေး သွားတိုက်တံလှူတဲ့တရားတော်"လို့ အမည်ပေးနိုင်ပါတယ်။

၂။ မဓုရဿရော–သာယာသောအသံရှိ၏။

သွားတိုက်ဆေး၊ သွားတိုက်တံလှူခဲ့တဲ့ကောင်းမှုကြောင့် အသံသာယာခြင်းကောင်းကျိုးရတယ်ပေါ့။

အသံသာယာလိုသူတွေ၊ အသံကောင်းလိုသူတွေ၊ အသံနဲ့ကြီးပွားတိုးတက်အောင်မြင်လိုသူတွေဟာ သွားတိုက်ဆေး၊ သွားတိုက်တံလှူရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



တချို့ပြောကြတယ်မဟုတ်လား၊ ဘယ်သူ့အသံကသိပ်ကောင်းတာပဲ၊ သိပ်သာယာတာပဲ၊ နားဝင်ကိုချိုလို့၊ မေတ္တာသံပေါက်တယ်၊ ကရုဏာသံပေါက်တယ်၊ သြဇာအာဏာသံပေါက်တယ်လို့ ပြောကြတယ်နော်။

(မှန်လှပါဘုရား)

လူတစ်ယောက် ကြီးပွားတိုးတက်အောင်မြင်ဖို့အတွက် အသံသာယာဖို့၊ အသံကောင်းဖို့လည်း အဓိကလိုတယ်နော်။

(မှန်လှပါဘုရား)

အသံကောင်းလိုသူ၊ အသံသာယာလိုသူ၊ မေတ္တာသံ၊ ကရုဏာသံပေါက်လိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(သွားတိုက်ဆေး၊ သွားတိုက်တံလှူရမှာပါဘုရား)

တရားဟောဓမ္မကထိကဖြစ်လိုသူတွေ၊ အဆိုတော်ဖြစ်လိုသူတွေ၊ သွားတိုက်ဆေး၊ သွားတိုက်တံလှူဖို့ မမေ့ကြပါနဲ့လို့ မှာခဲ့ချင်ပါတယ်။

၃+၄။ ကာသ သာသဝိဝဇ္ဇိတော–ချောင်းဆိုးရောဂါ၊ ပန်းနာရောဂါမှ ကင်းရ၏။

သွားတိုက်ဆေး၊ သွားတိုက်တံလှူခဲ့တဲ့ကောင်းမှုကြောင့် ချောင်းဆိုးရောဂါ၊ ပန်းနာရင်ကြပ်ရောဂါတွေ ကင်းဝေးရတယ်တဲ့။

ဒီတော့ ချောင်းဆိုးရောဂါ၊ ပန်းနာရင်ကြပ်ရောဂါတွေ ပျောက်ကင်းလိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(သွားတိုက်ဆေး၊ သွားတိုက်တံလှူရမှာပါဘုရား)

ဒီအပိုဒ်က အကျိုးနှစ်ပါးပြတယ်နော်။

(မှန်လှပါဘုရား)

ကာသဝိဝဇ္ဇိတော–ချောင်းဆိုးရောဂါ ကင်းဝေးရခြင်းအကျိုး၊ သာသဝိဝဇ္ဇိတော–ပန်းနာရင်ကြပ်ရောဂါ ကင်းဝေးရခြင်းအကျိုးဆိုတဲ့ အကျိုးနှစ်ပါးကို ကွဲပြားအောင် ခွဲခြားပြီးတော့မှတ်ပါ။

ဒီတော့ အကျိုးဘယ်နှစ်ပါးရှိသွားပြီလဲ။

(လေးပါးပါဘုရား)

၅။ သဒါ–အခါခပ်သိမ်း၊ မေ–ငါ၏၊ မုခတော–ခံတွင်းမှ၊ ဥပ္ပလဂန္ဓော–ကြာညိုရနံ့သည်၊ ဥပဝါယတိ–သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



သွားတိုက်ဆေး၊ သွားတိုက်တံလှူရတဲ့ကောင်းမှုကြောင့် အာခံတွင်းမှကြာညိုရနံ့တွေဟာ အမြဲတစေ သင်းပျံ့ကြိုင်လှိုင်နေတယ်တဲ့။

ဒီတော့ အာခံတွင်းမှ ကြာညိုရနံ့ သင်းပျံ့ကြိုင်လှိုင်လိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(သွားတိုက်ဆေး၊ သွားတိုက်တံလှူရမှာပါဘုရား)

ကဲ...သွားတိုက်ဆေး၊ သွားတိုက်တံလှူရတဲ့ ကောင်းကျိုး(၅)မျိုးကို အကျဉ်းချုပ်ကြည့်ကြပါစို့-

၁။ စင်ကြယ်သန့်ရှင်းသော လည်ချောင်းရှိခြင်း၊

၂။ သာယာသောအသံရှိခြင်း၊

၃။ ချောင်းဆိုးရောဂါကင်းခြင်း၊

၄။ ပန်းနာရင်ကြပ်ရောဂါကင်းခြင်း၊

၅။ အာခံတွင်းမှ ကြာညိုရနံ့ သင်းပျံ့ကြိုင်လှိုင်ခြင်းဆိုတဲ့ ကောင်းကျိုးတွေ ရရှိပါတယ်။

အေး...အဲဒီ အကျိုး(၅)ပါးလိုချင်ရင် သွားတိုက်ဆေး၊ သွားတိုက်တံတွေလှူရမယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

၁။ လည်ချောင်းသန့်လို၊ သွားဆေးကို၊ ကြည်ညိုပေးလှူပါ။
လည်ချောင်းသန့်လို၊ သွားတံကို၊ ကြည်ညိုပေးလှူပါ။

၂။ အသံသာလို၊ သွားဆေးကို၊ ကြည်ညိုပေးလှူပါ။
အသံသာလို၊ သွားတံကို၊ ကြည်ညိုပေးလှူပါ။

၃။ ချောင်းဆိုးကင်းလို၊ သွားဆေးကို၊ ကြည်ညိုပေးလှူပါ။
ချောင်းဆိုးကင်းလို၊ သွားတံကို၊ ကြည်ညိုပေးလှူပါ။

၄။ ပန်းနာကင်းလို၊ သွားဆေးကို၊ ကြည်ညိုပေးလှူပါ။
ပန်းနာကင်းလို၊ သွားတံကို၊ ကြည်ညိုပေးလှူပါ။

၅။ ကြာနံ့သင်းလို၊ သွားဆေးကို၊ ကြည်ညိုပေးလှူပါ။
ကြာနံ့သင်းလို၊ သွားတံကို၊ ကြည်ညိုပေးလှူပါ။

ဒီနေ့ သံဃာတော်အပါးစေ့ သွားတိုက်ဆေး၊ သွားတိုက်တံလှူကြတဲ့ ဗိုလ်မှူးသန်းဆွေ+ဒေါ်တင်တင်စုတို့မှာ အဲဒီအကျိုး(၅)ပါး မင်္ဂဖိုလ်နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ရရှိမယ်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါ။

http://www.dhammadownload.com



ကဲ...သွားတိုက်ဆေး၊ သွားတိုက်တံလှူရတဲ့ အကျိုးပြကဗျာတစ်ပုဒ်နဲ့ တရားနိဂုံးချုပ်ကြပါစို့-

"အရှင်ပိလိန္ဒဝစ္ဆ၊ ထေရအလောင်း၊ သူတော်ကောင်းကား၊ မြတ်ဘုရားနဲ့၊ ချစ်သားသံဃာ၊ ရဟန္တာအား၊ မကြာမနေး၊ သွားတိုက်ဆေး+သွားတိုက်တံ၊ အမှန်လှူဖူး၊ ကောင်းမှုထူးကြောင့်-

၁။ ကြည်နူးစရာ၊ စင်ကြယ်ပါသည့်၊ လည်ချောင်းရှိကာ၊ လည်ရောဂါဘေး၊ ကင်းစင်ဝေး၍၊

၂။ ချိုအေးသံသာ၊ ရှိရပါ၏၊

၃။ တစ်ဖြာချောင်းဆိုး၊

၄။ ပန်းနာမျိုးမှ၊ ကင်းဝေးရပြန်၊

၅။ မြတ်အာခံတွင်း၊ ကြာနံ့သင်းကာ၊ ကြိုင်လှိုင်စွာသား၊ ကောင်းကျိုးများသည်၊ သွားဆေးသွားတံ လှူကျိုးတည်း။"

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ တရားအမည်ပေးရာ၌-

၁။ လည်ချောင်းသန့်ရှင်းလိုသူ သွားတိုက်ဆေး၊ သွားတိုက်တံလှူ။

| | | |
|---|---|---|
| ၂။ လည်ချောင်းရောဂါကင်းလိုသူ | ॥ | ॥ |
| ၃။ သွားရောဂါကင်းလိုသူ | ॥ | ॥ |
| ၄။ လျှာရောဂါကင်းလိုသူ | ॥ | ॥ |
| ၅။ အသံကောင်းလိုသူ | ॥ | ॥ |
| ၆။ အဆိုတော်ဖြစ်လိုသူ | ॥ | ॥ |
| ၇။ ချောင်းဆိုးရောဂါကင်းလိုသူ | ॥ | ॥ |
| ၈။ ပန်းနာရောဂါကင်းလိုသူ | ॥ | ॥ |

၉။ ကြာညိုနံ့တွေ သင်းပျံ့စေတရားတော် စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၂၂-၈-၉၇ (သောကြာနေ့)
နံနက်(၁၀)နာရီ။

အာခံတွင်းမှ ကြာညိုရနံ့သင်းလိုသူ
သွားတိုက်ဆေး သွားတိုက်တံလှူတရားတော်ပြီး၏။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ထေရာပဒါန ပါဠိတော်၊ အာလမ္ဗဏဒါယကဝဂ်
ဒွေရတနိယတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ရတနာနှစ်ပါးရလိုသူ+အသားဟင်းလှူ တရားတော်

ဒီနေ့ ဦး(............) ဒေါ်(..........)မိသားစုတို့ရဲ့ အသားဟင်းလျာတွေ ဆက်ကပ်လှူဒါန်းပွဲမှာ ဟောကြားမည့်တရားတော်က "ရတနာနှစ်ပါးရလိုသူ အသားဟင်းလှူ" တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(ရတနာနှစ်ပါးရလိုသူ အသားဟင်းလှူတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

၁။ မိဂလုဒ္ဒေါ ပုရေ အာသိံ၊ အရညေ ကာနနေ အဟံ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ အာဟုတိနံ ပဋိဂ္ဂဟံ။

(အပဒါနပါဠိ-၁၊၂၄၀)

အဟံ-ငါသည်၊ ပုရေ-ရှေးအခါ၌၊ ကာနနေ-ဥဩအစရှိသော ငှက်တို့၏ တွန်မြူးရာဖြစ်သော၊ အရညေ-တော၌၊ မိဂလုဒ္ဒေါ-သားမုဆိုးသည်၊ အာသိံ-ဖြစ်ခဲ့ဖူးပြီ၊ (တဒါ-ထိုအခါ၌)၊ အာဟုတိနံ-အဝေးမှဆောင်ယူအပ်သော ပူဇော်ဖွယ်တို့ကို၊ ပဋိဂ္ဂဟံ-ခံယူတော်မူထိုက်သော၊ ဝိရဇံ-ကိလေသာမြူ ကင်းတော်မူသော၊ ဗုဒ္ဓံ-ဝိပဿီမြတ်စွာဘုရားကို၊ အဒ္ဒသံ-ကောင်းစွာမသွေ ဖူးမြင်ရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



ဒွေရတနိယမထေရ်အလောင်း သူတော်ကောင်းဟာ ရှေ့တုန်းက ဥဩစတဲ့ငှက်တွေရဲ့ တွန်မြူးပျော်မွေ့ရာတောထဲမှာ သားမုဆိုးဖြစ်ခဲ့ပါတယ်၊ အဲဒီအခါတုန်းက အဝေးမှဆောင်ယူလာတဲ့ ပစ္စည်းဝတ္ထုတွေကို ခံယူတော်မူထိုက်တဲ့ ကိလေသာမြူ ကင်းတော်မူတဲ့ ဝိပဿီမြတ်စွာဘုရားကို ဖူးမြင်ရပါတယ်။

၂။ မံသပေသိ မယာ ဒိန္နာ၊ ဝိပဿိဿ မဟေသိနော။
သဒေဝကသ္မိံ လောကသ္မိံ၊ ဇာတော ဇာယရံ ကာရယာ မဟံ။

မယာ–ငါသည်၊ မဟေသိနော–မြတ်သော သီလက္ခန္ဓစသော ကျေးဇူးဂုဏ်အထူးကို ဆည်းပူးရှာမှီးတော်မူပြီးသော၊ ဝိပဿိဿ–ဝိပဿီမြတ်စွာဘုရားအား၊ မံသပေသိ–အသားတစ် အသားစိုင်ကို၊ ဒိန္နာ–ပေးလှူအပ်ပြီ၊ (တေနကမ္မေန–ထိုကံကြောင့်)၊ အဟံ–ငါသည်၊ သဒေဝကသ္မိံ–နတ်နှင့်တကွသော၊ လောကသ္မိံ–လောက၌၊ ဇာယရံ–အစိုးရသူ၏အဖြစ်ကို၊ ကာရယာမိ–ကောင်းစွာမသွေ ပြုရပါပေသတည်း။

(သာဓု…သာဓု…သာဓုပါဘုရား)

အဲဒီလိုဖူးမြင်ပြီးတော့ သားမုဆိုးကြီးဟာ ဝိပဿီမြတ်စွာဘုရားအား အသားတစ်, အသားစိုင်လှူဒါန်းပါတယ်။

အဲဒီကောင်းမှုကြောင့် နတ်နှင့်တကွသော လောကမှာအစိုးရသူ အကြီးအကဲဖြစ်ရတယ်တဲ့။

ဒီတော့ အစိုးရတဲ့အကြီးအကဲဖြစ်လိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(အသားတစ်, အသားစိုင်လှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို "အစိုးရအကြီးအကဲဖြစ်လိုသူ အသားတစ်, အသားစိုင်လှူ" တရားတော်လို့ အမည်ပေးရင်ရတယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့အသားဟင်းလှူကြတဲ့ ဦး(..........) ဒေါ်(..........)မိသားစုတွေ ဘဝတိုင်း အစိုးရသူအကြီးအကဲဖြစ်ကြောင်း ကုသိုလ်ကောင်းကြီး ပြုနေရတယ်၊ လှူနေရတယ်လို့ ဝမ်းမြောက်ရမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့တရားနာနေကြတဲ့ ဒကာ ဒကာမတွေ၊ အစိုးရတဲ့မင်း စတဲ့ အကြီးအကဲတွေ မဖြစ်ချင်ကြဘူးလား။

(ဖြစ်ချင်ပါတယ်ဘုရား)

http://www.dhammadownload.com



အေး...ဖြစ်ချင်ရင် ဘာလှူရမတဲ့လဲ။
(အသားဟင်းလှူရမှာပါဘုရား)
ကဲ...ကဗျာလင်္ကာလေးတွေ လိုက်ဆိုကြ-
* သားမုဆိုးသည် ဘုရားမြတ်အား
အသားဆက်ကပ်လှူခဲ့ပြီ။
* နတ်နှင့်တကွ လောကဓာတ်မှာ
စိုးရမင်းမြတ် ဖြစ်ရပြီ။
* အဲဒါကြောင့်လေ အသားဟင်းကို
စိတ်ထားကောင်းသွင်း လှူရမည်။
* နတ်နှင့်တကွ လောကဓာတ်မှာ
စိုးရမင်းမြတ် ဖြစ်လိုသူ။
* သားမုဆိုးလို အသားဟင်းကို
စိတ်ထားကောင်းသွင်း လှူတော်မူ။
* သားမုဆိုးကို နည်းယူပြုလို့
အသားဟင်းနဲ့ လှူတော်မူ။
* မင်းဖြစ်လိုရင် အသားဟင်းကို
မမှားမယွင်း လှူတော်မူ။

**၃။ ဣမိနာ မံသဒါနေန၊ ရတနံ နိဗ္ဗတ္တတေ မမ။**
**ဒုဝေ မေ ရတနာ လောကေ၊ ဒိဋ္ဌဓမ္မသုခ ပတ္တိယာ။**

ဣမိနာမံသဒါနေန-ဤအသားတစ်, အသားစိုင်, အသားဟင်းလျာကို ပေးလှူရသောကြောင့်၊ မမ-ငါ့အား၊ ရတနံ-သက်ရှိသက်မဲ့ဖြစ်သော ရတနာသည်၊ နိဗ္ဗတ္တတေ-ဖြစ်ပေါ်လာ၏၊ လောကေ-လောက၌၊ ဒိဋ္ဌဓမ္မသုခ-မျက်မှောက်သော ကိုယ်၏အဖြစ်ချမ်းသာသို့၊ ပတ္တိယာ-ရောက်ခြင်းငှာ၊ ဒုဝေရတနာ-သက်ရှိသက်မဲ့ ရတနာနှစ်ပါးတို့သည်၊ မမ-ငါ့အား၊ ဟောန္တိ-ဖြစ်ပေါ်လာကုန်၏။

အဲဒီ အသားတစ်, အသားစိုင်, အသားဟင်းလျာ လှူရတဲ့ကောင်းမှုကြောင့် သက်ရှိရတနာ၊ သက်မဲ့ရတနာဆိုတဲ့ ရတနာနှစ်ပါး ဖြစ်ပေါ်လာရတယ်တဲ့။

အဲဒီနှစ်ပါး ပေါ်လာတော့လည်း နောက်ဘဝမှာပေါ်လာတာမဟုတ်ပါဘူး၊ ယခုလက်ရှိမျက်မှောက်ဘဝမှာပဲ ချမ်းသာအောင်ပေါ်လာရတယ်တဲ့။

http://www.dhammadownload.com



အသားဟင်းလျာလှူရတဲ့ကောင်းကျိုးဟာ ဘယ်လောက်ကောင်းသလဲဆိုတာကြည့်စမ်း၊ ဒီဘဝမှာပဲချမ်းသာအောင် ရတနာနှစ်ပါးပေါ်လာရတယ်နော်။

(မှန်လှပါဘုရား)

အဲဒီသက်ရှိရတနာ၊ သက်မဲ့ရတနာဆိုတဲ့ ရတနာနှစ်ပါး ယခုဘဝမှာပဲရလိုသူတွေဟာ ဘာလှူရမတဲ့လဲ။

(အသားဟင်းလှူရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ရတနာနှစ်ပါးရလိုသူ အသားဟင်းလှူတရားတော်ပါဘုရား)

ဒီတော့ သက်ရှိသက်မဲ့ ရတနာနှစ်ပါးရလိုသူတွေဟာ အခြားဟင်းကိုလှူရမှာလား၊ အသားဟင်းကိုလှူရမှာလား။

(အသားဟင်းကိုလှူရမှာပါဘုရား)

ကဲ...ကဗျာလင်္ကာလေးတွေ လိုက်ဆိုကြ-

* သက်ရှိရတနာ ရလိုကြားက
အသားဟင်းကောင်း ရွေးကာလှူ။

* သက်မဲ့ရတနာ ရလိုကြားက
အသားဟင်းကောင်း ရွေးရှာလှူ။

* အခြားဟင်းကို မလှူကြနဲ့
အသားဟင်းကွယ် အမြဲလှူ။

ဒီတော့ တရားနာပရိသတ်၊ ဒီတရားဒေသနာတော်ကိုကြည့်ပြီး နာယူပြီးတဲ့အခါမှာ အခြားဟင်းကိုရွေးလှူရမှာလား၊ အသားဟင်းကို ရွေးလှူရမှာလား။

(အသားဟင်းကို ရွေးလှူရမှာပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ရတနာနှစ်ပါး၊ ရလိုကြား၊ အသားဟင်းရွေးလှူ။

* ရတနာနှစ်ပါး၊ ရလိုကြား၊ အသားဟင်းကောင်းလှူ။

* ရတနာနှစ်ပါး၊ ရလိုကြား၊ အသားဟင်းမြတ်လှူ။

၄။ **တေဟံ သဗ္ဗေ အနုဘောမိ၊ မံသဒါနဿ သတ္တိယာ။**
**ဂတ္တဉ္စ မုဒုတံ မယှံ၊ ပညာနိပုဏဝေဒနိ။**

http://www.dhammadownload.com



အဟံ–ငါသည်၊ မံသဒါနသံ–အသားတစ်, အသားစိုင်ကိုပေးလှူရခြင်း၏၊ သတ္တိယာ–အစွမ်းကြောင့်၊ တေသဗ္ဗေ–ထိုအလုံးစုံသော ရတနာတို့ကို၊ အနုဘောမိ–ခံစားရ၏၊ မယှံ–ငါ့အား၊ မုဒုကံ–နူးညံ့သော၊ ဂတ္တဥ–ခန္ဓာကိုယ်သည်လည်း၊ (ဟောတိ–ဖြစ်၏)၊ ပညာနိပုဏဝေဒနီ–ပညာ၏သိမ်မွေ့သောအကျိုးတို့ကို ခံစားရ၏။

အသားတစ်, အသားစိုင်, အသားဟင်းလျာကို ပေးလှူရတဲ့အစွမ်းကြောင့်–

၁။ သက်ရှိ၊ သက်မဲ့ရတနာအားလုံးကို ခံစားရခြင်း၊

၂။ နူးညံ့သောကိုယ်ရှိခြင်း၊

၃။ ပညာ၏သိမ်မွေ့သောအကျိုးတို့ကို ခံစားရခြင်းအကျိုးတွေရတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ရတနာနှစ်ဝ၊ ခံစားရ၊ မံသလှူရကျိုး။

* ရတနာနှစ်ပါး၊ ခံစံစား၊ အသားလှူရကျိုး။

* နူးညံ့လှပ၊ ခန္ဓာရ၊ မံသလှူရကျိုး။

ပညာသိမ်မွေ့၊ အကျိုးတွေ့ရ၊ ခံစားရ၊ မံသလှူရကျိုး။

၅။ ဧကနဝုတိတော ကပ္ပေ၊ ယံမံသ မဒဒိံ တဒါ။

ဒုဂ္ဂတိံ နာဘိဇာနာမိ၊ မံသဒါနဿိဒံ ဖလံ။

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ ဧကနဝုတေကပ္ပေ–ကိုးဆယ့်တစ်ကမ္ဘာထက်၌၊ တဒါ–ထိုအခါ၌၊ အဟံ–ငါသည်၊ ယံမံသံ–အကြင် အသားတစ်, အသားစိုင်, အသားဟင်းလျာကို၊ အဒဒိံ–ပေးလှူခဲ့ဖူးပြီ၊ (တံတော–ထိုအခါမှ၊ ပဘုတိ–စ၍)၊ ဒုဂ္ဂတိံ–အပါယ်လေးပါး လားရသည်ကို၊ နာဘိဇာနာမိ–မသိစဖူးပါ၊ ဣဒံဖလံ–ဤအကျိုးသည်၊ မံသဒါနဿ–အသားတစ်, အသားစိုင်, အသားဟင်းလျာ လှူရခြင်း၏၊ အကျိုးကောင်းမှတ် အကျိုးမြတ်ဖြစ်ပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီဘဒ္ဒကမ္ဘာမှပြန်တွက် (၉၁)ကမ္ဘာထက်မှာ အသားဟင်းလျာလှူခဲ့တဲ့အချိန်ကစပြီးတော့ အပါယ်လေးပါး မရောက်ရဘူးတဲ့။

အဲဒါ အသားဟင်းလျာလှူရတဲ့ကောင်းကျိုးပါပဲ။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အပါယ်လေးပါး၊ မရောက်ငြား၊ အသားလှူရကျိုး။

* အပါယ်လေးဝ၊ မရောက်ရ၊ မံသလှူရကျိုး။

* အပါယ်လေးပါး၊ ဝေးကွာသွား၊ အသားလှူရကျိုး။

http://www.dhammadownload.com



**၆။ ဣတော စတုတ္ထကေ ကပ္ပေ၊ ဧကော အာသိံ နောမိပေါ၊**
**မဟာရောဟိတနာမော သော၊ စက္ကဝတ္တိ မဟဗ္ဗလော။**

ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ စတုတ္ထကပ္ပေ–လေးကမ္ဘာထက်၌၊ မဟဗ္ဗလော–ကြီးသောခွန်အား များသောဗိုလ်ပါရှိသော၊ နောမိပေါ–လူတို့ကိုအစိုးရသော၊ မဟာရောဟိတနာမော–မဟာရောဟိတအမည်ရှိသော၊ သောစက္ကဝတ္တိ–ထိုစကြဝတေးမင်းသည်၊ ဧကော–တစ်ကြိမ်၊ အာသိံ–ဖြစ်ခဲ့ရပါပေသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

ဒီဘဒ္ဒကမ္ဘာမှပြန်တွက် လေးကမ္ဘာထက်မှာတော့ ကြီးသောခွန်အားများသောဗိုလ်ပါရှိတဲ့ လူတွေကိုအစိုးရတဲ့ မဟာရောဟိတ အမည်ရတဲ့ စကြဝတေးမင်း တစ်ကြိမ်ဖြစ်ရပါတယ်တဲ့။

ဒီတော့ စကြဝတေးမင်းတစ်ကြိမ်ဖြစ်ရတာ ဘယ်အလှူကြောင့်တဲ့လဲ။

(အသားဟင်းလျာအလှူကြောင့်ပါဘုရား)

ကဲ...လင်္ကာလေးတွေလိုက်ဆိုကြ–

* စကြာမင်းလှ၊ ဖြစ်ခဲ့ရ၊ မံသလှူရကျိုး။

* အသားလှူကာ၊ မင်းစကြာ၊ ဖြစ်လာမြတ်ကောင်းကျိုး။

**၇။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။**
**ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။**

ဦးပဥ္စင်းတို့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ လက်ထက်တော်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ဒွေရတနိယအမည်ရတဲ့ ရဟန္တာတစ်ပါး ဖြစ်လာရပါတယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အသားလှူကာ၊ ရဟန္တာ၊ ဖြစ်လာမြတ်ကောင်းကျိုး။

* ရဟန္တာလှ၊ ဖြစ်လာရ၊ မံသလှူရကျိုး။

ကဲ...ဒီနေ့ ဦး(...........) ဒေါ်(..........)မိသားစုတို့ရဲ့ အသားဟင်းလျာလှူပွဲမှာ ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(ရတနာနှစ်ပါးရလိုသူ အသားဟင်းလှူတရားတော်ပါဘုရား)

အေး...အဲဒီအသားဟင်းလျာလှူရတဲ့ ကောင်းကျိုးတွေကို မှတ်သားလို့လွယ်ကူအောင် အကျဉ်းချုပ်ကြည့်ကြပါစို့–

၁။ နတ်နှင့်တကွသော လောက၌ အစိုးရသူဖြစ်ရခြင်း၊

၂။ သက်ရှိ၊ သက်မဲ့ရတနာနှစ်ပါးလုံး ယခုမျက်မှောက်ဘဝ၌ ရရှိခံစားရခြင်း၊

http://www.dhammadownload.com



၃။ နူးညံ့သောခန္ဓာကိုယ်ရှိခြင်း၊
၄။ ပညာ၏သိမ်မွေ့သော အကျိုးတို့ကိုခံစားရခြင်း၊
၅။ အပါယ်လေးပါး မရောက်ရခြင်း၊
၆။ စကြဝတေးမင်းဖြစ်ရခြင်း၊
၇။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာတစ်ပါးဖြစ်ရခြင်းဆိုတဲ့ ကောင်းကျိုးတွေရရှိပါတယ်။

ကဲ...အသားဟင်းလှူရကျိုး ကဗျာတစ်ပုဒ်နဲ့ ဒီတရားတော်ကို နိဂုံးချုပ်ကြပါစို့။

"ဒွေရတနိယ၊ မြတ်ထေရအလောင်း၊ သူတော်ကောင်းသည်၊ ဝိပဿီတွင်၊ ဘုရားရှင်အား၊ ဖူးမြင်ကြည်ဖြူ၊ အသားလှူဖူး၊ ကောင်းမှုထူးကြောင့်...
၁။ ကြည်နူးဖွယ်ပ၊ အစိုးရသူ၊ ဖြစ်ရဟူ၏၊
၂။ တစ်မူသက်ရှိ၊ သက်မဲ့သိထား၊ နှစ်ပါးရတနာ၊ ရရှိလာ၏၊
၃။ သေချာမှတ်လော၊ နူးညံ့သောကိုယ်၊ ရရှိပိုကာ၊
၄။ ပညာကောင်းပေ့၊ လွန်သိမ်မွေ့သား၊ ကျိုးခံစားရ၊
၅။ လေးဝအပါယ်၊ ဝေးရကွယ်ခြင်း၊
၆။ စကြာမင်းဖြစ်၊
၇။ နောက်ဆုံးစစ်ရာ၊ ရဟန္တာဖြစ်ရ၊ ကောင်းကျိုးလှသည်၊ မံသ အသားလှူကျိုးတည်း။"

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ အသားဟင်းလှူပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌-
၁။ အစိုးရအကြီးအကဲဖြစ်လိုသူ အသားဟင်းလှူ၊
၂။ အခြားဟင်းလျာလှူရမှာလား အသားဟင်းလျာလှူရမှာလား၊
၃။ အခြားဟင်းမလှူပါနဲ့ အသားဟင်းလှူပါ၊
၄။ အသားဟင်းလေး ခွေးလှူပါ၊
၅။ ကိုယ်ခန္ဓာနူးညံ့လိုသူ အသားဟင်းလှူတရားတော်။
စသည်ဖြင့် အမည်ပေးကာဟောကြားပါ။
ရတနာနှစ်ပါးရလိုသူ အသားဟင်းလှူတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ဓမ္မပဒအဋ္ဌကထာ၊ ဒဏ္ဍဝဂ်
သုခသာမဏေရဝတ္ထုလာ ပစ္စေကဗုဒ္ဓါတို့၏
အနုမောဒနာဂါထာအမည်ရသော
ဂါထာ ၂-ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# မြန်စွာပြည့်စေ+တောင်းဆုတွေ တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(..........)တို့ရဲ့ ဆွမ်းကပ်ပွဲမှာဟောကြားမည့် တရားတော်က "မြန်စွာပြည့်စေ တောင်းဆုတွေ" တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(မြန်စွာပြည့်စေ တောင်းဆုတွေတရားတော်ဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

သုခသာမဏေအလောင်း ဘတ္တဘတိကအမည်ရတဲ့ သူတော်ကောင်းရဲ့ အထံကို အရှင်ပစ္စေကဗုဒ္ဓါတစ်ဆူ ဆွမ်းအလှူခံကြွတော်မူလာပါတယ်။

**သော ပစ္စေကဗုဒ္ဓံ ဒိသွာ စိန္တေသိ အယံ ပုဗ္ဗေ အဒိန္နာဘာဝေန ဓေဘိဿာ ဘတ္တပါတိယာ အတ္တာယ တီထံ သံဝစ္ဆရာနိ ပရဂေဟေ ဘတိ အကာသိ။**

(ဋ္ဌ-၂၊ ၅၈)

အဲဒီဘတ္တဘတိကဟာ အရှင်ပစ္စေကဗုဒ္ဓါကို တွေ့မြင်ရတဲ့အခါမှာ "ငါဟာ တကယ်တော့ ရှေးဘဝကမလှူဘူးလို့ ထမင်းတစ်ခွက်အတွက် သူများအိမ်မှာ သုံးနှစ်တိုင်တိုင် အစေးလုပ်နေရတာပဲ"လို့ ကြံစည်မိပါတယ်။

နောက်ဆက်ပြီး ဘယ်လိုကြံစည်မိသလဲဆိုတော့-

**ဣဒါနိ မေ ဣဒံဘတ္တံ၊ ဓေ ရတ္တိန္ဒိဝံ ရက္ခေယျ။**

http://www.dhammadownload.com



ယခုအခါ ငါ့ရဲ့ဒီထမင်းဟာ ငါ့အတွက် တစ်ညဉ့်တစ်နေ့လောက်ပဲ အကျိုးရှိမယ်၊ စောင့်ရှောက်မယ်ပေါ့။

**သစေ ပန နံ အယျဿ ဒဿာမိ၊ အနေကာနိပိ ကပ္ပကောဋိ သဟဿာနိ ရက္ခိဿတိ အယျဿေဝ နံ ဒဿာမိ တိ။**

"ဒီထမင်းကို အရှင်ပစ္စေကဗုဒ္ဓါအား လှူလိုက်ရင်တော့ ငါ့အတွက် ဘဝပေါင်းများစွာ၊ ဘဝထောင်ပေါင်းများစွာ စောင့်ရှောက်လိမ့်မယ်၊ အကျိုးရှိလိမ့်မယ်၊ ဒါ့ကြောင့် ငါမစားတော့ပါဘူးလေ၊ အရှင်ပစ္စေကဗုဒ္ဓါကိုပဲ ဒီထမင်းခွက်လှူလိုက်မယ်" လို့ ကြံစည်ပါတယ်။

**သော တီဏိသံဝစ္ဆရာနိ ဘတိ ကတွာ လဒ္ဓဘတ္တပါတိံ ကော ပိဏ္ဍာမ္ဘိ မုခေ အဌပေတွာ တဏှံ ဝိနောဒေတွာ သယမေဝ ပါတိံ ဥက္ခိပိတွာ ပစ္စေကဗုဒ္ဓဿ သန္တိကံ ဂန္တွာ ပါတိံ အညဿ ဟတ္ထေ ဒတွာ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ ပါတိံ ဝါမဟတ္ထေန ဂဟေတွာ ဒက္ခိဏဟတ္ထေန တဿ ပတ္တေ ဘတ္တံ အာကိရိ။**

အဲဒီ ဘတ္တဘတိကဟာ သုံးနှစ်အစစားလုပ်လို့ရတဲ့ ထမင်းခွက်ထဲက တစ်ဆုပ်တစ်လုပ်မျှမစားပဲ စားလိုတဲ့တပ်မက်ခြင်းတဏှာကို ပယ်ဖျောက်ပြီးတော့ ကိုယ်တိုင်ထမင်းခွက်ကိုယူကာ အရှင်ပစ္စေကဗုဒ္ဓထံ သွားတယ်။

အရှင်ပစ္စေကဗုဒ္ဓထံရောက်တော့ ထမင်းခွက်ကို အခြားသူတစ်ယောက်ရဲ့လက်ထဲကို ပေးအပ်လိုက်ပါတယ်၊ ပြီးတော့ ဒူးနှစ်ဖက်၊ တံတောင်နှစ်ဖက်၊ နဖူးတို့ကို ကြမ်းခဲ့တည်စေ၊ ထိစေတဲ့ တည်ခြင်းငါးပါး (ထိခြင်းငါးပါး) နဲ့ အရှင်ပစ္စေကဗုဒ္ဓါကို ရှိခိုးလိုက်ပါတယ်။

ရှိခိုးပြီးတော့ ထမင်းခွက်ကိုတောင်းယူကာ လက်ဝဲလက်နဲ့ကိုင် လက်ယာလက်နဲ့ အရှင်ပစ္စေကဗုဒ္ဓါရဲ့သပိတ်ထဲမှာ ဆွမ်းလောင်းလှူလိုက်ပါတယ်။

**ပစ္စေကဗုဒ္ဓေါ ဘတ္တဿ ဥပဍ္ဎာဝသေသကာလေ ပတ္တံ ဟတ္ထေန ပိဒဟိ။**

(အရှင်ပစ္စေကဗုဒ္ဓါဟာ ဆွမ်းတစ်ဝက်လောက်ကြွင်းကျန်တော့ သပိတ်ကို လက်နဲ့ပိတ်လိုက်ပါတယ်)။

တစ်ဝက်ပဲအလှူခံမယ်၊ ကျန်တဲ့တစ်ဝက်က ဒကာ့အတွက်၊ ဒီသဘောနဲ့ သပိတ်ကိုလက်နဲ့ပိတ်လိုက်တာနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



အလှူခံပုဂ္ဂိုလ်က အလှူပေးပုဂ္ဂိုလ်ကို ငဲ့ညှာတဲ့သဘောပါပဲ၊ ဒီနေရာကြည့်ပြီးတော့ အလှူခံပုဂ္ဂိုလ်တွေ တော်တော်နည်းယူစရာကောင်းပါတယ်၊ လှူတိုင်းမယူဖို့လိုတယ်၊ အလှူပေးပုဂ္ဂိုလ်ကို ငဲ့ညှာဖို့လိုတယ်ပေါ့။

အရှင်ပစ္စေကဗုဒ္ဓါက အလှူခံပုဂ္ဂိုလ်တွေကို အလှူခံနည်းသင်တန်းပေးနေတယ်လို့ ပြောရင်လည်းရတယ်ပေါ့။

**အထန် သောအာဟ 'ဘန္တေ ကောဝ ပဋိဝိသော နုသက္ကာဒ္ဒိဓာကာတုံ၊ မာဝံ ဣဓလောကေ သင်္ဂဏှထ၊ ပရလောကေ သင်္ဂဟာမေဝ ကရောထ၊ သာဝသေသံ အကတွာ နိရဝသေသမေဝ ဒသ္သာမိ'တိ။**

အဲဒီလို ပစ္စေကဗုဒ္ဓါအရှင်သူမြတ်က သပိတ်ကိုလက်နဲ့ပိတ်လိုက်တော့ အရှင်ပစ္စေကဗုဒ္ဓါကို ဘတ္တာဘတိက က "အရှင်ဘုရား၊ တစ်ယောက်စာလောက်ရှိတဲ့ဆွမ်းကို နှစ်ယောက်စာခွဲပြီး ချန်မနေပါနဲ့ဘုရား၊ တပည့်တော်ကို ယခုပစ္စုပ္ပန်ဘဝအတွက် ချီးမြှောက်တော်မမူပါနဲ့၊ တမလွန်နောက်ဘဝအတွက်သာ ချီးမြှောက်တော်မူပါ၊ တပည့်တော်ရဲ့အတွက်မချန်ပဲ အကုန်လုံးသာ အလှူခံတော်မူပါဘုရားလို့ လျှောက်ထားပါတယ်။

တော်တော် တော်တဲ့ဒကာပဲနော်။

(မှန်လှပါဘုရား)

ဘာလို့ တော်တာလဲသိလား။

(မသိပါဘုရား)

အေး...မသိရင်မှတ်ထား၊ အကုန်လုံးလှူလို့။

(အားလုံးရယ်ကြ)

**အတ္တနော ဟိ ထောကမ္ပိ အနဝသေသေတွာ ဒိန္နံ နိရဝသေသဒါနံ နာမ၊ တံမဟပ္ဖလံ ဟောတိ။**

တပည့်တော်အတွက် နည်းနည်းလေးမှမချန်ပဲ လှူတဲ့အလှူဟာ တကယ်အကျိုးများတယ်၊ အကျိုးကြီးတယ်လို့ ယုံကြည်ထားပါတယ်ဘုရား၊ ဒီလို အားရပါးရလျှောက်ထားတယ်နော်။

(မှန်လှပါဘုရား)

**သော တထာ ကရောန္တော သဗ္ဗံ ဒတွာ ပုန ဝန္ဒိတွာ အာဟ "ဘန္တေကော် ဘတ္တပါတိ' နိဿာယ တီဏိ သံဝစ္ဆရာနိ မေ ပရဂေဟေ ဘတိ' ကရောန္တေန ဒုက္ခံ အနုဘူတံ၊ ဣဒါနိ မေ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ သုခမေဝ ဟောတု၊ တုမှေဟိ ဒိဋ္ဌဓမ္မဿေဝ ဘာဂီ အဿန္တိ။**

http://www.dhammadownload.com



အဲဒီလိုလျှောက်ထားပြီးတော့ ဘတ္တဘတိကဟာ အကုန်လုံးလှူကာ တစ်ဖန်ရှိခိုးပြီးတော့ "အရှင်ဘုရား၊ ထမင်းတစ်ခွက်အတွက် သုံးနှစ်တိုင်တိုင် တပည့်တော်သည် သူများအိမ်မှာ အခစားလုပ်ရသဖြင့် ဆင်းရဲကို ခံစားရပါတယ် (ဆင်းရဲလှပါတယ်)၊ ယခုအခါ တပည့်တော်အား ဖြစ်လေရာဘဝတိုင်းမှာ ချမ်းသာခြင်းဖြစ်ပါစေဘုရား၊ အရှင်ဘုရားတို့သိတဲ့ တရား သိရပါစေသားဘုရား" ဆုတောင်း လျှောက်ထားပါတယ်။

တော်တော်ကောင်းတဲ့ ဆုတောင်းနှစ်မျိုးပါပဲ၊ ယနေ့ဆွမ်းဒါယကာ ဦး(..........) ဒေါ်(..........) တို့လည်း အဲဒီ ဘတ္တဘတိကလို ဆုတောင်း ရမယ်နော်။ (မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ဘဝတိုင်းမှု၊ ချမ်းသာသူ၊ ရှင်လူဖြစ်ပါစေ။

* အရှင်တို့သိထား၊ မြတ်တရား၊ ထူးခြားသိရစေ။

* ဘတ္တဘတိက၊ ဆုတောင်းပြု၊ ကောင်းလှဆုတောင်းပေ။

* ဆွမ်းလှူပြီးက၊ ဆုတောင်းကြ၊ ကောင်းလှဆုနှစ်ထွေ။

**ပစ္စေကဗုဒ္ဓါ "စဝံဟောတု၊ စိန္တာမဏိ ဝိယ တေ သဗ္ဗကာမဒဒေါ မနောသက်ပ္ပာ ပုဏ္ဏစန္ဒောဝိယ ပူရေန္တု" တိ အနုမောဒနံ ကရောန္တော...**

ပစ္စေကဗုဒ္ဓါအရှင်သူမြတ်က "ဆုတောင်းတဲ့အတိုင်း ဖြစ်ပါစေ၊ ပြည့်စုံပါစေ"လို့ မိန့်တော်မူပြီးတော့ "သင်ဘတ္တဘတိကအား အကြံအစည် တွေဟာ အလုံးစုံသောအလိုကို ပေးစွမ်းနိုင်တဲ့ စိန္တာမဏိပတ္တမြားကျောက်လို၊ လပြည့်ဝန်းကြီးလို ပြည့်စုံစေကုန်သားရယ်"လို့ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာ ပြုတော်မူလိုတဲ့အတွက်...

**၁။ ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။**

**သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။**

တုယှံ-သင့်အား၊ ဣစ္ဆိတံ-အလိုရှိအပ်သော၊ ပတ္ထိတံ-တောင့်တအပ်သော ဆုမြတ်ဆုကောင်း ဆုအပေါင်းသည်၊ ခိပ္ပမေဝ-လျင်မြန်စွာသာလျှင်၊ သမိဇ္ဈတု-နေ့ညပုံသေ ပြည့်စုံပါစေသတည်း၊ စန္ဒောပန္နရသောယထာ-တစ်ဆယ့်ငါးရက် မပျက်ပေါ်ထွန်း လပြည့်ဝန်းကြီးကဲ့သို့၊ သဗ္ဗေ-အလုံးစုံကုန်သော၊ သင်္ကပ္ပါ-အကြံကောင်းအကြံမြတ်တို့သည်၊ ပူရေန္တု-နေ့ညပုံသေ ပြည့်စုံပါစေကုန်သတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

http://www.dhammadownload.com



သင့်အားအလိုရှိအပ်တဲ့ ဆုကောင်းဆုမြတ်တွေ လျင်မြန်စွာပြည့်စုံပါစေ၊ တောင့်တတဲ့ဆုတွေ လျင်မြန်စွာပြည့်စုံပါစေ၊ ဒီလို ဆုတောင်းပေးလိုက်တယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ ဘတ္တာဘတိကတောင်းတဲ့ဆုတွေ မြန်စွာပြည့်စေချင်တာလား၊ ကြာမှပြည့်စေချင်တာလား။

(မြန်စွာပြည့်စေချင်တာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(မြန်စွာပြည့်စေ တောင်းဆုတွေတရားတော်ပါဘုရား)

အဲဒီပစ္စေကဗုဒ္ဓါ အရှင်သူမြတ်ရဲ့ ဆုတောင်းပေးပုံနည်းကို မှီးပြီးတော့ ဒီနေ့ ဆွမ်းဒါယကာဦး(..........) ဆွမ်းဒါယိကာမဒေါ်(..........)မိသားစုတို့အား အလိုရှိအပ်တဲ့ ဆုတောင်းဆုမြတ်တွေ၊ တောင်းတအပ်တဲ့ဆုတောင်းဆုမြတ်တွေ လျင်မြန်စွာပြည့်စုံပါစေလို့ ဦးပဥ္ဇင်းတို့က ဆုတောင်းပေးပါတယ်။

ဘယ်လိုပြည့်စေချင်သလဲဆိုတော့ ဥပမာပြထားတာ တော်တော်ကောင်းတယ်၊ တစ်ဆယ့်ငါးရက်နေ့ညသာတဲ့ လပြည့်ဝန်းကြီးလို အကြံကောင်း အကြံမြတ်တွေ အားလုံးပြည့်စေချင်တာနော်။

(မှန်လှပါဘုရား)

ဆွမ်းဒကာ ဘတ္တာဘတိကရဲ့အပေါ်မှာထားရှိတဲ့ အရှင်ပစ္စေကဗုဒ္ဓါရဲ့ မေတ္တာကြီးမားလှတယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ မြန်စွာပြည့်စေ ဆုတောင်းပေးတဲ့မေတ္တာ၊ လပြည့်ညသာ လပမာလို အလှပိုကာ အကြံကောင်းတာတွေ ပြည့်ပါစေဆိုတဲ့မေတ္တာတရားဟာ ဘယ်သူ့ရဲ့မေတ္တာတဲ့လဲ။

(အရှင်ပစ္စေကဗုဒ္ဓါရဲ့ မေတ္တာပါဘုရား)

ဒီအတိုင်းပဲပေါ့၊ ဒီနေ့ ဆွမ်းဒါယကာ ဆွမ်းဒါယကာမတွေ အလိုရှိအပ်၊ တောင့်တအပ်တဲ့ ဆုကောင်းဆုမြတ်တွေ လျင်မြန်စွာပြည့်ဝပါစေလို့ ဆုတောင်းပေးတဲ့မေတ္တာ၊ လပြည့်ညသာ လပမာလို အလှပိုကာ အကြံကောင်းတာတွေ ပြည့်ပါစေလို့ ဆုတောင်းပေးတဲ့မေတ္တာဟာ ဦးပဥ္ဇင်းတို့ရဲ့ မေတ္တာပဲနော်။

http://www.dhammadownload.com



(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အလိုရှိအပ်၊ တောင့်တအပ်၊ ဆုမြတ်ဆုကောင်းတွေ။
* လျင်မြန်စွာပင်၊ ပြည့်စေချင်၊ အရှင်မေတ္တာပေ။
* လျင်မြန်စွာပင်၊ ပြည့်စေချင်၊ ဖြစ်အင်မေတ္တာပေ။
* လပြည့်ညသာ၊ လပမာ၊ များစွာအကြံကောင်းတွေ။
* ပြည့်ဝစေကြောင်း၊ ဆုချွေတောင်း၊ အကောင်းမေတ္တာပေ။

၂။ **ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။**
**သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ၊ မဏိဇောတိရသော ယထာ။**

တုယှံ–သင့်အား၊ ဣစ္ဆိတံ–အလိုရှိအပ်သော၊ ပတ္ထိတံ–တောင့်တအပ်သော ဆုမြတ်ဆုကောင်း ဆုအပေါင်းသည်၊ ခိပ္ပမေဝ–မကြာမတင် လျင်မြန်စွာသာလျှင်၊ သမိဇ္ဈတု–ပြည့်စုံပါစေသတည်း၊ မဏိဇောတိရသောယထာ–ခပ်သိမ်းသောအလိုကို ပြီးစေနိုင်သော မဏိဇောတိရသအမည်ရှိတဲ့ ပတ္တမြားကျောက်ကဲ့သို့၊ သဗ္ဗေ–အလုံးစုံကုန်သော၊ သင်္ကပ္ပာ–အကြံကောင်း အကြံမြတ်တို့သည်၊ ပူရေန္တု–နေ့ညပုံသေ ပြည့်စုံပါစေကုန်သတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

သင်ဘတ္တဘာတိကအား အလိုရှိအပ်၊ တောင့်တအပ်တဲ့ ဆုကောင်း ဆုမြတ်တွေ လျင်မြန်စွာပြည့်ဝပါစေ၊ ခပ်သိမ်းသောအလိုကို ပြီးစေနိုင်တဲ့ ပတ္တမြားကျောက်လိုအလုံးစုံကုန်သောအကြံကောင်းအကြံမြတ်တွေပြည့်စုံပါစေလို့ ဆုပေးတာ အရှင်ပစ္စေကဗုဒ္ဓါရဲ့မေတ္တာပါပဲ။

ဒီနေ့ ဆွမ်းဒါယကာ၊ ဆွမ်းဒါယကာမတွေကိုလည်း အရှင်ပစ္စေက ဗုဒ္ဓါအရှင်သူမြတ်လို ဦးပဥ္စင်းတို့ကတောင်းဆုချွေကာ ဆုတောင်းပေးနေပါ တယ်။

ဆုချွေတဲ့ဆုတောင်းကတော့ မြန်စွာပြည့်စေလိုတာတွေ၊ မြန်စွာ ပြည့်စေ တောင့်တတာတွေ၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အလိုရှိအပ်၊ တောင့်တအပ်၊ ကောင်းမြတ်ဆုတောင်းတွေ။
* လျင်မြန်စွာပင်၊ ပြည့်စေချင်၊ မြတ်ရှင်မေတ္တာပေ။
* ပတ္တမြားကျောက်၊ ပမာလောက်၊ အံ့လောက်အကြံကောင်းတွေ။

http://www.dhammadownload.com



* မြတ်ပတ္တမြား၊ ပမာထား၊ ထူးခြားအကြံတွေ။
* ပြည့်ဝစေကြောင်း၊ ဆုချွေတောင်း၊ အကောင်းမေတ္တာပေ။

ဒီလိုဂါထာ(၂)ပုဒ်နဲ့ မြန်စွာပြည့်စေ တောင်းဆုတွေလို့ ဆုပေးပြီး တော့ ကောင်းကင်ခရီးနဲ့ မိမိနေထိုင်ရာ ဂန္ဓမာဒနတောင်ကို ပြန်ကြွတော်မူပါတယ်၊ ဒီနေ့ ဆွမ်းဒကာ၊ ဆွမ်းဒကာမတွေကို ဟောကြားလိုက်တဲ့ တရားတော်က ဘာတရားတော်တဲ့လဲ။

(မြန်စွာပြည့်စေ တောင်းဆုတွေတရားတော်ပါဘုရား)

အေး...ဟုတ်ပြီ၊ ဒီနေ့ ဘုရားအမျူးရှိတဲ့ သံဃာတော်အပေါင်းအား ဆက်ကပ်ရသော ဆွမ်းဒါနကြောင့် ဘတ္တဘတိကဆုတောင်းသလိုပဲ...

၁။ ဘဝတိုင်း ချမ်းသာပါရစေ၊ ဒီလို ဆုတောင်းရမယ်နော်။

(မှန်လှပါဘုရား)

၂။ အရှင်ဘုရားတို့သိတဲ့တရား သိပါစေ၊ ဒီလို ဆုတောင်းရမယ်နော်။

(မှန်လှပါဘုရား)

ဒီ ဆုတောင်းနှစ်မျိုးမှာ နံပါတ် ၂-ဆုတောင်းက ပိုမကောင်းဘူးလား။

(ပိုကောင်းပါတယ်ဘုရား)

ဦးပဥ္စင်းလဲ အဲဒီဆုတောင်းနှစ်မျိုးလုံးကို သဘောကျပါတယ်၊ နံပါတ် ၂-ဆုတောင်းကတော့ ပိုပြီးသဘောကျပါတယ်။

တရားသိမှ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန စတဲ့ အကုသိုလ်စိတ် စေတသိက်တွေ နည်းပါးမှာမဟုတ်လား။

(မှန်လှပါဘုရား)

တရားသိလေ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန နည်းပါးလေ၊ တရားမသိလေ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန များလေ၊ ဒီလို မဟုတ်လား။

(မှန်လှပါဘုရား)

ဒါကြောင့် ဦးပဥ္စင်းက တရားသိဖို့ဆုတောင်းတာကို ပိုပြီးသဘောကျတာပါ။

ဒီတော့ တရားနာပရိသတ်...

၁။ တရားသိဖို့ ဆုတောင်းရမှာလား၊ အခြားသိဖို့ ဆုတောင်းရမှာလား။
(တရားသိဖို့ ဆုတောင်းရမှာပါဘုရား)

၂။ တရားရှိဖို့ ဆုတောင်းရမှာလား၊ အခြားရှိဖို့ ဆုတောင်းရမှာလား။
(တရားရှိဖို့ ဆုတောင်းရမှာပါဘုရား)

http://www.dhammadownload.com



၃။ တရားသင်ဖို့ ဆုတောင်းရမှာလား၊ အခြားသင်ဖို့ ဆုတောင်းရမှာလား။
(တရားသင်ဖို့ ဆုတောင်းရမှာပါဘုရား)
၄။ တရားတတ်ဖို့ ဆုတောင်းရမှာလား၊ အခြားတတ်ဖို့ ဆုတောင်းရမှာလား။
(တရားတတ်ဖို့ ဆုတောင်းရမှာပါဘုရား)
၅။ တရားမြင်ဖို့ ဆုတောင်းရမှာလား၊ အခြားမြင်ဖို့ ဆုတောင်းရမှာလား။
(တရားမြင်ဖို့ ဆုတောင်းရမှာပါဘုရား)
၆။ တရားမြင့်ဖို့ ဆုတောင်းရမှာလား၊ အခြားမြင့်ဖို့ ဆုတောင်းရမှာလား။
(တရားမြင့်ဖို့ ဆုတောင်းရမှာပါဘုရား)
၇။ တရားကျင့်ဖို့ ဆုတောင်းရမှာလား၊ အခြားကျင့်ဖို့ ဆုတောင်းရမှာလား။
(တရားကျင့်ဖို့ ဆုတောင်းရမှာပါဘုရား)
၈။ တရားရဖို့ ဆုတောင်းရမှာလား၊ အခြားရဖို့ ဆုတောင်းရမှာလား။
(တရားရဖို့ ဆုတောင်းရမှာပါဘုရား)
၉။ တရားလှူဖို့ ဆုတောင်းရမှာလား၊ အခြားလှူဖို့ ဆုတောင်းရမှာလား။
(တရားလှူဖို့ ဆုတောင်းရမှာပါဘုရား)
၁၀။ တရားခင်ဖို့ ဆုတောင်းရမှာလား၊ အခြားခင်ဖို့ ဆုတောင်းရမှာလား။
(တရားခင်ဖို့ ဆုတောင်းရမှာပါဘုရား)
၁၁။ တရားချစ်ဖို့ ဆုတောင်းရမှာလား၊ အခြားချစ်ဖို့ ဆုတောင်းရမှာလား။
(တရားချစ်ဖို့ ဆုတောင်းရမှာပါဘုရား)

အေး...ဆုတောင်းမမှားစေချင်လို့ ဆုတောင်းနည်းသင်တန်းပေးနေတာနော်။

(မှန်လှပါဘုရား)

ဘာသင်တန်းတဲ့လဲ။

(ဆုတောင်းနည်းသင်တန်းပါဘုရား)

http://www.dhammadownload.com



အကျဉ်းချုပ်ပြီး ရှင်းရှင်းပြောရရင်တော့ တရားနဲ့ပက်သက်တာ ဆုတောင်းပါ အခြားနဲ့ပက်သက်တာ ဆုမတောင်းပါနဲ့၊ ဒီလိုနော်။

(မှန်လှပါဘုရား)

ကဲ...အားလုံးလိုက်ဆိုကြ–

* တရားသိဖို့ ဆုတောင်းပါ။
အခြားသိဖို့ ဆုမတောင်းပါနဲ့။

တရားသိတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန စတဲ့ အကုသိုလ်စိတ် စေတသိက်တွေနည်းပါးကာ ရင်မအေးရဘူးလား။

(ရင်အေးရပါတယ်ဘုရား)

တရားမသိတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနစတဲ့ အကုသိုလ်စိတ် စေတသိက်တွေများပြားကာ ရင်ထဲမှာပူလောင်ပြီး ရင်မလေးရဘူးလား။

(ရင်လေးရပါတယ်ဘုရား)

ရှင်းရှင်းပြောရရင် တရားသိတော့ ရင်အေးစေတယ်၊ တရားမသိတော့ ရင်လေးစေတယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ ဒကာ ဒကာမတွေက ရင်အေးချင်သူတွေလား၊ ရင်လေးချင်သူတွေလား။

(ရင်အေးချင်သူတွေပါဘုရား)

ကဲ...အားလုံးလိုက်ဆိုကြ–

* တရားသိတော့ ရင်အေးဖွယ်၊
အခြားသိတော့ ရင်လေးဖွယ်။

* တရားသိတော့ ရင်အေးဖွယ်၊
တရားမသိတော့ ရင်လေးဖွယ်။

* အေးဖွယ်၊ လေးဖွယ် နှစ်လမ်းနှစ်သွယ်၊
အေးစေကြောင်း ဆုတောင်းကြရမယ်။

ဒကာ ဒကာမတွေ အေးအောင်ဆုတောင်းရမှာလား၊ လေးအောင်ဆုတောင်းရမှာလား။

(အေးအောင်ဆုတောင်းရမှာပါဘုရား)

အေး...ဒါကြောင့် 'အေးစေကြောင်း ဆုတောင်းကြရမယ်လို့' ဆုတောင်းနည်းကဗျာလေး တိုင်ပေးလိုက်တာနော်။

http://www.dhammadownload.com



(မှန်လှပါဘုရား)
ကဲ...ရှစ်လုံးဘွဲ့ ကဗျာ်နှစ်ပုဒ်ဆိုပြီး တရားသိမ်းကြရအောင်–
* အလိုရှိအပ်+ကောင်းမြတ်ဆုတွေ
တောင့်တသမျှ+ကောင်းလှဆုတွေ
လျှင်မြန်စွာပဲ+အမြဲပြည့်စေ
ပမာပြ+လပြည့်လလိုလေ။
* အလိုရှိအပ်+ကောင်းမြတ်ဆုတွေ
တောင့်တသမျှ+ကောင်းလှဆုတွေ
လျှင်မြန်စွာပဲ+အမြဲပြည့်စေ
ပမာထား+ပတ္တမြားကျောက်လိုလေ။
(ပမာထောက်+ပတ္တမြားကျောက်လိုလေ)။
(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ဆွမ်းကပ်ပွဲတိုင်း အဓိကဟောပါ။
* အခြား သင်္ကန်း၊ ကျောင်း၊ ဆေး အလှူပွဲတိုင်း၊
ထီး၊ ဖိနပ်စသော အလှူပွဲတိုင်း ဟောနိုင်ပါသည်။

တရားအမည်ပေးရာ၌–
၁။ ပစ္စေကဗုဒ္ဓါ လှမေတ္တာ၊
၂။ အလှမေတ္တာ ဆုပေးလွှာ၊
၃။ ဆုတောင်းနှစ်ခု နည်းယူပြု၊
၄။ မြန်စွာပြည့်စေ လိုတာတွေ၊
၅။ မြန်စွာပြည့်စေ တောင့်တတာတွေ၊
၆။ တောင့်တတာတွေ ပြည့်ဝစေ၊
၇။ လပြည့်ညသာ လပမာ၊
၈။ မြတ်ပတ္တမြား ပမာထား၊
၉။ တရားသိဖို့ ဆုတောင်းစို့တရားတော်။
စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

မြန်စွာပြည့်စေ တောင်းဆုတွေတရားတော်ပြီးပြီ။

http://www.dhammadownload.com



ဝိသုဒ္ဓိမဂ်၊ အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ၊ မရဏဿတိကထာလာ
ဂါထာ(၁)ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# မသိငါးပါး တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(..........)ရဲ့ နာရေးကိစ္စမှာ(အသုဘကိစ္စ)မှာ ဟောကြားမည့်တရားတော်က "မသိငါးပါး" တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(မသိငါးပါးတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။**
**ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။**

(ဝိသုဒ္ဓိမဂ်-၁၊ ၂၂၈)

၁။ ဇီဝိတံစ-အသက်လည်းကောင်း၊

၂။ ဗျာဓိစ-အနာရောဂါလည်းကောင်း၊

၃။ ကာလောစ-အချိန်ကာလ လည်းကောင်း၊

၄။ ဒေဟနိက္ခေပနံစ-ခန္ဓာကိုယ်ကိုပစ်ချရာ အရပ်လည်းကောင်း၊

၅။ ဂတိစ-ဒေဝ+မနုဿ၊ နိရယနှင့် ပေတ+တိရစ္ဆာန်၊ ငါးတန်အရှိ၊ လားရောက်ရာဂတိလည်းကောင်း၊

ဣတိ-ဤသို့၊ ဧတေပဉ္စ-ဤတရားငါးပါးတို့ကို၊ ဇီဝလောကသ္မိံ-သတ္တလောက၌၊ အနိမိတ္တာ-အမှတ်အသားမရှိကုန်သည်ဖြစ်၍၊ န နာယရေ-သေချာပိုင်ပိုင် မသိနိုင်ကုန်။

သတ္တဝါတွေ သေချာပိုင်ပိုင်ကြိုတင်ပြီးတော့ မသိနိုင်တဲ့တရား (၅)ပါးရှိတယ်၊ အဲဒီ (၅)ပါးက ဘာတွေလဲဆိုတော့...

http://www.dhammadownload.com



၁။ ဇီဝိတ–ဘယ်အသက်အရွယ်မှာ သေရမယ်၊ သေမယ်ဆိုတာ မသိဘူးတဲ့။

ကလလရေကြည်တည်ရာအခါမှာလည်း သေနိုင်တယ်၊ အမြုပ်စတဲ့ ဖြစ်ရာကာလတွေမှာလည်း သေနိုင်တယ်၊ တစ်လစတဲ့ လတွေမှာလည်း သေနိုင်တယ်၊ ဝမ်းမှထွက်တဲ့အချိန်မှာလည်း သေနိုင်တာပဲ၊ အသက်တစ်ရာ မပြည့်ခင်နဲ့ ပြည့်ပြီးအခါတွေမှာလည်း သေနိုင်ပါတယ်။

အသက်ဘယ်လောက်မှာသေမယ်ဆိုတာ သတ္တဝါတွေမသိနိုင်ဘူးနော်။

(မှန်လှပါဘုရား)

၂။ ဗျာဓိ–ဘယ်လိုအနာရောဂါနဲ့ သေမယ်ဆိုတာ မသိနိုင်ဘူးတဲ့။

မျက်စိရောဂါနဲ့ သေချင်သေမယ်၊ နားစတဲ့ရောဂါတွေနဲ့လည်း သေချင်သေမယ်၊ ရောဂါတစ်မျိုးမျိုးနဲ့ သေကိုသေရမယ်ပေါ့။

၃။ ကာလ–သေရမည့်အချိန် မသိနိုင်ဘူးတဲ့၊ နံနက်သေချင်သေမယ်၊ နေ့ခင်းစတဲ့အချိန် သေချင်သေမယ်ပေါ့၊ သေချာတာကတော့ တစ်ချိန်ချိန် သေမှာဆိုတာပဲနော်။

(မှန်လှပါဘုရား)

၄။ ဒေဟနိက္ခေပနံ–ဒီခန္ဓာကိုယ်ကြီးကို ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်သချိုင်းပစ်ရမယ်ဆိုတာ မသိနိုင်ဘူးတဲ့။

၅။ ဂတိ–ဂတိက(၅)မျိုးရှိတယ်၊ အဲဒီ(၅)မျိုးထဲမှာလည်း ကောင်းတဲ့ ဂတိက ၂–မျိုးရှိတယ်၊ ဒေဝဂတိနဲ့ မနုဿဂတိပေါ့၊(နတ်ဘဝနဲ့လူ့ဘဝပေါ့)

မကောင်းတဲ့ဂတိက ၃–မျိုးရှိတယ်၊ နိရယဂတိ၊ ပေတဂတိ၊ တိရစ္ဆာနဂတိတို့ပါပဲ၊ အဲဒီ ဂတိ(၅)မျိုးရှိရာ ဘယ်ဂတိလားရောက်ရမယ်ဆိုတာ မသိနိုင်ပါဘူး။

ဒီတော့ မသိဘယ်နှစ်ပါးရှိသတဲ့လဲ။

(၅–ပါးရှိပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ။

(မသိငါးပါး တရားတော်ပါဘုရား)

အေး...ဘဝတစ်ပါးပြောင်းသွားတဲ့ ဒါယကာကြီး(..........) ဒါယိကာမကြီး(..........) ဘယ်ဘဝလားရောက်နေတယ်ဆိုတာ မသိနိုင်ဘူးပေါ့။

အဲဒီလိုမသိနိုင်တဲ့အတွက် အကယ်၍ပြိတ္တာလောက ဘုံဘဝများ ရောက်နေရင် ဒီနေ့ သားတွေသမီးတွေပြုတဲ့ ကုသိုလ်တွေကို သိနိုင်မြင်နိုင်

http://www.dhammadownload.com



သာဓုခေါ်ဆိုနိုင်ကာ လူ့ရွာနတ်ရွာ ကောင်းမြတ်တဲ့ဘုံဘဝတွေမှာ မွန်မြတ်တဲ့ စားဖွယ်၊ သောက်ဖွယ်၊ ဝတ်ဖွယ်၊ ရုံဖွယ်၊ ဘုံဗိမာန်ပဒေသာပင် ထီး၊ ဖိနပ်၊ ယာဉ်စတဲ့ကောင်းကျိုးတွေ ရရှိခံစားနိုင်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကုသိုလ်ပြုပေးနေရတာပါပဲ။

ကဲ...မသိငါးပါး လက်ာလေးလိုက်ဆိုကြ–

၁။ ဘယ်အသက်ဝယ်၊ သေရမယ်၊ တကယ်မသိနိုင်။

၂။ ဘယ်လိုရောဂါ၊ သေရမှာ၊ သူငါမသိနိုင်။

၃။ ဘယ်အချိန်ဝယ်၊ သေရမယ်၊ တကယ်မသိနိုင်။

၄။ ဘယ်အရပ်ဝယ်၊ ပစ်ချမယ်၊ တကယ်မသိနိုင်။

ဘယ်အရပ်ဝယ်၊ ပစ်ရမယ်၊ တကယ်မသိနိုင်။

၅။ ဘယ်ဘဝဆီ၊ လားရမည်၊ အတည်မသိနိုင်။

ကောင်းတဲ့ဂတိ၊ နှစ်ပါးရှိ၊ ကောင်းသည့်သူရောက်နိုင်။

မကောင်းဂတိ၊ သုံးပါးရှိ၊ မကောင်းသည့်သူရောက်နိုင်။

မသိငါးပါး၊ မြတ်ဟရား၊ မှတ်သားစွဲမြဲနိုင်။

ကဲ...ဒီနေ့ပြုရတဲ့ကုသိုလ်တွေ ဦး(..........) ဒေါ်(..........)ရပါစေလို့ အမျှဝေကြပါစို့။

အားလုံးလိုက်ဆိုကြ–

၁။ အရှင်ဘုရား တပည့်တော်တို့သည် ဘဝတစ်ပါးပြောင်းသွားလေသော ဦး(..........) ဒေါ်(..........)အတွက် ရည်ရွယ်ချက်ဖြင့် ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပါကုန်၏။

၂။ ဤကောင်းမှုကြောင့် မိဗ္ဗာန်ကို ရ, ရပါလို တောင်းဆုဆိုကြပါကုန်၏။

၃။ ဤကောင်းမှု၏ အဖို့ဘာဂမှန်သမျှကို ဘဝတစ်ပါးပြောင်းသွားသူ ဦး(..........) ဒေါ်(..........)သည် သိရှိ၍ ဝမ်းမြောက်နှမော် သာဓုခေါ်ကာ လူ့ဘုံ၊ နတ်ဘုံအရပ်အစုဋ္ဌဖြစ်သော ဘုံဗိမာန်၊ ပဒေသာပင်၊ စားဖွယ်သောက်ဖွယ်၊ ဝတ်ဖွယ်ရုံဖွယ်၊ ထီး၊ ဖိနပ်၊ ယာဉ်အစရှိသော ကောင်းကျိုးချမ်းသာ အဖုံဖုံအစုံစုံ ပြည့်ပြည့်ဝဝ ခံစားစံစားနိုင်ပါစေ၊ ထိုမှတစ်ပါး မိဘ၊ ဆရာသမား အစ

http://www.dhammadownload.com

(၃၁၅)

ထား၍ ၃၁–ဘုံရှိကြကုန်သော သတ္တဝါအားလုံး အမျှရစေ ပေးငှ
ဝေသည့် မျှားထွေသာခုခေါ်စေသော်။
အားလုံး ကြားကြားသမျှ အမျှ…အမျှ…အမျှ ယူတော်မူကြပါကုန်လော့။
(သာဓု…သာဓု…သာဓုပါဘုရား)

မှတ်ချက်။ ။ မိဘ၊ ဆရာသမား စသော ဘဝတစ်ပါးပြောင်းသွားသူတိုင်း
အတွက် ရည်ရွယ်၍ ကုသိုလ်ပြုပွဲတိုင်းဟောပါ။

၂၅–၈–၉၇ (တနင်္လာနေ့)
ည(၆)နာရီ။

မသိငါးပါးတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်
ဗုဒ္ဓဝဂ်၊ အာနန္ဒတ္ထေရပုစ္ဆဝတ္ထုလာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# စကားကြီးသုံးခွန်း+နှလုံးသွင်းကျင့်ပါ တရားတော်

ဒီနေ့ ဦး(..........) ဒေါ်(..........)တို့ရဲ့ ဆွမ်းကပ်ပွဲမှာဟောကြားမည့် တရားတော်က "စကားကြီးသုံးခွန်း နှလုံးသွင်းကျင့်ပါ" တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(စကားကြီးသုံးခွန်း နှလုံးသွင်းကျင့်ပါတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။**
**သစိတ္တပရိယောဒပနံ၊ ဧတံဗုဒ္ဓါနသာသနံ။**

(ဓမ္မပဒ ၄-၂၊ ၁၅၃)

သဗ္ဗပါပဿ-အလုံးစုံသောအကုသိုလ်ကို၊ အကရဏံ-မပြုမကျင့်ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ ကုသလဿ-ကုသိုလ်ကို၊ ဥပသမ္ပဒါ-မိမိသန္တာန် အဖန်ဖန်အထပ်ထပ် မပြတ်မယွင်း ပြီးစေခြင်းသည်လည်းကောင်း၊ သစိတ္တပရိယောဒပနံ-မိမိစိတ်ကို ဖြူစင်စေခြင်းသည်လည်းကောင်း၊ ဧတံ-ဤသုံးမျိုးသည်၊ ဗုဒ္ဓါနံ-အလုံးစုံသော မြတ်စွာဘုရားတို့၏၊ သာသနံ-အဆုံးအမတော်တည်း။

မြတ်စွာဘုရားရှင်တိုင်း ဆုံးမတော်မူခဲ့တဲ့ စကားကြီးသုံးခွန်းရှိတယ်။

ဘယ်နှစ်ခွန်းရှိသတဲ့လဲ။

(သုံးခွန်းပါဘုရား)

အေး...အဲဒီသုံးခွန်းက ဘာတွေလဲဆိုတာ ဟောကြနာကြရအောင်။

http://www.dhammadownload.com



၁။ အကုသိုလ်မလုပ်နဲ့ အကုသိုလ်ရှောင်၊ အကုသိုလ်ဆိုတာကုသိုလ်ရဲ့ဆန့်ကျင်ဘက်ပေါ့၊ ကုသိုလ်မဟုတ်ဘူးဆိုတာ မကောင်းတာပေါ့၊ အဲဒီမကောင်းတဲ့ အကုသိုလ်လုပ်မိရင် အပြစ်ရစတယ်၊ အပြစ်ရှိတယ်၊ မကောင်းတဲ့(ဆင်းရဲတဲ့)အကျိုးတွေ ဆက်တိုက်ဖြစ်လာတတ်တယ်၊ ဒါ့ကြောင့် ဘုရားရှင်တိုင်းက အကုသိုလ်မလုပ်နဲ့ (မကောင်းတာမလုပ်နဲ့) အကုသိုလ်ဆိုတဲ့ မကောင်းတာအရှောင်ခိုင်းတော်မူတာပါပဲ။

ကိုယ်နဲ့လည်း မကောင်းတဲ့အကုသိုလ်အမှုမပြုနဲ့၊ နှုတ်နဲ့လည်း မကောင်းတဲ့အကုသိုလ်အပြော မပြောနဲ့၊ စိတ်နဲ့လည်း မကောင်းတဲ့အကုသိုလ်အကြံ မကြံနဲ့၊ ဒီလို ဆုံးမတော်မူတာနော်။

(မှန်လှပါဘုရား)

ဒီတော့ မကောင်းတဲ့ အကုသိုလ်အပြု၊ အပြော၊ အကြံတွေကို ရှောင်ရမှာလား၊ ဆောင်ရမှာလား။

(ရှောင်ရမှာပါဘုရား)

အကုသိုလ်ဆိုတာ မလုပ်ရမယ့်တရားလား၊ လုပ်ရမယ့်တရားလား။

(မလုပ်ရမယ့်တရားပါဘုရား)

မပြုရမယ့်တရားလား၊ ပြုရမယ့်တရားလား။

(မပြုရမယ့်တရားပါဘုရား)

ဖယ်ရမယ့်တရားလား၊ တွယ်ရမယ့်တရားလား။

(ဖယ်ရမယ့်တရားပါဘုရား)

ပစ်ရမယ့်တရားလား၊ ချစ်ရမယ့်တရားလား။

(ပစ်ရမယ့်တရားပါဘုရား)

နှင်ရမယ့်တရားလား၊ ခင်ရမယ့်တရားလား။

(နှင်ရမယ့်တရားပါဘုရား)

ဝေးရမယ့်တရားလား၊ တွေးရမယ့်တရားလား။

(ဝေးရမယ့်တရားပါဘုရား)

ရှင်းရမယ့်တရားလား၊ သွင်းရမယ့်တရားလား။

(ရှင်းရမယ့်တရားပါဘုရား)

မေ့ရမယ့်တရားလား၊ မွေ့ရမယ့်တရားလား။

(မေ့ရမယ့်တရားပါဘုရား)

အေး...ဟုတ်ပြီ၊ အကုသိုလ်တွေရှောင်တာ၊ မပြုတာ၊ ဖယ်ထားတာ၊ ပစ်တာ၊ နှင်တာ၊ ဝေးနေတာ၊ ရှင်းတာ၊ မေ့တာ ဘုရားအကြိုက်ပါပဲ။

http://www.dhammadownload.com



ဘယ်သူ့အကြိုက်တဲ့လဲ။

(ဘုရားအကြိုက်ပါဘုရား)

အများကြိုက်ဖို့လိုသလား၊ ဘုရားကြိုက်ဖို့လိုသလား။

(ဘုရားကြိုက်ဖို့လိုပါတယ်ဘုရား)

အများအကြိုက်နေရမှာလား၊ ဘုရားအကြိုက်နေရမှာလား။

(ဘုရားအကြိုက်နေရမှာပါဘုရား)

အေး...ဒါကြောင့် ရှေးပညာရှိဆရာတော်ဘုရားကြီးတွေက "ဘုရားကြိုက်အောင်နေ"လို့ ဆုံးမတော်မူခဲ့တာနော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အကုသိုလ်များ၊ ဖယ်ရှောင်ရှား၊ ဘုရားအကြိုက်ပါ။
* အကုသိုလ်များ၊ မပြုငြား၊ ဘုရားအကြိုက်ပါ။
* အကုသိုလ်များ၊ မလုပ်ငြား၊ ဘုရားအကြိုက်ပါ။
* အကုသိုလ်များ၊ ဘေးဖယ်ထား၊ ဘုရားအကြိုက်ပါ။
* အကုသိုလ်များ၊ ပစ်ပယ်ငြား၊ ဘုရားအကြိုက်ပါ။
* အကုသိုလ်များ၊ နှင်ထုတ်ငြား၊ ဘုရားအကြိုက်ပါ။
* အကုသိုလ်များ၊ ဝေးဝေးထား၊ ဘုရားအကြိုက်ပါ။
* အကုသိုလ်များ၊ ရှင်းလင်းထား၊ ဘုရားအကြိုက်ပါ။
* အကုသိုလ်များ၊ မေ့ကာထား၊ ဘုရားအကြိုက်ပါ။
* ဘုရားကြိုက်အောင်၊ သတိဆောင်၊ ခုနှောင်နေရမှာ။

၂။ ကုသိုလ်လုပ်၊ ကောင်းမှုဆောင်တဲ့။

ကုသိုလ်ဆိုတာ အကုသိုလ်မကောင်းတာရဲ့ဆန့်ကျင်ဘက် ကောင်းတာပေါ့၊ ကောင်းတာဆိုတော့ အပြစ်ကင်းတယ်၊ ချမ်းသာတဲ့အကျိုးပေးတယ်ပေါ့။

ဒီနေ့ ဆွမ်းကပ်တဲ့ဒကာ ဒကာမတွေ ဘာလုပ်နေတာလဲလို့မေးရင် ကောင်းတာလုပ်နေတယ်လို့ ဖြေရမယ်မဟုတ်လား။

(မှန်လှပါဘုရား)

အေး...ဆွမ်းကပ်တဲ့ ကောင်းတဲ့ကုသိုလ်လုပ်နေတော့ အပြစ်တွေကင်းလို့ ရင်ထဲမှာကြည်နူးလို့ အေးမြဖြူစင်လို့ မနေဘူးလား။

(နေပါတယ်ဘုရား)

http://www.dhammadownload.com


အဲဒါ စိတ်ချမ်းသာတဲ့အကျိုးပေးနေတာပေါ့၊ ခုဆွမ်းကပ်တဲ့ကောင်းကျိုးတွေရနေတာပေါ့၊ ဒီနေ့ဒီဘဝ ဒီအချိန်ကစပြီးတော့ နိဗ္ဗာန်ရမည့်ဘဝတိုင်အောင်လည်းပဲ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းဆိုတဲ့ ဆွမ်းဒါနအကျိုးတရားတွေ တိုးပွားကာရရှိမယ်ပေါ့။

သတ္တဝါတွေအားလုံး အပြစ်ကင်းစေချင်တာ လူနတ်နိဗ္ဗာန်ဆိုတဲ့ ချမ်းသာတဲ့အကျိုးတွေ ကောင်းတဲ့အကျိုးတွေ ရစေချင်တာဟာ ဘုရားရှင်တိုင်းရဲ့ ကရုဏာတွေ၊ မေတ္တာတွေ၊ စေတနာတွေနော်။

(မှန်လှပါဘုရား)

ဒီတော့ ဘုရားရှင်တိုင်းရဲ့ ကရုဏာ၊ မေတ္တာ၊ စေတနာတွေကို နားလည်သဘောပေါက်ပြီးတော့ ကောင်းတဲ့၊ ဖြူစင်မြင့်မြတ်တဲ့ ကုသိုလ်တရားတွေကို ပြုရမယ်၊ လုပ်ရမယ် ဆောင်ရမယ်ပေါ့။

ဒီတော့ ကုသိုလ်တရားတွေဟာ ပြုရမည့်တရားတွေလား၊ မပြုရမည့်တရားတွေလား။

(ပြုရမည့်တရားတွေပါဘုရား)

လုပ်ရမည့်တရားလား၊ မလုပ်ရမည့်တရားလား။

(လုပ်ရမည့်တရားတွေပါဘုရား)

ဆောင်ရမည့်တရားလား၊ ရှောင်ရမည့်တရားလား။

(ဆောင်ရမည့်တရားပါဘုရား)

တွယ်ရမည့်တရားလား၊ ဖယ်ရမည့်တရားလား။

(တွယ်ရမည့်တရားပါဘုရား)

ချစ်ရမည့်တရားလား၊ ပစ်ရမည့်တရားလား။

(ချစ်ရမည့်တရားပါဘုရား)

ခင်ရမည့်တရားလား၊ နှင်ရမည့်တရားလား။

(ခင်ရမည့်တရားပါဘုရား)

တွေးရမည့်တရားလား၊ ဝေးရမည့်တရားလား။

(တွေးရမည့်တရားပါဘုရား)

သွင်းရမည့်တရားလား၊ ရှင်းရမည့်တရားလား။

(သွင်းရမည့်တရားပါဘုရား)

မွေ့ရမည့်တရားလား၊ မေ့ရမည့်တရားလား။

(မွေ့ရမည့်တရားပါဘုရား)

http://www.dhammadownload.com



အေး...ဟုတ်ပြီ၊ ကုသိုလ်တွေပြုတာ၊ လုပ်တာ၊ ဆောင်တာ၊ တွယ်တာ၊ ချစ်တာ၊ ခင်တာ၊ တွေးတာ၊ သွင်းတာ၊ မွေ့တာ၊ ဘုရားအကြိုက်ပဲ မဟုတ်လား။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ကုသိုလ်တရား၊ ပြုနေငြား၊ ဘုရားအကြိုက်ပါ။
* ကုသိုလ်တရား၊ လုပ်နေငြား၊ ဘုရားအကြိုက်ပါ။
* ကုသိုလ်စကား၊ ပြောနေငြား၊ ဘုရားအကြိုက်ပါ။
* ကုသိုလ်တရား၊ ဆောင်နေငြား၊ ဘုရားအကြိုက်ပါ။
* ကုသိုလ်တရား၊ တွယ်နေငြား၊ ဘုရားအကြိုက်ပါ။
* ကုသိုလ်တရား၊ ချစ်နေငြား၊ ဘုရားအကြိုက်ပါ။
* ကုသိုလ်တရား၊ ခင်နေငြား၊ ဘုရားအကြိုက်ပါ။
* ကုသိုလ်တရား၊ တွေးနေငြား၊ ဘုရားအကြိုက်ပါ။
* ကုသိုလ်တရား၊ သွင်းနေငြား၊ ဘုရားအကြိုက်ပါ။
* ကုသိုလ်တရား၊ မွေ့နေငြား၊ ဘုရားအကြိုက်ပါ။
* ဘုရားကြိုက်အောင်၊ သတိဆောင်၊ ခုနောင်နေရမှာ။

ကုသိုလ်တရားတွေပြည့်စုံအောင် ကြိုးစားရမယ်၊ ကုသိုလ်တရားဆိုတာ မိမိရဲ့သန္တာန်မှာ အမြဲဖြစ်စေရမယ်၊ အသဲကြားမှာ အမြဲထားရမယ်၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ဒီတော့ အသဲကြားမှာအမြဲထားရမည့်တရားဟာ ဘယ်တရားတဲ့လဲ။

(ကုသိုလ်တရားပါဘုရား)

အသဲမြတ်မှာ အမြဲကပ်ရမည့်တရားဟာ ဘယ်တရားတဲ့လဲ။

(ကုသိုလ်တရားပါဘုရား)

ဒါနကုသိုလ်နဲ့ ပြည့်စုံအောင်ပြု၊ သီလကုသိုလ်နဲ့ ပြည့်စုံအောင်စောင့်၊ သမထကုသိုလ် ပြည့်စုံအောင်ပွား၊ ဝိပဿနာကုသိုလ်တရား ပြည့်စုံအောင် ပွားရမယ်နော်။

(မှန်လှပါဘုရား)

၃။ မိမိစိတ်ကို ဖြူစင်အောင်ထားရမယ်တဲ့။

မိမိစိတ်ကို ဖြူစင်အောင်ထားရမယ်ဆိုတာ နီဝရဏတရားတွေ ကင်းအောင်လုပ်ရမယ်ပေါ့၊ နီဝရဏဆိုတာ ရှာန်စတဲ့ ကုသိုလ်တရားတွေကို တားမြစ်ပိတ်ပင်တတ်တဲ့ တရားပါပဲ။

http://www.dhammadownload.com



ကဲ…လက်ာလေးလိုက်ဆိုကြ–

* ကုသိုလ်တရား၊ ရှာန်မင်္ဂမျိုးကို၊ မြစ်တားပိတ်ပင်၊ တရားပင်၊ ခေါ်တွင်နီဝရဏ။

* နီဝရဏကင်းအောင်၊ ဖြူစင်အောင်၊ ခုနှောင်ကြိုးစားကြ။

ကာမစ္ဆန္ဒစတဲ့ နီဝရဏတရားတွေ ကင်းဝေးရင် စိတ်ဖြူစင်မယ်၊ ဒါ့ကြောင့် နီဝရဏတွေဝေးအောင် ကင်းအောင်၊ သတိဆောင်ပြီးတော့ ခုနှောင်ကြိုးစားရမယ်နော်။

(မှန်လှပါဘုရား)

ဘုရားရှင်တိုင်း ဆုံးမတော်မူခဲ့တဲ့ စကားကြီးသုံးခွန်းကို အကျဉ်းချုပ်ကြည့်ကြပါစို့။

၁။ အကုသိုလ်မလုပ်နဲ့၊

၂။ ကုသိုလ်လုပ်၊

၃။ မိမိစိတ်ကို ဖြူစင်အောင်ထားရမယ်။

ဘုရားရှင်တိုင်း ဆုံးမတော်မူခဲ့တဲ့စကားကြီး ဘယ်နှစ်ခွန်းတဲ့လဲ။

(သုံးခွန်းပါဘုရား)

အေး…အဲဒီ စကားကြီးသုံးခွန်းကို အမြဲတမ်းနှလုံးသွင်းရမယ်၊ နှလုံးသွင်းပြီးတော့ လိုက်နာရမယ်၊ ကျင့်သုံးရမယ်၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ဒီတော့ ဒီနေ့ ဒကာ ဒကာမတွေကို ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(စကားကြီးသုံးခွန်း နှလုံးသွင်းကျင့်ပါတရားတော်ပါဘုရား)

ဘုရားရှင်တိုင်း ဆုံးမတော်မူခဲ့တဲ့ စကားကြီးသုံးခွန်း နှလုံးသွင်းကျင့်ရင် ခုဘဝ၊ နောင်ဘဝ ကောင်းဖို့သေချာပြီ၊ စိတ်ချရပြီ၊ စိတ်အေးရပြီ၊ ပူစရာမလိုတော့ဘူးနော်။

(မှန်လှပါဘုရား)

အများကြီးနှလုံးမသွင်းပါနဲ့၊ စကားကြီးသုံးခွန်းပဲ နှလုံးသွင်းပါ၊ အများကြီးမကျင့်ပါနဲ့၊ စကားကြီးသုံးခွန်းပဲကျင့်ပါ၊ ပြည့်စုံလုံလောက်ပါတယ်။

ကဲ…လက်ာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြပါစို့–

http://www.dhammadownload.com



၁။ အကုသိုလ်မှု+မပြုရှောင်လေ၊
ကုသိုလ်တရား+ပြုထားဆောင်နေ၊
မိမိစိတ်ဓာတ်+မြင့်မြတ်ဖြူစေ၊
မြတ်ဘုရား+အများဟောခဲ့ပေ။

၂။ အကုသိုလ်မှု+မပြုနှင့်လေ၊
ကုသိုလ်တရား+ခင်ထားဆောင်နေ၊
မိမိစိတ်ဓာတ်+မြင့်မြတ်ဖြူစေ၊
မြတ်ဘုရား+အများဟောခဲ့ပေ။

၃။ အကုသိုလ်မှု+မပြုပစ်လေ၊
ကုသိုလ်အမှု+ဆောင်ပြုချစ်နေ၊
မိမိစိတ်ဓာတ်+မြင့်မြတ်ဖြူစေ၊
မြတ်ဘုရား+အများဟောခဲ့ပေ။

၄။ အကုသိုလ်မှု+မပြုရှင်းလေ၊
ကုသိုလ်အမှု+ဆောင်ပြုသွင်းနေ၊
မိမိစိတ်ဓာတ်+မြင့်မြတ်ဖြူစေ၊
မြတ်ဘုရား+အများဟောခဲ့ပေ။

၅။ အကုသိုလ်မှု+မပြုမေ့လေ၊
ကုသိုလ်အမှု+ဆောင်ပြုမွေ့နေ၊
မိမိစိတ်ဓာတ်+မြင့်မြတ်ဖြူစေ၊
မြတ်ဘုရား+အများဟောခဲ့ပေ။

၆။ စကားကြီးသုံးခွန်း+နှလုံးသွင်းကျင့်ပါ၊
မောင်တို့မယ်တို့+ကောင်းဖို့သေချာ၊
ယခုလည်းကောင်း+နောင်ကောင်းမည်သာ၊
မြတ်ဘုရား+အများဟောခဲ့တာ။

* အကုသိုလ်မပြု၊ ကုသိုလ်ပြု၊ စိတ်စုဖြူဖွေးစေ။
* အကုသိုလ်မလုပ်၊ ကုသိုလ်လုပ်၊ အဟုတ်စိတ်ဖြူစေ။
* အကုသိုလ်နှင်၊ ကုသိုလ်ခင်၊ စိတ်စင်ဖြူဖွေးစေ။
* အကုသိုလ်ပစ်၊ ကုသိုလ်ချစ်၊ စိတ်သစ်ဖြူဖွေးစေ။
* အကုသိုလ်ဖယ်၊ ကုသိုလ်တွယ်၊ စိတ်ဝယ်ဖြူဖွေးစေ။
* အကုသိုလ်မုန်း၊ ကုသိုလ်သုံး၊ ရွှင်ပြုံးစိတ်ဖြူစေ။
* အကုသိုလ်ရှင်း၊ ကုသိုလ်သွင်း၊ စိတ်ရှင်းဖြူစင်စေ။

http://www.dhammadownload.com



* အကုသိုလ်ဝေး၊ ကုသိုလ်တွေး၊ စိတ်ဖွေးဖြူပါစေ။
* အကုသိုလ်မေ့၊ ကုသိုလ်မွေ့၊ ဖြူစွဲစိတ်နေစေ။
ကဲ...ပြီးပါပြီ၊ အားလုံးသာဓုခေါ်ကြ–
(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ကုသိုလ်ပြုပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌–
၁။ ရှောင်ရမှာလား၊ ဆောင်ရမှာလား၊
၂။ နှင်ရမှာလား၊ ခင်ရမှာလား၊
၃။ ဝေးရမှာလား၊ တွေးရမှာလား၊
၄။ ပစ်ရမှာလား၊ ချစ်ရမှာလား၊
၅။ အသဲကြားမှာ အမြဲထားပါ၊
၆။ အသဲမြတ်မှာ အမြဲကပ်ပါတရားတော်။
စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၂၆–၈–၉၇ (အင်္ဂါနေ့)
ည(၇)နာရီ။

စကားကြီးသုံးခွန်း နှလုံးသွင်းကျင့်ပါတရားတော်ပြီးပြီ။

http://www.dhammadownload.com



ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ အတ္တဝဂ်
ဗောဓိရာဇကုမာရဝတ္ထုလာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# အရွယ်သုံးဖြာ+ကြိုးစားပါ တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "အရွယ် သုံးဖြာ ကြိုးစားပါ" တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ။

(အရွယ်သုံးဖြာ ကြိုးစားပါတရားတော်ပါဘုရား)

ကဲ...စပြီးတော့ ဟောကြနာကြပါစို့-

အတ္တာနဉ္စေပိယံဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံအညတရံယာမံ၊ ပဋိဇဂ္ဂေယျပဏ္ဍိတော။

(ဓမ္မပဒ-၂၊ ၈၇)

အတ္တာနံ-ဘဝဖန်ခါ သံသရာက ငါဟုစွဲဆို မိမိကိုယ်ကို၊ ပိယံ-အရှင်းစစ်လျှင် ပြစ်မတင်ဖို့ နှစ်စဉ်မမုန်း အချစ်ခင်ဆုံးဟူ၍၊ စေဇညာ-အရာရာဝယ် စာနာထောက်ထား အကယ်၍ နားလည်ငြားအံ့၊ (စေ်သတိ-ကိုယ့်ကိုသာလျှင် အခင်မင်ဆုံး အချစ်ဆုံးဟု လုံးလုံးခွဲခြား နားလည်ထားသည်ရှိသော်)၊ နံအတ္တာနံ-ခုလည်းကိုယ်ကို နောင်ကိုယ့်ကိုဟု သို့ကလိုသိရှိ ထိုမိမိကို၊ သုရက္ခိတံ-တရားအကြောင်းအရာ မစောင်းပါပဲ ကောင်းစွာမပြတ် စောင့်ရှောက်အပ်သည့် မည်လောက်အောင်၊ ရက္ခေယျ-သတိတရား လက်ကိုင်ထား၍ မခြားပုံသေ စောင့်ရှောက်လေရာ၏၊ ပဏ္ဍိတော-ပြုသမျှအသစ် ဖြစ်သမျှအဟောင်း မကောင်းလည်းငါ ကောင်းလည်းငါဟု ကောင်းစွာမြင်သိ ပညာရှိသည်၊ တိဏ္ဏံ-နှစ်ဆယ့်ငါးနှစ် သင့်အောင်ဆစ်၍ သုံးရစ်ပိုင်းခြား အရွယ်သုံးပါးတို့တွင်၊ အညတရံယာမံ-ယုတ်စွအဆုံး နောက်ပိတ်ဆုံးဟု ခေါ်ထုံးအရ ပစ္ဆိမရွယ်ကို၊ ပဋိဇဂ္ဂေယျ-အပြစ်မနော စင်းလုံးချောအောင် ဆေးကြောသုတ်သင်ရာသတည်း။

(သာဓု...သာဓု...သာဓုပါဘုရား)

(အရှင်ဇနကာဘိဝံသ)

http://www.dhammadownload.com



သတ္တဝါတိုင်း မိမိကိုယ်ကို တကယ်ချစ်တယ်ဆိုရင် ကောင်းစွာစောင့်ရှောက်ရမယ်တဲ့။

ဘာလုပ်ရမတဲ့လဲ။

(ကောင်းစွာစောင့်ရှောက်ရမှာပါဘုရား)

ဘယ်လိုကောင်းစွာစောင့်ရှောက်ရမလဲဆိုတော့ လူဝတ်ကြောင်တွေဆိုရင် ကိုယ်တတ်နိုင်သလောက် ဒါနပြု၊ သီလစောင့်၊ သမထဝိပဿနာတွေ ပွားများကာ မိမိကိုယ်ကို စောင့်ရှောက်ရမယ်ပေါ့၊ အဲဒီလို ဒါန စတဲ့ ကောင်းမှုကုသိုလ်တွေပြုနေသူဟာ မိမိကိုယ်ကို စောင့်ရှောက်ရာမည်တယ်၊ စောင့်ရှောက်ရာရောက်တယ်။

တိုက်ကြီး၊ တာကြီးတွေပေါ်မှာတက်နေကာ အစောင့်အရှောက်တွေ အပြည့်အဝရှိတာကို စောင့်ရှောက်တာလို့ မခေါ်ပါဘူး။

ရဟန်းဆိုရင် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တွေ ပြည့်စုံစေကာ၊ စာသင်စာချပြီး တရားတွေနှလုံးသွင်းနေရင် (သင်ရင်းကျင့်၊ ကျင့်ရင်းသင်နေရင်) မိမိကိုယ်ကို စောင့်ရှောက်ရာရောက်တယ်ပေါ့။

အင်မတန်ကောင်းတဲ့ နှစ်ထပ်၊ သုံးထပ် တိုက်ကျောင်းတွေပေါ်မှာ တက်နေတာဟာ မိမိကိုယ်ကိုစောင့်ရှောက်ရာ မရောက်ဘူးနော်။

(မှန်လှပါဘုရား)

ရဟန်းဆိုရင် စာသင်စာချ(ပရိယတ္တိလုပ်ငန်း)၊ တရားအားထုတ်ကျင့်ကြံပွားများခြင်း(ပဋိပတ္တိလုပ်ငန်း) ဒီလုပ်ငန်းနှစ်မျိုးနဲ့ မိမိကိုယ်ကို စောင့်ရှောက်ရမယ်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* မိမိကိုယ်ကို၊ ချစ်တယ်ဆို၊ ကုသိုလ်ပြုစောင့်ရှောက်။

* မိမိကိုယ်ကို၊ အချစ်ပို၊ ကုသိုလ်ပြုစောင့်ရှောက်။

* ကုသိုလ်ပြုတာ၊ စောင့်ရှောက်ရာ၊ မှန်စွာအမြဲရောက်။

* လူဟူသမျှ၊ ဒါနစ၊ မှုချပြုစောင့်ရှောက်။

* ရဟန်းဟူက၊ စာသင်ကြ၊ စာချမြဲစောင့်ရှောက်။

* ရဟန်းတော်ကား၊ မြတ်တရား၊ ကျင့်ပွားမြဲစောင့်ရှောက်။

http://www.dhammadownload.com



အဲဒီ ဒါန စတဲ့ ကောင်းမှုကုသိုလ်တွေ၊ ပရိယတ္တိလုပ်ငန်း၊ ပဋိပတ္တိလုပ်ငန်းတွေကို ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဆိုတဲ့ အရွယ် ၃–ပါးလုံးမှာ ကြိုးစားရမယ်။

အရွယ်ဘယ်နှစ်ပါးလုံး ကြိုးစားရမတဲ့လဲ။

(၃–ပါးလုံးပါဘုရား)

ဒါဆိုရင် ဒီနေ့ ဒကာ ဒကာမတွေကို ဟောတဲ့တရားတော်က ဘာ့တရားတော်တဲ့လဲ။

(အရွယ်သုံးဖြာ ကြိုးစားပါတရားတော်ပါဘုရား)

အေး...အရွယ်သုံးပါးလုံးမှာ မကြိုးစားနိုင်ဘူးဆိုရင်တော့ တစ်ရွယ်ရွယ်မှာ ကြိုးစားရမယ်တဲ့။

ဒီတော့ အရွယ်သုံးရွယ် တစ်ရွယ်ရွယ်မှာ ကြိုးစားပါ၊ ဒီလိုနော်။

(မှန်လှပါဘုရား)

မြတ်စွာဘုရားကတော့ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်လို့ အရွယ်တွေရွေးပြီး၊ ခွဲပြီး ကြိုးစားစေချင်တာမဟုတ်ဘူး၊ အရွယ်သုံးပါးလုံး ကြိုးစားစေချင်တာနော်။

(မှန်လှပါဘုရား)

ဒါကြောင့် တရားနာပရိသတ်ရေ၊ ဘာတဲ့လဲ၊ အရွယ်သုံးဖြာ ကြိုးစားပါ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

အေး...အိုရေး၊ နာရေး၊ သေရေးတွေက စိတ်ချရရဲ့လား။

(စိတ်မချရပါဘုရား)

တားထား၊ ဆွဲထား၊ အမိန့်ပေးထား၊ လက်ဆောင်ထိုးထားလို့ ကောရပါ့မလား။

(မရပါဘုရား)

အဲဒီလို စိတ်မချရတဲ့အတွက် တားကာ၊ ဆွဲကာ၊ အမိန့်ပေးကာ၊ လက်ဆောင်ထိုးကာ မရတာကြောင့် အရွယ်သုံးဖြာစလုံး အမြန်ဆုံး ကြိုးစားရမှာနော်။

(မှန်လှပါဘုရား)

အို၊ နာ၊ သေရေး ဒုက္ခဘေးတွေ မဦးသေးခင် ကိုယ်ကဒါနအပြုဦးထားဖို့ သီလစောင့်တာ လုံခြုံတာဦးထား၊ သမထဝိပဿနာ ပွားများတာ

http://www.dhammadownload.com



တွေ ဦးထားဖို့လိုတယ်၊ ပထမအရွယ် ငယ်သေးတယ်၊ ဒုတိယအရွယ်ကျမှ၊ တတိယအရွယ်ကျမှလို့ အရွယ်တွေရွေးနေ့၊ ခွဲခြားနေဦးမှာလား၊ ရွေးနေ ခွဲခြားနေလို့ တော်ပါ့မလား။

(မတော်ပါဘုရား)

အို၊ နာ၊ သေက ကိုယ့်ကို အရွယ်ရွေးနေ ခွဲခြားနေမှာ မဟုတ်ဘူး၊ ဒါကြောင့် အရွယ်သုံးဖြာ ကြိုးစားပါ။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* အို၊ နာ၊ သေရေး၊ ဒုက္ခဘေး၊ မဦးသေးခင်မှာ။

* ဒါနဦးအောင်၊ သတိဆောင်၊ ခုနောင်ပြုထားပါ။

* သီလဦးအောင်၊ သတိဆောင်၊ ခုနောင်စောင့်ထားပါ။

* သမထဦးအောင်၊ သတိဆောင်၊ ခုနောင်ပွားထားပါ။

* ဝိပဿနာဦးအောင်၊ သတိဆောင်၊ ခုနောင်ရှုပွားပါ။

* အရွယ်သုံးပါး၊ သတိထား၊ ကြိုးစားလိုက်စမ်းပါ။

အေး...ပြန်ဆက်ကြစို့၊ အရွယ်သုံးပါးလုံး မကြိုးစားနိုင်ရင် ဘယ် အရွယ်မှာ ကြိုးစားရမတဲ့လဲ။

(တစ်ရွယ်ရွယ်မှာ ကြိုးစားရမှာပါဘုရား)

အဲဒါ လျှော့ပေးလိုက်တာနော်။

(မှန်လှပါဘုရား)

ခေတ်ကိုက လျှော့ရတဲ့ခေတ်၊ ချော့ရတဲ့ခေတ်၊ ပျော့ရတဲ့ခေတ် ဖြစ်နေပြီ၊ တရားလျှော့ဟောနေရတယ်၊ တရားရှည်ရင် မနာချင်တော့ဘူး၊ အဲဒါ လျှော့ရတဲ့ခေတ်၊ လျှော့တတ်ပါတယ်၊ သက်သာတာပေါ့။

(အားလုံးရယ်ကြ)

ဘာကိစ္စပဲဖြစ်ဖြစ် ဒကာ ဒကာမတွေကို ချော့ယောင်းရမလိုဖြစ်နေတယ်၊ အဲဒါ ချော့ရတဲ့ခေတ်၊ ချော့တတ်တဲ့သူတွေ ချော့ကြပေါ့၊ ကိုယ်ကတော့ မချော့တတ်ဘူး။

(အားလုံးရယ်ကြ)

စကားမာလို့ မရတော့ဘူး၊ မာမာပြောရင် အဲဒီကျောင်းမလာတော့ ဘူး၊ ကျောင်းပေါ်တယ်ပေါ့၊ ပျော့ပျော့ပြောမှ တို့ကိုယ်တော်၊ တို့ကျောင်း ဖြစ်နေပြီ။

အဲဒါ ပျော့ရတဲ့ခေတ်၊ ဒီခေတ်က လျှော့ရင်ရတဲ့ခေတ်၊ လျှော့မှ ရမှာနော်၊ မလျှော့ရင်မရဘူး။ (သဘောပေါက်)

http://www.dhammadownload.com



ချော့ရင်ရတဲ့ခေတ်၊ ချော့မှရမှာနော်၊ မချော့ရင်မရဘူး။
ပျော့ရင်ရတဲ့ခေတ်၊ ပျော့မှရမှာနော်၊ မပျော့ရင်မရဘူး။
ကဲ...ခေတ်ဆန်းကဗျာလေး လိုက်ဆိုကြ-

* လျှော့လျှော့ဟောမှ တို့ကိုယ်တော်၊
ချော့ချော့ပေါင်းမှ တို့ကိုယ်တော်၊
ပျော့ပျော့ပြောမှ တို့ကိုယ်တော်၊
သဘောကြ လောကဒီခေတ်နော်။
* လျှော့ရင်တော့ရ လောကကြီးပါ၊
မလျှော့က မရပါဘူးဗျာ။
* ချော့ရင်တော့ရ လောကကြီးပါ၊
မချော့က မရပါဘူးဗျာ။
* ပျော့ရင်တော့ရ လောကကြီးပါ၊
မပျော့က မရပါဘူးဗျာ။
* လျှော့မှရသော သဘောသိပါ၊
မလျှော့က မရဒီခေတ်မှာ။
* ချော့မှရသော သဘောသိပါ၊
မချော့က မရဒီခေတ်မှာ။
* ပျော့မှရသော သဘောသိပါ၊
မပျော့က မရဒီခေတ်မှာ။

ကဲ...ထားပါတော့လေ...

လူဆိုရင် ပထမအရွယ် နှစ်ဆယ့်ငါးနှစ်အတွင်းမှာ ပျော်ရွှင်မှုကိစ္စတွေကြောင့် ကုသိုလ်တရားတွေ မပြုမိ၊ မကြိုးစားမိပါက ဒုတိယအရွယ် အသက်ငါးဆယ်အတွင်းမှာတော့ ကုသိုလ်တရားတွေကို မမေ့မလျော့ ပြုရမယ်၊ ကြိုးစားရမယ်ပေါ့၊ အကယ်၍ ဒုတိယအရွယ် အသက်ငါးဆယ်အတွင်းမှာလည်း သားမယား ကျွေးမွေးပြုစုရတဲ့ကိစ္စတွေကြောင့် ကုသိုလ်တရားတွေ မကြိုးစားနိုင်သေးပါက တတိယအရွယ် ခုနစ်ဆယ့်ငါးနှစ်အတွင်းမှာတော့ ကုသိုလ်တရားတွေကို ကြိုးစားရမယ်၊ အဲဒီလို တစ်ရွယ်ရွယ်မှာ ကြိုးစားပါက မိမိကိုယ်ကို ချစ်ခင်မြတ်နိုးရာ စောင့်ရှောက်ရာရောက်တယ်။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ-

* ပထမအရွယ်၊ ပျော်မေ့တယ်၊ ဒုရွယ်ကြိုးစားပါ။

http://www.dhammadownload.com



* ဒုရှယ်သားမယား၊ ကိစ္စများ၊ ကြိုးစား တ–ရှယ်မှာ။
* အရှယ်သုံးရှယ်၊ တစ်ရှယ်ရှယ်၊ တကယ်ကြိုးစားပါ။
* တစ်ရှယ်ရှယ်တွင်၊ ကြိုးစားလျှင်၊ ချစ်ခင်စောင့်ရှောက်ရာ။
* မိမိကိုယ်ကွယ်၊ ချစ်ကြတယ်၊ တစ်ရှယ်ကြိုးစားပါ။
* စွမ်းနိုင်သော်ကား၊ ရှယ်သုံးပါး၊ ကြိုးစားကြရမှာ။

အေး...အရှယ်သုံးရှယ် တစ်ရှယ်ရှယ်မှ မကြိုးစားဘူး၊ မကြိုးစားနိုင်ဘူးဆိုရင်တော့ မိမိကိုယ်ကို မုန်းရာရောက်သွားတယ်၊ နောက်ပြီးတော့ (အပါယ်)ဖြစ်ရမယ်တဲ့၊ ဘာတဲ့။

(အပါယ်စာဖြစ်မှာပါဘုရား)

အောင်မယ်...သူတို့က ဓမ္မကထိကအထာ သိနေပြီ။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* အရှယ်သုံးရှယ်၊ တစ်ရှယ်ရှယ်၊ တကယ်သင်ကြိုးစား။
* ကိုယ်ကိုမုန်းရာ၊ အပါယ်စာ၊ ဖြစ်မှာသတိထား။
* အရှယ်သုံးဖြာ၊ တစ်ရှယ်မှာ၊ တကယ်သင်ကြိုးစား။
* အရှယ်သုံးရှယ်၊ တစ်ရှယ်ရှယ်၊ တကယ်သင်ကြိုးစား။

လူတွေအတွက် ပြောပြီးပြီ၊ ရဟန်းတွေအတွက် ဆက်ကြပါစို့–

ရဟန်းဆိုရင် ပထမအရှယ်မှာ သရဏဂုံချာယ်ရ၊ စာသင် စာချနေရတဲ့အတွက် ဝတ်ကြီးဝတ်ငယ်တွေ မေ့လျော့နေရင် ဒုတိယအရှယ်မှာတော့ မမေ့မလျော့ မပေါ့မဆ ရဟန်းတရား ကြိုးစားအားထုတ်ရမယ်၊ ပထမအရှယ်မှာ သင်အံလေ့ကျက် ဆောင်ရွက်ထားတဲ့ ပရိယတ်ရဲ့ အဋ္ဌကထာအဆုံးအဖြတ်၊ ဋီကာအဆုံးအဖြတ်တွေ ထပ်ပြီးလေ့လာကြိုးစားနေရတဲ့အတွက် အကြောင်းဟုတ်တာ၊ မဟုတ်တာ၊ သင့်တာ မသင့်တာတွေ မေးနေရတဲ့အတွက် ဒုတိယအရှယ်မှာလည်း မေ့လျော့ကာ မကြိုးစားဖြစ်သေးဘူးဆိုရင် တတိယအရှယ်လို့ခေါ်တဲ့ နောက်ဆုံးအရှယ်မှာတော့ ရဟန်းတရားကို (ခန္ဓာအရှိမှာ ဉာဏ်ပညာအသိ၊ သတိကပ်တဲ့၊ ခန္ဓာဉာဏ်ကပ်၊ ခန္ဓာဉာဏ်အပ်၊ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားကို) မမေ့မလျော့ မပေါ့မဆ ကြိုးစားရမယ်တဲ့၊ အဲဒီလို အရှယ်သုံးရှယ် တစ်ရှယ်ရှယ်မှာ တကယ်ကြိုးစားအားထုတ်တဲ့ရဟန်းဟာ မိမိကိုယ်ကိုစောင့်ရှောက်ရာ ချစ်ရာရောက်သွားပါတယ်။

http://www.dhammadownload.com



အရွယ်သုံးရွယ် တစ်ရွယ်ရွယ်မှ မကြိုးစားဘူး၊ အားမထုတ်ဘူးဆိုရင် မိမိကိုယ်ကို စောင့်ရှောက်ရာမရောက်ဘူး၊ ချစ်ရာမရောက်ဘူးပေါ့၊ နောက်ပြီးတော့ နောင်တတစ်ဖန် ပူပန်ရတတ်တယ်တဲ့။

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ပထမအရွယ်၊ သင်+ချတယ်၊ ဒုရွယ်ကြိုးစားပါ။
* ဒုရွယ်မှာကား၊ မေ့နေပြား၊ ကြိုးစား တ–ရွယ်မှာ။
* အရွယ်သုံးရွယ်၊ တစ်ရွယ်ရွယ်၊ တကယ်ကြိုးစားပါ။
* တစ်ရွယ်ရွယ်တွင်၊ ကြိုးစားလျှင်၊ ချစ်ခင်စောင့်ရှောက်ရာ။
* မိမိကိုယ်ကွယ်၊ ချစ်ကြတယ်၊ တစ်ရွယ်ကြိုးစားပါ။
* စွမ်းနိုင်သော်ကား၊ ရွယ်သုံးပါး၊ ကြိုးစားကြရမှာ။
* မကြိုးစားပြန်၊ နောင်ပူပန်၊ အမှန်ဆင်းရဲမှာ။

ဒီတရားတော်အဆုံးမှာတော့ ဗောဓိမင်းသားဟာ သောတာပတ္တိဖိုလ် ရောက်သွားပါတယ်၊ ရောက်လာတဲ့ တရားနာပရိသတ်တွေမှာလည်း ဩဘာ တကယ်တော့ အို၊ နာ၊ သေရေး ဒုက္ခဘေးတွေ မဦးသေးခင် ကိုယ်ကဦး အောင် သတိသံဝေဂ ဉာဏ်ပညာတွေဦးဆောင်ပြီး အရွယ်သုံးပါးလုံးမှာ ခန္ဓာအရှိ မှန်စွာသိမှတ်–ဝိပဿနာတရားတွေ အဓိကထားပြီး ကြိုးစားပွား များအားထုတ်ရမယ်။

အရွယ်သုံးပါးလုံး မစွမ်းနိုင်သေးရင် အရွယ်သုံးရွယ် တစ်ရွယ်ရွယ် မှာတော့ အမိအရ အတိအကျ ကြိုးစားပွားများ အားထုတ်ရမယ်ဆိုတဲ့ အသိဉာဏ်တွေရစေတဲ့ အကျိုးရှိတဲ့တရားတော် ဖြစ်သွားပါတယ်။

ကဲ...ဒီနေ့ ဒကာ ဒကာမတွေကို အရွယ်သုံးပါးလုံးမှာ ကြိုးစားပွား များ အားထုတ်စေချင်တဲ့ ကရုဏာ၊ မေတ္တာ၊ စေတနာတွေနဲ့ ဟောကြား လိုက်တဲ့တရားတော်က ဘာတရားတဲ့လဲ။

(အရွယ်သုံးဖြာ ကြိုးစားပါ တရားတော်ပါဘုရား)

တရားနာပရိသတ်ရေ၊ အရွယ်သုံးပါးလုံးမှာ အဓိကကြိုးစား ပွားများ အားထုတ်ရမည့်တရားဟာ ဘယ်တရားလဲ။

(ဝိပဿနာတရားပါဘုရား)

အေး...ဟုတ်ပြီ၊ အဓိကဝိပဿနာတရားကို အဓိကထားပြီး ကြိုးစား ပွားများ အားထုတ်ရမှာနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဦးခေါင်းမီးလောင်ခံရတဲ့ပုဂ္ဂိုလ်ပမာ၊ ရင်ဝလှံစူးခံရတဲ့ပုဂ္ဂိုလ်ပမာ အမြန်ကြီး ကြိုးစားပွားများ အားထုတ်ရမယ်နော်။

(မှန်လှပါဘုရား)

ဦးခေါင်းမီးလောင်နေတဲ့ပုဂ္ဂိုလ်၊ ဦးခေါင်းကမီး မြန်မြန်ငြိမ်းအောင် မြန်မြန်သေအောင်လုပ်ဖို့ထက် အရေးကြီးတဲ့ကိစ္စရှိသေးသလား။

(မရှိပါဘုရား)

ရင်ဝလှံစူးခံနေရတဲ့ပုဂ္ဂိုလ်၊ ရင်ဝကလှံ အမြန်ဆုံးနှုတ်ယူဖို့ထက် အရေးကြီးတဲ့ကိစ္စ ရှိသေးသလား။

(မရှိပါဘုရား)

အေး...အဲဒီဥပမာများအတိုင်းပဲ ဦးခေါင်းကမီးလောင်ခံရသူ၊ ဦးခေါင်းကမီး အရေးတကြီး မြန်မြန်ကြီးငြိမ်းနိုင်အောင်၊ အရေးတကြီး မြန်မြန်ကြီးသေအောင်ငြိမ်းသတ်သလို၊ ရင်ဝလှံစူးသူ ရင်ဝကလှံ အရေးတကြီး အမြန်ကြီး နှုတ်ယူသလို ဝိပဿနာတရားကိုလည်း အရေးတကြီး အမြန်ကြီး ကြိုးစားရမယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ ဝိပဿနာတရား ကြိုးစားအားထုတ်ဖို့ထက် အရေးကြီးတဲ့ ကိစ္စ ရှိသေးသလား။

(မရှိတော့ပါဘုရား)

အရေးကြီးဆုံးကိစ္စဟာ ဝိပဿနာကိစ္စပါပဲ၊ ဘယ်ကိစ္စတဲ့လဲ။

(ဝိပဿနာကိစ္စပါဘုရား)

အရေးကြီးတာနဲ့ အရေးမကြီးတာ ကွဲပြားအောင် ခွဲခြားတတ်ပြီလား။

(ခွဲခြားတတ်ပါပြီဘုရား)

ကျန်တဲ့ကိစ္စတွေက သာမည၊ ဝိပဿနာလုပ်ငန်းကိစ္စက...

(အဓိကအရေးကြီးပါတယ်ဘုရား)

ဒီတော့ "အရေးကြီးဆုံးကိစ္စ ကြိုးစားကြ" တရားတော်လို့ အမည်ပေးရင်ရတယ်နော်။

(မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုကြ–

* ဦးခေါင်းမှာမူ၊ မီးလောင်သူ၊ နည်းယူကြိုးစားပါ။
* ရင်ဝမှာမူ၊ လှံစူးသူ၊ နည်းယူကြိုးစားပါ။

http://www.dhammadownload.com



* ဦးခေါင်းမီးများ+လောင်ငြားနေသူ၊
ရင်ဝအထူး+လှံစူးနေသူ၊
မီးသတ်, လှံနှုတ်+အဟုတ်နည်းယူ၊
တရားမြတ်+ဝိပဿနာပွားတော်မူ။
* မိမိကိုယ်စစ်+ချစ်ကြပေလျှင်၊
ကောင်းစွာတွေးထောက်+စောင့်ရှောက်အစဉ်၊
အရွယ်သုံးပါး+ကြိုးစားစေချင်၊
တရားမြတ်+ဝိပဿနာပင်။
* အရွယ်သုံးပါး+မကြိုးစားနိုင်လျှင်၊
တစ်ရွယ်ရွယ်ကား+ကြိုးစားအစဉ်၊
ခန္ဓာအရှိ+အသိဉာဏ်ပင်၊
အထူးမှတ်+ဝိပဿနာပွားစေချင်။

ကဲ...တော်တော်လေး စုံသွားပါပြီ၊ "အရွယ်သုံးဖြာ ကြိုးစားပါ" ဆိုတဲ့ တိုက်တွန်းလင်္ကာဗျာတစ်ပုဒ်နဲ့ တရားနိဂုံးချုပ်ကြပါစို့။

## အရွယ်သုံးဖြာ ကြိုးစားပါ

"ဦးခေါင်းမှာမူ၊ မီးလောင်သူနှင့်၊ တစ်မူရင်ဝ၊ လှံစူးကြသူ၊ ဟူဟူသမျှ၊ မီးငြိမ်းကြရေး၊ လှံနှုတ်ရေးတွက်၊ အရေးကြီးစွာ၊ ငြိမ်းနှုတ်ပါသို့၊ ပမာထို့တူ၊ များရှင်လူလည်း၊ အားယူကိုယ့်ကို၊ အချစ်ပိုကာ၊ စောင့်ရှောက်ရာတွေ၊ ရှောက်ကြလေအောင်၊ ရှိနေခန္ဓာ၊ အသိပါကပ်၊ ဝိပဿနာ၊ ဘာဝနာကို၊ သဒ္ဓါမိုလ်စ၊ မိုလ်ငါးဝဖြင့်၊ အားရမနေး၊ အရေးကြီးစွာ၊ ရွယ်သုံးဖြာလုံး၊ ကြိုးစားဦးဟု၊ တိုက်တွန်းပြုလင်္ကာ၊ မြတ်ကဗျာသည်၊ မှတ်ပါဤဝယ် အပြီး တည်း"။

(သာဓု...သာဓု...သာဓုပါဘုရား)

မှတ်ချက်။ ။ ဒါန၊ သီလ၊ ဘာဝနာပွဲတိုင်းဟောပါ။
ဘာဝနာပွဲ အဓိကဟောပါ။

တရားအမည်ပေးရာ၌–
၁။ အရွယ်သုံးပါး ကြိုးစားပါ၊

http://www.dhammadownload.com



၂။ တစ်ရွယ်ရွယ်မှာ ကြိုးစားပါ၊
၃။ အရွယ်မရွေးပါနဲ့ တကယ်မဝေးလို့ပါ၊
၄။ အရွယ်မခွဲပါနဲ့ တကယ်မလွဲလို့ပါ၊
၅။ လျှော့လိုက်ရတယ် တစ်ရွယ်ရွယ်၊
၆။ အရေးကြီးတာ ဝိပဿနာ၊
၇။ ဝိပဿနာကိစ္စ အဓိက၊
၈။ အရေးအကြီးဆုံးကိစ္စ ကြိုးစားကြ၊
၉။ မိမိကိုယ်ကို အချစ်ပိုတရားတော်။
စသည်ဖြင့် အမည်ပေးကာဟောကြားပါ။

၂၇-၈-၉၇ (ဗုဒ္ဓဟူးနေ့)
နံနက်(၉း၃၆)နာရီ။

အရွယ်သုံးဖြာ ကြိုးစားပါတရားတော်ပြီးပြီ။

http://www.dhammadownload.com

# ဆောင်တော်မူ

ဗုဒ္ဓဘာသာ ပြည်မြန်မာ၌၊ မိုကာနေသူ၊ အများလူတွက်၊ ကောင်းကျိုးထွက်အောင်၊ တစ်ဖက်တစ်လမ်း၊ အထက်တန်းခေါ်၊ ရဟန်းတော်တဝ၊ ချမ်းမြမြဝယ်၊ စန်းလနှယ်သို့၊ တင့်တယ်နေကြ၊ သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းတို့၊ ဟောခန်းပြောခန်း၊ မမောမပန်းအောင်၊ လမ်းပြဆောင်ချင်၊ စိတ်အစဉ်မှ၊ သိပ်ပင်လှသော၊ စိတ်ဇော စေတနာ၊ အဖြာဖြာဖြစ်မိ၊ ဓမ္မကထိက၊ ဖြစ်လိုကြသား၊ ရဟန်းများတွက်၊ အခက်အခဲ၊ တစ်အုပ်တည်းဖြင့်၊ ဖျက်ခွဲနိုင်စေ၊ ဒီအနေဖြင့်၊ ရည်ရွယ်ပါဋ္ဌိ၊ ဋ္ဌ + ဋ္ဌိ ကြည့်ကာ၊ ဂါထာအကောင်း၊ အနက်ကောင်းနှင့်၊ အကောင်းကဗျာ၊ လင်္ကာအစု၊ စာအနုခြယ်၊ ရေးပြုတယ်နော်၊ ပျော်ပျော်နာယူ၊ ရှင်လူအများ၊ စိတ်ဝင်စားအောင်၊ တရားနာမည်၊ ရွေးချယ်ရည်ပေး၊ အမည်လေးတွေ၊ ကျန်ပါစေချင်၊ မေတ္တာယှဉ်ထား၊ ဒီတရားစာအုပ်၊ ဝေငှထုတ်မိ၊ ဓမ္မကထိကအိတ်မှာ၊ အိတ်မှာ ဓမ္မကထိက၊ နေ့ညခါခါ၊ သွားလေရာသို့၊ ယူကာယူကာ၊ အလွယ်သာလျှင်၊ တွယ်တာခင်၍၊ မမေ့ကောင်းစွာ၊ ဆောင်သင့်ပါသည့်၊ ဓမ္မကထိကအိတ်ဆောင်၊ အိတ်ဆောင်ဓမ္မကထိက၊ အမည်လှပေး၊ စီပြရေးမိ၊ ဓမ္မကထိက အိတ်လှလှမှာ၊ စိတ်ချရအောင် ဆောင်တော်မူ။

http://www.dhammadownload.com

# ပရိယတ်ရေး+အသိမြတ်ပေး

* * * * *

* ပရိယတ် – ရပ်ရင်

သာသနာရပ်မယ်။

* ပရိယတ် – ပြတ်ရင်

သာသနာပြတ်မယ်။

* ပရိယတ် မရပ်ရင်

သာသနာမရပ်။

* ပရိယတ် မပြတ်ရင်

သာသနာမပြတ်။

* အဓိကကျတဲ့

ပရိယတ်ကိုလုပ်ကြစမ်းပါ၊

ပရိယတ် အလုပ်ဆိုတာ

သာသနာမသေအောင်လုပ်တာ၊

သာသနာရှည်အောင်လုပ်တာ။

http://www.dhammadownload.com

# ရန်သူသည်ပင်+ကျေးဇူးရှင်

* * * * *

အားလုံးကိုကျေးဇူးတင်ပါ

ကျေးဇူးတင်တတ်မယ်ဆိုရင်

လောကကြီးမှာ

ကျေးဇူးရှင်ကြီးပါပဲ၊

တကယ်တော့

ရန်သူသည်ပင်

ကျေးဇူးရှင်ဖြစ်တယ်၊

ရန်သူကြောင့်ကိုယ့်မှာ

လောကဓံ ခံနိုင်ရည်တွေ

သည်းခံမှု တရားတွေ

ဘ၀အတွေ့အကြုံတွေ

ရင့်ကျက်လာတယ်

မြင့်တက်လာတယ်၊

ဒါကြောင့် ရန်သူသည်ပင်.....။